
www.burmeseclassic.com

တက္ကသိုလ်ဆီ

# နှေဂလင်းဒေါင်

ထိုးထိကျွန်းရဲ့ကျိပွဲ

မေတ္တာရှင်ဓားသမားများ၏
အလွမ်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၈ ၂၀၃၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၉၈၀၃၀၈
၂၀၀၈ - ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး-၁၀၀၀/-ကျပ်။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး-ပုံနှိပ်တိုက်)
၉ (H) နဝရတ်ရိပ်သာလမ်း။
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

# တစ်ကိုယ်တော် မိုက်ခဲ

တိန်ရောင်မြို့ . . . ။

တိန်ရောင်မြို့ကလေးသည် တဖွဲဖွဲရွာသွန်းနေသည့် မိုးရေစက်များအောက်တွင် ပျင်းရိစရာကောင်းအောင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။ တစ်ရက်ရွာလျှင် အကြောင်းမဟုတ်။ နှစ်ရက်ရွာလျှင် အကြောင်းမဟုတ်။ သုံးရက်ရွာလျှင်လည်း အကြောင်းမဟုတ်သေး။

ယခုတော့ . . .

မိုးရွာသွန်းခဲ့သည်မှာ ခြောက်ရက်မြောက်ခဲ့ပြီ ဖြစ်လေသည်။ နေ့ကောညပါ အဆက်အပြတ်အောင် တစိမ့်စိမ့် တဖွဲဖွဲ ရွာသွန်းနေသော မိုးကြောင့် လူတိုင်းလူတိုင်း ပျင်းရိငြီးငွေ့စိတ်များ ဖြစ်ပေါ်လာကြတော့သည်။ စိုစိုစွတ်စွတ်နှင့် အမိုးအကာအောက်၌ ခိုနေကြရသောနေ့များကို စိတ်ကုန်လာကြသည်။

အကြောင်းမရှိဘဲ အိမ်ထဲမှအိမ်ပြင်သို့ မထွက်လိုကြတော့ပါ။ မိုးရေထဲထွက်ပြီး ဘာလုပ်ရမည်နည်း။ သိချင်းအော်ဆိုပြီး ပျော်

www.burmeseclassic.com



မြို့နေလူထုသော၊ လမ်းသွားလမ်းလာ ကျဲပါးသွားသကဲ့သို့ ဈေးဆိုင်များသည်း ရောင်းမကောင်းတော့ဘဲ တိတ်ဆိတ်ငွားသည်။ စိုစွတ်နေသဖြင့် ဈေးဝယ်မထွက်ကြတော့ပါ။

ထိုကဲ့သို့ စိတ်ပျက်စရာကောင်းသော အခြေအနေတွင် လျှုပြင်းကမူ အပျော်ကြီးပျော်နေသည်။ အများတကာ စိတ်ပျက်နေသည့်အထဲသူ အဘယ့်ကြောင့် ပျော်ရွှင်နေပါသနည်း။ လက်ထဲ၌ ငွေရှင်နေသူ တစ်ယောက်မှာ မည်သို့သော အခြေအနေမျိုးတွင်မဆို ပျော်ရွှင်နေလိမ့်မည် မဟုတ်ပါလား။

လျှုပြင်း ငွေရှင်နေသည်။ လက်ထဲတွင် ငွေယားလေးများ ရှိနေသည်။ ငွေရှင်နေသည့်အတိုင်း ဝါသနာပါရာအလုပ်ကို လုပ်ဖို့ အရင်ဆုံး သတိရတတ်သည်။ ထုံးစံအတိုင်း ကျူပြင်းက 'သုခဘုံ'သို့ ရောက်ရှိလာလေတော့သည်။ သုခဘုံဆိုသည်မှာ အရက်လောင်းစကား အပျော်အပါး ဘာမဆိုရနိုင်သောနေရာ ဖြစ်သည့် ဆိုင်ကြီးတစ်ဆိုင် ဖြစ်သည်။ သင် ဘာလိုချင်သနည်း။ အရက်လိုချင်သလား ရမည်။ လောင်းကစားချင်သလား ရမည်။ မိန်းမလိုချင်သလား ရမည်။ ဤကား သုခဘုံပင်တည်း။

သုခဘုံဆိုသည်နှင့်အညီ လောကီစည်းစိမ် အဝဝကို ခံစားနိုင်သောနေရာတစ်ခုပင်တည်း။ သင့်၌ ငွေရှိသည်ဆိုလျှင် လောကီစည်းစိမ်အဝဝကို သင် ခံစားနိုင်သည်။ ငွေမရှိလျှင်တော့ သုခဘုံသို့ သင် မလာနှင့်တော့။ မိုးအေးအေး၌ အိပ်ရာထဲတွင်သာ ကွေး၍ အိပ်နေပေတော့။

လူတစ်ယောက်လျှင် ဝါသနာတစ်မျိုး ရှိတတ်ကြသော်လည်း လျှုပြင်းကား အရက်၊ လောင်းကစား အပျော်အပါး အကုန်ဝါသနာပါသည်။

တရုတ်ပြည်၌ ဟာသစကားတစ်ပုဒ် ရှိဖူးသည်။ အလွန်ကျော်ကြားသော သမားတော်ကြီးတစ်ဦး ရှိပါသတဲ့။ ထိုသမားတော်ကြီးထံသို့ လူတစ်ယောက် ရောက်ရှိလာခဲ့သည်။ သမားတော်ထံ ရောက်လာသည့်လူဆိုတော့ လူနာပေါ့။ သမားတော်ကြီးက မေးသည်။ ဘာများ ဖြစ်သလဲပေါ့။ ထိုလူက မျော့တော့အားမရှိသော လေသံဖြင့် ရှင်းပြသတဲ့။ သူသည် အရက်လည်း မကြိုက်ပါတဲ့။ လောင်းကစားလည်း မလုပ်ပါတဲ့။ မိန်းမလည်း မလိုက်စားပါတဲ့။ ဤမျှ မကောင်းမှုကို ရှောင်ကြဉ်ပါလျက် သူ အဘယ့်ကြောင့် အမြဲ နေမကောင်းဖြစ်နေပါသလဲတဲ့။ ထိုအခါ သမားတော်ကြီးက အူလှိုက်သဲလှိုက်ရယ်ပါသတဲ့။ "မင်း ... ဒါတွေတစ်ခုမှ မလုပ်ဘဲနဲ့ ဒီလောကကြီးထဲမှာ ဘာကြောင့် အသက်ရှင်နေရသလဲ"တဲ့။ လောကကြီးထဲကတော့ ဒါပါပဲဗျာဟု ပြောရလောက်သည်။

လျှုပြင်းသည် လက်ထဲတွင် ငွေရှင်လာသည်နှင့် သုခဘုံသို့ ရောက်သွားတော့သည်။

တစ်မြို့လုံး ပျင်းရိငြီးငွေ့စရာကောင်းနေသော်လည်း သုခဘုံ ပါးကား ပျော်စရာကောင်းအောင် စည်စည်ကားကား ရှိနေသည်။

ဤနေရာကား မြို့ရွာများ မည်မျှပျင်းရိချောက်ကပ်စေကာမူ အမြဲ စည်ကားနေသောနေရာ ဖြစ်ပေသည်။

အချို့ရက်သောက်သူများ ...

လောင်းကစားနေကြသူများ ...

www.burmeseclassic.com



အလှမယ်ကလေးများနှင့် အချိန်ဖြုန်းနေကြသူများ ...

လူတိုင်းလူတိုင်းက တစ်နည်းနည်းနှင့် အပျော်ရှာနေကြသည်။

လျှုပြင်းသည် သုခဘုံသို့ ရောက်ရှိလာသည်နှင့် အရက်ရောင်းသည့် ခန်းမထဲသို့ ဦးဆုံးဝင်လိုက်သည်။

ပထမဦးဆုံး သူလုပ်လေ့ရှိသည့် အလုပ်မှာ အရက်စတင်သောက်ခြင်းပင် ဖြစ်သည်။

အကောင်းစားအရက်များ မှာကြားကာ ထိပ်တန်းဟင်းလျာများကို အမြည်းလုပ်၍ အရသာခံကာ စားသောက်တော့မည် ဖြစ်သည်။ အရက်ကလေး ဗိုက်ထဲဝင်သွားပြီးသည်နှင့် ဦးခေါင်းထဲ ရီဝေဝေဖြစ်လာမည်။ ရွှင်လန်းတက်ကြွလာမည် ဖြစ်ပါသည်။ ပျော်ပျော်နေသေခဲသည်ဟုဆိုကြသည် မဟုတ်ပါလော။

အရက်မူးလာပြီးသည့်နောက် လောင်းကစားနှင့် အပျော်အပါး ကျူးလွန်ဖို့ နှောင့်နှေးတော့မည် မဟုတ်ပါ။ အရက်သည်သာ အခရာဖြစ်သည်။ အရက်ဝင်သွားလျှင် မည်သည့်မကောင်းမှုမျှ ပြုလုပ်ရန် ဝန်မလေးတော့ပါ။ လျှုပြင်းသည် အရက်ရောင်းသည့် ခန်းမအတွင်းသို့ ရောက်သွားသည်နှင့် ဆိုင်လုလင်တစ်ယောက်က ဆီး၍ပြောသည်။ ဆိုင်လုလင်ကလေးသည် လျှုပြင်းကို သုခဘုံ၏ ဖောက်သည်မှန်း သိနေသည်။

"နောင်ကြီးလျှုပြင်းကို အိုရန်ညီအစ်ကို လိုက်ရှာနေကြတယ်"

ကြားလိုက်ရသောစကားကြောင့် လျှုပြင်း၏ အပျော်စိတ်လေးများ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားစေတော့သည်။

"သူတို့ လောင်းကစားခန်းမဘက်ကို သွားကြတယ်၊ အခုလေး



ပဲ ထွက်သွားကြတာ၊ သူတို့က နောင်ကြီးလျှုပြင်း လာသလားလို့ ကျွန်တော့်ကို မေးတယ်ဗျ"

"ဩော် ... အေး ... အေး ... ငါ လိုက်သွားဦးမယ်"

လျှုပြင်း အရက်သောက်ဖို့ မစဉ်းစားတော့ဘဲ ထွက်လာခဲ့သလို လောင်းကစားခန်းမဆီသို့လည်း မသွားဘဲ သုခဘုံကို ကျောခိုင်းလိုက်ခြင်း ဖြစ်ပါတော့သည်။

ယခုအချိန်တွင် အိုရန်ညီနောင်ကို ဝေးဝေးရှောင်ရမည်ဟု ကောင်းစွာ နားလည်သဘောပေါက်ထားသည် မဟုတ်ပါလား။ သူတို့နှင့် ထိပ်တိုက်မတိုးခြင်းမှာ သူ၏ ကံကောင်းခြင်းတစ်ခုပင်။

သူ၏လက်ထဲ ငွေရွှင်နေသည်ကို အိုရန်ညီအစ်ကို သိနေကြသဖြင့် သူ့ကို လိုက်ရှာနေကြခြင်း ဖြစ်ပေလိမ့်မည်။

သူ့အား အနိုင်ကျင့်ကြပေလိမ့်မည်။

"သည်ကြွက်ပျင်းညီအစ်ကို ဘယ်ကဘယ်လို သတင်းရသွားသလဲ မသိဘူး၊ တကယ့် ကြွက်ပျင်းတွေ၊ ဘာအလုပ်မှ မလုပ်ချင်ကြဘူး၊ သူတို့နဲ့သိတာ ငါးပါးမှောက်တာပဲ"

လျှုပြင်းက ညည်းတွားရင်း လမ်းပေါ်မှ ရွံ့ဗွက်များ ရေအိုင်များကိုရှောင်ကွင်းကာ ခပ်သုတ်သုတ် သွားလိုက်သည်။

အိုရန်ကြီးနှင့် အိုရန်လေးဆိုသော ညီအစ်ကိုသည် ကိုယ့်လုံ့လဝိရိယနှင့် ငွေရှာဖို့ အလွန်အပျင်းထူကြသဖြင့် ကြွက်ပျင်းများဟု ပြောဆိုခံရသူများ ဖြစ်သည်။

သို့သော် သူတစ်ပါး၏ငွေကို လုယူဖို့ကိုမူ ဘယ်တော့မှ ဝန်လေးနေကြသူများ မဟုတ်ပါချေ။ ပျင်းရိနေသူများ မဟုတ်ကြချေ။

www.burmeseclassic.com

www.burmeseclassic.com



ဤမြို့ကလေးရှိ ဒုနိုက်သမားများတွင် ထိပ်ဆုံးမှပါဝင်နေကြသော အိုရန်ညီအစ်ကိုသည် သူ့အား လိုက်ရှာနေကြသည်မှာ သူ့ထံမှငွေ လိုချင်သောကြောင့် ဖြစ်ရမည်ဟု လျှုပြင်း အတတ်သိလိုက်သည်။ အမှန်ဆော့ သူကိုယ်တိုင်လည်း ကြွက်ပျင်းတစ်ယောက်ပင် ဖြစ်သည်။

အပင်ပန်းမခံဘဲ အချောင်လမ်းလိုက်နေသူများသာ ဖြစ်သည်။ သူ၏လက်ထဲတွင် ငွေရှင်နေခြင်းမှာ အပင်ပန်းခံကာ ရှာဖွေထားခြင်း မဟုတ်ပါ။ လုံ့လဝီရိယဖြင့် ငွေရှာကြံခဲ့ကြခြင်း မဟုတ်ပါ။

လွန်ခဲ့သောရက်က တိန်ရောင်မြို့သို့ မျက်နှာစိမ်းသုံးယောက် ရောက်ရှိလာခဲ့ကြသည်။ မျက်နှာစိမ်းများနှင့် သုခဘုံတွင် တွေ့ဆုံ ရင်းနှီးခဲ့ကြသည်။ သောက်ကြစားကြရင်း ရင်းရင်းနှီးနှီးဖြစ်လာကြသောအခါ ဤမြို့ကလေး၌ ငွေများများရရှိမည်နေရာ ဘယ်နေရာမှာ ရှိသလဲဟု မျက်နှာစိမ်းများက မေးလာကြသည်။

လျှုပြင်းက မစဉ်းစားဘဲ သူဌေးကြီးယုံမိသားစု နေအိမ်ကို ညွှန်ပြလိုက်သည်။

မျက်နှာစိမ်းများ စိတ်ဝင်စားသွားကြပြီး သူဌေးကြီးယုံ၏ အိမ်တော်သို့ မည်သို့ ဝင်ရောက်ရမည်၊ အစောင့်အကြပ်များ ရှိမရှိ၊ အိမ်သားဦးရေ စသည်စသည်ဖြင့် စုံလင်အောင် မေးမြန်းကြသည်။ သူတို့နှင့် စကားပြောရသည်မှာ အမြုပ်ထွက်မတတ်ပင်။

လျှုပြင်းက လူပါးဖြစ်သည်။ သူသည် သူတစ်ပါး၏ မျက်ခုံးမွေးပေါ်၌ ထာဝရ လမ်းလျှောက်ခဲ့သူ ဖြစ်သည်။ စကြံလျှောက်ခဲ့သူ ဖြစ်သည်။ မျက်နှာစိမ်းသုံးယောက် မဟုတ်တာတစ်ခုခု လုပ်တော့မည် ဆိုသည်ကို ရိပ်မိပြီး သူဌေးကြီးယုံ မိသားစုအကြောင်း စုံစမ်းပေးမည်၊



သူ့အား ငွေစတစ်ပုံပေးရမည်ဟု တောင်းဆိုလိုက်သည်။ မျက်နှာစိမ်း သုံးယောက်တို့ကလည်း သဘောတူလိုက်သည်။ သဘောတူမည်ပေါ့။ သူတို့အိတ်ထဲမှ စိုက်ပေးရသည်မှ မဟုတ်ဘဲ။

လျှုပြင်းက လက်ထောက်ချခဲ့သောကြောင့် မျက်နှာစိမ်းသုံး ယောက်သည် သူဌေးကြီးယုံ၏အိမ်တော်ကို စီးနင်းတိုက်ခိုက် လုယက် နိုင်ခဲ့ကြသည်။

လျှုပြင်းလည်း ငွေစတစ်ပုံရလိုက်သဖြင့် လက်ထဲတွင် ငွေရှင် နေခြင်း ဖြစ်ပါတော့သည်။

ဤက လျှုပြင်း ငွေရှင်ရခြင်း အကြောင်းရင်းတည်း။

တဖွဲဖွဲ ကျဆင်းနေသော မိုးရေစက်များကြောင့် လျှုပြင်း၏ တစ်ကိုယ်လုံး စိုစိုစွတ်စွတ် ဖြစ်လာသည်။

အေးစိမ့်လာသည်။

သို့သော် အပြင်ဘက်မှ အေးစိမ့်မှုသည် ရင်ထဲမှ အေးစိမ့်မှု ကို မီနိုင်မည် မထင်ပါ။ အပျော်စိတ်ကလေးများ ကြက်ပျောက်ငှက် ပျောက် ပျောက်ကွယ်သွားပြီးနောက် တစ်ကိုယ်လုံး အေးခဲသွား လောက်အောင် အေးစိမ့်မှုကို ခံစားနေရသဂည်မှာ အိုရန်ညီအစ်ကိုမှ အစပြုသည်။

သူဌေးကြီးယုံ၏ဇေဟာ ဓားပြတိုက်ခံရသည့်ကိစ္စမှာ ရပ်ကျော် ရွာကျော် ဟိုးလေးတကျော် ဖြစ်ခဲ့သည်။ မဖြစ်၍လည်း မရပါ။ သူဌေးကြီးမှာ အလွန်ကျော်ကြားသူ မဟုတ်ပါလား။ မျက်နှာစိမ်း သုံးယောက်မှာ အလွန်ရက်စက်ကြမ်းကြုတ်သော လူဆိုးဓားပြများ ဖြစ်နေကြသည်။

www.burmeseclassic.com



သူ့ရွှေကြီးယုံ၏ ဂေဟာကို ဓားပြတိုက်ရာ၌ ပစ္စည်းယူသည့် အဖြင့် တစ်အိမ်သားလုံးကို ရက်ရက်စက်စက် သတ်ပစ်ခဲ့ကြသည်။

ထို့ကြောင့် ...

မြို့စားကြီးသည် ဓားပြများအား ဖော်ထုတ်ဖမ်းဆီးကာ အရေး ယူနိုင်အောင် အပြင်းအထန် ကြိုးစားလေတော့သည်။ ဓားပြမှုတွင် ပါဝင်သူတိုင်း ကြီးလေးသောအပြစ်ဒဏ်ကို ခံရမည်ဟု ကြေညာသည်။

လျှုပြင်းသည် မျက်နှာစိမ်းသုံးယောက်အား လက်ထောက်ချ ခဲ့သည့်အဖြင့် ဝေစုယူခဲ့ခြင်းကြောင့် အပြစ်မကင်းပါ။ သူ့မှာလည်း အပြစ်ရှိနေသည်။ မကောင်းမှုပြုလုပ်သူများနှင့် ပေါင်းသင်းရခြင်းမှာ လည်း သူ့အလုပ် ဖြစ်နေသည်။

သူ၏အကြောင်း ပေါ်ပေါက်သွားလျှင် အပြစ်ပေးခံရမည် ဖြစ် ပါသည်။ သူထံ၌ ငွေများ အဘယ့်ကြောင့် ရှင်နေသနည်း။ ဤမြို့ ၌ ငွေရှင်နိုင်သည့် အဖြစ်အပျက်မှာ တစ်ခုတည်းသာ ရှိသည်။

အိုရန်ညီအစ်ကိုက သူ၏လက်ထဲ၌ ငွေရှင်နေသည်ကို သိထား သောကြောင့် ဓားပြမှုကြီး၌ ပါဝင်ပတ်သက်နေသည်ကိုလည်း သိ နေကြတော့မည် ဖြစ်ပါသည်။

အိုရန်ညီအစ်ကိုသိလျှင် အခြားသူများလည်း သိနေကြပေလိမ့် မည်။ လူတိုင်းသိနေမှတော့ မြို့စားကြီးလည်း မသိဘဲနေတော့မည် မဟုတ်ဟုတွေးကာ တစ်ကိုယ်လုံး အေးစိမ့်သွားခြင်း ဖြစ်ပါတော့ သည်။ လျှုပြင်း တုန်လှုပ်နေပြီး အဝေးသို့ ထွက်ခွာသွားရန် ဆုံးဖြတ် လိုက်သည်။ သူ အရက်သောက်လို၍ သုခဘုံသို့ ရောက်လာခြင်းက



ပင် သူ ကံကောင်းခြင်း မဟုတ်ပါလော။ ဤသတင်းသာ သူမသိ ရပါလျှင် သူသည် ဘုမသိဘမသိဖြင့် မြို့စားကြီး၏ အဖမ်းအဆီး ကို ခံရပေတော့မည်။ ဆိုင်လုလင်လေးကို ကျေးဇူးတင်ရသည်။ ထို့ကြောင့်ပင် ဤမြို့ကလေးမှ ထွက်ပြေးရန် သူ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် နောက်ထပ် ခြေလေးငါးလှမ်းပင် ဆက်မသွားနိုင် အောင် ဖြစ်သွားတော့သည်။

လူတစ်ယောက် လမ်းပိတ်ထားခြင်းကြောင့် ဖြစ်ပါသည်။

မည်သူ လမ်းပိတ်ထားသနည်း။

မိုးကာဝတ်ရုံ လွှမ်းခြုံထားသကဲ့သို့ ဦးခေါင်းပေါ်၌ ခမောက် ဝိုင်းကြီးတစ်လုံး ဆောင်းထားသူတစ်ယောက် ဖြစ်သည်။

လျှုပြင်း တုံ့ခနဲ ရပ်သွားသည်။ လမ်းပိတ်ထားသူအား မျက် လုံးပြူး၍ ကြည့်လိုက်သည်။ အမှန်တော့ ထိုလူသည် လမ်းပိတ်ထား ခြင်း မဟုတ်ပါ။ ဤမြို့ကလေးသို့ မကြာသေးမီက ရောက်ရှိလာ သော ခရီးသွား ဧည့်သည်တစ်ယောက် ဖြစ်သည်။

လျှုပြင်းနှင့် မျက်နှာချင်းဆိုင်မှ လျှောက်လာရင်း ခြေလှမ်းရပ် ကာ အနီးသို့ရောက်လာသည်နှင့် လျှုပြင်းအား မေးမြန်းစုံစမ်းရန် ရပ်တန့်လိုက်ခြင်းသာ ဖြစ်ပါသည်။

"မိတ်ဆွေ ... သုခဘုံကို ဘယ်လိုသွားရမယ်ဆိုတာ သိရင် လမ်းညွှန်ပေးပါလားဗျာ၊ မိတ်ဆွေဟာ ဒီမြို့ခံလူလို့ ထင်ပါတယ်"

လျှုပြင်း ဟင်းခနဲ သက်ပြင်းချမိသည်။ သူ၏ရင်ထဲ၌ ဒိန်းခနဲ ခိုင်တောင့်လာသော အပူလုံးကြီးသည် လျှောကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရေးထဲ လမ်းညွှန်နိုင်တဲ့လူက ရှိနေသေးတယ်"

တကယ်တော့ လမ်းညွှန်ခြင်းထက် သူ့အပူက ပိုကြီးနေသည်။ စိတ်ထဲ မကျေမနပ် ရေရွတ်လိုက်သည်။

"မသိဘူး"

သူက ခပ်မာမာပင် ပြောလိုက်သည်။

ခမောက်ဆောင်းထားသူအား ရှောင်ကွင်းကာ ရှေ့ဆက်သွားရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်မှာပင် ...

"လျှူပြင်း ... ဒါက ဘယ်လဲ၊ နေပါဦးကွ"

ကျယ်လောင်သော ဟန့်တားသံများနှင့်အတူ လူနှစ်ယောက် ပြေးလာကြသည်။

အိုရန့်ညီအစ်ကို လိုက်လာကြပြီ ဖြစ်ပါသည်။

လျှူပြင်း ထွက်မသွားနိုင်တော့ပါ။ အိုရန့်ညီအစ်ကိုတို့လက်မှလည်း လွတ်အောင် ထွက်မပြေးနိုင်ပါ။ အိုရန့်ညီအစ်ကိုသည်လည်း လျှူပြင်း ထွက်မပြေးနိုင်အောင် ဟန့်တားလိုက်ကြသည်။

လျှူပြင်းထံမှငွေကို ရဖို့အရေးကြီးနေခြင်းကြောင့် အလောတကြီး ဖြစ်နေကြပြီး ခမောက်ဆောင်းထားသော ခရီးသွားလူရွယ်ကို အမှုမထားကြပါ။ သူတို့ အဓိကထားသည်က လျှူပြင်း ဖြစ်သည်။

လျှူပြင်းအတွက်လည်း ခရီးသွားလူရွယ်သည် အိုရန့်ညီအစ်ကိုလောက် အရေးမကြီးတော့ချေ။

သုံးယောက်သား လူရွယ်ကို လှစ်လျူရှုထားလိုက်ကြသည်။

အိုရန့်ကြီးက ရယ်ရယ်မောမော ပြောသည်။

"လျှူပြင်း ... မင်းက အခြေအနေကောင်းနေတော့ ငါတို့ကို



တောင် မေ့နေတယ်ပေါ့လေ၊ ကိုယ့်အချင်းချင်းတွေပဲကွာ၊ သည်လောက်တောင် မစိမ်းကားစမ်းပါနဲ့"

အိုရန့်လေးက ...

"မင်းလက်ထဲ ငွေရှင်နေတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဆိုတဲ့သဘော မဟုတ်လား၊ ငါတို့ကို သည်လိုအချိုးမျိုး ချိုးလို့မရဘူးဆိုတာ မင်း သိပါတယ်"

လျှူပြင်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ၊ ကျုပ် သည်လိုမဟုတ်ပါဘူး၊ ကျုပ်ကို အထင်မမှားပါနဲ့၊ ငွေလည်း မရှင်ပါဘူး၊ ကျုပ်ဆီမှာ ..."

"တိတ်စမ်း ..."

အိုရန့်ကြီးက ဟောက်လိုက်သည်။ သူ၏မျက်နှာမှာ ဒေါသချောင်တောက်နေသည်။

လျှူပြင်း၏ အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲရင်း ...

"သူဌေးကြီးယုံဂေဟာ ဓားပြတိုက်ခံရတဲ့ကိစ္စမှာ မျက်နှာစိမ်းသုံးယောက်ကို မင်း လက်ထောက်ချခဲ့တယ်ဆိုတာ ငါတို့ သိထားပြီးပြီကွ၊ ငါတို့တင် မကဘူး တစ်မြို့လုံး သိထားတာကွ"

"မျက်နှာစိမ်း ဓားပြတွေက မင်းအတွက် ဝေစုခွဲပေးသွားတယ်ဆိုတာလည်း ငါတို့ သိပြီးပြီ၊ ကဲ ... မင်း ဘာငြင်းချင်သေးသလဲ ပြောစမ်း"

အိုရန့်လေးကလည်း ဝင်ပြောသည်။

လျှူပြင်း ဘာမှ မတတ်နိုင်တော့ပါ။

"တိုးတိုးလုပ်ပါဗျာ၊ လူတွေကြားကုန်ပါ့မယ်၊ ကျုပ် လက်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ချခဲ့တယ်ဆိုတာလည်း ဟုတ်ပါတယ်၊ ဝေစုရခဲ့တယ် ဆိုတာလည်း ဟုတ်ပါတယ်၊ ခင်ဗျားတို့လိုချင်ရင် ကျုပ်ဝေစုထဲက ခွဲပေးပါ့မယ်"

အောက်ကျို့ပြီး တောင်းတောင်းပန်ပန် ပြောရသည်။ မတောင်း ပန်၍လည်း မရပါ။ အိုရန်ညီအစ်ကိုအကြောင်းကို လျူပင်း အသိဆုံး ဖြစ်ပါသည်။

အိုရန်ညီအစ်ကိုသည် အလွန် လက်သံပြောင်ကြသူများ မဟုတ်ပါလား။ သူတို့ကြောင့် ခြေကျိုး၊ လက်ကျိုး၊ ဒုက္ခိတဖြစ်သွားကြသူ မနည်းတော့ပါ။ ခြေလက်ကျိုးရုံမျှမက အသက်သေဆုံးသွားကြသူများလည်း ရှိခဲ့ပေသည်။

လျူပင်း၏စကားကြောင့် အိုရန်ညီအစ်ကို ကျေနပ်သွားကြသည်။ လျူပင်းဆီက သူတို့လိုချင်တာ ရတော့မည် မဟုတ်ပါလား။ သူတို့၏ကိစ္စသည် လူသိခံ၍ ရသည့်ကိစ္စ မဟုတ်ကြောင်း ပြန်လည်ဆင်ခြင်မိကြပြီး ဟိုဟိုသည်သည် ကြည့်လိုက်ကြရာ မလှမ်းမကမ်း၌ ရပ်နေသည့် လူရွယ်အား တွေ့သွားကြသည်။

"ဟေ့ကောင် ... ဘာရပ်ကြည့်နေတာလဲ"

"မင်းနဲ့မဆိုင်ဘူး၊ ထွက်သွားစမ်း"

ညီအစ်ကိုနှစ်ယောက် အော်ငေါက်မောင်းထုတ်လိုက်ကြသည်။ လူရွယ်သည် ထွက်မသွားသည့်အပြင် ရှေ့တိုးလာသည်။

"မိတ်ဆွေတို့ ပြဿနာကို ကျုပ် ဖြေရှင်းပေးပါ့မယ်ဗျာ"

"ဘာကွ ..."

"မိတ်ဆွေတို့ဟာ သူဌေးကြီးယုံဂေဟာ ဓားပြမှုအကြောင်း ပြောနေကြတာ မဟုတ်လားဗျာ"



"ဟေ့ ... ငါတို့ ဘာပြောပြော မင်းနဲ့မဆိုင်ဘူး၊ ဝေးဝေးထွက်သွားစမ်းကွာ၊ မြန်မြန် ထွက်သွားစမ်း"

သူတို့၏စကားမှာ မထိရောက်ပါ။ လူရွယ်သည် မသွားဘဲ အနီးသို့ပင် ရောက်လာသည်။

"သည်ကောင် သေချင်ပြီထင်တယ်"

ခပ်စွာစွာ အိုရန်လေးက လူရွယ်အား တိုက်ခိုက်လိုက်သည်။

သူတို့သည် လူများကို လူမထင်သူများ ဖြစ်ကြသည်။ သူတို့အား နိုင်ထက်စီးနင်း လုပ်မထားသူများ ဆိုပါက မည်သူ့ကိုမဆို နှိပ်စက်ချင်သူများ ဖြစ်ကြသည်။

အိုရန်လေး၏လက်တစ်ဖက်သည် မြောက်တက်သွားသည်။

"ဝိုး ..."

သို့သော် လက်ရွယ်၏လက်သီးထိုးချက်က ပို၍မြန်သည်။

"ခွပ် ..."

"အား ..."

အိုရန်လေးသည် မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ မြေပေါ်သို့ ပင်ထိုင်ကျသွားတော့သည်။

"ဟင် ... မင်း ... မင်း"

အိုရန်ကြီး ဒေါပွသွားသည်။

ဓားမြှောင်တစ်လက်ထုတ်ပြီး လူရွယ်၏ရင်ဝကို လျှင်မြန်စွာ ထိုးစိုက်ချလိုက်သည်။

"သေပေတော့ ..."

လူရွယ် အမှုမထားပါ။ ဓားချက်ကိုလည်း ဂရုမစိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အိုရန်ကြီး၏ စားကိုင်ထားသောလက်ကို ဖမ်းဆွဲကာ ဖျစ်ညှစ်လိုက်သည်။ လူရွယ်၏ လှုပ်ရှားမှုမှာ လျှပ်ပြက်သကဲ့သို့ပင် ...

"ဖျောက် ..."

"ခြွင် ..."

"အား ..."

အရိုးကျိုးသံ၊ ဓားမြှောင် လွတ်ကျသွားသံ၊ နာကျင်သော အော်အစ်သံများ ဆက်တိုက်ထွက်ပေါ်လာသည်။

အိုရန်ကြီး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရတော့သည်။

လူရွယ်က အေးတိအေးစက် ပြောလိုက်သည်။

"ခင်ဗျားတို့နှစ်ယောက် အေးအေးဆေးဆေး ထွက်သွားကြမလား၊ မြို့စားကြီးဆီကို လိုက်ခဲ့မလား၊ ကြိုက်တဲ့လမ်း ရွေးပါ၊ ကျုပ် များများမပြောဘူး"

အိုရန်ညီအစ်ကို မျက်လုံးပြူးသွားသည်။

အိုရန်လေးက တအံ့တသြ ရေရွတ်လိုက်သည်။

"မြို့စားကြီးဟာ သူ့ခွေးကြီးယုံရဲ့အမှုကို ဖော်ထုတ်ဖို့ သိုင်းလောကက သိုင်းသမားတစ်ယောက်ကို အကူအညီတောင်းထားတယ်လို့ ပြောကြတယ်၊ ဒီကောင်နဲ့ တူတယ်"

အိုရန်ကြီးက ညီဖြစ်သူအား လှမ်းပြောလိုက်သည်။

"ညီလေး ... ဘာမှ ပြောမနေနဲ့တော့၊ သွားကြမယ်"

အိုရန်ကြီးသည် ကျိုးသွားသောလက်ကို ဖေးမပြီး ပြေးသွားရာ အိုရန်လေးလည်း မနေဝံ့တော့ဘဲ နောက်မှပြေးလိုက်သွားလေတော့သည်။

✦ ✦ ✦

## အခန်း (၂)

# တာဝန်

အိုရန်ညီအစ်ကို ထွက်ပြေးသွားကြပြီ ဖြစ်ပါသည်။

တကယ်တမ်းအားဖြင့် ဒုက္ခပေးမည့်သူနှစ်ယောက် မရှိတော့သဖြင့် လျူပြင်း ဝမ်းသာသွားရမည် ဖြစ်သည်။

သို့သော် ...

လျူပြင်းသည် ဝမ်းမသာနိုင်သည့်အပြင် အသားများတဆတ်ဆတ်တုန်ယင်အောင် ကြောက်ရွံ့နေသည်။

အိုရန်ညီအစ်ကိုထက် အဆပေါင်းတစ်ထောင် ပို၍ ကြောက်ရကောင်းသူနှင့် တွေ့နေရပြီဖြစ်ကြောင်း သူ နားလည်နေသောကြောင့်တည်း။

အိုရန်ညီအစ်ကိုအား ဆုံးမကာ မောင်းထုတ်လိုက်သူက မောက်ချွတ်လိုက်ပြီး လျူပြင်းအား ပြုံးပြလိုက်သည်။

ယောက်ျားပီသပြီး အသက်နှစ်ဆယ်ကျော် သုံးဆယ်ဝန်းကျင်ရှိမည်ထင်ရသော လူရွယ်တစ်ယောက်သာတည်း။

www.burmeseclassic.com

www.burmeseclassic.com



[illegible] ပြီးနေ၏။ ထိုလူ၏အပြုံးကို ကောင်းစွာ သရုပ်[illegible] ထိုလူ၏အပြုံးသည် လူကောင်းများအတွက် နွေးထွေးသော[illegible]သော်လည်း လူဆိုးများအတွက်ကား ကြောက်လန့်စရာအပြုံး[illegible] ဖြစ်သည်။

လျှူပြင်း ထစ်ထစ်ငေါ့ငေါ့ မေးလိုက်သည်။

"မင်း ... မင်းက မေတ္တာဓားသမား ချန်းချင်းလား"

လူရွှယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ သူဌေးကြီးယုံရဲ့ ကိစ္စမှာ တရားခံတွေကို ဖော်ထုတ်ပေးဖို့ မြို့စားကြီးက အကူအညီတောင်းတာနဲ့ ကျုပ် လာခဲ့တာပါ၊ တရားခံတွေဟာ သုခဘုံကို ရောက်ခဲ့ကြတယ်လို့ သိရတာကြောင့် သွားပြီး စုံစမ်းမလို့၊ ခင်ဗျားတို့ကို လမ်းမှာတွေ့လိုက်ရတော့ အတော်ပဲ ဖြစ်သွားတာပေါ့"

လျှူပြင်း ထွက်ပြေးလိုသော်လည်း အလိုလိုနေရင်း တစ်ကိုယ်လုံး လှုပ်ရှားမရအောင် ဖြစ်နေသည်။ အကြောများ တုံ့ဆိုင်းသလို ဖြစ်နေသည်။ မေတ္တာဓားသမား ချန်းချင်းသည် မကောင်းသူပယ် ကောင်းသူကယ်နေသည့် သိုင်းသမားတစ်ဦး ဖြစ်ပါသည်။

ထို့ကြောင့် အထက်လမ်းသိုင်းသမား ဖြစ်ကြောင်း သိသာလှသည်။ အစွမ်းထက်သော သိုင်းပညာနှင့် အများအကျိုး ဆောင်ရွက်မှုများကြောင့် မသိသူမရှိသလောက် ကျော်ကြားနေသူ ဖြစ်သည်၊

လူရွှယ် (ဝါ) မေတ္တာဓားသမား ချန်းချင်းက ...

"ကဲ ... လိုရင်းတိုရှင်းပဲ ပြောကြစို့၊ မျက်နှာစိမ်းတွေနဲ့ ဘယ်လိုတွေ့ခဲ့ရတယ်ဆိုတာ ပြောပါဦး"



"ကျုပ်က ..."

လျှူပြင်းက အဖြစ်မှန်ကို မကွယ်မဝှက် ပြောပြလိုက်လေတော့သည်။ ဤအခြေအနေ ရောက်မှတော့ ကွယ်ဝှက်နေ၍လည်း မရတော့ချေ။

✦ ✦ ✦

မျက်နှာစိမ်းသုံးယောက် ...

မျက်နှာစိမ်းသုံးယောက် ဆိုသည်မှာ အစိမ်းရောင်မျက်နှာရှိသူသုံးယောက် မဟုတ်ချေ။ လူစိမ်းသူစိမ်းသုံးယောက်သာ ဖြစ်သည်။

ထို မျက်နှာစိမ်းသုံးယောက်မှာ အရပ်တကာလှည့်လည်ကာ လုယက်တိုက်ခိုက်မှုများ ကျူးလွန်နေကြသော လုဝီ၊ ကျိုထုံနှင့် ခန်းတုံးဆိုသူများ ဖြစ်ကြသည်။ ထိုလူများကို လျှူပြင်း မသိချေ။

မေတ္တာဓားသမား ချန်းချင်းသည် လျှူပြင်းအား မြို့စားကြီး ထံ၌အပ်နှံပြီး လုဝီတို့လူစုအား ဖမ်းဆီးရန် မြို့စားကြီး၏ သိုင်းသမားများကို ဦးဆောင်ကာ ခရီးထွက်ခဲ့လေတော့သည်။

နောက် ဆယ့်ငါးရက်အကြာတွင် လုဝီတို့သုံးယောက်သည် မဟူရာတောအုပ်အတွင်းရှိ အိမ်ပျက်ကြီးတစ်လုံးတွင် ခိုအောင်းနေကြောင်း စုံစမ်းသိရှိခဲ့ရသည်။

မေတ္တာဓားသမားချန်းချင်းနှင့် မြို့စားကြီး၏ သိုင်းသမားများလည်း မဟူရာတောအုပ်သို့ အမြန်ဆုံး ခရီးပြင်းနှင်သွားခဲ့ကြလေတော့သည်။

မဟူရာတောအုပ်မှာ နာမည်နှင့်လိုက်အောင် သစ်ပင်ချုံနွယ်များ ထူထပ်နက်ရှိုင်းကာ စိမ်းလန်းစိုပြေနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာဓားသမား ချန်းချင်းတို့သည် မဟူရာတောအုပ်ထဲ၌ ခက်ခက်ခဲခဲ ဖြတ်သန်းပြီးမှ လုဝီတို့ရှိအောင်းနေသော အိမ်ပျက်ကြီးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားကြလေသည်။

ချန်းချင်းတို့လူစုသည် အိမ်ပျက်ကြီးအား ဝိုင်းရံထားလိုက်ကြသည်။ အိမ်ပျက်ကြီးထဲမှကား တုတ်တုတ်မျှ မလှုပ်။ မြို့စားကြီး၏ သိုင်းသမားခေါင်းဆောင်မန်းထုံက အော်ပြောလိုက်သည်။

"လုဝီ ... မင်းတို့သုံးယောက်ကို ဝိုင်းထားပြီးပြီ၊ ခုခံမယ် မကြံနဲ့၊ ထွက်လာခဲ့ကြပါ၊ အဖမ်းခံကြပါ"

အိမ်ပျက်ကြီးအတွင်းမှ ပြေးလွှားလှုပ်ရှားသံများ ထွက်ပေါ်လာသည်။ အပြင်မှအော်သံကို ယခုမှ ကြားကြဟန်တူသည်။

လုဝီတို့ သုံးယောက်သည် အငိုက်မိသွားကြသဖြင့် ခံပြင်းနေကြပုံ ရှိလေသည်။

ပြေးပေါက်မရှိတော့သည့်အတူတူ ပြန်လည်ခုခံတိုက်ခိုက်ရန် ကြိုးစားကြလေတော့သည်။ သူတို့သည် နယ်လှည့်တိုက်ခိုက်ခဲ့ကြသူများကိုး ... ။

လုဝီ၏အော်ပြောသံ ထွက်ပေါ်လာသည်။

"ကျုပ်တို့ ဘယ်တော့မှ အညံ့မခံဘူး၊ ကျုပ်တို့ကို ဖမ်းဆီးချင်တယ်ဆိုရင် အိမ်ထဲဝင်လာခဲ့ကြပေတော့"

စိန်ခေါ်သံကြောင့် မန်းထုံဒေါပွသွားကာ သူ၏လူများအား ဦးဆောင်ပြီး အိမ်ပျက်ကြီးအတွင်းသို့ ထိုးဖောက်ဝင်ရောက်ကာ တိုက်ခိုက်တော့သည်။

လုဝီတို့က ဆီးကြိုတိုက်ခိုက်ကြသဖြင့် ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပေါ်လာလေတော့သည်။



"ဝုန်း ..."

"အမယ်လေး ..."

"သေပါပြီဗျ ..."

စူးရှသော အော်ဟစ်သံများလည်း တစ်ခဲနက် ထွက်ပေါ်လာလေတော့သည်။

မန်းထုံတို့လူစုမှာ လုဝီတို့၏အကြောက်အကန် ခုခံတိုက်ခိုက်ခြင်း ခံရသဖြင့် မမျှော်လင့်ဘဲ အထိနာသွားကြသည်။ သိုင်းသမားအတော်များများ သေဆုံးသွားကြသကဲ့သို့ မန်းထုံကိုယ်တိုင်လည်း ဒဏ်ရာရသွားသည်။

ထိုအချိန်တွင် ...

"ဝုန်း ..."

အိမ်ပျက်ကြီး၏ ခေါင်မိုးတွင် အပေါက်ကြီးတစ်ခု ဖြစ်ပေါ်သွားလေသည်။

ထိုအပေါက်ကြီးမှတဆင့် လူတစ်ယောက် ခုန်ဆင်းလာသည်။ ထိုလူသည် မန်းထုံ၏အသက်ကို အချိန်မီ ကယ်တင်လိုက်သည်။

ပြင်းထန်သော တိုက်ပွဲ၌ မန်းထုံ ဒဏ်ရာရရှိသွားသည်။

"ခွမ်း ..."

သူ၏လက်ထဲမှ ဓားလွတ်ကျသွားပြီး လုဝီက သူ၏ရင်ဝကို ဓားဖြင့် ထောက်ထားလိုက်လေသည်။

"ကဲ ... ခင်ဗျား ဘာတတ်နိုင်သေးသလဲ"

"ဟား ... ဟား ... ဟား ..."

"ဟား ... ဟား ... ဟား ..."

www.burmeseclassic.com

www.burmeseclassic.com



လုဝီက ခြိမ်းခြောက်လိုက်သကဲ့သို့ ကျီလုံနှင့် စန်းတုံးတို့ကလည်း လျှော်ပြောင်ရယ်မောလိုက်ကြသည်။

မန်းထုံမှာ လုဝီ၏လက်ထဲ ကျရောက်သွားပြီ ဖြစ်ပါသည်။

လုဝီက ...

"ခင်ဗျား မသေချင်ရင် ခင်ဗျားလူတွေကို နောက်ဆုတ်ခိုင်းလိုက်ပါ"

မန်းထုံ မတတ်နိုင်တော့ပါ။

"နောက်ဆုတ်လိုက်ကြစမ်း"

မြို့စားကြီး၏ သိုင်းသမားများသည် မန်းထုံ၏အမိန့်ကြောင့် နောက်ဆုတ်လိုက်ကြတော့သည်။

လုဝီက ...

"ကျုပ်တို့ သည်ကထွက်သွားမယ်၊ တစ်ယောက်မှ လိုက်မလာကြနဲ့၊ လိုက်လာရင် မင်းတို့ရဲ့ဆရာ အရင်ဆုံး သေသွားမယ်ဆိုတာ မှတ်ထား"

ထပ်မံ ခြိမ်းခြောက်လိုက်သည်။

မန်းထုံအား ဓားစာခံပြုလုပ်ကာ ထွက်ပြေးသွားကြတော့မည် ဖြစ်သည်။ မြို့စားကြီး၏ သိုင်းသမားများမှာ ဘာမှ မတတ်နိုင်တော့ပါ။ ရန်သူက အကွက်ကောင်းရသွားပေပြီ။

လုဝီတို့သည် လွတ်မြောက်သွားသည်နှင့် မန်းထုံအား သတ်ပစ်ကြမည်သာ ဖြစ်သည်။

လုယက်၊ ဓားပြတိုက်၊ လူသတ်မှု အလီလီကျူးလွန်ပြီး သူတို့၏လက်များသည် သွေးစွန်းနေပြီ မဟုတ်ပါလော။ သူတို့အဖို့ ကတိ



စကားဆိုသည်မှာ ထမင်းစားရေသောက် ဖြစ်ပါသည်။ မည်သူကမျှ ကတိကို တန်ဖိုးမထားကြပါ။ သူတို့ ထွက်ပြေးလွတ်မြောက်သွားပြီ ဆိုကြပါစို့။

သူတို့အား လိုက်လံဖမ်းဆီးဖို့ လွယ်ကူတော့မည် မဟုတ်ပါ။ သိုင်းလောကမှ ခြေရာဖျောက်သွားကြမှာ သေချာနေပါတော့သည်။

မန်းထုံနှင့် အကြပ်ကိုင်ထား၍လည်း သိုင်းသမားများ ဘာမှ မတတ်နိုင်အောင် ဖြစ်နေကြသည်။

ထိုအချိန်မှာပင် ခေါင်မိုး၌ အပေါက်ကြီးဖြစ်ပေါ်သွားကာ လူတစ်ယောက် ခုန်ဆင်းလာခြင်း ဖြစ်သည်။

ထိုလူမှာ မေတ္တာဓားသမား ချန်းချင်း ဖြစ်လေသည်။

✦ ✦ ✦

"ဝုန်း ..."

"ဟူး ..."

ချန်းချင်းသည် ခေါင်မိုးပေါ်မှ ခုန်ဆင်းလာရင်း အသင့်ဆောက်ယူလာသော ကျောက်ခဲလေးတစ်လုံးဖြင့် လုဝီထံသို့ ပစ်လွှင့်လိုက်သည်။

"ဒိုး ..."

"ဒေါက် ..."

"ခွမ်း ..."

ကျောက်ခဲလေး အရှိန်ပြင်းစွာ ပစ်လွှင့်သွားပြီး လုဝီ၏ခေါင်းကို အည့်တည့်မတ်မတ် ထိမှန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လုဝီ၏လက်ထဲမှဓား လွတ်ကျသွားပြီး မန်းထုံ လွတ်မြောက်သွားတော့သည်။

ချန်းချင်းသည် မန်းထုံ လွတ်မြောက်သွားစေပြီးလျှင် ...

"ဟိတ် ..."

လေထဲကျွမ်း တစ်ပတ်ပစ်ကာ ကျိုလုံနှင့် စန်းတုံးတို့ထံသို့ ခုန်ဝင်သွားသည်။

ကြက်သေသေနေကြသော ကျိုလုံနှင့် စန်းတုံးတို့ သတိဝင်လာကြသည်။

"သေပေတော့"

"ယား ..."

ညာသံပေးကာ ဓားကိုယ်စီဖြင့် ဆီးကြိုတိုက်ခိုက်လိုက်သည်။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာကာ ပြင်းထန်သော ဓားစုတ်ချက်များသည် ချန်းချင်းထံသို့ တိုးဝင်သွားသည်။

ချန်းချင်းက လေထဲမှာပင် ခန္ဓာကိုယ် ယိမ်းနွဲ့ပြီး ခြေထောက်ဆန့်ထုတ်ကာ ကျိုလုံ၏ဓားကို ခြေထောက်ဖြင့် ကန်ထုတ်လိုက်သည်။

စန်းတုံး၏ဓားကိုမူ လက်ဝါး နှစ်ဖြင့်ညှပ်ကာ ဖမ်းဆီးထားလိုက်သည်။

သူ၏ လက်ကောက်ဝတ်ကို လှည့်လိုက်သည်နှင့် ...

"ခြွမ်း ..."

စန်းတုံး၏ဓား ထက်ပိုင်းကျိုးသွားတော့သည်။

ချန်းချင်းသည် အထိတ်တလန့်ဖြစ်ကာ နောက်ဆုတ်ပြေးဖို့ ကြိုးစားနေသည့် စန်းတုံး၏ပခုံးမှ သွေးကြောတစ်နေရာကို လက်ညိုးဖြင့်လှမ်းပြီး ထိုးပိတ်လိုက်သည်။



"အင့် ..."

စန်းတုံး သွေးကြောပိတ်ခံလိုက်ရသဖြင့် မလှုပ်မယှက် ဖြစ်သွားတော့သည်။

ကျိုကဲ့သည် အခြေအနေမဟန်မှန်း သိလျှင် ထွက်ပြေးသွားဖို့ ကြိုးစားလိုက်သော်လည်း မြို့စားကြီး၏ သိုင်းသမားများက ဝိုင်းဝန်းဖမ်းဆီးထားလိုက်ကြတော့သည်။

လုဝီလည်း မလွတ်နိုင်တော့ပါ။ သူ အဘယ်မှာလျှင် လွတ်မြောက်နိုင်ပါအံ့နည်း။ မန်းထုံက အခွင့်အရေးကို လက်လွှတ်မခံဘဲ ဖမ်းဆီးထားလိုက်ခြင်းကြောင့် ဖြစ်သည်။

သူဌေးကြီးယုံ မိသားစုအား ရက်ရက်စက်စက် လုပ်ကြံသွားခဲ့သော ဓားပြကြီးသုံးယောက်အား ချန်းချင်း၏အစွမ်းကြောင့် လက်ရဖမ်းဆီးနိုင်ခဲ့လေတော့သည်။

ထူးခြားသည်ကား ချန်းချင်းသည် လုဝီတို့ကဲ့သို့ ရက်စက်ကြမ်းကြုတ်သော လူဆိုးဓားပြများကိုပင် ထိခိုက်ဒဏ်ရာရအောင် မလုပ်ဘဲ အသက်ရှင်လက်ရဖမ်းဆီးနိုင်အောင် ကြိုးစားခဲ့ခြင်း ဖြစ်သည်။ သူ၏ဓားဖြင့် သွေးစွန်းအောင် မလုပ်ခဲ့ချေ။

ချန်းချင်းမှာ ဓားသမားတစ်ယောက် ဖြစ်သည်။ ဓားကို အဓိကထား အသုံးပြုသော သိုင်းသမားတစ်ယောက်လည်း ဖြစ်သည်။

သို့သော် ယနေ့တိုင် ချန်းချင်း၏လက်ချက်ဖြင့် သေဆုံးသွားရသည်၊ အပြင်းအထန် ဒဏ်ရာရရှိသွားရသည်ဟု မကြားဘူးကြချေ။

ချန်းချင်း၏ဓားသည် မကောင်းမှုမှန်သမျှကို ချေမှုန်းဖယ်ရှားခဲ့ဖို့ ဖြစ်သော်လည်း သွေးစွန်းမခံခြင်းကြောင့် အများက မေတ္တာရှင် ဓားသမားဟု တင်စားခဲ့ကြခြင်း ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်းသည်လည်း မေတ္တာရှင်စားသမားဟူသော ဘွဲ့ထူးကို ရရှိခဲ့လေတော့သည်။

လူစီတို့သုံးယောက်အား လက်ရဖမ်းဆီးပြီးသည်နှင့် ချန်းချင်းက မန်းထုံအား နှုတ်ဆက်လိုက်သည်။

"ကျုပ်တာဝန် ကျေသွားပါပြီဗျာ၊ မြို့စားကြီးကို နှုတ်ဆက်ခဲ့တယ်လို့ ပြောပေးပါ"

မန်းထုံက ...

"မိတ်ဆွေ ... ကျုပ်တို့နဲ့အတူ တိန်ရောင်မြို့ကို ပြန်မလိုက်တော့ဘူးလား၊ မြို့စားကြီးက မိတ်ဆွေကို ဆုတော်ငွေ ချီးမြှင့်မှာ သေချာပါတယ်"

ချန်းချင်းက ပြုံးလိုက်သည်။

"ကျုပ်မှာ တခြားကိစ္စတွေ ဆောင်ရွက်စရာရှိသေးတာကြောင့် မလိုက်တော့ပါဘူးဗျာ"

သူသည် မတရားမှုကို ရွံမုန်းသည်။

သို့သော် ...

ဆုငွေကိုတော့ မက်မောခြင်းမရှိပါ။

ဂုဏ်ပကာသနကိုလည်း မမက်မောပါ။

အများအကျိုး၊ သိုင်းလောကအကျိုး ဆောင်ရွက်ဖို့ သိုင်းပညာသင်ကြားလေ့ကျင့်ထားခြင်း ဖြစ်သည်။ အထက်လမ်းသိုင်းလောကသားများက ချန်းချင်းအား ထို့ကြောင့် ချစ်ခင်နှစ်သက်ကြခြင်း ဖြစ်ပါသည်။ သိုင်းသမားတာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်နိုင်လျှင် ချန်းချင်းက ကျေနပ်နေသည်သာ ဖြစ်ပါသည်။



ရွှေ၊ ငွေ၊ ရတနာ၊ အရှိန်အဝါ၊ ဂုဏ်ပကာသနများထက် ခြင်းတစ်စီး၊ ဓားတစ်လက်ဖြင့် သိုင်းလောကထဲလှည့်လည်ကာ အများအကျိုး ဆောင်ရွက်နေရသည့်ဘဝကိုသာ ချန်းချင်း အမက်မောဆုံး ဖြစ်သည်။

ထိုသို့ ဆောင်ရွက်နေရလျှင် သူ၏ဘဝ ပြည့်စုံနေပြီဟု ခံယူထားသည်။

ချန်းချင်းသည် မန်းထုံအား နှုတ်ဆက်ပြီး မဟူရာတောအုပ်မှ ထွက်ခွာသွားတော့သည်။

သူ၏ခြေလှမ်းများမှာ သိုင်းလောကသို့ ဦးတည်နေလေတော့သည်။ သိုင်းလောကသည် အောက်လမ်းနှင့် အထက်လမ်း သိုင်းလောကဟူ၍ ကွဲပြားနေသည်။ အောက်လမ်းသိုင်းလောကသည် တိုင်းသူပြည်သားများအား ဒုက္ခပေးနေသည် မဟုတ်ပါလား။ ထိုသူများကို သူ ရှင်းလင်းရပေဦးမည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

# အချိန်မီ အုပ်မိသူ

သိုင်းလောကမှာ အပြောကျယ်လှသကဲ့သို့ ထူးခြားဆန်းပြား သော ကိစ္စများနှင့် ပြည့်နှက်နေသော လောကတစ်ခု ဖြစ်သည်။

ယခုတလော လူသိများသော ထင်ရှားသည့်ကိစ္စနှစ်ခု ဖြစ်ပေါ် လျက် ရှိသည်။ မည်သည့်ကိစ္စများပေနည်း။

တစ်ခုမှာ အများအကျိုး၊ သိုင်းလောကအကျိုး ဆောင်ရွက်ပေး သည့် မေတ္တာရှင်ဓားသမား ချန်းချင်း၏ ကောင်းသတင်းများ ပျံ့လွှင့် နေခြင်း ဖြစ်သည်။

နောက်ကိစ္စတစ်ခုကား မေတ္တာရှင်ဓားသမား ချန်းချင်းနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။

ထိုတစ်ခုမှာ သိုင်းလောက၌ အမုန်းဒေဝီဆိုသော အနက်ရောင် သိုင်းသမားဆိုးတစ်ယောက် ပေါ်ပေါက်လျက်ရှိခြင်းပင်တည်း။

အမုန်းဒေဝီနှင့် ဆုံတွေ့မိသူတိုင်း ရက်ရက်စက်စက် အသတ် ခံရလေ့ ရှိသည်။ သူ ဆိုးပုံရမ်းပုံမှာ ရာဇဝင်တင်လောက်သည်။



အများသူငါ မဆိုထားနှင့် ဝါရင့်သိုင်းသိုင်းသမားကြီးများပင် လျှင် အမုန်းဒေဝီဟူသော အမည်ကြားလျှင် ထိတ်လန့်တုန်လှုပ်သွား ရလောက်အောင် သတင်းကြီးနေခြင်း ဖြစ်သည်။

မေတ္တာရှင်ဓားသမား ချန်းချင်း၏ ကောင်းသတင်း ထင်ရှား ကျော်ကြားနေသလို အမုန်းဒေဝီ၏ မကောင်းသတင်းလည်း ကျော် ကြားနေပေတော့သည်။

✦ ✦ ✦

"ခွပ်ခွပ် ... ခွပ်ခွပ်"

"ခွပ်ခွပ် ... ခွပ်ခွပ်"

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေသည်။

ယောက်ျားပီသစွာ ချောမောခံ့ညားသော လုလင်တစ်ယောက် သည် မြင်းဖြူကြီးတစ်ကောင်ကို အသားကျစီးနင်းကာ တောလမ်း အတိုင်း ခရီးနှင်လာသည်။

အခြားသူ မဟုတ်ပါ။

မေတ္တာရှင်ဓားသမား ချန်းချင်း ဖြစ်ပါသည်။

တိန်ရောင်မြို့မှ သူဌေးကြီးယုံ၏ အမှုကိစ္စကို ဖြေရှင်းပြီး သိုင်းလောကသို့ ထွက်လာခဲ့ခြင်း ဖြစ်သည်။

ချန်းချင်း တောလမ်းအတိုင်း ခရီးနှင်လာခဲ့ရာမှ တစ်နေရာ သို့ အရောက်တွင် ...

"အား ..."

"အမယ်လေး ..."

www.burmeseclassic.com

www.burmeseclassic.com



"သေပါပြီဗျ ..."

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရတော့သည်။

"ဟင် ..."

ချန်းချင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

လူနေအိမ်ခြေ ကျဲပါးသော တော်လမ်းတစ်နေရာ၌ ထိုကဲ့သို့ အော်ဟစ်သံများ ထွက်ပေါ်လာသည်မှာ ကောင်းသောလက္ခဏာ မဟုတ်ကြောင်း နားလည်လိုက်လေသည်။

"တစ်ယောက်ယောက်တော့ ဒုက္ခရောက်နေပြီ"

သူတစ်ပါးအကျိုး ကူညီသယ်ပိုးလိုသော အထက်လမ်းသိုင်းသမား သွေးများ ဆူဝေလာသည်။

ဒုက္ခရောက်နေသူ တစ်စုံတစ်ယောက် ရှိနေပါလျှင် ကူညီမည်သာ ဖြစ်ပါသည်။

ချန်းချင်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ မြင်းပေါ်မှ ခုန်ထွက်လိုက်သည်။

"ဟူး ..."

သူ၏ခန္ဓာကိုယ်မှာ လေထဲသို့ ထိုးတက်သွားပြီး လမ်းဘေးရှိ သစ်ပင်တစ်ပင်ပေါ်သို့ ရောက်ရှိသွားသည်။

ထို့နောက် သစ်ပင်တစ်ပင်မှတစ်ပင်၊ သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းကူးကာ အော်ဟစ်သံထွက်ပေါ်လာဆီသို့ အလျင်အမြန် သွားလိုက်လေသည်။ သူ၏ ကိုယ်ဖော့ပညာ ကောင်းလှသဖြင့် သစ်ကိုင်းတစ်ကိုင်းမှတစ်ကိုင်း ကူးသွားနိုင်သည်။



မကြာမီ တောအုပ်ထဲ၌ အိမ်ကလေးတစ်လုံး ရှိနေသည်ကို တွေ့မြင်လိုက်ရသည်။

အော်ဟစ်သံများသည် ထိုအိမ်ကလေးမှ ထွက်ပေါ်လာခြင်းသာ ဖြစ်ရမည်။

ချန်းချင်းသည် လေထဲကျွမ်းပစ်ကာ ယင်းအိမ်ကလေးရှေ့ မြေကွက်လပ်သို့ ညင်သာပေါ့ပါးစွာ ကျရောက်သွားသည်။

အော်ဟစ်သံများ တိတ်ဆိတ်ကွယ်ပျောက်သွားပြီ ဖြစ်သည်။ အိမ်ကလေး၌လည်း လှုပ်ရှားမှုကင်းမဲ့နေပြီး လူရိပ်လူယောင်လည်း မတွေ့ရပါ။ လုံးဝ တိတ်ဆိတ် ငြိမ်သက်သွားသည်။

အိမ်တံခါးမကြီးနှင့် ပြတင်းတံခါးများ ဖွင့်ထားသည်။ နေထိုင်သူများရှိခဲ့ကြောင်း ချန်းချင်း ဆင်ခြင်မိသည်။

ထို့ကြောင့် အိမ်ထဲဝင်ပြီး အခြေအနေကို အကဲခတ်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

အိမ်ကလေးဆီသို့ လှမ်းသွားစဉ်မှာပင် လေထဲ၌ သွေးညှီနံများ ရှူရှိုက်လိုက်မိလေသည်။ သူသည် အနံ့ခံလည်း ကောင်းသည်။ ချန်းချင်း ပို၍သွက်လက်လာပြီး အိမ်တံခါးမကြီးရှေ့သို့ ရိပ်ခနဲ ရောက်သွားတော့သည်။

တံခါးဝရှေ့သို့ ရောက်သည်နှင့် အိမ်ထဲမှ အရုပ်ဆိုးအကျဉ်းအနံ့သော မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရလေတော့သည်။

သွေးအိုင်ထဲ လဲကျသေဆုံးနေသူများ ရှိနေကြခြင်းပင်။

ဤအိမ်ကလေး၌ နေထိုင်သူများပင် ဖြစ်ရပေမည်။ သူတို့အား ထိုသူက ရက်ရက်စက်စက် သတ်ဖြတ်သွားခဲ့ပါသနည်း။ ဤသည်မှာ စဉ်းစားရမည့် အချက်ပင်။

www.burmeseclassic.com

ချန်းချင်းသည် ကိုယ်နှင့်မဆိုင်ဟု သဘောမထားတော့ဘဲ သူ၏ ခံယူချက်အတိုင်း အဖြစ်မှန်ပေါ်ပေါက်သည်အထိ ပါဝင်ပတ်သက်ကာ စုံစမ်းဖော်ထုတ်သွားရန် ဆုံးဖြတ်လိုက်သည်။

လူသတ်သမားအကြောင်းကို သိလိုလျှင် အသတ်ခံရသူများ၏ အကြောင်းကို သိနေမှ ဖြစ်ပေမည်။ ကျားငယ်များကို ဖမ်းလိုလျှင် သားရဲတွင်းဆီသို့ သွားရမည် မဟုတ်ပါလား။

“သည်လူတွေဟာ တောထဲတောင်ထဲမှာ ဘာကြောင့်လာပြီး နေထိုင်ကြတာလဲ”

“ဘယ်သူတွေများလဲ”

သေဆုံးနေသူများအား စစ်ဆေးကြည့်ရန် ဟန်ပြင်လိုက်စဉ်မှာပင် အမှောင်ရိပ်ကျနေသော အခန်းထောင့်တစ်နေရာမှ လှုပ်ရှားမှု တစ်ခု ဖြစ်ပေါ်လာသည်ကို တွေ့လိုက်ရတော့သည်။

ချန်းချင်း ဖျပ်ခနဲ ကြည့်လိုက်လျှင် လှစ်ခနဲပြေးသွားသော လူရိပ်တစ်ခုကို တွေ့လိုက်ရသည်။

လူရိပ်သည် အိမ်အနောက်ဖက်သို့ထွက်သည့် အပေါက်ဆီသို့ ပြေးသွားခြင်း ဖြစ်သော်လည်း လိုရာသို့မရောက်ဘဲ ကြမ်းပြင်ပေါ် ဝုန်းခနဲ လဲကျသွားလေသည်။

ကြမ်းပြင်အနှံ့ ပေကျံနေသော သွေးကွက်များကို တက်နင်းမိကာ ခြေချော်ကျသွားခြင်း ဖြစ်သည်။

ကံကြမ္မာ ဖန်လာခြင်းပင်။

ကံတရားက ဤအတိုင်း စီရင်ချက်ချထားသည်။

လွတ်မြောက်နိုင်သူမှန်လျှင်လည်း မည်သူမျှ တားနိုင်မည် မဟုတ်။



“ဘယ်သူလဲ”

ချန်းချင်းလည်း ထိုလူအနီးသို့ ချက်ချင်း ရောက်ရှိသွားသည်။ ဆံပင်ဖားလျားချထားသော အမျိုးသမီးတစ်ယောက် ဖြစ်သည်။ သူမ၏တစ်ကိုယ်လုံး သွေးများပေကျံနေသည်။

သူမ၏ ရင်ခွင်ထဲတွင် တစ်စုံတစ်ခု ပိုက်ထားသည်။

ခြေချော်လဲကျသွားသည့်တိုင်အောင် ရင်ခွင်ထဲ မွေ့ပိုက်ထားသော အရာဝတ္ထု လွတ်ကျမသွားရလေအောင် တင်းတင်းကြပ်ကြပ် ပွေ့ဖက်ထားသည်။

ချန်းချင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

“မင်း … မင်း …”

အမျိုးသမီး လဲကျနေရာမှ လူးလိမ့်ထလိုက်သည်။

ချန်းချင်းက လမ်းပိတ်ထားသလို ရှိနေသဖြင့် ထွက်ပြေးမသွားနိုင်တော့ပါ။

ချန်းချင်းအား ကြောက်ရွံ့ကာ နောက်ဆုတ်သွားရင်း အခန်းထောင့်သို့ ပြန်လည်ရောက်ရှိသွားလေတော့သည်။

ချန်းချင်းက မေးလိုက်လေသည်။

ဒေါသသံမပါ။ အခြေအနေကို သိလို၍ မေးမြန်းခြင်းဖြစ်သည်။

“မင်း ဘယ်သူလဲ၊ သည်နေရာမှာ ဘာတွေဖြစ်ခဲ့တာလဲ၊ ပြောပါဦး”

အမျိုးသမီးသည် မျက်လုံးပြူးကြီးဖြင့် ပြန်ကြည့်နေပြီး ဘာမှ မပြောချေ။

အဖြစ်ဆိုးတစ်ခုနှင့် ကြုံတွေ့ခဲ့ရပြီး အလွန်ကြောက်ရွံ့ထိတ်လန့်နေသည့်အသွင်မျိုး ဖြစ်သည်။

www.burmeseclassic.com



ချန်းချင်းက အားပေးနှစ်သိမ့်လိုက်သည်။

"ကျွန်ုပ်ကို မကြောက်ပါနဲ့၊ ကျုပ် ဘာမှမလုပ်ပါဘူး၊ သည်နေရာမှာ ဘာတွေဖြစ်ပျက်ခဲ့သလဲဆိုတာ ပြောပြပါ၊ ကျုပ် မင်းကို ကူညီပါ့မယ်"

အမျိုးသမီးက တုံ့ပြန်ပြောဆိုခြင်း လုံးဝ မရှိပါ။

ကြောက်ရွံ့သည့်အလား အခန်းထောင့်သို့ ပို၍ တိုးဝင်သွားပြီး အခန်းနံရံနှင့်ကျောကပ်ကာ ကြုံကြုံလေး ရှိနေလေတော့သည်။

ချန်းချင်း အခက်ကြုံသွားသည်။

"ညီမ ဘာမှမကြောက်နဲ့နော်၊ ကျုပ် ဘာမှမလုပ်ပါဘူး ညီမ ကို ကူညီမှာပါ၊ ညီမ ဘာမှမဖြစ်ဘူး မဟုတ်လား သူတို့ကကော ညီမနဲ့ ဘယ်လိုပတ်သက်နေသလဲ"

အမျိုးသမီး၏ တစ်ကိုယ်လုံး သွေးများပေကျံနေသော်လည်း သွေးအိုင်ထဲ လဲကျခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ သူမ ထိခိုက်ဒဏ်ရာ ရထားခြင်းမရှိကြောင်း ချန်းချင်း သိထားသည်။

ကြမ်းပြင်ပေါ် လဲကျသေဆုံးသူများအား ညွှန်ပြပြီး အကျိုးအကြောင်း မေးလိုက်သည်။

အမျိုးသမီးက ယခုတိုင် စကားပြန်ပြောသေးပါ။

သူမ မျက်လုံးပြူး၍ကြည့်နေပုံမှာ အလွန်ထူးခြားနေသည်ဟုပင် ချန်းချင်း ထင်မှတ်လာလေတော့သည်။ ဤအမျိုးသမီး စိတ်ကောင်းသေးရဲ့လားဟု ချန်းချင်းတွေးမိသည်။

ထိုစဉ် ...

"ဟီး ... ဟီး ... ဟီး"



အပြင်ဘက်မှ မြင်းဟီသံများ ထွက်ပေါ်လာသည်။

သူ၏ မြင်းဖြူကြီး ရောက်လာခြင်းဖြစ်ကြောင်း ချန်းချင်း သိလိုက်သည်။

အလွန်လိမ္မာသည့် မြင်းတစ်ကောင်ဖြစ်ရာ သခင်ထွက်သွားရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်လာခြင်း ဖြစ်သည်။

မြင်းဖြူကြီး အိမ်ရှေ့သို့ ရောက်ရှိလာလျှင် အမျိုးသမီး ပို၍ပြီး လှုပ်ရှားရှား ဖြစ်လာလေသည်။

ချန်းချင်းက ...

"ညီမ ... သည်မှာ ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ ပြောပြပါ၊ ကျုပ် ကူညီပါရစေ"

လေသံကို အတတ်နိုင်ဆုံး ချိုသာအောင်ထားပြီး ချော့မော့ မေးမြန်းလိုက်သည်။

အမျိုးသမီးလည်း ပထမဆုံးအကြိမ် တုံ့ပြန်လာသည်။

အနောက်ဘက် ထွက်ပေါက်ဆီသို့ လက်ညှိုးထိုးပြလိုက်ခြင်း ဖြစ်ပါသည်။

ချန်းချင်း ဝမ်းသာသွားသည်။

လူသတ်သမားမှာ အနောက်ဘက်ထွက်ပေါက်မှ ထွက်ပြေးသွားခြင်းဖြစ်ရမည်ဟု ယုံကြည်လိုက်သည်။

ချက်ချင်း ပြေးသွားလိုက်မိသည်။

အနောက်ဘက်ထွက်ပေါက်မှ အပြင်ဘက်သို့ ထွက်မိလျှင် သစ်ပင်ချုံနွယ်များကိုသာ တွေ့လိုက်ရသည်။

လေဝှေ့ယမ်း တိုက်ခတ်နေသဖြင့် သစ်ပင်ချုံနွယ်များ ယိမ်းနွဲ့လှုပ်ရှားနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူသတ်သမား ထွက်ပြေးလွတ်မြောက်သွားပြီလော။ သို့မဟုတ် သစ်ပင်ချုံနွယ်များကြား၌ ပုန်းအောင်းနေသည်လော။

ဘာမဆိုဖြစ်နိုင်၍ အန္တရာယ်ပေါ်ပေါက်လာပါက ရင်ဆိုင်တိုက်ခိုက်ရန် ချန်းချင်း အသင့်ပြင်ဆင်ထားလိုက်မိသည်။

သို့သော် အတန်ကြာသည့်တိုင် လူသူတစ်ဦးတစ်ယောက်မျှ မတွေ့ရသကဲ့သို့ ချောင်းမြောင်းတိုက်ခိုက်ခံရခြင်းလည်း မရှိခဲ့ပေ။

ချန်းချင်း သက်ပြင်းချလိုက်မိလေသည်။

လူသတ်သမား ထွက်ပြေးလွတ်မြောက်သွားပြီဟုလည်း ယုံကြည်လိုက်တော့သည်။

"ဟိုအမျိုးသမီး အကြောက်ပြေသွားပြီး စကားကောင်းကောင်း ပြောလာနိုင်မှပဲ လူသတ်သမားအကြောင်း မေးကြည့်ရတော့မှာပဲ"

ထိုစဉ် ...

"ဟီး ... ဟီး"

"ခွပ်ခွပ် ... ခွပ်ခွပ်"

အိမ်ရှေ့မှ မြင်းဖြူကြီး၏ဟီသံ၊ ခုန်းစိုင်းပြေးသွားသည့် မြင်းခွာသံများကို ကြားလိုက်ရလေသည်။

"ဟာ ..."

ချန်းချင်း ထိတ်လန့်သွားသည်။

ကပျာကယာ အိမ်ရှေ့သို့ ပြေးသွားလိုက်လေသည်။

မြင်းဖြူကြီး မရှိတော့ပါ။

သွေးအလူးလူးပေကျံနေသော အမျိုးသမီးသည် မြင်းဖြူကြီးအား ခုန်းစိုင်းနှင်ကာ ထွက်ပြေးသွားပြီ ဖြစ်ပါသည်။



"ဘယ်လိုဖြစ်တာလဲ၊ သူ ဘာကြောင့် ထွက်ပြေးသွားတာလဲ"

ထိုအမျိုးသမီးနှင့် ပတ်သက်ပြီး ချန်းချင်း ဘာမှ နားမလည်နိုင်တော့ပါ။

အမျိုးသမီးက စကားပြန်မပြောခဲ့သဖြင့် စကားမပြောတတ်သူ ဖြစ်နေသည်လော ...

သူမက ကြောက်ရွံ့လွန်းသဖြင့် စကားမပြောနိုင်အောင် ဖြစ်သွားရခြင်းလော ...

အမျိုးသမီးအကြောင်းတွေးရင်း ဦးခေါင်းထဲ မူးနောက်လာတော့သည်။

"ဘာပဲဖြစ်ဖြစ် အဖြန်မှန်ပေါ်ပေါက်လာအောင် ကြိုးစားသွားရမှာပဲ"

ချန်းချင်းက နောက်မဆုတ်တော့ပါ။

အစရှိပြီဖြစ်၍ အဆုံးသတ်နိုင်သည်အထိ ကြိုးစားသွားရတော့မည် ဖြစ်ပါသည်။

ထို့အပြင် ဤနေရာ၌ ဆက်မနေသင့်တော့ဘဲ အမြန်ဆုံး ထွက်သွားရမည်ဖြစ်ကြောင်းလည်း နားလည်ထားပေတော့သည်။

✦ ✦ ✦

နောက်တစ်နေ့နံနက် ...

တစ်ညလုံး တောလမ်းအတိုင်း ခြေလျင်ခရီးနှင်လာခဲ့သည်။

ချန်းချင်းမှာ မောပန်းနွမ်းနယ်နေပြီ ဖြစ်ပါသည်။

အမှန်တော့ သွားရိုးသွားစဉ် လမ်းအတိုင်းမသွားဘဲ သဘာဝ

www.burmeseclassic.com

www.burmeseclassic.com



အလှအပများကြည့်ရှုရန် တောလမ်းခရီးမှ ဖြတ်လာခဲ့မိခြင်းကြောင့် မမျှော်လင့်သောပြဿနာနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်ပါသည်။ ချန်းချင်း အဖို့ ကိုယ့်ကိုယ်ကို အပြစ်တင်ဖို့သာ ရှိတော့သည်။

တောလမ်းခရီးမှာ အေးမြနေပါသည်။

ရေစီးသံများ ကြားရသဖြင့် ချန်းချင်း ဝမ်းသာသွားသည်။

ရေစီးသံ ထွက်ပေါ်လာရာဆီသို့ ဦးတည်လှမ်းသွားရင်း တောင်ကုန်းလေးတစ်ခုသို့ ရောက်သွားသည်။

ချန်းချင်းက တောင်ကုန်းလေးပေါ်သို့ တက်လာခဲ့သည်။

တောင်ကုန်းလေးပေါ်မှကြည့်လျှင် သာယာလှပသော ဝန်းကျင်ကို အပေါ်စီးမှ တွေ့မြင်ရလေသည်။ သစ်ပင်ပန်းပင်များက အရုပ်လေးများနှာ ပေါက်ရောက်နေကြသည်။ စိမ်းလန်းစိုပြေနေသည်။

ကျေးငှက်သာရကာလေးများလည်း သီကျူးသံက အသံမျိုးစုံဖြင့် နားဝင်ပီယံ ရှိလှသည်။

တောင်ကုန်းလေးတစ်ဘက်၌ စမ်းချောင်းလေးတစ်ခု ရစ်ချေစီးဆင်းနေသည်ကို တွေ့ရသည်။

မိုးကောင်းကင်ကြီးမှာလည်း ကြည်ပြာရောင်သန်းနေပြီး တိမ်ဖြူကလေးများနှင့်အတူ လွင့်မျောနေကြသည်။

အလွန်လှပသော သဘာဝရှုခင်းကြီး ဖြစ်ပါသည်။

ချန်းချင်းသည် သာယာလှပသော သဘာဝအလှအပများကို ငေးမောကြည့်ရှုနေရာမှ စမ်းချောင်းလေးတစ်ဖက်တွင် အဆောက်အအုံတစ်ခု၏ ပုံသဏ္ဌာန်ကို တွေ့မြင်လိုက်ရတော့သည်။

ချန်းချင်းမှာ ပင်ပန်းနွမ်းနယ်နေသကဲ့သို့ ချွေးသံရွှဲရွှဲဖြင့် စိတ်



ဒိုက်နေရကား စမ်းချောင်းလေးဆီသို့ အရောက်သွားလိုစိတ်က လှမ်းမိုးလာသည်။

ထို့ကြောင့် ...

တောင်ကုန်းလေးပေါ်မှဆင်းကာ စမ်းချောင်းလေးဆီသို့ သွားလိုက်တော့သည်။

စမ်းရေမှာ ကြည်လင်အေးမြကာ တသွင်သွင်စီးဆင်းနေသည်။ မျက်နှာသစ်၊ ရေလက်ဆေးကြော သန့်စင်လိုက်တော့မှ ချန်းချင်း ဆန်းလန်းဆန်းဆန်း ဖြစ်လာတော့သည်။

အေးမြလတ်ဆတ်သော နံနက်ခင်းလေပြေကို ရှူရှိုက်လိုက်ပြီး ဆက် ဆောင်ရွက်ရမည့်ကိစ္စများကို စဉ်းစားလိုက်သည်။

အချိန်တိုင်းတွင် အများအကျိုး ဆောင်ရွက်နေသူ ဖြစ်သည့် လျှောက် ကိုယ်ရေးကိုယ်တာလည်း လုပ်ဆောင်စရာ မယ်မယ်ရရ ရှိပါ။ ကိုယ်ရေးကိုယ်တာများကိုလည်း စိတ်ထဲတွင် ထည့်မထားပါ။ ခြားသော အမျိုးသမီးကိစ္စသာလျှင် သူ့အတွေးထဲတွင် ရှိနေသည်။

"သည်ကိစ္စကိုပဲ ဦးစားပေးပြီး ဆောင်ရွက်သွားတော့မယ်"

ချန်းချင်းက အမျိုးသမီးအားလိုက်ရှာရန် ဆုံးဖြတ်လိုက်သည်။ ဆက်တည်းမှာပင် တောင်ကုန်းလေးပေါ်မှ တွေ့မြင်ခဲ့ရသည့် ဆောက်အဦးသဏ္ဌာန်ကို မြင်ယောင်မိသည်။

"ငါ လာခဲ့တဲ့လမ်းတစ်လျှောက်မှာ လူနေအိမ်ခြေ မတွေ့ခဲ့ ဟိုအမျိုးသမီး ထွက်ပြေးသွားပေမယ့် သူလည်း တောထဲတောင် မှာ ရှိနေနိုင်တာပဲ"

ချန်းချင်းက စမ်းချောင်းလေးတစ်ဖက်သို့ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ချုံပင်များကြားမှ ကွေ့ပတ်ကာ လျှောက်လာခဲ့ရင်း တစ်နေရာသို့ ရောက်ရှိလာသည်။

"ဟီး ... ဟီး ... ဟီး"

မြင်းဟီသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ချန်းချင်း ထခုန်လိုက်သည်။

"ငါ့ရဲ့မြင်းဖြူကြီး ဟီသံပဲ"

မြင်းဖြူကြီးဟီသံကို သူကောင်းစွာ မှတ်မိထားသည်။ ချန်းချင်း တုံ့ဆိုင်းမနေတော့ဘဲ ကိုယ်ဖော့ပညာအသုံးပြုကာ တစ်ဟုန်ထိုး ပြေးသွားလိုက်သည်။

မကြာမီ မြက်ရိုင်းပင်များရှိနေသော မြေကွက်လပ်တစ်ခုနှင့် အဆောက်အဦးပျက်ကြီးတစ်ခု ရှိနေသည်ကို တွေ့ရသည်။

အဆောက်အဦးပျက်ကြီးရှေ့၌ သူ၏ မြင်းဖြူကြီးရှိနေသည်ကို တွေ့ရလျှင် ချန်းချင်း ဖော်မပြနိုင်အောင် ဝမ်းသာသွားတော့သည်။

သူ၏မြင်းဖြူကြီးကို ပြန်ရလိုက်သည့်အပြင် ထွက်ပြေးသွားသော အမျိုးသမီးကိုလည်း တွေ့ရနိုင်သည် မဟုတ်ပါလား။

ချန်းချင်းသည် အဆောက်အဦးပျက်ကြီးရှေ့သို့ ရောက်ရှိသွားပြီး စုပ်သပ်ကာ မြင်းဖြူကြီး ငြိမ်သက်သွားအောင် ပြုလုပ်လိုက်သည်။

မြင်းဖြူကြီး ငြိမ်သက်သွားသည်နှင့် အဆောက်အဦးပျက်ကြီး အတွင်းသို့ တစ်လှမ်းချင်း ဝင်သွားတော့သည်။

သူ မျှော်လင့်ထားသည့်အတိုင်းပင် အတွင်းဘက်၌ ထူးဆန်းသော အမျိုးသမီး ရှိနေသည်ကို တွေ့လိုက်ရသည်။

အမျိုးသမီးမှာ ထွက်ပြေးသွားခဲ့သော်လည်း ဝေးဝေးပြေးနိုင်



ခရပါ။ မြင်းနှင့် ခရီးသွားရသဖြင့် ပို၍ တပန်းသာ၏။ သို့သော် ဘားစရာမြေလည်း ရှိပုံမရပါ။

ညက အဆောက်အဦးပျက်ကြီး၌ ဝင်ရောက်အနားယူကာ အိပ်စက်ခဲ့ခြင်း ဖြစ်ပုံရသည်။

မြင်းဟီသံကြောင့် အိပ်ရာမှနိုးလာပုံရှိသည်။ သူမ လူးလိမ့်ထလိုက်ချိန်တွင် ချန်းချင်း ရောက်လာသည်နှင့် အံကိုက်ဖြစ်သွားခြင်းကြောင့် သူမ ထွက်မပြေးနိုင်ပါတော့ချေ။

"ရှင် ... ရှင်"

ချန်းချင်းက ဤနေရာအထိ လိုက်လာနိုင်သည်ကိုလည်း မယုံနိုင်ဟန် ရှိနေသည်။ ထို့ကြောင့် အံသြနေပုံ ရသည်။

ချင်းချင်း ပြုံးလိုက်သည်။

"မင်း စကားပြောတတ်သေးတာကိုး"

အမျိုးသမီး ချက်ချင်း ပါးစပ်ပိတ်သွားလေတော့သည်။

ချန်းချင်းက ...

"ကဲ ... ပြောစမ်းပါဦး၊ မင်း ဘာကြောင့်ထွက်ပြေးရတာလဲ"

အမျိုးသမီး မျက်နှာလွှဲထားလိုက်သည်။

ထူးခြားသည်မှာ သူမ၏ အဝတ်အစားများ၌ သွေးများပေကျံနေခြင်းမရှိဘဲ သန့်သန့်ရှင်းရှင်း ဖြစ်နေခြင်းပင်။

စမ်းချောင်းကလေး၌ သန့်ရှင်းစင်ကြယ်အောင် ဆေးကြောခဲ့ကြောင်း ချန်းချင်း တွက်မိလိုက်သည်။

ထို့အပြင် ဆံပင်များလည်း သေသေသပ်သပ်ချည်နှောင်ထားရာ အံ့သြစရာကောင်းအောင် ချောမောလှပသော အမျိုးသမီးတစ်ယောက် ဖြစ်နေသည်ကို တွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ သွေးအလူးလူး ပေကျံနေစဉ်က အရူးမတစ်ယောက်နှင့် တူနေပြီး ယခုတော့ နတ်သမီးတစ်ပါးနှင့် တူနေလေတော့သည်။ အဖြူနှင့်အမဲ၊ ဆီနှင့်ရေတို့ကဲ့သို့တည်း။

ချန်းချင်းသည် အမျိုးသမီး၏ရုပ်ရည်ကို သေသေချာချာ တွေ့လိုက်ရသောအခါ မှင်တက်မိကာ ငေးမောသွားလေတော့သည်။

သူ၏ ဘဝတစ်သက်တာတွင် ချောမောလှပသော အမျိုးသမီးပေါင်းများစွာ တွေ့မြင်ခဲ့ဖူးပါသည်။

ယခု သူ့ရှေ့မှောက်၌ရှိနေသော အမျိုးသမီးလောက် မည်သူကမှ စိတ်လှုပ်ရှားအောင် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပါ။

ချန်းချင်း ငေးစိုက်ကြည့်နေမိသဖြင့် အမျိုးသမီး၏မျက်နှာ နီရဲသွားကာ ခေါင်းငုံ့ထားလိုက်မိသည်။

ချန်းချင်း သတိဝင်လာလေသည်။

သူ့အား အထင်လွဲသွားမည်ကိုလည်း စိုးရိမ်သွားသည်။ ရင်ကော့ပြီး တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်သည်။

"ကျုပ်နာမည် ချန်းချင်းလို့ ခေါ်ပါတယ်၊ မေတ္တာရှင်သိုင်းသမား ချန်းချင်းဆိုရင် လူတိုင်းသိကြပါတယ်၊ ကျုပ်ဟာ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘဲ ဒုက္ခရောက်နေတဲ့လူတွေကိုသာ အစွမ်းကုန် ကြိုးစားကူညီနေတဲ့ လူတစ်ယောက်ဆိုတာကို စုံစမ်းကြည့်လို့ ရပါတယ်"

အမျိုးသမီးက ရုတ်တရက် ခေါင်းမော့ကာ ချန်းချင်းအား ဖျတ်ခနဲ ကြည့်သည်။

သူမထံမှ တီးတိုးသက်ပြင်းချသံလည်း ကြားရသည်။

ချန်းချင်းက ထပ်မံပြောဆိုလေသည်။



"ကဲ ... ခင်ဗျား ဘယ်လိုအဖြစ်မျိုးနဲ့ ကြုံတွေ့ခဲ့ရတယ်ဆိုတာ ကျုပ်ကို ပြောနိုင်မလား၊ ကျုပ် ကူညီပါရစေ"

အမျိုးသမီး တစ်စုံတစ်ခု ပြောလိုဟန်ဖြင့် နှုတ်ခမ်းတလှုပ်လှုပ်ဖြစ်လာသည်။

သို့သော် စကားသံကား ထွက်မလာပါချေ။

ချန်းချင်းက ...

"ပြောစရာရှိတာ ပြောပါ၊ အခုချိန်မှာ ကျုပ်ကို ယုံကြည်စိတ်ချထားတာ မင်းအတွက် အကောင်းဆုံးဖြစ်ပါလိမ့်မယ်"

အမျိုးသမီး၏ အမူအရာ ပြောင်းလဲသွားသည်။

သူမ၏ မျက်လုံးများ အေးစက်သွားသည်။

ခက်ထန်ကြမ်းကြုတ်သော အသွင်သဏ္ဌာန် ဖြစ်ပေါ်လာသည်။

ရုတ်တရက် သူမ ခုန်ထလိုက်သည်။

ချန်းချင်း ကြောင်အမ်းအမ်း ဖြစ်သွားစဉ် အပြင်ဘက်မှ စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

# လမ်းပေါ်က တိုက်ပွဲ

အဆောက်အဦးပျက်ရှေ့မှ အသံများ လွှံထွက်လာသည်။

"သည်မှာ အိမ်တစ်လုံး၊ မြင်းတစ်ကောင် ရှိနေတယ်"

"အထဲမှာ ဝင်ပုန်းနေတာပဲ ဖြစ်မယ်"

"မြန်မြန်လာကြဟေ့ ..."

"သူတို့ မပြေးနိုင်ပါဘူးကွာ"

အပြင်ဘက်မှ စကားသံများကို ချန်းချင်း အတိုင်းသား ကြား လိုက်ရသည်။

စကားသံအဆုံးတွင် လူသုံးယောက် ပြေးဝင်လာသည်။

မည်သူမည်ဝါများမှန်း မသိ၍ ချန်းချင်း အကဲခတ်ကြည့်နေ မှာပင် အမျိုးသမီးက လှုပ်ရှားလိုက်သည်။

အဆောက်အဦးပျက်ထဲမှ သစ်သားအပိုင်းအစတစ်ခု ကောက် ယူကာ ပစ်ပေါက်လိုက်ခြင်း ဖြစ်သည်။

"ဒိုး ..."



ရုတ်တရက် တိုက်ခိုက်ခံလိုက်ရသဖြင့် ဝင်လာသူသုံးယောက် ဖရိုဖရဲ ဖြစ်သွားကြသည်။

"သဲတိထားဟေ့ ..."

အချင်းချင်း သတိပေးကာ ကပျာကယာ ရှောင်တိမ်းလိုက် ကြသည်။

"မင်း ပြေးလို့ မလွတ်တော့ဘူး"

"သေဖို့ ပြင်ထားပေတော့"

အမျိုးသမီးအား အော်ငေါက်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက် ကြသည်။

ချန်းချင်းက အမျိုးသမီးနှင့် ပတ်သက်လျှင် သူ့တွင် တာဝန် ရှိသည်ဟု ခံယူထားသည်။ အမျိုးသမီး သွေးအိုင်ထဲလဲကျစဉ်ကပင် တစ်ခုခု အမျိုးသမီး ခံစားရသည်ဟု သူထင်ထား၍ ဖြစ်သည်။

"ရပ်လိုက် ..."

အမျိုးသမီးရှေ့တွင် အကာအကွယ်ပြုထားလိုက်သည်။

အမျိုးသမီးသည် ချန်းချင်း ကာကွယ်ပေးထားသည်ကို အခွင့် ကောင်းယူကာ နောက်ဆုတ်သွားသည်။

ထိုလူသုံးယောက်မှာ ချန်းချင်း ဖြေရှင်းပေးသည်အထိ စောင့် နေဘဲ ဝိုင်းဝန်း တိုက်ခိုက်လိုက်ကြလေတော့သည်။

"သေချင်ပြီ ထင်တယ်"

"ဖက်ကောင်းလို့ ဓားတောင်းတာလားကွ"

"ချကွာ ..."

ဓားများကို အသုံးပြုလာကြသဖြင့် ချန်းချင်း အခက်ကြုံသွား လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် တိုက်ခိုက်ချင်ကြတာလဲ"

မည်သို့မျှ ပြောမရသည့်နောက်ဆုံး ပြန်လည်ခုခံ တိုက်ခိုက်လိုက်ရသည်။

တိုက်ပွဲဖြစ်နေစဉ် အမျိုးသမီးလည်း ထွက်ပြေးသွားလေသည်။

သုံးယောက်တစ်ယောက် အကြမ်းပတမ်း တိုက်ခိုက်သောတိုက်ပွဲကြီး။

သို့သော် မကြာမီပင် တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်ပါသည်။

ထိုလူသုံးယောက် ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြသည့်တိုင်အောင် ချန်းချင်းအား အနိုင်မယူနိုင်သည့်အပြင် အရေးနိမ့်သွားခဲ့ကြသည်။

ချန်းချင်း၏ သိုင်းပညာ မခေမွန်းသိလျှင် ဆက်၍ ရင်မဆိုင်ဝံ့ကြတော့ဘဲ ထွက်ပြေးတိမ်းရှောင်သွားကြတော့သည်။

ချန်းချင်း စိတ်ပျက်သွားသည်။

"သူတို့ ဘယ်သူတွေများလဲ၊ ဘာကြောင့် ရန်ပြုချင်ရတာလဲ"

မည်သို့ဆိုစေ အမျိုးသမီးနှင့် ပတ်သက်နိုင်ကြသူများ ရှိနေကြောင်း သိလိုက်ရပြီ ဖြစ်ပါသည်။

အခြေအနေ ပို၍ ရှုပ်ထွေးလာသော်လည်း ချန်းချင်း သဘောကျနေသည်။

သူ အတွေးတစ်မျိုး ပေါက်နေသည်။ သူက အဖြစ်အပျက်ကို သိချင်နေသည်။

ဤအရေးအခင်းတွင် ပါဝင်သူအားလုံးသည် အကြောင်းရင်းကို သိချင်နေကြရမည် မဟုတ်ပါလား။

အမျိုးသမီးအား ဘာမျှ မေး၍မရမည့်အတူတူ ရန်ပြုလာသူများအား အဘယ့်ကြောင့် ရန်ပြုရသည်ကို စုံစမ်းမေးမြန်းနိုင်မည် မဟုတ်ပါလား။



အမျိုးသမီး၏ ပြဿနာအကြောင်းရင်းကို မကြာမီ ဖော်ထုတ်နိုင်မည်ဟု ယုံကြည်သဖြင့် ကျေနပ်နေမိခြင်း ဖြစ်သည်။

သူသည် ကိုယ့်အရေးထက် သူတစ်ပါးအရေးကို စိတ်ဝင်စားသူ မဟုတ်ပါလား။

ချန်းချင်းသည် အဆောက်အဦးပျက် အပြင်ဘက်ထွက်ကာ ဟိုဟိုသည်သည် ကြည့်လိုက်သည်။

ရန်ရှာခဲ့သူ သုံးယောက် ထွက်ပြေးသွားကြပြီး အရိပ်အယောင်ပင် မတွေ့ရတော့ချေ။

"ဟီး … ဟီး … ဟီး"

မြင်းဖြူကြီးသည် ချန်းချင်းကို တွေ့သဖြင့် ဟီသံပေးကာ နှုတ်ဆက်လိုက်သည်။

"အမျိုးသမီး သည်တစ်ခါ မြင်းယူမသွားလို့ တော်သေးတာပေါ့၊ သည်တစ်ခါ ခြေလျင်လျှောက်ရရင်တော့ မလွယ်ဘူး"

ချန်းချင်း တွေးတောနေစဉ် မြက်ရိုင်းပင်များ လှုပ်ယမ်းသွားပြီး လူတစ်ယောက် တိုးထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ထူးဆန်းသော အမျိုးသမီးပင် ဖြစ်နေပါသည်။

အမျိုးသမီး ထွက်မပြေးပါ။ သူမသည် ချန်းချင်းရှိရာသို့ လျှောက်လာနေသည်။

ချန်းချင်းက စိတ်ဝင်စားစွာ ပြောလိုက်မိသည်။

"ခင်ဗျား မပြေးသေးဘဲကိုး"

အမျိုးသမီးက ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မပြောနိုင်တော့ပါဘူးရှင်"

"ဘာဖြစ်လို့လဲဗျ"

"သူတို့က ကျွန်မကို သတ်ပစ်မလို့ သဲကြီးမဲကြီး ကြိုးစားနေကြတာ ရှင်တွေ့တယ် မဟုတ်လား၊ ကျွန်မ ဘယ်လိုပြေးပြေး လွတ်မြောက်နိုင်တော့မှာမှ မဟုတ်တာရှင်"

အမျိုးသမီး၏ စကားကြောင့် ချန်းချင်းမှာ စိတ်မကောင်းဖြစ်သွားသည်။ သူသည် စိတ်ကောင်းရှိသူ မဟုတ်ပါလား။

"သူတို့က ဘာကြောင့်များ သဲကြီးမဲကြီး ဖြစ်နေကြတာလဲဗျ ပြောပြပါဦး၊ ကျုပ်က ဒါကိုပဲ သိချင်နေတာပါ"

အမျိုးသမီး ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မလည်း မသိတော့ပါဘူးရှင်၊ ကျွန်မယောကျ်ားနဲ့ ပတ်သက်နေမယ် ထင်တာပါပဲ"

သူမက ခပ်တိုးတိုး ဆက်ပြောသည်။

"ကျွန်မယောကျ်ားဟာ ကုန်သည်ပွဲစားတစ်ယောက်ပါ၊ တစ်နေ့တော့ သူက ကုန်ပစ္စည်းတွေပိုင်ဆိုတဲ့ သူဌေးကြီးတစ်ယောက်ရဲ့ ငွေတွေကို အလွဲသုံးစား လုပ်လိုက်တယ်လို့ ပြောပါတယ်၊ သူဌေးကြီးက လူဆိုးလူမိုက်တွေငှားပြီး လုပ်ကြံခိုင်းတာပါပဲ"

"ဒါဖြင့် ခင်ဗျားယောကျ်ားကော"

"ကျွန်မယောကျ်ားနဲ့ သူ့ရဲ့တပည့်တပန်းတွေ သေဆုံးနေကြတာကို ရှင် တွေ့ခဲ့တာပဲ မဟုတ်လားရှင်၊ ဟိုတစ်ခါ တွေ့ခဲ့တဲ့အိမ်ထဲမှာ သေနေတဲ့ လူတွေပဲပေါ့"

ချန်းချင်းသည် အိမ်ကလေးထဲ၌ အတုံးအရုံး လဲကျသေဆုံးနေသူများအား ပြန်လည်မြင်ယောင်လာသည်။



ထို သေဆုံးနေကြသူများတွင် အမျိုးသမီး၏ယောကျ်ားဖြစ်သူလည်း ပါဝင်နေပေလိမ့်မည်။ ထိုစဉ်က အကြောင်းစုံမသိရသဖြင့် အားလုံးကို ကွဲကွဲပြားပြား မကြည့်နိုင်ခဲ့ပါ။

ချန်းချင်း အားမလိုအားမရ ဖြစ်သွားသည်။

"မင်းရဲ့ယောကျ်ားက အပြစ်ရှိလို့ သူတို့က သတ်ပစ်ခဲ့ကြပြီ မဟုတ်လား၊ တော်ပြီပေါ့၊ ဘာကြောင့် မင်းကိုပါ ထပ်ပြီး ရန်ရှာချင်ကြရတာလဲ၊ ဒါတော့ လွန်တာပဲ"

အမျိုးသမီး မျက်နှာညှိုးသွားသည်။

"ကျွန်မရှိနေရင် သူတို့အကြောင်း ပေါ်ပေါက်သွားမှာ နိုးရိမ်လို့ နှုတ်ပိတ်ချင်ကြတာ နေမှာပါ၊ တကယ်တော့ သူဌေးကြီးဆိုတဲ့သူကော ကျွန်မရဲ့ယောကျ်ားကို သတ်သွားတဲ့လူတွေပါ ဘယ်သူဘယ်ဝါတွေမှန်း ကျွန်မ မသိတာ အမှန်ပါရှင်"

ယောကျ်ားဖြစ်သူ၏ အမှားကြောင့် မဆီမဆိုင် ဒုက္ခရောက်နေရသော အမျိုးသမီး၏ဘဝကို စာနာသနားမိပြီး ကူညီရန် ချန်းချင်း ကတိပေးလိုက်သည်။

"သည်လိုဆိုရင် သူဌေးကြီးရဲ့လုပ်ရပ်ဟာ ဘယ်တရားပါ့မလဲ၊ ဘာမှ မပူပါနဲ့၊ ကျုပ် ကူညီဖြေရှင်းပေးပါ့မယ်၊ ဒီကိစ္စမျိုးတွေဟာ ကျုပ် ဖြေရှင်းနေကြပါ"

အမျိုးသမီးက ချန်းချင်းကို အားကိုးသွားပုံရသည်။

"ရှင် တကယ်ကူညီချင်တယ်ဆိုရင် ချန်အန်းမြို့ကို လိုက်ပို့ပေးပါလားရှင်"

"မင်းက ချန်အန်းကို တကယ်သွားချင်လို့လား"

"ဟုတ်ပါတယ်ရှင်၊ ချန်အန်းမှာ ကျွန်မရဲ့ ဦးလေးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်၊ သူ့ဆီမှာသွားပြီး ခိုလှုံတာ ကျွန်မအတွက် အကောင်းဆုံး ဖြစ်မှာပါ၊ အခုအချိန်မှာ ကျွန်မအတွက် အားကိုးရာ လိုနေပါတယ်"

ချန်းချင်း လက်ခံလိုက်သည်။

အမျိုးသမီးအား ကူညီလိုသော်လည်း သူမအနီး၌ တစ်ချိန်လုံး နေ၍ရမည် မဟုတ်ပေ။ သမီးရည်းစား ချစ်သူများမှ မဟုတ်ပေဘဲ။ သမီးရည်းစား ချစ်သူများဖြစ်နေလျှင်သော်မှ အမြဲတမ်း တပူးတွဲတွဲ နေ၍ ရမည် မဟုတ်ပေ။

သွားလေရာ ခေါ်သွားဖို့လည်း မဖြစ်နိုင်ပါ။

တစ်နေရာရာ၌ ထားပစ်ခဲ့ဖို့လည်း စိတ်မချနိုင်ပါ။

ဆွေမျိုးသားချင်း တစ်ယောက်ယောက်ထံ၌ ခိုလှုံနေထိုင်ခြင်းက အကောင်းဆုံးပင် ဖြစ်ပါသည်။

"ကောင်းပြီလေ၊ ချန်အန်းကို သွားကြတာပေါ့၊ မင်းအတွက် စိတ်ချရပြီဆိုရင် သူဌေးကြီးနဲ့ ဘယ်လိုဖြေရှင်းသင့်တယ်ဆိုတာ ကျုပ် နည်းလမ်းရှာပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

အမျိုးသမီး၏အသံက ထူးခြားပြီး ဆွဲဆောင်မှု ရှိနေသည်။

ချန်းချင်း ပင့်သက်ရှိုက်မိသည်။

အံ့သြစရာကောင်းအောင် သူသည် ထိုအမျိုးသမီးအား သံယောဇဉ်ဖြစ်မိလေတော့သည်။

သို့သော် သူမမှာ ဒုက္ခရောက်နေသူတစ်ယောက် ဖြစ်ရကား အခွင့်အရေးသမားဟု သတ်မှတ်ခံရမည်မို့ စိတ်ကို ထိန်းချုပ်ထား လိုက်ရသည်။

မေတ္တာ စေတနာသက်သက်ဖြင့် ကူညီသွားမည် ဖြစ်ပေ



သည်။ မေတ္တာရှင် ဓားသမား၏ ကူညီမှုသည် စက်ဝိုင်းကဲ့သို့ ပြန်၍ လည်ပတ်နေချေပြီ။

✦ ✦ ✦

ချန်အန်းမြို့ ...

ချန်အန်းမြို့မှာ အထူးပင် ထင်ရှားကျော်ကြားသော မြို့တော်ကြီးဖြစ်သည်။

ချန်းအန်းမြို့နှင့် နီးကပ်လာလေလေ လမ်းတစ်လျှောက်၌ စည်ကားသိုက်မြိုက်လာလေ ဖြစ်သည်။

ချန်အန်းမြို့တော်ကြီးသို့ သွားရာလမ်းမကြီးပေါ်၌ စားသောက်ဆိုင်များ၊ တည်းခိုခန်းများနှင့် အခြားပစ္စည်းမျိုးစုံ ရောင်းချသောဆိုင်များ လက်ညှိုးထိုးမလွဲ ရှိနေတော့သည်။

ချန်းချင်းသည် ထူးခြားသော အမျိုးသမီးနှင့်အတူ ချန်အန်းမြို့သို့ ဦးတည်လာခဲ့လေသည်။ နှစ်ယောက်သား ခရီးပြင်းနှင်လာခဲ့ကြရာ လမ်းတစ်လျှောက် နှောင့်ယှက်မည့်သူ မတွေ့ခဲ့ရပေ။

လမ်းခရီး၌ အေးချမ်းနေသဖြင့် ချန်းချင်းလည်း စိတ်သက်သာရာ ရခဲ့သည်။ ဤသို့ဖြင့် သူတို့သည် ချန်အန်းမြို့တွင်းသို့ ရောက်ရှိလာခဲ့ကြလေသည်။

ညဘက်သို့ရောက်သောအခါ တည်းခိုခန်းတစ်ခုသို့ ဝင်ရောက်လိုက်ကြသည်။ သူတို့သည် စားပွဲခုံ၌ ဝင်ထိုင်လိုက်သည်။ စားစရာ သောက်စရာများ မှာကြားစားသောက်ကြသည်။ ချန်းချင်းက တည်းခိုခန်းများကို စုံစမ်းသည်။ တစ်ယောက်ခန်းများရှိသဖြင့် တည်းခိုခန်း အားရမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လာ ... အခန်းငှားပြီးပြီ၊ မင်း တစ်ခန်း၊ ကျုပ်က တစ်ခန်း"

ဤသို့ဖြင့် သူတို့ တစ်ညတာ တည်းခဲ့ကြသည်။

တစ်ညတာ အနားယူအားမွေးပြီးနောက် မနက်မိုးစင်စင်လင်းသည်နှင့် တည်းခိုခန်းမှထွက်ကာ ခရီးဆက်ခဲ့ကြသည်။

ချန်အန်းမြို့သို့ လာခဲ့သည့်ခရီးစဉ်၏ အေးချမ်းမှုမှာ တည်းခိုခန်းမှအထွက် လမ်းမပေါ်တွင် ဆုံးခန်းတိုင်သွားတော့သည်။

ချန်းချင်းတို့အား ဟန့်တားမည့်သူများ ထွက်ပေါ်လာကြခြင်းဖြစ်လေတော့သည်။

လမ်းပေါ်၌ လူသုံးယောက် ရှိနေသည်။

ထိုလူများသည် လမ်းပိတ်ထားသကဲ့သို့ ရှိနေသဖြင့် ချန်းချင်းက အော်ပြောလိုက်လေသည်။

"ဗျို့ ... မိတ်ဆွေတို့ လမ်းနည်းနည်းလောက် ဖယ်ပေးစေချင်ပါတယ်ဗျာ"

ထိုလူသုံးယောက် မကြားချင်ယောင် ဆောင်နေကြသည်။

သူတို့အားလုံး မိုက်တီမိုက်ကန်းပုံစံချည်းတည်း။

အမျိုးသမီးက ...

"သူတို့ တမင်လမ်းပိတ်ထားတာရှင့်"

"ဟင် ..."

"ကျွန်မတို့ကို နှောင့်ယှက်ကြတော့မှာ သေချာတယ်၊ သူတို့အမူအရာတွေကို ကြည့်ပါလား၊ အမဲဖျက်မဲ့လူတွေအတိုင်းပဲ"

သူမ၏ စကားမဆုံးမီ ထိုလူသုံးယောက်က ရယ်မောလိုက်ကြလေသည်။

"ဟား ... ဟား ... ဟား"



"ဟား ... ဟား ... ဟား"

ထိုလူသုံးယောက်၏ ရယ်မောသံနှင့်အတူ လမ်းဘေးတစ်ဖက်တစ်ချက်မှ လက်နက်ကိုယ်စီ ဆွဲကိုင်ထားကြသူများ ပြေးထွက်လာကြသည်။

ချန်းချင်းတို့မှာ တစ်ခဏအတွင်းမှာပင် ဝိုင်းရံထားခြင်း ခံလိုက်ရလေတော့သည်။

ချန်းချင်းက မြင်းပေါ်မှဆင်းလိုက်သည်။

"ခင်ဗျားတို့ ဘာကြောင့် နှောင့်ယှက်ချင်ရတာလဲဗျာ"

အဘိုးအိုတစ်ယောက်က ရှေ့သို့ လှမ်းထွက်လာသည်။

"ကျုပ်တို့က နှောင့်ယှက်တာလား၊ မင်းက နှောင့်ယှက်တာလား ပြောစမ်းပါဦး"

"ဗျာ ..."

"တကယ်တော့ မင်းကသာ တို့ကို နှောင့်ယှက်နေတာပါ"

"ကျုပ် ဘာများနှောင့်ယှက်မိလို့လဲ"

ချန်းချင်း နားမလည်နိုင်စွာ မေးလိုက်သည်။

အဘိုးအိုက ...

"မင်းက သူ့ကို အကာအကွယ်ပေးနေတာကိုး"

အမျိုးသမီးအား ညွှန်ပြလိုက်သည်။

"သူ့ကို မတရားဒုက္ခပေးနေတာကို ကျုပ် လက်ပိုက်ကြည့်မနေနိုင်ပါဘူးဗျာ"

သူက တစ်ဆက်တည်း မေးလိုက်သည်။

"နေပါဦး ... သူ့ကို ဘယ်သူတွေက ဒုက္ခပေးတာလဲ၊ တကယ်တော့ ဒါ မေးစရာမလိုတော့ပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပေးနေသူမှာ အဘိုးအိုတို့လူစုပင်ဖြစ်ကြောင်း ရည်ရွယ်လိုက်ခြင်း ဖြစ်ပါသည်။

အဘိုးအိုတို့လူစုတွင် အိမ်ပျက်ကြီးအတွင်း၌ တိုက်ခိုက်ခဲ့ကြသူသုံးယောက်လည်း ပါဝင်နေသည် မဟုတ်ပါလား။

အဘိုးအိုက ...

"ကဲ ... အချိန်မရှိဘူး၊ မင်း ဘေးဖယ်လိုက်ပါ"

ချန်းချင်းက ...

"မဖယ်ဘူးဆိုရင်ကောဗျာ"

"ကောင်းပြီလေ၊ မင်းမှာ ဘယ်လောက်အစွမ်းအစရှိသလဲဆိုတာ ကြည့်ကြသေးတာပေါ့"

အဘိုးအိုသည် သူ၏လူများအား လက်ဝှေ့ယမ်းပြကာ အချက်ပေးလိုက်သည်။ သူတို့ တိုက်ခိုက်ကြတော့မည်။

"တိုက်ကြဟေ့"

"ယား ..."

အဘိုးအို၏လူများက ညာသံပေးကာ ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြလေတော့သည်။

လမ်းပေါ်၌ ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပေါ်လာလေသည်။

✦ ✦ ✦



## အခန်း (၅)

# ဒုက္ခရောက်စေသူ

ချန်းချင်းက အဘိုးအို၏လူများနှင့် ရင်ဆိုင်လိုက်သည်။

အမျိုးသမီး နောက်ဆုတ်သွားသည်။

သို့သော် သူမသည် ကြောက်ရွံ့ထိတ်လန့်နေသူတစ်ယောက်၏ အသွင်သဏ္ဍာန်မျိုး ရှိမနေတော့ပါ။

သူမ၏မျက်နှာသည် အေးတိအေးစက်ဖြစ်နေသကဲ့သို့ မျက်လုံးများလည်း အရောင်တဖိတ်ဖိတ်တောက်ပြောင်နေသည်။

သူမကိုယ်တိုင် ပါဝင်တိုက်ခိုက်လိုစိတ် ရှိနေပုံရသည်။

ချန်းချင်းက အမျိုးသမီးအား ကာကွယ်မည်ဟု ဆုံးဖြတ်ထားသည့်အလျောက် အဘိုးအိုတို့လူစုနှင့် ရင်ဆိုင်လိုက်ခြင်း ဖြစ်သည်။

အဘိုးအို၏လူများမှာ သိုင်းပညာအခြေခံကောင်းပြီး တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်နေကြသူများ ဖြစ်ကြသည်။

စပေါင်းတိုက်ခိုက်လိုက်ကြသောအခါ သူတို့၏တိုက်ကွက်များက ချန်းချင်းအား အခက်ကြုံသွားစေပါတော့သည်။ သူတို့၏ စပေါင်းတိုက်ကွက်က ထက်မြက်နေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်းသည် မေတ္တာဓားသမားဟူသော ဘွဲ့ထူးကို ရရှိခဲ့သည်မှာ သူ၏ဓားချက်ဖြင့် တစ်ဦးတစ်ယောက်ကိုမျှ မသေဆုံးစေရဟု ယူဆထားပြီး လက်တွေ့ကျင့်သုံးခဲ့ခြင်းကြောင့် ဖြစ်သည်။

အများနှင့်တစ်ယောက် ရင်ဆိုင်လိုက်ရသောအခါ သူ၏ခံယူချက်ကြောင့် တဖြည်းဖြည်းနှင့် အခက်ကြုံလာရလေသည်။

ရန်သူများအား ထိခိုက်မိမည်ကို စိုးရိမ်ပြီး ချိန်ဆနေရခြင်းကြောင့် သူ၏တိုက်ကွက်များမှာ ထိရောက်သင့်သလောက် ထိရောက်ခြင်း မရှိတော့ပါ။

ရန်သူအား ထိထိရောက်ရောက် တိုက်ခိုက်ခြင်း မပြုနိုင်သည့်အခါ ရန်သူလက်ချက်ကြောင့် အခက်ကြုံလာရတော့သည်။

အဘိုးအိုသည် ကိုယ်တိုင်ပါဝင် တိုက်ခိုက်ခြင်းမပြုဘဲ အခြေအနေကို စောင့်ကြည့်နေသည်။

ချန်းချင်း အခက်ကြုံနေသည်ကို မြင်လာရသည်နှင့် သူ၏လူများအား ဆက်၍တိုက်ခိုက်ခိုင်းခြင်း မပြုတော့ဘဲ နောက်ဆုတ်ခိုင်းလိုက်လေတော့သည်။

"ရပ်လိုက်ကြစမ်း ..."

အဘိုးအို၏လူများသည် အမိန့်ပေးသံကြားသည်နှင့် တိုက်ခိုက်မှုကို ရပ်တန့်ကာ နောက်ဆုတ်လိုက်ကြတော့သည်။

ချန်းချင်း အံ့ဩသွားသည်။

အဘိုးအိုအား နားမလည်နိုင်စွာ ကြည့်လိုက်ပြန်သည်။

အဘိုးအိုက မေးသည်။

"မင်းရဲ့ဓားသိုင်းက အတော်ကို ထက်မြက်ပါတယ်၊ တကယ်လို့များ ညှာတာစိတ်မထားဘဲ သူသေကိုယ်သေ တိုက်ခိုက်မယ်ဆိုရင် ကျုပ်လူတွေဟာ မင်းရဲ့လက်ချက်နဲ့ အတော်ကို ဒုက္ခရောက်သွားမှာ သေချာတယ်၊ မင်း ဘာကြောင့် ဖိဖိစီးစီး မတိုက်ခိုက်ရတာလဲ"



ချန်းချင်းက ...

"ကျုပ်ရဲ့ဓားချက်နဲ့ သူတစ်ပါးကို ထိခိုက်ဒဏ်ရာရမှာ၊ သေဆုံးသွားမှာ မလိုလားလို့ပါဗျာ၊ ဒါ ကျုပ်ရဲ့ အယူအဆပါပဲ"

အဘိုးအိုက ခေါင်းယမ်းရင်း မေးသည်။

"တကယ်ပဲ သူတစ်ပါးကို ထိခိုက်နစ်နာသွားမှာကို မလိုလားဘူး ဟုတ်လား"

"ကျုပ် သိုင်းပညာသင်ယူပြီး သိုင်းလောကထဲ ဆင်းလာတာ ကြာသေးပါဘူး၊ ဒါပေမယ့် တိုက်ပွဲအတော်များများနဲ့ ရင်ဆိုင်ခဲ့ပြီးပါပြီ၊ ကျုပ်ရဲ့လက်ချက်နဲ့ ဘယ်သူမှ ထိခိုက်ဒဏ်ရာရတာမျိုး မရှိခဲ့ပါဘူး၊ ကျုပ်ရဲ့အကြောင်းကို စုံစမ်းကြည့်လို့ ရပါတယ်ဗျာ"

အဘိုးအို ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ကျုပ်သိပြီ၊ အခုတလော သိုင်းလောကမှာ သတင်းကြီးနေတဲ့ မေတ္တာရှင်ဓားသမား ချန်းချင်းဆိုတာ မင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"အင်း ... ချန်းချင်း သိုင်းလောကထဲရောက်လာတာ မကြာသေးပေမယ့် ရှေ့က သိုင်းသမားတွေကိုကျော်ပြီး မေတ္တာရှင်သိုင်းသမားဆိုတဲ့ ဘွဲ့ထူးနဲ့ မသိသူမရှိအောင် ကျော်ကြားနေတာပဲ၊ ကျုပ်လည်း မင်းကို ချီးကျူးမိပါတယ်"

အဘိုးအိုက ချီးကျူးစကားဆိုလိုက်သဖြင့် ချန်းချင်း စိတ်သက်သာသွားသည်။

ထို့အပြင် အဘိုးအိုသည် အမျိုးသမီးပြောသလို သူဌေးကြီး

www.burmeseclassic.com

www.burmeseclassic.com



စေလွှတ်လိုက်သည့် ကြေးစား လူသတ်သမားများ၏ခေါင်းဆောင် ဖြစ်မည်ဟုလည်း မယုံကြည်နိုင်အောင် ဖြစ်လာလေသည်။

"တစ်ခုခုတော့ မှားနေပြီ"

ချန်းချင်း တွေးတောနေစဉ် အဘိုးအို၏စကားသံ ထွက်ပေါ် လာသည်။

"မင်းဟာ မေတ္တာရှင်ဓားသမားဆိုတဲ့ ခံယူချက်အတိုင်း တစ် ဖက်သား ထိခိုက်ဒဏ်ရာရတာမျိုးတောင် မဖြစ်စေရအောင် ရှောင် ရှားတိုက်ခိုက်တာလည်း ချီးကျူးစရာပါပဲ၊ ဒါပေမယ့် သည်ခံယူချက် က သိပ်ကို အန္တရာယ်များတယ်၊ လက်ရည်ညီတဲ့ပြိုင်ဘက်၊ ကိုယ့် ထက်သာတဲ့ ပြိုင်ဘက်တွေနဲ့တွေ့ရင် သည်ခံယူချက်ကြောင့် ဒုက္ခ ရောက်ဖို့ပဲ ရှိတယ်"

ချန်းချင်း၏ ခံယူချက်မှာ အန္တရာယ်များလှကြောင်း သတိပေး စကားပြောကြားသည်။ စေတနာစကားပါပေ။

အဘိုးအို၏မျက်နှာ ပို၍ တည်ကြည်လေးနက်လာ၏။

"သိုင်းပညာဆိုတာမျိုးဟာ တစ်သမတ်တည်း သဘောထားလို့ မရဘဲ လိုတိုးပိုလျှော့လုပ်တတ်ရတယ်၊ လိုက်လျောညီအောင် အဆင် ပြေအောင် အသုံးပြုတတ်ရတယ်၊ တချို့လူဆိုးလူမိုက်တွေဟာ သည် ဘဝမပြောနဲ့ နောင်ဘဝရောက်တာတောင် ပြုပြင်လို့ရနိုင်မှာ မဟုတ် ဘူး၊ သည်လိုလူစားမျိုးတွေကို ငဲ့ညှာနေလို့ မရဘူး၊ သူတို့က ကိုယ့် ကို ငဲ့ညှာမယ် မထင်နဲ့"

ချန်းချင်း ဦးညွတ်လိုက်သည်။

"ခုလို သွန်သင်ဆုံးမပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"



အဘိုးအိုအား ကျေးဇူးတင်စကား ပြောလိုက်သဖြင့် အမျိုး သမီးထံမှ ဟင်းခနဲ နှာခေါင်းရှုံ့သံ ထွက်ပေါ်လာလေသည်။

အဘိုးအိုက သူ နားမလည်သည်ကို ဆက်မေးသည်။

"အချိန်တိုတိုနဲ့ အားလုံးလေးစားချီးကျူးရတဲ့ မေတ္တာရှင် ဓားသမားချန်းချင်းဟာ ဘယ်လိုဖြစ်ပြီး ခုလိုအခြေအနေရောက်သွား တယ်ဆိုတာ စဉ်းစားလို့ မရနိုင်အောင်ပါပဲ"

"ကျုပ်က အမှားအယွင်းတစ်ခုခု လုပ်မိနေပြီလို့ ဦး ယူဆ တယ်ပေါ့"

"သေချာတယ်"

"ဘယ်လိုအမှားမျိုး ကျူးလွန်မိလို့လဲဗျာ"

"နောင်ဘဝရောက်တောင် ဆုံးမသွန်သင်လို့ရမှာ မဟုတ်တဲ့ ဘယ့်လူမိုက်တစ်ယောက်ကိုမှ ငဲ့ညှာမိလို့ပေါ့ကွာ"

ချန်းချင်း မျက်နှာပျက်သွား၏။

အဘိုးအိုက ...

"ခုတလော သိုင်းလောကထဲမှာ မင်းလိုပဲ ကျော်ကြားလာတဲ့ တစ်ယောက် ရှိတယ်၊ သူကတော့ မင်းနဲ့ဆန့်ကျင်ဘက် မကောင်း တာင်းနဲ့ ကျော်ကြားတာ၊ မင်း ကြားမိမှာပေါ့"

ချန်းချင်း အလောတကြီး မေးလိုက်သည်။

"အမုန်းဒေဝီလားဗျာ"

"မှန်တယ်"

ချန်းချင်းသည် အမျိုးသမီးအား ချာခနဲလှည့်ကြည့်လိုက်သည်။ အမျိုးသမီးသည် ရင်ခွင်ထဲ၌ အထုပ်ကလေးတစ်ထုပ် ပိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်း လှည့်ကြည့်လိုက်သည့် တခဏအချိန်လေးမှာပင် အထုပ်ကိုဖွင့်ပြီး တစ်စုံတစ်ခုနှိုက်ယူကာ လက်နှစ်ဖက်ကို ဝေ့ယမ်းလိုက်လေသည်။

လက်နက်ပုန်းကလေးများ တဝီဝီမြည်ကာ ပြေးဝင်လာလေတော့သည်။

ထူးဆန်းသော အမျိုးသမီး၏ အံ့သြဖွယ်ရာ လုပ်ရပ်ပင်။

ထိုအမျိုးသမီးသည် မကောင်းသတင်းဖြင့် ကျော်ကြားနေသည့် အမုန်းဒေဝီ ဖြစ်နေသည်တကား။

ကောင်းသတင်းဖြင့် ကျော်ကြားလာသော မေတ္တာရှင်ဓားသမား ချန်းချင်းနှင့် တွေ့ဆုံကြပုံမှာ အံ့သြဖွယ်ကောင်းနေသည်။

အမုန်းဒေဝီသည် သူမ၏အကြောင်း ပေါ်ပေါက်သွားသည်နှင့် ချက်ချင်း တိုက်ခိုက်လိုက်လေတော့သည်။

ချန်းချင်းသည် မယုံနိုင်လောက်အောင် အံ့သြပြီး မှင်တက်မိကာ ကျောက်ရုပ်ကြီးပမာ ရပ်နေမိသည်။

သူ အထင်မှားမိခဲ့လေပြီ။ အနက်ကို အဖြူဟု ထင်ခဲ့မိပြီ။

လက်နက်ပုန်းလေးများသည် သူ၏နံဘေးမှ တဝီဝီမြည်ကာ ဖြတ်သန်းသွားသည်။

ဖွဲနှင့်ဆုပ်ကာ ပက်လိုက်သလို ပစ်လွှင့်လိုက်သော လက်နက်ပုန်းလေးများသည် အံ့သြစရာကောင်းအောင် ချန်းချင်းအား တစ်စက်လေးမျှ ထိမှန်ခြင်း မရှိခဲ့ပါချေ။

"အား ..."

"အမယ်လေး ..."

"သေပါပြီဗျ ..."



ငရဲပွက်သံများ တခဲနက် ပေါ်ထွက်လာသည်။

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာသည်။

အဘိုးအို၏ လူများမှာ လက်နက်ပုန်းထိမှန်ကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားသည်။

အဘိုးအိုကိုယ်တိုင်လည်း လွတ်အောင် မရှောင်နိုင်ခဲ့ချေ။

"သွားစမ်း ..."

အကျီလက်ကိုဝေ့ယမ်းကာ ရိုက်ထုတ်ပစ်လိုက်သည့်တိုင် လက်နက်ပုန်းအချို့သည် သူ၏လက်ဖျံ၌ ထိမှန်သွားသည်။

အဘိုးအို ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်သည်။

ထူးခြားသော အမျိုးသမီး (ဝါ) အမုန်းဒေဝီကို မကျေမနပ်ဖြင့် ပြောလိုက်သည်။

"မေတ္တာရှင်ဓားသမားက ကာကွယ်ပေးထားတော့ မင်း ကံကောင်းသွားတာပေါ့"

ခပ်လှမ်းလှမ်းသို့ရောက်လျှင် ချာခနဲလှည့်ကာ ပြေးလွှားသွားလေတော့သည်။

တစ်ဖက်သတ် တိုက်ပွဲကား မကြာမြင့်လှချေ။

တိုက်ပွဲ ပြီးဆုံးသွားပြီဖြစ်သည်။

အဘိုးအို၏တပည့် သိုင်းသမားများသည် မြေပေါ်၌ အတုံးအရုံးလဲကျနေကြပြီး တုတ်တုတ်မျှ မလှုပ်ကြတော့ချေ။

ချန်းချင်းလည်း ပြန်လည်သတိဝင်လာသည်။

မီးသွေးတုံးပမာ အသားအရည်များမည်းနက်ကာ သေဆုံးနေသော သိုင်းသမားများကိုကြည့်ပြီး မခံမရပ်နိုင်အောင် ခံစားလိုက်ရသည်။ သူသည် ရဲရင့်သော်လည်း စိတ်ထားနူးညံ့သူ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ရက်စက်လှချည်လား"

အမှန်းဒေဝီအား ဒေါသတကြီး ပြောလိုက်မိသည်။

အမှန်းဒေဝီက ...

"ဒီအလုပ်ဟာ ဘာမှ မဆိုးပါဘူး၊ ကျွန်မရဲ့ခံယူချက်အတိုင်း လုပ်ခဲ့တာပဲရှင့်"

"ဘာ ..."

"ကျွန်မက ဘယ်သူ့ကိုမှ မညှာဘူး၊ ရန်သူနဲ့ရင်ဆိုင်ရရင် ဘယ်တော့မှ ချမ်းသာမပေးဘဲ သုတ်သင်ပစ်ရမယ်ဆိုတာ ကျွန်မရဲ့ ခံယူချက်ပဲလေ"

"မင်း ... မင်း ..."

ချန်းချင်းမှာ ဒေါသကြောင့် စကားထစ်ထစ်ငေါ့ငေါ့ ဖြစ်နေတော့သည်။

အမှန်းဒေဝီ သဘောကျစွာ ရယ်မောလိုက်သည်။

"ရှင့်ရဲ့ခံယူချက်မှန်သလို ကျွန်မရဲ့ခံယူချက်လည်း မှန်တာပဲ မဟုတ်လားရှင်၊ ကိုယ့်အမြင်ကိုယ်ပေါ့"

"မင်း ပါးစပ်ပိတ်ထားလိုက်စမ်း"

"နေပါဦး ... ရှင်က ကျွန်မကို ကူညီရတယ်လို့ ပြောချင်နေတာလား၊ ကျွန်မက ရှင့်ကို ကူညီခိုင်းလို့လား၊ ရှင့်ဘာသာ ကူညီနေတာ မဟုတ်လား"

"ကျုပ်ကလည်း မင်းဟာ အမှန်းဒေဝီမှန်းသိရင် ကူညီဖို့ စဉ်းစားမှာ မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် ကျွန်မနဲ့ မပတ်သက်ချင်လို့ မရတော့ဘူးရှင့် ရှင်နဲ့ကျွန်မဟာ အမြီးပူးချည်ပြီးသွားပြီ"



"ဘာ ..."

ချန်းချင်းက မြေပေါ်ခြေဆောင့်ကာ အော်လိုက်သည်။ သူ ဒေါသထွက်နေလေပြီ။ မေတ္တာရှင်လည်း မေတ္တာမထားနိုင်တော့ပေ။

"ကျုပ်က မင်းနဲ့ဆက်ပြီး ပတ်သက်ရဦးမယ် ဟုတ်လား"

"သေချာတာပေါ့ရှင်"

"တိတ်စမ်း ... မင်းလို ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက်နဲ့ပတ်သက်စရာ ဘာအကြောင်းမှ မရှိဘူး၊ မင်းဟာ လူသတ်သမားပဲ၊ လူသတ်သမားတွေကို ကျုပ် မုန်းတယ်"

"ပတ်သက်စရာ ရှိတာပေါ့ရှင့်"

အမှန်းဒေဝီက ပြုံး၍ ပြောနေသည်။

သူမ၏ မချိုမချဉ်အပြုံးကြောင့် ချန်းချင်းမှာ တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်လာတော့သည်။

အမှန်းဒေဝီက ...

"စွန်းယိုက ရှင်ကူညီလို့ ကျွန်မက သူ့တို့ကို တိုက်ခိုက်ဖို့ အခွင့်အရေးရသွားတယ်လို့ပြောတာ ရှင်ကြားတယ် မဟုတ်လား"

စွန်းယိုဟူသောအမည်ကြောင့် ချန်းချင်း မျက်မှောင်ကြုတ်သွားသည်။

ချန်အန်းမြို့၌ ထင်ရှားသော သိုင်းဆရာကြီးစွန်းယို နေထိုင်သွက် ရှိသည်ဟု ကြားဖူးထား၍ ဖြစ်သည်။

အဆိပ်အပ်ထိကာ ထွက်ပြေးသွားသောအဘိုးအိုမှာ ချန်အန်း သိုင်းဆရာကြီး စွန်းယိုပင် ဖြစ်နေသည်လော။ သူ စိတ်မကောင်းဖြစ်သွားသည်။

အမှန်းဒေဝီကို စိုက်ကြည့်ပြီး မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ချန်အန်းသိုင်းဆရာကြီး စွန်းယို့ကို ပြောတာလား"

အမုန်းဒေဝီ ခေါင်းညိတ်လိုက်သည်။

"ညာတာတဲ့စိတ်ဟာ ဒုက္ခပေးတတ်တယ်လို့ ရှင့်ကို သတိပေးသွားတာ ချန်အန်းသိုင်းဆရာကြီး စွန်းယို့ပေါ့"

ချန်အန်းသိုင်းဆရာကြီး စွန်းယို့ကဲ့သို့ နာမည်ကြီးသိုင်းသမားတစ်ယောက်ပင်လျှင် အမုန်းဒေဝီ၏လက်ချက် ခံလိုက်ရချေပြီ။ သူ့အဆိပ်အပ်များသည် လွန်စွာအန္တရာယ်ကြီးကြောင်း သူ မျက်မြင်ပင်မဟုတ်ပါလော။

အမုန်းဒေဝီက ...

"သူ ထွက်ပြေးလွတ်မြောက်သွားပြီဆိုတော့ ရှင်ဟာ ကျွန်မနဲ့ပတ်သက်နေတယ်ဆိုတဲ့အကြောင်း လူတွေသိအောင် ပြောပြနိုင်မှာပဲ"

"လက်စသတ်တော့ ကျုပ်ဒုက္ခရောက်အောင် ဆရာကြီးစွန်းယို့ကို မင်း တမင်လွှတ်ပေးလိုက်တာပေါ့လေ၊ တော်တော်ကောင်းတဲ့အကြံဉာဏ်ပါပဲ"

"သည်လိုမှလုပ်ရင် ရှင်က ကျွန်မကို တိုက်ခိုက်တော့မှာမဟုတ်လား"

"အခုကော မတိုက်ခိုက်ဝံ့ဘူး မင်း ထင်နေတာလား၊ မတရားတဲ့လူကိုတော့ တိုက်မှာပဲကွ"

ချန်းချင်းက ခါးမှဓားကိုဆွဲထုတ်ရန် ဟန်ပြင်လိုက်သည်။

အမုန်းဒေဝီ အမှုမထားချေ။

"ရှင့်ရဲ့ဓားမှာ သွေးစွန်းမခံဘူး၊ ဘယ်သူ့ကိုမှ မထိခိုက်စေရဘူး မဟုတ်လားရှင်၊ သည်တော့ ရှင် တိုက်ခိုက်လာမှာကို ကျွန်မကြောက်နေစရာ မလိုတော့ဘူးပေါ့"



"တောက် ... မင်း ... မင်း ... ဉာဏ်များလှချည်လား"

ချန်းချင်း ကြိတ်မနိုင်ခဲမရ ဖြစ်နေတော့သည်။

အမုန်းဒေဝီ ရယ်မောလိုက်သည်။

"ရှင်က ကျွန်မကို တိုက်ခိုက်လို့မဖြစ်တော့ သေချာသွားပြီ၊ ရှင့်ကိုလည်း ကျွန်မနဲ့ ပတ်သက်နေတယ်လို့ လူတွေ ယူဆသွားပြီဆိုတာလည်း သေချာသွားပြီ၊ ဒါကြောင့် ရှင့်ကိုကျွန်မ ကူညီရတော့မယ်ဆိုတာလည်း တကယ်ကို သေချာသွားပြီပေါ့ရှင်"

ချန်းချင်း အော်ပြောလိုက်သည်။

"တော်စမ်းပါ၊ ကျုပ်က မင်းနဲ့ ဘယ်တော့မှ မပတ်သက်ဘူးဆိုတာ မှတ်ထား"

"ခက်ပါလား၊ ကျွန်မနဲ့မပတ်သက်လို့ မရတော့ဘူးရှင့်"

"ဘာကြောင့် မရ ရမှာလဲ"

အမုန်းဒေဝီက သက်ပြင်းချလိုက်လေသည်။

"ကောင်းပြီလေ ... ရှင်မယုံရင် စောင့်ကြည့်လိုက်ပေါ့ရှင်"

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေသည်။

ချန်းချင်း ဒေါသဖြစ်နေရာ ဟန့်တားဖို့ပင် သတိမရလိုက်ချေ။

အမုန်းဒေဝီသည် ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်နှင့် အဝေးသို့ ရောက်ရှိသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။ တော်လည်းတော်သည့် မိန်းမပါပဲ။ သန့်ရှင်းသော သူ့ဘဝအား ဒုက္ခရောက်အောင်လုပ်နိုင်သူ မိန်းမပါ။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

## ခံရခက်သော ဝေဒနာ

ချန်အန်းမြို့ထဲသို့ ချန်းချင်း ရောက်လာသောအခါ နေဝင်ဆည်းဆာအချိန် ရောက်ရှိနေပြီ ဖြစ်ပါသည်။

ချန်းချင်းမှာ စိတ်မောလူမော ဖြစ်နေသည်။

သိုင်းပညာသင်ကြားပြီး သိုင်းလောကထဲသို့ ဆင်းလာခဲ့သည်မှာ မကြာသေးသော်လည်း သူ၏ အရည်အချင်းကြောင့် လူသိများထင်ရှားလာခဲ့ပြီး ထိပ်သီးသိုင်းသမားကြီးများ၏ ချီးကျူးမှုကိုပင် ခံယူနိုင်ခဲ့သည်။

ချန်းချင်းသည် မေတ္တာရှင် ဓားသမားဘွဲ့ဘဝကို အလွန်နှစ်သက်သဘောကျပြီး အကျေနပ်ကြီးကျေနပ်ခဲ့သည်။

"မေတ္တာရှင် ဓားသမား ..."

သိုင်းလောက၌ မည်သူသည် ဤကဲ့သို့သောဘွဲ့မျိုးကို ရရှိပါသနည်း။

သိုင်းလောကသည် ရက်စက်၏။ ကြမ်းကြုတ်၏။ ကြမ်းတမ်းခက်ထန်၏။



သို့သော် ...

မေတ္တာရှင်ဓားသမားကြောင့် ရက်စက်ကြမ်းကြုတ်မှုများ အနည်းငယ် ပြေလျော့သွားသည်ဟု သူ ထင်ခဲ့သည်။

သိုင်းလောကအကျိုး အများအကျိုးကို ယခုထက်ပို၍ ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သည်။

ယခုတော့ သူ၏ရည်မှန်းချက်များ ပျက်စီးသွားခဲ့ရချေပြီ။

လူတိုင်းအပေါ် ငဲ့ညှာသနားကာ ကြင်နာယုယခဲ့သည့်အတိုင်း အမုန်းဒေဝီမှာ ဒုက္ခရောက်နေသူတစ်ယောက်ဟု ထင်မှတ်ပြီး ငဲ့ညှာသနားကာ ကူညီမိခဲ့ခြင်းကြောင့် ဒုက္ခရောက်ရချေပြီ။

ထို့ကြောင့် ရှေးလူကြီးများက 'မြွေနှစ်ချောင်းကို မကယ်နှင့်' ဟု ပြောဆိုဆုံးမခဲ့ကြသည် မဟုတ်ပါလော။

ဤသို့ ဖြစ်ရသည်မှာ သိုင်းလောကအတွေ့အကြုံ နုနယ်သေးခြင်းကြောင့်ဖြစ်ကြောင်း ဆင်ခြင်မိသလို နောင်တလည်း ရနေမိသည်။

သူတစ်ပါးအား ကူညီရန်သာ စိတ်စောနေပြီး အခြေအနေကို မဆန်းစစ်တတ်သည့် သူ့ဆင်ခြင်ဉာဏ် အားနည်းမှုပေတည်း။

သိုင်းဆရာကြီး ဖွန်းယို့သည် သူ၏အားနည်းချက်ကို ထောက်ပြသတိပေးနိုင်ခဲ့သူဖြစ်ရာ အမုန်းဒေဝီနှင့်ပတ်သက်ပြီး သွားရောက်ရှင်းပြမည်ဟု စဉ်းစားကာ ချန်အန်းမြို့သို့ လာခဲ့ခြင်းဖြစ်သည်။

ချန်းချင်းသည် ချန်အန်းမြို့ထဲသို့ ရောက်လာပြီး ဆရာကြီးဖွန်းယို့၏အိမ်ကို စုံစမ်းသိရှိလိုက်ချိန်၌ မိုးချုပ်သွားပြီ ဖြစ်သည်။

ဖွန်းယို့၏အိမ်သို့ ရောက်ရှိသွားသောအခါ မီးရောင်များ ထိန်ထိန်လင်းနေပြီး လူများ စည်စည်ကားကားရှိနေသည်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်း စုံစမ်းကြည့်လိုက်သောအခါ ဆရာကြီးစွန်းယို့ သေဆုံးသွားပြီဖြစ်ကြောင်း သိရလေတော့သည်။

အဆိပ်အပ်ကား ကြောက်မက်ဖွယ်ရာပေတည်း။

"ဒုက္ခပဲ ..."

ချန်းချင်း ဆောက်တည်ရာမရ ဖြစ်သွားသည်။ သူ အလွန်တုန်လှုပ်သွားသည်။ သူသည် လူကို မည်သည့်အခါမှ မသတ်ခဲ့ချေ။

ရှေ့တွင် မည်ကဲ့သို့ဆက်လက် လုပ်ကိုင်ဆောင်ရွက်ရမှန်း မသိတော့ပါ။

စွန်းယို့အတွက် စိတ်မကောင်းဖြစ်မိ၍ အိမ်ထဲဝင်ကာ သတင်းမေးလိုက်သည်။ သူ့၌ တာဝန်ရှိနေသည် မဟုတ်ပါလား။ စွန်းယို့က သူ့ကို စေတနာကောင်းဖြင့် သတိပေးခဲ့သူ ဖြစ်ပါသည်။

စွန်းယို့၏အသုဘကိစ္စကို သားဖြစ်သူစွန်းရှောင်က တာဝန်ယူ ဆောင်ရွက်နေခြင်း ဖြစ်သည်။

စွန်းယို့၏ နာရေးသတင်းလာမေးသူအပေါင်းအား ကြိုဆိုဧည့်ခံနေပြီး အကျိုးအကြောင်း ရှင်းပြနေသည်။

ချန်းချင်းသည် သတင်းလာမေးသော ဧည့်သည်တစ်ယောက်အသွင် ဟန်ဆောင်ပြီး စွန်းယို့၏အလောင်းစင်ရှေ့သို့သွားကာ ဂါရဝပြုလိုက်သည်။

"ကျွန်တော် မှားသွားပါတယ်၊ ဆရာကြီးသတိပေးခဲ့တဲ့အတိုင်း ကျွန်တော့်ရဲ့ အားနည်းချက်ကို ပြုပြင်သွားပါတော့မယ်"

သူ သည် တိုင်တည်ပြောဆိုလိုက်သည်။

ထိုအချိန်တွင် ...

"အစ်ကိုကြီးစွန်း ဘယ်လိုဖြစ်ရတာလဲဗျာ"



ကျယ်လောင်သော မေးမြန်းသံနှင့်အတူ လူဝကြီးတစ်ယောက် ရောက်ရှိလာသည်ကို တွေ့ရလေသည်။

ထိုလူမှာ 'ဟာကျို'ဆိုသူ ဖြစ်သည်။

ဟာကျိုသည် စွန်းယို့နှင့် အလွန်ရင်းနှီးသော မိတ်ဆွေတစ်ယောက် ဖြစ်သည်။

ဟာကျိုသည် ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်လည်း ဖြစ်ကာ အလွန်စိတ်ဆတ်ပြီး ထစ်ခနဲဆိုလျှင် တိုက်ခိုက်ဖို့ဝန်မလေးသူ ဖြစ်လေသည်။

စွန်းရှောင်က ဦးညွတ်ကြိုဆိုပြီး အကျိုးအကြောင်း ရှင်းပြလိုက်သည်။

"ဖေဖေဟာ အမုန်းဒေဝီကို ခြေရာခံပြီး သုတ်သင်ပစ်ဖို့ ကြိုးစားနေတဲ့အချိန်မှာ မေတ္တာရှင်ဓားသမားက အမုန်းဒေဝီကို ကာကွယ်ပေးဖို့ ကြိုးစားခဲ့တာကြောင့် ဖေဖေ အလစ်တိုက်ခိုက်ခံရပြီး အခုအဖြစ်ဆိုး ကြုံခဲ့ရတာပါပဲခင်ဗျာ"

ဟာကျို ဒေါပွသွားသည်။ ယမ်းပုံမီးကျ ဖြစ်သွားလေသည်။

"အမုန်းဒေဝီဟာ ရက်စက်ကြမ်းကြုတ်တဲ့ လူသတ်သမားပဲ၊ မေတ္တာရှင်ဓားသမားဆိုတဲ့ ကောင်ကကော ဘာကြောင့်ဝင်ပြီး ကာကွယ်ရတာလဲ၊ မဖြစ်ဘူး သည်ကောင်နဲ့ စာရင်းရှင်းရလိမ့်မယ်"

ကြားလိုက်ရသောစကားများကြောင့် ချန်းချင်း ထိတ်လန့်သွားတော့သည်။ အမုန်းဒေဝီ ပြောသည့်စကားများ သွေးထွက်အောင် မှန်ကန်နေပြီ ဖြစ်ပါသည်။

စွန်းယို့နှင့်ပတ်သက်ပြီး သူ့အား အထင်မှားကုန်ကြပြီ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပဲ၊ ငါ ဘယ်လိုဖြေရှင်းရပါ့မလဲ"

အချိန်မီ မဖြေရှင်းနိုင်လျှင် ကြာလာပါက ဖြေရှင်းဖို့ပို၍ ခက်ခဲသွားမည်ဟုတွေးမိကာ စွန်းရှောင်နှင့်ဟာကျိတို့ထံသို့ လှမ်းသွားလိုက်သည်။ လာမည့်ဘေး ပြေးတွေ့လိုက်ခြင်းသာ အကောင်းဆုံး မဟုတ်ပါလား။

စွန်းရှောင်နှင့် ဟာကျိတို့က သူ့အား ကြည့်လိုက်ကြသည်။

ချန်းချင်းက ဦးညွှတ်လိုက်သည်။

"ဆရာကြီးစွန်းယို့ လုပ်ကြံခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး မေတ္တာရှင်ဓားသမားအပေါ် အထင်မှားနေကြတဲ့ကိစ္စကို ရှင်းပြချင်လို့ ခွင့်ပြုပါခင်ဗျာ"

စွန်းရှောင်က ...

"မိတ်ဆွေက ဘယ်သူများလဲဗျာ"

မျက်နှာစိမ်းတစ်ယောက်ဖြစ်ကြောင်း သတိပြုမိကာ မေးလာလေသည်။

သူ ရှင်းပြရမည်။

ချန်းချင်း အမှန်အတိုင်း ပြောလိုက်သည်။

"ကျွန်တော်ဟာ မေတ္တာရှင်ဓားသမား ချန်းချင်းပါပဲ"

"ဘာ ..."

"အဖြစ်မှန်က သည်လိုပါ"

ချန်းချင်း အကျိုးအကြောင်းရှင်းပြဖို့ ဟန်ပြင်နေစဉ်မှာပင် ...

"နောင်ကြီးစွန်း ဒုက္ခရောက်အောင်လုပ်ခဲ့တဲ့အပြင် သည်နေရာကိုတောင် မျက်နှာပြောင်တိုက်ပြီး လာဝံ့သေးတယ်၊ သိကြသေးတာပေါ့"



ဒေါသကြီးသော ဟာကျိက အော်ဟစ်ကာ တိုက်ခိုက်လာလေတော့သည်။

ချန်းချင်း ကပျာကယာ ရှောင်တိမ်းလိုက်ရသည်။

စွန်းရှောင်သည်လည်း ဖခင်ကြီးအတွက် ကြေကွဲနေမိသည့်အလျောက် ချန်းချင်းအား မုန်းတီးစွာကြည့်နေသည်။

"သည်ကောင်ကို မလွှတ်စေနဲ့"

စွန်းအိမ်တော်မှ သိုင်းသမားများအား အမိန့်ပေးလိုက်ကြသည်။

အခြေအနေမှာ ရှုတ်ရှုတ်သဲသဲ ဖြစ်သွားလေတော့သည်။

ချန်းချင်းလည်း ဒုက္ခရောက်သွားတော့သည်။ ရှင်းပြကာမှ ပိုဆိုးရသည့်အဖြစ်ကို သူ စိတ်မကောင်းပေ။

ဒေါသထွက်နေသော လူအုပ်ကြီးလက်ထဲမှ လွတ်မြောက်ဖို့ မလွယ်တော့ပါ။

လူဝကြီးဟာကျိ၏ သိုင်းပညာအဆင့်က သူ့ထက်မြင့်မားနေသည်။ ဟာကျိသည် ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်သည်။

ချန်းချင်း မယှဉ်နိုင်အောင် ဖြစ်လာသည်။

ပြန်လည်တိုက်ခိုက်ဖို့ မဆိုထားနှင့် ခုခံရှောင်တိမ်းနိုင်အောင်ပင် မနည်း ကြိုးစားနေရသည်။

ချန်းချင်း မရှုနိုင်မကယ်နိုင် ဖြစ်နေချိန်မှာပင် အိမ်ခေါင်မိုးပေါ်မှ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ကဲ ... အဆိပ်ပြာတွေ ကြဲချလိုက်မယ်၊ ရှောင်နိုင်ရင် ရှောင်ကြပေတော့"

စကားသံအဆုံးတွင် ဝုန်းခနဲမြည်သံနှင့်အတူ ခေါင်မိုးပေါ်တွင် ပေါက်ကြီးတစ်ပေါက် ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအပေါက်ကြီးထဲမှ ပြာမှုန့်များ ကျဆင်းလာတော့သည်။

"အဆိပ်ပြာတွေဟေ့"

"မြန်မြန်ရှောင်ကြ ... "

စွန်းရှောင်၊ ဟာကျိုနှင့် စွန်းအိမ်မှ သိုင်းသမားများမှာ မည်သူ့လက်ချက်ဖြစ်သည်ကိုပင် မစဉ်းစားအားကြဘဲ ကပျာကယာ ရှောင်တိမ်းသွားကြလေသည်။

"ရှင် ဘာလုပ်နေတာလဲ"

အိမ်ခေါင်းမိုးပေါ်မှ စကားသံ ထပ်မံထွက်ပေါ်လာမှ ချန်းချင် သတိဝင်လာကာ စွန်းအိမ်အပြင်ဘက်သို့ ခုန်ထွက်လိုက်တော့သည်။

◆ ◆ ◆

ချန်းချင်းသည် သစ်ပင်ကြီးတစ်ပင်အောက်၌ စိတ်ပျက်လက်ပျက် ထိုင်နေမိသည်။

စွန်းအိမ်တော်မှ လွတ်မြောက်လာပြီးလျှင် ချန်အန်းမြို့ထဲမှာ မနေဝံ့တော့ဘဲ မြို့ပြင်သို့ ထွက်လာခဲ့သည်။

တစ်ညလုံး မရပ်မနား ပြေးလွှားလာခဲ့ရာ နောက်တစ်နေ့မနက်ပိုင်းသို့ရောက်လာလျှင် မောဟိုက်နေပြီဖြစ်၍ လမ်းဘေးသစ်ပင်ကြီးတစ်ပင်အောက်၌ အမောဖြေရင်း စိတ်ပျက်လက်ပျက် ဖြစ်နေခြင်းဖြစ်သည်။

"စွန်းအိမ်တော်က အဖြစ်အပျက်တွေကိုသာ သိုင်းလောကသားတွေ သိသွားကြမယ်ဆိုရင် မေတ္တာရှင်ဓားသမားဆိုတဲ့နာမည်ရေစုန်မျောပြီပေါ့၊ ငါ ခဲလေသမျှ သဲရေကျ ဖြစ်ပြီပေါ့"

တွေးရင်း ဝမ်းနည်းနေမိသည်။



အဖြစ်မှန် ပေါ်ပေါက်လာရလေအောင် မည်သို့ဖြေရှင်းရမှန်းမသိ ဖြစ်နေသည်။

သိုင်းသမားဘဝ ခံယူမည့်သူတစ်ယောက်အတွက် အတွေ့အကြုံမှာ အလွန်အရေးကြီးကြောင်း ကောင်းစွာ နားလည်သဘောပေါက်နေပြီ ဖြစ်ပါသည်။

စွန်းအိမ်တော်၌ သူ့အား ကယ်တင်ခဲ့သူမှာ အမုန်းဒေဝီပင်ဖြစ်ရပေမည်။

အဘယ်ကြောင့် သူ့အား ကယ်တင်ခဲ့ရပါသနည်း။

သူမကသာ ပြန်ပြီး ကူညီရလိမ့်မည်ဟု ပြောခဲ့သည်မှာလည်း မှန်ကန်နေသည်။

ချန်းချင်း အမျိုးမျိုးတွေးတော စဉ်းစားနေမိသည်။

စွန်းရှောင်နှင့် ဟာကျိုတို့က အထင်လွဲကာ တိုက်ခိုက်ရန်မူခဲ့ကြသည်ကို သူ လက်ခံနိုင်ပါသည်။

အမုန်းဒေဝီက သူ့အား ကူညီရန် ကြိုးစားနေသည်ကိုသာ နားမလည်နိုင်ခြင်း ဖြစ်သည်။

"သူနဲ့ငါ ပတ်သက်စရာအကြောင်း မရှိဘူး၊ ငါ ဒုက္ခရောက်အောင် သူ မလုပ်သင့်ဘူး၊ ငါ့ကို ကူညီစရာလည်း မလိုအပ်ဘူး"

အမုန်းဒေဝီ၏မျက်နှာကို မြင်ယောင်လာသောအခါ ရင်ထဲ၌ ထူးခြားသောခံစားချက်များ ဖြစ်ပေါ်လာသည်။

အမုန်းဒေဝီမှာ ချောမောလှပသော အမျိုးသမီးတစ်ယောက်ဖြစ်သည်ကို မည်သူမျှ ငြင်းနိုင်ကြမည်မဟုတ်ပါ။

"အကြောင်းတစ်ခုခုတော့ ရှိရမယ်"

အမုန်းဒေဝီကိုလိုက်ရှာပြီး မေးမြန်းရန် ထိုင်ရာမှထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် လူတစ်ယောက် ခြေလှမ်းကျဲကျဲဖြင့် သူ့ထံသို့ လှမ်းလာနေသည်ကို တွေ့ရလေသည်။

အဝတ်အစားများ ညစ်ပတ်ပေကျံနေသော ဗေဒါတစ်ယောက်ဖြစ်သည်။ တုတ်တစ်ချောင်းလည်း ကိုင်ထားသည်။

ဗေဒါက ချန်းချင်းကိုမြင်လျှင် ဝမ်းသာအားရ ဖြစ်သွားသည်။

အနီးသို့ချဉ်းကပ်လာပြီး နာမည်မေးလေသည်။

"မင်းနာမည် ချန်းချင်းလား"

"ဗျာ ..."

အခြေအနေမှဲ့ ဗေဒါတစ်ယောက်က သူ့အား သိနေသဖြင့် ချန်းချင်း အံ့ဩသွားသည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်ကို ဘယ်လိုလုပ်ပြီး သိနေတာလဲ"

"မင်းအတွက် လူတစ်ယောက်က စာတစ်စောင် ပေးခိုင်းလိုက်တယ်"

ဗေဒါသည် ဘာမှရှင်းပြမနေဘဲ စာတစ်စောင်ထိုးပေးလိုက်ပြီး ပြန်ထွက်သွားတော့သည်။

ချန်းချင်းက ဗေဒါပေးသွားသောစာကို ဖတ်ကြည့်လိုက်သည်။

"ကျိုလိန်ဘုံကျောင်းကို လာခဲ့ပါ"

စာကား ဤမျှသာတည်း။ လိုရင်းတိုရှင်း ရေးထားသည်။

"ဒါ အမုန်းဒေဝီရဲ့လက်ချက်ပဲ ဖြစ်ရမယ်၊သိကြသေးတာပေါ့"

ချန်းချင်းသည် ကျိုလိန်ဘုံကျောင်းအား စုံစမ်းရှာဖွေကာ အရောက်သွားဖို့ ဆုံးဖြတ်လိုက်လေတော့သည်။

◆ ◆ ◆



ကျိုလိန်ဘုံကျောင်း ...။

ချန်းချင်း ဝေးဝေးမရှာရပါ။

တောအုပ်ထဲမှ ထွက်လာပြီး မကြာမီ ဘုံကျောင်းလေးတစ်ခုကို တွေ့လိုက်ရသည်။

ဘုံကျောင်းအဝင်ဝ၌ ဆိုင်းဘုတ်တစ်ခု တပ်ထားသည်။

"ကျိုလိန်ဘုံကျောင်း"

ချန်းချင်း အရောက်သွားလိုက်သည်။

ဘုံကျောင်းထဲရောက်လျှင် အမုန်းဒေဝီက အသင့်စောင့်ကြိုနေသည်ကို တွေ့ရလေသည်။

ဘုံကျောင်းထဲ၌ အမွေးတိုင်များ ဖယောင်းတိုင်များ ထွန်းညှိပူဇော်ထားသည်။

အမုန်းဒေဝီသည် ချန်းချင်းကိုမြင်လျှင် ဆီး၍ ပြောသည်၊

"ကျွန်မက အမွေးတိုင် ဖယောင်းတိုင်တွေနဲ့ ထွန်းညှိပူဇော်တတ်တဲ့လူတစ်ယောက်ဆိုရင်ကော ရှင် ချီးကျူးမလား"

သူမသည် လူတိုင်းသတ်မှတ်ထားသလို ရက်စက်ကြမ်းကြုတ်သူတစ်ယောက်မဟုတ်ဘဲ ဘာသာတရား ကိုင်းရှိုင်းသူတစ်ယောက်သည်း ဖြစ်နိုင်သည်ဟူသောသဘောမျိုး ပြောလိုက်ခြင်းဖြစ်သည်။

"ဟား ... ဟား ... ဟား"

ချန်းချင်းက ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

"တတ်လည်း တတ်နိုင်ပါပေတယ်၊ သည်မှာ မင်းဘာတွေလုပ်လုပ်၊ ကျုပ်က မင်းကို ဘယ်တော့မှ အထင်ကြီးမှာမဟုတ်ဘူးဆိုတာ မှတ်ထားပါ၊ သွေးစွန်းတဲ့လက်ဟာ ဘယ်တော့မှ မသန့်ရှင်းဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



အမုန်းဒေဝီ စိတ်ပျက်သွားသည်။

"ဒါဆို ဒုက္ခပဲ၊ ကျွန်မကလည်း ရှင်အထင်ကြီးလာအောင် လုပ်ထားတာ အမုန်းပဲရှင့်"

ချန်းချင်းက ...

"နေစမ်းပါဦး၊ ကျုပ်ကို ဘာကြောင့် ဒုက္ခပေးချင်ရတာလဲ ပြောပါဦး၊ ကျုပ်က မင်းကို ကူညီခဲ့တာပဲ မဟုတ်လား၊ ကျုပ်ကို မုန်းတီးစရာအကြောင်း မရှိဘူးထင်တယ်၊ မင်းလုပ်ရပ်ကို ပြန်စဉ်းစားပါဦး၊ ကူညီတဲ့လူကို သက်သက်ဒုက္ခရောက်အောင် လုပ်နေတာပဲ"

"ဟုတ်ပါတယ်လေ၊ ရှင့်ကို မုန်းတီးစရာအကြောင်း မရှိပါဘူး ရှင်ကူညီခဲ့တာကိုလည်း ကျွန်မ မမေ့ပါဘူး၊ ကျွန်မအပေါ် ရှင် စေတနာထားတာ ကူညီတာကို ကျေးဇူးတင်မိပါတယ်၊ ရှင့်ကို မိတ် ဆွေတစ်ယောက်လို ရင်းရင်းနှီးနှီး ဆက်ဆံချင်တယ်၊ ခက်တာက ကျွန်မဒုက္ခပေးတယ်လို့ ရှင်ထင်နေတာပါပဲ"

"မင်း ဒုက္ခပေးလို့ လူတွေက အထင်မှားနေကြပြီလေ"

"ကျွန်မက ခင်မင်ချင်တာ ဒုက္ခပေးတာ မဟုတ်ပါဘူး"

"တော်ပါတော့ ဆက်မပြောပါနဲ့တော့"

အမုန်းဒေဝီ၏ကစားများ တဝဲလည်လည် ဖြစ်နေခြင်းကြောင့် ချန်းချင်း အော်လိုက်သည်။ သူ အတော်စိတ်ကုန်သွားသည်။

ဤသည်ကိုပင် အမုန်းဒေဝီက သဘောကျနေသည်။ သူ ရယ်မောလိုက်ပြီး ...

"ကဲ ... ရှင်လည်း ပင်ပန်းနေပါပြီ၊ စကားပြောရတာလည်း မောနေလောက်ပြီ၊ အနားယူပြီး တစ်ခုခု စားသောက်လိုက်ပါဦးရှင်"



ထိုအခါမှ စားပွဲတစ်လုံးပေါ်၌ စားသောက်ဖွယ်ရာများ ပြင် ဆင်ထားသည်ကို တွေ့ရလေသည်။

ချန်းချင်းက အမုန်းဒေဝီကို တစ်ချက်ကြည့်လိုက်သည်။

အမုန်းဒေဝီက ပြုံးနေသည်။

သူမ၏မျက်လုံးများလည်း အရောင်တဖိတ်ဖိတ် တောက်ပြောင် နေသည်။

သူမ၏အသွင် ထူးခြားနေသည်။

မည်သို့ဆိုစေ မျက်လုံးချင်းဆုံမိသည်နှင့် ချန်းချင်း၏ဒေါသ စိတ်များ ပျောက်ကွယ်သွားကာ ရင်ထဲတွင် အေးမြသွားသကဲ့သို့ ခံစားလာရသည်။

အမုန်းဒေဝီ၏ ညှို့ယူဖမ်းစားခြင်းကို ခံလိုက်ရသကဲ့သို့ ရှိ နေသည်။

"ခဏလောက် အနားယူလိုက်ပါဦးလားရှင်၊ ကျွန်မ တကယ် စေတနာနဲ့ ပြောတာပါ၊ အားလုံးကို ခဏလောက် မေ့ထားလိုက်ပါ"

အမုန်းဒေဝီသည် ချန်းချင်း၏လက်ကို အသာဆွဲခေါ်သွား သည်။

ချန်းချင်း မရုန်းမိချေ။

အံ့ဩစရာကောင်းအောင်ပင် အမုန်းဒေဝီဆွဲခေါ်ရာနောက်သို့ လိုက်ပါသွားမိလေတော့သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

# ကတိဝန်ခံချက်

ဘုံကျောင်းလေးထဲ၌ အေးမြနေသည်။

ဘုံကျောင်းထဲ၌ အမုန်းဒေဝီတို့နှစ်ယောက်သာ ရှိနေသည်။

အမုန်းဒေဝီသည် အလွန်ထူးခြားသော အမျိုးသမီးတစ်ယောက် ဖြစ်ရကား ဘုံကျောင်းလေး၌ နေထိုင်သူမတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်နေရသည့် အကြောင်းရင်းကို ချန်းချင်း မမေးတော့ပါ။

ဘုံကျောင်းသည် သူမ၏အိမ်တော့ မဖြစ်နိုင်ပါ။

အမုန်းဒေဝီကလည်း အိမ်ရှင်မကောင်းတစ်ယောက်ပမာ ချက်ပြုတ်ကျွေးမွေးပြုစုပြီး ပို၍ ကြည့်ကောင်းအောင် ပြင်ဆင်ထားသည်။

သူမသည် ရက်စက်ကြမ်းကြုတ်သော မိန်းမဆိုးတစ်ယောက် ဖြစ်သည်ဟုပြောရန်ပင် ခက်ခဲနေလေသည်။

ချောမောလှပပြီး သဘောမနောကောင်းသော အိမ်ရှင်မကောင်း တစ်ယောက်ပမာ ဖြစ်နေသည်မှာလည်း မယုံနိုင်စရာကောင်းလှသည်။

"ရှင် ဘာဖြစ်လို့ သည်လောက်တောင် စိုက်ကြည့်နေတာလဲ"



အမုန်းဒေဝီက နူးညံ့သိမ်မွေ့သော လေသံဖြင့် ဟီးတိုးမေး လိုက်လေသည်။

ချန်းချင်းက ...

"မင်း ဘာကြောင့် သည်လောက်တောင် ရက်စက်ကြမ်းကြုတ် နေရတာလဲလို့ တွေးနေတာပါ"

"ကျွန်မ ..."

"ဟုတ်တယ်"

"ကျွန်မ ရက်စက်ကြမ်းကြုတ်တယ်ဆိုတာ လူတွေကလည်း ကျွန်မအပေါ် ရက်စက်ကြမ်းကြုတ်ခဲ့ကြတာကိုး၊ အတုံ့အလှည့်ပေါ့"

ချန်းချင်း၏မျက်ခုံးများ မြင့်တတ်သွားသည်။ သူ မယုံနိုင်ချေ။

"ကျုပ်သိရသလောက် လူတိုင်းလူတိုင်းဟာ မင်းနာမည်ကြားတာနဲ့ ကြောက်ရွံ့နေကြတယ် ဆိုတာပဲ"

"အဲဒါ ကျွန်မ ရက်ရက်စက်စက် လုပ်ပြလို့ပေါ့၊ သည်လိုမှလုပ်ခဲ့ဘူးဆိုရင် ဘယ်သူက ကျွန်မကို ကြောက်ရွံ့ထိတ်လန့်ကြဦးမှာလဲ ပြောပါဦး"

အမုန်းဒေဝီ ပြန်မေးလိုက်သည့်မေးခွန်းကို ချန်းချင်း မဖြေနိုင်ဘဲ ဖြစ်သွားသည်။

အမုန်းဒေဝီက ...

"ကျွန်မဟာ မိန်းမသားတစ်ယောက်ပါရှင်၊ လှလှပပ ဝတ်စားချင်တယ်၊ ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်း နေချင်တယ်၊ လူဆိုးဘဝကို ဘယ်ရောက်ချင်မှာလဲရှင်"

"မင်းသာ အစကတည်းက အေးအေးချမ်းချမ်း နေခဲ့မယ်ဆိုရင် လူဆိုးဖြစ်လာမှာ မဟုတ်ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်းက စောဒက တတ်လိုက်သည်။

အမုန်းဒေဝီက ...

"အေးအေးချမ်းချမ်းနေခဲ့လို့ သည်ဘဝရောက်ရတာပါရှင်"

"မင်း ..."

နှစ်ယောက်သား စကားများများပြောလိုက်သည်နှင့် လိုရာမရောက်တော့ဘဲ အဆင်မပြေ ဖြစ်လာကြလေတော့သည်။

ချန်းချင်းသည် သူတစ်ခွန်း ကိုယ်တစ်ခွန်း မပြောလိုတော့သဖြင့် ပါးစပ်ပိတ်ထားလိုက်ရသည်။

အမုန်တော့ အယူအဆချင်း ဆန့်ကျင်ဘက်ရှိနေသူများဖြစ်၍ ရုတ်တရက် အဆင်မပြေ ဖြစ်နေကြခြင်းပင်။

အမုန်းဒေဝီက ပြေရာပြေကြောင်း ရှင်းပြသည်။

"ကျွန်မ ရှင့်ကို စကားကပ်ဖဲ့ပြီး ပြောနေတာ မဟုတ်ပါဘူး၊ ကျွန်မ ကြုံတွေ့ခဲ့ရတဲ့ ခံစားချက်ကို ပြောပြတာပါရှင်"

"လူတွေက မင်းကို ရက်စက်ခဲ့တာကြောင့် မင်းက လူတွေအပေါ် ပြန်ပြီးရက်စက်ခဲ့တယ်လို့ ပြောချင်တာလား"

"ဒါ အမုန်ပဲရှင့်၊ ဒီစကားကို ကျွန်မ ပြောသင့်တာပါ"

"ဪ ... လူတွေရက်စက်ခဲ့လို့ မင်း တော်တော်ဒုက္ခရောက်ခဲ့တယ် ဆိုပါတော့"

"ဟုတ်ပါတယ်၊ ကျွန်မရဲ့ဒုက္ခကို ဘယ်သူမှ ခံစားနားလည်နိုင်စွမ်းရှိမှာ မဟုတ်ပါဘူး၊ ကျွန်မရဲ့ ဘဝတစ်ခုလုံး ပျက်စီးခဲ့ရတယ် ဆိုပါတော့ရှင်"

ချန်းချင်းသည် အမုန်းဒေဝီ၏စကားကို နားထောင်ရင်း မျက်မှောင်ကြုတ်သွားသည်။



အမုန်းဒေဝီ၏လေသံမှာ အလွန်ဝမ်းနည်းကြေကွဲသည့် လေသံမျိုး ဖြစ်နေသည်။ သူမ၏ ခံစားချက်ကို မည်သူကမျှ ဝေမျှခံစားနိုင်ခြင်းမရှိပါဆိုသည့် လေသံမျိုး ဖြစ်နေသည်။

သူမ ဟန်ဆောင်လိမ်ညာခြင်းမဟုတ်ဘဲ အတည်ပြောနေသည့် သဘောမျိုး ရှိသည်။

အမုန်းဒေဝီက ...

"ကျွန်မအပေါ်မှာသာ သူတို့ မရက်စက်ခဲ့ကြဘူးဆိုရင် သိပ်ကောင်းမှာပဲ၊ ကျွန်မလည်း ပျော်ပျော်ရွှင်ရွှင် နေနိုင်တာပေါ့၊ အခုတော့ ..."

သူမ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။

ချန်းချင်း ငေးကြည့်နေသည်။

အမုန်းဒေဝီမှာ ပရိယာယ်များလှသဖြင့် ယုံကြည်ရန် ခက်ခဲလှခြင်းကြောင့် ဖြစ်သည်။ ချန်းချင်းကိုယ်တိုင် သိုင်းလောကအတွေ့အကြုံ နုနယ်သည်ဟု ယူဆခဲ့ပြီ မဟုတ်ပါလော။

"ကျွန်မအကြောင်း ရှင် မသိချင်ဘူးလား ... ဟင်"

"မင်းကကော ပြောမှာမို့လား"

ချန်းချင်းက ပြန်မေးလိုက်သည်။

အမုန်းဒေဝီသည် ပါးပြင်ပေါ်မှ မျက်ရည်စများကို သုတ်လိုက်သည်။

သူမ အသက်ပြင်းပြင်းရှူရှိုက်လိုက်ပြီးမှ ဖြည်းညင်းစွာ ပြောလိုက်လေသည်။

"ကျွန်မ အမုန်းဒေဝီဖြစ်လာပြီး အားလုံးကြောက်ရွံ့မုန်းတီးရတဲ့ဘဝရောက်မှ ကျွန်မကို ကြင်နာသနားပြီး ကူညီချင်တဲ့လူ

www.burmeseclassic.com

www.burmeseclassic.com



ရှင်တစ်ယောက်ပဲ ရှိသေးတယ်၊ ရှင်နဲ့ကျွန်မနဲ့က ဆန့်ကျင်ဘက်ဖြစ်နေပေမယ့် ရှင့်ကို အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်လို သဘောထားပြီး ပြောပြပါ့မယ်"

ချန်းချင်းကလည်း အသာငြိမ်နေလိုက်လေသည်။

အမုန်းဒေဝီက သူမ၏ဘဝကို စတင်ပြောပြလေသည်။

✦ ✦ ✦

"ကျွန်မဟာ ဆင်းရဲတဲ့ လယ်သမားမိသားစုက မွေးဖွားလာခဲ့တာပါ၊ မိသားစုများတော့ စားဝတ်နေရေးအတွက် လူတိုင်း အလုပ်လုပ်ရပါတယ်၊ ကျွန်မ အရွယ်ကလေးရပြီး အလုပ်လုပ်နိုင်တာနဲ့ လယ်ပိုင်ရှင်သူဌေးကြီးဆီမှာ အစေအပါးလုပ်ခဲ့ရပါတယ်၊ ကံဆိုးချင်တော့ ကျွန်မအဖေဟာ လယ်တောထဲမှာ မြွေကိုက်လို့ သေဆုံးသွားခဲ့တယ်၊ အမေဟာ နောက်အိမ်ထောင် ပြုလိုက်တယ်၊ ကျွန်မရဲ့ အစ်ကိုမောင်နှမတွေလည်း ပထွေးနှိပ်စက်တာနဲ့ ထွက်ပြေးပြီး တစ်တပြား ဖြစ်သွားတာ သေတယ်ရှင်တယ်တောင် မသိရတော့ပါဘူး သည်ကနေ့အထိ ပြန်မတွေ့ရတော့ဘူး"

သူမ၏ဘဝဇာတ်ကြောင်းမှာ စကတည်းက ယဉ်သလိုဆိုသည့် မျိုး ဖြစ်နေသည်။ စိတ်သက်သာရာ မရနိုင်ပါ။

သူမ၏ ဘဝပုံရိပ်က လက်တွေ့ကြုံခဲ့ရသည့် သူမအတွေ မည်မျှ ခါးသီးဆိုးရွားလှမည်ကို ခံစားသိရှိနိုင်ပါသည်။

အမုန်းဒေဝီကလည်း တိုတိုနှင့်လိုရင်း ပြောနေခြင်းဖြစ်သည်။

စာဖွဲ့ပြလျှင် ပြနိုင်သောက်သည်။

သို့သော် သူ စာမဖွဲ့ပါ။



"ကျွန်မ အိမ်ပြန်လို့မရတော့တာနဲ့ လယ်ပိုင်ရှင်ရဲ့အိမ်မှာပဲ နေခဲ့ရတာ၊ နောက်ဆုံး လယ်ပိုင်ရှင်က ကျွန်မကို သိမ်းပိုက်လိုက်တယ်လေ"

ချန်းချင်း သက်ပြင်းချလိုက်သည်။

အမုန်းဒေဝီ၏ဘဝမှာ သနားစရာကောင်းလှသော်လည်း သူမ ...ကြုံပြောဆိုနေခြင်းလည်း ဖြစ်နိုင်သည်ဟုတွေးပြီး ရုတ်တရက် ...ယုံ့ခဲ့။

အမုန်းဒေဝီက ...

"တစ်နေ့တော့ လူဆိုးဓားပြတွေက ဓားပြလာတိုက်တယ်၊ လယ်ပိုင်ရှင်ကို သတ်ပစ်လိုက်ကြတယ်၊ ကျွန်မကိုလည်း ဖမ်းခေါ်သွား... ဓားပြခေါင်းဆောင်က သိမ်းပိုက်ထားလိုက်ပြန်တယ်"

ချန်းချင်း ကြားဖြတ်မေးလိုက်သည်။

"ဒါနဲ့ပဲ မင်းဟာ ဓားပြတွေနဲ့ပေါင်းပြီး လူဆိုးတစ်ယောက် ...လာတော့တာပေါ့ ဟုတ်လား"

အမုန်းဒေဝီက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူးရှင့်"

"ဩော် ... မဟုတ်ဘူးလား၊ ဒါဖြင့် ဘယ်လိုဖြစ်တယ်ဆိုတာ ...ပြောပါဦး"

"ဓားပြခေါင်းဆောင်ဟာ ကျွန်မထက် အသက်နှစ်ဆယ် ...ကပ် ပိုကြီးပါတယ်၊ သူဟာ ကျွန်မကို အတော်လေးချစ်ပြီး ...လိုက်ခဲ့တယ်၊ ပျော်ရွှင်အောင် ထားခဲ့ပါတယ်"

"ဒါဆို မင်း ကံဆိုးတာမှ မဟုတ်ဘဲ၊ ကံကောင်းတာပေါ့"

အမုန်းဒေဝီ ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်မဘဝမှာ အခိုက်အတန့်လေးအားဖြင့် ကောင်းခဲ့တာပေါ့ရှင်၊ ဒါပေမယ့် ဘာမှ မကြာလိုက်ပါဘူး"

"အင်း... ဆက်ပြောပါဦး"

"ကျွန်မရဲ့ဘဝ အေးချမ်းသာယာသွားတယ်၊ ဓားပြခေါင်းဆောင်ကို ကျွန်မ အားကိုးအားထားပြုလိုက်တယ်၊ ဒါပေမယ့် တိုက်ခိုက်သတ်ဖြတ်နေတာတွေကို ကျွန်မ သဘောမကျဘူး၊ မကောင်းမှု စွန့်လွှတ်လိုက်ဖို့ ဖျောင်းဖျခဲ့တယ်၊ နောက်ဆုံး ဓားပြခေါင်းဆောင်က လက်ခံပြီး သူ့ရဲ့ ဓားပြဂိုဏ်းကို ဖျက်သိမ်းလိုက်ပါတယ်"

"သည်လိုဆိုတော့လည်း မင်းက မဆိုးပါလား"

ချန်းချင်းက ချီးကျူးလိုက်သဖြင့် အမုန်းဒေဝီ ပြုံးလိုက်သည်။ သူ သိသည်။ ချန်းချင်းသည် တကယ်စိတ်ရင်းကောင်းရှိသူ ဖြစ်သည်။

"ဓားပြဂိုဏ်းကို ဖျက်သိမ်းပြီးတော့ ဘာဆက်ဖြစ်သေးလဲ ဆက်ပြောပါဦး"

"ကျွန်မတို့ အေးအေးနေရတော့မယ် ထင်မိတာပေါ့၊ ဒါပေမယ့် ဓားပြဂိုဏ်း ဖျက်သိမ်းလိုက်တာကို မကျေမနပ်ဖြစ်နေခဲ့ကြတဲ့ လက်ထောက်ခေါင်းဆောင် လေးယောက်ရဲ့ အကောက်ကြံမှုကို ခံလိုက်ရတယ်"

"သည်လိုကိုး"

"နောက်ဆုံး ဓားပြခေါင်းဆောင် သေသွားတယ်၊ ကျွန်မလည်း လက်ထောက်ခေါင်းဆောင် လေးယောက်ရဲ့ လက်ထဲမှာ ငရဲခံခဲ့ရတာပေါ့"

ယခုတစ်ကြိမ် အမုန်းဒေဝီ မပြုံးတော့ပါ။

သူမ၏မျက်နှာ ခက်ထန်သွားပြီး ဒေါသထွက်လာပုံရှိသည်။



ချန်းချင်းပင်လျှင် အမုန်းဒေဝီ၏ ပြောင်းလဲသွားပုံကိုကြည့်ကာ ကြက်သီးဖျန်းခနဲ ထသွားလေသည်။

အမုန်းဒေဝီက ...

"လက်ထောက်ခေါင်းဆောင် လေးယောက်ဟာ တစ်နေ့တော့ ဘုရင့်ဘဏ္ဍာတော်တွေ ရလိုက်တော့ တစ်သက်စားလို့မကုန်တော့ဘူးလေ၊ သူတို့ဟာ ဆက်ပြီး ဓားပြတိုက်စရာမလိုတော့ဘူးပေါ့၊ အောင်ပွဲခံတဲ့အနေနဲ့ စားပွဲသောက်ပွဲကြီး ကျင်းပပြီး လက်အောက်ငယ်သားတွေကိုလည်း အစားအစာနဲ့ အရက်ထဲမှာ အဆိပ်ခတ်ပြီး ရှင်းပစ်လိုက်တာ ဓားပြအားလုံး ပျက်စီးသွားတာပေါ့"

"သူတို့က ဘာကြောင့် သည်လိုလုပ်ကြတာလဲ"

"သူတို့ဟာ ဘဏ္ဍာငွေတွေကို ခွဲဝေယူပြီးနောက် ဓာတ်မြှုပ်နေလိုက်ကြတော့မယ်လို့ တိုင်ပင်ထားကြတယ်လေ၊ နောက်ကြောင်းအေးအောင် ငယ်သားတွေကို နှုတ်ပိတ်လိုက်တာပေါ့၊ ကျွန်မရဲ့ ယောကျ်ား ဓားပြခေါင်းဆောင်ကို သူတို့လေးယောက် ရှင်းပစ်ခဲ့တာကို သင်ခန်းစာယူကြတယ်၊ ဒါကြောင့် လက်အောက်ငယ်သားတွေကို ရှင်းပစ်တာပေါ့"

"မင်းကကော ဘယ်လိုလုပ်ပြီး အသက်ရှင်နေတာလဲ"

"ဆက်ပြောပါမယ်ရှင်၊ ကျွန်မက သူတို့ရဲ့အကြံကို ရိပ်မိပြီး အဆိပ်မိပြီး သေချင်ဟန်ဆောင်နေလိုက်တာကြောင့် အသက်ချမ်းသာရာ ရခဲ့တာပေါ့"

အမုန်းဒေဝီ၏ ဘဝခရီးလမ်းကား ခက်ထန်ကြမ်းတမ်းလှသည်။ တော်ရုံလူဆိုလျှင် ဘဝကို အရှုံးပေးကာ မိမိကိုယ်ကိုယ် အဆုံးစီရင်သွားမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမုန်းဒေဝီကား လောကဓံကို ကြံ့ကြံ့ခံနိုင်ခဲ့သူ ဖြစ်နေသည်။

"ကျွန်မဟာ ဓားပြတွေလက်ထဲက လွတ်မြောက်လာပြီး ခြေဦးတည့်ရာကို လျှောက်သွားနေခဲ့မိတယ်၊ ကျွန်မ ဘယ်သူ့ကိုမှ အားမကိုးနိုင်ဘူး၊ အားကိုးစရာ မရှိခဲ့ဘူး၊ တွေ့တဲ့လူတိုင်းက ကျွန်မကို အထင်သေးအမြင်သေးကြတယ်၊ ဝေဖန်ကဲ့ရဲ့ကြတယ်၊ အကူအညီမပေးတဲ့အပြင် အနိုင်ကျင့်စော်ကားပြီး ဒုက္ခပေးဖို့ ကြိုးစားခဲ့ကြတာချည့်ပဲရှင့်"

အမုန်းဒေဝီသည် သူမ၏ဘဝကို စိတ်နာနာနှင့် ပြောနေသည်။ သူမ၏ မျက်နှာတစ်ခုလုံး နာကြည်းမှုအပြည့် ဖြစ်နေသည်။

ချန်းချင်းက ...

"ဒါပေမယ့် နောက်ဆုံးမှာ မင်းကို ကူညီမယ့်လူတစ်ယောက်နဲ့ တွေ့ခဲ့တာပဲ မဟုတ်လား၊ ဘဝဆိုတာ ဒီလိုပါပဲ၊ အမြဲတမ်းတော့ ဒုက္ခမရောက်နိုင်ပါဘူး"

အမုန်းဒေဝီက ရယ်ချလိုက်သည်။

အရှိုက်အသည်းလှိုက် ရယ်မောလိုက်ခြင်း ဖြစ်သည်။

ချန်းချင်း အံ့ဩသွားသလို မကျေမနပ်လည်း ဖြစ်သွားသည်။

"ကျုပ်ပြောတာ မဟုတ်ဘူးလား"

အမုန်းဒေဝီက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူးရှင့်"

"ဒါဖြင့် မင်းဘာသာ ကြိုးစားရင်း သိုင်းပညာတတ်လာတာပေါ့ ဟုတ်လား"

"သင်ပေးမယ့်လူမရှိဘဲ ဘယ်လိုလုပ်ပြီး တတ်နိုင်မှာလဲရှင်၊ လူတစ်ယောက်ဆီက ကျွန်မ သင်ခဲ့ရတာပေါ့"



"ဒါဆို အဲသည်လူက မင်းကို ကူညီတာပဲ မဟုတ်ဘူးလား၊ လောကမှာ လူဆိုးရှိသလို လူကောင်းတွေလည်း ရှိပါတယ်"

အမုန်းဒေဝီ ခေါင်းခါယမ်းလိုက်ပြန်သည်။

"မဟုတ်ဘူး၊ ကျွန်မက သူ့ကို အကြပ်ကိုင်ပြီး သင်ပေးခိုင်းတာ၊ လူတွေဟာ တကယ့်ကို ရက်စက်တာပါရှင်"

"ဟင် ..."

ချန်းချင်း ပါးစပ်အဟောင်းသား ဖြစ်သွားရတော့သည်။

အမုန်းဒေဝီက ...

"ခိုကိုးရာမဲ့ဘဝနဲ့ လမ်းပေါ်မှာလျှောက်သွားနေခဲ့ရတာ တစ်နေ့တော့ အဘွားအိုတစ်ယောက်က ကျွန်မကို ကူညီမယ်ဆိုပြီး ခေါ်သွားတယ်၊ သူ့ရဲ့အိမ်ကိုလည်းရောက်ကော ကျွန်မကို အမျိုးမျိုး နှိပ်စက်တော့တာပါပဲ၊ သူက သိုင်းပညာတတ်တယ်၊ အဆိပ်ပညာလည်း ကျွမ်းကျင်တယ်၊ သူ့ရဲ့ အဆိပ်ပညာနဲ့ သိုင်းပညာလေ့ကျင့်ရာမှာ ကျွန်မကို လေ့ကျင့်ခံပစ္စည်းတစ်ခုလို သဘောထားပြီး အမျိုးမျိုး မ်းသပ်တော့တာပါပဲ"

အဘွားအိုက လက်ဝါးသိုင်းကိုလေ့ကျင့်လျှင် သူမအား လက် းဖြင့် မညှာမတာ ရိုက်နှက်တတ်ပုံ၊ အဆိပ်ပညာ လေ့ကျင့်လျှင် အဆိပ်အမျိုးမျိုးကို တိုက်ကျွေးခြင်း၊ အဆိပ်လက်နက်ပုန်းပစ် လေ့ကျင့်သည့်အခါ ပစ်မှတ်တစ်ခုကဲ့သို့ အသုံးပြုခြင်းခံရပုံ စသည် သည်ဖြင့် လူမသန်စွာ နှိပ်စက်ခံခဲ့ရပုံများကို ပြောပြရှာသည်။

ချန်းချင်း ယူကြုံးမရ ဖြစ်မိလေသည်။

"မင်းရဲ့ဘဝက သည်လောက်တောင် ဆိုးဝါးခဲ့တာပဲလား"

အမုန်းဒေဝီက အံကြိတ်၍ ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဟာ အရာရာကို မုန်းတီးနာကြည်းတဲ့စိတ် မမွေးမြူ နိုင်ခဲ့ဘူးဆိုရင် အနှိပ်စက်ခံရတာနဲ့ သေသွားနိုင်လောက်ပါတယ်၊ ကျွန်မရဲ့ မုန်းတီးရွံ့ရှာတဲ့စိတ်က ခွန်အားတွေဖြစ်လာတယ်၊ ဘယ် ဒုက္ခမျိုးကမှ ကျွန်မကို ဒူးထောက်အညံ့ခံအောင် မလုပ်နိုင်တော့ဘူး"

ချန်းချင်းက သက်ပြင်းချလိုက်သည်။

အမုန်းဒေဝီက ဆက်ပြောသည်။

"တစ်နေ့တော့ ကျွန်မဟာ အဘွားအိုအလစ်မှာ သူ့ရဲ့အဆ နဲ့ပဲသူ့ကို ပြန်ခတ်လိုက်တယ်၊ အဘွားအို အဆိပ်မိသွားတော့ တစ်ကိုယ်လုံး ကြိုးနဲ့တုပ်ထားလိုက်တယ်၊ ကျွန်မအလှည့်ရောက်လာ တော့ ကောင်းကောင်းကြီး ပြန်ဆုံးမနိုင်ခဲ့တာပေါ့၊ သိုင်းပညာရှိရင် ကိုယ့်ကိုယ်ကို ကာကွယ်နိုင်မယ့်အပြင် ဘယ်သူ့ကိုမှလည်း ကြောက် စရာမလိုဘူးဆိုတာ ကျွန်မသိနေပြီ၊ ဒါကြောင့် အဘွားအိုကို ဖမ်း ဆီးချုပ်နှောင်ထားပြီး သိုင်းပညာ သင်ခိုင်းခဲ့တာ၊ ကျွန်မနှိပ်စက်တာ ကို မခံနိုင်တဲ့အဆုံး သိုင်းပညာသင်ပေးရတော့တာပေါ့"

သူမသည် အဘွားအိုအားနှိပ်စက်ကာ သိုင်းပညာသင်ပေး အဓမ္မခိုင်းစေခဲ့သည့်အကြောင်း ပြောပြသောအခါ သူမသည်လွန်စွာ သဘောကျကျေနပ်နေပုံ ရသည်။ လွန်စွာ အားရပါးရ ရှိလှသည် ထိုအချိန်က သူမ ကျေနပ်နေပုံကို ချန်းချင်းပင် မြင်ယောင်မိသည်။

"ကျွန်မမှာ အတွေ့အကြုံရှိနေပြီဆိုတော့ သူ သင်ပေးတဲ့ သိုင်းကွက်တွေနဲ့ အဆိပ်လက်နက်ပုန်းပစ်ပညာကို ကျွန်မဘာသာ ထပ်ပြီး မွမ်းမံလိုက်တယ်လေ၊ အားရကျေနပ်ပြီဆိုမှ အဘွားကြီးကို ရှင်းပစ်လိုက်တာပေါ့"

ချန်းချင်း လက်ကာပြလိုက်သည်။



"မင်းရဲ့ဘဝကို ထပ်မပြောပါနဲ့တော့ ကျုပ် သဘောပေါက်ပြီ"

"ရှင် ဘာကိုသဘောပေါက်တာလဲ"

"အဘွားအိုကို သတ်ပစ်လိုက်ပြီးတဲ့နောက် သိုင်းလောကထဲ ရောက်လာပြီး အမုန်းဒေဝီဘွဲ့ထူးကို ရခဲ့တဲ့အကြောင်းလေ၊ မင်း မပြောလည်း ကျုပ် ခန့်မှန်းလို့ရပါပြီ၊ ဆက်မပြောပါနဲ့တော့"

အမုန်းဒေဝီသည် ချန်းချင်း၏စကားကြောင့် ရယ်မောလိုက် လေတော့သည်။

ချန်းချင်းက ...

"မင်း ဒုက္ခရောက်ခဲ့လို့ လူတွေကို မုန်းတီးတယ်ဆိုတာ ကျုပ် လက်ခံနိုင်ပါတယ်၊ ဒါပေမယ့် မင်းရဲ့လုပ်ရပ်တွေက တရားလွန်နေပြီ၊ သဘာဝမကျပါဘူး"

"ဘာရှင့် ..."

"မင်း မကျေနပ်ဘူးဆိုရင် မင်းကို ဒုက္ခပေးခဲ့တဲ့လူတွေကို ဆုံးမပေါ့၊ ဘာကြောင့် မဆိုင်တဲ့လူတွေကို ဒုက္ခပေးချင်ရတာလဲ၊ တခြားလူတွေလည်း ကိုယ့်ကိစ္စနဲ့ကိုယ်ပါ၊ မင်းက လိုက်သတ်နေတော့ အားလုံး ဝရန်းသုန်းကား ဖြစ်သွားတာပေါ့"

အမုန်းဒေဝီက ...

"ကျွန်မက ဘယ်သူ့ကို ဒုက္ခပေးလို့လဲ"

"လူတွေကို မင်း လိုက်ပြီးဒုက္ခပေးနေတာ ကျုပ်မတွေ့ဘူး ထင်နေလို့လား"

"ဘာလဲ၊ ဆရာကြီးစွန်းဟိုတို့လူစုကို ပြောနေတာလား"

"ဟုတ်တယ်လေ ... ကျုပ် မျက်မြင်ကိုယ်တွေ့ပဲ၊ မင်း ဘာ ပြောမလဲ"

www.burmeseclassic.com

www.burmeseclassic.com



အမုန်းဒေဝီက တခစ်ခစ် ရယ်မောလိုက်သည်။

"ကျုပ် ရယ်စရာပြောနေတာ မဟုတ်ဘူး"

ချန်းချင်းက စိတ်တိုတိုနှင့် ပြောလေသည်။

"ကျွန်မကလည်း ရှင့်ကို လှောင်ပြောင်နေတာ မဟုတ်ပါဘူး ရှင်၊ သိုင်းဆရာကြီး စွန်းဟိုတို့လူစုက ကျွန်မကို ဒုက္ခပေးဖို့ ကြိုးစားခဲ့ကြတာပဲ မဟုတ်လား၊ ဒါကြောင့် သူတို့ကို ဆုံးမလိုက်တာလေ၊ ကျွန်မ ဘာမှမလုပ်ဘဲ လက်ပိုက်ကြည့်နေမယ်၊ ခေါင်းငုံ့ခံနေမယ် ဆိုရင် ကျွန်မကို ချမ်းသာပေးမှာလားရှင်"

ချန်းချင်းက ...

"ဒါဖြင့် အမုန်းဒေဝီဆိုတဲ့ ဘွဲ့ထူးရလောက်အောင် မင်း ဆိုးသွမ်းခဲ့တဲ့ တခြားကိစ္စတွေကိုကော မင်း ဘယ်လိုပြောမလဲ"

"ကျွန်မကို ဒုက္ခပေးတဲ့ လူတွေပဲလေ၊ ကျွန်မက တွေ့တဲ့လူ တိုင်းကို လိုက်သတ်နေတဲ့ လူသတ်သမား မဟုတ်ပါဘူး၊ ကျွန်မကို ထိခိုက်ရန်စလာတဲ့လူ မှန်သမျှတော့ ကျွန်မက လွှတ်မပေးဘူး"

"လူတိုင်းက မင်းကို ဒုက္ခပေးခဲ့ကြတယ် ဆိုပါတော့"

"စိတ်ချပါ၊ ကျွန်မကို ဒုက္ခပေးတဲ့လူတွေကိုပဲ ကျွန်မက ဒုက္ခ ပြန်ပေးခဲ့တာပါ၊ လူကောင်းတွေကို ဒုက္ခမပေးပါဘူး"

အမုန်းဒေဝီသည် ချန်းချင်းအား စိုက်ကြည့်လိုက်လေသည်။

"ကျွန်မ ပြောစရာတစ်ခုပဲ ရှိတယ်၊ ကျွန်မကို ကူညီခဲ့တဲ့လူ ကတော့ ရှင်တစ်ယောက်တည်းပဲ ရှိခဲ့တာပါရှင်"

ချန်းချင်း ပခုံးတွန့်လိုက်သည်။

"မင်းဟာ အမုန်းဒေဝီဖြစ်မှန်းသိရင် ကျုပ် မကူညီခဲ့ပါဘူး"

"ဘာပဲဖြစ်ဖြစ် ကျွန်မကို ကူညီခဲ့တာ ကျေးဇူးတင်ပါတယ်"



အမုန်းဒေဝီ အလေးအနက် ပြောနေခြင်းဖြစ်၍ ချန်းချင်းက ...

"မင်းကိုကူညီခဲ့လို့ ကျုပ် ဒုက္ခရောက်ရပြီ"

အမုန်းဒေဝီက ...

"ဒါကြောင့် သိုင်းလောကသားတွေဟာ မုန်းတီးဖို့ကောင်းတယ် လို့ ပြောတာပေါ့၊ သူတို့ဟာ မှန်တယ် မှားတယ်၊ ကောင်းတယ် ဆိုးတယ် ဘာမှ မဝေခွဲဘဲ သူတို့သဘောမကျတာနဲ့ ရန်သူတို့သတ် မှတ်လိုက်ကြတာပဲ မဟုတ်လား၊ ရှင်ဘယ်သူလဲ၊ ကျွန်မနဲ့ဘယ်လို ပတ်သက်သလဲ သူတို့ ဘာမှတွေးကြတာမှ မဟုတ်တာ"

"မင်းနဲ့အတူ ရှိနေမှတော့ ကျုပ်ကိုလည်း လူဆိုးဓားပြတစ် ယောက်လို့ ထင်သွားကြတော့မှာပေါ့၊ ဘာထူးမှာလဲ၊ မင်းကို ကျုပ် ပုံပြင်တစ်ခု ပြောပြမယ်၊ အဲဒီပုံပြင်က ..."

လယ်သမားကြီးတစ်ဦးသည် သူ့စပါးခင်းများကို ကြိုးကြာများ လာရောက်စားသောက် ဖျက်ဆီးကြသဖြင့် တစ်နေ့သောအခါ၌ ငှက် ထောင်ချောက်များ ထောင်ဆင်လိုက်လေသည်။ ထို ငှက်ထောင်ချောက် တစ်ခုတွင် ကြိုးကြာများကိုမမိဘဲ ငှက်ကျားကြီးတစ်ကောင်ကိုသာ မိခဲ့သည်။

လယ်သမားကြီးက ထိုငှက်ကျားကြီးကို သတ်ပစ်မည်ပြုလုပ် သောအခါ ငှက်ကျားကြီးက တောင်းပန်စကား ဆိုသည်။ သူ့တွင် မိဘအိုကြီးများရှိကြောင်း ထိုမိဘအိုကြီးများကို သူ ရှာဖွေကျွေးမွေး နေပါကြောင်း၊ သူသည် မိုက်မဲဆိုးသွမ်းသူတစ်ဦး မဟုတ်ပါကြောင်း များကို ပြောပြသည်။

လယ်သမားကြီးက ...

"နင်ဟာ ကောင်းချင်ကောင်းမယ်၊ သန့်စင်ချင် သန့်စင်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



မိဘကိုလုပ်ကျွေးချင်လုပ်ကျွေးမယ်၊ နင်တစ်ကောင်တည်း ငါ့ဆီလာပြီး စပါးတောင်းရင် ငါ ပေးလိုက်မယ်၊ အခုတော့ နင်တစ်ယောက်တည်း လာတာမဟုတ်ဘူး၊ ငါ့စပါးခင်းကို အမြဲတမ်း ဖျက်ဆီးခိုးစားနေတဲ့ ကြိုးကြာတွေနဲ့ နင့်ကို အတူတူ တွေ့ရတယ်၊ သူခိုးတွေနဲ့ အတူတူ တွေ့ရတဲ့သူဟာ သူခိုးပဲ၊ နင် ငါ့ကို ဘာမှဆင်ခြေပေးမနေနဲ့တော့"

လယ်သမားကြီးဟာ ကြိုးကြာသူခိုးတွေနဲ့ ပေါင်းသင်းနေတဲ့ ငှက်ကျားကြီးကို နောက်ဆုံး၌ သတ်ပစ်လိုက်လေသည်။

ချန်းချင်းက ...

"အဲဒီပုံပြင်လိုပါပဲ၊ မင်းနဲ့အတူ တွေ့နေရတော့ ကျုပ်ကိုလည်း ဘယ်လူကောင်းလို့ ထင်ကြတော့မလဲ"

အမုန်းဒေဝီက ...

"ရှင်က ရှင်းပြဖို့ ဆရာကြီးစွန်းယိုအိမ်ကို လိုက်သွားသေးတယ် မဟုတ်လား၊ သူတို့ လက်ခံကြသလား ပြောပါဦး"

ချန်းချင်း ဘာမှမပြောနိုင်အောင် ဖြစ်သွားလေသည်။

စွန်းယို၏သား စွန်းရှောင်နှင့် ဟာကျိုတို့သည် သူ့အား ရှင်းပြခွင့်ပင် မပေးဘဲ တိုက်ခိုက်ခဲ့ကြသည် မဟုတ်ပါလား။

အမုန်းဒေဝီသာ အချိန်မီ ဝင်ရောက်ကူညီခဲ့ခြင်း မရှိလျှင် ကျိန်းသေအခက်ကြုံရမည် ဖြစ်ပါသည်။ သိုင်းလောကသားများသည် အဖြစ်မှန်ကို စဉ်းစားတွေးခေါ်ချင့်ချိန်ခြင်း လုံးဝ မရှိကြပေ။

ချန်းချင်း တွေးတောနေစဉ် အမုန်းဒေဝီ၏စကားသံ ထွက်ပေါ်လာသည်။

"ဘာပဲဖြစ်ဖြစ်၊ ဆရာကြီးစွန်းယို သတိပေးသွားတာကိုတော့ ရှင် အလေးအနက်ထားသင့်တယ်"



ချန်းချင်းက ...

"ကျုပ် ဘာကို အလေးအနက်ထားရမှာလဲ"

အမုန်းဒေဝီက

"ရှင့်ရဲ့ မေတ္တာရှင်ဓားသိုင်းနဲ့ ပတ်သက်လို့ပေါ့၊ ရှင့်ကြောင့် ...ယ်သူမှ မထိခိုက်စေရဘူး၊ သေကြေဒဏ်ရာရတာမျိုး မဖြစ်စေချင် ...းဆိုတာကိုပေါ့၊ ရှင် ပြုပြင်သင့်တယ်၊ သိုင်းလောကထဲမှာ သည် ...တိုင်း ဆက်သွားနေရင် တစ်နေ့မဟုတ်တစ်နေ့ ဒုက္ခရောက်မှာ ...ချာတယ်"

ချန်းချင်း အငေါ်တူးလိုက်သည်။

"ကျုပ် ဒုက္ခရောက်တော့ကော ဘာအရေးလဲ၊ မင်းနဲ့ ဘာဆိုင် ...လဲ"

"ဆိုင်တာပေါ့၊ ကျွန်မတို့နှစ်ယောက်က မိတ်ဆွေတွေ ဖြစ် ...ကြပြီလေ"

"ဘာ ..."

အမုန်းဒေဝီ ပြုံးလိုက်လေသည်။

"လူတိုင်းကလည်း ကျွန်မတို့နှစ်ယောက်ဟာ မိတ်ဆွေတွေလို့ ...င်မှတ်နေကြပြီပဲရှင့်"

ချန်းချင်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူ ... မဟုတ်ဘူး ... မင်းဟာ ကျုပ်ရဲ့မိတ်ဆွေ ...တ်ဘူး၊ မင်းကို မိတ်ဆွေတစ်ယောက်အဖြစ် လက်မခံနိုင်ဘူး"

ခါးခါးသည်းသည်း ငြင်းဆန်လိုက်ခြင်းကြောင့် အမုန်းဒေဝီ ...်နှာ ညှိုးသွားလေသည်။

"ကျွန်မကို သည်လောက်တောင်ပဲ မုန်းတီးနေပြီလားရှင်၊

www.burmeseclassic.com

www.burmeseclassic.com



လောကမှာ ကျွန်မကို ဂရုစိုက်မယ့်လူ၊ အဖော်ပြုပြီး ဖေးမညှာနိုင်မယ့်လူ တစ်ယောက်မှ မရှိတော့ဘူးပေါ့”

“မင်းက …”

ချန်းချင်း အော်ပြောရန် ဟန်ပြင်လိုက်ပြီးမှ စကားတစ်ပိုင်းတစဖြင့် ရပ်တန့်သွားသည်။

အမုန်းဒေဝီမှာ ခါးသီးသောဘဝကို ဖြတ်သန်းခဲ့ရသူ ဖြစ်သည်။

ကြုံတွေ့ခဲ့ရသော ဆိုးဝါးလှသော ဖြစ်ရပ်များကြောင့် လောကကြီးအား မုန်းတီးနေသူ၊ ရက်စက်ကြမ်းကြုတ်နေသူ ဖြစ်လာခဲ့သည် မဟုတ်ပါလား။

သူမအား ကူညီဖေးမမည့် မိတ်ဆွေများသာ ရှိခဲ့မည်ဆိုလျှင် ယခုလိုဘဝမျိုး ရောက်နိုင်စရာအကြောင်း မရှိပါချေ။

အမုန်းဒေဝီက ညည်းတွားလိုက်သည်။

“နောက်ဆုံးတော့ ရှင်ကိုယ်တိုင်လည်း ကျွန်မကို မုန်းတီးနေတာပဲ မဟုတ်လားရှင်၊ ဘာမှ မထူးတော့ပါဘူး အားလုံးဟာ အတူတူတွေပါပဲ”

ချန်းချင်း၏ ဒေါသစိတ်များ ပျောက်ကွယ်သွားတော့သည်။

အမုန်းဒေဝီအတွက်လည်း စိတ်မကောင်းဖြစ်လာသည်။

သူ စိတ်ထိခိုက်သွားပေပြီ။

“ကျုပ်က မင်းကို မုန်းတီးနေတာ မဟုတ်ပါဘူး”

သူသည် ထိုစကားကိုသာ ပြောမိတော့သည်။

အမုန်းဒေဝီက …

“ဒါဖြင့် ကျွန်မကို ဘာကြောင့် မိတ်ဆွေအဖြစ် လက်မခံနိုင်ရတာလဲရှင်”



“မင်းဟာ လူကောင်းတစ်ယောက်မှ မဟုတ်ဘဲ၊ မင်းနဲ့ မိတ်ဆွေအဖြစ် ပေါင်းသင်းနေမယ်ဆိုရင် ကျုပ်ကိုလည်း လူဆိုးတစ်ယောက်လို့ ထင်ကုန်ကြမှာပေါ့”

အမုန်းဒေဝီက …

“ကျွန်မဟာ လူကောင်းတစ်ယောက်ဆိုရင်ကော”

ချန်းချင်းက လေးနက်စွာ ပြောလေသည်။

“လူကောင်းတစ်ယောက် ဖြစ်နေမှတော့ ဘာပြောစရာ လိုဦးမှာလဲ၊ လောကမှာ လူကောင်းသူကောင်းတွေ အများကြီးပါ”

“ရှင် လက်ခံနိုင်တတော့ပေါ့နော်”

ချန်းချင်း ခေါင်းညိတ်လိုက်သည်။

အမုန်းဒေဝီ၏ မျက်နှာ ပြုံးရွှင်သွားသည်။

“ကျွန်မ လူကောင်းတစ်ယောက် ဖြစ်ချင်လိုက်တာရှင်”

ချန်းချင်း ရင်ထဲလှုပ်ရှားသွားသည်။

ယခုအချိန်တွင် အမုန်းဒေဝီသည် ရက်စက်ကြမ်းကြုတ်သူ တစ်ယောက်အသွင်မျိုး မရှိတော့ဘဲ အားကိုးရာမဲ့နေသူတစ်ယောက်ဘဝမှာ ပြောင်းလဲနေတော့သည်။

အမုန်းဒေဝီအား ဒုက္ခပေးခဲ့သူများသာရှိခဲ့ပြီး ကူညီစောင့်ရှောက်မည့်သူ မရှိခဲ့ပါ။

အကယ်၍ တယောက်ယောက်က စေတနာမှန်ဖြင့် ကူညီဖေးမစောင့်ရှောက်သွားမည်ဆိုပါလျှင် …

ချန်းချင်း၏ ဦးခေါင်းထဲ အတွေးတစ်ခု ဝင်ရောက်လာသည်။

“မင်းက တကယ်ပဲ လူကောင်းတစ်ယောက် ဖြစ်ချင်နေတာလား”

www.burmeseclassic.com

www.burmeseclassic.com



အမုန်းဒေဝီ ခေါင်းညိတ်လိုက်သည်။

"ဖြစ်ချင်တာပေါ့ရှင်"

"လူကောင်းဖြစ်ချင်ရင် သည်လိုနေလို့တော့ မရဘူး၊ အများလက်ခံအောင် ကြိုးစားရမှာပေါ့"

အမုန်းဒေဝီ သက်ပြင်းချလိုက်သည်။

"သည်ကိစ္စဟာ အပြောလွယ်ပေမယ့် လက်တွေ့လွယ်မယ် မထင်ပါဘူးရှင်"

"မလွယ်ဘူးထင်ပြီး မကြိုးစားဘူးဆိုရင် ဘာထူးလာမှာလဲ"

အမုန်းဒေဝီက ချန်းချင်းအား စိုက်ကြည့်လိုက်လေသည်။

"ရှင်က ထူးလာမယ်ထင်လို့လား"

"ကြိုးစားကြည့်ရင်တော့ ထူးခြားလာမှာပေါ့"

ဤတွင် ချန်းချင်းမှာ မမျှော်လင့်သောစကားကို ကြားလိုက်ရလေတော့သည်။

"ကောင်းပြီ ... ကျွန်မ ကြိုးစားကြည့်မယ်"

ချန်းချင်းသည် သူ၏စကားကို လက်ခံလိုက်သဖြင့် အမုန်းဒေဝီအား မယုံနိုင်သောအကြည့်ဖြင့် ကြည့်လိုက်လေတော့သည်။

✦ ✦ ✦



## အခန်း (၈)

## • ရန်ကြွေး

ချန်အန်းမြို့သည် အနောက်ဘက်အတော်ဝေးဝေး၌ ကျန်ရစ်ခဲ့ပြီ ဖြစ်ပါသည်။

ချန်းချင်းနှင့် အမုန်းဒေဝီတို့သည် အန္တရာယ်များလှသော ချန်အန်းမြို့အား ကျောခိုင်းထွက်ခွာလာခဲ့ကြသည်။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် နားလည်မှုရရှိခဲ့ကြသော ဘုံကျောင်းလေးမှာလည်း ကျန်ရစ်ခဲ့ပြီ ဖြစ်ပါသည်။

စွန်းရှောင်၊ ဟာကျိုတို့လူစုနှင့်ဝေးအောင် ထွက်လာခဲ့ကြသော်လည်း လောလောဆယ် ဘယ်ကိုသွားရမှန်း ချန်းချင်း မသိသေးချေ။

ချန်းချင်းသည် သိုင်းပညာသင်ကြားပြီး အများအကျိုးဆောင်ရွက်ရန်၊ အတွေ့အကြုံရှာဖွေရန် သိုင်းလောကထဲသို့ ဆင်းလာခဲ့ခြင်း မဟုတ်ပါလား။

သိုင်းလောကအကျိုး၊ အများအကျိုးဆောင်ရွက်ဖို့မှလွဲပြီး အခြားရည်ရွယ်ချက် မရှိခဲ့ပေ။

www.burmeseclassic.com



အမုန်းဒေဝီကလည်း ဘယ်သွားမည် ဘယ်လာမည် မပြောချေ။ နှစ်ယောက်သားမှာ ခြေဦးတည့်ရာ ထွက်လာခဲ့ကြသလို ဖြစ်နေတော့သည်။

သို့ဖြင့် ခြံဝင်းကြီးတစ်ခုအနီးသို့ရောက်ရှိသွားကြသောအခါ ...

"ရပ်လိုက် ..."

ဟန့်တားသံနှင့်အတူ ခြံဝင်းထဲမှ အစောင့်အကြပ်များ ထွက်လာကြသည်ကို တွေ့လိုက်ရသည်။

အစောင့်တို့သည် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြပြီး ခက်ထန်ကြမ်းတမ်းသော ရုပ်သွင်သဏ္ဌာန်မျိုး ရှိနေကြသည်။

ချန်းချင်းနှင့် အမုန်းဒေဝီတို့ ခြေလှမ်းရပ်လိုက်ကြသည်။

အစောင့်တို့၏ ခေါင်းဆောင်ဖြစ်ဟန်ရှိသူက ချန်းချင်းတို့အား သင်္ကာမကင်းသောအကြည့်ဖြင့် ခြေဆုံးခေါင်းဆုံး အကဲခတ်ပြီး မေးမြန်းစုံစမ်းလိုက်သည်။

"မင်းတို့ ဘယ်သူတွေလဲ၊ သည်ကို ဘာလာလုပ်ကြတာလဲ"

ချန်းချင်းက ...

"ကျုပ်တို့က ခရီးသည်တွေပါဗျာ၊ တောလမ်းကဖြတ်လာရင်း သည်ဘက်ကို ရောက်လာကြတာပါ"

ထိုလူက ...

"မင်းတို့ကို ငါ မယုံဘူး၊ သူဌေးကြီးဟိုကို နှောင့်ယှက်ဖို့ လာခဲ့ကြတာ မဟုတ်လား"

"ဗျာ ..."

"သူဌေးကြီးဟိုကို မားပြတိုက်ဖို့ ကြိုးစားတဲ့လူတွေကို ငါတို့ ဘယ်လိုဆုံးမခဲ့တယ်ဆိုတာ မင်းတို့ မသိသေးဘူးထင်တယ်"



ချန်းချင်းက ...

"မိတ်ဆွေ ... ခင်ဗျား အထင်မှားနေပြီ၊ ကျုပ်တို့ဟာ ခရီးသည်တွေပါ၊ သည်နေရာကို မမျှော်လင့်ဘဲ ရောက်လာကြတာပါဗျာ"

အမုန်းဒေဝီက ဘာမှဝင်မပြောဘဲ မျက်မှောင်ကြုတ်ကာ ကြည့်နေသည်။

သူမသည် စိတ်မြန်လက်မြန်ရှိပြီး တိုက်ခိုက်ဖို့ကို ဘယ်တော့မှ ဝန်လေးသူမဟုတ်ပါ။ တိုက်ခိုက်သည့်အကျင့်သည် သူမ၏ဘဝတွင် အလေ့အကျင့်ဖြစ်နေပေပြီ။

ယခုလည်း အစောင့်ခေါင်းဆောင်၏ အပြောအဆိုမှာ မောက်မာလှသဖြင့် ကြည့်မရတော့ဘဲ တိုက်ခိုက်လိုက်လျှင် ခက်မည်ဟု ချန်းချင်းတွေးမိသည်။

ထို့ကြောင့် ...

"မင်း လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားချင်တယ်ဆိုရင် စိတ်ထိန်းမှဖြစ်မယ်"

ချန်းချင်းက တီးတိုးသတိပေးလိုက်လေသည်။

အစောင့်ခေါင်းဆောင်ဘက်လှည့်၍ တောင်းပန်လိုက်သည်။

"သည်လမ်းက ဖြတ်သွားတာကို မကြိုက်ဘူးဆိုရင်လည်း ကျုပ်တို့ နောက်ကြောင်းလှည့်ပြန်သွားပါ့မယ်ဗျာ၊ ခွင့်ပြုပါ"

အမုန်းဒေဝီကိုလည်း လှမ်းပြောလိုက်သည်။

"ညီမ ကျုပ်တို့သွားကြစို့"

အမုန်းဒေဝီက ပြုံးလိုက်သည်။

ချန်းချင်းသည် သူမ၏စိတ်တွင် ဖြစ်နေသည့်သဘောကို သိပြီး စိုးရိမ်ပူပန်နေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သူမအပေါ် စေတနာထားပုံကိုတွေးပြီး ကျေနပ်စွာ ပြုံးလိုက်မိခြင်း ဖြစ်သည်။

အမှုန်းဒေဝီ၏အပြုံးကြောင့် ချန်းချင်း ကြောင်အမ်းအမ်းဖြစ်သွားပါသည်။

အစောင့်ခေါင်းဆောင်က သူတို့အား မောင်းထုတ်လိုက်သည်။

"သူဌေးကြီးဟို အပန်းဖြေအနားယူဖို့ ရောက်လာတော့မယ်၊ မင်းတို့ မသွားသေးဘူးလား၊ ဘာလုပ်နေကြတာလဲ"

ခြံဝင်းအတွင်း၌ ခမ်းနားသော အဆောက်အဦးကြီးတစ်ခုရှိသည်။ ပန်းပင်များ မြက်ခင်းများနှင့် ရေကန်၊ တောင်တုတို့နှင့် အလှဆင်ထားသည်ကို အပြင်ဘက်မှပင် တွေ့မြင်နေရသည်။

ကျိုကျိုတက် ချမ်းသာကြွယ်ဝသူတစ်ဦး ပိုင်ဆိုသည့်ခြံဝင်းနှင့် အဆောက်အဦးကြီး ဖြစ်ပုံရသည်။

သူဌေးကြီးဟိုဆိုသူ အနားယူအပန်းဖြေသည့်နေရာ ဖြစ်သည်။

ချန်းချင်းနှင့် အမှုန်းဒေဝီတို့ လှည့်ထွက်သွားရန် ဟန်ပြင်လိုက်သည်။

"ခွပ်ခွပ် ... ခွပ်ခွပ်"

"ခွပ်ခွပ် ... ခွပ်ခွပ်"

မြင်းခွာသံ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်။

မြင်းလှည်းတစ်စီးမောင်းနှင်လာနေသည်ကို တွေ့လိုက်ရသည်။

ချန်းချင်းတို့ ရုတ်တရက် ထွက်မသွားဖြစ်တော့ဘဲ ရပ်ကြည့်နေစဉ် မြင်းလှည်းမှာ ခြံဝင်းရှေ့သို့ ရောက်ရှိလာသည်။

မြင်းလှည်းပြတင်းပေါက်မှ လူတစ်ယောက် ခေါင်းပြူကြည့်လာသည်။



"ဘာဖြစ်နေတာလဲ"

မြင်းလှည်းမောင်းသမားက မေးမြန်းရင်း ဆင်းလာသည်။

အစောင့်ခေါင်းဆောင်က ဦးညွှတ်လိုက်သည်။

"လူစိမ်းတွေ သည်ဘက်ကိုရောက်လာလို့ မောင်းထုတ်နေတာပါ ကိုယ်ရံတော်လေး"

မြင်းလှည်းသမားသည် ချန်းချင်းနှင့် အမှုန်းဒေဝီတို့အား မျက်မှောင်ကြုတ်၍ ကြည့်သည်။

"ဒါဟာ သီးသန့်နေရာတစ်ခုကွ၊ မင်းတို့ ဘယ်လိုသဘောနဲ့ လာခဲ့ကြတာလဲ"

ကိုယ်ရံတော်လေးဆိုသူက လှမ်းပြောလိုက်သည်။

ချန်းချင်းက ...

"ကျုပ်တို့ ခရီးသည်တွေပါဗျာ"

"မင်းတို့နှစ်ယောက် သူဌေးကြီးဟိုဝမ်းကို ဒုက္ခပေးဖို့ လာခဲ့တာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူးဗျာ"

မြင်းလှည်းမောင်းသမားသည် အနက်ရောင်ဝတ်ဆင်ထားပြီး ခါး၌ဓားတစ်လက်ကို ချိတ်ဆွဲထားသည်။

ထိုလူသည် မြင်းလှည်းမောင်းသမားသက်သက် မဟုတ်ဘဲ ကိုယ်ရံတော် သိုင်းသမားတစ်ယောက် ဖြစ်နေသည်။

သူ၏မျက်လုံးများက ရက်စက်ကြမ်းကြုတ်ဖို့ရန် ဝန်မလေးသူဖြစ်ကြောင်း ဖော်ပြနေသည်။

"သည်နေရာကို ဖြတ်သန်းမလာရဘူးလို့ ဆိုင်းဘုတ်ချိတ်ဆွဲ

www.burmeseclassic.com



ထားတာကို မင်းတို့ မတွေ့ခဲ့ကြဘူးလား၊ ပြောစမ်းပါဦး၊ မင်းတို့ မျက်စိတွေ ဘာဖြစ်နေလို့လဲ"

"ဗျာ ..."

ချန်းချင်း အံ့သြသွားသည်။

အမုန်းဒေဝီကို ကြည့်လိုက်မိသည်။

အမုန်းဒေဝီက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မတို့ စကားတပြောပြောနဲ့ လာခဲ့ကြတာ သတိမထားမိကြဘူးလေ"

ကိုယ်ရံတော်က ...

"သတိပေးဆိုင်းဘုတ် ရှိပါလျက်နဲ့ သတိမပြုမိဘူး မတွေ့မိဘူးလို့ ဆင်ခြေပေးလို့ ဘယ်ရမလဲ၊ သူဋ္ဌေးကြီးဟိုဝမ်း ချမ်းသာကြွယ်ဝတာကို လူတိုင်းသိကြတယ်၊ ဒါကြောင့် အခွင့်အရေးရတာနဲ့ လုယက်ချင်သူတွေ မနည်းဘူး"

"ကျုပ်တို့က ..."

"မင်းတို့ကို ဖမ်းခေါ်သွားရလိမ့်မယ်"

ချန်းချင်းနှင့် အမုန်းဒေဝီတို့ အချင်းချင်း ကြည့်လိုက်မိကြသည်။

အမုန်းဒေဝီက အံကြိတ်ပြီးမေးလိုက်သည်။

"ကျွန်မတို့ကို ဖမ်းခေါ်သွားနိုင်တဲ့ အရည်အချင်းရှိလို့လား။ ဖမ်းချင်တယ်ဆိုရင် အစွမ်းရှိရလိမ့်မယ်"

"စိတ်ချ ..."

ကိုယ်ရံတော်လေးက တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။



ထိုစဉ် ...

"ဘာဖြစ်နေတာလဲဟေ့ ..."

မြင်းလှည်းပေါ်မှ လှမ်းမေးသံ ထွက်ပေါ်လာသည်။

ကိုယ်ရံတော် ဦးညွတ်လိုက်သည်။

"မသင်္ကာစရာကောင်းတဲ့ လူနှစ်ယောက်ကို တွေ့နေရလို့ပါ သူဋ္ဌေးကြီး ..."

"ဘယ်သူတွေလဲ"

မြင်းလှည်းပြတင်းပေါက်၌ ကာရံထားသော ခန်းစီးလှပ်ရှားသွားပြီး လူတစ်ယောက် ခေါင်းပြူကြည့်လာသည်။

သူဋ္ဌေးကြီးဟိုဝမ်း ဖြစ်လေသည်။

သူဋ္ဌေးကြီးဟိုဝမ်းပသည် ချန်းချင်းတို့အား တစ်ချက်အကဲခတ်လိုက်ပြီး အမိန့်ပေးလိုက်သည်။

"ရှုပ်ရှုပ်ယှက်ယှက်တွေ ငါ မကြိုက်ဘူး၊ ခရီးပမ်းလို့ ငါ မောပန်းနေပြီ၊ အနားယူချင်နေပြီ၊ ဘာမဟုတ်တဲ့လူတွေနဲ့ အချိန်ကုန်ခံချင်နဲ့၊ သူတို့ကို လွှတ်ပေးလိုက်၊ မြို့ဝင်းထဲဝင်ရအောင်"

သူဋ္ဌေးကြီးသည် ခန်းဆီးကိုပြန်ဆွဲပိတ်ထားလိုက်သည်။

ကိုယ်ရံတော်က ချန်းချင်းတို့အား လက်ဝှေ့ယမ်းပြလိုက်သည်။

"မင်းတို့ ကံကောင်းသွားတယ်၊ သူဋ္ဌေးကြီး စိတ်ကောင်းဝင်နေတုန်း သွားပေကြတော့"

"ကျေးဇူးတင်ပါတယ်"

ချန်းချင်းက ကျေးဇူးတင်ကြောင်းပြောပြီး ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

အမုန်းဒေဝီက ထွက်သွားဖို့ မစဉ်းစားဘဲ မလှုပ်မယှက် ရပ်နေသည်။

ချန်းချင်းက အမုန်းဒေဝီအား လှမ်းပြောလိုက်သည်။

"ညီမ ကျုပ်တို့ သွားကြမယ်လေ"

အမုန်းဒေဝီက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မသွားနိုင်သေးဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"သူ့ကို ဆုံးမရဦးမယ်"

သူဌေးကြီးဟိုဝမ်းရှိနေသည့် မြင်းလှည်းသို့ ညွှန်ပြလိုက်သည်။

ချန်းချင်း နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ညီမက ..."

အမုန်းဒေဝီသည် ချန်းချင်းအား လုံးဝအမှုမထားဘဲ မြင်းလှည်းဆီသို့ လှမ်းသွားလိုက်သည်။

"ဒါက ဘယ်လဲ"

ကိုယ်ရံတော်က ဟန့်တားလိုက်သည်။

အမုန်းဒေဝီက ...

"ဘေးဖယ်လိုက်စမ်း ..."

လက်ဝှေ့ယမ်းကာ တွန်းထုတ်လိုက်သည်။

ကိုယ်ရံတော် ဒေါသထွက်သွားသည်။

"မင်းတို့က သူဌေးကြီးကို ဒုက္ခပေးချင်တယ် ဟုတ်လား၊ သိကြသေးတာပေါ့"



ခါ မှဓားကို ခြွမ်းခနဲမြည်အောင် ဆွဲထုတ်ကာ ဝှေ့ယမ်းတိုက် က်လိုက်သည်။ သူတိုက်ခိုက်ပုံမှာ လျင်မြန်လှသည်။

အမုန်းဒေဝီ မည်သို့မှမလှုပ်ရှားမီ တိုက်ခိုက်ခြင်းဖြစ်သည်။

သူ၏ဓားဆွဲထုတ်ပုံ တိုက်ခိုက်ပုံမှာ လျှပ်ပြက်သကဲ့သို့ လျင် န်လှသည်။

ထိပ်တန်းဓားသမားတစ်ယောက်ဖြစ်ပြီး လူသတ်ဖို့ ဝန်မလေး ူဖြစ်ကြောင်း ပေါ်လွင်နေသည်။

ချန်းချင်း မျက်လုံးများပြူးသွားသည်။

ကိုယ်ရံတော်၏ လက်ချက်ဖြင့် အမုန်းဒေဝီ ဒုက္ခရောက်တော့ ည်ဟု ထင်မိလိုက်သည်။

သို့သော် အမုန်းဒေဝီသည် လုံးဝ အမှုမထားဘဲ ခန္ဓာကိုယ်ကို မ်းနွဲ့ကာ ရှောင်တိမ်းလိုက်သည်။

သူမ၏လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်နှင့် ...

"ဝှစ် ... ဝှစ် ... ဝှစ်"

လက်နက်ပုန်းကလေးများ တရစပ်ပစ်လွှင့်သွားရာ ကိုယ်ရံ ာ် အထိတ်တလန့်ဖြစ်သွားလေသည်။

"ယား ..."

ညာသံပေးရင်း ဓားဝှေ့ယမ်းကာ လက်နက်ပုန်းကလေးများ ို ရိုက်ထုတ်ပစ်လိုက်သည်။

အမုန်းဒေဝီသည် ကိုယ်ရံတော် နောက်ဆုတ်လိုက်သည်ကို ခွင့်ကောင်းယူကာ ရှေ့တိုးသွားလိုက်သည်။

ချန်းချင်းက အော်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီမ ... မင်း ဘာတွေလျှောက်လုပ်နေတာလဲ"

အမုန်းဒေဝီက အမှုမထားတော့ပါ။

မြင်းလှည်းဆီသို့ ဆက်ပြီး လှမ်းသွားလိုက်သည်။

"ယား ..."

ကိုယ်ရံတော်နှင့် ခြံဝင်း၌ စောင့်ကြပ်နေသော အစောင့်အကြပ်များက ဝိုင်းဝန်းတိုက်ခိုက်ကြတော့သည်။

ချန်းချင်း အော်ပြောလိုက်သည်။

"မိတ်ဆွေတို့ မှားနေကြပါပြီ၊ ကျုပ်တို့ဟာ ဒုက္ခပေးမယ့်လူတွေ မဟုတ်ပါဘူးဗျာ"

မည်သူကမှ သူ့အား ဂရုမစိုက်တော့ပါ။

အမုန်းဒေဝီကိုသာ သဲကြီးမဲကြီး ဝိုင်းရံတိုက်ခိုက်ကြတော့သည်။

အမုန်းဒေဝီသည်လည်း မြင်းလှည်းအနီးသို့ ချဉ်းကပ်မသွားနိုင်တော့ဘဲ ကိုယ်ရံတော်တို့လူစုနှင့် ရင်ဆိုင်လိုက်သည်။

အခြေအနေ ရှုပ်ထွေးသွားလေသည်။

"ဝုန်း ..."

"အား ..."

"အမယ်လေး ..."

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

အမုန်းဒေဝီ၏လက်ချက်ဖြင့် အစောင့်သိုင်းသမားများ ဖရိုဖရဲ ဖြစ်သွားကြသည်။

အမုန်းဒေဝီ၏ လှုပ်ရှားမှုမှာ ကိုယ်ရံတော်၊ သိုင်းသမားနှင့် အစောင့်များထက် လျင်မြန်၏။ လျှပ်ပြက်သကဲ့သို့ပင်တည်း။



ကိုယ်ရံတော်သည်လည်း အမုန်းဒေဝီအား ကြာရှည်မယှဉ်နိုင်အောင် ဖြစ်သွားသည်။

ကိုယ်ရံတော်တို့လူစု အခြေအနေမဟန် ဖြစ်နေကြချိန်တွင် ...

"ငါ့ကို စော်ကားရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး"

ကျယ်လောင်သော စကားသံနှင့်အတူ မြင်းလှည်းတံခါးပွင့်သွားပြီး သူဌေးကြီးဟိုဝမ်း ဆင်းလာလေသည်။

"သေဖို့ပြင်ထား ..."

အမုန်းဒေဝီက ကိုယ်ရံတော်၏ လက်ထဲမှဓားကို လုယူပြီး ပစ်ပေါက်လိုက်လေသည်။

ချန်းချင်း မျက်လုံးပြူးသွားသည်။

အမုန်းဒေဝီသည် အကြောင်းမရှိဘဲ သူဌေးကြီးဟိုဝမ်းအား သတ်ပစ်ဖို့ ကြိုးစားနေပြီ မဟုတ်ပါလား။

"မင်း ဘယ်ဆိုးလို့လဲ"

သူဌေးကြီးဟိုဝမ်းသည် ချီးကျူးစကားပြောပြီး လွင့်ပျံလာသည့်ဓားကို အသာအယာ ဖမ်းယူထားလိုက်သည်။

သူဌေးကြီးဟိုဝမ်းသည်လည်း ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

ချန်းချင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

သူဌေးကြီးဟိုဝမ်း လက်ဝေ့ယမ်းလိုက်သည်။

"နောက်ဆုတ်လိုက်ကြစမ်း ..."

ကိုယ်ရံတော်နှင့် အစောင့်သိုင်းသမားများ နောက်ဆုတ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးဟိုဝမ်း အမုန်းဒေဝီနှင့် မျက်နှာချင်း ဆိုက်သည်။

"မင်းမဆိုးဘူး၊ ကျုပ်ကို ဘာကြောင့်ဒုက္ခပေးချင်ရတာလဲ ပြောစမ်းပါဦး"

အမုန်းဒေဝီက ...

"ရှင်ဟာ သေသင့်သေထိုက်တဲ့ လူတစ်ယောက်ဖြစ်နေလို့ပေါ့"

"ဟား ... ဟား ... ဟား"

သူဌေးကြီးဟိုဝမ်း သဘောကျစွာ ရယ်မောလိုက်သည်။

သူဌေးကြီးဟိုဝမ်း လွန်စွာသဘောကျသွားသည်။

"ကျုပ်ကိုလုပ်ကြံဖို့ မလွယ်ဘူးဆိုတာ မင်း မသိသေးဘူး ထင်တယ်"

"ကိစ္စမရှိပါဘူး၊ ကျွန်မ အသက်သေချင်သေပါစေ၊ ရှင့်ကို သတ်ပစ်ဖို့ ကြိုးစားရမှာပဲ"

"နေပါဦး ... မင်းကိုကြည့်ရတာ ကျုပ်ကို အတော်မုန်းတီးနေပုံပဲ၊ ဘာကြောင့်များ ကျုပ်ကို သတ်ပစ်ချင်ရတာလဲ၊ ပြောစမ်းပါဦး"

သူဌေးကြီးဟိုဝမ်း မျက်မှောင်ကြုတ်ကာ နားမလည်နိုင်စွာ မေးလိုက်သည်။

အမုန်းဒေဝီက ရှေ့တိုးလိုက်လေသည်။

"ကျွန်မကို သေသေချာချာကြည့်ပါဦး၊ မမှတ်မိတော့ဘူးလား"

"မင်းက ဘယ်သူလဲ"

"ရှင်တို့ ခေါင်းဆောင်ရဲ့ဇနီး 'လျူချင်ခင်'လေ"

"ဘာ ..."

လျူချင်ခင်ဆိုသောအမည်ကြောင့် သူဌေးကြီးဟိုဝမ်း မျက်လုံးပြူးသွားလေတော့သည်။



အမုန်းဒေဝီအား ခြေဆုံးခေါင်းဆုံး ထပ်မံအကဲခတ်ကြည့်သည်။

သူ၏မျက်နှာ တဖြည်းဖြည်းပြုံးယောင်သန်းလာသကဲ့သို့ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"လက်စသတ်တော့ မင်းကိုး ... မင်းက ငါတို့ခေါင်းဆောင်ကို တောင် စည်းရုံးသိမ်းသွင်းနိုင်ခဲ့တာပဲ၊ ငါတို့ အဆိပ်ခတ်ခဲ့တာတောင် မသေဘဲ အသက်ရှင်နေတာ အတော်ကံကောင်းတာပဲ"

အမုန်းဒေဝီအား ကောင်းစွာ မှတ်မိသွားပြီ ဖြစ်ပါသည်။

ချုန်းချင်းက ပါးစပ်အဟောင်းသားဖြင့် နားထောင်နေသည်။

သူဌေးကြီးဟိုဝမ်းပြောသည့် စကားများသည် အမုန်းဒေဝီပြောခဲ့သည့်စကားများနှင့် ဆက်စပ်မှု ရှိနေသည်။

သူမ လိမ်ပြောခဲ့ခြင်းမဟုတ်ကြောင်း နားလည်မိပြီး ရင်ထဲတွင် ဆူးခြားသော ခံစားချက်များ ဖြစ်ပေါ်လာသည်။

သူဌေးကြီးဟိုဝမ်းက ...

"မင်းက အသက်ရှင် လွတ်မြောက်ခဲ့တာတောင် အေးအေး မနေဘဲ ကျုပ်ကို ဒုက္ခပေးချင်သေးတယ် ဟုတ်လား"

အမုန်းဒေဝီက ...

"ဘယ်လိုလုပ်ပြီး အေးအေးနေနိုင်မှာလဲ၊ ရှင်တို့ လူယုတ်မာလေးယောက်ကို ဆုံးမဖို့ ကျွန်မ သိုင်းလောကထဲမှာ လိုက်ရှာနေခဲ့တာ ကြာပြီ"

"မင်းကများ ငါ့ကို ဆုံးမချင်သေးသလား"

သူဌေးကြီးဟိုဝမ်းက ဘိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သူဌေးကြီးဟိုဝမ်းသည် ဓားပြခေါင်းဆောင်... သူ့ရှေ့မှောက်

www.burmeseclassic.com

www.burmeseclassic.com



ကာ လုပ်ကြံလိုက်သည့် လက်ထောက်ခေါင်းဆောင် လေးယောက်ထဲမှ တစ်ယောက်အပါအဝင် ဖြစ်သည်။

ဘဏ္ဍာတော်များကို ယူကာ ထွက်ပြေးသွားပြီး သူဌေးကြီးတစ်ဦးဘဝဖြင့် ဖာတ်မြုပ်နေခဲ့သူ ဖြစ်လေသည်။ သူသည် သူဌေးကြီးတဖြစ်လဲကာ ဟန်ကျနေသူ ဖြစ်သည်။

လျှူခြင်ခင်တဖြစ်လဲ အမုန်းဒေဝီသည် မမျှော်လင့်ဘဲ တွေ့ဆုံမိလိုက်သဖြင့် ဒေါသကိုမထိန်းဘိုင်တော့ဘဲ တိုက်ခိုက်ရန် ကြိုးစားလိုက်ခြင်း ဖြစ်သည်။

အမုန်းဒေဝီအား တားဆီး၍မရနိုင်တော့မှန်း ချန်းချင်း နားလည်လိုက်လေပြီ။

အမုန်းဒေဝီ အံကြိတ်လိုက်သည်။

"ရှင် သေဖို့သာ ပြင်ထား"

သူဌေးကြီးဟိုဝမ်းနှင့် ရင်ဆိုင်တိုက်ခိုက်လိုက်လေတော့သည်။

◆ ◆ ◆

## အခန်း (၉)

# လမ်းခွဲ

ကိုယ်ရံတော်နှင့် အစောင့်သိုင်းသမားများက အမုန်းဒေဝီအား ဝင်ရောက်တိုက်ခိုက်နိုင်ရန် အလစ်ချောင်းနေသည်။

အမုန်းဒေဝီကား ဘာကိုမှအမှုမထားနိုင်ဘဲ သူဌေးကြီးဟိုဝမ်းနှင့် ရင်ဆိုင်လိုက်လေတော့သည်။

သူတို့၏တိုက်ပွဲမှာ ကြောက်ခမန်းလိလိ ပြင်းထန်နေသည်။

ချန်းချင်းသည် တိုက်ပွဲကိုကြည့်ရင်း အမုန်းဒေဝီအတွက် စိုးရိမ်ပူပန်လာမိသည်။

သူဌေးကြီးဟိုဝမ်း၏ သိုင်းပညာက သူမထက်သာနေသည် မဟုတ်ပါလား။

ရေရှည် တိုက်ခိုက်သွားကြမည်ဆိုလျှင် အမုန်းဒေဝီသာ အခက်ကြုံရလိမ့်မည်ဟု နားလည်မိသည်။

သူမ ဒုက္ခရောက်သွားမည်ကို မလိုလားသဖြင့် ပါဝင်ကူညီရန် ဆုံးဖြတ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

"ရှောင်နိုင်ရင် ရှောင်ပေတော့"

အမုန်းဒေဝီက အဆိပ်လက်နက်ပုန်းကလေးများဖြင့် ပစ်ခတ်လိုက်တော့သည်။

လူချင်းနီးကပ်နေသည်ဖြစ်ရာ သူဌေးကြီးဟိုဝမ်း ရှောင်တိမ်းဖို့ အခက်ကြုံသွားသည်။

"ယား ..."

ကိုယ်ရံတော်သည် ညာသံပေးကာ ပြေးဝင်လာသည်ဖြစ်ရာ သူဌေးကြီး ဟိုဝမ်းကလည်း ကိုယ်ရံတော်အား ဖျတ်ခနဲ ဆောင့်ဆွဲလိုက်ပြီး သူ၏ရှေ့၌ အကာအကွယ် သဘောမျိုး ပြုထားလိုက်လေတော့သည်။

အမုန်းဒေဝီ ပစ်လွှင့်လိုက်သည့် လက်နက်ပုန်းကလေးများသည် ကိုယ်ရံတော်အား ထိမှန်သွားလေတော့သည်။

"အား ..."

ကိုယ်ရံတော် ရှုးရှူး အော်ဟစ်လိုက်လေသည်။

"သွားစမ်း ..."

သူဌေးကြီးဟိုဝမ်းသည် ကိုယ်ရံတော်အား အမုန်းဒေဝီထံ တွန်းထုတ်လိုက်သည်။

"ဝုန်း ..."

အမုန်းဒေဝီလည်း မရှောင်နိုင်တော့ဘဲ ကိုယ်ရံတော်နှင့်တိုက်မိကာ လဲကျမလို ဖြစ်သွားသည်။

"သေပေတော့ ..."



သူဌေးကြီးဟိုဝမ်းက အမုန်းဒေဝီထံ ခုန်ဝင်သွားပြီး လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

လက်ဝါးတစ်ချက်တည်းဖြင့် အဆုံးစီရင်ဖို့ ကြိုးစားလိုက်ခြင်းဖြစ်သည်။

ဟန်ချက်ပျက်ကာ ဖရိုဖရဲဖြစ်နေသော အမုန်းဒေဝီလည်း ရှောင်တိမ်းနိုင်စွမ်း မရှိတော့ချေ။

ထိုစဉ် ...

"ရွှမ်း ..."

"ဝှစ် ..."

ဓားဆွဲထုတ်လိုက်သံနှင့်အတူ ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာလေတော့သည်။

ချန်းချင်းသည် သူဌေးကြီးဟိုဝမ်းအား တိုက်ခိုက်လိုက်၍ အမုန်းဒေဝီ ကာကွယ်သွားသည်။

သူဌေးကြီးဟိုဝမ်းသည် သူမအား လက်ဝါးဖြင့်ဆက်၍ ရိုက်ချနိုင်ခြင်းမရှိတော့ဘဲ ချန်းချင်းဘက်သို့လှည့်ကာ ရင်ဆိုင်လိုက်ရလေတော့သည်။

"ဟူး ..."

လေပွေလှိုင်းတစ်ခု ဖြစ်ပေါ်လာသည်။

သူဌေးကြီးဟိုဝမ်း ချာခနဲလှည့်ကာ ရိုက်ချလိုက်သည့် လေပွေလှိုင်းကြောင့် ချန်းချင်း၏ ဓားလမ်းကြောင်းပြောင်းသွားတော့သည်။

ချန်းချင်းသည် အမုန်းဒေဝီအား ဆက်၍ တိုက်ခိုက်ခြင်းမပြုနိုင်ရန် သူဌေးကြီးဟိုဝမ်းအား ဟန့်တားဖို့ကြိုးစားလိုက်ခြင်းမျှသာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်ဒဏ်ရာရအောင် တကယ်တမ်း တိုက်ခိုက်လိုက်ခြင်းမျိုး မဟုတ်ချေ။

သူဌေးကြီးဟိုဝမ်း၏ သိုင်းပညာမှာ အမုန်းဒေဝီထက်ကော ချန်းချင်းထက်ပါ သာလွန်နေသဖြင့် ချန်းချင်း တိုက်ခိုက်၍လည်း အရာရောက်မည် မဟုတ်ပါ။

သူဌေးကြီးဟိုဝမ်း၏ လက်ဝါးရိုက်ချက်မှ ထွက်ပေါ်လာသော လေဖွေလှိုင်းများကြောင့် ဓား၏ဦးတည်ရာလမ်းကြောင်း ပြောင်းသွားရာ သူဌေးကြီးဟိုဝမ်းအား တကယ်တမ်း ထိုးသွင်းလိုက်သကဲ့သို့ ဖြစ်သွားသည်။

ဟန်ပြဓားချက်မှ တကယ်တမ်း ထိုးသွင်းသည့်ဓားချက် အစစ်အမှန်အဖြစ်သို့ လမ်းကြောင်းပြောင်းကာ ဖြစ်ပေါ်လာ၍ သူဌေးကြီးဟိုဝမ်းကိုယ်တိုင်လည်း အထိတ်တလန့်ဖြစ်ကာ ရှောင်တိမ်းရန် ကြိုးစားလိုက်ပါသည်။

သို့သော် သူ နောက်ကျသွားလေပြီ။

"ဒုတ် ..."

"အင့် ..."

ဝမ်းဗိုက်၌ ဓားထိုးသွင်းခံလိုက်ရသဖြင့် သူဌေးကြီးဟိုဝမ်း ဒယီးဒယိုင်ဖြစ်ကာ မြေပေါ်သို့ ဒူးထောက်ကျသွားသည်။ သူ၏ဝမ်းဗိုက်တစ်ခုလုံးလည်း သွေးချင်းချင်း နီရဲသွားတော့သည်။

အမုန်းဒေဝီက ...

"သူဟာ ကျွန်မအတွက်ပဲ ဖြစ်ရမယ်"

ချန်းချင်းလက်ထဲမှဓားကို အတင်းလုယူပြီး သူဌေးကြီးဟိုဝမ်းအား ခုတ်ချလိုက်သည်။



ချန်းချင်း၏ မေတ္တာရှင်ဓားမှာ သွေးချင်းချင်း နီရဲသွားရလေတော့သည်။

✦ ✦ ✦

"ဂျိန်း ..."

မိုးခြိမ်းသံ ထွက်ပေါ်လာသည်။

တစ်မိုးလုံး မည်းမှောင်လာသည်။

ကောင်းကင်၌ လျှပ်နွယ်လျှပ်ပန်းများ ဝင်းလက်သွားသည်။

တိမ်ညိုတိမ်မည်းများ အလိပ်လိုက် အလိပ်လိုက် တက်လာသကဲ့သို့ လေပြင်းများလည်း တဟူးဟူးမြည်ကာ တိုက်ခတ်လာသည်။

ဝန်းကျင်တစ်ခုလုံး အုံ့မှိုင်းသွားကာ အေးစိမ့်မှုက လွှမ်းမိုးလာတော့သည်။

ရှေးဦးစွာ မိုးစက်မိုးပေါက်ကလေးများ ကျဆင်းလာသည်။

မိုးက တဖြည်းဖြည်းစိပ်လာသည်။

မိုးရေစက်များ အဆက်မပြတ် ကျလာသည်။

မိုးသည် မကြာမီတွင် သည်းထန်စွာ ရွာသွန်းလာတော့မည် ဖြစ်သည်။

အမုန်းဒေဝီက ကောင်းကင်ပေါ်မော့ကြည့်လိုက်လေသည်။

ညှို့မှိုင်းနေသော ကောင်းကင်ကြီးကိုကြည့်ကာ ချန်းချင်းအား ပြောလိုက်သည်။

"ကျွန်မတို့ မိုးခိုစရာ တစ်နေရာရာ ရှာဖွေမှဖြစ်မယ်"

သူမသည် ချန်းချင်း၏လက်ကိုဆွဲပြီး ပြေးလွှားထွက်ခွာသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်း၌ မီးရောင်များ လင်းလက်စွာထွက်ပေါ်နေသော အိမ်ကလေးတစ်လုံးရှိနေပါသည်။

အမှန်တော့ ထိုအိမ်ကလေးမှာ လူနေကျဲပါးသော မြို့စွန်မှ အရက်ပုန်းရောင်းသော ဆိုင်လေးဖြစ်ပါသည်။

ချန်းချင်းသည် ငူငူကြီးဖြစ်နေပြီး အမုန်းဒေဝီခေါ်ရာနောက်သို့ ပါသွားလေသည်။

နှစ်ယောက်သား ဆိုင်ထဲဝင်ရောက်သွားကြလျှင် တစ်ဆိုင်လုံး တိတ်ဆိတ်ငြိမ်သက်နေကာ အဘိုးအိုတစ်ယောက်နှင့် အနက်ရောင် ဝတ်ဆင်ထားသူ နှစ်ယောက်က စားပွဲတစ်လုံး၌ ပိုင်းဖွဲ့ထိုင်ကာ အရက်သောက်နေသည်ကို တွေ့ရသည်။

ချန်းချင်းတို့ရောက်လာသည်ကို မြင်လျှင် ဆိုင်ရှင်လူပုလေးက ခရီးဦးကြို ပြုလိုက်သည်။

"ထိုင်ကြပါ၊ ဘာများ သုံးဆောင်ကြမလဲ ပြောပါ"

ချန်းချင်းက ငူငူကြီးဖြစ်နေဆဲ။

အမုန်းဒေဝီက ...

"ဘာပဲဖြစ်ဖြစ် ရပါတယ်၊ တစ်ခုခုသာ စီစဉ်ပေးပါ"

"ကောင်းပါပြီ"

ချန်းချင်းနှင့် အမုန်းဒေဝီတို့က စားပွဲတစ်လုံး၌ နေရာယူလိုက်ကြသည်။

ယခုထက်တိုင် ချန်းချင်း စကားတစ်လုံးမှ မပြောပါချေ။

အမုန်းဒေဝီသည် ချန်းချင်း မည်သို့ခံစားနေရသည်ကို နားလည်သည်။ ချန်းချင်းသည် လူကောင်းတစ်ယောက်ဖြစ်၍ သူမ၏ ဘဝနှင့် အံဝင်ခွင်ကျ မဖြစ်နိုင်ပါ။



"ရှင် ဘာမှမတွေးဘဲနေရင် ကောင်းမယ်"

သူမက သတိပေးလိုက်သည်။

ချန်းချင်းက သူမအား စိုက်ကြည့်လိုက်သည်။

"ကျုပ် မတွေးရဘူး ဟုတ်လား၊ ဘာဖြစ်လို့ မတွေးရမှာလဲ၊ ကျုပ်ဓားမှာ သွေးစွန်းသွားပြီဆိုတာ မင်း မတွေ့ဘူးလား"

အမုန်းဒေဝီက ...

"သိုင်းလောကထဲမှာ ရှင် လိုက်စုံစမ်းကြည့်ပါလား၊ သွေးမစွန်းတဲ့ဓား ရှိသလားလို့လေ"

ချန်းချင်းက ခက်ထန်စွာ ပြောလေသည်။

"ကျုပ်က သူများ မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် ရှင်ဟာ သိုင်းလောကသားတစ်ယောက်ပဲ"

သိုင်းလောကသားဆိုလျှင် တိုက်ပွဲများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ဓားနှင့်ကစားရမည့် အကြိမ်ပေါင်းများစွာ ရှိမည်။

သူတစ်ပါးကြောင့် ထိခိုက်ရမည်ဖြစ်သလို မိမိကြောင့်လည်း သူတစ်ပါး ထိခိုက်ဒဏ်ရာရမှုများ ရှိပေလိမ့်မည်။

ထို့ကြောင့် ဘာမှ မထူးဆန်းသည့်သဘော အမုန်းဒေဝီက ပြောခြင်းဖြစ်ပါသည်။

ချန်းချင်းက ...

"ခုလိုဖြစ်ရတာ မင်း ကြိုးပမ်းမှုလို့ပဲ"

"ဩော် ..."

"ကိုယ့်ကိုယ်ကို ပြုပြင်တော့မယ်ပြောပြီး နောက်ဆုံးတော့ လူသတ်လိုက်တာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အမုန်းဒေဝီ သက်ပြင်းချလိုက်သည်။

"သူတို့လေးယောက်ကို ကျွန်မ ဘယ်တော့မှမေ့နိုင်မှာ မဟုတ်ဘူး၊ သိုင်းလောကထဲ ဆင်းလာတာဟာ သူတို့ကို ရှာဖွေဆုံးမဖို့ပဲလို့ ကျွန်မ ပြောပြီးပြီ မဟုတ်လား"

သူဌေးကြီးဟိုဝမ်းသည် ဘဏ္ဍာတော်များကို လုယက်တိုက်ခိုက်ခဲ့သည့် ဓားပြကြီးတစ်ယောက် ဖြစ်ခဲ့သည်။

အမုန်းဒေဝီကိုလည်း အမျိုးမျိုး နှိပ်စက်ခဲ့ကြသည်။

ထို့ကြောင့် သူမ အခဲမကြေနိုင်ဖြစ်ကာ သုတ်သင်ရှင်းလင်းပစ်လိုသည်မှာ မဆန်းချေ။

သို့သော် ချန်းချင်းက လက်မခံလိုပါ။

"တစ်ယောက်ကိုတစ်ယောက် ရန်ငြိုးထားပြီး လက်စားချေနေကြရင် အမုန်းသံသရာ လည်နေမှာပေါ့၊ ဘယ်မှာ ပြီးဆုံးသွားနိုင်တော့မှာလဲ၊ လူကောင်းတစ်ယောက်ဖြစ်လာအောင် ပြုပြင်မယ်ဆိုရင် ဒါတွေ ကို မေ့ပစ်လိုက်ရမှာပေါ့"

အမုန်းဒေဝီ အလျှော့မပေးပါ။ သူမ လက်မခံနိုင်ပါ။ သူမ၏ ဘဝတွင် ရန်ကြွေးပေးဆပ်ရန်မှာ အရေးကြီးပါသည်။

"ဒါဆိုရင် လူကောင်းတစ်ယောက်ဖြစ်ဖို့ ကျွန်မ မစဉ်းစားတော့ဘူး"

"ဘာ ..."

ချန်းချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

အမုန်းဒေဝီကိုလည်း မကျေမနပ် ကြည့်လိုက်သည်။

"မင်းရဲ့ဆုံးဖြတ်ချက်ကို မပြင်ဘူးဆိုရင် ကျုပ်တို့ မိတ်ဆွေဖြစ်နိုင်တော့မှာ မဟုတ်ဘူး"



သူက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

အမုန်းဒေဝီက ...

"ကျွန်မကတော့ ရှင့်ကို တစ်သက်လုံး မိတ်ဆွေတစ်ယောက်အဖြစ် သဘောထားသွားမှာပါ၊ သည်လိုပဲ ကျွန်မရဲ့ရန်သူသုံးယောက် ကျန်နေသေးတယ်၊ သူတို့ကိုလည်း သုတ်သင်ရှင်းလင်းပစ်ရမှာပါပဲ"

ချန်းချင်း ထိုင်ရာမှထလိုက်သည်။

"ကျုပ်တို့ လမ်းခွဲလိုက်ကြဖို့ပဲ ရှိတော့တာပေါ့"

အမုန်းဒေဝီက ...

"ကျွန်မကို ရှင် စိတ်ပျက်သွားမယ်ဆိုတာ ကျွန်မ နားလည်ပါတယ်၊ ကျွန်မနဲ့ အတူရှိနေရင် ရှင် ဒုက္ခရောက်မယ်၊ စိတ်ဆင်းရဲရမယ်၊ ဒါကြောင့် သွားနိုင်ပါတယ်ရှင်၊ ကျွန်မ မတားတော့ပါဘူး"

ဟန့်တားခြင်းမပြုဘဲ ခွင့်ပြုလေသည်။

ချန်းချင်း ဘာမှမပြောဘဲ ဆိုင်ထဲမှထွက်လာခဲ့တော့သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

## နှမချင်းစာနာသူ

"ဂျိန်း ... ဂျလိန်း"

"ဟူး ... ဟူး ... ဟူး"

"ဝေါ ... ဝေါ ... ဝေါ"

မိုးခြိမ်းသံ လေပြင်းတိုက်ခတ်သံ မိုးရွာသွန်းသံများက ဆူည်မြည်ဟီးနေသည်။ ဝန်းကျင်တစ်ခုလုံး အေးစိမ့်ကာ မှောင်နှင့်မည်းမည်း ဖြစ်နေသည်။

လျှပ်စီးများ တဖျပ်ဖျပ်ဝင်းလက်သွားသည့် အလင်းရောင်သာရှိနေပြီး ပတ်ဝန်းကျင်မှ သစ်ပင်များ ကျိုးတိုးကျဲတဲရှိနေသော အိမ်ကလေးများကို တွေ့နေရသည်။

ချန်းချင်းကား ဘာမှမစဉ်းစားဟော့ဘဲ ဆိုင်ထဲမှ ထွက်လာခဲ့လေတော့သည်။

မိုးရေစက်များက သူ၏တစ်ကိုယ်လုံး ရွှဲရွဲစိုသွားသည်။

တစ်ခဏအတွင်းမှာပင် ခိုက်ခိုက်တုန်အောင် အေးစိမ့်သွားသည်။ အအေးဓာတ်က လွန်စွာ ကြီးမားလှသည်။



သို့တိုင် ချန်းချင်း၏ရင်ထဲမှ အပူမီးအေးငြိမ်းသွားခြင်းမရှိချေ။

အမုန်းဒေဝီနှင့် မမျှော်လင့်ဘဲ ပတ်သက်မိခဲ့ခြင်းကြောင့် သိုင်းလောကသားများ၏ အထင်လွဲမှုကို ခံရသကဲ့သို့ သူ၏ဓားလည်း သွေးစွန်းခဲ့ရပြီ ဖြစ်ပါသည်။

အမုန်းဒေဝီကဲ့သို့သော ကြောက်စရာကောင်းသော သိုင်းသမားဆိုးတစ်ယောက်နှင့် ပတ်သက်ခြင်းမပြုသင့်ပါ။ ပတ်သက်ခဲ့ခြင်းမှာလည်း ကဲခေသည့် မိန်းကလေးတစ်ယောက်ဟု ထင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ချန်းချင်း ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားရာ အိမ်ကလေးနှင့် ခပ်လှမ်းလှမ်းသို့ ရောက်ရှိသွားသည်။

ရုတ်တရက် ခြေလှမ်းတုံ့ခနဲ ရပ်သွားကာ ရှေ့ဆက်မသွားနိုင်အောင် ဖြစ်သွားသည်။

အတွေးတစ်ခု ဝင်ရောက်လာခြင်းကြောင့် ဖြစ်သည်။

သူက အဘယ့်ကြောင့် အမုန်းဒေဝီနှင့် ပတ်သက်ခဲ့ပါသနည်း။ ရင်းနှီးခဲ့ရပါသနည်း။

ရန်သူတစ်ယောက်ဟု သဘောမထားဘဲ ကူညီဖို့ ကြိုးစားခဲ့ရပါသနည်း။

အမုန်းဒေဝီသည် ချောမောလှပသော အမျိုးသမီးတစ်ယောက်ဖြစ်နေခြင်းကြောင့်လော ...

အမုန်းဒေဝီ၏ အလှအပကို သူ စိတ်ဝင်စားခဲ့မိသည်မှာ အမှန်ပင် ဖြစ်သည်။

ထို့အပြင် သူ၏ညီမလေး 'ကြူးဆေ'သာ ယခုကဲ့သို့အဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရပါလျှင်ဟူသော ခံစားချက်ကြောင့်လည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးဝေ . . .

ချန်းချင်တွင် ကြူးဝေဆိုသော ညီမလေးတစ်ယောက် ရှိသည်။

သူ၏အတွေးများသည် အတိတ်ဆီသို့ ရောက်ရှိသွားသည်။

✦ ✦ ✦

သူဌေးကြီးကြူးယီသည် စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝပြီး ဇနီးချောလေးတစ်ယောက်ကိုလည်း ရရှိထားခြင်းကြောင့် အစစအရာရာ လိုလေသေးမရှိ ပြည့်စုံနေသည်ဟု ဆိုနိုင်သည်။

သို့သော် အသက်ကလေးရလာသည်အထိ သားသမီးရတနာ ထွန်းကားခြင်း မရှိခဲ့ချေ။ သူဌေးကြီးကြူးယီသည် နောင်ရေးအတွက် စိုးရိမ်ပူပန်လာသည်။

သူတို့ဇနီးမောင်နှံ အသက်ကြီးရင့်လာလျှင် ပြုစုစောင့်ရှောက်မည့်၊ သူ၏စည်းစိမ်ဥစ္စာများကို အမွေဆက်ခံမည့် သားသမီးရတနာ တစ်ယောက် လိုချင်သည့်ဆန္ဒ ပြင်းပြလာသည်။

နောက်ဆုံး ဇနီးမောင်နှံနှစ်ယောက် တိုင်ပင်ကာ ကလေးတစ်ယောက် မွေးစားရန် ဆုံးဖြတ်လိုက်ကြသည်။

အလွန် ဆင်းရဲနွမ်းပါးသော မိဘနှစ်ပါးမှ ပေါက်ဖွားလာပြီး မိဘများ၏ ပြုစုစောင့်ရှောက်မှုကို မခံစားရနိုင်တော့သည့် ကလေးတစ်ယောက်ကို တွေ့ရှိကာ အမွေစားအမွေခံအဖြစ် မွေးစားခဲ့သည်။

ထိုကလေးမှာ ချန်းချင်ပင် ဖြစ်ပါသည်။

ချန်းချင်အား သူဌေးကြီးကြူးယီတို့ဇနီးမောင်နှံက သားအရင်းပမာ အလွန်ချစ်ခင်မြတ်နိုးကြသည်။



ချန်းချင်၏ဘဝ ကံကောင်းသည်ဟု ဆိုနိုင်သည်။

အံ့သြစရာကောင်းသည်မှာ ချန်းချင်အား မွေးစားခဲ့ပြီး နှစ်များမကြာမီ သူဌေးကြီးကြူးယီတို့ ဇနီးမောင်နှံ၌ ရင်သွေးရတနာရှိလာခဲ့ကြခြင်း ဖြစ်သည်။

မွေးဖွားလာသောအခါ သမီးမိန်းကလေး ဖြစ်နေသည်။

'ကြူးဝေ'ဖြစ်လေသည်။

သူဌေးကြီးကြူးယီသည် ချန်းချင်နှင့် ကြူးဝေတို့နှစ်ယောက်မှာ တကယ့်မောင်နှမရင်းများဖြစ်သည်။ သူ့တို့တွင် သားတစ်ယောက် သမီးတစ်ယောက်ရှိ၍ ကျေနပ်သည်။ အရာရာပြည့်စုံပြီဟု ထုတ်ဖော်ဝင့်ကြွားခဲ့လေသည်။

သို့နှင့် ချန်းချင်နှင့် ကြူးဝေတို့သည် တဖြည်းဖြည်း ကြီးပြင်းလာခဲ့ကြသည်။

သူတို့သည်လည်း တကယ့် မောင်နှမအရင်းအခြာများပမာ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်တွယ်တာခဲ့ကြလေသည်။

ချန်းချင်သည် စာပေပညာနှင့် သူဌေးကြီးကြူးယီ၏ စီးပွားရေး လုပ်ငန်းများ စီမံခန့်ခွဲမှုကို လေ့လာသင်ယူခဲ့ရပြီး ကျွမ်းကျွမ်းကျင်ကျင် ရှိခဲ့သည်။

ထို့အပြင် ယောက်ျားတစ်ယောက်အတွက် သိုင်းပညာလည်း တတ်မြောက်ထားသင့်သည်ဟု ခံယူပြီး သူဌေးကြီးကြူးယီထံတွင် ခွင့်တောင်းကာ သိုင်းသင်တန်းကျောင်းတစ်ခု၌ သွားရောက် ပညာသင်ကြားခဲ့သည်။

သိုင်းသင်တန်းကျောင်း၌ အခြေခံပညာများ သင်ယူပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းကျောင်းမှထွက်ကာ နာမည်ရှိသည့် သိုင်းဆရာကြီးများထံ၌ တပည့်ခံပြီး ဆက်လက် ပညာရှာခဲ့သည်။

နောက်ဆုံး သူ၏ပညာပြည့်စုံပြီဟု ယူဆသောအခါ လက်တွေ့ စမ်းသပ်ရန်နှင့် အတွေ့အကြုံရှာရန်အတွက် သိုင်းလောကထဲ ဆင်းလာခဲ့သည်။

သူ၏စွမ်းဆောင်ရည်ကြောင့် နှစ်အနည်းငယ်အတွင်းမှာပင် မေတ္တာရှင်ဓားသမားဟု ကောင်းသတင်းဖြင့် ထင်ရှားလခဲ့ခြင်း ဖြစ်လေ တော့သည်။

ချန်းချင်း အိမ်သို့ပြန်မရောက်နိုင်ခဲ့သည်မှာ နှစ်အတန်ကြာခဲ့ ပြီ ဖြစ်သည်။

သိုင်းလောကထဲ လှည့်လည်၍ အတွေ့အကြုံရှာရင်း တစ်ခါ တစ်ရံ အိမ်သို့ လွမ်းဆွတ်သတိရမိသည်။

ကျေးရွာရှင် သူဌေးကြီးကြူးယိတို့ ဇနီးမောင်နှံနှင့် ညီမလေး ကြူးဝေကို လွမ်းနေမိသည်။

ကြူးဝေကြောင့် အမုန်းဒေဝီနှင့် ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ခြင်းဟု လည်း ဆိုနိုင်ပါတော့သည်။

✦ ✦ ✦

ချန်းချင်းသည် ကြူးဝေကို သတိရမိသည်။

အမုန်းဒေဝီ၏ မျက်လုံးများသည် ကြူးဝေ၏မျက်လုံးများနှင့် ခပ်ဆင်ဆင် ရှိနေသည်။

ကြူးဝေ၏အကြည့်နှင့် အမုန်းဒေဝီ၏အကြည့်သည် တစ်ခါ တစ်ရံ အလွန်ပင် ဆင်နေသည်။



ချန်းချင်း၏ ဘဝတစ်လျှောက်တွင် မိန်းကလေးများနှင့် ရင်း ရင်းနှီးနှီး နေထိုင်ဆက်ဆံခဲ့ဖူးခြင်း မရှိပါ။

ညီမလေးကြူးဝေသည်သာ အနီးကပ်ဆုံး အရင်းနှီးဆုံးဖြစ် သည်။ အမုန်းဒေဝီနှင့် ပတ်သက်လိုက်ရသောအခါ သူမ၏အလှကို စိတ်ဝင်စားမိခဲ့သော်လည်း ကြူးဝေနှင့် နှိုင်းယှဉ်ကြည့်ခဲ့ပြီး ညီမလေး တစ်ယောက်ပမာ သဘောထားမိသည်က ပိုများသည်။ သူ သိသည်။

အမုန်းဒေဝီသည် သူ့ထက် အသက်တစ်နှစ် နှစ်နှစ်ခန့် ငယ် လိမ့်မည် မဟုတ်ပါလား။

ယခုတော့ ချန်းချင်းသည် အမုန်းဒေဝီအားထားခဲ့ပြီး လက်ခွဲ လိုက်ရပြီ ဖြစ်သည်။

သူဌေးကြီးဟိုဝမ်းအား ဆုံးမပြီးသည့်နောက် ကျန်လူဆိုးသုံး ယောက်ကိုလည်း သူမ ရှာဖွေဖော်ထုတ်ကာ ဆုံးမဖို့ ကြိုးစားမည် သာ ဖြစ်ပါသည်။

သူဌေးကြီးဟိုဝမ်း၏ သိုင်းပညာက ကြောက်မက်ဖွယ်ကောင်း နေသည်။

ကျန် လူဆိုးသုံးယောက်ကော မည်သို့ရှိမည်နည်း။

ထိုလူများ၏ သိုင်းပညာသည်လည်း သူဌေးကြီးဟိုဝမ်းနှင့် မတိမ်းမယိမ်း ရှိမည်မှာ သေချာနေသည်။

အမုန်းဒေဝီအတွက် စိုးရိမ်စရာကောင်းနေသည်။

ညီမဖြစ်သူ ကြူးဝေနှင့် ချိန်ထိုးကြည့်ကာ စိတ်မချနိုင်အောင် ဖြစ်လာသည်။

"ဓားပြခေါင်းဆောင်ဟာ သူ့ကို သိမ်းပိုက်ခဲ့တယ် ဆိုပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းမွန်မွန် စောင့်ရှောက်ခဲ့တယ်၊ သူ ဖျောင်းဖျတဲ့စကားကိုနားထောင်ပြီး ဓားပြအဖွဲ့ကိုတောင် ဖျက်သိမ်းခဲ့တယ်၊ သူ့ ဘဝအတွက် အကောင်းဆုံး ကယ်တင်ရှင်ဖြစ်တဲ့အပြင် အားကိုးအားထားပြုနိုင်တဲ့လူပဲ၊ သည်လိုလူစားမျိုးကို လုပ်ကြံပစ်ပြီး သူ့ကို ငဲ့ကျွေးခဲ့တဲ့ လက်ထောက်ခေါင်းဆောင် လေးယောက်ကို သူ ဘယ်လိုလုပ်ကျေနပ်နိုင်မှာလဲ”

ချန်းချင်းသည် အမုန်းဒေဝီဘက်မှ တဖြည်းဖြည်း ရပ်တည်လာမိလေသည်။

“သူဟာ ငါ့စကားနားထောင်ပြီး လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားဖို့တောင် စိတ်ကူးခဲ့တယ်၊ သူဌေးကြီးဟိုဝမ်းကို တွေ့လိုက်ရလို့သာ စိတ်မထိန်းနိုင်အောင် ဖြစ်သွားရတာ၊ ငါ သူ့ကို ခါးခါးသီးသီး ပစ်ပယ်ထားဖို့ မသင့်ပါလား”

ပစ်ပယ်ထားလိုက်ရင် အမုန်းဒေဝီမှာ ပို၍ ဆိုးသွမ်းသွားမည်သာ ဖြစ်သည်။

သူမအပေါ်စေတနာထားသည်ဆိုလျှင် လူကောင်းတစ်ယောက်ဖြစ်လာအောင် ဖျောင်းဖျနားချပေးရမည်ဖြစ်ပြီး တတ်စွမ်းသလောက် ကူညီစောင့်ရှောက်ရမည် ဖြစ်သည်။

“သူဌေးကြီးဟိုဝမ်းဟာ သေသင့်သေထိုက်တဲ့လူတစ်ယောက်ပဲ၊ သူ့ရဲ့ လက်အောက်ကလူတွေကလည်း တိုက်ခိုက်ဖို့ ဝန်လေးကြတာမဟုတ်ဘူး၊ လူကြီးလူကောင်း ဟန်ဆောင်နေတဲ့ လူယုတ်မာဟာ အင်မတန် ကြောက်စရာကောင်းတယ်၊ သူဌေးကြီးဟိုဝမ်းကို ဆုံးမသုတ်သင်တာ မမှားနိုင်ပါဘူး”



သိုင်းဆရာကြီး စွန်းယို့ကိုယ်တိုင်က မေတ္တာရှင်ဓား၏ သဘောတရားမှာ ချို့ယွင်းချက် အားနည်းချက်များရှိကြောင်း ထောက်ပြခဲ့သည်။ အကျိုးအကြောင်း ရှင်းပြခဲ့သည်။

ထို့ကြောင့် သူ၏ဓားဦးသွေးစွန်းခဲ့ရသည်မှာ ဖြေသာနိုင်ခဲ့သည်။

ချန်းချင်း၏ မကျေနပ်စိတ်များ လုံးဝ ပျောက်ကွယ်သွားတော့သည်။

အမုန်းဒေဝီအား လူကောင်းတစ်ယောက် ဖြစ်လာအောင် ဖျောင်းဖျနားချခြင်းဖြင့် အများအတွက် အကျိုးရှိစေမည်ဖြစ်သည်ကိုလည်း ဆင်ခြင်မိသည်။

ချန်းချင်းသည် အမုန်းဒေဝီထံသို့ ပြန်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

အရက်ဆိုင်လေးဘက်သို့ ခြေဦးပြန်လှည့်လိုက်သည်။

ထိုတခဏ်အချိန်လေးမှာပင် မိုးသံလေသံကြားမှ စူးရှသောအော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၁)

## ရန်သူ့လက်တွင်း သက်ဆင်းရသူ

ချန်းချင်း ထွက်သွားလေပြီ။

အမုန်းဒေဝီသည် ဟန့်တားခြင်းမပြုသကဲ့သို့ ချန်းချင်းနောက်သို့ လိုက်သွားခြင်းလည်း မပြုချေ။

မလှုပ်မယှက် ထိုင်ကာနေရစ်ခဲ့သည်။

ချန်းချင်းသည် သူမအပေါ် တကယ့်ကို စေတနာမေတ္တာထားကာ ကူညီစောင့်ရှောက်ဖို့ ကြိုးစားနေသူဖြစ်ကြောင်း သူမ နားလည်ထားသည်။

ချန်းချင်း၏အပြုအမူ အပြောအဆိုများက သူမအား စောင့်ရှောက်မည့်သူဖြစ်ကြောင်း ဖော်ပြနေသည်။

သူမသည် ငယ်စဉ်ဘဝကတည်းက ဒုက္ခရောက်ခဲ့ရပြီး ဓားပြခေါင်းဆောင်၏လက်ထဲရောက်မှ အေးအေးချမ်းချမ်း နေခဲ့ရသည်ဟု ဆိုနိုင်ပါသည်။

သို့သော် ဓားပြခေါင်းဆောင်သည် သူမ၏အလှအပကို မက်



မောပြီး သူမအပေါ်ထားသည့် မေတ္တာမှာ ပုလောင်သောချစ်ခြင်းမျိုး ဖြစ်သည်။

သူမ၏အလှအပကို မက်မောခြင်းမရှိလျှင် သူမအား အရေးပေး အလိုလိုက်မည် မဟုတ်ချေ။

ထို့ကြောင့် ဓားပြခေါင်းဆောင်နှင့် နှိုင်းယှဉ်လျှင် ချန်းချင်းအပေါ် ပိုပြီး အလေးထား ယုံကြည်မိခြင်း ဖြစ်သည်။

ဘာမှ ရယူလိုချင်မှုမရှိဘဲ ပေးဆပ်ဖို့သာ ကြိုးစားခဲ့သော ချန်းချင်းအား သူမ သံယောဇဉ် တွယ်တာမိခဲ့လေတော့သည်။

သူမ၏ဘဝတွင် ပထမဆုံးအကြိမ် ဖြစ်ပေါ်လာသော မေတ္တာစစ် မေတ္တာမှန်ဟု ဆိုနိုင်ပါသည်။

ယခုတော့ ချန်းချင်းက သူမအား ထားပစ်ခဲ့ပြီး ထွက်သွားပြီဖြစ်ပါသည်။

အမုန်းဒေဝီ ကြေကွဲမဆုံး ဖြစ်နေရတော့သည်။

ထိုစဉ် ဆိုင်ရှင်လူပုလေးက ဓားစရာများ လာပို့၏။

ချန်းချင်းကို မတွေ့သဖြင့် အံ့သြစွာ မေးမြန်းလေသည်။

"ဟိုတစ်ယောက်ကော ... သူက မစားတော့ဘူးလား"

အမုန်းဒေဝီ မချိပြုံး ပြုံးလိုက်သည်။

"ကျွန်မကို စိတ်ကောက်ပြီး ထွက်သွားတာပါ"

လူပုလေးက ...

"မင်းကို တစ်ယောက်တည်းထားပြီး ထွက်သွားတာကိုး၊ မင်း လိုက်မသွားဘူးလား"

"ကျွန်မကို စိတ်ကောက်သွားမှတော့ လိုက်သွားလို့ ဘယ်ဖြစ်ပါ့မလဲရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မိန်းကလေးတစ်ယောက်ဆို သွားတာလာတာ သတိထားမှ ဖြစ်မယ်"

လူပုလေး၏စကားကြောင့် အမုန်းဒေဝီ မျက်မှောင်ကြုတ်သွားမိတော့သည်။

"ဘာဖြစ်လို့လဲရှင့်"

လူပုလေးက ...

"ခုတလော သည်အနီးတဝိုက်မှာ လူဆိုးဓားပြတွေ သောင်းကျန်းနေကြတယ်၊ သူဌေးကြီးဟိုဝမ်းနဲ့ သူ့ရဲ့တပည့်တွေ အသတ်ခံလိုက်ရတယ်၊ ဒါကြောင့် သွားတာလာတာ သတိထားပါကွယ်"

အမုန်းဒေဝီ မျက်နှာပျက်သွားသည်။

သူဌေးကြီးဟိုဝမ်း လုပ်ကြံခံရသည့်ကိစ္စမှာ သူမ၏လက်ချက် ဖြစ်နေသည် မဟုတ်ပါလား။

သူ့လက် သွေးစွန်းခဲ့ရသည်။ မစွန်း၍လည်း မဖြစ်ချေ။ ဟိုဝမ်းသည် သူ သတ်ရမည့် လူလေးယောက်ထဲမှ တစ်ယောက်ဖြစ်သည်။

ဆိုင်ရှင်လူပုလေးက အကြောင်းမသိဘဲ ဆက်၍ ပြောသည်။

"သူဌေးကြီးဟိုဝမ်းက ကျိုကျိုတက်ချမ်းသာတာ၊ သည်အရပ်ဒေသကလူတွေကို ပေးကမ်းစွန့်ကြဲတယ်၊ လှူဒါန်းတယ်၊ လိုအပ်တာတွေကို ကူညီထောက်ပံ့ပေးတယ်၊ တံတားပြင်တယ်၊ ကျောင်းဆောက်တယ်၊ တကယ့် သူတော်ကောင်းတစ်ယောက်ပဲ၊ လူသတ်သမားကို စိစိညက်ညက် ချေမှုန်းပစ်ဖို့ ကောင်းတယ်"

သူဌေးကြီးဟိုဝမ်းအား ရှုံ့မုန်းနေသော အမုန်းဒေဝီ ဒေါသထောင်းခနဲ ဖြစ်သွားသည်။



"သူဌေးကြီးဟိုဝမ်းက သူတော်ကောင်းလို့ ရှင့်ကို ဘယ်သူပြောသလဲ"

"ဟင် ..."

"သူ့ကို သတ်ပစ်လိုက်တဲ့ လူသတ်သမားကို စိစိညက်ညက် ချေမှုန်းပစ်ချင်တယ်ဆိုတော့ ရှင် ဘာများတတ်နိုင်လို့လဲ"

"ကျုပ် ... ကျုပ်က အကောင်းပြောတာပါ၊ မင်း ဘာကြောင့် သည်လောက်တောင် စိတ်ဆိုးသွားရတာလဲ"

လူပုလေး နားမလည်နိုင်ဘဲ ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြောကြားလေသည်။

အမုန်းဒေဝီက ...

"ဘာဖြစ်ရမလဲရှင့်၊ သူဌေးကြီးဟိုဝမ်းကို ကျွန်မ သတ်ပစ်ခဲ့လို့ပေါ့"

စိတ်မထိန်းနိုင်တော့ဘဲ ဒေါသတကြီး ပြောချလိုက်ရာ ...

"အမယ်လေးဗျာ ..."

လူပုလေးက အထိတ်တလန့်အော်ပြီး ချာခနဲလှည့်ကာ ထွက်ပြေးသွားလေတော့သည်။

✦ ✦ ✦

လူပုလေးသည် အမုန်းဒေဝီကို ကြောက်လန့်ကာ ထွက်ပြေးသွားပြီ ဖြစ်ပါသည်။

သို့သော် မလှမ်းမကမ်း၌ထိုင်ကာ စားသောက်နေကြသည့် အဘိုးအိုနှင့် အနက်ရောင်ဝတ်ထားသူနှစ်ယောက်တို့ကား ထွက်ပြေး

www.burmeseclassic.com

www.burmeseclassic.com



သွားခြင်းမပြုသည့်အပြင် ထိုင်ရာမှ ဝုန်းခနဲထရပ်ကာ အမုန်းဒေဝီ အနီးသို့ ချက်ချင်း ရောက်ရှိလာကြလေတော့သည်။

သူတို့သည် အမုန်းဒေဝီအား ကြောက်ရွံ့ခြင်းမရှိသည့်အပြင် ဝိုင်းရံထားလိုက်ကြသည်။

အမုန်းဒေဝီက ဒေါသသံဖြင့် မေးလိုက်သည်။

"ဒါက ဘာသဘောလဲ"

အဘိုးအို ပြုံးလိုက်သည်။

"မင်းကို ကျေးဇူးတင်တဲ့အကြောင်း ပြောချင်လို့ပါ"

"ဘာရှင် ..."

"ကျုပ်တို့က သူဌေးကြီးဟိုဝမ်းကို သတ်သွားတဲ့လူကို လိုက်ရှာနေကြတာ၊ မင်းက ဖွင့်ပြောလိုက်တော့ အပင်ပန်းခံစရာ မလိုတော့ဘူးပေါ့လေ"

အမုန်းဒေဝီ ရင်ထိတ်သွားသည်။

"နေပါဦး ... ရှင်တို့က သူဌေးကြီးဟိုဝမ်းနဲ့ ဘယ်လိုပတ်သက် နေလို့လဲ"

အဘိုးအိုက ...

"သူဌေးကြီးဟိုဝမ်းရဲ့ မိတ်ဆွေသုံးယောက်ဟာ သူဌေးကြီး လုပ်ကြံခံရတဲ့အတွက် အတော်ကို ဒေါသထွက်နေကြတယ်၊ တရားခံနဲ့ပတ်သက်ပြီး သတင်းပေးနိုင်ရင် ဆုငွေတစ်သောင်း၊ လက်ရဖမ်းဆီးပေးနိုင်မယ်ဆိုရင် ဆုငွေတစ်သိန်းပေးမယ်လို့ ကြေညာထားတာကြောင့် ကျုပ်တို့လည်း တရားခံဖမ်းဖို့ စိတ်ဝင်စားခဲ့ကြတာပါ"

အမုန်းဒေဝီ အခက်ကြုံသွားလေတော့သည်။



သူဌေးကြီးဟိုဝမ်းအား သုတ်သင်နိုင်ခဲ့သော်လည်း နောက်ဆက်တွဲ ပေါ်ပေါက်လာမည့် အန္တရာယ်များနှင့် ရင်ဆိုင်ရတော့မည် မဟုတ်ပါလား။ ကြမ်းကျွံလျှင် နှုတ်၍ရသည်။ စကားကျွံလျှင်ကား နှုတ်၍မရဟူသည့်စကားမှာ မှန်ကန်လှသည်။

ဒေါသဖြင့် မဆင်မခြင် ပြောမိလိုက်ခြင်းက ပြဿနာကို ဖိတ်ခေါ်လိုက်သကဲ့သို့ ရှိနေတော့သည်။

အဘိုးအိုက ...

"မိန်းကလေး ... ကျုပ်တို့နောက်ကို အေးအေးဆေးဆေး လိုက်ခဲ့ရင်ကောင်းမယ်"

အမုန်းဒေဝီ ခေါင်းခါယမ်းလိုက်သည်။

"ဘယ်ဖြစ်ပါ့မလဲရှင်"

သူမအား အလွယ်တကူခေါ်သွားနိုင်မည် မဟုတ်မှန်း အဘိုးအိုက သိထားသည်။

ထို့ကြောင့် အဘိုးအိုက ...

"ကဲ ... သူ့ကို ဖမ်းလိုက်စမ်း"

အနက်ရောင် ဝတ်ထားသူနှစ်ယောက်အား အမိန့်ပေးလိုက်လေသည်။

အနက်ရောင်ဝတ်ထားသူ နှစ်ယောက်ကလည်း ချက်ချင်းပင် ရှေ့တိုးကာ အမုန်းဒေဝီအား တိုက်ခိုက်လိုက်ကြလေတော့သည်။

မိုးသံလေသံ ဆူညံနေသဖြင့် တိုက်ခိုက်သံများကို အပြင်ဘက်မှ ရုတ်တရက် ကြားနိုင်မည် မဟုတ်ချေ။

"ဟိတ် ..."

www.burmeseclassic.com

www.burmeseclassic.com



အမုန်းဒေဝီလည်း ထိုင်ရာမှခုန်ထကာ အနက်ရောင်ဝတ်ထားသူ နှစ်ယောက်အား ပြန်လည်ရင်ဆိုင်လိုက်သည်။

ထိုလူနှစ်ယောက်သည် ဝဲယာတစ်ဖက်တစ်ချက်မှနေ၍ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်ကြခြင်း ဖြစ်သည်။

တစ်ယောက်က လက်သီး၊ တစ်ယောက်က လက်ဝါး မတူညီသော သိုင်းပညာနှစ်ရပ် အသုံးပြုလိုက်ကြသဖြင့် အမုန်းဒေဝီ အခက်ကြုံသွားရသည်။

အမုန်းဒေဝီသည် သိုင်းလောကအား ဖိန့်ဖိန့်တုန်စေခဲ့သည်မှာ သူမ၏သိုင်းပညာထက် အဆိပ်လက်နက်ပုန်းပညာကြောင့်ဟု ဆိုနိုင်ပါသည်။

သူမနှင့် ရင်ဆိုင်ခဲ့ရသူ ဆယ်ယောက်အနက် ကိုးယောက်မှာ အဆိပ်လက်နက်ပုန်း လက်ချက်မိခဲ့ကြခြင်း ဖြစ်သည်။

ယခု အနက်ရောင်ဝတ်ထားသူ နှစ်ယောက်က အနီးသို့လျှပ်တစ်ပြက် ချဉ်းကပ်လာပြီး ဝဲယာမှ ညှပ်ကာ တိုက်ခိုက်လာကြခြင်းကြောင့် လက်နက်ပုန်းထုတ်သုံးဖို့ အခက်ကြုံသွားရခြင်း ဖြစ်သည်။

လက်နက်ပုန်း အသုံးမပြုနိုင်သဖြင့် အနက်ရောင်ဝတ်ထားသူ နှစ်ယောက်အား မနည်း ယှဉ်ရသည်။

အဘိုးအိုက လက်ပိုက်ကြည့်နေသည်။

ထိုအဘိုးအိုမှာ အထက်လမ်းမကျ အောက်လမ်းမကျ ကိုယ့်သဘောနှင့်ကိုယ် ထင်ရာလုပ်နေသော ဝီတောက်နှင့် တပည့်ဖြစ်သူ မုဝါ၊ မုဖြူညီအစ်ကိုနှစ်ယောက်တို့ ဖြစ်ကြသည်။

ဝီတောက်သည် သိုင်းစွမ်းရည်မခေသော်လည်း သူ၏သဘောထားကို မနှစ်သက်သူ များပြားသဖြင့် ထင်ရှားသင့်သလောက် မထင်ရှားသူ ဖြစ်သည်။



တပည့်နှစ်ယောက်ဖြစ်သော မုဝါနှင့်မုဖြူ ညီအစ်ကိုနှစ်ယောက်၏ သိုင်းပညာလည်း မခေကြပေ။

မုဝါနှင့် မုဖြူတို့အား ဝီတောက်က မတူညီသော သိုင်းပညာနှစ်မျိုး သင်ပေးထားပြီး အတူလက်တွဲကာ ပေါင်းစပ်အသုံးပြု တိုက်ခိုက်နိုင်အောင် လေ့ကျင့်ပေးထားသဖြင့် မုဝါတို့၏သိုင်းပညာမှာလည်း တမူထူးခြားကာ ထက်မြက်မှုရှိနေသည်။

မုဝါနှင့် မုဖြူတို့၏ ထူးခြားသောသိုင်းကွက်များကြောင့် လက်နက်ပုန်း အသုံးမပြုနိုင်သည့်အတွက် အမုန်းဒေဝီ အခက်ကြုံလာလေတော့သည်။

မုဝါတို့သည် လက်သီး လက်ဝါးများသာမက ခြေထောက်များပါ အသုံးပြုတိုက်ခိုက်ကြလေရာ အမုန်းဒေဝီ နောက်ဆုတ်လိုက်ရတော့သည်။ သူ အလျှော့ပေး နောက်ဆုတ်ရသည်မှာ ဤအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်။

ထိုအချိန်မှာပင် ...

"ငွေတစ်သိန်းရှာရတာ တယ်လွယ်ပါလားဟေ့"

အဘိုးအိုက အော်ပြောပြီး လျှပ်တစ်ပြက် လှုပ်ရှားလိုက်သည်။

အမုန်းဒေဝီ၏ နောက်ကျောဘက်သို့ ရောက်ရှိသွားပြီး သူ၏ ညာဘက်လက်ကို ဆန့်ထုတ်လိုက်လျှင် လက်ညှိုးတစ်ချောင်းက အမုန်းဒေဝီ၏ ကျောပြင်မှ သွေးကြောတစ်နေရာကို ထိုးပိတ်ပြီးသား ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသွေးကြောနေရာမှာ အသည်းခိုက်စေလောက်သော နာကျင်မှုကိုလည်း ဖြစ်ပေါ်လာစေသည်။

"အမယ်လေး ..."

အမုန်းဒေဝီ စူးရှစွာ အော်ဟစ်လိုက်မိလေတော့သည်။

◆ ◆ ◆

မိုးသံလေသံကြားက ထိုးဖောက်ထွက်လာသော အော်ဟစ်သံကြောင့် ချန်းချင်း ရင်ထိတ်သွားသည်။

အမုန်းဒေဝီ၏ အသံဖြစ်ကြောင်းလည်း မှတ်မိလိုက်သည်။

"ဘာဖြစ်တာပါလိမ့်"

စိတ်ပူပြီး နောက်လှည့်သွားပြီးမှ ရုတ်တရက် ခြေလှမ်းရပ်သွားသည်။

အမုန်းဒေဝီ ဒုက္ခရောက်နေပြီလော။

သူထွက်သွားခြင်းကြောင့် ပြန်လာစေရန် တမင်အကွက်ဆင်လိုက်ခြင်းလော။

အမုန်းဒေဝီသည် ဉာဏ်များသူတစ်ယောက်ဖြစ်၍ အစစအရာရာ သတိထားဆင်ခြင်ရမည်ဟု နားလည်ထားသည်။

ချန်းချင်း တွေဝေနေစဉ်မှာပင် ...

"ခွပ်ခွပ် ... ခွပ်ခွပ်"

"ခွပ်ခွပ် ... ခွပ်ခွပ်"

မြင်းခွာသံများ ကြားလိုက်ရလေသည်။

မြင်းခွာသံများ တဖြည်းဖြည်းဝေးသွားပြီး တိတ်ဆိတ်ကွယ်ပျောက်သွားလေသည်။



ချန်းချင်း အံ့သြနေသည်။

အော်ဟစ်သံအပြင် မြင်းခွာသံကြောင့် တစ်စုံတစ်ခု ထူးခြားနေပြီဖြစ်ကြောင်း ယုံကြည်သွားသည်။

"တစ်ခုခုပဲ ..."

ချက်ချင်းပင် အရက်ပုန်းဆိုင်လေးသို့ ပြေးသွားလိုက်သည်။

ဆိုင်ထဲ၌ မီးရောင်များဖြင့် လင်းလင်းချင်းချင်း ရှိနေသည်။

ချန်းချင်းဆိုင်ထဲသို့ ရောက်သွားသောအခါ စားပွဲခုံများ ဖရိုဖရဲ လဲကျကာ တစ်ဆိုင်လုံး ရှုပ်ပွနေသည်ကို တွေ့ရသည်။

တိုက်ပွဲတစ်ခု ဖြစ်ပွားသွားကြောင်း ပေါ်လွင်နေသည်။

အဘိုးအို၊ အနက်ရောင်ဝတ်ထားသူ နှစ်ယောက်နှင့် အမုန်းဒေဝီတို့ကို မတွေ့ရတော့ချေ။

"အမုန်းဒေဝီ ... မင်း ဘယ်မှာလဲ"

ချန်းချင်း အော်မေးလိုက်သည်။

ထိုစဉ် မလှမ်းမကမ်းတစ်နေရာမှ လှုပ်ရှားမှုတစ်ခု ဖြစ်ပေါ်လာသည်ကို တွေ့လိုက်ရသည်။

"ဘယ်သူလဲ ထွက်ခဲ့စမ်း"

ချန်းချင်းက ဓားဆွဲထုတ်ကာ အော်ငေါက်လိုက်သည်။

ထွက်မလာလျှင် သူ တစ်ခုခုလုပ်မိပေလိမ့်မည်။

"အမယ်လေး ... ကျုပ်ကို မသတ်ပါနဲ့၊ ထွက်ဆိုရင် ထွက်လာခဲ့ပါမယ်ဗျာ"

စကားသံနှင့်အတူ ဆိုင်ရှင်လူပုလေး ထွက်လာသည်။

ချန်းချင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မိတ်ဆွေကော ..."

"သူ့ကို ဖမ်းခေါ်သွားကြပါပြီ"

"ဘာဗျ ..."

လူပုလေးက ရှင်းပြသည်။

"သူဌေးကြီးဟိုဝမ်းကို သတ်သွားတဲ့လူတွေကို ဖမ်းဆီးဖို့ သိုင်းဆရာစီတောက်နဲ့ သူ့တပည့်နှစ်ယောက် ရောက်လာကြတာ၊ သူတို့ပဲ မင်းရဲ့မိတ်ဆွေကို ဖမ်းခေါ်သွားကြတာ"

"ဗျာ ..."

"သူတို့ ထိုက်ယန်မြို့ကိုသွားကြမယ်လို့ ပြောနေတာကို ကြားလိုက်ရပါတယ်"

ချန်းချင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

အမုန်းဒေဝီ ဒုက္ခရောက်သွားပြီဖြစ်ကြောင်း သိလိုက်သည်။

"မဖြစ်ဘူး ..."

အမုန်းဒေဝီအတွက် ကူညီမှုဖြစ်တော့မည်ဟု နားလည်ပြီး လူပုလေးကိုပင် နှုတ်မဆက်နိုင်တော့ဘဲ ဆိုင်အပြင်ဘက်သို့ ပြေးထွက်သွားလိုက်လေတော့သည်။

ဒုက္ခရောက်နေပြီဖြစ်သော အမုန်းဒေဝီအား ချန်းချင်း ကူညီနိုင်ပါမည်လော။

✦ ✦ ✦



## အခန်း (၁၂)

## အပေးအယူ

ခရီးပြင်းနှင်လာသည့် ချန်းချင်းမှာ နှစ်ရက်အကြာတွင် ထိုက်ယန်မြို့သို့ ရောက်ရှိလာခဲ့သည်။

လမ်းခရီးတစ်လျှောက်၌ စိတ်ပျက်စရာကောင်းအောင်ပင် မကောင်းသတင်းများ ကြားလာခဲ့ရလေသည်။

အမုန်းဒေဝီ သောင်းကျန်းနေသည့်သတင်းပင် ဖြစ်သည်။

သိုင်းဆရာစွန်းယိုအား အမုန်းဒေဝီသည် မေတ္တာရှင်ဓားသမား ချန်းချင်းနှင့်ပူးပေါင်းကာ သတ်ဖြတ်သွားသည့်သတင်းမှာ အကြီးအကျယ် ပျံ့နှံ့နေသည်။

စွန်းယို၏မိတ်ဆွေ ဟာကျိုက ချန်းချင်းတို့အား လိုက်လံရှာဖွေနေသောသတင်းကိုလည်း ကြားရသည်။

ချန်းချင်းနှင့် အမုန်းဒေဝီတို့က သူဌေးကြီးဟိုဝမ်းအား လုပ်ကြံလိုက်ကြသည့်သတင်းကလည်း ဟိုးလေးတစ်ကြော် ဖြစ်နေသည်။ သတင်းများကလည်း စုံလင်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



သတင်းတိုင်းမှာ ချန်းချင်းအတွက် မကောင်းသတင်းများချည်း ဖြစ်နေပါသည်။

ချန်းချင်း ဝမ်းမနည်းတော့ပါ။

"အချိန်တန်ရင် အဖြစ်မှန်ကို အားလုံး နားလည်သဘော ပေါက်သွားကြမှာပဲ"

လိုက်လံဖြေရှင်းဖို့လည်း မကြိုးစားတော့ပါ။

ယခု လောလောဆယ်တွင် အမုန်းဒေဝီအား ကယ်တင်ဖို့က အရေးကြီးနေသည် မဟုတ်ပါလား။

ချန်းချင်းသည် ထိုက်ယန်မြို့သို့ ရောက်ရှိလာပြီး မင်းလမ်းမ ကြီးအတိုင်း ဟိုဟိုသည်သည်ကြည့်ကာ လျှောက်လှမ်းလာခဲ့စဉ်မှာ ပင် သူ့နောက်ဘက်မှ အသံကြားလိုက်ရသည်။

"မိတ်ဆွေ ... ခဏနေပါဦး"

နောက်ကျောဘက်မှ ဟန့်တားသံထွက်ပေါ်လာသည်ကို ကြား လိုက်ရသဖြင့် ချန်းချင်း ခြေလှမ်းရပ်ကာ လှည့်ကြည့်လိုက်မိသည်။

ချန်းချင်းအား ဟန့်တားလိုက်သူမှာ မုဝါဖြစ်သည်။

ချန်းချင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

မုဝါက ...

"အမုန်းဒေဝီနဲ့အတူ လိုက်လာခဲ့တာ ခင်ဗျားပဲ မဟုတ်လား"

ချန်းချင်းအား ကောင်းစွာ မှတ်မိနေသည်။

ချန်းချင်းက မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ခင်ဗျားတို့ကကော သူ့ကို ဖမ်းဆီးခေါ်ဆောင် သွားကြတာ မဟုတ်လား"



မုဝါက ...

"သည်ကိစ္စကို ပြောပြချင်ပါတယ်ဗျာ၊ အမုန်းဒေဝီနောက်ကို ခင်ဗျား လိုက်လာမယ်ဆိုတာသိလို့ ကျုပ်တို့ စောင့်နေကြတာပါ"

"ဪ ..."

"အမုန်းဒေဝီအကြောင်း ဆွေးနွေးရအောင် ကျုပ်နဲ့ လိုက်ခဲ့ပါ"

မုဝါ ဖိတ်ခေါ်လိုက်သောအခါ ချန်းချင်း တွေဝေသွားသည်။

မုဝါက ပြောသည်။

"ကျုပ်တို့ ဆွေးနွေးလို့ အဆင်ပြေသွားရင် နှစ်ဦးနှစ်ဖက် အကျိုးရှိမှာ သေချာပါတယ်၊ အမုန်းဒေဝီလည်း မှဲ့တစ်ပေါက်မစွန်း စေရပါဘူး၊ မိတ်ဆွေကိုလည်း အန္တရာယ် မပြုပါဘူး"

ချန်းချင်းလည်း သဘောတူလိုက်လေသည်။

"ကောင်းပြီ ... ဘယ်ကို သွားမလဲပြောပါ"

"ကျုပ်နောက်ကို လိုက်ခဲ့ပါ"

မုဝါက လမ်းပြခေါ်ဆောင်သွားသည်။

ချန်းချင်းလည်း လိုက်သွားသည်။

မကြာမီ လမ်းကြားလေးတစ်ခုအတွင်းမှ အနီရောင်ဆေးသုတ် ထားသော အိမ်ကလေးတစ်လုံးသို့ ရောက်ရှိသွားကြသည်။

"ဒေါက်ဒေါက် ..."

မုဝါ တံခါးခေါက်လိုက်သည်။

"ဘယ်သူလဲ ..."

အတွင်းဘက်မှ မေးမြန်းသံ ထွက်ပေါ်လာသည်။

"ကျုပ်ပါ ... ညီလေးမုဖြူ၊ တံခါးဖွင့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



မုဝါ ပြန်ပြောပြီး မရှေးမနှောင်းမှာပင် တံခါးပွင့်သွားသည်၊ မုဖြူက တံခါးဖွင့်ပေးခြင်း ဖြစ်သည်။

မုဖြူသည် မုဝါနှင့်အတူ ချန်းချင်းပါလာသည်ကို မြင်သောအခါ ကျေနပ်သွားသည်။

"သူလည်း ပါလာတာကိုး၊ ကောင်းတယ် ဆရာကြီးစောင့်နေတယ်၊ အိမ်ထဲဝင်ကြပါ"

အိမ်ထဲသို့ ဖိတ်ခေါ်လိုက်သည်။

ချန်းချင်းသည် မုဝါနှင့်အတူ အိမ်ထဲသို့ ဝင်လိုက်သည်။

အိမ်ကလေးမှာ သေးငယ်သော်လည်း သန့်ရှင်းသပ်ရပ်မှုရှိပြီး နေချင်စဖွယ် ကောင်းလှသည်။

ချန်းချင်း အိမ်ထဲရောက်သွားလျှင် သိုင်းဆရာဝီတောက် အသင့်စောင့်ကြိုနေသည်ကို တွေ့ရလေသည်။

"မိတ်ဆွေလေး ရောက်လာပြီကိုး"

ချန်းချင်းအား နေရာထိုင်ခင်း ပေးသည်။

ချန်းချင်းသည် အမုန်းဒေဝီအား ရှာဖွေကြည့်လိုက်သော်လည်း မတွေ့ရသဖြင့် စိတ်ပူနေသည်။

ဝီတောက် ပြုံးလိုက်သည်။

"လျှူခင်ခင်ကို ရှာနေတာလား၊ ရှိပါတယ် မပူပါနဲ့၊ သူ ဘာမှ မဖြစ်စေရပါဘူး"

ချန်းချင်းက ...

"သူ့ကို တွေ့ခွင့်မရနိုင်ဘူးလားဗျာ"

"စိတ်ချပါ ... တွေ့ရမှာပါ၊ မိတ်ဆွေလေးဟာ ကျုပ်တို့နဲ့အတူ



လက်တွဲဆောင်ရွက်လိုက်စိတ် ရှိမရှိ အရင်ဆုံး သိပါရစေ၊ သိပြီးတာနဲ့ တွေ့ရမှာပါ"

ချန်းချင်းက ပြန်မေးသည်။

"ကျုပ်က ဘာကို ပူးပေါင်းဆောင်ရွက်ရမှာလဲ၊ ဘယ်လိုလဲဆိုတာ အရင်ဆုံး ပြောပါဦး"

ဝီတောက်က ...

"သူဌေးကြီးဟိုဝမ်းတို့ ရထားတဲ့ဘဏ္ဍာတော်တွေကို ဝေခွဲယူဖို့ကိစ္စပါ"

"ဗျာ ..."

"မိတ်ဆွေသာ သဘောတူလိုက်ပါ၊ အမုန်းဒေဝီ လျှူခင်ခင် ဘာမှ မဖြစ်စေရဘူးလို့ ကျုပ် တာဝန်ယူပါတယ်"

ချန်းချင်းက ...

"ဘဏ္ဍာငွေတွေကိစ္စ ကျုပ် ဘာမှမသိဘူးဗျ"

ဟု ငြင်းလိုက်ရာ ဝီတောက်က ...

"ဒါဖြင့် အမုန်းဒေဝီကို ဒုက္ခပေးခဲ့တာကြောင့် သူဌေးကြီးဟိုဝမ်းတို့လူစုကို ဆုံးမရပါလိမ့်မယ်၊ ဒါကိုကော မိတ်ဆွေလေး သဘောတူသလား"

"ဒါကတော့ သဘောမတူနိုင်စရာအကြောင်း မရှိပါဘူး"

"ကျုပ်တို့ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင်ကော"

ချန်းချင်း အံ့သြနေသည်။

ဝီတောက်သည် အဘယ်ကြောင့် ဤမျှ သဘောကောင်းနေသည်ကို စဉ်းစားမရ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝီတောက်က ...

"ဟိုဝမ်းရဲ့အဖော်သုံးယောက်ကို ကျုပ်တို့ ဆုံးမကြမယ်လေ"

ဟု ထပ်ပြောသည်။

ချန်းချင်းက ...

"ကျုပ် သဘောတူပါတယ်ဗျာ"

သူက သဘောတူလိုက်သည်နှင့် ...

"ဝမ်းသာလိုက်တာရှင်"

ချိုလွင်သောစကားသံနှင့်အတူ အမုန်းဒေဝီက အတွင်းဘက်မှ ထွက်လာသည်ကို တွေ့ရလေသည်။

ချန်းချင်းက ...

"မင်းကို ဖမ်းခေါ်သွားကြတယ်ဆိုလို့ ကျုပ် လိုက်လာခဲ့တာ"

အမုန်းဒေဝီက ...

"ဟုတ်ပါတယ်၊ ကျွန်မကို ဖမ်းခေါ်လာကြပေမယ့် ကျွန်မတို့ အချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး အဆင်ပြေသွားပါပြီ၊ အခုဆိုရင် ကျွန်မတို့ဟာ မိတ်ဆွေတွေ ဖြစ်နေကြပါပြီရှင်"

ချန်းချင်း ပင့်သက်ရှိုက်လိုက်သည်။

အမုန်းဒေဝီနှင့် ပတ်သက်သမျှ အံ့ဩစရာများချည်း ဖြစ်နေသည် မဟုတ်ပါလား။

"မင်းတို့က မိတ်ဆွေတွေ ဖြစ်နေကြပြီကိုး၊ ဒါဆို စိတ်ပူစရာ မလိုတော့ဘူးပေါ့၊ ကျုပ်က ..."

သူ၏စကားမဆုံးမီ အမုန်းဒေဝီက ကြားဖြတ်ပြောလိုက်သည်။

"ကျွန်မကိုထားပြီး ထွက်မသွားပါနဲ့ဦးရှင်"



ချန်းချင်းက ...

"မင်းမှာ အကြောင်းတစ်ခုခု ရှိနေလို့လား"

"ကျွန်မအတွက် ရှင့်ကို လိုအပ်နေတာ အမှန်ပါပဲရှင်"

အမုန်းဒေဝီ၏စကားကြောင့် ချန်းချင်း၏ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်ခံစားလိုက်ရသည်။

အမုန်းဒေဝီကို စိုက်ကြည့်လိုက်သည်။

"ကျုပ်ကို ဘယ်လိုများ လိုအပ်နေတာလဲ၊ ကျုပ် ဘာများ ကူညီရမလဲပြောပါ"

အမုန်းဒေဝီက ...

"ကျွန်မရဲ့စကားကို ဆုံးအောင် နားထောင်စေချင်ပါတယ်၊ စကားဆုံးတာနဲ့ ဘယ်လို လိုအပ်နေတယ်ဆိုတာကို ရှင် သဘောပေါက်သွားမှာပါ"

"ကောင်းပြီ ..."

ချန်းချင်း သဘောတူလိုက်သည်။

အမုန်းဒေဝီ ချန်းချင်းနှင့် ဝီတောက်တို့က စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ ထိုင်လိုက်ကြသည်။

မုဝါနှင့် မုဖြူတို့က ဝီတောက်၏ ဝဲယာတစ်ဖက်တစ်ချက်၌ ရပ်နေလိုက်ကြသည်။

အမုန်းဒေဝီက ...

"ဓားပြခေါင်းဆောင်ကို သစ္စာဖောက်လုပ်ကြံပြီး ဘဏ္ဍာတော် တွေယူသွားကြတဲ့ လက်ထောက်လေးယောက်ရဲ့အကြောင်း ရှင့်ကို ကျွန်မ ပြောပြခဲ့တယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ သူ့ဒွေးကြီးဟိုဝမ်းဟာ တစ်ယောက်အပေါ် အဝင်ပဲလို့ မင်း ပြောခဲ့တယ် မဟုတ်လား"

"သူ ပါဝင်ခဲ့တာ အမှန်ပဲ"

ဟိုဝမ်း လုပ်ကြံခံရသည့်ကိစ္စကြောင့် ကျန်သုံးယောက်က မကျေမနပ်ဖြစ်နေကြောင်း၊ သူမအား ဖမ်းဆီးပေးနိုင်သူအား ဆုငွေ ချီးမြှင့်ဖို့ ကြေညာထားကြောင်း ပြောပြသည်။

ဝီတောက်က ...

"ကျုပ်တို့ကလည်း ဆုငွေတစ်သိန်းလိုချင်လို့ သူ့ကို လိုက်ဖမ်းခဲ့ကြတာပဲ"

ကြားဖြတ် ပြောလေသည်။

ချန်းချင်းသည် အမုန်းဒေဝီနှင့် ဝီတောက်တို့ အဆင်ပြေသွားပုံကို တွေးမရအောင် ဖြစ်နေသည်။

အမုန်းဒေဝီ ပြောလိုက်သည့်စကားကြားရမှ ရှင်းရှင်းလင်းလင်း ဖြစ်သွားလေသည်။

"ခုတော့ ကျွန်မတို့ မိတ်ဆွေတွေဖြစ်သွားကြပါပြီ၊ ဟိုဝမ်းရဲ့ အဖော်သုံးယောက်ကို ဆုံးမပြီး ဘဏ္ဍာငွေတွေရအောင် ယူကြမယ်"

"မင်း ... မင်း"

ချန်းချင်း ထိတ်လန့်သွားလေတော့သည်။

ဝီတောက်က အားရပါးရ ရယ်မောလိုက်လေတော့သည်။

"ဟား ... ဟား ... ဟား"

ရယ်မောရင်းမှ ဝီတောက်က ပြောသည်။

"ဘဏ္ဍာငွေတွေက နည်းတာမဟုတ်ဘူး၊ ဟိုဝမ်းတို့ကို ကြည့်



ပါလား၊ ချမ်းသာနေလိုက်ကြတာ၊ တစ်သက်မပြောနဲ့ ဆယ်သက်သုံးလို့တောင် မကုန်နိုင်ဘူး၊ အလျှော်ပယ်ပါပဲဗျာ"

အမုန်းဒေဝီက ...

"ဘဏ္ဍာငွေတွေအပြင် တိုက်ရာပါပစ္စည်းတွေလည်း ပါဝင်နေတယ်လေ၊ ဓားပြခေါင်းဆောင် လက်ထက်ကတည်းက စုဆောင်းသိမ်းဆည်းထားခဲ့တာရှင့်"

လွန်စွာငွေမက်သော ဝီတောက်အတွက် ရတနာသိုက်တစ်ခု တွေ့လိုက်ရခြင်း ဖြစ်သည်။

ထို့ကြောင့်လည်း ဆုငွေတစ်သိန်းကို မမက်တော့ဘဲ အမုန်းဒေဝီနှင့်ပူးပေါင်းကာ ရယူဖို့ စိတ်ပြောင်းသွားခြင်း ဖြစ်ပုံရသည်။

"လက်ထောက်ခေါင်းဆောင် လေးယောက်ဟာ ဘဏ္ဍာငွေတွေနဲ့ တိုက်ရာပါပစ္စည်းတွေကို လိုအပ်သလောက် ယူငင်ထားကြပြီး ကျန်တာတွေကို လုံခြုံတဲ့နေရာမှာ ဝှက်ထားကြတာရှင့်၊ သူတို့ကို ဆုံးမနိုင်ရင် ရတနာသိုက်ကို ရမှာပဲ"

အမုန်းဒေဝီအတွက်ကား တစ်ချက်ခုတ် နှစ်ချက်ပြတ်၊ အလွန်ကောင်းသော အကြံအစည် ဖြစ်နေသည်။

လူဆိုးကြီးလေးယောက်အား သုတ်သင်ရှင်းလင်းပစ်နိုင်မည် ဖြစ်သလို ရတနာသိုက်ကိုလည်း ရှိကြမည် ဖြစ်သည်။

ဝီတောက်အတွက်လည်း ထိုနည်းလည်းကောင်းပင်။

အမုန်းဒေဝီအား ဖမ်းပေးလျှင် ဆုငွေတစ်သိန်းသာ ရမည်။ သူမနှင့်သာ ပူးပေါင်းဆောင်ရွက်လိုက်ပါက သိန်းပေါင်းများစွာ တန်ဖိုး ရှိသော ဘဏ္ဍာငွေများ၊ ရတနာများကိုရမည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



အမုန်းဒေဝီက ...

"ဟိုဝမ်းရဲ့ မိတ်ဆွေသုံးယောက်ဟာ သိုင်းပညာမခေကြဘူး၊ ကျွန်မတစ်ယောက်တည်း မတတ်နိုင်ဘူး၊ ဒါကြောင့် ကူညီမယ့် မိတ်ဆွေ လိုအပ်နေတယ်လေ"

ဝီတောက်နှင့် အဘယ်ကြောင့် ပူးပေါင်းရသည်မှာ ရှင်းရှင်းလင်းလင်း ဖြစ်သွားသည်။ သူမ၏ လမ်းစဉ်ကို ရှင်းရှင်းလင်းလင်းကြီး မြင်နေရလေပြီ။

ချန်းချင်းက ...

"မင်းကို ကူညီမယ့်မိတ်ဆွေတွေ ရှိနေပြီပဲ၊ ဘာကြောင့် ကျုပ်ကို မင်းတို့ကိစ္စထဲမှာ ဆွဲထည့်ချင်ရသေးတာလဲ၊ ပြောစမ်းပါဦး"

အမုန်းဒေဝီက ...

"ကျွန်မအတွက် ရှင့်အကူအညီ လိုအပ်နေလို့ပါ၊ ရှင် မကူညီဘူးဆိုရင် ဟိုဝမ်းရဲ့မိတ်ဆွေတွေကို ဆုံးမနိုင်ဖို့ မလွယ်ပါဘူး၊ ဘဏ္ဍာငွေတွေလည်း ပြန်ရဖို့ မလွယ်ပါဘူး၊ ရှင်ပဲ ကျွန်မကို ပြောခဲ့တယ် မဟုတ်လား၊ ဘဏ္ဍာငွေကြောင့် လူကောင်းဘဝကို ပြန်ရနိုင်တာပေါ့"

ချန်းချင်း တွေဝေသွားသည်။

အမုန်းဒေဝီသည် သူ၏စကား နားထောင်ကာ လူကောင်းဖြစ်လာဖို့ ကြိုးစားမည်ဟု ယုံကြည်ထားသည်။

ဟိုဝမ်းတို့လေးယောက်သည် ဆုံးမထိုက်သော လူစားမျိုးများ ဖြစ်ကြပါသည်။

သူတို့အား ဆုံးမပြီး ဘဏ္ဍာငွေများ ပြန်ရပါက သက်ဆိုင်ရာ လက်ထဲအပ်နိုင်လျှင် နာမည်ကောင်းရပေမည်။



အမုန်းဒေဝီက ထိုသဘောမျိုးပြောဆိုခြင်းဟု ယူဆသွားသည်။

ဝီတောက်ကမူ ဘဏ္ဍာငွေနှင့် ရတနာများကြောင့် ချမ်းသာကြွယ်ဝသည့်ဘဝ ရရှိမည်ကို လူကောင်းဘဝရမည်ဟု နှိုင်းခိုင်းပြောခြင်းဟု ယူဆလေသည်။

အမုန်းဒေဝီစိတ်ထဲ၌ အကြံတစ်မျိုး ရှိနေပါသည်။

ချန်းချင်းကော ဝီတောက်ပါ သူမအား ထောက်ခံလာစေရန် လိမ္မာပါးနပ်စွာ ပြောဆိုနေခြင်း ဖြစ်သည်။ ဝီတောက်နှင့် ချန်းချင်းတို့သည် တစ်ယောက်တစ်မျိုးစီ နားလည်နေကြခြင်း ဖြစ်သည်။

ချန်းချင်းက ...

"ကောင်းပြီလေ ... ညီမအတွက် ကျုပ် ကူညီပါ့မယ်"

ဝီတောက်က ...

"ကျုပ်ကလည်း ကူညီမှာပါ"

နှစ်ယောက်သား သဘောတူလိုက်ကြသည်။

အမုန်းဒေဝီက ...

"ကျွန်မကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

သူမက ကျေနပ်စွာပြုံးရင်း ပြောလိုက်လေသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၃)

## အကြံအစည်

ချန်းချင်းနှင့် အမှန်းဒေဝီတို့ ပြန်လည်တွေ့ဆုံမိကြပြီ ဖြစ်သည်။

ဝီတောက်သည် သူတို့အား အထူးဧည့်သည်တော်များအဖြစ် လက်ခံကာ လိုလေသေးမရှိ ဆောင်ရွက်ပေးသည်။

မုဝါနှင့်မုဖြူတို့နှစ်ယောက်အား ဟိုဝမ်း၏အဖော်များအကြောင်း စုံစမ်းခိုင်းထားသည်။

မကြာမီ အလုပ်ကြီးတစ်ခု လုပ်ကိုင်ဆောင်ရွက်ကြရတော့မည် ဖြစ်၍ အားလုံး စိတ်လှုပ်ရှားနေကြသည်။

အမှန်းဒေဝီသည် အခြေအနေစောင့်ကြည့်နေပြီး ဝီတောက်တို့ အလစ်တွင် ချန်းချင်းအား သူမ၏အကြံအစည်ကို ပြောပြလေသည်။

"ဝီတောက်က အင်မတန်လောဘကြီးတာ၊ ကျွန်မကို ဖမ်းပို့လိုက်ရင် ငွေတစ်သိန်းပဲ ရမယ်ဆိုတော့ ကျွန်မပြောတဲ့ ရတနာသိုက်ကို စိတ်ဝင်စားသွားတယ်"

ချန်းချင်းက သံသယဖြင့် မေးသည်။



"ညီမ ... ရတနာသိုက်ဆိုတာ အမှန်ပဲလား"

အမှန်းဒေဝီ ခေါင်းညိတ်လိုက်သည်။

"သေချာပါတယ်၊ ဟိုဝမ်းတို့ ရသွားကြတာ နည်းတာမှ မဟုတ်တာ၊ လေးယောက်သား တိုင်ပင်ပြီး လုံခြုံစိတ်ချရတဲ့နေရာမှာ ဝှက်ထားတယ်ဆိုတာ သေချာပါတယ်၊ သူတို့ရဲ့ လုပ်ရပ်ကို ကျွန်မ သိတယ်၊ သူတို့ဟာ တကယ်အကြံကြီးတဲ့ လူတွေပါ၊ ဘုရင့်တပ်မတော်သားတွေကိုလည်း ရှောင်ချင်ကြတယ်လေ၊ ဒါကြောင့် ရတနာတွေကို အကုန်ယူမသွားကြတာပေါ့"

ချန်းချင်းက မေးပြန်သည်။

"ဝီတောက်က ကူညီနိုင်လိမ့်မယ်လို့ ညီမက ဘာကြောင့် ယုံကြည်ရတာလဲ"

"သူ့ရဲ့ သိုင်းပညာကြောင့်ပေါ့ရှင်"

ချန်းချင်းက ...

"သူ့ရဲ့ သိုင်းပညာက အတော်ကိုထက်မြက်တယ် ဟုတ်လား"

အမှန်းဒေဝီက ခေါင်းညိတ်လိုက်သည်။

"ဝါရင့် ထိပ်သီးသိုင်းသမားကြီးတစ်ယောက်ရှင့်၊ သူ့ရဲ့ တပည့်နှစ်ယောက်ကလည်း မခေဘူး၊ ဟိုဝမ်းရဲ့အဖော်သုံးယောက်ဟာ ခုချိန်မှာ လူကြီးလူကောင်း ဟန်ဆောင်မျက်နှာဖုံး စွပ်ထားကြပြီး အများသူငါ ကြည်ညိုလေးစားတဲ့ အခြေအနေမျိုး ရှိနေကြပြီး သူတို့ရဲ့ သိုင်းပညာကလည်း မခေတော့ ကျွန်မတစ်ယောက်တည်း ရင်ဆိုင်ဖို့ မဖြစ်နိုင်တော့ဘူး"

ချန်းချင်းက ကတိပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ကူညီမှာပါ"

အမုန်းဒေဝီက ...

"ရှင့်ရဲ့အကူအညီကို လိုက်အပ်တာ အမုန်ပါပဲ၊ ဟိုဝမ်းရဲ့အဖော်တွေကို ဆုံးမပြီးရင် ရလာမယ့်ဘဏ္ဍာငွေတွေကို ဝီတောက်က လိုချင်မှာပဲ၊ သက်ဆိုင်ရာကို ပြန်အပ်ရမယ်ဆိုတော့ ပေးလို့မဖြစ်ဘူး၊ မပေးရင် သူက ကျေနပ်မှာ မဟုတ်ပြန်ဘူး၊ သည်တော့ သူနဲ့ပြန်ပြီး ရင်ဆိုင်ရမှာ သေချာတယ်"

"ဒါတော့ မပူပါနဲ့၊ ကျုပ် အစွမ်းကုန် တားဆီးသွားမှာပါ"

အမုန်းဒေဝီက ခေါင်းညိတ်လိုက်လေသည်။

"ယုံကြည်ပါတယ်ရှင်၊ ကျွန်မကိုကူညီနိုင်တာ ရှင်တစ်ယောက်ပဲ ရှိပါတယ်"

ထိုစဉ် ဝီတောက် ရောက်ရှိလာသည်။

သူ၏မျက်နှာ ပြုံးရွှင်နေသည်။

"ကျုပ်တပည့်တွေ ပြန်လာကြပြီ၊ သတင်းကောင်းရလာတယ်၊ ဒါကြောင့် ကျုပ်တပည့်တွေကို ကျုပ် ယုံကြည်စိတ်ချတာပေါ့"

အမုန်းဒေဝီက စိတ်ဝင်စားစွာ မေးလိုက်လေသည်။

"ပြောပါဦးရှင်"

ဝီတောက်က ...

"ဟိုဝမ်းရဲ့အဖော် သုံးယောက်လုံး ရောက်လာကြပြီ၊ သူတို့ကို မြို့ပြင်က ထိုက်ယန်တောင်ခြေမှာ တွေ့ဆုံမယ်လို့ ချိန်းလိုက်တယ်"

"သိပ်ကောင်းတာပေါ့ရှင်"

အမုန်းဒေဝီ ဝမ်းသာအားရ ဖြစ်သွားသည်။



သူမ တက်တက်ကြွကြွ ဖြစ်နေသည်ကိုကြည့်ပြီး ကျေနပ်ရမည့်အစား ချန်းချင်း ရင်လေးလာသည်။

တစ်စုံတစ်ခု ဘေးအန္တရာယ် ဖြစ်ပေါ်လာလိမ့်မည်ဟုလည်း ယုံကြည်နေမိလေတော့သည်။

✦ ✦ ✦

ထိုက်ယန်တောင် ...။

မြင့်မားလှသော ထိုက်ယန်တောင်ခြေ၌ စိမ်းလန်းသော တောအုပ်များ ဖုံးလွှမ်းထားသည်။

အရှေ့ဘက်ရှိ တောအုပ်တစ်ခုအတွင်း၌ လူသားတို့ ပြုပြင်ဖန်တီးထားသည်ဟုပင် ထင်ရအောင် ညီညာပြန့်ပြူးသော မြေကွက်လပ်တစ်ခု ရှိနေသည်။ ထိုမြေကွက်လပ်သည် ထိုပတ်ဝန်းကျင်၌ တစ်ခုတည်းသော မြေကွက်လပ်ဖြစ်ပေသည်။

ချန်းချင်း၊ အမုန်းဒေဝီနှင့် ဝီတောက်တို့ ဆရာတပည့်သုံးယောက်မှာ မြေကွက်လပ်၌ ရောက်ရှိနေကြသည်။

သူတို့သည် ဟိုဝမ်း၏အဖော်သုံးယောက်နှင့် ချိန်းဆိုထားပြီး လာရောက်စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။

အမုန်းဒေဝီက ဝီတောက်အားကြည့်လိုက်သည်။

ဝီတောက်သည် မိုးကောင်းကင်ပေါ်သို့ မော့ကြည့်ပြီးမှ ခေါင်းညိတ်လိုက်သည်။

"သူတို့ ရောက်လာချိန် နီးနေပါပြီ"

အမုန်းဒေဝီက ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အစီအစဉ်အတိုင်း လုပ်ကြတာပေါ့"

သူမသည် ချန်းချင်းအား ကြိုးတစ်ချောင်း ပေးလိုက်သည်၊

ချန်းချင်းက သူမအား ကြိုးဖြင့် တုပ်နှောင်လိုက်သည်။

ဝိတောက်သည် ချန်းချင်းကိုကြည့်ကာ တဟားဟား ရယ်မော လိုက်လေတော့သည်။ သူတို့၏ လုပ်ဇာတ်ကို သဘောကျနေခြင်း ဖြစ်သည်။

ထိုအချိန်မှာပင် ...

"ခွပ်ခွပ် ... ခွပ်ခွပ်"

"ခွပ်ခွပ် ... ခွပ်ခွပ်"

အဝေးမှ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက် ရလေသည်။

ချန်းချင်းတို့ စောင့်မျှော်နေလိုက်ကြသည်။

တဖြည်းဖြည်းနှင့် သူတို့မြင်ကွင်းထဲသို့ မြင်းလှည်းတစ်စီး ဝင်ရောက်လာသည်။

မြင်းလှည်းသည် မြေကွက်လပ်နှင့် မလှမ်းမကမ်းသို့ ရောက် လျှင် ရပ်တန့်သွားသည်။

ချန်းချင်းတို့က မလှုပ်မယှက် ရပ်နေကြဆဲ ...

မြင်းလှည်းတံခါး ပွင့်သွားပြီး လူသုံးယောက် ဆင်းလာကြ သည်။ သူဌေးကြီးဝမ်းဟို၏ အဖော်သုံးယောက်ပင်တည်း။

ချမ်းသာကြွယ်ဝသော သူဌေးကြီးများဖြစ်ကြကြောင်း မြင်ယုံ နှင့် သိနိုင်သည်။ စည်းစိမ်ယစ်နေသူများဖြစ်ကြောင့် အသွင်အပြင် က ဖော်ပြနေသည်။



ဘဏ္ဍာငွေများ၊ တိုက်ရာပါပစ္စည်းများကို အပိုင်စီးပြီး ချမ်း သာကြွယ်ဝနေသည့် ဟိုဝမ်း၏အဖော်သုံးယောက် ဖြစ်သည်။

လီယွမ်၊ ချူးပေအုံးနှင့် တိန့်ရှောင်ချင်းဟုအမည်ရှိသည့် ထိပ်သီး သိုင်းသမားများလည်း ဖြစ်ကြသည်။

သူတို့သည် တစ်ချိန်က လူဆိုးကြီးများ ဖြစ်ကြလေသည်။

ယခုအချိန်တွင် လူရိုသေရှင်ရိုသေ သူဌေးသူကြွယ်ကြီးများ ဖြစ်နေကြချေပြီ။ ငွေသည် လောကဦ အရာရာကို လွှမ်းမိုးနိုင်သည် မဟုတ်ပါလော။

သူတို့၏ဇာတိရုပ်ကို အမှန်းဒေဝီမှလွဲပြီး မည်သူမျှ သိနိုင်တော့ မည် မဟုတ်ပါ။

လီယွမ်သည် ချန်းချင်းတို့လူစုအား တစ်ချက်ဝေ့ကြည့်သည်။

တစ်ချက်ဝေ့ကြည့်သည် ဆိုသော်လည်း အားလုံးကို ခြုံငုံကြည့် သွားနိုင်သည်။

သူက ဝိတောက်ကို ကောင်းစွာသိနေသည်။

"ဆရာဝိတောက်က ကျုပ်တို့ကိစ္စကို စိတ်ဝင်စားတဲ့အတွက် ဝမ်းသာပါတယ်ဗျာ၊ ဆရာကြီးသိတဲ့အတိုင်း ကျုပ်တို့မိတ်ဆွေကြီး ဝမ်းဟိုဟာ အများအကျိုး သိုင်းလောကအကျိုးကို စွမ်းစွမ်းတမံ လုပ်ကိုင်ဆောင်ရွက်ခဲ့သူပါ၊ သူ့ကို ရက်ရက်စက်စက် လုပ်ကြံလိုက် သူကို ကျုပ်တို့ ဘယ်နည်းနဲ့မှ ခွင့်လွှတ်နိုင်မှာ မဟုတ်ပါဘူး"

ချူးပေအုံးနှင့် တိန့်ရှောင်ချန်းတို့ ခေါင်းညိတ်လိုက်ကြသည်။

လီယွမ်က ...

"တရားခံကို လက်ရဖမ်းပေးရင် ဆုငွေတစ်သိန်း ပေးမယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ကြေညာထားပေမယ့် ဆရာကြီးဝီတောက်က အချိန်တိုအတွင်းမှာ ဖမ်းဆီးပေးတဲ့အတွက် ဆုငွေနှစ်သိန်း ပေးပါ့မယ်၊ ကျေနပ်တယ် မဟုတ်လားဗျာ"

ဝီတောက်က ပြောသည်။

"ဆုငွေနှစ်သိန်းရမှာပဲ၊ မကျေနပ်စရာအကြောင်း ရှိပါ့မလား ဗျာ၊ ဟား ... ဟား ... ဟား"

သူသည် ပြောပြီး ဟားတိုက်ရယ်မောလိုက်လေတော့သည်။

လီယွမ်လည်း လိုက်၍ရယ်မောသည်။

တစ်ဖန် ကြိုးတုပ်ကာ အဖမ်းခံထားရသော အမုန်းဒေဗီကို ကြည့်လိုက်သည်။

ချူးပေ့အုံးနှင့် တိန့်ရှောင်ချွန်းတို့အား မေးလိုက်သည်။

"ခင်ဗျားတို့ သူ့ကို မှတ်မိကြရဲ့လား"

ချူးပေ့အုံးနှင့် တိန့်ရှောင်ချွန်းတို့က ဆဝေဝါးဝါး ဖြစ်နေသည်။

သူတို့ မမှတ်မိကြပေ။ အချိန် အတော်ကြာခဲ့ပေပြီကိုး။

ချူးပေ့အုံးက ...

"ကျုပ်တို့လေးယောက်ထဲမှာ ခင်ဗျားဟာ မှတ်ဉာဏ်အကောင်း ဆုံးပါပဲဗျာ။ ကဲ ... ခင်ဗျား မှတ်မိတယ်ဆိုရင် သူ ဘယ်သူလဲဆိုတာ ပြောပြစမ်းပါ"

တိန့်ရှောင်ချွန်းက ...

"ဟုတ်တယ်၊ သူဘယ်သူလဲ၊ ဘာကြောင့် ဟိုဝမ်းကို ဒုက္ခ ပေးခဲ့ရသလဲဆိုတာ ကျုပ် သိချင်သေးတယ်"

လီယွမ် ခေါင်းညိတ်လိုက်သည်။



"ပြောပါ့မယ်ဗျာ၊ နှစ်တွေကြာညောင်းသွားလို့ ခင်ဗျားတို့က မမှတ်မိတာပါ၊ သူ သေသွားမှာပဲလို့ ယုံကြည်ထားကြတာလည်း ပါပါတယ်၊ သူဟာ ကျုပ်တို့ခေါင်းဆောင်ကြီး အသည်းစွဲ လျူခင်ခင် ပါပဲဗျာ"

သူ၏စကားအဆုံးတွင် ချူးပေ့အုံးနှင့် တိန့်ရှောင်ချွန်းတို့ ဟင် ခနဲ ဟာခနဲ ဖြစ်သွားကြလေသည်။ သူတို့ ထိတ်လန့်သွားကြသည်။ လျူခင်ခင်သည် တမလွန်မှ သူတို့ကို ဒုက္ခပေးခဲ့သည်လော။

ချူးပေ့အုံးက ...

"ကျုပ်တို့ သူတို့အားလုံးကို အဆိပ်ခတ်ပြီး လုပ်ကြံလိုက်တာပဲ မဟုတ်လား"

လီယွမ်က ...

"သူ ကံကောင်းသွားတာနေမှာပေါ့"

အမုန်းဒေဗီသည် လူယုတ်မာသုံးယောက်ကို မျက်ဝါးထင်ထင် မြင်ရလျှင် စိတ်မထိန်းနိုင်အောင် ဖြစ်သွားလေတော့သည်။

"လူယုတ်မာတွေကို ဆုံးမဖို့ ကျွန်မ ကံကောင်းခဲ့တာပေါ့ရှင်၊ ဟိုဝမ်းကို ကျွန်မ ဆုံးမလိုက်တာကြောင့် ရှင်တို့ သွေးပျက်နေကြ ပြီ မဟုတ်လား၊ ရှင်တို့သုံးယောက်ကိုလည်း ကျွန်မ ဆုံးမဦးမယ်ဆို တာ မှတ်ထားပါ"

တိန့်ရှောင်ချွန်းက ...

"အပြောမကြီးနဲ့၊ မင်း ကံမကောင်းနိုင်တော့ဘူးဆိုတာ မှတ် ထားစမ်းပါ"

"မဟုတ်ဘူး၊ အခု ကျွန်မအလှည့်ပဲ၊ ရှင်တို့ ဒုက္ခရောက်ရတော့ မယ်၊ သေဖို့သာပြင်ထားကြ ..."

www.burmeseclassic.com

www.burmeseclassic.com



အမုန်းဒေဝီက မကြောက်မရွံ့ ခံပြောနေသည်ဖြစ်ရာ လီယွမ်တို့သုံးယောက် မကျေမနပ် ဖြစ်သွားကြသည်။

အခြေအနေကို စောင့်ကြည့်နေသော ဝိတောက်က ကြားဝင်လိုက်သည်။

"ပါးစပ်ပိတ်ထားလိုက်စမ်း"

အမုန်းဒေဝီကို အော်ငေါက်ပြီး လီယွမ်ကို ပြောလိုက်သည်။

"ကဲ ... ကျုပ်အတွက် ဆုငွေပေးပါ၊ သူ့ကို ခင်ဗျားတို့လက်ထဲ အပ်လိုက်မယ်"

လီယွမ်တို့သည် အမုန်းဒေဝီအား ဆုံးမလိုနေကြပြီ ဖြစ်ရာအားမြင်းလှည်းသမားအား လှမ်းအော်ပြောလိုက်သည်။

"ဟေ့ ... မြင်းလှည်းပေါ်က ငွေထုပ်ကို ယူလာခဲ့စမ်း"

"ဟုတ်ကဲ့ ..."

မြင်းလှည်းသမားသည် ချက်ချင်းပင် ငွေထုပ်ယူလာပေးသည်။

"ဟား ... ဟား ... ဟား"

ဝိတောက် သဘောကျသွားသည်။

ငွေထုပ်ကို လက်ခံယူပြီး ...

"ကဲ ... သွားပို့လိုက်ဟေ့"

ချန်းချင်းကို အမိန့်ပေးလိုက်သည်။

ချန်းချင်းက အမုန်းဒေဝီအား လီယွမ်တို့လူစုထံ ဆွဲခေါ်သွားလိုက်သည်။

လီယွမ်က ဝင့်ကြွားစွာ ပြောသည်။

"မင်း ဘာတတ်နိုင်သေးသလဲ၊ နောက်ဆုံး ငါတို့လက်ထဲကို ရောက်လာရတာပဲ မဟုတ်လား"



အမုန်းဒေဝီ လှောင်ပြုံးပြုံးလိုက်သည်။

"ရှင့်ကိုရှင် သိပ်အထင်မကြီးမနေပါနဲ့၊ သည်မှာ ကြည့်ပါဦး"

လီယွမ်က အမုန်းဒေဝီအား လှမ်းဆွဲရန် ဟန်ပြင်လိုက်စဉ်မှာပင် အမုန်းဒေဝီက လှုပ်ရှားလိုက်ရာ သူမအား ချည်နှောင်ထားသော ကြိုးများပြေသွားပြီး အနှောင်အဖွဲ့မှ လွတ်မြောက်သွားကာ လီယွမ် ဆန့်တန်းလိုက်သည့်လက်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်။

အငိုက်မိသွားသဖြင့် လီယွမ် ခံလိုက်ရသည်။

"ဖျောင်း ..."

"အား ..."

လီယွမ်၏လက်တစ်ဖက် သွင်သွင်ကျိုးသွားတော့သည်။

အမုန်းဒေဝီနှင့်အတူ ချန်းချင်းကလည်း ပြိုင်တူ လှုပ်ရှားလိုက်ရာ လီယွမ်မှာ နောက်ဆုတ်ရှောင်တိမ်းဖို့ပင် အချိန်မရလိုက်တော့ပေ။

"ရှင် ဘယ်ပြေးမလဲ"

"သတိထား ..."

အမုန်းဒေဝီနှင့် ချန်းချင်းတို့ လက်တွဲကာ တိုက်ခိုက်လိုက်ကြရာ လီယွမ် ဒုက္ခရောက်သွားတော့သည်။

"ဝုန်း ..."

"အား ..."

မြေပေါ်သို့ လဲကျသွားတော့သည်။

ထိုအချိန်မှာပင် ...

"သွားစမ်း ..."

ဝိတောက်က ငွေလာပို့သည့် မြင်းလှည်းသမားအား လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ..."

"အား ..."

မြင်းလှည်းသမား လဲကျသွားတော့သည်။

ဝီတောက်သည် တုံ့ဆိုင်းမနေဘဲ ချူးပေ့အုံးအား တိုက်ခိုက်လိုက်လေသည်။

တစ်ချိန်တည်းမှာပင် မုဝါနှင့် မုဖြူတို့က တိန့်ရှောင်ချန်းအား တိုက်ခိုက်လိုက်ကြသည်။

အခြေအနေမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

တောကြီးမျက်မည်းထဲရှိ မြေကွက်လပ်တွင် ငရဲပွက်သကဲ့သို့ မာန်သွင်းအော်ဟစ်သံများ ဆူညံသွားတော့သည်။

အမှန်းဒေဝီ၏ အကြံအစည်ကို မသိလိုက်ကြသည့် လီယွမ်တို့ အင်္ဂါကိုက်မိကာ ခံလိုက်ရခြင်း ဖြစ်သည်။

ချူးပေ့အုံးနှင့် တိန့်ရှောင်ချန်းတို့သည် သတိဝင်လာကြပြီး ပြန်လည်ခုခံ ရင်ဆိုင်လိုက်ကြသည်။

တိုက်ပွဲဖြစ်သည်ကို အခွင့်ကောင်းယူကာ အမှန်းဒေဝီက ...

"သွားစို့ ..."

ချန်းချင်းအား အချက်ပေးလိုက်သည်။

ထို့နောက် လီယွမ်အား သွေးကြောပိတ်ကာ ဖမ်းဆီးလိုက်ပြီး ပခုံးပေါ်ထမ်းကာ ပြေးထွက်သွားသည်။

ချန်းချင်းလည်း ကပျာကယာ လိုက်သွားလေသည်။

"ဟေ့ ... ဘယ်ကိုပြေးတာလဲ"

ဝီတောက်က လှမ်းအော်မေးလိုက်သော်လည်း အမှန်းဒေဝီနှင့် ချန်းချင်းတို့ အမှုမထားတော့ချေ။



ဝီတောက် ဒေါပွသွားသည်။

"ဒါ ငါ့ကိုသစ္စာဖောက်တာပဲ"

မည်သို့ဆိုစေ ချူးပေ့အုံးနှင့် တိုက်ခိုက်နေရခြင်းကြောင့် အမှန်းဒေဝီနောက်သို့ လိုက်မသွားနိုင်တော့ပါ။

ချူးပေ့အုံးနှင့် တိန့်ရှောင်ချန်းတို့လည်း အမှန်းဒေဝီနောက်သို့ လိုက်မသွားနိုင်ကြချေ။

တစ်ချက်ကလေး သတိလစ်သွားသည်နှင့် ဒုက္ခရောက်သွားနိုင်ခြင်းကြောင့် တိုက်ပွဲအပေါ်၌ အာရုံစိုက်ထားကြရသည်။

အပြင်းအထန် ခုခံတိုက်ခိုက်နေကြရသည်။ ဝီတောက်နှင့် သူ့တပည့်နှစ်ယောက်က တစ်ဖက်။ ချူးပေ့အုံးနှင့် တိန့်ရှောင်ချန်းတို့က တစ်ဖက်။ အသေအကြေ တိုက်ခိုက်နေကြတော့သည်။

ဤသို့ဖြင့် ချန်းချင်းနှင့် အမှန်းဒေဝီတို့မှာ လီယွမ်ကို ဖမ်းဆီးကာ ထွက်ပြေးလွတ်မြောက်သွားလေတော့သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

## သံသယ

ချန်းချင်းနှင့် အမုန်းဒေဝီတို့သည် လီယွမ်ကို ဖမ်းဆီးခေါ်ကာ လွတ်မြောက်သွားကြပြီ ဖြစ်ပါသည်။

သူတို့သည် တောင်ကုန်းကလေးတစ်ခုသို့ ရောက်ရှိသွားကြပြီး ရပ်တန့်လိုက်ကြသည်။

"ဝုန်း ..."

အမုန်းဒေဝီသည် လီယွမ်အား မြေပေါ်သို့ ဝုန်းခနဲ ပစ်ချလိုက်သည်။ လီယွမ်မှာ မြေပေါ် သုံးလေးပတ်လိမ့်သွားပြီး တုတ်တုတ်မျှ မလှုပ်ချေ။

အမုန်းဒေဝီက မုန်းတီးရွံ့ရှာစွာဖြင့် ခြေထောက်ဖြင့် ကန်ကျောက်လိုက်သည်။

"လူယုတ်မာ ... ခုတော့ ရှင် ဘာတတ်နိုင်သေးသလဲ"

ချန်းချင်း သက်ပြင်းချလိုက်သည်။

"ညီမ ... သူက ခုခံနိုင်တာမှ မဟုတ်တာ၊ သူ့ကို ..."



သူ၏စကားမဆုံးမီ အမုန်းဒေဝီက ကြားဖြတ်ပြောလိုက်သည်။

"ကျွန်မလည်း သူတို့နှိပ်စက်တုန်းက ဘာမှ မတတ်နိုင်ခဲ့ဘူး"

"ကျုပ် ..."

ချန်းချင်း မည်သို့ဆက်ပြောရမှန်းမသိ ဖြစ်သွားလည်း။

အမုန်းဒေဝီက ...

"သူတို့ရဲ့လက်ထဲမှာ ကျွန်မ ဧရာခံခဲ့ရတာကို ဘယ်မေ့နိုင်ပါဦးမလဲရှင်၊ ရှင်သာ သူတို့ရဲ့ဧရာခန်းထဲမှာ နေခဲ့ရရင် သူတို့ကိုမေ့နိုင်ပါမလား"

ချန်းချင်း ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

သူမ ပြောသည်မှာလည်း သွေးထွက်အောင်မှန်နေသည် မဟုတ်ပါလား။

အမုန်းဒေဝီက လီယွမ်အား ထပ်မံနှိပ်စက်လိုက်သည်။

"လူယုတ်မာ ... အခု ရှင့်အလှည့်ရောက်ပြီဆိုတာ မှတ်ထား"

သူမ၏လက်ချက်ကြောင့် လီယွမ်၏တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲသွားလေတော့သည်။

ချန်းချင်းသည် အမုန်းဒေဝီ လက်လွန်ခြေလွန် ဖြစ်မည်ကို စိုးရိမ်လာကာ ဟန့်တားလိုက်ပြန်သည်။

"ညီမ ... သည်လောက် ဆိုးမရရင် တော်လောက်ပါပြီ"

"စိတ်ချပါရှင်"

အမုန်းဒေဝီသည် ထပ်မံနှိပ်စက်ညှင်းပမ်းခြင်းမပြုတော့ဘဲ လီယွမ် စကားပြောလာနိုင်အောင် သွေးကြောတချို့ကို ဖွင့်ပေးလိုက်လေသည်။

"အမယ်လေးဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com



လီယွမ်သည် အသံထွက်လာနိုင်သည်နှင့် အော်ဟစ်ညည်းတွားလိုက်လေတော့သည်။

အမုန်းဒေဝီကိုလည်း ကြောက်ရွံ့ထိတ်လန့်နေပြီ ဖြစ်ပါသည်။

"ကျုပ်ကို ချမ်းသာပေးပါ၊ ကျုပ်ရဲ့စည်းစိမ်ဥစ္စာတွေကို မင်းကို ပေးပါ့မယ်၊ အသက်ကို ချမ်းသာပေးပါ၊ ကျုပ် မိုက်မှားမိတဲ့ အပြစ်တွေကို ခွင့်လွှတ်ပါ၊ ကျုပ် တစ်ပြားမှမယူနဲ့ဆို မယူပါဘူး။ ချမ်းသာသမျှ မင်းပဲယူပါ"

အမုန်းဒေဝီက ရယ်မောလိုက်သည်။

"ရှင် တော်တော်လိမ္မာတာပဲ၊ သိပ်ကောင်းတာပေါ့ရှင်၊ ရှင့်ရဲ့ ပစ္စည်းဥစ္စာတွေတင် မကဘူး၊ တိန့်ရှောင်ကျန်းနဲ့ ချူးပေအုံးတို့ဆီကလည်း ရအောင်ယူမှာ၊ ကဲ... ပြောစမ်း ရှင်တို့ ဝှက်ထားတဲ့ ရတနာသိုက် ဘယ်နေရာမှာလဲ"

လီယွမ် ငြင်းသည်။

"ဘာ ရတနာသိုက်မှ မရှိပါဘူးဗျာ၊ တကယ်ပါ"

"ဘာရှင့်..."

"ကျုပ်တို့ ဘာမှဝှက်ထားတာ မရှိပါဘူး၊ ချမ်းသာသမျှအားလုံး ကျုပ်တို့သုံးဖြုန်းနေကြတာပါ"

"ခုချိန်ထိ ရှင်က လိမ်ပြောချင်နေသေးတာကိုး၊ ကောင်းပြီ ရှင် ဘယ်လောက်အထိ အနှိပ်စက်ခံနိုင်မလဲ ကြည့်ကြသေးတာပေါ့၊ ငရဲရောက်ရတာထက် ဆိုးတယ်လို့ ရှင် ထင်သွားစေရမယ်"

အမုန်းဒေဝသည် လီယွမ်၏သွေးကြောတချို့ကို လက်ညှိုးဖြင့် ထောက်ချလိုက်သည်။

လီယွမ် ငယ်သံပါအောင် အော်လိုက်သည်။



သူ၏ ခန္ဓာကိုယ်ထဲသို့ ပိုးကောင်လေးများ ရာထောင်ချီကာ ဝင်ရောက် ကိုက်ခဲလိုက်ခြင်းကြောင့် သွေးကြောများ အပိုင်းပိုင်းပြတ်တောက်ကုန်သကဲ့သို့ ခံစားရပြီး မခံမရပ်နိုင်အောင် နာကျင်သွားခြင်းကြောင့် ဖြစ်သည်။

"အမယ်လေးဗျာ... ကျုပ်ကို ချမ်းသာပေးပါ၊ မနှိပ်စက်ပါနဲ့တော့၊ ကျုပ်ကို ချမ်းသာပေးပါဗျာ"

လီယွမ်က အော်ဟစ်တောင်းပန်နေသည်။

"ခစ်... ခစ်... ခစ်"

အမုန်းဒေဝီက ရယ်မောလိုက်လေသည်။

"ရှင် ခေါင်းမာနေမယ်ဆိုရင် ဒီထက်ပိုနာမယ်ဆိုတာ မှတ်ထားပါ၊ ကဲ... ပြောစမ်း"

လီယွမ်မှာ သိုင်းပညာ ထက်မြက်သူဖြစ်သည်။ သတ်ရဲသေရဲသည့် လူဆိုးကြီးတစ်ယောက် ဖြစ်ခဲ့သည်။

မတရား ရယူသွားသော ငွေများဖြင့် ချမ်းသာကြွယ်ဝကာ စည်းစိမ်ခံစားပြီးနောက် သေရမှာကို အလွန်ကြောက်ရွံ့လာသည်။ သူရဲဘောကြောင်သူ ဖြစ်သွားခဲ့ချေပြီ။

အမုန်းဒေဝီသည် မည်နည်းနှင့်မျှ ချမ်းသာပေးမည့်သူမဟုတ်ကြောင်း သိနေ၍လည်း ခေါင်းမမာဝံ့တော့ချေ။

"ကျုပ်... ကျုပ်ကို ချမ်းသာပေးပါ၊ ကျုပ် ပြောပြပါ့မယ်၊ ကျုပ်အကြောတွေကို ဖြေပေးပါဗျာ"

"သည်လိုမှပေါ့၊ ကဲ... ပြောပါဦး၊ ရှင်တို့ ယူသွားတဲ့ပစ္စည်းတွေ ဘယ်မှာလဲ၊ မှန်မှန်ပြောနော်၊ မပြောလို့ကတော့ ရှင် သေပါရစေဆိုတာတောင် မသေစေရဘူး"

www.burmeseclassic.com

www.burmeseclassic.com



လီယွမ်က ...

“အရိုးခေါင်းတောင်က ကျောက်ဂူကြီးတစ်ခုထဲမှာ ဝှက်ထားပါတယ်”

အမုန်းဒေဝီ ဝမ်းသာသွားသည်။

“ရှင် လိမ်ပြောရင် သေရမယ်ဆိုတာ သိပါတယ်နော်”

“ကျုပ် မလိမ်ဝံ့ပါဘူးဗျာ”

အရိုးခေါင်းတောင်မှ ရတနာများဝှက်ထားသည့် ကျောက်ဂူကြီးဆီသို့ မည်သို့မည်ပုံ သွားရမည်ကို ပြောပြသည်။

လီယွမ်သည် ကြောက်ရွံ့နေသည့်အလျောက် လိမ်ညာပြောခြင်း မပြုဝံ့ဘဲ အမှန်အတိုင်းပြောခြင်းဖြစ်ကြောင်း ဘေးမှရပ်ကြည့်နေသော ချန်းချင်းပင်လျှင် နားလည်မိသည်။

အမုန်းဒေဝီက ...

“ကောင်းပြီ ... ကျွန်မ သွားရှာမယ်၊ မတွေ့ဘူးဆိုရင်တော့ ရှင် မလွယ်ဘူး”

“စိတ်ချပါ၊ ကျုပ် မလိမ်ပါဘူး၊ သွားရှာပါ တွေ့ပါလိမ့်မယ်၊ ကဲ ... ကျုပ် ပြောပြပြီးပြီဆိုတော့ ကျုပ်ကို လွှတ်ပေးပါတော့”

လီယွမ်က လွှတ်ပေးရန် တောင်းပန်နေသည်။

သို့သော် အမုန်းဒေဝီက လက်မခံဘဲ ခေါင်းခါယမ်းလိုက်၏။

ပစ္စည်းများ ကိုယ့်လက်ထဲ မရောက်သေးဘဲ အဘယ်မှာလျှင် သူ့ကို လွှတ်နိုင်ပါမည်နည်း။

အမုန်းဒေဝီက ...

“ဝမ်းနည်းပါတယ်၊ ရှင့်ကို လွှတ်မပေးနိုင်တော့ပါဘူး”

“မင်း ... မင်း ...”



“အမုန်ဆိုရင် ရှင့်ကို အမျိုးမျိုးနှိပ်စက်ပြီး သတ်ပစ်ရမှာ၊ ကျွန်မအတွက် အချိန်မရတော့လို့ ရှင် သက်သာသွားတယ်မှတ်ပါ”

“ကျုပ်ကို မသတ်ပါနဲ့”

လီယွမ်သည် မရှက်နိုင်တော့ဘဲ တောင်းပန်တိုးလျှိုနေသည့်တိုင်အောင် အမုန်းဒေဝီက ချမ်းသာမပေးပါချေ။

“ရှင့်အလှည့်ပဲ၊ ဘာမှ တောင်းပန်မနေပါနဲ့တော့”

သူမသည် လက်ဝါးချောင်းဖြင့် လီယွမ်၏ဦးခေါင်းကို ကုပ်ချလိုက်တော့သည်။

လီယွမ်၏ဦးခေါင်း အက်ကွဲကြေမွကာ သွေးချင်းချင်း နီရဲသွားတော့သည်။

“အား ...”

စူးရှစွာအော်ဟစ်ရင်း အမိုက်ဓာတ်သိမ်းသွားလေတော့သည်။

✦ ✦ ✦

လီယွမ် သေဆုံးသွားလေပြီ။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း လူတစ်ယောက် သေဆုံးသွားရခြင်း ဖြစ်သည်။

အမုန်းဒေဝီက သွေးအေးအေးဖြင့် ရက်ရက်စက်စက် သတ်ဖြတ်ပစ်လိုက်ခြင်း ဖြစ်သည်။

ချန်းချင်း သတိဝင်လာသည်။

“ဟင် ... မင်း ... မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ ရက်စက်လှချည်လား”

အမုန်းဒေဝီက ...

www.burmeseclassic.com

www.burmeseclassic.com



"သည်လူဟာ တစ်ကြိမ်မကဘူး၊ ဆယ်ကြိမ်လောက် သေသင့်သေထိုက်တဲ့လူရှင့်"

ချန်းချင်းက ...

"သူဟာ မကောင်းတဲ့လူတစ်ယောက်ဆိုတာ ကျုပ် လက်ခံပါတယ်၊ ဒါပေမယ့် ခုချိန်မှာ သူဟာ မခုခံနိုင်တဲ့ လူတစ်ယောက်ပါ။ သူ့ကို သတ်ပစ်လိုက်တာဟာ ရက်စက်ရာကျတယ်၊ အကာအကွယ်မဲ့နေတဲ့လူ၊ အင်အားမရှိတဲ့လူကို သတ်ပစ်လိုက်တာဟာ ရက်စက်ရာကျတယ် ညီမ"

အမုန်းဒေဝီက လက်မခံပါ။

"ဘာကြောင့် ရက်စက်ရမှာလဲ၊ သူတို့လေးယောက်စလုံးကို ကျွန်မ သုတ်သင်ရှင်းလင်းပစ်မှာရှင့်"

"မင်း ... မင်း"

"သူတို့ယူသွားတဲ့ ပစ္စည်းတွေ ဘယ်မှာဝှက်ထားတယ်ဆိုတာလည်း ကျွန်မတို့ သိထားပြီလေ၊ ရှင် စိတ်မဝင်စားဘူးလား"

"ဘာ ..."

"သည်ပစ္စည်းတွေရရင် တစ်သက်မပြောနဲ့ ဆယ်သက်တောင် စားမကုန်နိုင်တော့ဘူးရှင့်"

အမုန်းဒေဝီသည် သွေးအိုင်ထဲတွင် လဲကျသေဆုံးနေသည့် လီယွမ်၏အလောင်းကို ညွှန်ပြလိုက်သည်။

"သူ့တို့ကို ကြည့်ပါလား၊ ယူသွားတဲ့ပစ္စည်းတွေထဲက တစ်စိတ်တစ်ပိုင်းပဲ ထုတ်သုံးတာတောင်မှ ကျိကျိတက် ချမ်းသာကြွယ်ဝနေတဲ့ သူဌေးကြီးတွေလို နေနိုင်ခဲ့ကြသေးတာ၊ ပစ္စည်းတွေအားလုံးကိုသာ ရမယ်ဆိုရင် ဘယ်လိုရှိမလဲဆိုတာ ရှင် စဉ်းစားကြည့်စမ်းပါ။



ဘုရင့်ဘဏ္ဍာတော်တွေဟာ ဘယ်လောက်တောင် များပြားတယ် မသိဘူး၊ သူတို့ဟာ အဲဒီပစ္စည်းတွေနဲ့ ကြောင်သူတော် ကြွက်သူခိုးတွေ လုပ်နေကြတာရှင့်"

သူမသည် ဘဝတစ်လျှောက်လုံး ဆင်းရဲချို့တဲ့စွာ နေထိုင်ခဲ့ရခြင်းကြောင့် ချမ်းသာကြွယ်ဝလိုစိတ် ပြင်းပြနေသူဖြစ်သည်မှာ ထင်ရှားနေသည်။ သူ၏ဖြစ်ချင်စိတ်ကို လုံးဝ မဖုံးဖိနိုင်တော့ချေ။

သူမ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပကာ တက်တက်ကြွကြွ ဖြစ်နေပါတော့သည်။

ချန်းချင်း သတိပေးလိုက်သည်။

"သည်ပစ္စည်းတွေဟာ ရာဇဝတ်မှုမကင်းတဲ့ ပစ္စည်းတွေဆိုတာ မင်း နားလည်ရမယ်၊ ဘယ်သူမှ ကိုယ်ကျိုးသုံးဖွဲခွင့် မရှိဘူး၊ သက်ဆိုင်ရာလက်ထဲ အပ်နှံရလိမ့်မယ်၊ မသန့်ရှင်းတဲ့ပစ္စည်းလို့ သဘောထားရမယ်၊ ဒါဟာ ဘုရင့်ဘဏ္ဍာတော်တွေပဲ"

အမုန်းဒေဝီက ...

"ရှင် ရူးနေပြီ"

"ဘာ ..."

"သည်လောက်ကောင်းတဲ့ အခွင့်အရေးကို ကျွန်မ ဘာကြောင့် လက်လွှတ်ခံရမှာလဲ၊ ကျွန်မ လက်လွှတ်မခံဘူး"

ချန်းချင်းက တင်းတင်းမာမာ ပြောလိုက်သည်။

"ကျုပ်က မင်းကို နားလည်နိုင်ပါတယ်၊ ပြုပြင်လိုက်မယ်ဆိုရင် မိတ်ဆွေတစ်ယောက်အဖြစ် လက်ခံနိုင်ပါတယ်၊ ဒါပေမယ့် ရှေ့ဆက် ဆိုးသွမ်းမိုက်မဲနေမယ်ဆိုရင်တော့ ကျုပ် သည်းခံနေမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



အမုန်းဒေဝီက ပမာမခန့် ပြန်ပြောလေသည်။

"ရှင် ဘာလုပ်ချင်လို့လဲ"

အမုန်းဒေဝီသည် ကျားသစ်မလေးသဖွယ် မာန်ချီလာလေသည်။ ဥစ္စာပစ္စည်းသည် လူ၏ရိုးသားသောစိတ်ကို ပျက်စီးစေသည်။

ချန်းချင်းက ...

"ကျုပ် ပြောပြီးပြီလေ၊ မင်းကို တားဆီးရမှာပေါ့"

အမုန်းဒေဝီ ခါးထောက်လိုက်သည်။

"လက်စသတ်တော့ ရှင်က ကျွန်မကို ကူညီမလိုလိုနဲ့ နှောင့်ယှက်ချင်တာကိုး"

"မင်း မှားနေပြီ၊ မင်းကို ကျုပ် ကူညီနေတာပါ၊ လူကောင်းတစ်ယောက်ဖြစ်ကြောင်း မင်းကိုလက်ခံနိုင်လာအောင် တိုက်ရာပါပစ္စည်းတွေကို ရအောင်ယူပြီး သက်ဆိုင်ရာလက်ထဲ ပြန်အပ်ပြီး သက်သေပြမယ်လို့ မင်းပြောခဲ့တယ်လေ၊ မင်းရဲ့ကတိစကားပဲ၊ ငါပြောခဲ့တာရဲ့စကား မဟုတ်ဘူး"

အမုန်းဒေဝီ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ စိတ်ပြောင်းသွားပြီ"

"မင်း ကတိမတည်ဘူးပေါ့"

အမုန်းဒေဝီသည် ချန်းချင်း၏စကားကြောင့် အလွန်စိတ်ပျက်သွားပုံ ရှိသည်။

"ရှင် တော်တော်ခက်ပါလား၊ တကယ်ပဲ အခွင့်အရေးကို နားမလည်တတ်တော့ဘူးလား၊ ရှင် သဘောပေါက်စမ်းပါ၊ ဒါ ရှင်နဲ့ ကျွန်မတို့အတွက် အခွင့်အရေးပဲရှင့်"

ချန်းချင်းက ...



"မင်း စိတ်ထင်ရာလုပ်မယ်ဆိုရင် မင်းကို ဟန့်တားသွားရမှာပဲ၊ အဲဒါကိုတော့ စိတ်ချ၊ ကျုပ်ကို လျှော့မတွက်ပါနဲ့"

အမုန်းဒေဝီက ...

"ရှင့်ရဲ့ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးဆိုပါတော့"

"သေချာပါတယ်၊ မြေကြီးကို လက်နဲ့ရိုက်ရင် လွဲရင်လွဲမယ်၊ မင်းကို တားဆီးမယ်ဆိုတာကတော့ မလွဲပါဘူး"

အမုန်းဒေဝီသည် မြေကြီးကိုငုံ့ကြည့်နေပြီး အတန်ကြာအောင် စကားမပြောတော့ဘဲ ငြိမ်နေ၏။

ချန်းချင်းကလည်း အခြေအနေစောင့်ကြည့်နေလိုက်သည်။

အတော်လေးကြာမှ အမုန်းဒေဝီ ခေါင်းထောင်လာသည်။

ထူးထူးခြားခြားပင် သူ၏မျက်နှာ ပြုံးရွှင်နေပါတော့သည်။

"ကျွန်မတို့အဖြစ်က ရယ်စရာကောင်းလိုက်တာနော်၊ ပစ္စည်းတွေက ဘယ်မှာနေမှန်းမသိသေးဘူး၊ ကျွန်မတို့ စိတ်ဝမ်းကွဲ သလိုဖြစ်နေကြတယ်"

သူက လေပြည့်ထိုးလိုက်သည်။

ချန်းချင်းက ခပ်တင်းတင်းပြောသည်။ သူသည် အမုန်းဒေဝီကို စိတ်ပျက်မိသည်။

"ကျုပ်က မတရားတာမှန်သမျှကို လက်ခံသွားမှာ မဟုတ်ပါဘူး၊ ကျုပ် သေတဲ့အထိ မတရားမှုကို လက်မခံဘူး"

သူ၏သဘောထားကို ပြတ်ပြတ်သားသား ပြောလိုက်သည်။

အမုန်းဒေဝီက ...

"ဟုတ်ပါတယ်လေ ... ကျွန်မ စဉ်းစားကြည့်တော့ ရယ်စရာကောင်းနေတယ်၊ ကျွန်မရဲ့ဘဝက ခါးသီးလှပါတယ်၊ ဆင်းရဲလို့တဲ့

www.burmeseclassic.com



ခဲ့တယ်၊ ကျွန်မကို ဒုက္ခရောက်အောင်လုပ်ခဲ့တဲ့ လူဆိုးတွေကို ဆုံးမပြီး ရတနာတွေရမယ်ဆိုရင် ဘာမှ လိုလေသေးမရှိ ပြည့်စုံသွားမယ်လို့ ထင်မိတယ်"

ချန်းချင်းအား လက်ညှိုးညွှန်ပြီး ဆက်ပြောလိုက်သည်။

"ပြီးတော့ ... ကျွန်မအနားမှာ ကူညီစောင့်ရှောက်မယ် မိတ်ဆွေကောင်းတစ်ယောက်ကလည်း ရှိနေပြီလေ၊ ကဲ ... ကျွန်မဘဝ ပြည့်စုံသွားပြီ၊ ဘယ်လောက်များ ပျော်စရာကောင်းလိုက်မလဲ၊ ဒါတွေကိုတွေးတောပြီး ပြောမိတာပါရှင်"

ချန်းချင်းက ဘာမှပြန်မပြောဘဲ သူမအား အကဲခတ်ကြည့်နေသည်။

အမုန်းဒေဝီက ဆက်ပြောလေသည်။

"ကျွန်မ အလောတကြီးဖြစ်သွားတယ်၊ ကျွန်မ မှားသွားပါတယ်၊ ကျွန်မကို ခွင့်လွှတ်တယ် မဟုတ်လားရှင်"

သူမ ခယတောင်းပန်နေသောအခါ ချန်းချန်း သက်ပြင်းချလိုက်မိလေသည်။

"မင်းသာ မဟုတ်တာမလုပ်ဘူးဆိုရင် ကျုပ် ဘာမှ ပြောစရာမရှိပါဘူး"

"ဒါဆို ကျွန်မကို မိတ်ဆွေတစ်ယောက်အဖြစ် လက်ခံနိုင်သေးတာပေါ့နော်"

"ဘာကြောင့် လက်မခံနိုင်ရမှာလဲ၊ ဒါပေမယ့် ကျုပ်နဲ့ မိတ်ဆွေဖြစ်ချင်ရင် လူကောင်းတစ်ယောက်ဖြစ်လာအောင် တကယ်ကို ပြုပြင်ဖို့တော့ လိုလိမ့်မယ်၊ လူကောင်းတစ်ယောက်အဖြစ် ခွေးမြီးကောက်ကျည်တောက်စွပ်ဆိုရင်တော့ ကျုပ်တို့ဟာ မိတ်ဆွေမဖြစ်နိုင်ဘူး"



အမုန်းဒေဝီ ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါရှင်၊ ကျွန်မ သတိထား ဆင်ခြင်ပါ့မယ်၊ ပြုပြင်သွားပါ့မယ်၊ ကျေနပ်တယ် မဟုတ်လားရှင်"

ချန်းချင်းက သက်ပြင်းချရင်း ပြောသည်။

"ကျေနပ်ပါတယ်ဗျာ"

"ဟေး ... "

အမုန်းဒေဝီသည် ကလေးတစ်ယောက်ပမာ ဝမ်းသာပျော်မြူးသွားလေသည်။ ထခုန်၍ လက်ခုပ်လက်ဝါးတီးလိုက်သည်။

ချန်းချင်းသည် သူ့ညီမလေးကို အမှတ်ရလာမိသည်။

သူမကို ကြည့်ပြီး သက်ပြင်းချလိုက်မိသည်။

အမုန်းဒေဝီသည် တကယ်တမ်း လူကောင်းတစ်ယောက်အဖြစ် ပြုပြင်သွားမည် ဆိုပါလျှင် သူမအား မိတ်ဆွေတစ်ယောက်အဖြစ် လက်ခံဖို့ ဝန်လေးမည် မဟုတ်ပါ။

လက်တွေ့မဟုတ် အပြောသာ ပြုပြင်လျှင်တော့ သူတို့ မိတ်ဆွေဖြစ်နိုင်မည် မဟုတ်ပါ။

သိုင်းလောကသားများကလည်း သူမကအား လက်ခံလာကြလိမ့်မည်ဟု ယုံကြည်မိသည်။

မည်သို့ဆိုစေ သူ၏ရင်ထဲ၌ အံ့သြစရာကောင်းသော အယူအဆတစ်ခု ဝင်ရောက်ကိန်းအောင်းနေပြီ ဖြစ်ပါသည်။

ထိုအယူအဆမှာ 'အမုန်းဒေဝီသည် ဘယ်တော့မည် ပြုပြင်မည့်သူ မဟုတ်'ဟူသော အယူအဆပင်တည်း။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

# ဖခင်ကြီး၏ သတင်း

မိုးက တစိမ့်စိမ့် ရွာသွန်းနေသည်။

အေးစိမ့်မှုက ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံထားသည်။

ချန်းချင်းနှင့် အမုန်းဒေဝီတို့သည် တည်းခိုခန်းလေးတစ်ခု၌ ရောက်ရှိနေကြလေသည်။

သူတို့သည် အရှီးခေါင်းတောင်သို့ ဦးတည်ကာ ထွက်လာခဲ့ကြခြင်း ဖြစ်ပါသည်။

အရှီးခေါင်းတောင်၌ ဝှက်ထားသော ရတနာများကို ရယူပြီး သက်ဆိုရာလက်ထဲသို့ အပ်နှံဖို့ စီစဉ်ကြသည်။

ယခုအချိန်အထိ အားလုံး ချောချောမောမော ဖြစ်နေသည်။

အမုန်းဒေဝီသည် ရတနာများအား ကိုယ်ကျိုးရယူမည့် စကားအား လုံးဝ မပြောတော့ဘဲ ချန်းချင်းနှင့်အတူ ပျော်ပျော်ရွှင်ရွှင် ရှိနေသည်။ ယခုကဲ့သို့ မြင်ရသောအခါ ပီဘိ ညီမလေးတစ်ယောက် သဖွယ် ဖြစ်နေသည်။



ထို့ကြောင့်လည်း ချန်းချင်းသည် အမုန်းဒေဝီအပေါ် တဖြည်းဖြည်း စိတ်ချသလို ဖြစ်လာလေတော့သည်။

နံနက်စာ စားချိန်တွင် ချန်းချင်းနှင့် အမုန်းဒေဝီတို့သည် တည်းခိုခန်းအောက်ဘက် စားသောက်ခန်းမသို့ဆင်းပြီး စားသောက်လိုက်ကြသည်။

စားသောက်ရင်း အမုန်းဒေဝီက ညည်းတွားလိုက်သည်။

"မိုး သည်လိုရွာသွန်းနေပုံမျိုးနဲ့ ဆိုရင်တော့ ကျွန်မတို့ ခရီးဆက်လို့ ခက်မယ်ထင်တယ်၊ လူတွေမျောပါသွားမလောက် မိုးက ရွာနေတော့တာပဲနော်"

ချန်းချင်းက ခပ်တိုးတိုး ပြောလိုက်သည်။

"အချိန်အခါမဟုတ်ဘဲ မိုးရွာနေတာဆိုတော့ သိပ်ကြာကြာတော့ ရွာနိုင်မယ် မထင်ပါဘူး၊ နောက် တစ်ရက်နှစ်ရက်လောက်ဆိုရင် မိုးတိတ်သွားပြီး ရာသီဥတု ကြည်ကြည်လင်လင် ဖြစ်လာမှာပါ၊ အဲသည်အချိန်ရောက်မှ ခရီးဆက်ကြတာပေါ့၊ မိုးရွာနေတုန်း ဒီလိုပဲ အနားယူနေရမှာပဲ၊ မိုးရွာထဲ ပစ္စည်းလိုက်ရှာလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ မိုးတဖွဲဖွဲရွာတာဆိုရင်တော့ တစ်မျိုးပေါ့"

ချန်းချင်းသည် ရတနာများနှင့် ပတ်သက်၍ အလောတကြီး ဆောင်ရွက်ခြင်းမပြုလိုချေ။ ဘုရင့် ဘဏ္ဍာတော်များကို သယ်ယူရမည့် ဒုက္ခကလည်း ရှာဖွေရသည့်ဒုက္ခလောက်နီးနီး ရှိသည်။

အချိန်ယူကာ ဆောင်ရွက်ခြင်းဖြင့် အမုန်းဒေဝီ၏ စိတ်များ ပို၍ တည်ငြိမ်သွားမည်ဟု ချန်းချင်း ယုံကြည်ထားသည်။

အမုန်းဒေဝီက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ အချိန်ဖြုန်းသလိုများ ဖြစ်နေမလားဟင်၊ ပစ္စည်းဘယ်နေရာမှာဆိုတာ သိနေပြီပဲ၊ အချိန်မဖြုန်းသင့်ဘူး ထင်တယ်"

ချန်းချင်းက ...

"ဘာဖြစ်လို့လဲ ညီမရဲ့ ..."

အမှန်းဒေဝီက ...

"အရိုးခေါင်းတောင် ရတနာသိုက်အကြောင်းကို ကျွန်မတို့လိုပဲ သိတဲ့လူတွေ ရှိနေကြသေးတယ် မဟုတ်လားရှင်"

"ညီမက ချူးပေ့အုံးနဲ့ တိန်ရှောင်ချန်းတို့ကို ပြောနေတာလား"

"ဟုတ်ပါတယ်၊ သူတို့နှစ်ယောက်ဟာ အရိုးခေါင်းတောင် ရတနာသိုက်အကြောင်းကို ကျွန်မတို့ထက်ပိုပြီး သိနေကြတယ် မဟုတ်လားရှင်"

ချန်းချင်း မျက်မှောင်ကြုတ်သွားသည်။

အမှန်းဒေဝီပြောသည့် စကားများ မှန်ကန်နေပါသည်။

သို့သော် ...

"သူတို့ဟာ သိုင်းဆရာဝီတောက်နဲ့ ရင်ဆိုင်နေခဲ့ရတာပဲ မဟုတ်လား၊ သူတို့ ဝီတောက်ကို ကျော်ဖြတ်နိုင်ဖို့ မလွယ်ပါဘူး၊ ဝီတောက်ဟာ အတော်ကို သိုင်းပညာကောင်းတယ်၊ သူ့တပည့်နှစ်ယောက်ကလည်း အားကိုးနိုင်လောက်တယ်"

"ဝီတောက်ဟာ ခုတစ်မျိုး တော်ကြာတစ်မျိုး ပြောင်းလဲနေတတ်တဲ့ လူစားမျိုးရှင့်၊ ကျွန်မတို့ လီယွမ်ကိုဖမ်းပြီး ထွက်ပြေးသွားကြပြီဆိုတာနဲ့ သူတို့လည်း ကြာကြာဆက်ပြီး တိုက်ခိုက်ကြတော့မယ် မထင်ဘူး၊ သူတို့အချင်းချင်း ပူးပေါင်းမိသွားမှာ သေချာတယ်"



ဝီတောက်သည် ကြောက်စရာကောင်းသူ ဖြစ်သည်။

ဤသည်ကို ချန်းချင်း သိသည်။

ချူးပေ့အုံးနှင့် တိန့်ရှောင်ချန်းတို့မှာလည်း ခေသူများ မဟုတ်ကြချေ။ သူတို့သည် ရက်စက်ဆိုးသွမ်းသော ဓားပြကြီးများဘဝမှ ရုတေလာသူများ ဖြစ်သည်။ ရက်စက်ခြင်း၊ ဆိုးသွမ်းခြင်း၊ ဉာဏ်များခြင်းတို့သည် သူတို့၏အကျင့်စရိုက် ဖြစ်သည်။

သူတို့ ပူးပေါင်းမိသွားကြပြီဆိုလျှင် ရင်ဆိုင်ဖို့ အလွန်ခက်ခဲသွားပေလိမ့်မည်။

ချူးပေ့အုံးတို့သည် အရိုးခေါင်းတောင် ရတနာသိုက်အကြောင်းကို လီယွမ်ကဲ့သို့ သိနေကြသူများ ဖြစ်သည်။

အရိုးခေါင်းတောင်သို့ သူတို့ထက်အရင် ရောက်နှင့်အောင်သွားနိုင်စွမ်း ရှိကြလိမ့်မည် မဟုတ်ပါလား။

အမှန်းဒေဝီက ...

"ကျွန်မတို့အတွက် မလွယ်ကူဘူးဆိုတာ အစ်ကို နားလည်မှာပါ၊ ဒါကြောင့် အချိန်မဖြုန်းဘဲ အမြန်ဆုံးသွားကြတာ မကောင်းဘူးလားရှင်"

ချန်းချင်း မတတ်သာတော့ဘဲ သဘောတူလိုက်ရတော့သည်။

"ကောင်းပြီလေ ... သွားကြတာပေါ့"

အမှန်းဒေဝီ ဝမ်းသာသွားသည်။

နှစ်ယောက်သား စားသောက်ခကျသင့်ငွေကို ပေးချေပြီး ထိုင်ရာမှ ထလိုက်ကြသည်။

ထိုစဉ် ဆိုင်ထဲသို့ ခပ်သုတ်သုတ် လှမ်းဝင်လာသူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်ရသည်။ ထိုလူသည် မိုးရေထဲမှ ကြွက်စုတ်လို ဖြစ်နေသည်။

ထိုလူတွင် အထုပ်အပိုးများပါလာပြီး အချိန်အခါမဟုတ် ရွာသွန်းနေသောမိုးကို ကျိန်ဆဲနေသည်။ တဖျစ်တောက်တောက် လုပ်နေသည်။

ချန်းချင်း ထိုလူကိုမြင်လျှင် ဝမ်းသာအားရ ဖြစ်သွားသည်။

“နောင်ကြီးဟာ ပန်းနီကျေးရွာကိုလာနေကျ ကုန်သည် လင်းဝူ မဟုတ်လားဗျာ”

ထိုလူသည် ချန်းချင်းအား မျက်မှောင်ကြုတ်ကာ ကြည့်သည်။

ရုတ်တရက် မမှတ်မိသည့်သဘော ဖြစ်သည်။ သူက ပြန်မေးလိုက်သည်။

“မင်းက ဘယ်သူလဲ”

“ကျွန်တော် ချန်းချင်းပါ၊ သူဌေးကြီးကျူးယီရဲ့ မွေးစားသားပါ”

“ဩော် ... မင်းဟာ သူဌေးကြီးကျူးယီရဲ့မွေးစားသား ချန်းချင်း ကိုး”

ချန်းချင်း ပြောပြလိုက်မှ လင်းဝူဆိုသူ မှတ်မိသွားသည်။

ချန်းချင်းက ...

“ဟုတ်ပါတယ် ... ကျွန်တော် သိုင်းပညာသင်ဖို့ အိမ်ကထွက်လာတာ ကြာပါပြီ၊ ပညာသင်ပြီးတော့လည်း အတွေ့အကြုံရဖို့ သိုင်းလောကထဲကို ထွက်လာခဲ့ပြီး အိမ်ကိုမပြန်နိုင်အောင်ပါပဲ၊ အိမ်ကို ကျွန်တော် သတိရနေတာပါဗျာ”



လင်းဝူက မလိုတမာ ပြောလေသည်။

“မင်းကတော့ လူကောင်းလေးပါ၊ မင်းအဖေကတော့ သိပ်မဟန်ပါဘူး”

“ဗျာ ... ဘယ်လို”

“မင်းအဖေက ရှိသမျှစီးပွားရေးလုပ်ငန်းတွေကို လက်ဝါးကြီးအုပ်ထားတော့ ငါတို့လို အရင်းအနှီးနည်းတဲ့ ကုန်သည်လေးတွေ ဘာမှ အလုပ်မဖြစ်တော့ဘူး၊ ပန်းနီကျေးရွာ ဒေသတစ်ဝိုက်ကို ဘယ်ကုန်သည်မှ မသွားကြတော့ဘူးကွ၊ အဲဒီဒေသဟာ တားမြစ်နယ်မြေလို ဖြစ်နေပြီကွ”

လင်းဝူသည် မကျေမနပ်ပြောဆိုပြီး ထွက်သွားသည်။

ချန်းချင်း သက်ပြင်းချလိုက်သည်။

အမုန်းဒေဝီ မကျေမနပ်ဖြစ်သွားတော့သည်။

“သည်လူ တော်တော်ရိုင်းစိုင်းတာပဲ၊ ကျွန်မ ဆုံးမလိုက်ရမလား”

အမုန်းဒေဝီက မေးလာသောအခါ ချန်းချင်း အလန့်တကြား ဖြစ်သွားသည်။

“မလုပ်ပါနဲ့ ညီမရယ် ...သူ မကျေနပ်လို့ မကျေနပ်ဘူးပြောတာပဲ၊ ပြောပါစေ၊ လူတစ်ယောက်ဟာ သူ့ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိပါတယ်၊ မတားမြစ်သင့်ပါဘူး”

“နေပါဦး၊ သူက ဘာတွေမကျေမနပ် ဖြစ်နေတာလဲ”

ချန်းချင်း ရှင်းပြရသည်။

“ကျုပ်ရဲ့ဖေဖေဟာ ကုန်သည်သူဌေးကြီးတစ်ဦး ဖြစ်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



စေတနာကောင်းပါတယ်၊ အများပြည်သူအပေါ်မှာ အမြတ်အစွန်း များများမယူဘဲ သင့်တင့်လျောက်ပတ်တဲ့ ဈေးနဲ့ ကုန်ပစ္စည်းတွေကို ရောင်းချပေးတယ်၊ တခြား ကုန်သည်တွေဟာ အမြတ်များများယူပြီး ရောင်းကြတော့ ဖေဖေ့ကို မယှဉ်နိုင်ကြတော့ဘူး၊ သူတို့ပစ္စည်းတွေ ရောင်းမကောင်းလို့ အမြတ်များများမရလို့ မကျေမနပ် ဖြစ်နေတာပါ"

"အတော်ဆိုးတဲ့ လူပဲ၊ သူ့အလုပ်မကောင်းတာနဲ့ သူများကို အပြစ်တင်တယ်"

အမုန်းဒေဝီ မှတ်ချက်ချလိုက်သည်။

တစ်ဖန် ...

"သူက မွေးစားသားလို့ ပြောသံကြားလိုက်တယ်၊ တကယ်ပဲ လားဟင်"

ချန်းချင်း ခေါင်းညိတ်လိုက်သည်။

သူ၏ဘဝကို ပြောပြလိုက်သည်။

"မွေးစားသား ဆိုပေမယ့် ဖေဖေတို့က ကျုပ်ကို သားအရင်း တစ်ယောက်လို ချစ်ပါတယ်၊ ညီမလေး ကြူးဝေကလည်း တကယ့် အစ်ကိုရင်းတစ်ယောက်လို ချင်ခင်တွယ်တာနေတာပါပဲ"

အမုန်းဒေဝီက ချန်းချင်းအား စိုက်ကြည့်သည်။

သူမ၏အကြည့်က ထူးခြားနေသကဲ့သို့ သူမ၏ အမေးစကား ကလည်း ထူးခြားနေသည်။

"ရှင့်ရဲ့ ညီမလေးကြူးဝေက အတော်ကို ချောလှမှာပေါ့နော်"

"ဟုတ်တယ်... တကယ့် နတ်သမီးလေးလိုပဲ၊ လိမ္မာရေးခြား လည်း ရှိတယ်လေ"



ချန်းကျင်းက သဘောရိုးဖြင့် ပြောပြလိုက်သည်။

သူသည် ကြူးဝေကို ညီမလေးတစ်ယောက်လိုသာ အမြဲ သဘောထားသည်။

သို့သော် အမုန်းဒေဝီက ...

"ဒါဖြင့် ရှေ့နဲ့မြဲ နေနဲ့လလို လိုက်ဖက်ညီကြမှာပေါ့နော်"

ချန်းချင်း အံ့သြသွားမိသည်။ သူက အံ့အားသင့်ပြီး မေးသည်။

"ညီမ ဘာကိုဆိုလိုတာလဲ"

အမုန်းဒေဝီက ...

"သူ့ဒွေးကြီးက အစ်ကိုကို တော်တော်ချစ်တယ်၊ အားကိုး တယ်၊ သမီးချောလေးတစ်ယောက်လည်း ရှိတယ်ဆိုတော့ ဖိတ်ချင်း ဖိတ် ကိုယ့်အိတ်ထဲကဖိတ်ဆိုတဲ့ သဘောနဲ့ အစ်ကိုတို့နှစ်ယောက်ကို တစ်နေ့ကျရင် လက်ထပ်ပေးနိုင်တယ် ဆိုရင်ကော ..."

ချန်းချင်း ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်တာဘဲ"

"ဘာဖြစ်လို့လဲ"

"ကျုပ်တို့နှစ်ယောက်ဟာ တကယ့် မောင်နှမအရင်းတွေလို တစ်ယောက်ကိုတစ်ယောက် ချစ်ခင်တွယ်တာကြတာပါ၊ လက်ထပ်ဖို့ ဘယ်လိုဖြစ်နိုင်မှာလဲ၊ ဘယ်တုန်းကမှလည်း စိတ်မကူးဖူးပါဘူး၊ မဖြစ် နိုင်တာကို မပြောစမ်းပါနဲ့၊ အခုလိုကြားရတာတောင် ကြက်သီးထ တယ်၊ ညီမအနေနဲ့ ဒီလို မပြောသင့်ပါဘူး"

ချန်းချင်းက ခါးသီးစွာ ပြောဆိုနေခြင်း ဖြစ်သည်။ ချန်းချင်း မကြိုက်မှန်းသိ၍ အမုန်းဒေဝီလည်း ထပ်မပြောတော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ … ကျွန်မ ထပ်မပြောတော့ပါဘူး၊ သွားကြတာပေါ့"

"ကောင်းပြီ"

ချန်းချင်း သဘောတူလိုက်သည်။

ထို့နောက် နှစ်ယောက်သား တည်းခိုခန်းမှ ထွက်လာကြလေတော့သည်။

✦ ✦ ✦

သုံးရက် … ။

နောက်သုံးရက်အကြာတွင် ချန်းချင်းနှင့် အမုန်းဒေဝီတို့သည် အရိုးခေါင်းတောင်သို့ သွားရာလမ်းပေါ်၌ ရောက်ရှိနေကြပြီ ဖြစ်သည်။

အရိုးခေါင်းတောင်သည် ဟူဆိုင်တောင်တန်းများ၌ ပါဝင်သော တောင်တစ်လုံးဖြစ်ပါသည်။

သစ်ပင်ပန်းပင်များဖြင့် စိမ်းလန်းစိုပြည်နေသော်လည်း တောင်ထိပ်ပိုင်းသည် အဝေးမှကြည့်လျှင် အရိုးခေါင်းတစ်လုံးနှင့် တူနေခြင်းကြောင့် အရိုးခေါင်းတောင်ဟု လွယ်လင့်တကူ ခေါ်ဆိုကြရင်း နောက်ပိုင်းတွင် အရိုးခေါင်းတောင်ဟု နာမည်ဆိုးတွင်နေခြင်း ဖြစ်သည်။

ပညတ်သွားရာ ဓာတ်သက်ပါဆိုသည့်အတိုင်း နာမည်ဆိုးသော အရိုးခေါင်းတောင် ပတ်ဝန်းကျင်၌လည်း သိုင်းသမားဆိုးများ၊ ဒုစရိုက်သမားများ မင်းမူလျက်ရှိသည်။

ချန်းချင်းနှင့် အမုန်းဒေဝီတို့အတွက် အရိုးခေါင်းတောင်သို့ သွားသောခရီးမှာ အန္တရာယ်များသော ခရီးဖြစ်သည်။



ချန်းချင်းနှင့် အမုန်းဒေဝီတို့သည် ဘဏ္ဍာငွေများ ပါဝင်နေခြင်းကြောင့် အရိုးခေါင်းတောင်မှ ရတနာသိုက်ကိုရှာဖွေကာ သက်ဆိုင်ရာလက်ထဲအပ်ဖို့ ကြိုးစားသည့်အနေဖြင့် ခရီးနှင်နေကြခြင်း ဖြစ်သည်။

ရတနာသိုက်ကြောင့် ချူးပေ့အုံး တိန့်ရှောင်ချန်းနှင့် လောဘတက်နေသော သိုင်းဆရာဝီတောက်တို့အတွက် အထောက်အပံ့ဖြစ်နေမည်ကို မလိုလားဘဲ တားဆီးရန် ကြိုးစားလိုက်ကြခြင်း ဖြစ်သည်။

နှစ်ယောက်သား ခရီးပြင်းနှင်ခဲ့ရင်း သုံးရက်မြောက်သောနေ့တွင် အရိုးခေါင်းတောင် ပတ်ဝန်းကျင်ဒေသသို့ ရောက်မှန်းမသိ ရောက်ရှိလာကြသည်။

ထိုနေ့ညဘက် လမ်းမှာပင် သူတို့ အိပ်စက်အနားယူခဲ့ကြရသည်။ ညဘက် ခရီးဆက်လျှင် မလိုလားအပ်သော အန္တရာယ်များကို ဖြေရှင်းရကောင်း ဖြေရှင်းရနိုင်သည်။ ညသည် ဒုစရိုက်သမားများ ကြီးစိုးသည့်အချိန် မဟုတ်ပါလော။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

# ရန်သူ့ခံစစ်ကို ကြံဆချက်

ရာသီဥတုမှာ ကြည်လင်သာယာနေပြီး ကောင်းကင်ထက်တွင် လဝန်းထိန်ထိန်သာနေသည်။

ချန်းချင်းနှင့် အမုန်းဒေဝီတို့သည် လမ်းဘေးရှိ ကျောက်တုံး ကျောက်ခဲကြီးများကြား မြေကွက်လပ်ကလေးကိုရွေးချယ်ကာ တစ်ည တာ အနားယူခဲ့ကြသည်။

ညက ကြည်လင်သာယာနေပြီး အေးမြနေသည်။ တောရိပ် တောင်ရိပ်များဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး အေးမြနေသည်။

တဖြည်းဖြည်း ညဥ့်နက်လာသည်။

လရောင်ကြောင့် မီးပုံပြုလုပ်စရာမလိုတဲ့ အလင်းရောင်ကောင်း စွာ ရနေသည်။

ချန်းချင်းနှင့် အမုန်းဒေဝီတို့သည် ကျောက်တုံးကျောက်ခဲများကို ကျောမှီကာ အနားယူနေကြသော်လည်း အိပ်မပျော်နိုင်ကြသေးချေ။

နှစ်ယောက်သား အတွေးကိုယ်စီနှင့် ရှိနေကြသည်။

ယခုအချိန်တွင် အမုန်းဒေဝီသည် ရတနာသိုက်အကြောင်းက



မတွေးတော့ပါ။ ချန်းချင်းအကြောင်းကိုသာ တွေးတောစဉ်းစားနေ မိတော့သည်။

"သူဟာ သဘောမနောကောင်းတယ်၊ စိတ်ထား ဖြူစင်တယ်၊ မတရားမှုကို ရွံမုန်းတယ်၊ တကယ့် လူကောင်းတစ်ယောက်ပဲ၊ သိုင်း ပညာ ဝါသနာပါလို့ သိုင်းလောကထဲကို ဆင်းလာတယ်ဆိုပေမယ့် အချိန်တန်ရင် အိမ်ပြန်သွားမှာပဲ"

ချန်းချင်းသည် တစ်နေ့တွင် သိုင်းလောကကို ကျောခိုင်းကာ အိမ်ပြန်သွားလိမ့်မည် ဖြစ်သည်။

"အိမ်ပြန်ရောက်သွားရင် သူ့ ညီမလေးနဲ့ တွေ့မှာပဲ၊ ဒါဆို ငါ့ကို မေ့သွားတော့မှာပဲ"

တွေးရင်း သူမရင်ထဲ ပူလောင်လာသည်။

ချန်းချင်းနှင့် ခွဲခွာရမည်ကို လက်မခံနိုင်အောင် ဖြစ်လာသည်။

ဆိုးသွမ်းမိုက်မဲပြီး ရက်စက်ကြမ်းကြုတ်လှသော အမုန်းဒေဝီ မှာ အံ့ဩစရာကောင်းလောက်အောင်ပင် ချန်းချင်းအပေါ် မေတ္တာ သက်ဝင်နေခဲ့ပြီ ဖြစ်ပါသည်။

ချန်းချင်းနှင့် ပတ်သက်၍လည်း သူမ ဝန်တိုစိတ်များ ဖြစ်ပေါ် လာသည်။

"သူ့ကို အိမ်ပြန်လွှတ်လို့ မဖြစ်ဘူး၊ အိမ်ပြန်ရောက်သွားပြီ ဆိုတာနဲ့ ငါ့ကို မေ့သွားမှာ သေချာတယ်၊ မဖြစ်ဘူး ... မဖြစ်ဘူး"

ချန်းချင်း အိမ်မပြန်နိုင်ရန် ကြိုးစားဖို့ သူမ ဆုံးဖြတ်လိုက်၏။

အနားယူနေသည့် ချန်းချင်းကိုလည်း မသိမသာ ခိုးကြည့် လိုက်မိသည်။

ချန်းချင်းကလည်း သူ့အတွေးနှင့်သူ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်လင်းဂူနှင့်တွေ့ရင်း ဖခင်ကြီးနှင့်ပတ်သက်၍ မကျေမနပ် ပြောဆိုသွားသည်ကို မေ့မရနိုင်အောင် ဖြစ်နေပါသည်။

ဟိုဟိုသည်သည် တွေးမိသည်နှင့် ထိုအကြောင်းကပါ ဝင်လာလေတော့သည်။

"ဖေဖေ့ကို မနာလိုသူတွေ၊ မကျေနပ်သူတွေ ပေါများနေတာကောင်းတဲ့လက္ခဏာ မဟုတ်ဘူး"

သိုင်းလောက၌သာ မဟုတ်ဘဲ ကုန်သည်လောက၌လည်း အကောက်ကြံသူများ ရှိနေပါသည်။

သဘောရိုးသော ဖခင်ကြီးမှာ အကောက်ကြံခံရဖို့ လွယ်ကူနေသည်ဟုတွေးမိပြီး စိုးရိမ်ပူပန်လာသည်။ စိတ်မချနိုင်အောင် ဖြစ်လာသည်။

"ဖေဖေဟာ ငါ့ကို သားအရင်းတစ်ယောက်လို ချစ်မြတ်နိုးပြီး အားကိုးအားထားပြုခဲ့တာ၊ တကယ်ဆိုရင် သူ့လိုပဲ ကုန်သည်တစ်ယောက် ဖြစ်စေချင်ခဲ့တာ၊ သူ့အနားမှာနေပြီး အရောင်းအဝယ်ပညာသင်စေချင်ခဲ့တာ၊ ငါက သိုင်းပညာသင်ချင်တယ်ဆိုတော့ ဖေဖေမတားဘဲ ခွင့်ပြုခဲ့တာ၊ ငါ့အပေါ် ဘယ်လောက်အလိုလိုက်တယ်ဆိုတာ သိနိုင်တာပဲ၊ ငါကတော့ ဖေဖေ့ကို မထောက်ထားဘဲ ထင်ရာလုပ်နေသလို ဖြစ်နေပြီပေါ့"

ချန်းချင်းတွေးရင်းက အိမ်ကို လွမ်းဆွတ်လာသည်။

သူ၏ ဝါသနာအတိုင်း သိုင်းပညာသင်ယူနိုင်ခဲ့ပြီး အတွေ့အကြုံလည်း ရသင့်သလောက်ရနေပြီ ဖြစ်သည်။

ထို့ကြောင့် အိမ်ပြန်ပြီး ဖခင်ကြီးနှင့် ညီမလေးကြူးဝေအား စောင့်ရှောက်သည့်သည် မဟုတ်လား။



တစ်ကိုယ်ကောင်းဆန်သူ ဖြစ်နေပြီဟု တွေးမိလာသည်နှင့် စိတ်မကောင်းဖြစ်ကာ သက်ပြင်းများချနေမိလေတော့သည်။

အမုန်းဒေဝီသည် ချန်းချင်းအား အကဲခတ်ကြည့်နေရာမှ မအောင့်နိုင်တော့ဘဲ လှမ်းမေးလိုက်သည်။

"အစ်ကို... ဘာဖြစ်လို့ သက်ပြင်းတွေချနေရတာလဲ၊ အိမ်ကို လွမ်းနေတာလား"

ချန်းချင်းက သူမအား လှမ်းကြည့်လိုက်ပြီး ...

"ညီမ မအိပ်သေးဘဲကိုး၊ ဟုတ်တယ် ရတနာသိုက်ကိစ္စပြီးတာနဲ့ အိမ်ပြန်မှဖြစ်မယ်"

သူ၏ခံစားချက်ကို ပြောပြကာ အမှန်အတိုင်း ဝန်ခံလိုက်သည်။

အမုန်းဒေဝီက မေးသည်။

"ကျွန်မကော အလည်အပတ်လိုက်ခဲ့လို့ မရဘူးလားရှင်"

ချန်းချင်းက ...

"ညီမလိုက်ခဲ့လို့ ရပါတယ်၊ ကျုပ်သဘောကတော့ အိမ်ကို ပြန်ရောက်တာနဲ့ သိုင်းလောကထဲ ပြန်မထွက်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်"

အမုန်းဒေဝီ စိတ်ထဲမှတွေးလိုက်သည်။

"ဟုတ်ပါပြီ... သူ့ကို အိမ်ပြန်လွှတ်လို့ မဖြစ်တော့ပါဘူး"

သူမ၏အတွေးကို ချန်းချင်း သိနိုင်လိမ့်မည် မဟုတ်ပါချေ။

ထိုစဉ် အဝေးမှ ပလွေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချန်းချင်းနှင့် အမုန်းဒေဝီတို့ အချင်းချင်းကြည့်လိုက်မိသည်။

ချန်းချင်းက ...

www.burmeseclassic.com

www.burmeseclassic.com



“ပန္နလွသံ ကြားရတယ်၊ သည်အနီးပတ်ဝန်းကျင်မှာ လူသူနေထိုင်တဲ့နေရာ ရှိမယ်ထင်တယ်”

အမုန်းဒေဝီက …

“အရှေ့တောင်အနီးတစ်ဝိုက်မှာ အနက်ရောင်သိုင်းသမားတွေ ရှိနေကြတာရှင့်၊ ကျွန်မတို့ သတိထားမှ ဖြစ်မယ်”

ချန်းချင်း ရင်လေးသွားသည်။

သူတို့နှစ်ယောက်တည်းဖြင့် ချူးပေ့အုံး တိန့်ရှောင်ချန်းနှင့် ဝိတောက်တို့ကို ယှဉ်ဖို့မလွယ်ပါချေ။

အခြား အနက်ရောင်သိုင်းသမားများပါ ရှိနေကြသည်ဆိုပါက ကျိန်းသေ အခက်ကြုံရမည် ဖြစ်ပါသည်။ အမုန်းဒေဝီသည် ချန်းချင်း မျက်နှာပျက်သွားသည်ကို သတိပြု မိလိုက်သည်။

“အစ်ကို စိတ်ပျက်သွားတယ် မဟုတ်လား”

“ကျုပ်က …”

“ကျွန်မအတွက် မပူပါနဲ့ရှင်၊ လက်နက်ပုန်းနဲ့ပစ်ဖို့ အခွင့်အရေးသာ ရပါစေ၊ ဘယ်လိုလူစားမျိုးကိုမှ ကျွန်မ မမှုပါဘူး၊ ရင်ဆိုင်ဝံ့ပါတယ်”

သူမ၏ အဆိပ်လက်နက်ပုန်း ထိမှန်သွားမည် ဆိုပါလျှင် မည်သူမဆို အသက်ရှင်ဖို့ မလွယ်ချေ။

ချန်းချင်းက အဆိပ်လက်နက်ပုန်းဖြင့် တိုက်ခိုက်ခြင်းသည် ရက်စက်ရာကျသည်ဟု တွေးပြီး သဘောမကျနိုင်အောင် ဖြစ်နေသည်။

အမုန်းဒေဝီက ချန်းချင်း၏ဆန္ဒကိုမသိဘဲ ဆက်ပြောသည်။

“ကျွန်မ အစ်ကို့ကို အရေးကြီးတဲ့စကား ပြောချင်ပါတယ်”

“ညီမ ဘာပြောမလို့လဲ”



“အစ်ကို့ရဲ့ ဓားသိုင်းပညာဟာ အတော်ထက်မြက်ပါတယ်၊ သူတစ်ပါး မထိခိုက်မိအောင် သတိထားပြီး အသုံးပြုနေရလို့သာ ထင်သလောက် ခရီးမပေါက်တာပါ၊ အစ်ကိုသာ ဘာပဲဖြစ်ဖြစ်လို့ သဘောထားပြီး အသုံးပြုမယ်ဆိုရင် အတော်ကို ထက်မြက်သွားမှာ သေချာပါတယ်”

ချန်းချင်း တွေဝေသွားသည်။

အမုန်းဒေဝီက …

“အစ်ကိုကသာ ပြိုင်ဘက်ကို မဖြစ်မနေ အနိုင်ယူမယ်ဆိုတဲ့ စိတ်နဲ့ အစ်ကို့ရဲ့ဓားသိုင်းပညာကို အသုံးပြုလိုက်မယ်ဆိုရင် ကျွန်မထင်တယ် ချူးပေ့အုံးတို့ထက် သိုင်းပညာသာတဲ့လူတောင် အစ်ကို့ကို ယှဉ်နိုင်မှာ မဟုတ်ပါဘူး”

ချန်းချင်းက …

“ကျုပ်က ရန်သူနဲ့ သူသေကိုယ်သေ တိုက်ခိုက်ရမယ်၊ အနိုင်ရရင်ပြီးကောလို့ သဘောထားရမယ် ဆိုပါတော့”

အမုန်းဒေဝီက ဘာမှမပြောဘဲ နေလိုက်သည်။

ချန်းချင်း ခေါင်းခါယမ်းလိုက်သည်။

“သည်လိုလုပ်ဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ကျုပ်ဟာ လူ သတ်သမားတစ်ယောက် မဟုတ်ဘူး”

အမုန်းဒေဝီက ပြန်မေးလိုက်လေသည်။

“တကယ်လို့ အစ်ကို့ထက် သိုင်းပညာသာတဲ့ လူဆိုးကြီး တစ်ယောက်နဲ့ ရင်ဆိုင်နေရပြီး သူက အစ်ကို့ကို သတ်ပစ်တော့မယ် ဆိုရင်ကော …”

ချန်းချင်း မည်သို့ပြန်ပြောရမှန်းမသိ ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အမုန်းဒေဝီက ...

"ကျွန်မတို့ ရင်ဆိုင်ရမယ့် ချူးပေ့အုံးတို့ သိုင်းဆရာဝီတောက်တို့ဟာ ဘယ်လိုလူစားတွေဆိုတာ အစ်ကိုသိပြီးသားပါ၊ သူတို့ကို ယှဉ်ဖို့မလွယ်ဘူး၊ သူတို့ကို သနားလို့လဲ ကိုယ့်ကိုပြန်ပြီး သနားမယ့်လူတွေ မဟုတ်ဘူး၊ ကျွန်မတို့ဟာ ဘဏ္ဍာငွေတွေကို သက်ဆိုင်ရာလက်ထဲအပ်ဖို့ ပြန်ရအောင် ကြိုးစားနေကြတာပါ၊ ချူးပေ့အုံးတို့နဲ့ ရင်ဆိုင်ယှဉ်ပြိုင်တာလည်း မဟုတ်ပါဘူး၊ တရားသဖြင့် သူတို့ကို ခုခံရတာ မဟုတ်လားရှင်"

သူမ၏ စကားပရိယာယ် ကြွယ်ဝလှသဖြင့် ချန်းချင်း ငေးငိုင်သွားလေတော့သည်။ အမုန်းဒေဝီသည် အခွင့်အရေးကို လက်လွှတ်မခံဘဲ ဆက်ပြောလိုက်သည်။

"ကျွန်မဟာ လူကောင်းတစ်ယောက် ဖြစ်လာအောင် ကြိုးစားနေတာကို အစ်ကို သိပါတယ်၊ တကယ်လို့ ရန်သူတွေက ကျွန်မကို သတ်ပစ်လိုက်မယ် ဆိုရင်ကော အစ်ကို လက်ပိုက်ကြည့်နေမှာလား"

ချန်းချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဟာ ... သည်လိုတော့ အဖြစ်မခံပါဘူး၊ သည်လို ဘယ်တော့မှ မဖြစ်စေရဘူး"

"ကျေးဇူးတင်လိုက်တာရှင်"

အမုန်းဒေဝီ ဝမ်းသာသွားသည်။

သူမ ထိုင်ရာမှ ထလိုက်သည်။

"ကဲ ... ကျွန်မတို့ သွားကြပါစို့"

"ဟင် ... ဘယ်ကို သွားရမှာလဲ"

ချန်းချင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။



အမုန်းဒေဝီက ...

"ပလွေမှုတ်နေတဲ့ လူဆီကိုသွားမယ်လေ"

"ညီမက သူ့ကို သိနေလို့လား"

"ဟင့်အင်း ... မသိပါဘူး"

"ဒီတော့ ဒီတောင်မှာ ကျုပ်တို့ အနားယူမယ်လို့ ဆုံးဖြတ်ထားကြတယ်၊ အနားမယူရသေးဘူး၊ အနားယူကြရမယ်၊ အနားယူပါဦး၊ ခရီးဆက်လို့ မဖြစ်သေးဘူး"

"မဟုတ်ဘူး ... ခရီးဆက်တာ ပိုကောင်းမယ်"

"ဒါဖြင့် ဘာသွားလုပ်မှာလဲ"

"လာမယ့်ဘေး ပြေးတွေ့လိုက်မယ့်သဘောပါ"

"ပလွေသံရှင်က ကျုပ်တို့ကို ဒုက္ခပေးမယ့် လူတစ်ယောက်လို့ ထင်နေတာလား"

"ထင်တာ မဟုတ်ဘူး၊ သေချာနေတာရှင့်၊ သူတို့ဟာ ကျွန်မတို့ ရောက်လာကြတော့မယ်ဆိုတာ သိနေကြပြီလေ၊ ဒီပလွေသံက သိနေကြောင်း ဖော်ပြနေတာပဲ"

ချန်းချင်း နားမလည်နိုင်အောင် ဖြစ်နေသည်။

အမုန်းဒေဝီက ...

"သိုင်းဆရာဝီတောက်ဟာ သူတို့နဲ့အဆင်ပြေသွားဖို့ လွယ်ပါတယ်၊ အချိန် သိပ်မယူရပါဘူး၊ သူတို့ တိုက်ခိုက်မှုကို ရပ်လိုက်ကြမယ်၊ မိတ်ဆွေဖွဲ့လိုက်ကြမယ်လေ"

ချန်းချင်း ခေါင်းညိတ်လိုက်သည်။

"ဒါတော့ ဖြစ်နိုင်ပါတယ်"

အမုန်းဒေဝီက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့က လီယွမ်ကို ဖမ်းခေါ်သွားကြပေမယ့် ကျွန်မတို့နောက်ကို ဘယ်သူမှ လိုက်မလာကြတာ ဘာကြောင့်လဲ၊ အစ်ကို တွေးမိသလား"

ချွန်းချင်း ပင့်သက်ရှိုက်လိုက်သည်။

အမှန်းဒေဝီက နားကြည်းနေသည်ဖြစ်ရာ လီယွမ်ကို ဖမ်းခေါ်သွားပြီးနောက် သတ်ပစ်လိုက်မည်ဖြစ်ရာ လိုက်သွားလည်း အပိုဖြစ်နေမည်ဟုတွေးပြီး လိုက်မလာကြခြင်းဟု ယုံကြည်ထားသည်။

အမှန်တော့ လီယွမ်အား ရက်ရက်စက်စက် သတ်ပစ်လိုက်ပုံကို မြင်ယောင်လာကာ သဘောမကျစိတ်က ထိုသို့ တွေးမိလိုက်ခြင်း ဖြစ်လေသည်။

အမှန်းဒေဝီ လွတ်မြောက်နေလျှင် အန္တရာယ်ရှိမှန်း ချူးပေ့အုံတို့ သိနားလည်ထားကြမည်ဖြစ်ပြီး သူမအား လိုက်ရှာဖို့ ကြိုးစားမည်ကို သိထားပါသည်။

အမှန်းဒေဝီက ...

"ကျွန်မဟာ လီယွမ်ဆီက ရတနာသိုက်အကြောင်း သိသွားပြီး အရိုးခေါင်းတောင်ကို လာလိမ့်မယ်ဆိုတာတွေးမိပြီး လိုက်မရှာတော့ဘဲ သည်မှာစောင့်နေကြမှာလေ၊ သူတို့က ကျွန်မနဲ့ စာရင်းရှင်းဖို့ ကြိုတင်ပြင်ဆင်ထားကြမှာပဲ၊ ပလွေရှင်ကလည်း သူတို့လူတစ်ယောက် ဖြစ်နိုင်တယ်၊ ဒါကြောင့် သူ့ကို မေးကြည့်ရမယ်လေ"

ချွန်းချင်း ဘာမှ မပြောလိုတော့ပါ။

"ကောင်းပြီလေ ... သွားတွေ့ကြတာပေါ့"

သဘောတူပြီး ထိုင်ရာမှ ထလိုက်လေတော့သည်။

✦ ✦ ✦

အခန်း (၁၇)

# တကယ့် မေတ္တာဆိုသည်မှာ

လရောင်ကို အသုံးပြုရင်း စိမ်းလန်းသော သစ်ပင်ချုံနွယ်များကြားမှဖြတ်ကာ ပလွေသံထွက်ပေါ်လာရာဆီသို့ ချွန်းချင်းတို့ ဦးတည်သွားနေကြသည်။

လမ်းတွင် အမှန်းဒေဝီက ရှင်းပြလေသည်။

"သိုင်းလောကထဲမှာ ပလွေသံနဲ့စိတ်ညှို့ပြီး ဒုက္ခပေးတတ်တဲ့ ယီယန်ဆိုတဲ့ သိုင်းသမားတစ်ယောက် ရှိတယ်၊ အထက်လမ်းသိုင်းသမားတွေက သူ့ရဲ့ မကောင်းတဲ့လုပ်ရပ်တွေကို လက်မခံဘဲဝိုင်းဝိုင်းတိုက်ခိုက်ကြလို့ ထွက်ပြေးတိမ်းရှောင်သွားတယ်၊ သူ ထွက်ပြေးတိမ်းရှောင်သွားတာ ဒီနယ်မြေကိုပေါ့"

သူမသည် ချွန်းချင်းထက်ပိုပြီး သိုင်းလောကအတွေ့အကြုံရှိသူ ဖြစ်သည်။

ဘဝအမျိုးမျိုး ကျင်လည်ခဲ့သူ ဖြစ်သည်။

"ယီယန်နဲ့ ရင်ဆိုင်မယ်ဆိုရင် သူ့ရဲ့ပလွေသံကို သတိ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်၊ ပလွေသံကို အာရုံရောက်သွားတာနဲ့ စိတ်ညို့ခံရမယ်၊ ဒါဆို ဒုက္ခရောက်ပြီလို့ မှတ်ထားပေတော့ ...”

“ကောင်းပြီ ... ကျုပ် သတိထားပါ့မယ်”

နှစ်ယောက်သား ရှေ့ဆက်လျှောက်သွားကြရာ မကြာမီ သစ်ပင်တစ်ပင်အောက်၌ထိုင်ကာ ပလွေမှုတ်နေသူတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုလူမှာ အသက်လေးဆယ်ခန့်ရှိပြီး အဖြူရောင်အဝတ်အစားများကို အထက်တန်းကျစွာ ဝတ်ဆင်ထားသည်။

ရုပ်ရည်သန့်ပြန့်ပြီး သဘောမနောကောင်းမည့်ပုံလည်း ရှိသည်။

အမုန်းဒေဝီက တီးတိုး သတိပေးလိုက်သည်။

“ယီယန့်ဆိုတာ သည်လူပဲ၊ သတိထားပါရှင်”

“စိတ်ချ ...”

ချန်းချင်း ခေါင်းညိတ်လိုက်သည်။

ပလွေရှင်ယီယန့်သည် ချန်းချင်းတို့အား တွေ့သည်နှင့် ထိုင်ရာမှ ထလာသည်။

သူ၏မျက်နှာ ပြုံးရွှင်နေသည်။ အလွန် ယဉ်ကျေးသိမ်မွေ့သူတစ်ယောက်အသွင်ဖြင့် နှုတ်ဆက်လိုက်လေသည်။

“ခုလို သာယာလှပတဲ့ညမျိုးမှာ မိတ်ဆွေလေးတို့နှစ်ယောက်ကို တွေ့လိုက်ရတာ အင်မတန် ကျက်သရေရှိလှပါတယ်ဗျာ၊ ကျုပ်ရဲ့ ပလွေသံနဲ့ ဂုဏ်ပြုပါရစေ”

ထို့နောက် ပလွေဖြင့် တေးသီချင်းတစ်ပုဒ်ကို တီးမှုတ်လိုက်လေတော့သည်။

ပလွေသံမှာ ငြိမ်ညောင်းသာယာစွာ ထွက်ပေါ်လာလေသည်။



အမုန်းဒေဝီက ...

“ပလွေသံကို အာရုံမရောက်မိစေနဲ့”

သူမ ထပ်မံသတိပေးလိုက်မှ ချန်းချင်းက ပလွေသံကို ပိုပြီး စိတ်ဝင်စားသွားတော့သည်။

“သူ့ရဲ့ပလွေသံက ဘယ်လို စွမ်းအင်သတ္တိတွေ ရှိနေလို့လဲ”

ပလွေသံကို အာရုံစိုက်ကာ နားထောင်မိလိုက်တော့သည်။

ပလွေသံမှာ သာယာလွန်းလှသည်။

ရင်ထဲ အေးမြသွားစေလောက်သည်။

ပလွေသံကြောင့် ချန်းချင်း ကြည်ကြည်နူးနူး ဖြစ်လာသည်။

သူ၏ရင်ထဲ၌ အိမ်ကိုလွမ်းသည့် အဆွေးဓာတ်ခံ ရှိနေပါသည်။

မွေးစားဖခင်ကြီးနှင့် ညီမငယ်ကြူးဝေတို့အား သတိရမိကာ အိမ်မက်များ မက်မိခဲ့သည်အထိပင်။

ယခုလည်း ပလွေသံကြောင့် ရင်ထဲတွင်ကြည်နူးပြီး စိတ်ထားနူးညံ့လာသောအခါ ထိုအလွမ်းဓာတ်များက ပိုပြီး ငုပ်လျှိုးနေရာမှ ပေါ်ပေါက်လာတော့သည်။

ကြူးဝေ၏အကြောင်း စဉ်းစားမိသောအခါ ချန်းချင်း၏ မျက်နှာ ပြုံးယောင်သန်းလာသည်။

ကြူးဝေကို ညီမလေးအရင်းပမာ သံယောဇဉ်တွယ်တာမိသည်။

ကြူးဝေပျော်လျှင် သူလည်း ပျော်နိုင်မည် ဖြစ်သည်။

ကြူးဝေလွမ်းလျှင် သူလည်း လွမ်းမိမည်သာ ဖြစ်သည်။

ငယ်စဉ်က မောင်နှမနှစ်ယောက် ပြေးလွှားဆော့ကစားခဲ့ကြပုံများ၊ ပန်းဥယျာဉ်များသို့ သွားရောက်လည်ပတ်ခဲ့ကြပုံများကို မြင်ယောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်းဒေဝီကမူ ယီယန့်အား မျက်တောင်မခတ် အကဲခတ်ကြည့်နေသည်။

"သူ့ရဲ့ပလွေထဲမှာ လက်နက်ပုန်းတွေ ဝှက်ထားတယ်၊ အငိုက်ဖမ်းပြီး လုပ်ကြံလိမ့်မယ် သတိထားပါ"

ချန်းချင်းအား တီးတိုး သတိပေးလိုက်စဉ်မှာပင် ချန်းချင်း၏ ခေါ်သံ ထွက်ပေါ်လာလေသည်။

"ညီမလေး ကြူးဝေ ..."

"ရှင် ..."

အမှန်းဒေဝီ ပြန်ထူးလိုက်ခြင်း မဟုတ်ဘဲ အံ့ဩကာ လွတ်ခနဲ ရေရွတ်မိလိုက်ခြင်း ဖြစ်သည်။

သေသေချာချာ ကြည့်လိုက်မှ ချန်းချင်း၏မျက်နှာ ပြုံးယောင်သန်းနေပြီး ပလွေသံကြောင့် စိတ်ညို့ခံနေရပြီဖြစ်ကြောင်း သိသွားလေတော့သည်။

ချန်းချင်းမှာ ရုတ်တရက် သတိလက်လွတ် ဖြစ်နေသည်။

"ညီမလေး ကြူးဝေ ... အစ်ကိုတို့မောင်နှမနှစ်ယောက် သည်တစ်သက်မခွဲဘဲ အတူတူ နေကြမယ်နော်၊ အစ်ကို သိုင်းလောကထဲ ပြန်မသွားတော့ဘူး၊ ဖေဖေ့ကို ပိုင်းကူလုပ်ပြီး ညီမလေးကို တစ်သက်လုံး စောင့်ရှောက်သွားမယ်၊ ဘယ်တော့မှလည်း အိမ်ထောင်မပြုဘူး၊ ညီမလေးလည်း အိမ်ထောင်မပြုရဘူးနော်"

၎င်း အမှန်းဒေဝီ၏ရင်ထဲ မဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေတော့သည်။

ချန်းချင်း၏ ရင်ထဲမှသံယောဇဉ်ကို မြင်ယောင်လာမိသည်။

တစ်ချိန်တွင် ချန်းချင်းနှင့် အပြီးတိုင် လမ်းခွဲရတော့မည်ကို



လည်း ပိုပြီး ယုံကြည်လာသည်။

သူမ ဝမ်းနည်းကြေကွဲလာတော့သည်။

သို့သော် ယီယန့်၏ပလွေသံကြောင့် စိတ်ညို့ခံရလျှင် ဒုက္ခရောက်လိမ့်မည်ကို သူမ နားလည်ထားရကား ...

"ရပ်လိုက် ..."

အတွင်းအားသုံးကာ ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

ထိုအချိန်မှာပင် အခွင့်အရေးစောင့်နေသော ယီယန့်က ပလွေထဲဝှက်ထားသော လက်နက်ပုန်းကလေးများကို မှုတ်ထုတ်လိုက်ပြီး စတင် တိုက်ခိုက်လိုက်လေတော့သည်။

"ဖူး ..."

"ဝှစ် ... ဝှစ် ... ဝှစ်"

လက်နက်ပုန်းကလေးများသည် ပလွေထဲမှ တစ်ဟုန်ထိုး ပြေးထွက်လာလေတော့သည်။

"အစ်ကို သတိထား ..."

အမှန်းဒေဝီက ချန်းချင်းအား တွန်းထုတ်လိုက်သည်။

ချန်းချင်းကို ဂရုစိုက်နေရခြင်းကြောင့် လက်နက်ပုန်းကလေးအချို့သည် သူမအား ထိမှန်သွားလေတော့သည်။

"အမယ်လေး ..."

အမှန်းဒေဝီ၏ အော်ဟစ်သံကြားမှ ချန်းချင်း ဖျတ်ခနဲ သတိဝင်လာလေသည်။

ယီယန့် အကောက်ကြံလိုက်ပြီး အမှန်းဒေဝီ ဒုက္ခရောက်သွားသည်ကို မြင်လိုက်ရသည်။ သူ လွန်စွာဒေါသထွက်သွားသည်။

"လူယုတ်မာ ..."

www.burmeseclassic.com

www.burmeseclassic.com



ဒေါသထွက်ကာ ယီယန့်အား တိုက်ခိုက်လိုက်သည်။

ယီယန့်ကလည်း ပလွေကို လက်နက်အဖြစ်အသုံးပြုကာ ပြန်လည် တိုက်ခိုက်လိုက်သည်။

အတွေ့အကြုံ ရင့်ကျက်သူဖြစ်၍ ယီယန့်၏တိုက်ကွက်များက ပြင်းထန်ပြီး ကြောက်မက်ဖွယ် ကောင်းနေသည်။

"ဝှစ် ... ဝှစ်"

ပလွေရိုက်ချက်များသည် ချန်းချင်း၏အသက်အန္တရာယ်ကို ပင် ခြိမ်းခြောက်လာလေသည်။ သူ၏ သေကွင်းသေကွက်များဆီသို့သာ ဦးတည်တိုက်ခိုက်နေသည်။

အမုန်းဒေဝီက အော်ပြောလိုက်သည်။

"သူက အစ်ကို့ကို ညှာနေမှာ မဟုတ်ဘူး၊ သတ်ပစ်လိမ့်မယ်၊ သူ့ကို ဆုံးမနိုင်မှ ဖြစ်မယ်"

ချန်းချင်းက ဓားဆွဲထုတ်ကာ ရင်ဆိုင်လိုက်သည်။

သူ့အား သတိပေးလိုက်သည့် အမုန်းဒေဝီကို ကျေးဇူးတင်မိသည်။

သူ၏ သဘောထားအတိုင်းဆိုလျှင် ယီယန့်၏လက်ချက်ဖြင့် ဒုက္ခရောက်ရလိမ့်မည် ဖြစ်သည်။

"ဝှစ် ... ဝှစ်"

"ခွမ်း ... ခွမ်း"

ပလွေနှင့်ဓား ထိပ်တိုက်တွေ့မိကာ မီးပွင့်ကလေးများပင် ထွက်ပေါ်လာသည်။

ချန်းချင်း၏ဓားမှာ ထက်မြက်သောဓားတစ်လက် ဖြစ်ရကား ယီယန့်၏ပလွေ ထက်ပိုင်းပြတ်သွားသည်။



"ဟာ ..."

ယီယန့် မယုံနိုင်အောင် ဖြစ်သွားသည်။

ချန်းချင်းအား မယုံနိုင်စွာကြည့်ပြီး နောက်ဆုတ်လိုက်သည်။

ချန်းချင်း ဆက်၍တိုက်ခိုက်လိုက်လျှင် ယီယန့် ဒုက္ခရောက်သွားတော့မည် ဖြစ်သည်။

ချန်းချင်းသည် သူ၏လက်ချက်ဖြင့် သူတစ်ပါးအား ဒုက္ခမရောက်စေလိုပါ။

ထို့ကြောင့် ဆက်၍တိုက်ခိုက်ခြင်းမပြုဘဲ ဓားကို ရုပ်သိမ်းရန် ဟန်ပြင်လိုက်သည်။

"အစ်ကို ... သတိထား သူ အကောက်ကြံလိမ့်မယ်"

အမုန်းဒေဝီက အော်ပြောလိုက်သည်။

သူမပြောသည့်အတိုင်းပင် ယီယန့်က အကောက်ကြံလိုက်လေသည်။

အလစ်အငိုက်ဖမ်းကာ လက်ထဲမှပလွေတစ်ပိုင်းတစ်စဖြင့် ဖစ်ပေါက်လိုက်ခြင်း ဖြစ်သည်။

"ယား ..."

ချန်းချင်းလည်း ညှာသံပေးကာ ဓားဝှေ့ယမ်းလိုက်လျှင် ...

"ခွမ်း ..."

ပလွေသည် ဓားဖြင့် ရိုက်ရုတ်ခံရကာ လာလမ်းအတိုင်း ပြန်လည်လွင့်ပျံသွားပြီး ယီယန့်၏ရင်ဝ၌ ထိုးဖောက်စိုက်ဝင်သွားလေတော့သည်။

တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

ယီယန့် မြေပေါ်လဲကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင် ပလွေက လုံတိုဟစ်ချောင်းပမာ စိုက်ဝင်နေပြီး သွေး ချင်းချင်း နီရဲနေသည်။

သူ၏မျက်လုံးများ ပြူးကျယ်နေသည်။

ယခုကဲ့သို့ မရှုမလှ ခံလိုက်ရသည်ကို မယုံကြည်နိုင်ဟန်ရှိ နေသည်။

ချန်းချင်းသည် သူ၏လက်ချက်ဖြင့် ယီယန့် သေဆုံးသွားခြင်း ကြောင့် ငေးငိုင်သွားသည်။

အကင်းပါးသော အမုန်းဒေဝီက ...

"အစ်ကိုသာ လက်ဦးမှုမရှိရင် သူ့လက်ချက်ကြောင့် အစ်ကို သေရလိမ့်မယ်၊ အစ်ကို ကံကောင်းသွားတာပါရှင်"

ချန်းချင်းက သူမအား လှည့်ကြည့်လိုက်လေသည်။

အမုန်းဒေဝီ ဒယီးဒယိုင် ဖြစ်နေသည်။

ယီယန့်၏ လက်နက်ပုန်းထိမှန်ခဲ့သည် မဟုတ်ပါလား။

ယီယန့်လက်ချက်ဖြင့် သူမ ဒဏ်ရာရသွားကြောင်း ချန်းချင်း သိရှိသွားပြီး စိုးရိမ်သွားသည်။

"ညီမ ..."

အမုန်းဒေဝီထံသို့ ပြေးသွားပြီး ဖေးမလိုက်သည်။

အမုန်းဒေဝီက ချန်းချင်းအား ပြုံးကြည့်နေသည်။

သူမ ပြုံးနေသည်။

ချန်းချင်း စိုးရိမ်တကြီးဖြင့် ပြုစုယုယနေသည်ကို သာယာနေ မိသည်။

"ညီမ ဘာမှ မဖြစ်ဘူးနော်"

အမုန်းဒေဝီသည် ချန်းချင်း၏ စိတ်နေသဘောထားကို သိထား



သဖြင့် စိုးရိမ်ပူပန်ကာ စိတ်မကောင်းဖြစ်နေသည်ကို မလိုလားပါ။

"ကျွန်မကို လက်နက်ပုန်းတစ်ခု ထိသွားတယ်၊ ဒါပေမယ့် အဓိကကျတဲ့ သွေးကြောကို မထိသလို အဆိပ်လည်းမပါတော့ စိုး ရိမ်စရာ မလိုပါဘူးရှင်"

"တော်ပါသေးရဲ့ ညီမရယ်"

ယခုမှ ချန်းချင်း၏စိတ်ထဲ သက်သာရာ ရသွားသည်။

ချန်းချင်းမှာ အစိုးရိမ်ကြီး စိုးရိမ်နေမိသည်။ ဤသည်ကို အမုန်းဒေဝီ သိသည်။

အမုန်းဒေဝီက မေးလာလေသည်။

"ကျွန်မတို့ နောက်ကြောင်းပြန်လှည့်ရင် ကောင်းမလားဟင်"

ချန်းချင်း အံ့သြသွားသည်။

"ဘာဖြစ်လို့လဲ ညီမ"

အမုန်းဒေဝီက ...

"ရှေ့ဆက်သွားရင် သည့်ထက်ဆိုးဝါးတဲ့ အန္တရာယ်တွေနဲ့ ရင်ဆိုင်ရမှာပဲ၊ ကျွန်မအသက် သေသွားလည်း အရေးမကြီးပါဘူး၊ အစ်ကို တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်လို့ပါ"

ချန်းချင်း သက်ပြင်းချလိုက်သည်။

သူ၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

"မေတ္တာဓားဆိုတဲ့ သဘောတရားကို ကျုပ် အခုမှ ကောင်း ကောင်းကြီး သဘောပေါက်သွားပါပြီ"

အမုန်းဒေဝီသည် အကြောင်းရှိ၍ပြောမှန်း ရိပ်မိလိုက်ပြီး ခေါင်း ခါယမ်းလိုက်သည်။

"ကျွန်မတော့ သဘောမပေါက်သေးဘူးရှင့်"

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်း ရှင်းပြလိုက်သည်။

"လူဆိုးဓားပြတွေ ထိနိုက်ဒဏ်ရာရမှာ သေကြေပျက်စီးမှာကို စိုးရိမ်ပြီး မထိနိုက်အောင် တိုက်ခိုက်တာဟာ ပြည်သူတွေအပေါ်မှာ မေတ္တာထားတာ မဟုတ်ဘူး၊ အများပြည်သူကို ဒုက္ခပေးနေတဲ့ လူဆိုးဓားပြတွေ၊ အောက်လမ်း သိုင်းသမားတွေကို ဆုံးမသုတ်သင်တာဟာ အများပြည်သူအပေါ်မှာ အကျိုးပြုတာ မေတ္တာထားတာပဲဆိုတာကို ပါ...ပဲ"

အမုန်းဒေဝီ သဘောကျသွားသည်။ သူမ အလွန်ပင် ကျေနပ်သွားသည်။

ချန်းချင်းကို တရားဟောနေရသည်မှာ ဤသို့ အမြင်မှန်မရှိ၍ ဖြစ်ပါသည်။

"အစ်ကို့ရဲ့သဘောထား ပြောင်းလဲသွားပြီကိုး၊ ကျွန်မထင်တယ် မေတ္တာရှင်ဆိုတဲ့ အဓိပ္ပာယ်ဟာ အနုမှပိုပြီး ပြည့်စုံလာတယ် ဆိုတာပါပဲ"

မည်သူ့ကိုမှ ထိခိုက်စေခြင်းမရှိသော ဓားသမားဖြစ်၍ မေတ္တာဓားရှင်ဟု ဘွဲ့ခံထားခြင်းက အဓိပ္ပာယ်ရှိပါသည်။ အများပြည်သူ အကျိုးကိုသာ ဦးတည်ပြီး၊ အများပြည်သူအား ထိပါးနှောင့်ယှက်သူများအား ပြတ်သားစွာဆုံးမတတ်သည့် သဘောကား အများပြည်သူ အပေါ်၌ မိမိအကျိုး မိမိအသက်ကိုပင် စွန့်လွှတ်ဝံ့သည်အထိ မေတ္တာထားကြောင်း ဖော်ပြသကဲ့သို့ရှိ၍ ပိုပြီး အဓိပ္ပာယ်ပြည့်စုံသည်ဟု ဆိုနိုင်ပေသည်။

ချန်းချင်း၏ ခံယူချက်မှာ ပို၍ အဓိပ္ပာယ်လေးနက်လာသည့် သဘော ဖြစ်ပါတော့သည်။



ထို့ကြောင့်လည်း အမုန်းဒေဝီ သဘောကျနေခြင်း ဖြစ်သည်။ ကျေနပ်နေခြင်း ဖြစ်သည်။

ချန်းချင်းသည် တိုက်ပွဲဆင်နွဲရာ၌ ခိုင်ကျည်သောစိတ်ဖြင့် အားစိုက် ဆင်နွဲနိုင်တော့မည် ဖြစ်ပါသည်။

သူ၏ ထက်မြက်သောဓားပညာဖြင့် ရန်သူအပေါင်းကို ရင်ဆိုင်ချေမှုန်းနိုင်တော့မည်မှာ သေချာနေပါတော့သည်။

ချန်းချင်းက အံကြိတ်ပြီး ပြတ်သားစွာ ပြောသည်။

"ဘဏ္ဍာငွေတွေကို လူဆိုးဓားပြတွေလက်ထဲ ရောက်မသွားအောင် တားဆီးရမယ်၊ သက်ဆိုင်ရာလက်ထဲ အပ်ရမယ်၊ ကျုပ်တို့ ရှေ့ဆက်သွားပြီး ရင်ဆိုင်လိုက်ကြတာပေါ့"

အမုန်းဒေဝီ ရယ်မောလိုက်သည်။

"သိပ်ကောင်းတာပေါ့ရှင်"

သူမ အသင့်ဆောင်ထားသော အသက်ကယ်ဆေးတစ်လုံးအား ချေမွကာ လက်နက်ပုန်းထိမှန်ထားသော ဒဏ်ရာ၌ ထည့်လိုက်သည်။

အပေါ်ယံဒဏ်ရာမျိုးဖြစ်၍ မစိုးရိမ်ရချေ။

ချန်းချင်းတို့နှစ်ယောက်သား ပလွေရှင်လူဆိုးကြီး ယီယန့်အား ကျောခိုင်းကာ အရိုးခေါင်းတောင်ပေါ်သို့ ဆက်၍ တက်သွားကြလေတော့သည်။

✦ ✦ ✦

မြေပြင်မှာ တစ်စထက်တစ်စ မြင့်တက်လာသည်။

သစ်ပင်ကြီးများ တဖြည်းဖြည်း ကျဲပါးသွားသည်။

ချုံပုတ်ကလေးများနှင့် ကျောက်တုံးကျောက်ခဲများက နေရာ

www.burmeseclassic.com

www.burmeseclassic.com



ယူလာသည်။

ချန်းချင်းနှင့် အမုန်းဒေဝီတို့သည် တောင်ပေါ်သို့ ဆက်၍ တက်သွားကြသည်။

ချန်းချင်းသည် အမုန်းဒေဝီအတွက် စိတ်ပူနေမိသည်။

သူမသည် လက်နက်ပုန်းထိမှန်ခဲ့သည် မဟုတ်ပါလား။

"ညီမ ... သက်သာတယ်နော်"

အမုန်းဒေဝီ ပြုံးလိုက်သည်။

"သက်သာပါတယ်ရှင်၊ သည်ဒဏ်ရာလောက်တော့ ကျွန်မ မမှုပါဘူး၊ အစ်ကိုကို တစ်ခုပြောရဦးမယ်၊ သည်လောက် အခက်အခဲကြုံနေရတဲ့အချိန်မှာ ကျွန်မက အစွမ်းထက်တဲ့ဆေးတစ်မျိုးကို ဘယ်က ရခဲ့သလဲဆိုတာကို သိသလား"

ချန်းချင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါရဲ့ ... ညီမ ဘယ်ကရခဲ့တာလဲ၊ ပြောပါဦး"

အမုန်းဒေဝီက ...

"ဆရာကြီးဝီတောက်ဆီက ရခဲ့တာပေါ့ရှင်"

ဝီတောက်မှာ ဤမျှ စေတနာကောင်းမည် မထင်မိချေ။

အမုန်းဒေဝီက ...

"သူက ကျွန်မကို တိုက်ခိုက်ခဲ့တယ်၊ ကျွန်မ ဒဏ်ရာရပြီး အဖမ်းခံလိုက်ရတာ၊ ကျွန်မကို အသုံးချစရာရှိနေတော့ တစ်စုံတစ်ခု ဖြစ်သွားမှာကို မလိုလားတာနဲ့ ဆေးကုပေးခဲ့တယ်လေ၊ သူ့မှာ ဆေးစွမ်းကောင်းတွေ ရှိနေတာကိုတွေ့တာနဲ့ သူ့အလစ်မှာ မသိအောင် ကျွန်မ ယူထားလိုက်တာ၊ ခုတော့ အသုံးဝင်နေပြီ"

ချန်းချင်း သက်ပြင်းချမိလေသည်။



အမုန်းဒေဝီနှင့် ပတ်သက်လာလျှင် တစ်ချက်ကလေးမျှပင် သတိလက်လွှတ်ဖြစ်၍ မရကြောင်းလည်း ဆင်ခြင်မိလိုက်သည်။

အမုန်းဒေဝီက ...

"ဆရာကြီးဝီတောက်ဟာ အကျင့်သာမကောင်းတာ၊ ဆေးပညာမှာ တကယ်တော်တာရှင့်၊ သူသာ သိုင်းသမားမလုပ်ဘဲ သမားတော်လုပ်ခဲ့မယ်ဆိုရင် အတော်ကို နာမည်ကြီးမှာ သေချာတယ်"

သူမ၏စကားကြောင့် ချန်းချင်း ရယ်မောလိုက်မိသည်။

အမုန်းဒေဝီကလည်း ရယ်မောလိုက်သည်။

ထိုသို့ ရယ်မောလိုက်ကြသည့် တဒင်္ဂအချိန်လေးတွင် သူတို့နှစ်ယောက်ရင်ထဲ လွတ်လပ်ပေါ့ပါးသွားပြီး ကြည်ကြည်နူးနူး ဖြစ်နေကြသည်ကတော့ အမှန်ပင်။

အမုန်းဒေဝီက ...

"သူဟာ ချူးပေ့အုံးတို့နဲ့ ပူးပေါင်းပြီး ကိုယ်ကျိုးရှာမှာ သေချာတယ်၊ ချူးပေ့အုံးတို့လည်း သူ့အကြောင်းမသိဘဲနေမှာ မဟုတ်ဘူး၊ တကယ့်လူတွေ ထိပ်တိုက်တွေ့ကြပြီပေါ့"

အမုန်းဒေဝီ၏မှတ်ချက်က သင့်မြတ်လှသည်။

ချန်းချင်းက ...

"ဆရာကြီးဝီတောက်ဟာ တစ်ချိန်ချိန်မှာ ချူးပေ့အုံးတို့ကို ဒုက္ခပေးမှာဆိုတော့ ကျုပ်တို့ ကံကောင်းတာပဲ၊ ဒါမှမဟုတ်ရင် ချူး ပေ့အုံးတို့နဲ့ ရင်ဆိုင်ရမှာ ခက်လိမ့်မယ်"

လိယွမ်သည်ပင်လျှင် ခေသူမဟုတ်ရကား ချူးပေ့အုံးတို့မှာလည်း ညံ့လိမ့်မည်မဟုတ်ကြောင်း နားလည်ထားသည်။

အမုန်းဒေဝီကမူ ကိုယ့်ကိုကိုယ် ယုံကြည်မှုကြီးသည့်သဘော

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ပြောသည်။

"ဘာပဲဖြစ်ဖြစ် သူတို့ကိုဆုံးမနိုင်ပြီး ကျွန်မတို့ရဲ့ ရည်ရွယ်ချက် အောင်မြင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်ရှင်"

ချန်းချင်းက သူမအား တစ်ချက်ကြည့်မိလိုက်သည်။

အမုန်းဒေဝီ တက်တက်ကြွကြွရှိနေသဖြင့် စိတ်သက်သာရာ ရသွားသည်။

နှစ်ယောက်သား စကားတပြောပြောဖြင့် ရှေ့ဆက်လျှောက် သွားရင်း တစ်နေရာသို့အရောက်တွင် တရှီရှီမြည်သံများ ထွက်ပေါ် လာသည်ကို ကြားလိုက်ရတော့သည်။

နှစ်ယောက်သား ခြေလှမ်းရပ်လိုက်ကြသည်။

ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်ကြသည်။

ဤတွင် ကျောက်တုံးကျောက်ခဲများကြားမှ အဆိပ်ပြင်းသော မြွေဆိုးများ အလျှိုအလျှို ထွက်လာနေကြသည်ကို တွေ့လိုက်ရလေ တော့သည်။

မြွေဆိုးများ ပတ်ပတ်လည်မှ ထွက်ပေါ်လာသည်ဖြစ်ရာ တစ် ခဏအတွင်းမှာပင် ချန်းချင်းတို့အား ဝိုင်းရံထားလိုက်သကဲ့သို့ ဖြစ်သွား လေတော့သည်။

ပထမပိုင်းပြီး

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်နေလင်းအောင်

## ဗေတ္တာရှုပ်ဓားသမားဒေါ်အလွမ်း

ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၇၂၀၃၀၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၉၇၀၃၀၀
၂၀၀၇ - ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး-၁၀၀/-ကျပ်။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး-ပုံနှိပ်တိုက်)
9 (H) နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၇)

# မြွေဟောက်မယ် အတားအဆီး

"ရှိ … ရှိ … ရှိ … "

"ရှိ … ရှိ … ရှိ … "

တရှိုးရှိုးမြည်သံများ ထွက်ပေါ်လာသည်။

မြွေအကောင်ပေါင်းများစွာ ထွက်ပေါ်လာပြီး ချန်းချင်းတို့နှင့် အမုန်းဒေဝီတို့အား ဝိုင်းရံထားလိုက်ကြသည်။

မြွေဆိုးများဖြစ်သည်။ ရှုရှာဖွယ်ရာ တွားသွားဝိုင်းလာခြင်း ဖြစ်သည်။

ချန်းချင်း ထိတ်လန့်သွား၏။

"မြွေဆိုးတွေပဲ၊ သတိထား … "

ချန်းချင်း အော်ဟစ်လိုက်၏။

အမုန်းဒေဝီကို သတိပေးလိုက်သော်လည်း သူမ ပြုံးနေသဖြင့် [illegible]သွားရသည်။ မြွေဆိုးများကို သူနိုင်ပါသလော။

"ညီမ ဘာပြုံးနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်း မေးသော်လည်း အမုန်းဒေဝီက ဘာမှမပြောချေ။

မြွေဆိုးများသည် ချန်းချင်းတို့အား ဝိုင်းရံထားလိုက်ကြပြီး ရှေ့ဆက်မတိုးတော့ချေ။

အံ့သြစရာကောင်းလှသည်။ မြွေပိုင်းကြီးအလယ်၌ ချန်းချင်းနှင့် အမုန်းဒေဝီတို့ နှစ်ယောက်ရှိနေသည်။

လျှာကလေးများ ပြူတစ်ပြူတစ်ထုတ်ကာ ပါးပြင်းထောင်ထားကြသည်မှာ အသည်းယားစရာ ကောင်းလှပေတော့သည်။

ချန်းချင်းသည် မြွေဆိုးများကိုကြည့်ရင်း မျက်မှောင်ကြုတ်သွား၏။ မြွေဆိုးများသည် မြွေရိုင်းများ ဖြစ်ပုံမရပါ။ သူတို့တက်လာပုံမှာ အစီအစဉ် ကျနသည်။

"ဒီမြွေဆိုးတွေ သူတို့ဘာသာ ရောက်လာကြတာမဟုတ်ဘူး၊ အကြောင်းတစ်ခုရှိရမယ်"

သူသည် လွှတ်ခနဲ ရေရွတ်လိုက်သည်။

အမုန်းဒေဝီ ခေါင်းညိတ်လိုက်၏။

"အကြောင်းရှိတာမယ်ဆိုတာ မှန်တာပေါ့၊ အကြောင်းမရှိဘဲနဲ့ မြွေဆိုးတွေဟာ ဒီလိုအစီအစဉ်နဲ့ ဘယ်တက်လာပါ့မလဲ၊ သူတို့ကို လွှတ်လိုက်တဲ့လူ ရှိပါတယ်၊ မြွေဆိုးတွေဟာ မြွေပိုင်ရှင်ရဲ့အမိန့်ကို တစ်သဝေမတိမ်း နာခံကြတယ်လေ"

"မြွေပိုင်ရှင် ဟုတ်လား"

"ဟုတ်တယ် … အစ်ကို၊ ဒီမြွေဆိုးတွေဟာ လေ့ကျင့်ထားတဲ့ မြွေတွေပါ"

"မြွေပိုင်ရှင်ဆိုတာရှိတယ်၊ မြေဆိုးတွေ မြွေပိုင်ရှင်ရဲ့အမိန့်ကို



တစ်သဝေမတိမ်း နာခံကြတယ်၊ ဒီလိုအဖြစ်မျိုး လောကပေါ်မှာ တကယ်ပဲရှိသလား၊ ကျုပ်တော့ အခုတစ်ခါ ပထမဆုံး ကြားဖူးတာပဲ"

ချန်းချင်း တအံ့တသြဖြစ်နေသည်။

အမုန်းဒေဝီ ခေါင်းညိတ်ကာ …

"ရှိလို့ မြွေဆိုးတွေ ရောက်လာကြတာပေါ့ရှင်"

ချန်းချင်းသည် မြွေပိုင်ရှင်အကြောင်း သိလိုစိတ် ဖြစ်ပေါ်လာသည်။

"ညီမ မြွေပိုင်ရှင်အကြောင်းကိုသိရင် ကျုပ်ကို ပြောပြပါလား၊ ဗဟုသုတ ရတာပေါ့၊ အင်း … သေရေး ရှင်ရေး ကြုံနေတဲ့အချိန်မှာ ဗဟုသုတ ဆည်းပူးရတာ မလွယ်ပါလား"

အမုန်းဒေဝီက …

"မြွေပိုင်ရှင်ဟာ မြောင်နယ်ခြားကလာတဲ့ အမျိုးသမီးတစ်ယောက်ပါပဲ၊ သူ့ကို သိုင်းလောကသားတွေက 'မြွေဟောက်မယ် ရင်ဝါး' လို့ ခေါ်ကြတယ်၊ မြွေဆိုးတွေကို အသုံးပြုပြီး တိုက်ခိုက် သတ်လို့ အင်မတန် ကြောက်စရာကောင်းတယ်လို့ သတင်းကြီးတာပေါ့၊ သူဟာမြောင်နယ်ခြားမှာလည်း နာမည်ကြီးတယ်၊ ပြည်မရောက်လာတော့လည်း နာမည်ကြီးတယ်၊ မြွေဆိုးတွေကို အမိန့်ပေးနိုင်တဲ့လူ ပြည်မှာ ဘယ်သူရှိသလဲ၊ ဒီတော့ သူဟာ ထူးခြားနေတာပေါ့"

ချန်းချင်း စိတ်ပျက်သွားသည်။

မြွေဆိုးများနှင့် တိုက်ခိုက်တတ်သော မြွေဟောက်မယ် ရင်ဝါးသည် မည်နည်းနှင့်မျှ လူကောင်းတစ်ယောက် မဖြစ်နိုင်ဟု တွေးမိ၍ နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူဆိုသည်မှာ သူ၏ပေါင်းသင်းသူ မိတ်ဆွေများကို ကြည့်ရမည် မဟုတ်ပါလော။ အပေါင်းအသင်းကောင်းလျှင် လူကောင်းသည်။ အပေါင်းအသင်း ဆိုးလျှင် လူဆိုးသည်။ မြွေဟောက်များနှင့် ပေါင်းသင်းသူသည် အဘယ်မှာလျှင် လူကောင်းဖြစ်နိုင်ပါအံ့နည်း။

အမုန်းဒေဝီက ...

မြွေဟောက်မယ် ရင်ဝါး ဒီပတ်ဝန်းကျင်မှာ ရှိနေတာ သေချာတယ်၊ ဒါပေမယ့် ဘာမှမပူပါနဲ့၊ ကျွန်မ တာဝန်ယူနိုင်ပါတယ်၊ သူ့ကို ဘတ်လိုဆက်ဆံရမလဲဆိုတာ ကျွန်မသိတယ်"

ချန်းချင်းက ...

"ရန်ငြိုးရန်စရှိမှသာ တစ်ဖက်လူကိုရန်မူကြတာပါ၊ ကျွန်တော်တို့ဟာ သူနဲ့ ရန်ငြိုးရန်စမရှိဘူးထင်တယ်၊ ဘာကြောင့် ဒုက္ခပေးချင်ရတာလဲ၊ သက်သက်မဲ့ ရန်စတာပဲ"

"ရင်ဝါးဟာ အောက်လမ်းသိုင်းသမားတစ်ယောက်ဆိုတော့ ချူးပေ့အုံးတို့ လူစုနဲ့ ပေါင်းမိသွားတာ ဖြစ်နိုင်ပါတယ်၊ သာမဏေ သာမဏေ၊ ဂေါနေန ဂေါဏောပေါ့"

ထိုစဉ် အေးစက်စက် ရယ်မောသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ခစ် ... ခစ် ... ခစ်"

ချန်းချင်းတို့ လှမ်းကြည့်လိုက်ရာ ကျောက်တုံးကြီးတစ်တုံးနောက်ကွယ်မှ လူဘာစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေ၏။

အနက်ရောင် ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်ဖြစ်သည်။



အမုန်းဒေဝီက ...

"ကင်းမြီးကောက်၊ ကင်းခြေများ၊ ပင့်ကူ၊ မြွေဆိုး စတဲ့၊ အဆိပ်ကောင်တွေဟာ မြောင်ဒေသကလူတွေရဲ့ တပည့်တွေပဲ"

"မြောင်နယ်ခြားက လူတွေဟာ အဆိပ်နဲ့ပတ်သက်ရင် အထူးပဲ ကျွမ်းကျင်ကြတယ်ဆိုတာ လူတိုင်းသိထားကြတယ်၊ အဆိပ်ပိုးကောင် အမျိုးမျိုးကို နိုင်နင်းကြတာလည်း မဆန်းတော့ဘူးပေါ့"

သူမသည် ရှေ့သို့လှမ်းထွက်ကာ မြွေဟောက်မယ် ရင်ဝါးအားဦးညွှတ်လိုက်သည်။

"အစ်မကြီးရင်ဝါးကို ဂါရဝပြုပါတယ်ရှင်"

အဆိပ်မယ်ရင်ဝါး စူးရှစွာကြည့်ရင်းမေးသည်။

"ညည်းက ဘယ်သူလဲ"

အမုန်းဒေဝီက ...

"ကျွန်မက လျူခြင်ခင်ပါရှင် ..."

"အမုန်းဒေဝီဆိုတာ ညည်းရဲ့ ဘွဲ့ထူးမဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ချူးပေ့အုံးက ညည်းကိုသတ်နိုင်ရင် ဆုငွေ တစ်သိန်းပေးမယ်ပြောတယ်၊ ညည်းက သူနဲ့ ဘာဖြစ်လို့ ရန်ဘက်ဖြစ်နေရတာလဲ"

"အစ်မကြီးက သူနဲ့ ပတ်သက်နေတာကိုး၊ အဲ့ဒါတော့ ကျွန်မအတွက် ဆိုးတာပေါ့နော်"

ရင်ဝါးက ...

"ချူးပေ့အုံးနဲ့ တိန်ရှောင်ချန်းတို့က အောက်လမ်းသိုင်းသမားတွေကို စုစည်းပြီး အရှီးခေါင်းတောင်ဒေသတစ်ဝိုက်မှာ ခိုလှုံနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ပေးတယ်၊ လိုလေသေးမရှိ ထောက်ပံ့ပေးထားတယ်၊ အနယ်နယ် အရပ်ရပ်က အောက်လမ်းသိုင်းသမားတွေကို စုစည်းထားတာ အင်အားတောင့်တင်းလာရင် သိုင်းလောကကို လွှမ်းမိုးနိုင်မှာပဲ၊ ငါကသူ့ရဲ့အကြံကို သဘောကျတယ်၊ ဒါကြောင့် ပူးပေါင်းဖို့ လက်ခံလိုက်တာပေါ့၊ ငါတို့ အောက်လမ်းသိုင်းသမားဆိုတာ ဘယ်အေးဆေးတဲ့ အခြေအနေကိုမှ မလိုလားတာ ညည်းလည်းသိမှာပေါ့"

မှန်သည်။ အောက်လမ်းသိုင်းသမားမည်သည် မည်သည့်အခါမှ သာယာအေးချမ်းမှုကို မလိုလားချေ။ ဆူပူမငြိမ်မသက် ဖြစ်နေသည့် အခါမျိုးကို စိတ်ကျေနပ်ကြသူများ ဖြစ်သည်။

ချူးမေ့အုံးတို့သည် ချမ်းသာကြွယ်ဝသွားကြပြီးနောက် ငွေကြေး အကုန်အကျခံကာ အနယ်နယ်အရပ်ရပ်မှ အောက်လမ်းသိုင်းသမား များအား စည်းရုံးသိမ်းသွင်းပြီး သိုင်းလောကအား လွှမ်းမိုးရန် ကြံစည် နေသည်ကို သိရသဖြင့် ချန်ချင်း ရင်လေးသွားတော့သည်။

"ဒီလူတွေကို ဖြစ်တဲ့နည်းနဲ့ တားဆီးဆုံးမသွားရမှာပဲ၊ အင်း ငါလည်း အသက်ဆုံးချင် ဆုံးနိုင်တာပဲ"

ချန်ချင်းသည် တီးတိုးပြောမိလေ၏။

ရင်ဝါးက ...

"ညည်းတို့ဟာ ချူးမေ့အုံးရဲ့ အကြံအစည်ကို ဖျက်ဆီးမယ့် လူတွေ ဖြစ်နေတော့ ချမ်းသာပေးလို့ မဖြစ်ဘူး"

အေးအေးဆေးဆေး ပြောဆိုနေသည့်တိုင်အောင် သူမ၏ မျက်လုံးများ တဖိတ်ဖိတ်တောက်ပြောင်ကာ အလွန်ရက်စက်ကြမ်း ကြုတ်မည့်အသွင် ဆောင်နေသည်။ သူမ၏ လက်ထဲ၌ အဖြူရောင် ပဝါတစ်ထည် ရှိနေပြီး ဝှေ့ယမ်းရန် ဟန်ပြင်လိုက်သည်။



ပဝါလေး ဝှေ့ယမ်းလိုက်သည်နှင့် မြွေဆိုးများက အချင်းချင်း ကိုက်ခိုက်လာကြတော့မည် ဖြစ်ပါသည်။

"ခဏနေပါဦးရှင်"

အမုန်းဒေဝီက ဟန့်တားလိုက်သည်။

ရင်ဝါးက ...

"ညည်းတားပုံတောက်ရင် ညည်းတစ်ခုခု ပြောချင်ပုံရတယ်၊ ညည်းနဲ့ ငါ့အကြားမှာ ဘာမှပြောစရာမရှိဘူး၊ အဆက်အစပ်လည်း မရှိဘူး၊ ညည်းကတခြား ငါကတခြားပဲ"

အမုန်းဒေဝီ ပြုံးလိုက်၏။

"လောကကြီးအားလုံး ဆက်စပ်နေကြတာပါ၊ မသိသေးတဲ့ ဆက်စပ်မှုပဲ ရှိမှာပေါ့ ..."

"ညည်းဘာပြောချင်သလဲ ..."

အမုန်းဒေဝီက ...

"အဆိပ်ကဝေကို အစ်မကြီး သိတယ်မဟုတ်လားဟင်"

သူမ၏စကားကြောင့် ရင်ဝါး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ အဆိပ်ကဝေမှာ သိုင်းလောက၌ နာမည်ကြီးသည်။

"အဆိပ်ကဝေလား၊ ဒီအဘွားကြီးကို မသိဘဲနေပါ့မလား၊ အင်မတန် ခွကျတဲ့ အဘွားကြီးပေါ့၊ သူလည်း မြောင်နယ်ခြားက လာခဲ့တာပဲ၊ သိုင်းလောကထဲ ရောက်နေတာကြာပြီ၊ ရှင်းရှင်းပြော ရရင် သူဟာ ငါ့အပေါ်မှာ ကျေးဇူးရှိနေတယ်၊ နေစမ်းပါဦး ညည်းက သူနဲ့ဘယ်လိုပတ်သက်နေလို့လဲ"

အမုန်းဒေဝီ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူဟာ ကျွန်မရဲ့ ဆရာပါရှင်"

"အော် ... ညည်းဟာ သူ့တပည့်ကိုး"

ရင်ဝါးသည် အမုန်းဒေဝီအား ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"လက်စသတ်တော့ ညည်းဟာ သူ့ရဲ့တပည့်ဖြစ်နေတာကိုး ဒါကြောင့်လည်း အဆိပ်မယ် နက်လက်ပုန်းပညာနဲ့ ညည်း သတင်းကြီးနေတာကိုး၊ ငါထင်တော့ ထင်သား ..."

အမုန်းဒေဝီသည်လည်း အနက်ရောင်သိုင်းသမား ဖြစ်ခဲ့သည် ဖြစ်ရာ အဆက်အစပ်ရှိသည့်သဘောဖြင့် ရင်ဝါးသည် ကောင်းကောင်း မွှန်မွှန် ဆက်ဆံနေ၏။

အဆိပ်ကဝေ၏ တပည့်ဖြစ်ကြောင်း သိရသောအခါ ပို၍ အဆင်ပြေနေ၏။

"နေပါဦး ... ညည်းဟာ အဘွားကြီးရဲ့ တပည့်ဖြစ်ပြီး ဘာကြောင့် လျှူးပေ့အုံးတို့နဲ့ ပြဿနာဖြစ်နေရတာလဲ၊ ပြောစမ်းပါဦး။ သူတို့က အောက်လမ်းသိုင်းသမားတွေ အားလုံးကို တည့်အောင် ပေါင်းနေကြတာပဲ"

"ကျွန်မက သူတို့ကို ကြည့်မရလို့ပါ"

"အော် ..."

ရင်ဝါး ခေါင်းညိတ်လိုက်သည်။

"ထားပါတော့လေ ... မင်းတို့ အဆင်ပြေသွားအောင် ငါ ကြားဝင်ဆောင်ရွက်ပေးမယ်ဆိုရင်ကော ..."

သူမသည် အဆိပ်ကဝေအား လေးစားမှုရှိကြောင်း ဖော်ပြ



သည့်သဘောပင်။ အဆိပ်ကဝေသည် သူ့အပေါ် ကျေးဇူးရှိသည်ဟု ပြောခဲ့သည်မဟုတ်ပါလော။

အမုန်းဒေဝီက ...

"သူတို့ကလည်း ကျွန်မကို လက်ခံကြမှာမဟုတ်ဘူးရှင့်၊ သူတို့ သွားနဲ့ သူတို့ပဲ"

"ညည်း သေချာတယ်ပေါ့၊ သူတို့က မပူးပေါင်းဘူးပေါ့"

"သေချာပါတယ်"

"ဒီလိုဆိုရင် ငါလည်း မတတ်နိုင်တော့ဘူး၊ ပြီးမှ ညည်းရဲ့ ဆရာကို ငါတောင်းပန်ရမှာပဲ"

ရင်ဝါး၏ သဘောထား အပြောင်းအလဲ မြန်လှပေတော့သည်။

အမုန်းဒေဝီက ...

"တစ်ခုမဟုတ်ရင် တစ်ခုဖြစ်နိုင်ပါတယ်၊ သူတို့နဲ့ ပူးပေါင်းမှ ပူးပေါင်းတာ မဟုတ်ပါဘူး၊ ကျွန်မတို့နဲ့ကော မပူးပေါင်းနိုင်ဘူးလား"

ရင်ဝါး ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး ... ချူးပေ့အုံးက အကြံကြီးတယ်၊ သူနဲ့ လက်တွဲထားမယ်ဆိုရင် တိုးတက်စရာအကြောင်းရှိတယ်၊ ဒါပေမယ့် ညည်းတို့ ဆောင်ပေါ်ကိုတက်လာတော့ တစ်ယောက်ယောက်က မဟန့်တားခဲ့ဘူးလား၊ ညည်းတို့ကြည့်ရတာ ဘာအဟန့်အတားမှ တွေ့ခဲ့ပုံမရဘူး"

အမုန်းဒေဝီ ...

"ပလွေရှင် ယန်ယီက ဟန့်တားခဲ့တာပေါ့ရှင်"

"သူဟန့်တားတာတောင် ညည်းတို့ ရှေ့ဆက်လာနိုင်ခဲ့ကြသေးတယ်၊ ညည်းတို့က ဘယ်ဆိုးလို့တုန်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဒါဖြင့် သူကော ..."

အမုန်းဒေဝီ အဖြေမပေးချေ။ သေပြီဟု ပြောလိုက်သည့် သဘောပင်။

ရင်ဝါး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ယိယန်က ငါနဲ့ပတ်သက်နေတယ်ဆိုတာ ညည်း မသိခဲ့ဘူးလား၊ သူဟာ အောက်လမ်းသိုင်းသမားတွေထဲမှာ တစ်မူထူးခြားတဲ့ လူပေါ့ ..."

မြွေပိုင်ရှင်နှင့် ပလွေရှင်မှာ အလွန်လိုက်ဘက်ညီသည့်သဘော ရှိသည်။

ပလွေသံဖြင့် မြွေဆိုးများကို ထိန်းကျောင်းနိုင်သူ မဟုတ်ပါလား။ သူတို့သည် ပလင်းတူဘူးဆိုမျှားဖြစ်သည်။ နှစ်ဦးစလုံး အသွေးတူ အမွေးတူများ ဖြစ်ကြသည်။

ချန်းချင်းမှာမူ ရင်ဝါးကို ကြည့်ပြီးနောက် အခြေအနေမဟန်ကြောင်း ရိပ်မိလိုက်၏။

ရင်ဝါး၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဘယ်သူ့လက်ချက်လဲ၊ ဘယ်သူသတ်သလဲ ..."

ချန်းချင်းသည် အမုန်းဒေဝီအတွက် စိတ်ပူပြီး ရှေ့သို့လှမ်းထွက်လိုက်သည်။ အမုန်းဒေဝီကို တစ်ခုခုလုပ်လိုက်မည်ကို စိုးရိမ်သည်။

"ကျုပ်ပဲ ..."

ရင်ကော့ကာ ပြောလိုက်သည်။

"မင်းလား ... သေပေတော့"



ရင်ဝါးသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ချန်းချင်းအား တိုက်ခိုက်လိုက်လေတော့သည်။

ရင်ဝါးမှာ ကြောက်စရာကောင်းသော သိုင်းသမားဆိုး တစ်ယောက်ဖြစ်ပါသည်။ အဆိပ်ကျွမ်းကျင်သူဖြစ်၍ ပို၍ ကြောက်စရာကောင်းပါသည်။ သူမ၏ လက်တစ်ဖက်က ပဝါဖြူကိုင်ထားပြီး ကျန်လက်တစ်ဖက်က မြွေဆိုးတစ်ကောင်ကို ကိုင်ထားလေသည်။ နှစ်ခုစလုံး အသက်သေဆုံးနိုင်သည့် အရာများသာ။ ပဝါနှင့် မြွေဆိုးကို လက်နက်သဖွယ် အသုံးချကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

"ခြွမ်း ..."

ချန်းချင်းသည် မတတ်သောသဖြင့် ဓားဆွဲထုတ်ကာ ခုခံလိုက်ရသည်၊

ရင်ဝါး၏ လက်ထဲမှ ပဝါဖြူလှုပ်ယမ်းနေသဖြင့် မြွေဆိုးများ ဘလှုပ်လှုပ်ဖြစ်လာသည်။

လျောခနဲ လျောခနဲ ရှေ့တိုးလာကြရာ ချန်းချင်းနှင့် တစ်စထက် တစ်စ နီးကပ်လာကြလေတော့သည်။

ထိုအချိန်မှာပင် အခြေအနေ စောင့်ကြည့်နေသော အမုန်းဒေဝီက အဆိပ်လက်နက်ပုန်းလေးများဖြင့် ရင်ဝါးကို ခြေထောက်ကို ပစ်လိုက်သည်။ သူမသည် ဉာဏ်ရည်ထက်မြက်သူဖြစ်သည်။

ခန္ဓာကိုယ်အထက်ပိုင်းသို့ ပစ်လိုက်လျှင် ရင်ဝါးက ပဝါဝှေ့ယမ်းကာ ဖယ်ရှားပစ်နိုင်သည်။

ခြေထောက်ကို ပစ်လိုက်သောအခါ ရုတ်တရက် ဖယ်ရှားပစ်ဖို့ ခဲယဉ်းသွားသည့်အပြင် ခြေထောက်ရှေ့လျားကာ ရှောင်တိမ်းတော့သည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေနှစ်ဖက်ကို နေရာရွှေ့လိုက်သဖြင့် ဟန်ချက်ပျက်သလို သိုင်းကွက်လည်း ပျက်သွားလိမ့်မည်။

အမုန်းဒေဝီ၏ အကင်းပါးမှုကြောင့် အဆိပ်နက်လက်ပုန်းလေး များကို ကပျာကယာ ရှောင်လိုက်သဖြင့် ဟန်ချက်ပျက်သွားသော ရင်ဝါးမှာ ချန်းချင်း၏ ဓားချက်မိသွားလေတော့သည်။

ချန်းကျင်း၏ ဓားကလည်း လျင်မြန်လှ၏။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်လေးအတွင်း ရင်ဝါး ဒုက္ခရောက်သွားခြင်း ဖြစ်သည်။

ချန်းချင်းသည် ဝဲဘက်သို့ ဓားဖြင့် ထိုးသွင်းရန် ဟန်ပြပြီးမှ ယာဘက်သို့ ခပ်ဖွဖွ ခုတ်ချသည်။

ရင်ဝါး၏ တိုက်ခိုက်မှုအနေအထားအရ သူက ဤသို့ တိုက် ခိုက်ရန် ရည်ရွယ်ထားသည်။

ဝဲဘက်သို့ ဟန်ပြဓား ထိုးသွင်းလိုက်မည်။ ရင်ဝါးက ခုန်ရှောင် လိုက်သည်နှင့် တည့်တည့်တိုးမိသွားတော့သည်။

ချန်းချင်း၏ ဟန်ပြဓားချက်သည် ရင်ဝါးအတွက် အလွန်ပြင်း ထန်သော မရဏဓားကွက် ဖြစ်သွားတော့သည်။ သေကွင်းသေကွက် ကို တစ်ခါတည်း ထိုးမိတော့၏။

ဓားဦးသည် သူမ၏ရင်ဝကို ထိုးဖောက်စိုက်ဝင်သွားလေတော့ သည်။

"အား..."

ရင်ဝါး ရူးရှူးရှားရှား အော်ဟစ်ကာ မြေပေါ်လဲကျသွားလေ၏။

တိုက်ပွဲမှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်အတွင်း ပြီးဆုံး သွားတော့သည်။



မကောင်းမှုပြုသူ၏ လမ်းဆုံးသည် ဤသို့သာဖြစ်သည်။

ရင်ဝါး မြေပေါ်လဲကျကာ မလှုပ်မယှက်ဖြစ်နေ၏။

"ဝှစ် ... ဝှစ် ... ဝှစ်"

အမုန်းဒေဝီက အဆိပ်လက်နက်မုန်းလေးများ အသုံးပြုကာ မြွေဆိုးအချို့ကို သတ်ပစ်လိုက်သည်။

တစ်ဖန် ရင်ဝါး လွတ်ကျခဲ့သော ပဝါဖြူကို ကောက်ယူကာ ဆွဲယမ်းလိုက်သောအခါ မြွေဆိုးများ တရှီရှီမြည်သံပေးပြီး ကျောက် တုံး ကျောက်ခဲများကြား၌ တိုးဝင်ပျောက်ကွယ်သွားတော့သည်။ ပဝါဖြူသည် မြွေဆိုးအသုံးပြုရာ၌ အဓိက အချက်အချာကျသည်၊

အခက်အခဲအန္တရာယ်တစ်ခုကို ဖြေရှင်းနိုင်လိုက်ပြီဖြစ်၍ အမုန်း ဒေဝီ ကျေနပ်နေသည်။

"ကျွန်မတို့နှစ်ယောက် လက်တွဲလိုက်မယ်ဆိုရင် သိုင်းလောက မှာ ဘယ်သူ့ကိုမှ မှုစရာမလိုတော့ဘူးရှင်"

ချန်းချင်းက စိတ်မကောင်းစွာ ပြောသည်။

"ကျုပ်က မင်းနဲ့ တစ်သက်လုံးလက်တွဲသွားမှာ မဟုတ်ပါဘူး"

"ဟင် ..."

ချန်းချင်း၏ စကားကြောင့် ရင်ဝါး၏ အပျော်စိတ်လေးများ ကွယ်ပျောက်သွားလေတော့သည်။

ချက်ချင်း ငိုင်ကျသွား၏။

ချန်းချင်းသည် ယခုအခြေအနေကို မကျေမနပ်ဖြစ်နေကြောင်း တွေ့ရ၏။

"ကျုပ်က သူ့ကို အနိုင်ရလိုက်လို့ ပျော်နေမယ် ထင်နေ

www.burmeseclassic.com

www.burmeseclassic.com



သလား၊ ဒီတစ်ညတည်း ကျုပ်ကြောင့် လူနှစ်ယောက်ကို သတ်ခဲ့မိပြီ"

အမုန်းဒေဝီက ...

ကျွန်မတို့ ဒုက္ခမရောက်တာကို ကျေနပ်ရဦးမှာပေါ့ရှင်၊ ရှင်က သူတို့ကို မသတ်ရင် သူတို့က ကျွန်မကို သတ်ကြမှာရှင်"

သူမ၏ ပြောစကားမှာ မှန်ကန်နေ၏။

ချန်းချင်း ဘာမှမပြောတော့ချေ။

အမုန်းဒေဝီက ...

"ချူးပေ့အုံးက အောက်လမ်းသိုင်းသမားတွေကို စုစည်းပြီး သိုင်းလောကကို ဒုက္ခပေးဖို့ ကြံစည်နေတာရှင့်၊ သူတို့ကို ဟန့်တားဆုံးမနိုင်မှ အများပြည်သူအပေါ် မေတ္တာထားရာ ကျမှာပေါ့၊ တစ်ဦးမေတ္တာ ထားပုံကို ပြန်စဉ်းစားဦးမှပေါ့"

ချန်းချင်း သက်ပြင်းချလိုက်သည်။

"ထားပါတော့လေ ... ကျုပ်တို့ရှေ့ဆက်သွားကြမယ်၊ ဒီကိစ္စကို အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ရမယ်၊ ပြီးပြတ်သွားပြီဆိုတာနဲ့ သိုင်းလောကကို ကျောခိုင်းပြီး ကျုပ်အိမ်ပြန်တော့မယ်၊ တိုက်ပွဲမှာ ထိခိုက်သေကြေနေကြတာတွေကို မမြင်တွေ့ချင်တော့ဘူး၊ ကျုပ်ကိုယ်ကျုပ် အာမမခံနိုင်တော့ဘူး၊ ကျုပ် အေးအေးချမ်းချမ်း နေချင်ပြီ"

ချန်းချင်မှာ လူနှစ်ယောက်ကို တိုက်ခိုက်မိခြင်းကြောင့် စိတ်မကောင်းဖြစ်နေကြောင်း ပေါ်လွင်နေသည်။ အမုန်းဒေဝီလည်း သက်ပြင်းချလိုက်ရလေ၏။

"အမုန်အမှားကို သူကောင်းကောင်း ခွဲခြားတတ်နေပါပြီ တဖြည်းဖြည်း ရင့်ကျက်သွားမှာပါလေ ..."



သူသည် စိတ်ထဲတွင် တွေးပြီး ဘာမျှမပြောဘဲနေလိုက်သည်။

ချန်းချင်းကား နောက်မဆုတ်တော့ပါ။ သူဆုံးဖြတ်ထားပြီးဖြစ်ပါသည်။

လာမယ့်ဘေး ပြေးတွေ့ဖို့ ဆုံးဖြတ်ထားပုံရသည်။

အမုန်းဒေဝီကို မစောင့်ဘဲ ခြေလှမ်းကျဲကျဲဖြင့် ရှေ့မှထွက်သွားသဖြင့် အမုန်းဒေဝီလည်း ပြေးလိုက်သွားရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

# အထင်နှင့် အမြင်

ပ ၇င် ယီယန်နှင့် မြွေပိုင်ရှင် ရင်ဝါးတို့အား ဆုံးမပြီး ရှေ့ဆက်ကြသော ချန်းချင်နှင့် အမုန်းဒေဝီတို့မှာ အရိုးခေါင်းတောင် အပေါ်ပိုင်းသို့ ရောက်မှန်းမသိ မရောက်ရှိလာကြလေ၏။

ကျောက်ဂူကြီးရှိသည့် တောင်ထိပ်ပိုင်းသို့ အရောက်သွားဖို့တော့ မလွယ်သေးပါ။

"ဟူး ... ဟူး ... ဟူး"

အဝတ်အစား လေးတိုးသံများ ထွက်ပေါ်လာကာ လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသူများ ထွက်ပေါ်လာသည်။ သူတို့အား ဟန့်တားလိုက်ကြသည်။

အမုန်းဒေဝီက ရှင်းပြလိုက်သည်။ ချန်းချင်သည် ဘာမှမသိသေးသည့် သိုင်းသမားတစ်ယောက် မဟုတ်ပါလော။

"ဒါဟာ ချူးပေ့အုံး စုဆောင်းထားတဲ့ အနက်ရောင် သိုင်းသမားတွေပါ။



ချန်းချင်သည် အမုန်းဒေဝီကို ဘာမျှမပြောချေ။

ချန်းချင်က ဓားဆွဲထုတ်ကာ တိုက်ခိုက်လိုက်လေတော့သည်။

မည်သူမည်ဝါများဖြစ်ကြောင်း မေးမြန်းစုံစမ်းခြင်း မပြုတော့ချေ။ သူ့ကို တားဆီးသူမှန်သမျှကို အောက်လမ်းသိုင်းသမားများ ဖြစ်နေမည်မှာ သေချာသည်။

ထိုလူများကလည်း တိုက်ခိုက်ကြမည်သာဖြစ်ရာ ဘာမှမစဉ်းစား မမေးတော့ဘဲ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါသည်။

အမုန်းဒေဝီက ...

"ကောင်းတယ် ... သူတို့ကို ဆုံးမရမယ်"

အားပေးထောက်ခံပြီး သူမလည်း တိုက်ပွဲထဲ ခုန်ဝင်လာလေသည်။ ဟန့်တားထားသူများအား နှစ်ယောက်သား လက်တွဲကာ တက်ညီလက်ညီ တိုက်ခိုက်လိုက်ကြသည်။

"တိုက်ကြဟေ့ ..."

"သူတို့ကို ချမ်းသာမပေးနဲ့"

ဟန့်တားကြသည့် အောက်လမ်းသိုင်းသမားများကလည်း ညာသံပေးကာ ဝိုင်းဝန်းတိုက်ခိုက်ကြသည်။

ညာသံပေးသံ၊ လက်နက်ချင်း ထိတွေ့သော အသံများ ပွက်လောရိုက်ဆူညံသွား၏။

သာယာလှပနေသော ညမှာ တိုက်ပွဲကြောင့် ရုပ်ဆိုးအကျည်းတန်သွားရပေတော့သည်။

အကျည်းတန်သောညတွင် လူနှစ်ယောက်နှင့် လူအများ တိုက်ခိုက်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝှန်း..."

"အမလေး..."

"သေပါပြီဗျ..."

ရူးရှအော်ဟစ်သံများ ထွက်ပေါ်လာသည်။

ချန်းချင်းနှင့် အမုန်းဒေဝီတို့နှစ်ယောက် ပေါင်းလိုက်သောအခါ ထိပ်သီးသိုင်းသမားကြီး တစ်ယောက်၏ အရည်အချင်းကဲ့သို့ ရှိသွားရာ အောက်လမ်းသိုင်းသမားများ အခက်ကြုံသွားကြတော့သည်။

အားလုံး ထိတ်လန့်ကာ နောက်ဆုတ်သွားကြ၏။

ထိုစဉ်...

"တော်တော် အသုံးမကျတဲ့ကောင်တွေ..."

အော်ငေါက်သံနှင့်အတူ အဘိုးအိုတစ်ယောက် ရောက်ရှိလာသည်။

တိုအဘိုးအိုသည် ခရမ်းရောင်အင်္ကျီရှည်ဝတ်ထားပြီး ခက်ထန်ကြမ်းတမ်းပုံရသည်။

အမုန်းဒေဝီ ပင့်သက်ရှိုက်လိုက်၏။

သူသည် ဤအဘိုးကြီးကိုသိသည်။

"ဒီအဘိုးကြီးဟာ ချူးပေ့အုံးရဲ့လူယုံတော် နန်းကုန်းချီ ဖြစ်လိမ့်မယ်၊ ချူးပေ့အုံးတို့ သိမ်သွင်းစုစည်းထားတဲ့ အောက်လမ်းသိုင်းသမားတွေကိုသူပဲ အုပ်ချုပ်နေတာ ဖြစ်လိမ့်မယ်"

ချူးပေ့အုံး၏ လူယုံတော်ဆိုလျှင် မည်သည့်နည်းနှင့်မျှ လူကောင်းတစ်ယောက် မဟုတ်နိုင်ဟု ချန်းချင်း ယုံကြည်ထားလေသည်။

နန်းကုန်းချီသည် အောက်လမ်းသိုင်းသမားများအား ကြိမ်းမောင်းလိုက်ပြီး ချန်းချင်းအား ဂါရဝပြုလိုက်သည်။



"မိတ်ဆွေလေးဟာ မေတ္တာရှင်ဓားသမား ချန်းချင်းမဟုတ်လားဗျ"

ချန်းချင်းက...

"ဟုတ်ပါတယ်၊ ကျုပ်ကချူးပေ့အုံးနဲ့တွေ့ဖို့ လာခဲ့တာပါဗျာ"

"ကောင်းပြီ... ကျုပ်နဲ့လိုက်ခဲ့ပါ၊ ဆရာချူးနဲ့ တွေ့ရပါလိမ့်မယ်"

"သူက ကျွန်တော့်ကို လက်ခံတွေ့ဆုံလိမ့်မယ် ဟုတ်လား၊ ဘယ်လို ထူးခြားနေတာလဲဗျာ၊ ကျုပ်တို့က အထူးဧည့်သည်တော်တွေလားဗျာ"

"သူက မိတ်ဆွေလေးကို လေးစားပါတယ်၊ မိတ်ဆွေလေးရဲ့ အကြောင်းကို ကြားသိထားလို့ တွေ့ချင်နေတာကြာပါပြီ"

ချန်းချင်းက အမုန်းဒေဝီဘက်သို့ လှည့်လိုက်၏။

နန်းကုန်းချီက...

"ဆရာချူးက သူ့ကိုတော့ လက်ခံတွေ့ဆုံချင်စိတ် ရှိမှာမဟုတ်ပါဘူး"

သူတို့သဘောထားကို ပြောပြ၏။

ချန်းချင်းလည်း ခေါင်းခါယမ်းလိုက်သည်။

"ဒါဆိုရင်တော့ ကျုပ်လိုက်တွေ့လို့ ဖြစ်မယ်မထင်ပါဘူးဗျာ၊ ကျုပ်တို့က နှစ်လွှာပေါင်းမှ တစ်ဥက်ဗျ"

အမုန်းဒေဝီကလည်း ရယ်ရယ်မောမော ပြောလိုက်သည်။

"အခုမတွေ့ရလည်း နောက်တွေ့မှာပဲ၊ ဘာထူးမှာမို့လို့လဲရှင်"

ချန်းချင်းက နန်းကုန်းချီကို ပြုံးပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူပြောတာ ကြားတယ်မဟုတ်လားဗျာ၊ တောင်ပေါ်ကို ကျုပ်တို့နှစ်ယောက် တက်လာတာပါ၊ တစ်ယောက်တည်း တွေ့မယ်ဆိုတော့ မဟုတ်သေးပါဘူး"

နန်းကုန်းရှီ တွေဝေသွား၏။

အနည်းငယ် စဉ်းစားပြီးမှ သဘောတူလေသည်။

"ကောင်းပြီလေ ... မိတ်ဆွေလေးတို့နှစ်ယောက်စလုံး လိုက်ခဲ့ကြပါ"

အမုန်းဒေဝီကလည်း သဘောတူလိုက်သည်။

"ဒီလိုလုပ်စမ်းပါရှင် ..."

"ကဲ ... ကျုပ်နောက် လိုက်ခဲ့ပါ"

နန်းကုန်းရှီက လမ်းပြခေါ်ဆောင်သွားသည်။

ချန်းချင်းနှင့် အမုန်းဒေဝီတို့လည်း လိုက်သွားကြ၏။

တောင်ထိပ်ပိုင်း၌ မီးရောင်များ ထွက်ပေါ်နေသော ကျောက်ဂူကြီးတစ်ခု ရှိသည်။

ကျောက်ဂူကြီးရှေ့၌ လူတစ်စု ရှိနေကြသည်။

ချင်းချင်းတို့အား အသင့်စောင့်ကြိုနေကြသည့် ချူးပေ့အုံးတို့လူစု ဖြစ်သည်။

ချူးပေ့အုံးသည် သူ၏လက်အောက်ငယ်သားများက ချန်းချင်းတို့အား ဟန့်တားခြင်း မပြုနိုင်တော့သည့်အခါ ကိုယ်တိုင် တွေ့ရန် ဆုံးဖြတ်လိုက်ပုံရသည်။

ချန်းချင်းနှင့် အမုန်းဒေဝီတို့ ခြေလှမ်းရပ်လိုက်ကြ၏။

အမုန်းဒေဝီ၏ မျက်နှာ အေးတိအေးစက်ဖြစ်နေ၏။



သူမ၏ရင်ထဲမှ အမုန်းတရားများ နိုးထလာပြန်ပြီ ဖြစ်ပါသည်။

ချူးပေ့အုံးနှင့် တိန့်ရှောင်ချန်းတို့အား သူမ အလွန်မုန်းတီးနေသည် မဟုတ်ပါလား။

"ကျွန်မ အသက်သေချင် သေပါစေ၊ သူတို့ကို သုတ်သင်ပစ်မှ ကျေနပ်မယ်"

သူမ၏ ပညာဖြင့် ချူးပေ့အုံးတို့အား ယှဉ်နိုင်မည်မဟုတ်ချေ။

ထို့ကြောင့် ရင်ဆိုင်တိုက်ခိုက်လိုက်သည်နှင့် သူမသာ ဒုက္ခရောက်သွားမည်သာ ဖြစ်ပါသည်။

သူမ ဒုက္ခရောက်သွားသည်ကိုတော့ ချန်းချင်း မလိုလားချေ။ သူမကို သူ ကူညီစောင့်ရှောက်ရန် ဆုံးဖြတ်ထားသည် မဟုတ်ပါလော။

တတ်စွမ်းသလောက် သူမအား ကာကွယ်စောင့်ရှောက်သွားမည်သာ ဖြစ်သည်။

ကျောက်ဂူကြီးရှေ့၌ ချူးပေ့အုံး၊ တိန့်ရှောင်ချန်း၊ ဆရာကြီးအောက်နှင့် တပည့်နှစ်ယောက် ရှိနေကြသည်။ သူတို့သည် အောက်ခြေသိုင်းသမားအချို့ ခြံရံကာ ရှိနေကြသည်။ သူတို့သည် အင်အားပြည်းထားခြင်း ဖြစ်လေ၏။

နန်းကုန်းရှီက ဦးညွှတ်လိုက်သည်။

"မေတ္တာရှင် ဓားသမားလေးကို ခေါ်လာပါပြီ သခင်ကြီး"

ချူးပေ့အုံး ပြုံးလိုက်သည်။

"ကောင်းတယ် ... ကောင်းတယ်"

ထို့နောက် ချန်းချင်းကို ကြည့်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေလေးရဲ့ နာမည်ကို ကြားဖူးတာ ကြာပါပြီ၊ ခုမှပဲ လူချင်းတွေ့ရတော့တယ်၊ ဝမ်းသာပါတယ်၊ ဝမ်းသာပါတယ်"

ချူးပေ့အုံးက ပဋိသန္ဓာရစကား ပြောသည်။

ထိုအခါ အမုန်းဒေဝီက ကြားဖြတ်ပြော၏။

"ကျွန်မကတော့ ရှင်တို့လို လူယုတ်မာတွေနဲ့ တွေ့ရတာ ဘယ်လိုမှ ဝမ်းမသာနိုင်ဘူးရှင့်"

ချူးပေ့အုံးသည် သူမအား တစ်ချက်စောင်းငဲ့ကြည့်ပြီး ဘာမှ မပြောချေ။ သူ့မျက်လုံးထဲ၌ကတော့ အမုန်းတရားများရှိနေသည်။

ချန်းချင်းကိုသာ ပြောလိုက်သည်။

"မိတ်ဆွေလေးဟာ အရည်အချင်းရှိတဲ့ လူတစ်ယောက်ဆိုတာ ကျုပ်သိပြီးပါပြီ၊ ဒါကြောင့် ကျုပ်တို့နဲ့ လက်တွဲပါလို့ ဖိတ်ခေါ်ပါရစေ"

လက်တစ်ဖက် ဝှေ့ယမ်းပြလိုက်လျှင် သိုင်းသမားနှစ်ယောက် ကျောက်ဂူကြီးထဲ ဝင်သွားပြီး သံသေတ္တာကြီးတစ်လုံး မယူကာ ပြန်ထွက်လာကြသည်။

ချူးပေ့အုံးက နန်းကုန်းချိုကို ခေါင်းညိတ်ပြလိုက်သည်။

နန်းကုန်းချိုက သေတ္တာအဖုံးဖွင့်လိုက်သည်။ အတွင်းဘက်၌ ပြိုးပြိုးပြက်ပြက် ဝင်းလက်တောက်ပနေသော ရွှေငွေရတနာပစ္စည်းများ အပြည့်ရှိနေသည်ကို တွေ့လိုက်ရသည်၊

ချူးပေ့အုံးက ...

"ကျောက်ဂူထဲမှာ ဒီလိုသေတ္တာမျိုး အလုံးပေါင်း တစ်ရာကျော် သိမ်းဆည်းထားပါတယ်၊ မိတ်ဆွေလေးသာ ကျုပ်တို့နဲ့ လက်တွဲမယ် ဆိုရင် ဒီအကျိုးခံစားခွင့်တွေ ရှိလိမ့်မယ်လို့ ကျုပ်အာမခံပါတယ်



ချန်းချင်းက ...

"ခင်ဗျားနဲ့ လက်တွဲရမယ် ဟုတ်လား"

ချူးပေ့အုံးက ...

"ကျုပ်နဲ့ပူးပေါင်းရင် အကျိုးရှိမှာပါ၊ ချမ်းသာကြွယ်ဝလာမယ်၊ ကျော်ကြားလာမယ်၊ သိုင်းလောကမှာ ဝံ့ကြွားနိုင်မယ်၊ အားလုံးက လေးစားနေရလိမ့်မယ်၊ ကျုပ်တာဝန်ယူပါတယ်၊ ဒါက ကျုပ်ပေးနိုင်တဲ့ အရာတွေပါပဲ"

ချန်းချင်း ပြန်မေးလိုက်သည်။

"ခင်ဗျားနဲ့ လက်မတွဲဘူးဆိုရင်ကောဗျာ"

ချူးပေ့အုံးက ...

"မိတ်ဆွေလေး ဒီလောက်တောင် မိုက်မဲလိမ့်မယ်လို့ ကျုပ်မထင်ပါဘူး၊ ငါးစိမ်းကိုမြင်ရင် ငါးကင်ကို ပစ်တယ်ဆိုတဲ့ စကားကိုသာ ကျုပ်ကြားဖူးပါတယ်၊ ဘာတစ်ခုမှမမြင်ဘဲနဲ့ တစ်ဖက်က ရတနာသေတ္တာကို မြင်ရက်သားနဲ့ မိတ်ဆွေလေး ငြင်းလိမ့်မယ်လို့ ကျုပ်မထင်ပါဘူး"

"ကျုပ်က အများအကျိုး သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်ဗျာ"

"ဒါဖြင့် မိတ်ဆွေလေး လက်မခံနိုင်ဘူးပေါ့"

"ဝမ်းနည်းပါတယ်ဗျာ၊ လက်မခံနိုင်ပါဘူး"

ချူးပေ့အုံးက ...

"အင်းလေ ... မိတ်ဆွေလေး လက်မခံနိုင်ဘူးဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူက တိန့်ရှောင်ချန်းအား မေးလိုက်သည်။

"ခင်ဗျား ဘယ်သူ့ကို တာဝန်ယူမလဲ၊ ကျုပ်တို့ ရှင်းပစ်ရတော့မှာပေါ့၊ တာဝန်ကျလာပြီကိုး"

တိန့်ရှောင်ချန်း ပြုံးလိုက်သည်။

"ကျုပ်က ဟိုမိစ္ဆာမကို ဆုံးမယ်၊ ဒီမိစ္ဆာမဟာ အင်မတန် ချိုထောင်နေတယ်"

"ကောင်းပြီ ... ခင်ဗျားသဘောပဲ"

ချူးပေ့အုံးသည် ချန်းချင်းဘက်သို့ ပြန်လှည့်လိုက်သည်။

"ကျုပ်က မိတ်ဆွေလေးကို ဖိတ်ခေါ်ပြီးပါပြီ၊ မိတ်ဆွေလေး လက်မခံနိုင်တော့လည်း မတတ်နိုင်ဘူးပေါ့ဗျာ၊ ကဲ ... ကျုပ်တို့ စာရင်းရှင်းလိုက်ကြတာပေါ့"

"ကောင်းပါပြီဗျာ"

ချန်းချင်းက လက်ခံလိုက်လေသည်။

"မိတ်ဆွေလေး သတိထားပါ"

ချူးပေ့အုံးက သတိပေးပြီး စတင်တိုက်ခိုက်လိုက်လေ၏။

ထိုအချိန်မှာပင် ...

"ယား ..."

တိန့်ရှောင်ချန်းကလည်း ညာသံပေးကာ အမုန်းဒေဝီကို တိုက်ခိုက်လိုက်လေတော့သည်။

တိန့်ရှောင်ချန်းနှင့် ချူးပေ့အုံးတို့၏ တပည့် အောက်လမ်းသိုင်းသမားများသည် လက်နက်ကိုယ်စီ ဆွဲကိုင်ကာ အခွင့်အရေးရသည်နှင့် ဝင်ရောက်တိုက်ခိုက်ရန် အသင့်ရှိနေကြသည်။ သို့သော် သူတို့ ဝင်မတိုက်သေးပေ။



ဆရာကြီး ဝိတောက်နှင့် မုဥ္ဆူမုတို့ ညီအစ်ကိုနှစ်ယောက်ကမူ လက်ပိုက်ပြီး အေးအေးဆေးဆေး ရပ်ကြည့်နေကြသည်။

ချန်းချင်းသည် ပေါ့ဆ၍မရမှန်း သိသဖြင့် ဓားဆွဲထုတ်ကာ ရင်ဆိုင်လိုက်သည်။

ချူးပေ့အုံးကလည်း ဓားတစ်လက်အသုံးပြုတိုက်ခိုက်လာခြင်း ဖြစ်သည်။

"ချန်းချင်းဟာ မေတ္တာဓားသမားဆိုတဲ့ ဘွဲ့ထူးခံယူထားတယ်၊ သူ့ရဲ့ ဓားချက်ကြောင့် ဘယ်သူမှမထိခိုက်စေရဘူး၊ သေကြေ ဒဏ်ရာရတာမျိုး မဖြစ်ရဘူးလို့ ခံယူထားတယ်၊ ဒါဟာ ငါ့အတွက် အခွင့်အရေးပဲ၊ အတင်းဝင်ပြီး လူချင်းပူးကပ် တိုက်ခိုက်လိုက်မယ်ဆိုရင် သူ့ကိုထိခိုက်မိမှာ စိုးရိမ်နေတာနဲ့ သူ့ရဲ့ဓားကွက်ပျက်ပြယ်သွားလိမ့်မယ်၊ ဒါဆို သူ့ကို သုတ်သင်ပစ်ဖို့ အခွင့်အရေးရပြီပေါ့"

ချူးပေ့အုံးသည် ချန်းချင်း၏ သဘောထား ပြောင်းလဲနေပြီဆိုသည်ကို မသိသေးပါ။ ထို့ကြောင့် သူရဲရင့်နေ၏။

ချန်းချင်းက မည်သူ့ကိုမှ မထိခိုက်စေရဟု ခံယူထားသည်ဟု ထင်မှတ်နေသည်။

သို့ဖြစ်၍ လူချင်းအတင်းဝင်ပူးတိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။ ထို့နောက် တကယ်လည်း ပူးကပ်တိုက်ခိုက်သည်။

"ဟိတ် ..."

"ယား ..."

ညာသံပေးကာ ဓားကို ဝဲယာဝှေ့ယမ်း တရစပ်ခုတ်ချပြီး အတင်းထိုးဖောက် ဝင်ရောက်သွားလေတော့၏။

သူ၏ ဓားချက်များက ပြင်းထန်နေပြီး ဓားတစ်ချက် ထိခိုက်

www.burmeseclassic.com

www.burmeseclassic.com



ညီမှင့် အသက်ပျောက်သွားမည်သာဖြစ်သည်။ သူ့ဓားချက်များ သည် သေတွင်းသေကွက်များချည်းသာ ထိုးဖောက်ဝင်ရောက် သည်။

ချန်းချင်းက တားဆီးခုခံမည်ဆိုလျှင် အထက်မြက်ဆုံး ဓား ကွက်များ ထုတ်ဖော်ရင်ဆိုင်ရမည်ဖြစ်သည်။

ထိပ်တိုက်တွေ့ဆုံမှုကြောင့် တစ်ယောက်ယောက် ထိခိုက်ဒ ရာ ရသွားနိုင်သည်။

ချန်းချင်းသည် ထိုသို့ အဖြစ်မခံဘဲ နောက်ဆုတ်တိမ်းရှေ သွားမည်ဟု ချူးပေ့အုံး အပိုင်တွက်ဆထား၏။

ချန်းချင်း နောက်ဆုတ်လိုက်သည်နှင့် သိုင်းကွက်များ ဖရို ဖြစ်ကာ ကောင်းစွာ ခုခံနိုင်တော့မည်မဟုတ်ပါ။

ချူးပေ့အုံးက ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်နေသည်။

သို့သော် လက်တွေ့ရင်ဆိုင်လိုက်သောအခါ မျှော်လင့်သ ဖြစ်မလာ၍ ချူးပေ့အုံး အခက်ကြုံသွားတော့သည်။

ချန်းချင်းက ချူးပေ့အုံးတို့အား ဆုံးမနိုင်မှဖြစ်မည်ဟု နားလည် ထားသည်။ သို့မှသာ ဤအရိုးခေါင်းဆောင်အုပ်စုကို ဖြိုခွင်းနိုင် လိမ့်မည်။ ခုစရိုက်အုပ်စုကြီး အဆမတန်ကြီးထွားနေသည်မဟုတ် လား။

ထို့ကြောင့် နောက်မဆုတ်ဘဲ အပြင်းအထန် ခုခံတိုက်ခိုက်လို လေတော့သည်။

"ခြွမ်း ... ခြွမ်း"

ဓားနှစ်လက် ပြင်းထန်စွာ ထိတွေ့မိကာ မီးပွင့်ကလေးများ ထွက်ပေါ်လာသည်။



ချန်းချင်းက အားမာန်အပြည့်ဖြင့် ခုခံရင်ဆိုင်လာမည်မထင်ဘဲ ပေါ့တန်တန် သဘောထားနေသော ချူးပေ့အုံး ရင်ထိတ်သွားလေ ၏။

ဓားနှစ်လက် ထိတွေ့မိလိုက်သည့် အရှိန်ကြောင့် ဓားကိုင်ထား သည့် လက်ဖဝါးများပင် ကျိုက်သွားတော့မည်ထင်ရလေသည်။

ဓားကို မနည်းဆုပ်ကိုင်ထားလိုက်ရသည်။

ချန်းချင်း၏ ပြင်းထန်သော ဓားကွက်များက သူ၏တစ်ကိုယ် လုံး လွှမ်းခြုံထားလိုက်ရကား ချူးပေ့အုံး ပိုပြီး ထိတ်လန့်ကာ နောက် ဆုတ်ရှောင်တိမ်းဖို့ ကြိုးစားရတော့သည်။ အထင်နှင့်အမြင် လွဲပြီ မဟုတ်ပါလား။

ချန်းချင်းက ဘာမှမဖြစ်ချေ။ သိုင်းကွက်ပျက် ဟန်ပျက်သွား သည်မှာ သူသာဖြစ်နေသည်။

နောက်ဆုတ်ဖို့ ကြိုးစားနေစဉ်မှာပင် ချန်းချင်း၏ ဓားတစ်ချက် က သူ၏ပခုံးကို ရှပ်ပြီး ခုတ်ချမိလိုက်တော့သည်။

"ခြွမ်း ..."

"အား ..."

ချူးပေ့အုံး၏လက်ထဲမှ ဓားလွတ်ကျသွားလေသည်။

သူ၏ပခုံး၌ သွေးချင်းချင်းနီရဲသွားပြီး ရှုံးရှုံစွာ အော်ဟစ်လိုက် သည်။

ချူးပေ့အုံး အရေးနိမ့်သွားပြီ ဖြစ်ပါသည်။

✳ ❖ ✳

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၉)

## အောက်လမ်းသိုင်းသစ္စာ

တိန့်ရှောင်ချန်းက အမန်းဒေဝီအား တိုက်ခိုက်လေတော့သည်။

သူ၏လက်ဝါးနှစ်ဖက်၌ သံမဏိလက်အိတ်စွပ်ထားသည်။ သာမန်လက်နှင့်မတူစေရန် သံမဏိလက်အိတ်များ စွပ်ထားခြင်း ဖြစ် သည်။

သူ၏လက်ဝါးရိုက်ချက်များမှာ ပြင်းထန်ပြီး သံမဏိလက်အိတ်ကြောင့် အရိုက်ခံလိုက်ရပါက အရိုးများ ကျိုးကြေသွားလိမ့်မည်သာ ဖြစ်သည်။

"ဟူး… ဟူး"

အတွင်းအားကောင်းသော တိန့်ရှောင်ချန်း၏ လက်ဝါးရိုက်ချက်များက အမုန်းဒေဝီ၏တစ်ကိုယ်လုံး လွှမ်းခြုံနေတော့သည်။

အမုန်းဒေဝီသည် တိန့်ရှောင်ချန်းတို့အား အမုန်းကြီးမုန်းသော်လည်း တစ်ယောက်ချင်း ရင်ဆိုင်ရလျှင် သူမ ကြာရှည်ခံနိုင်မည်မဟုတ်ကြောင်း နားလည်ထားပြီးဖြစ်သည်။



ထို့ကြောင့် လက်ဝါးနှစ်ဖက် အသုံးပြုကာ ခုခံရင်း အင်္ကျီလက်အိုးကြားထဲတွင် ဝှက်ထားသည့် လက်နက်ပုန်းကလေးများဖြင့် တိတ်ဘဆိတ် တိုက်ခိုက်လိုက်သည်။

"ဝှစ်… ဝှစ်… ဝှစ်"

လက်နက်ပုန်းကလေးများသည် ဖွဲနှင့်ဆုပ်ကာ ပက်လိုက်သကဲ့သို့ တိန့်ရှောင်ချန်းထံသို့ တိုးဝင်သွားသည်။

"ဒီလိုနဲ့ ရရိုးလား"

တိန့်ရှောင်ချန်းက လက်ကိုခါယမ်းသောအခါ ထွက်ပေါ်လာသော ပြင်းထန်သည့် လေအဟုန်ကြောင့် လက်နက်ပုန်းကလေးများ လွင့်စဉ်သွားတော့သည်။

အလစ်ဝင်ရောက်တိုက်ခိုက်ရန် ချောင်းမြောင်းနေသော အောက် လမ်းသိုင်းသမားများ ကံဆိုးသွားကြသည်။

လွင့်စဉ်လာသော လက်နက်ပုန်းကလေးများ ထိမှန်ကာ…

"အား…"

"အမလေး…"

"သေပါပြီဗျ"

စူးရှစွာ အော်ဟစ်သံများနှင့်အတူ တစ်ယောက်ပြီးတစ်ယောက် သေကျသွားကြလေတော့သည်။

ဆရာကြီး ဝီတောက်နှင့် တပည့်နှစ်ယောက်တို့လည်း အချိန်မီ ရှောင်ဆုတ်နိုင်ကြခြင်းကြောင့် အသက်ဘေးမှ လွတ်မြောက်သွားကြသည်။

ချူးပေအုံးနှင့် တိန့်ရှောင်ချန်းတို့၏ နောက်လိုက် အောက်လမ်း

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမား ဆယ်ယောက်အနက် ဆယ်ယောက်မက မြေပေါ် လဲကျသေဆုံးသွားရာ ကျန်ရစ်သူများ မနေဝံ့ကြတော့ဘဲ တောင် အောက်သို့ ဆင်းပြေးသွားကြတော့သည်။

တိန့်ရှောင်ချန်း ဘာမှမပြောနိုင်ပါ။ သူတို့ကို မတားဆီးနိုင်ပါ။ အောက်လမ်းသိုင်းသမားများကြား၌ သစ္စာတရားဟူ၍ မရှိနိုင်ချေ၊ ကိုယ်ကျိုးရှိမှသာ ကြည့်နိုင်သည်။

အခွင့်သာလျှင် သာသလိုနေကြမည်ဖြစ်ပြီး ထိခိုက်နစ်နာတော့ မည်ဆိုသည်နှင့် ကိုယ်လွတ်ရုန်း ရှောင်ဖယ်သွားကြလိမ့်မည်မဟုတ် ပါလား။

အမုန်းဒေဝီအား ဆုံးမဖို့သာ အရေးကြီးသည်ဟု တိန့်ရှောင် ချန်း ခံယူသည်။ ဒီမိန်းမကို သူ မဆုံးမနိုင်လျှင် သူသာ သေဆုံး ပေလိမ့်မည်။ ထို့ကြောင့် အားကုန်သုံးလေ၏။

"သိကြသေးတာပေါ့"

ချက်ချင်း ခုန်ဝင်တိုက်ခိုက်လိုက်၏။

အမုန်းဒေဝီသည် ချက်ချင်း တိုက်ခိုက်ခြင်းမပြုတော့ဘဲ တိန့် ရှောင်ချန်း အနီးသို့ ရောက်လာသည်အထိ စောင့်ဆိုင်းနေလိုက်သည်။

ပြီးမှ အရှိန်ကိုက် တိုက်ခိုက်လိုက်၏။

သူမ အားထားသော အဆိပ်လက်နက်ပုန်းကလေးများနှင့်ပင် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ အမုန်းဒေဝီဟူသည်မှာ အဆိပ်သခင်မ ပင် ဖြစ်နေသည်မဟုတ်ပါလား။

တိန့်ရှောင်ချန်းသည် အလောတကြီးတိုက်ခိုက်မိဟန် လက္ခဏာ ဖြင့် ရင်ဝ၌ ဟာကွက်များ တမင်ဖြစ်ပေါ်စေခဲ့သည်။ အမုန်းဒေဝီ တိုက်ခိုက်လိုက်သောအခါ ရှောင်တိမ်းခြင်းလည်း မပြု



လက်နက်ပုန်းကလေးများသည် သူ၏ရင်ဝသို့ တိုးဝင်သွားလေ သည်။

"ဒုတ် ... ဒုတ် ... ဒုတ်"

အဆိပ်လက်နက်ပုန်းကလေးများ တိန့်ရှောင်ချန်း၏ ရင်ဝ၌ စိုက်ဝင်သွား၏။

"အား ..."

တိန့်ရှောင်ချန်း အော်ဟစ်လိုက်သည်။

ဒယီးဒယိုင်ဖြစ်သွားသည်။

အမုန်းဒေဝီ ဝမ်းသာအားရ ရယ်မောလိုက်သည်။

"လူယုတ်မာကြီး ရှင် ဘာတတ်နိုင်သေးသလဲ"

တိန့်ရှောင်ချန်းအား အပြီးတိုင် သုတ်သင်ပစ်မည်ဟု ရှေ့တိုး လိုက်သည်။

အမုန်တော့ အလောတကြီးဖြစ်ကာ တိန့်ရှောင်ချန်း၏ ထောင် ချောက်ထဲ ရောက်သွားခြင်းဖြစ်သည်။

"မင်း ဘယ်ပြေးမလဲ"

တိန့်ရှောင်ချန်းသည် ချက်ချင်းပင် လူကောင်းပကတိဖြစ်သွား သည်။

လက်တစ်ဖက် ဆန့်ထုတ်ကာ အမုန်းဒေဝီ၏ လက်ကောက် ဝတ်ကို ဖမ်းဆွဲထားလိုက်၏။

သူ၏ လက်ညှိုးက အမုန်းဒေဝီ၏ လက်ကောက်ဝတ်မှ သွေး ကြောကို ထိုးပိတ်လိုက်ခြင်းဖြစ်သည်။

"အင့် ..."

www.burmeseclassic.com

www.burmeseclassic.com



အမုန်းဒေဝီ အငိုက်မိကာ သွေးကြောပိတ် ဖမ်းဆီးခြင်း ခံလိုက်ရလေတော့သည်။ အမုန်းဒေဝီ တိန့်ရှောင်ချန်းကို ရှုံးသွားပေပြီ။

"ဟား ... ဟား ... ဟား"

တိန့်ရှောင်ချန်း သဘောကျစွာ ရယ်မောလိုက်လေတော့သည်။

"မင်းရဲ့ လက်နက်ပုန်းထိသွားပေမယ့် ကျုပ် ဘာမှမဖြစ်ဘူးဆိုတော့ မင်း အံ့သြနေတယ် မဟုတ်လား၊ ဒီမှာကြည့်စမ်းပါ"

သူ၏အင်္ကျီ ရင်ဘတ်ကို ဟပြလိုက်သောအခါ အတွင်းသံမဏိ ခတွင်းခံအင်္ကျီ ဝတ်ထားသည်ကို တွေ့လိုက်ရလေတော့သည်။

သူသည် အမုန်းဒေဝီ၏ အဆိပ်လက်နက်ပုန်းအကြောင်း သိထားသဖြင့် ကြိုတင်ကာကွယ်ထားခြင်း ဖြစ်သည်။

"လူယုတ်မာကြီး"

အမုန်းဒေဝီ စကားပြောနိုင်သေးသဖြင့် ဒေါသတကြီး အော်ဟစ်လိုက်သော်လည်း သွေးကြောပိတ်ခံထားရသဖြင့် မလှုပ်ရှားနိုင်တော့ပါ။

တိန့်ရှောင်ချန်း မဲ့ပြုံး ပြုံးလိုက်သည်။

"ငါ့လက်ထဲကိုရောက်မှ မင်းသေချင်ပါတယ်ဆိုရင်တောင် မသေရဘူး၊ အရှင်လတ်လတ် ငရဲခံရမယ် မှတ်ထား"

ထိုစဉ် ချူးပေ့အုံး၏ အော်ဟစ်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ချူးပေ့အုံးသည် ချန်းချင်း၏ လက်ချက်ဖြင့် ဒဏ်ရာရသွားသည်ကို မြင်သောအခါ တိန့်ရှောင်ချန်း ဒေါသထွက်သွားလေတော့သည်။



ဟိုဟိုသည်သည် ကြည့်လိုက်သည်။ မလှမ်းမကမ်းမှ ဆရာကြီး ဝီတောက် ရယ်နေသည်ကို မြင်သည်။ သူက လှမ်းပြောလိုက်၏။

"ဆရာဝီတောက် သူ့ကို ခဏကြည့်ထားပါဗျာ"

ဝီတောက် ခေါင်းညိတ်လိုက်သည်။

"စိတ်ချ ..."

တိန့်ရှောင်ချန်းသည် အမုန်းဒေဝီအား ဝီတောက်လက်ထဲ အပ်ပြီး ချန်းချင်းထံသို့ ခုန်ဝင်သွားလေတော့သည်။

ဝီတောက်၏ မျက်နှာ ပြုံးရွှင်နေသည်။

အမုန်းဒေဝီအား ... ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။

"ကျုပ်ကတော့ မင်းရဲ့သတ္တိကို သဘောကျသွားပြီ"

သူက ချီးကျူးစကား ပြောလိုက်သည်။

အမုန်းဒေဝီက သူ့ရင်တွင်းမှ သစ္စာတရားအမှန်ကို ပြောပြသ၏။

"ကျွန်မဟာ ရတနာပစ္စည်းတွေကို မက်မောနေတာမဟုတ်ဘူး၊ သူတို့ကို သတ်ပစ်ချင်နေတာရှင့်၊ သူတို့ကို ရှင်းပစ်ရမှ ကျွန်မ ကျေနပ်နိုင်မယ်"

ဝီတောက်က ...

"ခုချိန်မှာ သူတို့လက်ခုပ်ထဲက ရောက်နေပြီဆိုတာ မမေ့နဲ့ဦးလေ"

အမုန်းဒေဝီက ...

ကျွန်မ မမှုပါဘူး၊ ကျွန်မကို ကူညီမယ့်လူ ရှိနေတာပဲမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဘယ်သူကကူညီမှာလဲ၊ ပြောစမ်းပါဦး"

"ဘယ်သူရှိမလဲ၊ ရှင်ပေါ့"

"ကျုပ်ဟုတ်လား ..."

"ဟုတ်တယ်လေ၊ ရှင်ကလွဲပြီး ဘယ်သူရှိနိုင်ဦးမှာလဲရှင်"

"ဟား ... ဟား ... ဟား"

ဝိတောက် သဘောကျစွာ ရယ်မောလိုက်သည်။

အမုန်းဒေဝီက ...

"ရှင် ကူညီမယ်မဟုတ်လား"

ဝိတောက် အဖြေမပေးဘဲ ပြန်မေးလိုက်သည်။

"နေပါဦး ... ကျုပ်ကမင်းကို ကူညီမယ်လို့ ဘာကြောင့်ပြောနိုင်တာလဲ"

"ကျွန်မသိတာပေါ့၊ သူတို့ကို ကူညီချင်ရင် ရှင်ပါဝင်တိုက်ခိုက်ခဲ့မှာပေါ့၊ ခုတော့ ရှင်က မသိမသာ နောက်ဆုတ်ပြီး အခြေအနေ စောင့်ကြည့်နေခဲ့တာပဲ မဟုတ်လား၊ တိန့်ရှောင်ချန်းတို့ နှစ်ယောက်ကို ရှင်မယုံဘူးဆိုတာ ကျွန်မသိပါတယ်"

ဝိတောက်က ...

"သူတို့ မိတ်ဆွေဖွဲ့ထားပြီးပြီပဲ၊ ဘာကြောင့်မယုံရမှာလဲ၊ သူတို့ကို ယုံလို့ ဒီအရိုးခေါင်းတောင်ပေါ်တောင် ကျုပ်ရောက်နေပြီပဲ"

"ကျွန်မတို့လောကမှာ တစ်ယောက်ကိုတစ်ယောက် ယုံကြည်စိတ်ချတယ်ဆိုတာ ဘယ်တုန်းကများ ရှိခဲ့လို့လဲ၊ မိတ်ဆွေဆိုတာကော ရှိလို့လား"

ဝိတောက် သက်ပြင်းချလိုက်၏။



အမုန်းဒေဝီ ဆက်ပြောသည်။

"သူတို့နှစ်ယောက်ဟာ ကြောက်စရာကောင်းတဲ့လူတွေဆိုတာ ရှင်သိပါတယ်၊ ရှင်တို့ ဆရာတပည့်သုံးယောက်တည်းနဲ့ သူတို့ကို နိုင်ဖို့မလွယ်ဘူးဆိုတာ ရှင်သိတယ်၊ ပြီးတော့ ကျွန်မတို့ကို ဖယ်ရှားပြီးရင် ရှင်တို့ကိုပါ ဖယ်ရှားပစ်လိမ့်မယ်ဆိုတာလည်း ရှင် ရိပ်မိနေတာပဲ မဟုတ်လားရှင်"

ဝိတောက်၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ဒီတော့ မင်းဘာလုပ်ချင်သလဲ"

"ကျွန်မတို့ ပူးပေါင်းလိုက်ကြဖို့ပဲ ရှိတော့တာပေါ့၊ သူတို့နှစ်ယောက်နဲ့ပေါင်းဖော်နေတာထက်စာရင် ကျွန်မတို့နဲ့ မိတ်ဖွဲ့ရတာက ရှင့်အတွက် အန္တရာယ်မများနိုင်ဘူးဆိုတာ ပြောစရာမလိုပါဘူး"

ဝိတောက် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... ကျုပ်တို့ ပူးပေါင်းလိုက်ကြတာပေါ့၊ ကျုပ်တို့ဆရာတပည့်က ချူးပေ့အုံးကို တာဝန်ယူမယ်၊ မင်းတို့နှစ်ယောက်က တိန့်ရှောင်ချန်းကို တာဝန်ယူပါ"

"စိတ်ချပါရှင် ..."

ဝိတောက်သည် အမုန်းဒေဝီအား သေးကြောဖွင့်ပေးလိုက်လေသည်။

※ ❖ ※

ချူးပေ့အုံး ဒဏ်ရာရရှိသွားပြီး ကပယာကယာ နောက်ဆုတ် [illegible]။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ နောက်ဆုတ်လိုက်ခြင်းက ချန်းကျင်းအား အခွင့်အရေး ပေးလိုက်သလို ဖြစ်သွားသည်။

"ယား ..."

ချန်ချင်းက ညာသံပေးကာ ဖိ၍တိုက်ခိုက်လိုက်လျှင် ...

"အား ..."

ချူးပေ့အုံး၏ ခန္ဓာကိုယ်၌ ဓားဒဏ်ရာသုံးလေးချက်မက ရရှိသွားတော့သည်။

ချူးပေ့အုံးမှာ ချန်းချင်းထက် ပို၍က အတွေ့အကြုံနှင့် သိုင်းပညာသာသော်လည်း ချန်းချင်းက ပြိုင်ဘက်ကို အနိုင်ယူနိုင်ရမည်ဟူသော စိတ်ဖြင့် ဓားကွက်များအပေါ် အာရုံစိုက်ထားလိုက်သောအခါ သူ၏ ဓားကွက်များ ပိုမိုထက်မြက်လာပြီး ချူးပေ့အုံးအား ကောင်းစွာ ယှဉ်နိုင်ခဲ့သည့်အပြင် ဒဏ်ရာရသွားစေခဲ့ခြင်း ဖြစ်ပါသည်။

ချူးပေ့အုံး ထိတ်လန့်နေပြီဖြစ်သည်။ သူ သေမှာကြောက်နေလေပြီ။

သိုင်းကွက်များလည်း ဖရိုဖရဲဖြစ်နေသည်။

ချန်းချင်းအား အကြောက်အကန် ခုခံရင်း ထွက်ပြေးဖို့ပင် ကြံစည်နေရတော့၏။

ထိုအချိန်တွင် ...

"ယား ..."

တိန့်ရှောင်ချန်း ခုန်ဝင်လာသည်။

ချူးပေ့အုံး အားတက်သွားသည်။

"သူ့ကိုက ချမ်းသာမပေးနဲ့ ..."



အော်ပြောလိုက်သည်။

ချန်းချင်းကလည်း တိန့်ရှောင်ချန်းနှင့် ရင်ဆိုင်လိုက်သည်။

တိန့်ရှောင်ချန်းသည် သံမဏိလက်အိတ်နှစ်ဖက်အားကိုးပြီး ...န်းချင်းအား ဖမ်းယူရန်ကြိုးစားလိုက်၏။

ချူးပေ့အုံးက ...

"သေပေတော့ ..."

"တိန့်ရှောင်ချန်းနှင့် လက်တွဲကာ တိုက်ခိုက်လာသည်။

ဝါရင့်သိုင်းသမားကြီး နှစ်ယောက်နှင့် တစ်ပြိုင်နက်တည်း ...ဆိုင်လိုက်ရခြင်းကြောင့် ချန်းချင်း ထိတ်လန့်သွား၏။

သူ၏ဓား ဖမ်းဆွဲမခံရလေအောင်လည်း ဂရုစိုက်နေရသဖြင့် ...က်ကြုံသွားသည်။

သူကံကောင်းသွားသည်မှာ အမုန်းဒေဝီနှင့် ဝိတောက်တို့ ဆရာ ...ည့် သုံးယောက် ဝင်ရောက်ကူညီလာကြခြင်း ဖြစ်လေသည်။

"ကျွန်မလည်း ရှိသေးတယ်ရှင့်"

သူမ၏အသံကြောင့် တိန့်ရှောင်ချန်း အံ့သြသွား၏။

အမုန်းဒေဝီ လွတ်ရုန်းနိုင်ခြင်းကြောင့် ဝိတောက် သစ္စာဖောက် ...်ပြီဆိုသည်ကို နားလည်လိုက်သည်။

"ဆရာဝိတောက် ခင်ဗျားက ဘာသဘောလဲ"

ဝိတောက်က ...

"ခင်ဗျားတို့ နှစ်ယောက်စလုံးကို ဖယ်ရှားပြီး ရတနာတွေ ...ယူမလို့လေဗျာ"

ပြန်လည်ချေပပြီး တပည့်နှစ်ယောက်နှင့်အတူ ချူးပေ့အုံးအား ...ခိုက်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်းနှင့် အမုန်းဒေဝီတို့က တိန့်ရှောင်ချန်းအား ရင်ဆိုင်လိုက်ကြ၏။ အခြေအနေ ရှုပ်ထွေးသွားသည်။

တိုက်ပွဲများသည် ရှုပ်ရှုပ်ထွေးထွေး ဖြစ်ပေါ်လာသည်။

ဝီတောက်နှင့် တပည့်နှစ်ယောက်သည် ဒဏ်ရာရထားသော ချူးပေ့အုံးအား ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြသည်။

ချူးပေ့အုံး ဒဏ်ရာရနေပြီဖြစ်၍ သူတို့ တပန်းသာလိ သည်ဟု ယုံကြည်၏။

ချူးပေ့အုံး လူကောင်းပကတိ ရှိနေပြီး တစ်ယောက်ချင်း ရင်ဆိုင်ရမည်ဆိုလျှင်ပင် သူမမှုပါ။

ကောင်းစွာ ရင်ဆိုင်နိုင်မည်ဟု ယုံကြည်ထားသည်။

ယခုလို ဒဏ်ရာရထားခြင်းကြောင့် ယှဉ်ပြိုင်ရသည်မှာ ပို၍ လွယ်ကူသွားသည်ဟု ယူဆသည်။

မှုပါနှင့် မုဖြူတို့ နှစ်ယောက်သည်လည်း သူ့နောက်တွင် ရှိနေကြသေးသည် မဟုတ်ပါလား။

ဆရာတပည့် သုံးယောက် ဓားကိုယ်စီဖြင့် ဝိုင်းရံတိုက်ခိုက်လိုက်ကြခြင်း ဖြစ်သည်။

"ခွမ်း ... ခွမ်း ... ခွမ်း"

"အား ..."

ချူးပေ့အုံးမှာ တိန့်ရှောင်ချန်း ကူညီသဖြင့် ချန်းချင်းအား ဆုံးမနိုင်မည်ဟု ထင်မိသော်လည်း ဝီတောက်က သစ္စာဖောက်လိုက်ဖြင့် အခက်ကြုံသွား၏။

ဝီတောက်တို့အား ခုခံရင်း ဒဏ်ရာများရရှိသွားပြန်တော့သည်။ ထွက်ပြေးတိမ်းရှောင်ဖို့လည်း မဖြစ်နိုင်တော့ပါ။



ခုခံနိုင်စွမ်းမရှိလျှင်လည်း ဝီတောက်တို့၏ လက်ချက်ဖြင့် ဆုံးသွားရမည်ဖြစ်ပါသည်။

ချူးပေ့အုံးသည် မထူးတော့ဟု သဘောပိုက်ကာ ...

"ကျုပ်တို့အတူတူ သေကြတာပေါ့"

ကြုံးဝါးရင်း သူသေကိုယ်သေ ရင်ဆိုင်လိုက်တော့သည်။

ချူးပေ့အုံးသည် နောက်မဆုတ်ဘဲ ရှေ့တိုးပြီး အနာခံကာ ဆိုင်လိုက်ခြင်းဖြစ်ရာ မုဖြူ၏ဓားက သူ၏ဝမ်းဗိုက်ကို ထိုးချမိလိုက် ည်။

မုပါ၏ ဓားက ယာဘက်ပခုံးကို ထိသွား၏။

ထိုအတူ တိန့်ရှောင်ချန်း၏ လက်ဝါးက မုဖြူ၏ ဦးခေါင်းကို ချမိပြီးခြေထောက်က မုပါအား ကန်ကျောက်နိုင်ခဲ့သည်။

"ဝုန်း ..."

"အား ..."

"အမလေး ..."

အော်ဟစ်သံများ ပွက်လောရိုက်သွားလေတော့သည်။

မုဖြူမှာ ဦးခေါင်းကွဲအက်ကြေမွကာ ချက်ချင်း လဲကျသေဆုံး တော့သည်။

မုပါသည်လည်း ပြင်းထန်သော ကန်ချက်ကြောင့် လက်တစ် သွင်သွင်ကျိုးသွားတော့သည်။

ချူးပေ့အုံးတစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေပြီး မဟန်နိုင် င် ဖြစ်နေသည်။

ချူးပေ့အုံးသည် အလွန်မိုက်လုံးကြီးသူဖြစ်ကြောင်း ပေါ်လ သည်။

www.burmeseclassic.com

www.burmeseclassic.com



တပည့်နှစ်ယောက်အား ဖယ်ရှားပြီးသည်နှင့် ဝီတောက်အား ဆက်ပြီး တိုက်ခိုက်လိုက်သည်။

ဝီတောက် ရင်ထိတ်သွားလေသည်။

ချူးပေ့အုံး သွေးရူးသွေးတန်းဖြစ် တိုက်ခိုက်လာဖြင့် အန္တရာယ်ရှိကြောင်း ဆင်ခြင်မိပြီး နောက်ဆုတ်လိုက်၏။

"မင်း ဘာလုပ်နေတာလဲ"

မုပါကို အော်ငေါက်လိုက်သည်။

မုပါ လက်တစ်ဖက်ရိုးနေပြီဖြစ်သော်လည်း ချူးပေ့အုံးနှင့် ရင်ဆိုင်လိုက်၏။

မုပါသည် ဝီတောက်အတွက် အန္တရာယ်ရှိမှန်း ရိပ်မိသဖြင့် ကြားဝင်လိုက်ခြင်း ဖြစ်ပါသည်။

ချူးပေ့အုံးနှင့် မုပါတို့ ရင်ဆိုင်မိလိုက်လျှင် ဝီတောက်က နောက်မဆုတ်တော့ပေ။

လက်ထဲမှ ဓားဖြင့် မုပါ၏နောက်ကျောကို ထိုးသွင်းလိုက်လေတော့သည်။

ဓားဦးသည် နောက်ကျောမှသည် ရင်ဝသို့တိုင် ထိုးဖောက်သွားပြီး ရှေ့မှ ချူးပေ့အုံး၏ ရင်ဝကို ဆက်လက်ထိုးဖောက်သွားလေ၏။

"အား ..."

"အွန့် ..."

ချူးပေ့အုံးနှင့် မုပါတို့ အော်ဟစ်ညည်းတွားရင်း မြေပေါ်လဲကျသွားကြလေတော့သည်။

❋ ❖ ❋



## အခန်း(၂၀)

# ကြောက်မက်ဖွယ် ဒေဝီ

ချန်းချင်းနှင့် အမုန်းဒေဝီတို့ကလည်း တိန့်ရှောင်ချန်းနှင့် အပြင်း အထန် ရင်ဆိုင်နေရပြီဖြစ်ပါသည်။

တိန့်ရှောင်ချန်းသည် အမုန်းဒေဝီ လွတ်မြောက်လာသဖြင့် ခြပြင်းနေသည်။ ဒေါသထွက်နေသည်။ သူသည် အမုန်းဒေဝီကို ရက်ရက်စက်စက် နှိပ်စက်ရန် စိတ်ကူးထားသည်။ ယခု သူ့စိတ်ကူးများ ပျက်လေပြီ။

"မင်းတို့နှစ်ယောက် ဘာများတတ်နိုင်မှာမို့လဲ"

အမုန်းဒေဝီအား လက်ဝါးဖြင့် ရိုက်လိုက်ရာ အမုန်းဒေဝီ ရှေ့မတိုးဝံ့တော့ဘဲ ကပျာကယာ နောက်ဆုတ်လိုက်ရသည်။

တိန့်ရှောင်ချန်းသည် ချန်းချင်းဘက်သို့ ချာခနဲပြန်လှည့်သွားပြီး

"ခြွမ်း ..."

ချန်းချင်း ထိုးသွင်းလိုက်သည့် ဓားကို လက်နှစ်ဖက်ဖြင့် မ်း ဆုတ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ် ချန်းချင်း၏ဓားမှာ ရပ်သိမ်းရန် အချိန်မရ
ဖြစ်သွား၏။

တိန့်ရှောင်ဖိန်က ဓားကို ဖမ်းဆုပ်တားဆီးပြီးဆက်လ
တိုက်ခိုက်လာလျှင် အခက်ကြုံရမည်ကို နားလည်ထားရာ ...

"ယား ..."

အားစိုက်၍ ရှေ့သို့ဆက်ပြီး ထိုးသွင်းလိုက်၏။

သူ၏ဓားသည် တိန့်ရှောင်ချန်း ဖမ်းဆုပ်ထားသည့်ကြား
ရှေ့သို့တိုးထွက်သွားပြီး ဓားဦးသည် တိန့်ရှောင်ချန်း၏ အင်္ကျီ
ဘတ်အား ထိုးခွဲသွား၏။

ချန်းချင်း၏ ဓားချက်ကြောင့် အင်္ကျီရင်ဘတ် ဆုပ်ပြဲသွား
အတွင်းခံ သံမဏိကိုယ်ကျပ်အင်္ကျီ ပေါ်လာ၏။

သံမဏိကိုယ်ကျပ်အင်္ကျီကြောင့် ဓားဦးက သူ၏ရင်ဝသို့
ဝင်သွားလျှင်လည်း ထိခိုက်ဒဏ်ရာရမည်မဟုတ်ချေ။

သို့သော် အမုန်းဒေဝီသည် တိန့်ရှောင်ချန်း၏ဟာကွက်
တွေ့မြင်လိုက်ရသည်။

သံမဏိကိုယ်ကျပ် အင်္ကျီသည် ရင်ဝကို အကာအကွယ်
ထားနိုင်သော်လည်း လည်ပင်းအောက်ဘက်၌ အနည်းငယ် ကွာ
ကာ ဟာကွက်ရှိနေသည်ကို တွေ့လိုက်ခြင်းဖြစ်သည်။ အမုန်းဒေဝီ
လက်နက်ပုန်းပစ်ပညာမှာ ထိမှန်အောင် ပစ်ခတ်နိုင်သည်။ ယ
တိန့်ရှောင်ချန်း၏ အကွာအဝေးလောက်ကိုတော့ သူမက မမှ

အမုန်းဒေဝီက အခွင့်အရေးကို လက်လွှတ်မခံဘဲ အဆိပ်လ
နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်ရာ တိန့်ရှောင်ချန်း ဘာမှမတ
နိုင်တော့ပေ။



"အား ..."

ရူးရှစ္စာအော်ဟစ်ရင်း မြေပေါ်လဲကျသွားလေတော့သည်။

လီယွှမ်း၊ ချူးပေ့အုံး၊ ဟိုဝမ်းနှင့် တိန့်ရှောင်ချန်းတို့ လေး
ယောက် သေဆုံးသွားခဲ့ပြီဖြစ်သည်။

အမုန်းဒေဝီသည် သူမ၏ မဟာရန်သူတော်ကြီးများအား ဆုံးမ
ချမှုန်းနိုင်ခဲ့ပြီး ဖြစ်ပါသည်။

သူမသည် ချန်းချင်း၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်ရင်း ဝမ်းသာ
အားရ ပြောလိုက်သည်။

"ဝမ်းသာလိုက်တာရှင်၊ သူတို့လေးယောက်ကို မုန်းတီးနေပေ
မယ့် လက်တွေ့ဆုံးမနိုင်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါဘူး
ရှင်"

ချန်းချင်း သက်ပြင်းချလိုက်သည်။ သူသည် အမုန်းဒေဝီကို
စိတ်မချနိုင်ပါ။

"ဒါဖြင့် မင်းကျေနပ်နိုင်ပြီပေါ့။"

"ကျေနပ်ပါတယ်ရှင်၊ ကျွန်မ ကျေနပ်ပါတယ်"

သူမ၏စကားကြောင့် ချန်းချင်းလည်းကျေနပ်သွားတော့သည်။

နှစ်ယောက်သား ဝီတောက်ဘက်သို့ လှည့်လိုက်ကြသည်။

ယခု မားမားမတ်မတ် ရပ်နေနိုင်သူဟူ၍ သုံးတို့သုံးယောက်သာ
ရှိနေပါတော့သည်။ သုံးယောက်ပေါင်း လောင်းကျော်ဟူသော စကား
ထားသည် မဟုတ်ပါလား။

ဝီတောက်က လက်မထောင်ပြလိုက်၏။

"နောက်ဆုံးတော့ ကျုပ်တို့ အောင်ပွဲရခဲ့နိုင်ခဲ့ကြတာပါပဲလေ၊

www.burmeseclassic.com

www.burmeseclassic.com



မတရားစည်းစိမ်ခံစားတဲ့ လူတွေဟာ နောက်ဆုံးတော့ ကျဆုံးသွားတာ ပေါ့”

“အမုန်းဒေဝီ ခေါင်းခါယမ်းလိုက်သည်။

“ကျုပ်တို့ မဟုတ်ပါဘူး၊ ကျွန်မတို့ပါရှင်”

ဝီတောက် မျက်မှောင်ကြုတ်သွား၏။

“မင်းရဲ့စကားက ...”

“ကျွန်မတို့ အောင်ပွဲခံနိုင်ခဲ့ကြာပါ၊ ရှင်မဟုတ်ပါဘူး”

“ဩော် ...”

ဝီတောက် ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

“မင်း ကတိတည်မှာ မဟုတ်ဘူးဆိုတာ ကျုပ်နားလည် တယ်၊ ဘာပဲဖြစ်ဖြစ် ချူးပေ့အုံးတို့နဲ့ ရင်ဆိုင်ရတာထက်စာ မင်းတို့ နှစ်ယောက်နဲ့ ရင်ဆိုင်ရတာက ကျုပ်အတွက် ပို အဆင်ပြေပါ တယ်”

အမုန်းဒေဝီက ချန်းချင်းကို ပြောသည်။

“အစ်ကို သူ့အကြောင်းသိပါတယ်၊ သူ့ကို မဆုံးမဘဲ ဘဏ္ ငွေတွေကို ဘယ်တော့မှ ပြန်ရနိုင်မှာမဟုတ်ပါဘူးရှင်”

ဘဏ္ဍာငွေများနှင့် ပတ်သက်လျှင် ကိုယ်ကျိုးအတွက် ရယူ သူများအား ရင်ဆိုင်သွားဖို့ ချန်းချင်း ဆုံဖြတ်ထားကြောင်း အမုန်း နားလည်ထားသည်။

ဝီတောက်နှင့် ရင်မဆိုင်ဘဲမနေနိုင်အောင် စကားဖြင့် နှောင်လိုက်ခြင်း ဖြစ်သည်။

ချန်းချင်းက ဝီတောက်ကို ပြောလိုက်သည်။



“ဒီပစ္စည်းတွေကို လျစ်လျူရှုထားလိုက်တာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်ဗျာ၊ ဒါက ဘုရင့်ဘဏ္ဍာတော်တွေပါ”

ဝီတောက် လက်မခံပါ။

“ဟာ ... လျစ်လျူရှုလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီပစ္စည်းတွေကြောင့် ကျုပ်သေရမယ်ဆိုရင်လည်း နောက်ဆုတ်မှာမဟုတ်ဘူး၊ ကျုပ်က ဆုံးဖြတ်ပြီးမှ ဒီကိစ္စထဲ ဝင်ပါတာပါ”

သူ၏ဘောထားကို ပြတ်ပြတ်သားသားပြော၏။

ချန်းချင်း စိတ်ပျက်သွားသည်။

အမုန်းဒေဝီက နောက်ဆုံး ပြောလေ၏။

“အစ်ကို သူ့ကို ဘယ်လိုမှ ဖျောင်းဖျလို့ရမှာမဟုတ်ပါဘူးရှင်”

ဝီးတောက်က ...

“မင်းကော မင်းရဲ့ မကောင်းတဲ့ အကျင့်ကို ပြင်နိုင်မှာတဲ့လား”

ရယ်သွမ်းသွေးလျက် ပြန်လည်ချေပလိုက်ပြန်သည်။

အမုန်းဒေဝီက ...

“ထားပါတော့လေ၊ ရှင့်ကို တစ်ခုတော့ သတိပေးလိုက်ဦး မယ်”

“ပြောစမ်းပါဦး”

“ကျွန်မတို့ဘက်က ဝင်ကူညီခဲ့တဲ့အချိန်မှာ ချူးပေ့အုံးတို့ကို ဆုံးမပြီးရင် ရှင်တို့ ဆရာတပည့်သုံးယောက်က ကျွန်မတို့ကို ရှင်းပစ် နိုင်လိမ့်မယ်လို့ ရှင်ယုံကြည်တယ်မဟုတ်လား”

ဝီတောက် ဘာမှမပြောပါ။ သူပြောစရာလည်း မလိုပါ။

ဤနေရာ၌ စကား စစ်ထိုးပွဲကျင်းပနေခြင်းလည်း မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်တပည့်နှစ်ယောက်က ကျွန်မကို ရင်ဆိုင်မယ်၊ ရှင်က အစ်ကို ချန်းချင်းကို ရင်ဆိုင်မယ်၊ ရှင်တို့ဘက်က အနိုင်ယူနိုင်မယ်လို့ တွက်ထားတာမဟုတ်ဘူး၊ ခုတော့ ရှင့်တပည့်နှစ်ယောက် မရှိတော့ဘူး၊ ရှင်တစ်ယောက်တည်းနဲ့ ကျွန်မတို့ နှစ်ယောက်ကို ရင်ဆိုင်ရတော့မယ်၊ ဒါကို သတိပေးချင်တာပါ"

ဝိတောက် သက်ပြင်းချလိုက်သည်။

"မင်း မဆိုးဘူး၊ ကျုပ်ရဲ့ အတွေးကို ရိပ်မိနေတာပေါ့လေ ကျုပ်တပည့်နှစ်ယောက်မရှိတော့ပေမယ့် ကျုပ်က မင်းတို့ကို ရင်ဆိုင်ဆုံးမနိုင်သေးတယ်ဆိုတာ မှတ်ထားပါ"

"ရှင်သေချာရဲ့လား"

အမုန်းဒေဝီ ပြုံး၍မေး၏။

ဝိတောက် အဖြေမပေးပါ။

သူ့ဘက်က မသေချာကြောင်း နားလည်နေ၏။

အမုန်းဒေဝီက တောင်အောက်ကို ညွှန်ပြလိုက်သည်။

"ရှင်ထွက်သွားဖို့ အချိန်ရပါသေးတယ်ရှင်"

ဝိတောက် ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိဘူး၊ ကျုပ်အတွက် မပူပါနဲ့၊ ကျုပ် ဘာလုပ်ရမယ်ဆိုတာ ကျုပ်ပါဝါယ်"

"သြော် ... ဖြစ်ချင်ရာဖြစ် ကျွန်မတို့နဲ့ ရင်ဆိုင်မယ်ပေါ့"

"ကျုပ်မှာ တခြားရွေးချယ်စရာ မရှိတော့ဘူး၊ မင်းတို့ကို ရှင်းပစ်နိုင်မှ ကျုပ်လိုချင်တဲ့ ပစ္စည်းတွေ ရမယ်မဟုတ်လား"

ချန်းချင်းက စိတ်ပျက်သော လေသံဖြင့် ပြောလိုက်သည်။



"လူ့အသက်က ပစ္စည်းထက် တန်ဖိုးရှိတယ်ဆိုတာ ခင်ဗျား မတေဝးမိဘူးလားဗျာ၊ ဘာကြောင့် လူ့အသက်ကို ပစ္စည်းတက် တန်ဖိုးမထားကြရတာလဲဗျာ"

ဝိတောက် ပြုံးလိုက်သည်။

"ကျုပ်ကို ဘာမှတရားမချပါနဲ့ကွာ၊ ကိုယ့်ကိုယ်ကိုသာ ဂရုစိုက်ကြပါ"

ချန်းချင်း ဘာမှမတတ်နိုင်တော့ပါ။ သူတို့ တိုက်ခိုက်ရတော့မည်။

ဝိတောက်က ...

"ကဲ ... သတိထားကြပေတော့"

ဓားတစ်လက်အသုံးပြုကာ စတင်တိုက်ခိုက်လေတော့သည်။

ခေတ္တရပ်ဆိုင်းသွားသော တိုက်ပွဲမှာ ပြန်လည်ဖြစ်ပေါ်လာလေတော့သည်။

ဝိတော့သည် ရတနာပစ္စည်းများ ရယူနိုင်ဖို့ ချန်းချင်းတို့အား တောင် တိုက်ခိုက်ပြီဖြစ်သည်။

ချန်းချင်းနှင့် အမုန်းဒေဝီတို့ကလည်း အတူလက်တွဲကာ ရင်ဆိုင်လိုက်ကြသည်။

ချန်းချင်းသည် သူ၏ဓားချက်ကြောင့် ထိခိုက်ဒဏ်ရာရသွားမည်ကိုလည်းကောင်း၊ ရန်သူသေဆုံးသွားရမည်ကိုလည်း အမှုမထားတော့ပါ။

ကြုံတွေ့နေရသော အခြေအနေများအရ သဘောထားညီ ပြောင်းလဲသွားတော့သည်။ လက်ငင်းအခြေအနေက သူ့ဘာဝပြည်သင့် မည်ကို ဆုံးဖြတ်ပေးခဲ့သည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက်သမားများအနက် အနက်ရောင်သိုင်းသမားများအား ပြတ်ပြတ်သားသား ဆုံးမရလိမ့်မည်ဟု နှလုံးသွင်းကာ ပြတ်ပြတ်သား သား ရင်ဆိုင်ဖို့ ဝန်မလေးတော့ပါ။

သူ၏သဘောထား ပြောင်းလဲ သွားသကဲ့သို့ သိုင်းကွက်မှာ လည်း ပြောင်းလဲသွားသည်။

ပို၍ အားမာန်ပါပြီး ပို၍ ထက်မြက်လာတော့သည်။

ဝိတောက်မှာ ချန်းချင်းနှင့် အမုန်းဒေဝီတို့အား အထင်သေး မိသည့်သဘော ရှိသည်။

သူ၏တပည့်နှစ်ယောက်နှင့်အတူ လွယ်လင့်တကူ အနိုင်ယူ နိုင်မည် ယူဆခဲ့ပြီး တပည့်များမရှိတော့လျှင်လည်း ကိုယ်တိုင် ကြိုးစ သွားရန် ဆုံးဖြတ်ထား၏။

လက်တွေ့ရင်ဆိုင်လိုက်တော့မှ အခြေအနေ ပြောင်းလဲနေ ဖြစ်သည်ကို သိရှိသွားတော့သည်။

ချန်းချင်း၏ ဓားချက်များက ပြင်းထန်နေသကဲ့သို့ အမုန်းဒေ ၏ လက်နက်ပုန်းများကလည်း ဒုက္ခပေးနိုင်စွမ်း ရှိနေသည်မဟုတ် ပါလား။

သူတစ်ပြန် ကိုယ်တစ်ပြန်တိုက်ခိုက်ကြရင်း သိုင်းကွက် တစ် ကျော် ယှဉ်မိကြ၏။

"ရွမ်း ..."

ချန်းချင်း၏ ဓားတစ်ချက် ထိသွားသကဲ့သို့ ...

"ဗွစ် ... ဗွစ်"

အမုန်းဒေဝီ၏ လက်နက်ပုန်းအချို့လည်း ထိမှန်သွားသည်။

ဝိတောက် မသဲမကွဲ ညည်းညူလိုက်သည်။



ဒ်ရောသောပါ၊ နောက်ဆုတ်သွားပြီး တောင်အောက်သို့ ဆင်း ပြေးသွားလေတော့သည်။

တိုက်ပွဲလည်း ပြီးသွားပြီ။

အန္တရာယ်များကင်းဝေးသွားလေပြီ။

အမုန်းဒေဒေဝီ သဘောကျစွာ ရယ်မောနေ၏။

ထွက်ပြေးသွားသော ဝိတောက်နောက်သို့ လိုက်လံတိုက်ခိုက် ရန် မကြိုးစားချေ။

ချန်းချင်းလည်း ဘာမှမပြောဘဲ နေလိုက်သည်။

ဝိတောက် လွတ်မြောက်သွားသဖြင့် သူ၏လက်ချက်ကြောင့် သေဆုံးသွားမည့်သူတစ်ယောက် လျော့သွားသည်ဟု သဘောထား လိုက်၏။

ဝိတောက် ထွက်မပြေးလျှင် သူသေကိုယ်သေ တိုက်ခိုက်နေရ မည်ဟုတ်ပါလား။

အမုန်းဒေဝီက ...

"ကျွန်မတို့နှစ်ယောက် လက်တွဲလိုက်တဲ့အတွက် ဘယ်လို အန္တရာယ်မျိုးကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့တာပေါ့နော်"

ချန်းချင်း ခေါင်းညိတ်လိုက်သည်။

အမုန်းဒေဝီက ...

"ရတနာပစ္စည်းတွေနဲ့ ပတ်သက်ပြီး အစ်ကို ဘယ်လိုသဘော ထားသလဲဟင်"

ချန်းချင်းက ...

"သက်ဆိုင်ရာလက်ထဲ အပ်လိုက်ရမှာပေါ့၊ ဒါဟာ ဘုရင့် ဘဏ္ဍာတော်တွေပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးရင် အစ်ကိုအိမ်ပြန်တော့မယ် ဟုတ်လား"

"ဟုတ်တယ်"

ချန်းချင်းက ဝန်ခံရင်း တည်ကြည်သော မျက်နှာထားဖြင့် ပြောသည်။

"ကျုပ်အိမ်က ထွက်လာခဲ့တာ အတော်ကြာသွားပြီ၊ ဖေဖေနဲ့ ညီမလေးလည်း ကျုပ်ကိုလွမ်းနေကြတော့မယ်၊ ဒါကြောင့် အိမ်ပြန်မှ ဖြစ်မယ်လေ"

အမုန်းဒေဝီက ...

"သိုင်းလောကထဲကို ပြန်မဆင်းတော့ဘူးပေါ့နော်"

ချန်းချင်း သက်ပြင်းချလိုက်သည်။

"ကျုပ်က အများအကျိုး ဆောင်ရွက်ခဲ့တာမှန်ပေမယ့် ကျုပ်ရဲ့ လက်တွေ သွေးစွန်းသွားတာ အတော့်ကို ဝမ်းနည်းစရာကောင်းပါ တယ်၊ တိုက်ပွဲတွေကို ကျုပ်စိတ်ကုန်သွားပါပြီ"

သိုင်းလောကသို့ ကျင်လည်ကျက်စားဦးမည်ဆိုလျှင် တိုက်ပွဲ များနှင့် ရင်ဆိုင်နေရဦးမည်သာဖြစ်သည်။

သူသည် တိုက်ပွဲများအား စိတ်ကုန်နေပြီဖြစ်၍ သိုင်းလောကသို့ ဆင်းလာဖို့အကြောင်းမရှိတော့ပါ။

အမုန်းဒေဝီက ...

"အစ်ကို သိုင်းလောကထဲမဆင်းတော့ဘူးဆိုရင် ကျွန်မတို့ နှစ်ယောက် ဆုံတွေ့စရာ အကြောင်းမရှိတော့ဘူးပေါ့နော်"

"ညီမ ကျုပ်ကိုတွေ့ချင်ရင် ယင်ပန်းနီကျေးရွာကို အချိန်မရွေး လာခဲ့လို့ရပါတယ်၊ ကျုပ် အိမ်မှာပဲရှိနေမှာပါ"



ချန်းချင်းက အမုန်းဒေဝီအား နားချလိုက်သည်။

"ညီမလည်း မကောင်းမှုတွေကို စွန့်လွှတ်လိုက်ပါတော့၊ လူ ကောင်းတစ်ယောက် ဖြစ်လာအောင် ပြုပြင်သွားစေချင်တယ်၊ အခု ဘက ညီမအတွက် အခွင့်အရေးကောင်းပါ၊ လူကောင်းသူကောင်း တစ်ယောက်ရဲ့ ဘဝဟာ ဘယ်လောက် တန်ဖိုးရှိတယ်၊ ဘယ်လောက် ငြိမ်းချမ်းတယ်ဆိုတာ လူဆိုးဖြစ်ပြီးမှ သိနိုင်တာပါ"

အမုန်းဒေဝီ ပြုံးလိုက်သည်။

"ကျွန်မဟာ ပစ္စည်းပြည့်စုံပြီး အေးချမ်းသာယာတဲ့ ဘဝကို ယံလိုချင်တာပေါ့ရှင်၊ တစ်သက်လုံး ဆင်းရဲဒုက္ခတွေနဲ့ချည်း ကြုံတွေ့ ဘာခဲ့ရတာ၊ ပိုပြီး အေးအေးချမ်းချမ်း နေချင်တာပေါ့ အစ်ကိုရယ်"

ချန်းချင်းက ...

"ညီမပြုပြင်လိုက်မယ်ဆိုရင် သိုင်းလောကစ်ခုလုံး လက်ခံလာ ကြမှာပါ၊ ဒါဆိုရင် ညီမလိုချင်တဲ့ ဘဝမျိုးကို ပိုင်ဆိုင်ရမှာ သေချာ ပါတယ်"

အမုန်းဒေဝီ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မတော့ မထင်မိဘူး"

"ဘာဖြစ်လို့လဲ"

"လူတွေကို ယုံကြည်ဖို့ ခက်ပါတယ်၊ နာမည်ပျက်ရှိခဲ့တဲ့ သူတစ်ယောက်ကို ဘယ်သူကများ နေရာပေးကြမှာလဲရှင်၊ ဘယ်သူ ကများ လက်ခံကြမှာလဲဟင် ..."

ချန်းချင်းက ...

"ညီမ ကောင်းရင် လူတွေက ကောင်းမှာပဲ၊ ညီမ မကော

www.burmeseclassic.com



လူတွေကလည်း ကောင်းမှာမဟုတ်ဘူး၊ ကောင်းတယ် ဆိုးတယ်ဆိုတာ ကိုယ့်အပေါ်မှာပဲ မူတည်ပါတယ်"

"အင်း ... အစ်ကိုပြောတဲ့ စကားတွေက အားတက်စရာပါပဲ၊ ခက်တာက ကျွန်မ လက်ခံဖို့ ခဲယဉ်းနေတာပါပဲ"

ချန်းချင်းသည် အမုန်းဒေဝီအား စိုက်ကြည့်လိုက်မိသည်။

သူမ ထူးခြားနေသည်ဟု ထင်မိ၍ဖြစ်သည်။

အမုန်းဒေဝီက ပြုံးနေသည်။

မျက်လုံးများလည်း ဝင်းလက်နေသည်။

"ရတနာပစ္စည်းတွေကို သက်ဆိုင်ရာလက်ထဲ အပ်နှံနိုင်အောင် ကျွန်မတို့ ကြိုးစားလိုက်ကြတာပေါ့"

စကားလမ်းကြောင်း ပြောင်းလိုက်သဖြင့် ချန်းချင်း သက်ပြင်းချကာ လက်ခံလိုက်သည်။

"ကျွန်မတို့ ကျောက်ဂူကြီးထဲ ဝင်ပြီး စစ်ဆေးကြည့်ကြတာပေါ့"

"ကောင်းပြီ"

ချန်းချင်း သဘောတူလိုက်သည်။

နှစ်ယောက်သား ကျောက်ဂူကြီးဆီသို့ လှမ်းသွားရန် ဟန်ပြင်လိုက်ကြလေသည်။

ရုတ်တရက် အမုန်းဒေဝီက မထင်မှတ်သော လှုပ်ရှားမှုတစ်ခု ပြုလုပ်လိုက်သည်။

ချန်းချင်းအား သွေးကြောထိုးပိတ်လိုက်ခြင်းဖြစ်သည်။

သူမ၏ လှုပ်ရှားမှု လျှပ်တစ်ပြက်ကဲ့သို့ လျင်မြန်နေပါသည်။



ထိုသို့ ပြုလုပ်လိမ့်မည်ဟုလည်း မထင်မှတ်ခြင်းကြောင့် ချန်းချင်း ခိုက်မိသွား၏။

"အင့် ..."

သွေးကြောပိတ်ခံရကာ မလှုပ်မယှက် ဖြစ်သွားလေတော့သည်။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

## လမ်းခွဲ

အရိုးခေါင်းတောင်၏ အရှေ့ဘက်နေရာ၌ သစ်ပင်ပန်းပင်များ ဝေဝေဆာဆာ ပွင့်ဖူးကာ သာယာလှပနေသော တောင်ထွတ်တစ်ခု ရှိသည်။

ထိုတောင်ထွတ်၌ ယခင်က ကျောက်ဂူကြီးမှ ရတနာများအား စောင့်ရှောက်ရသည့် ချူးပေ့အုံးတို့ တပည့်အချို့ နေထိုင်ခဲ့ကြသော အိမ်ကလေးတစ်လုံး ရှိသည်။ ယခုတော့ သေသူသေ ထွက်ပြေးသူ ထွက်ပြေးသွားကြပြီး မည်သူတစ်ဦးတစ်ယောက်မှ ရှိမနေကြတော့ပေ။

အမုန်းဒေဝီ အကြိုက်တွေ့သွားသည်။

ထိုအိမ်ကလေး၌ ချန်းချင်းအား ဖမ်းဆီးချုပ်နှောင်ထားလိုက် လေတော့သည်။ သူမသည် တရားသည် မတရားသည်ကို မတွေးပေ။ သူမလုပ်ချင်သည့် အလုပ်ကိုသာတွေးသည်။

ချန်းချင်းမှာ အမုန်းဒေဝီ၏ အကျဉ်းသားဘဝ ရောက်ရှိသွား ရလေတော့သည်။



"ခြင် ... ခြင်"

သံသံချင်း ထိခိုက်မိသော အသံများ တခြင်ခြင်မြည်ကာ ထွက်ပေါ်နေသည်။

သစ်လုံးများဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးအတွင်းမှ အသံများ ထွက်လာခြင်းဖြစ်သည်။

ထိုအိမ်ကလေး၌ ချန်းချင်းမှာ အကျဉ်းသားပမာ အပမ်းခံနေရ သည်။

သူ၏ခြေထောက်နှစ်ချောင်းအား သံကြိုးများဖြင့် တုပ်နှောင် ထားရာ လှုပ်ရှားလိုက်လေတိုင်း တခြင်ခြင်မြည်သံများ ထွက်ပေါ်နေ တော့သည်။

သူ၏တစ်ကိုယ်လုံး အားအင်ကုန်ခမ်းချည့်နဲ့နေသည်။

အမုန်းဒေဝီက အားအင်ကုန်ခမ်းစေသော ဆေးများ တိုက်ကျွေး ထားခဲ့ခြင်းကြောင့် ဖြစ်သည်။

ခြေထောက်၌ သံကြိုးဖြင့် ချည်နှောင်ထား၍ အိမ်ထဲ၌ ဟိုဟို ဒီသည် သွားလာနိုင်သော်လည်း ခွန်အားမရှိသဖြင့် ထွက်မပြေး ပါ။ သူ၏မျှော်လင့်ချက်များ ကုန်ဆုံးနေပါသည်။

ချန်းချင်းသည် အမုန်းဒေဝီကို မုန်းတီးသွားသည်။

သူမအား သတ်ပစ်လိုစိတ်များပင် ဖြစ်ပေါ်လာခဲ့သည်။

သူမအား ဘာမှမတတ်နိုင်သော အခြေအနေရောက်ရှိနေသော ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုစိတ်များ ဖြစ်ပေါ်ခဲ့သေး၏။

သို့သော် အမုန်းဒေဝီကိုအရှုံးမပေးလိုသဖြင့် သည်းခံပြီး စိတ် ထားခဲ့ခြင်းဖြစ်သည်။ တစ်နေ့တွင်တော့ သူ လွတ်မြောက်ရမည် ဟု ဆုံးဖြတ်ထားသည်။

www.burmeseclassic.com



အမုန်းဒေဝီသည် သူ့အတွက် ဘာဆိုဘာမှ လိုလေသေးမရှိအောင် လုပ်ကိုင်ဆောင်ရွက်ပေးသည်။

ချန်းချင်း ပျင်းရိနေမှာကို စိုးရိမ်ပြီး အနားမှနေကာ သိုင်းလောကအကြောင်း ပြောပြသည်။ အခြားစိတ်ဝင်စားစရာ အကြောင်းများ ပြောသည်။ ရယ်စရာများ ပြောသည်။

မည်သို့ဖြစ်စေ အချန်းချင်းက သူမအား ခွင့်မလွှတ်ပုံဖြတ်မိလေ၏။

ယခုတလော အမုန်းဒေဝီ အလွန်အလုပ်ရှုပ်နေပုံရှိသည်။

ချန်းချင်းအတွက် စားစရာများ ပြင်ဆင်ပေးပြီးလျှင် တစ်နေကုန် တစ်နေခန်း ပျောက်နေတတ်သည်။

ညမိုးချုပ်မှ ပြန်ရောက်လာလျှင် အလွန်ပင် ပင်ပမ်းနွမ်းနယ်နေပုံရသည်။

သူမ ဘာတွေလုပ်နေသည်ကို ချန်းချင်းမမေးပါ။

အမုန်းဒေဝီကလည်း မပြောပါ။

အမုန်းဒေဝီ သုံးရက်တိုင်တိုင် အလုပ်များနေပြီး လေးနက်မြောက်သော နေ့တွင် ဘယ်မှမသွားတော့ပါ။

တစ်နေကုန် အိမ်မှာနေပြီး ချန်းချင်းအတွက် စားကောင်းသောက်ဖွယ်များ ချက်ပြုတ်ကျွေးမွေးသည်။

သူမ အေးအေးဆေးဆေး ရှိနေသည်ကိုကြည့်ပြီး ချန်းချင်းမအောင့်နိုင်တော့ဘဲ မေးလိုက်သည်။

"ဒီကနေ့ မင်းဘယ်မှမသွားတော့ဘူးလား"

အမုန်းဒေဝီ ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ... မသွားတော့ဘူး"



ချန်းချင်းလည်း ထပ်မမေးတော့ဘဲ သူမ ကျွေးမွေးသမျှ စားသောက်နေလိုက်ရသည်။

အမုန်းဒေဝီသည် ချန်းချင်း စားသောက်နေပုံကိုကြည့်ပြီး အားမလို အားမရ ဖြစ်သွားသည်။

"အခုတလော အစ်ကို အစားအသောက် ပျက်နေပုံရတယ်၊ ဘာစားချင်သလဲ ပြောပါ၊ ကျွန်မ ချက်ကျွေးပါ့မယ်ရှင်"

ချန်းချင်းက မဲ့ပြုံးပြုံးလိုက်၏။

"ခုလို အကျဉ်းသားဘဝ ရောက်နေတဲ့နောက်တော့ ဘယ်သူက ပျော်ပျော်ပါးပါး စားသောက်နိုင်မှာလဲ ပြောပါဦး""

အမုန်းဒေဝီ သက်ပြင်းချလိုက်သည်။

ချန်းချင်း မကျေမနပ်ဖြစ်နေချိန်၌ သူမအတိုက်အခံ မပြောလိုပါ။

ဖျောင်းဖျလိုခြင်းလည်း မရှိပါ။

ဖျောင်းဖျ၍လည်း အကြောင်းထူးမည်မဟုတ်ကြောင်း နားသည်ထားသည်။

ချန်းချင်းက ...

"ကျုပ် ခုလို ကြာကြာနေသွားရမယ်ဆိုရင် စိတ်ဆင်းရဲတာနဲ့ သေသွားလိမ့်မယ်၊ ကဲ ... ဒီရက်ပိုင်းထဲမှာ မင်းဘာတွေအလုပ်ရှုပ်နေတာလဲ ပြောပါဦး၊ မနေ့က အိပ်ပျော်ကာနီး အော်ဟစ်သံတွေ ကြားလိုက်ရသလိုပဲ၊ တောင်ပေါ်ကို ရန်သူတွေ တက်လာကြလို့လား"

"မဟုတ်ပါဘူးရှင်"

"မင်း အမုန်အတိုင်း ပြောရင်ကောင်းမယ်၊ ဘာမှ မပါရဘဲနေရတာထက် သေရတာက ပိုကောင်းသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီရှင်"

အမုန်းဒေဝီက အမုန်အတိုင်းပြောပြလိုက်သည်။

"ရတနာသေတ္တာတွေ ရှိနေတဲ့ ကျောက်ဂူကြီးအပေါက်ကို ကျောက်တုံး ကျောက်ခဲတွေနဲ့ ပိတ်ထားလိုက်တာပါ၊ ရုတ်တရက် ကြည့်ရင် ဂူပေါက်ကြီးရှိနေမှန်း မသိရအောင် ပုံဖျက်ထားလိုက်တာ ပါ၊ ရတနာသေတ္တာတွေအကြောင်း သိနေတဲ့လူတွေက ကျွန်မငဲ ယူသွားပြီထင်ကြမှာ၊ အကြောင်းမရှိတဲ့ လူတွေ လာရှာရင်လည်း တွေ့နိုင်တော့မှာ မဟုတ်ဘူးရှင့်၊ ဒီအလုပ်ဟာ တော်တော်ပင်ပန်း တာပဲရှင့်"

ချန်းချင်းက ...

"ကျောက်ဂူပေါက်ကို ပိတ်ပစ်ဖို့ မင်းတစ်ယောက်တည်း တ နိုင်တာမှမဟုတ်တာ"

"ကျွန်မက အလုပ်သမား ငါးယောက်ငှားရမ်းပြီး လုပ်ခိုင်း ခဲ့ရတာပေါ့၊ သူတို့ကို လုပ်အားခများများ ပေးလိုက်လို့ ကျေနပ်သွား ကြတယ်လေ"

အမုန်းဒေဝီက ပြုံးပြလိုက်၏။

"ကျုပ်မယုံဘူး"

"ဘာဖြစ်လို့လဲရှင်"

"အလုပ်သမားတွေ ကျောက်ဂူကြီးအကြောင်း မပြောနိုင်အော နှုတ်ပိတ်ပစ်လိုက်တယ် မဟုတ်လား၊ ဒါကြောင့် အော်သံတွေ ကျ ကြားလိုက်မိတာပဲ"

အမုန်းဒေဝီ ဘာမှမပြောဘဲနေလေသည်။



ချန်းချင်း အံကြိတ်လိုက်သည်။

"မင်းတော်တော် ရက်စက်ပါလား၊ ငါထင်တာထက် မင်းဟာ ရက်စက်တယ်၊ ငါ့အပေါ် ဆက်ဆံပုံကိုကြည့် ..."

အမုန်းဒေဝီသည် ချန်းချင်း စိတ်ပြောင်းသွားအောင် စကား လမ်းကြောင်း ပြောင်းလိုက်သည်။

"အစ်ကိုလည်း အိမ်ထဲမှာချည်း နေရတာဆိုတော့ ညောင်းညာ နေတော့မှာပေါ့၊ အညောင်းပြေ အညာပြေ အပြင်ဘက် လမ်းထွက် လျှောက်လိုက်ရင် မကောင်းဘူးလား၊ လေကောင်းလေသန့်လည်း ရှူရှိုက်လို့ရတာပေါ့လေ"

ချန်းချင်း စိတ်ပြောင်းသွားသည်။ အပြင်ထွက်ခွင့်ရပါက လွတ် ရာ လွတ်ကြောင်းလမ်း ရှာဖွေနိုင်သည်ကို ချန်းချင်း သိ၏။

"ကျုပ် အပြင်ထွက်ချင်တယ်ဆိုရင် မင်းက ခွင့်ပြုမှာလား"

"အို ... ခွင့်ပြုရမှာပေါ့၊ ကဲပါ ... ကျွန်မတို့ အပြင်ထွက်ကြ ယ်"

အမုန်းဒေဝီသည် ချန်းချင်း၏ ခြေလက်များ၌ ချည်နှောင် ထားသော သံကြိုးများကို ဖြုတ်ပေးလိုက်သည်။

ချန်းချင်း အံ့သြဝမ်းသွားဖ၏။

"ကဲ ... သွားကြမယ်"

အမုန်းဒေဝီက ချန်းချင်းအား အိမ်အပြင်ဘက်သို့ တွဲခေါ်သွား သ၏။

စိမ်းလန်းသော သစ်ပင်များ၊ ပတ်ဝန်းကျင် တစခုလုံး ပေါက်၊ ကနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေးများသည် ငွားငွားစွင့်စွင့် ဖူးပွင့်နေသည်။

ညနေဆည်းဆာအချိန်ဖြစ်ရကား ဝန်းကျင်တစ်ခုလုံး ပြ
လှပနေသည်။

ချန်းချင်းသည် အခွင့်အရေးရခိုက် ထွက်ပြေးသွားရန် စဉ်း
ထား၏။

သို့သော် အိမ်အပြင်ဘက်ရောက်မှ သူ၏အကြံအစည် အော
မြင်နိုင်မည်မဟုတ်ကြောင်း နားလည်သွားရသည်။

သူသည် အင်အားကုန်ခမ်းကာ လမ်းပင် ကောင်းကော
မလျှောက်နိုင်အောင် ဖြစ်နေသည်မဟုတ်ပါလား။

အမုန်းဒေဝီသာ နံဘေးမှ တွဲမထားလျှင် လဲကျသွားလိမ့်
မဟုတ်ပါလား။

"ဟိုဘက်သွားကြမယ်"

အမုန်းဒေဝီက တောင်ထွဋ်၏ တစ်ဖက်စွန်းသို့ ညွှန်ပြ
တွဲခေါ်သွား၏။

တောင်ထွဋ်တစ်ဖက်စွန်း၌ နက်ရှိုင်းလှသော ချောက်ကမ်း
ကြီး ရှိနေပါသည်။

မြူနှိုးများ ဝေ့နေပြီး အောက်ဘက်သို့ မမြင်ရပါ။

ချောက်နက်ကြီးထဲမှ လေကြမ်းများကလည်း ပင့်၍တိုက်
နေ၏။

အဝေးတွင် တောင်စဉ်တောင်တန်းများနှင့် ရစ်ခွေစီးဆင်း
သော ချောင်းကလေးတစ်ခုကို တွေ့နေရသည်။

"ဘယ်လောက် သာယာလှပသလဲဟင်"



အမုန်းဒေဝီက ပြောလေသည်။

ချန်းချင်းက ...

"ဟုတ်တယ် ... အတော့်ကို သာယာလှပတာပဲ"

အမုန်းဒေဝီက ...

"တစ်နေ့ကျရင် မိုးအဆုံးမြေအဆုံး လျှောက်လည်ကြရင်
ကောင်းဘူးလား"

"သွားကြတာပေါ့"

"အစ်ကို တကယ်ပြောတာနော်"

သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ချန်းချင်းက စိတ်မကောင်းခြင်းကြီးစွာ မေးလိုက်မိ၏။

"ညီမ ... ညီမ ဘာကြောင့် မပျော်ပြင်နိုင်ရတာလဲဟင်"

အမုန်းဒေဝီက ...

"ကျွန်မ ပြောခဲ့ပြီးပါပြီလေ၊ တစ်သက်လုံး ဆင်းရဲဒုက္ခအမျိုး
မျိုးနဲ့ ကြုံတွေ့ခံစားရတာ၊ ခုချိန်မှာ ရန်တွေလည်း မရှိတော့ဘူးဆို
တော့ ပစ္စည်းဥစ္စာ ပြည့်စုံပြီး အေးချမ်းသာယာတဲ့ဘဝမျိုး လိုချင်
လာတယ်လေ၊ နောက်ပြီး ရက်ရက်စက်စက် လုပ်ခဲ့တဲ့ ညီမကို
ကယ်အသိုက်အဝန်းက ကောင်းကောင်းမွန်မွန် လက်ခံမှာလဲရှင်"

ချန်းချင်းက ...

"အေးချမ်းသာယာတဲ့ ဘဝကို တည်ဆောက်ရတာ ခက်ခဲမယ်
မယ့် ပစ္စည်းဥစ္စာ ပြည့်စုံမှ မဟုတ်ပါဘူး၊ သင့်တင့်လျောက်ပတ်
လောက်နဲ့ ပျော်ရွှင်အောင် နေသွားလို့ရပါတယ်၊ လူဟာ ဖြူဖြင့်
ဝန်းကျင်ကလည်း တဖြည်းဖြည်း လက်ခံတာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



အမုန်းဒေဝီက ...

"အစ်ကိုရယ် ... အပြောလွယ်သလောက် လက်တွေ့မှာ ခက်လှပါတယ်ရှင်၊ ချူးပေ့အုံတို့လို လူဆိုးကြီးတွေတောင်မှ ငွေရှိလာတဲ့အခါ လူရှိသေ ရှင်ရှိသေ သူဌေးကြီးတွေကို နေနိုင်ခဲ့ကြသေးတာ မဟုတ်လားရှင်"

ချန်းချင်း လက်လျှော့လိုက်သည်။

"ညီမ ဒီပစ္စည်းဥစ္စာတွေကို မက်မောနေသမျှ ကျုပ်နဲ့ ဆန့်ကျင်ဘက် ဖြစ်နေမှာပါပဲ"

အမုန်းဒေဝီက ...

"ကိစ္စမရှိပါဘူးရှင်၊ အစ်ကို စိတ်ပြောင်းသွားတဲ့အချိန်အထိ ကျွန်မ စောင့်နိုင်ပါတယ်"

သူမကလည်း အလျှော့ပေးမည်မဟုတ်ချေ။

အမုန်းဒေဝီ ပြုံး၍ဆက်ပြောသည်။

"အစ်ကို အိမ်ပြန်သွားမယ်ဆိုရင်လည်း သိုင်းလောကထဲ ပြန်ထွက်လာမှာမဟုတ်တော့တဲ့အတွက် ကျွန်မတို့နှစ်ယောက် ပြန်ဆုံစည်းနိုင်ကြတော့မှာ မဟုတ်ဘူးလေ၊ အစ်ကို့ဆီကို လိုက်လာဖို့ဆိုတာလည်း မဖြစ်နိုင်ဘူး၊ ဒါကြောင့် ကျွန်မ အနားမှာ အစ်ကို့ကို ရှိစေချင်ရင် ခုလိုလုပ်ရတော့မှာပဲ မဟုတ်လား"

ချန်းချင်း ရင်ထိတ်သွားသည်။

"မင်းရဲ့အနားမှာ နေစေချင်လို့ ဟုတ်လား"

အမုန်းဒေဝီက ...

"ရတနာပစ္စည်းတွေကို ကျွန်မ မက်မောတာအမှန်ပါပဲ၊ ဒါပေမယ့် အဲဒီပစ္စည်းတွေထက် အစ်ကို့ကို ပိုပြီး တန်ဖိုးထားတယ်ဆိုတာ သိပါရှင်"



"ဟား ... ဟား ... ဟား"

ချန်းချင်း လှောင်ပြောင်ရယ်မောလိုက်လေသည်။

"ကျုပ်အပေါ် တကယ်တမ်း စေတနာထားတယ်ဆိုတဲ့ လူဟာ ခုလိုလုပ်ပါ့မလား၊ မင်းစိတ်ချမ်းသာဖို့အတွက် ကျုပ်စိတ်ဆင်းရဲရ သည်း မမှုဘူးဆိုတဲ့ သဘောကို ထည့်မတွက်တော့ဘူး မဟုတ်လား"

အမုန်းဒေဝီ ဝန်ခံသည်။

"ဒီလိုဖြစ်နေမယ်ဆိုတာ ကျွန်မ နားလည်ပါတယ်၊ ဒါပေမယ့် အစ်ကိုနဲ့ ခွဲခွာလိုက်ရတာထက်စာရင် ခုလိုလုပ်လိုက်တာ အကောင်းဆုံး ဖြစ်နေလို့ပါ၊ ကျွန်မ ဂရုစိုက်သွားမှာပါ၊ တစ်နေ့ကျရင် အစ်ကို ပျော်ရွှင်လာမှာပါ"

ချန်းချင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘယ်တော့မှ ပျော်ရွှင်မှာမဟုတ်ဘူး"

"အစ်ကိုရယ် ..."

"အမုန်းဒေဝီ ညည်းတွားလိုက်လေ၏။ သူမ တကယ်ပဲ စိတ်ပျက်သွားသည်။ ချန်းချင်းကို ဖျောင်းဖျဆွဲဆောင်ရပေဦးမည်။

"ကျုပ်ပြောမယ်၊ သေသေချာချာ နားထောင်ပါ"

"ကျွန်မ နားထောင်နေပါတယ်ရှင်"

"ကျုပ်အတွက် ရွေးချယ်စရာလမ်းနှစ်ခုပဲ ရှိတော့တယ်၊ တစ်ခုက လွတ်မြောက်သွားဖို့ပဲ၊ နောက်တစ်ခုက အကျဉ်းသားဘဝမျိုးနဲ့ ဆက်ပြီး နေသွားရမယ်ဆိုရင် ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်ဖို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

ချန်းချင်း၏စကားကြောင့် အမုန်းဒေဝီ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ချန်းချင်းက ပြတ်သားစွာ ပြောလိုက်လေ၏။

"မင်း ဆုံးဖြတ်ပေတော့ ..."

အမုန်းဒေဝီ ခေါင်းခါယမ်းလိုက်သည်။

"အစ်ကို သေသွားလို့ ဘယ်ဖြစ်မလဲ"

"ဒါဖြင့် ကျုပ်ကို လွှတ်ပေးမလား"

"ဟင့်အင်း ... လွှတ်ပေးလို့လည်း မဖြစ်ဘူးရှင့်"

"မင်းရဲ့သဘောက ဘယ်လိုလဲ"

"ကျွန်မက အစ်ကို့ကို လွှတ်မပေးဘူး၊ ဘာတစ်ခုမှ မဖြစ် အောင်လည်း ဂရုစိုက်ထားမယ်"

"မင်း ... မင်း ..."

ချန်းချင်း ဒေါသထွက်လွန်းသဖြင့် တစ်ကိုယ်လုံး တုန် ယင်ယင် ဖြစ်လာလေတော့သည်။ လူသည် ဒေါသထွက်လွန်းလျှ လည်း ဘာမျှအလုပ်တတ်တော့ပေ။

အမုန်းဒေဝီက ဖျောင်းဖျလိုက်သည်။

"အစ်ကိုရယ် ... တစ်သက်လုံး စိတ်ချမ်းသာအောင်၊ ပျော်ရွှ အောင် ကျွန်မ ဂရုစိုက်သွားပါ့မယ်၊ အစ်ကို မကျေနပ်ဘူးလားဟင်"

သူမမျက်နှာလေး ငယ်နေသည်။ သူသည် ချန်းချင်းကို လွှ ဂရုစိုက်သည်။ သူမ၏ ချစ်ခြင်းမှာ လွန်ကဲနေသည်။

ချန်းချင်းအား တောင်းပန်တိုးလျှိုးနေသည်။



ချန်းချင်း အံကြိတ်လိုက်သည်။

"ကောင်းပြီလေ ... မင်းက ကျုပ်ကို လွှတ်မပေးနိုင်ဘူးဆိုရင် သည်း ကျုပ်သေရတော့မှာပေါ့"

လက်ကို အပေါ်မြှောက်ကာ ဦးခေါင်းကို ကုပ်ဆွဲချဖို့ ကြိုးစား ိုက်၏။

သို့သော် လက်အပေါ်မြှောက်နိုင်အောင်ပင် ခွန်အားမရှိဘဲဖြစ် သည်။

အမုန်းဒေဝီက ဟန့်တားခြင်းမပြုဘဲ လက်ပိုက်ကြည့်နေပါ ည်။

ချန်းချင်း ငိုင်သွားသည်။

ကိုယ့်ကိုယ်ကို အဆုံးစီရင်ဖို့ပင် ခွန်အားမရှိဖြစ်နေသည် မဟုတ် လား။

အမုန်းဒေဝီက ...

"အစ်ကိုရယ် ... ဒီလောက်လည်း စိတ်ညစ်ခံနေပါနဲ့ရှင်၊ လိုအဖြစ်မျိုးတွေနဲ့ ကျွန်မလည်း ကြုံတွေ့ခဲ့ဖူးပါတယ်၊ နောက်ဆုံး ော့ ပျော်အောင်နေတတ်သွားခဲ့တာပါပဲ၊ ကျွန်မကို အချိန်နည်းနည်း ပါ၊ အစ်ကို ပျော်ရွှင်လာအောင် ကျွန်မ ကြိုးစားနိုင်မှာပါ၊ အစ်ကို ရွှင်လာတဲ့ တစ်နေ့နေ့ တစ်ချိန်ချိန်ကို ရောက်လာမှာပါ"

ချန်းချင်း တက်ခေါက်ရုံမှတစ်ပါး ဘာမှမတတ်နိုင်တော့ချေ။ သူအလွန်စိတ်ပျက်ရသည်။ ချက်ချင်း အသက်ထွက်သွားချင် ည်။

"ကဲ ... ကျွန်မတို့ ပြန်ကြပါစို့"

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်း၏လက်ကို တွဲလိုက်၏။

သူမ၏ လက်ခုပ်ထဲမှ ရေဘဝရောက်နေသည်ကို ချန်ချင်း လက်မခံနိုင်တော့ပါ။

ရုတ်တရက် နက်ရှိုင်းလှသော ချောက်ကြီးကို သတိပြုမိသွားသည်။

ချန်းချင်း ဝမ်းသာသွားလေသည်။

ချက်ချင်း မြေပေါ်လှဲချလိုက်သည်။ မြေပေါ်လှဲချခြင်းမှာ လက်ကို အပေါ်မြှောက်ရခြင်းထက် များစွာ လွယ်ကူ၏။ သူချောက်ထဲ ခုန်ချသတ်သေရန် ကြိုးစားခြင်းဖြစ်ပါသည်။

"ဝုန်း ..."

သူတို့ရှိနေသောနေရာမှာ ဆင်ခြေလျှောပေးပမာ ရှိနေရကား လဲကျသွားသည့်အရှိန်ဖြင့် သုံးလေးပတ်လိမ့်သွား၏။

ချန်းချင်းက ရှိသမျှခွန်အားကို ဖျစ်ညှစ်ထုတ်ကာ ထပ်လှိမ့်လိုက်သည်။ သူသေခွင့်ရတော့မည်။ လက်ခုပ်ထဲက ရေဘဝသည် မကြာမီ ပြီးဆုံးသွားတော့မည်။

"အစ်ကို ..."

အမုန်းဒေဝီ အထိတ်တလန့်ဖြစ်သွားသည်။ သူ အလွန်လန့်ဖျန့်သွားသည်။ ချန်းချင်း ဤသို့လုပ်မည်ဟု သူမ မထင်မိပေ။

ချက်ချင်း ပြေးလိုက်လာပြီး ချန်းချင်းအား လှမ်းဆွဲလိုက်သည်။

"ဖယ်စမ်း ..."

ချန်းချင်းက အားကုန်ရုန်းထွက်လိုက်၏။

ခြေလက်များ အသုံးပြုကာ တွန်းထိုးကန်ကျောက်လိုက်သည်။ တတ်နိုင်သမျှ ရုန်းကန်ခြင်းဖြစ်သည်။



ချောက်ကမ်းပါးထိပ်၌ နှစ်ယောက်သား လုံးထွေးကာ ဝရုန်းသုန်းကား ဖြစ်သွားကြသည်။

"အစ်ကို... ဒီလိုမလုပ်ပါနဲ့"

အမုန်းဒေဝီက အော်ဟစ်တောင်းပန်နေသည်။

"ကျုပ်ကို မဆွဲနဲ့"

ချန်းချင်းက ရုန်းနေသလို အမုန်းဒေဝီက အတင်းလိုက်ဆွဲနေသည်။

အမုန်းဒေဝီသည် ချန်းချင်း ချောက်ထဲကျသွားမည်ကို အလွန်စိုးရိမ်ပူပန်နေသည်။ သူသည် ချန်းချင်းကို ချစ်ရှာသည်မဟုတ်ပါလော။

ချန်းချင်းအား ဆွဲဖို့ကြိုးစားနေစဉ် ...

"သွားစမ်း ..."

ချန်းချင်းက အော်ပေါက်ကန်ကျောက်လိုက်တာ အမှတ်မထင်ခံလိုက်ရသဖြင့် ဟန်ချက်ပျက်ကာ ယိမ်းယိုင်သွားပြီး ပက်လက်လန်လဲကျသွား၏။

သူမကံဆိုးသွားသည်မှာ အနောက်ဘက်၌ ချောက်နက်ကြီးရှိနေခြင်းပင်တည်း။

အမုန်းဒေဝီ ထိတ်လန့်သွားသည်။

"အစ်ကို ..."

သူမအား လှမ်းဆွဲပါရန် လက်ကမ်းပေး၏။

ချန်းချင်း ပြုလုပ်သည်မှာ သူ ချောက်ထဲကျရန်ဖြစ်သည်။ အမုန်းဒေဝီ ချောက်ထဲကျရန် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်းသည် သူမဒုက္ခရောက်နေသည်ကို တွေ့ရသောအခါ ဒေါသစိတ်များ ပျောက်ကွယ်သွားပြီး လှမ်းဆွဲဖို့ ကြိုးစားလိုက်လေ၏။

သို့တိုင် လက်မတင်လေး နောက်ကျသွားပြီး အမှန်းဒေဝီမှာ ချောက်ထဲ ထိုးကျသွားတော့သည်။

ချန်းချင်းအား ချောက်ထဲမကျအောင် ကယ်တင်ဖို့ ကြိုးစားရင်း သူမ ထိုးကျသွားခြင်းဖြစ်သည်။

အမှန်းဒေဝီ၏ အစ်ကိုဟု အားကိုးတကြီးခေါ်လိုက်သော အသံက တောတောင်တစ်ခွင် ပဲ့တင်ထပ်ကာ ထွက်ပေါ်လာလေတော့သည်။

✳ ❖ ✳



## အခန်း(၂၂)

# သတင်းဆိုး

ကောင်းတုံမြို့။

ချန်းချင်းသည် အရိုးခေါင်းတောင်နှင့် အနီးဆုံး၌ ရှိနေသည့် ကောင်းတုံမြို့သို့ ခုနစ်ရက်တိုင်တိုင် ကြိုးစားပြီး အရောက်လာခဲ့ရလေသည်။ သူ မည်သို့ကြိုးစားခဲ့ရပါသနည်း။

အမှန်တော့ ချန်းချင်း ခုနစ်ရက်လာသည့် ခရီးမှာ တခြားသူများအတွက် နှစ်ရက်ခရီးသာ ရှိသည်။

ခွန်အားကုန်ခမ်းနေသောကြောင့် ချန်းချင်း ခရီးမတွင်နိုင်ခြင်းဖြစ်သည်။ အတော်အတန် လျှောက်ပြီးသည်နှင့် သူမောနေတော့သည်။

ထို့ကြောင့် မကြာခဏ နားပြီးမှ ခရီးဆက်ခဲ့ရသည်။

မည်သို့ဆိုစေ ဇွဲနဘဲဖြင့် အရောက်သွားနိုင်ခဲ့ပါသည်။

ကောင်းတုံမြို့စားလေးအရှေ့၌ စောင့်ကြပ်နေသော အစောင့်အကြပ်များက ဟန့်တားလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပ်လိုက်စမ်း ..."

ချန်းချင်းက ...

"မြို့စားကြီးနဲ့ တွေ့ခွင့်ပြုပါဗျာ၊ အမုန်းဒေဝီနဲ့ပတ်သက်ပြီး သတင်းပေးချင်လို့ပါ"

သူသတင်းပေးလိုက်သည်မှာ မှန်သည်။ အမုန်းဒေဝီအား လူတကာ သိနေကြသည်။

သူ့ဈေးကြီး ဟိုဝမ်အား ဖမ်းဆီးသွားသည်ဟူ၍ အမုန်းဒေဝီ သတင်းကြီးနေ၏။

အစောင့်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကသည်။

"သူတို့လည်း အမုန်းဒေဝီအကြောင်း ကြားဖူးထားကြသည် မဟုတ်ပါလား။

"ခဏနေဦး ..."

အစောင့်တစ်ယောက်က ပြောသည်။

အခြားအစောင့်တစ်ယောက်က ...

"မင်း သတင်းသွားပို့လိုက် ..."

ချန်းချင်းအား ခေတ္တစောင့်ဆိုင်းခိုင်းပြီး မြို့စားကြီးထံသို့ အလျင်အမြန် သွားရောက်သတင်းပို့ကြလေ၏။

မကြာမီ ကောင်းတုံမြို့စားက လက်ခံတွေ့ဆုံရန် ချန်းချင်းအား အခေါ်လွှတ်လိုက်သည်။ အမုန်းဒေဝီ၏ သတင်းသည် အမြို့မြို့ အရပ်ရွာကို ဤမြူ လွှမ်းမိုးနေ၏။

ချန်းချင်းမှာ တောင်းရမ်းစားသောက်သူ တစ်ယောက်နှင့်ပင် တူနေသည်။ ခွန်အားမရှိခြင်း၊ လမ်း၌ မကြာခဏ နားခိုရခြင်း



အနားမရခြင်းတို့ကြောင့် သူတောင်းစားတစ်ယောက်နှင့် တူနေခြင်း ဖြစ်ပါသည်။

သို့သော် မေတ္တာရှင်စား ချန်းချင်းဖြစ်ကြောင်း သိရလျှင် ကောင်းတုံမြို့စားက နေရာထိုင်ခင်းပေးကာ ကောင်းမွန်စွာ ဧည့်ခံသည်။

သိုင်းလောကသားများနှင့် ပတ်သက်ပြီး အတွေ့အကြုံရှိသူဖြစ်နေ၍ ချန်းချင်း ကံကောင်းသွားခြင်းဖြစ်သည်။ မြို့စားတိုင်း သိုင်းလောကအကြောင်း မသိကြပေ။

"အမုန်းဒေဝီဟာ အတော့်ကို သတင်းကြီးနေပါတယ်၊ အမြို့မြို့ အရွာရွာမှာ မသိသူမရှိသလောက် ဖြစ်နေပါတယ်၊ မိတ်ဆွေလေး ဘာများ သတင်းပေးချင်သလဲ ပြောပါဦး"

ချန်းချင်း ဦးညွှတ်လိုက်သည်။ ပင်ပန်းကြီးစွာ ဂါရဝပြုရခြင်း ဖြစ်သည်။

"အမုန်းဒေဝီ သေဆုံးသွားပါပြီ မြို့စားမင်းခင်ဗျာ"

"ဘာ ... ဘယ်လို"

အမုန်းဒေဝီနှင့် ပတ်သက်ပြီး ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်သည်။ သူနှင့် ရင်းနှီးစွာ ဆက်ဆံခဲ့သည်များကိုတော့ မပြောပေ။

ကောင်းတုံမြို့စား အလွန်ပင် စိတ်ဝင်စားသွားတော့သည်။

ချန်းချင်း၏စကားကို စိတ်ဝင်စားစွာ နားထောင်နေသည်။

ချန်းချင်း အကြောင်းစုံရှင်းပြပြီးမှ ...

"နေပြည်တော်ကိုပို့တဲ့ ဘဏ္ဍာတော်တွေကို လူဆိုး ဓားပြတွေ

www.burmeseclassic.com

www.burmeseclassic.com



လှယက်တိုက်ခိုက်ကဲ့တဲ့ စားပြမှုဟာ နှစ်အတော်ကြာနေပါပြီ၊ ခုလို ဖော်ထုတ်နိုင်ခဲ့တာ ဝမ်းသာစရာပါပဲ၊ မိတ်ဆွေလေး ဘာမှ မစိုးရိမ်ပါနဲ့တော့၊ ဒီကိစ္စကို ကျုပ်ဆက်ပြီး တာဝန်ယူဆောင်ရွက်လိုက်ပါ့မယ်၊ ဒီကိစ္စဟာ ကျုပ် ဆက်ပြီးဆောင်ရွက်ရမှာပေါ့ဗျာ”

“ကျေးဇူးပါပဲ ခင်ဗျာ”

ကောင်းတဲ့မြို့စားသည် ချန်းချင်း၏ အားအင်ကုန်ခမ်းနေသော ဝေဒနာကို ကုစားပေးဖို့လည်း တာဝန်ယူလိုက်၏။ သူ၏ မြို့စားဂေဟာ၌ပင် နေထိုင်ကုသနိုင်ရန် စီစဉ်ပေးသည်။

ချန်းချင်းမှာ သူ၏ရည်ရွယ်ချက်အတိုင်း ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် အားရကျေနပ်သွားတော့သည်။

သူ ကောင်းတဲ့မြို့သို့ ရောက်လာခဲ့သည်မှာ မှန်သွားသည်။ မှန်မှန်ကန်ကန် စိတ်ဓာတ်ရှိသူ မြို့စားကြီးနှင့် တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည်။

ကောင်းကဲ့မြို့စား၏ အစီအစဉ်ဖြင့် သမားတော်ကြီးတစ်ဦးသည် ချန်းချင်း၏ ဒေဝနာကို ကုသပေးခဲ့သည်။

စားဆေး၊ လိမ်းဆေးများ ပေးသည်။ အရေးကြီးသော သွေးကြောများကို နှိပ်နယ်ပေးသည်။ သမားတော်ကြီးက ကျွမ်းကျင်ပါသည်။

သူ၏ကုသမှုကြောင့် ရက်ပိုင်းအတွင်းမှာပင် ချန်းချင်း ထူထူထောင်ထောင် ဖြစ်လာ၏။

သို့သော် အမုန်းဒေဝီ အသုံးပြုခဲ့သော ခွန်အားကုန်ခမ်းဆေးသည် ဆေးမှာ အလွန်ထူးခြားနေသဖြင့် လူကောင်းတစ်ယောက်ကဲ့သို့ ပြန်ဖြစ်လာဖို့ မလွယ်သေးပေ။



အတွင်းအားများလည်း ကုန်ခမ်းနေသည်။ သို့သော် သမားတော်ကြီးသည် အတွေ့အကြုံများသော ဆေးဆရာကြီးဖြစ်၏။

သမားတော်ကြီးက အားပေးစကားပြောသည်။

“သိုင်းသမားတစ်ယောက်ရဲ့ သိုင်းစွမ်းပကားပြန်ရဖို့ မလွယ်သေးပေမယ့် အချိန်ကြာလာတာနဲ့အမျှ ခွန်အားတွေပြန်ပြီး ပြည့်ဖြိုးလာမှာပါ၊ စိတ်ရှည်ရှည်ထားပြီး အနားယူ အားမွေးလိုက်ရင် ပြန်ကောင်းသွားမှာပါ၊ စိတ်ရှည်ဖို့ပဲလိုတယ်၊ စိတ်မြန်လက်မြန်နဲ့ လူကောင်းတစ်ယောက်လို ချက်ချင်း ဖြစ်ချင်လို့တော့ မရပါဘူး”

ချန်းချင်း ကျေးဇူးတင်စကား ပြောလိုက်သည်။

အတွင်းအားများ ပြန်လည်ပြည့်ဝလာသည်နှင့် သိုင်းစွမ်းရည် ပြန်ရလာမည်ဟု နားလည်ထား၏။

ယခုလောလောဆယ်အချိန်တွင် သိုင်းပညာနှင့်ပတ်သက်ပြီး သူ စိတ်မဝင်စားပါ။ အမုန်းဒေဝီနှင့် ပတ်သက်ပြီး သိုင်းလောကကို သူတော်တော် စိတ်ကုန်သွားသည် မဟုတ်ပါလား။

ကောင်းမွန်စွာ သွားနိုင်လာနိုင် လှုပ်ရှားလာနိုင်သောအခါ မြို့စားကြီးအား ခွင့်ပန်ကာ မြို့စားဂေဟာမှ ထွက်လာခဲ့သည်။

သိုင်းလောကအား ကျောခိုင်းကာ အိမ်ပြန်ဖို့ ဆုံးဖြတ်လိုက်လေတော့သည်။

ချန်းချင်း၏ အတွင်းအားမှာ သမားတော်ကြီး၏ ဆေးဝါးများကြောင့် တဖြည်းဖြည်း ပြန်လည်ရရှိလာသော်လည်း ယခင်ထက် စာလျှင် များစွာ ယုတ်လျော့နေသေး၏။

အတွင်းအား ယုတ်လျော့သွားခြင်းကြောင့် သိုင်းစွမ်းရည်သည်း ကျဆင်းသွားသည်ဟုဆိုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းစွမ်းရည် ကျဆင်းနေသည်ကို ချန်းချင်း မည်သို့မျှ သဘော မထားချေ။ သူသည် သိုင်းပညာကို အာသာငန်းငန်း လိုက်ချင်သူလည်း မဟုတ်ချေ။ သိုင်းပညာ သာမန်ဝါသနာပါပြီး ကောင်းသူကယ် မကောင်းသူပယ်ဟူ၍ သာမန်ယူဆွဲသူမျှသာ ဖြစ်သည်။

သူသည် လမ်းမကြီးအတိုင်း လှမ်းလာခဲ့ရင်း စားသောက်ဆိုင် တစ်ဆိုင်အနီးသို့ ရောက်လာလေ၏။

"မိတ်ဆွေလေး ... မိတ်ဆွေလေး"

လူတစ်ယောက်က ဆိုင်ထဲမှထွက်လာပြီး ဝမ်းသာအားရ ခေါ် နေသည်ကို တွေ့ရသည်။

ထိုလူမှာ ကုန်သည် လင်းဝူဖြစ်ကြောင်း ချန်းချင်း မှတ်မိလေ သည်။

လင်းဝူသည် ကုန်ရောင်းကုန်ဝယ်ကိစ္စနှင့် ပက်သက်ပြီး သူ၏ ဖခင်အပေါ် မကျေမနပ် ဖြစ်နေကြောင်းလည်း သိထား၏။

ယခင် တစ်ကြိမ် တွေ့စဉ်က ကောင်းမွန်စွာ ဆက်ဆံခြင်း မပြုခဲ့သည်ကိုလည်း မမေ့နိုင်သေးချေ။ အဖေနှင့်ပတ်သက်ပြီး မချေမငံ ပြောသူအား အဘယ်သူ မေ့နိုင်ပါအံ့နည်း။

ယခုတော့ လင်းဝူက ဝမ်းသာအားရ နှုတ်ဆက်နေသည်။

ချန်းချင်းလည်း လူမှုရေးအရ ပြန်လည်နှုတ်ဆက်လိုက်ရသည်။

"နောင်ကြီး လင်းဝူကိုး၊ ဒီမြို့မှာ ကုန်ပစ္စည်းလာရောင်းတာ လားဗျာ၊ တခြားကိစ္စနဲ့ လာတာလား"

လင်းဝူက ...

"ဟုတ်တယ် ... ကျုပ် ဒီဘက်ကို မကြာခဏရောက်တာပေါ့ မိတ်ဆွေလေး ဘယ်မှ သွားစရာမရှိဘူးဆိုရင် ကျုပ်နဲ့လိုက်ခဲ့ပါလား၊ စားသောက်ရင်း အေးအေးဆေးဆေး စကားပြောကြတာပေါ့"



ချန်းချင်း ပိုပြီး စိတ်ဝင်စားသွားတော့သည်။

လင်းဝူ ဖော်ရွေစွာ ဆက်ဆံနေသည်မှာ အကြောင်းထူးရှိပေ လိမ့်မည်။ သူသည် ယခင်က သူ့အား မလိုတမာ ဆက်ဆံခဲ့သည် မဟုတ်ပါလော။ သူ့အဖေကြောင့် သူတို့ ကုန်သည်လေးများ မပြေ မလည် ဖြစ်နေရသည်ဟု စွပ်စွဲခဲ့သည်။

ချန်းချင်းသည် သူ၏ဖိတ်ခေါ်ချက်အတိုင်း လိုက်လံစား သောက်ရန် သဘောတူလိုက်သည်။

"ကောင်းပါပြီဗျာ"

ချန်းချင်းက ခေါင်းညိတ်လိုက်၏။

"ကဲ ... သွားကြတာပေါ့"

"ဟုတ်ကဲ့"

နှစ်ယောက်သား စားသောက်ဆိုင်လေးဆီသို့ လှမ်းသွားရန် ဟန်ပြင်လိုက်စဉ် ...

"ရပ်လိုက်စမ်း"

နောက်ကျောဘက်မှ ဟန့်တားသံ ထွက်ပေါ်လာသဖြင့် ချန်းချင်း ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။

နောက်လှည့်ကြည့်လိုက်လေရာ လူသုံးယောက် ပြေးလွှားလာ ကြသည်ကို တွေ့လိုက်ရသည်။

ထိုလူများအား ချန်းချင်း မသိချေ။ မည်သည့်အကြောင်း ကြောင့် တားဆီးမှန်းလည်း မသိချေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသုံးယောက်သည် ချန်းချင်းအနီးသို့ ရောက်ရှိလာပြီး ဝိုင်းရံလိုက်ကြသည်။ သူတို့ပုံက ရန်လိုနေသည့်ပုံပင်။

ချန်းချင်းက အံ့သြသွားသည်။

"မိတ်ဆွေတို့က ဘယ်လိုအကြောင်းကိစ္စများ ရှိနေလို့လဲဗျာ"

သူက နားမလည်နိုင်စွာ မေးလိုက်သည်။

ထိုလူသုံးယောက်အနက် တစ်ယောက်က ...

"မင်းက မသိချင်ဟန်ဆောင်နေလို့ရမလား၊ ကျုပ်တို့ မင်းကို မဆုံးမရရင် ဘယ်တော့မှ မကျေနပ်ဘူးဆိုတာ မှတ်ထားပါ၊ မင်းကို ကမ္ဘာမြေဆုံး လိုက်ရှာနေကြတာကွ ..."

"ဗျာ ..."

ချန်းချင်း ပိုပြီး အံ့သြသွားသည်။ သူမသိသော လူများက သူ့အား ရန်စကားပြောနေကြပါကလား။

"ဒီတစ်ခါတော့ မင်းပြေးလို့မရတော့ဘူး"

ကြိမ်းမောင်းရင်း သူ၏လူနှစ်ယောက်ကို လက်ဖြေ့ယမ်းပြလိုက်သည်။

ထိုလူနှင့်အတူ လိုက်ပါလာသူ နှစ်ယောက်ကလည်း ချန်းချင်းကို တိုက်ခိုက်ကြလေတော့သည်။

"ဟော့လူတွေ ခင်ဗျားတို့ ဘယ်လိုလုပ်တာလဲ"

ချန်းချင်းက ကပျာကယာ ရှောင်တိမ်းလိုက်သည်။

လင်းဂူလည်း ကြောက်လန့်တကြားထွက်ပြေးသွားတော့သည်။

ချန်းချင်းမှာ သိုင်းစွမ်းအား ကျဆင်းနေသဖြင့် အခက်တွေ့နေပါသည်။



ဝဲယာတစ်ဖက်တစ်ချက်မှ ဝိုင်းရံတိုက်ခိုက်နေသူ နှစ်ယောက်အား မနည်းခုခံနေရသည်။

ခေါင်းဆောင်လုပ်သူ ပါဝင်တိုက်ခိုက်လိုက်ခြင်း မပြုသေးဘဲ အခြေအနေ စောင့်ကြည့်နေ၏။

ချန်းချင်းကလည်း ဘုမသိဘမသိဖြစ်နေရာ ပြန်လည်တိုက်ခိုက်ခြင်း မပြုလို၍ ကြိုးစားပြီး ရှောင်တိမ်းနေရသည်။

သို့သော် တဖြည်းဖြည်း မောဟိုက်လာပြီး ရှောင်တိမ်းရန် ခက်ခဲလာတော့၏။ သူတို့၏ တိုက်ခိုက်မှုများမှာ ထိခိုက်လာတော့သည်။

ထို့ကြောင့် ...

"ခင်ဗျားတို့ တရားလွန်နေပြီ"

သူသည် ပြန်လည်ရင်ဆိုင်လိုက်ရသည်။ ရှောင်တိမ်းရန် မကြိုးစားတော့ပေ။

ချန်းချင်း ပြန်လည်တိုက်ခိုက်လိုက်သည်။

"ဝုန်း ..."

"အား ..."

ထိုလူနှစ်ယောက် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားကြရလေတော့သည်။

ထိုအခါ ခေါင်းဆောင်လုပ်သူ ပိုပြီးမကျေမနပ်ဖြစ်သွားသည်။

သူက ဒေါသတကြီး ကြိမ်းမောင်းလိုက်၏။

"သိကြသေးတာပေါ့"

ကိုယ်တိုင် ဝင်ရောက်တိုက်ခိုက်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ၏သိုင်းပညာ မခေပါချေ။

ချန်းချင်း ထိတ်လန့်သွားသည်။

တကယ် သိုင်းသမားတစ်ယောက်နှင့် ရင်ဆိုင်တိုးမိပြီဖြစ်ကြောင်း နားလည်မိသည်။ ထို့ကြောင့် သတိထားပြီး ရင်ဆိုင်လိုက်ရသည်။

သိုင်းကွက်နှစ်ဆယ်ခန့် ရင်ဆိုင်မိကြလျှင် ...

"ဝုန်း ..."

ချန်းချင်း နောက်ဆုတ်ပေးလိုက်ရ၏။

ထိုလူ အသာစီး ရသွားသော်လည်း ကျေနပ်ခြင်းမရှိပေ။

"မင်းကို သတ်ပစ်ရမှ ငါကျေနပ်မယ်"

အော်ငေါက်ရင်း ဓားဆွဲထုတ်လိုက်လေ၏။

ချန်းချင်း လန့်သွားသည်။ သူ၏အတွင်းအားများ ကျဆင်းပြီး သိုင်းစွမ်းရည်လည်း နိမ့်ကျနေသည် မဟုတ်ပါလော။

"မိငံ့ဆွေ ခင်ဗျား လူမှားနေပြီထင်ပါတယ်၊ ကျုပ်ဟာ ခင်ဗျားရဲ့ ရန်သူမဟုတ်ပါဘူး၊ သေသေချာချာ ကြည့်ပါဦးဗျာ"

"ဟား ... ဟား ... ဟား ... လူမှားချတဲ့ ကျုပ်ကပဲ တောင်းပန်ရမလို ဖြစ်နေပြီ"

ထိုလူ ဟားတိုက်ရယ်မောလိုက်သည်။

"ကျုပ်အဖေ သေသွားရတာတောင်မှ မင်းက ရန်သူမဟုတ်ဘူး ပြောချင်သေးသလား"

ချန်းချင်းက ...

"ခင်ဗျား အဖေဘယ်သူလဲ၊ ကျုပ်မသိရပါလား၊ ကျုပ်နဲ့ဘာမဆိုင်ဘူးထင်ပါတယ်၊ ကျုပ် မသတ်မိပါဘူးဗျာ"



"ဘာကြောင့် မဆိုင်ရမှာလဲ၊ သိုင်းဆရာစွန်းယို့ကို မင်း မေ့သွားပြီးလား၊ ငါ့အဖေကို သေရွာက ပြန်ခေါ်ပေးရမှာလား"

"ဗျာ ..."

သိုင်းဆရာ စွန်းယို့ဟူသော အမည်ကြားသောအခါမှ ချန်းချင်း ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့လေတော့သည်။

အဖြစ်အပျက်ကိုလည်း နားလည်သဘောပေါက်သွားလေ၏။

သူ့အား တိုက်ခိုက်နေသူကိုလည်း မှတ်မိသွားတော့သည်။

ထိုလူမှာ သိုင်းဆရာ စွန်းယို့၏သား စွန်းရှောင်ဖြစ်နေသည် မဟုတ်ပါလား။ စွန်းရှောင်သည် သူ့အပေါ် အမှတ်ထားနေသည်။ အခဲမကျေသူဖြစ်နေသည်။

စွန်းရှောင်က ...

"မင်းကြောင့် ကျုပ်အဖေ သေဆုံးခဲ့ရတာ၊ မင်းနဲ့စာရင်းရှင်းမယ်၊ ဟိုတစ်ခါ စာရင်းရှင်းမလို့ ဥစ္စာ မင်းထွက်ပြေးသွားလို့ စာရင်းမရှင်းရတာ ..."

အော်ငေါက်ရင်း တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

ချန်းချင်း ခုခံဖို့ မကြိုးစားတော့ပါ။ သူစိတ်လျော့လိုက်ပါသည်။ မလှုပ်မယှက် ရပ်နေလိုက်လေ၏။

စွန်းရှောင် မျက်မှောင်ကြုတ်သွားသည်။

"မင်း မခုခံတော့ဘူးလား၊ မင်း သိသွားပြီးလား"

"ဟုတ်ပါတယ်ဗျာ ... ခင်ဗျားမကျေနပ်ရင် ကျုပ်ကို သတ်နိုင်ပါတယ်၊ ခင်ဗျားအဖေကို ကျုပ်လုပ်ကြံခဲ့တာ မဟုတ်ပါဘူး"

စွန်းရှောင်က ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ အမုန်းဒေဝီ ပူးပေါင်းလုပ်ကြံခဲ့တာ ကျုပ်မသိဘူး မှတ်နေသလား၊ သူကော ဘယ်မှာလဲ"

"အမုန်းဒေဝီ သေဆုံးသွားပါပြီဗျာ"

"ဘာ ..."

ချန်းချင်းက အကျိုးအကြောင်း ပြောပြလိုက်လေ၏။

စွန်းရှောင် မယုံနိုင်အောင် ဖြစ်နေသည်။

သူတကယ် မယုံသဖြင့် ထပ်မေးလေ၏။

"မင်းတကယ်ပြောနေတာ ဟုတ်မဟုတ် မြို့စားကြီးဆီက ကျုပ် သွားမေးမယ်၊ မင်းလိုက်ပြီး ဖြေရှင်းဝံ့ပါ့မလား"

"ရပါတယ်၊ ကျုပ်လိုက်ခဲ့ပါ့မယ်၊ လိုက်ရှင်းပါ့မယ်ဗျာ"

"ဒါဖြင့် သွားမယ်"

"ကောင်းပါပြီဗျာ"

ချန်းချင်းသည် မြို့စားဂေဟာသို့ ဒုတိယအကြိမ် ပြန်လည် ရောက်ရှိသွားခဲ့လေတော့သည်။

ကောင်းတုံမြို့စားသည် ချန်းချင်း၏ အဖြစ်အပျက်များကို သိထားပြီးသူ ဖြစ်ပါသည်။ အဖြစ်အပျက်များကို ခရေစေ့တွင်းကျ သိပြီး ဆက်လက်ဆောင်ရွက်ရမည့် တာဝန်များကိုလည်း ယူထား သည်။

ထို့ကြောင့် စွန်းရှောင် နားလည်လက်ခံလာအောင် အကျိုး အကြောင်း ရှင်းပြပေးခဲ့သည်။

ကောင်းတုံမြို့စား ကိုယ်တိုင် သက်သေခံနေသည်ဖြစ်၍ စွန်းရှောင်း လက်မခံ၍မရတော့ပေ။



အမုန်းဒေဝီလည်း သေဆုံးသွားပြီဖြစ်၍ ရှေ့ဆက်ဖို့ အကြောင်း မရှိတော့ပါ။ ကိစ္စအားလုံး ပြီးသွားပါပြီ။

စွန်းရှောင်က ချန်းချင်းအား တောင်းပန်လိုက်လေ၏။

"ကျုပ်အထင်မှားပြီး စော်ကားသလို ဖြစ်သွားတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ဗျာ"

ချန်းချင်း ပြုံးလိုက်သည်။ သူစိတ်အေးသွားရပါပြီ၊ စွန်းရှောင် ကိုလည်း သူဒေါသမဖြစ်ပါ။

"ရပါတယ်ဗျာ ... အဖြစ်မှန်ကို မသိလို့ဘဲ၊ ကျုပ် ဘယ်လိုမှ သဘောမထားပါဘူး၊ အဖြစ်မှန်မသိရင် ဒီလိုပဲ အထင်မှားတတ်ကြ တာပဲဗျာ"

နှစ်ယောက်သား ပြေလည်မှုများ ရရှိသွားခြင်းကြောင့် ကောင်းတုံမြို့စားလည်း ကျေနပ်သွားသည်။ သိုင်းလောကရန်ငြိုး ရန်စများကို မြို့စားသိသည်။

စွန်းရှောင်း မြို့စားကြီးကိုလည်း တောင်းပန်လိုက်၏။

"မြို့စားကြီးကို ဒုက္ခပေးမိသလိုဖြစ်သွားတာကို တောင်းပန်ပါ တယ်ဗျာ၊ ကျုပ်ကိုခွင့်လွှတ်ပါ၊ ကျုပ်လည်း ဖအေဆုံးထားရတော့ ဒေါသထွက်နေမိတာပါ"

"ကိစ္စမရှိပါဘူး၊ မိတ်ဆွေလေး ချန်းချင်းအတွက် ပြေလည် အောင် ဖြေရှင်းပေးနိုင်ခဲ့တာကိုပဲ ဝမ်းသာလို့မဆုံးပါဘူး၊ တကယ် တော့ မိတ်ဆွေလေးဟာ ဒုက္ခရောက်ခဲ့တာပါ"

ထို့နောက် စွန်းရှောင်သည် အားလုံးကို နှုတ်ဆက်ကာ မြို့စား ဂေဟာမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

☼ ❖ ☼

www.burmeseclassic.com

www.burmeseclassic.com



စွန်းရှောင် ထွက်ခွာသွားပြီဖြစ်လေပြီ။

ရန်ငြိုးရန်စ ဖြစ်နိုင်သည့်ကိစ္စတစ်ခု ပြီးပြတ်သွားသဖြင့် ချန်းချင်း ဝမ်းသာနေသည်။

သူ့အတွက် ဖြေရှင်းပေးခဲ့သော မြို့စားကြီးကိုလည်း ကျေးဇူးတင်မိသည်။ မြို့စားကြီး၏ သဘောကိုလည်း သူသိသည်။

သဘောကောင်းသည့် မြို့စားကြီးမဟုတ်ပါလား။

"ကျွန်တော့်ကို ကူညီတဲ့အတွက် မြို့စားကြီးကို ဘယ်လို ကျေးဇူးတင်ရမှန်း မသိတော့ပါဘူး ခင်ဗျာ"

ကောင်းတဲ့မြို့စားက ...

"ဒါတွေ ပြောမနေပါနဲ့တော့၊ မင်းကို ပြန်တွေ့ရတာပဲ ကျုပ် ဝမ်းသာနေတာပါ၊ သမားတော်ကြီးက မင်းအတွက် အစွမ်းထက်တဲ့ ဆေးတစ်လုံး လာပေးသွားတယ်၊ ဒီဆေးကို သောက်လိုက်ရင် အတွင်းအား လေ့ကျင့်စရာမလိုဘဲ အချိန်တန်ရင် အတွင်းအားနဲ့ သိုင်းစွမ်းရည် ပြန်ရလာလိမ့်မယ်လို့လည်း ပြောသွားတယ်၊ တော်တော် ဝမ်းသာစရာကောင်းပါတယ်"

ချန်းချင်းအတွက် ဆေးတစ်လုံး ပေးပြီး ချက်ချင်း သောက်နိုင်းသည်။

ချန်းချင်းမှာ မြို့စားကြီးကို အားနာသဖြင့် ဆေးသောက်လိုက်ရတော့သည်။ သူ့အတွက် သိုင်းပညာလည်း မလိုအပ်တော့ပါ။ သူ စိတ်ကုန်သွားပါပြီ။

ထို့နောက် ကျောက်ဂူကြီးထဲ၌ ဝှက်ထားသော ရတနာသေတ္တာများအကြောင်း၊ နန်းတွင်းသို့ ပြန်လည်အပ်နှံရမည့်အကြောင်းများကို



ပြောဆိုကြပြီး နေမွန်းတည့်ချိန်တွင် မြို့စားဂေဟာမှ ချန်းချင်း ပြန်ထွက်လာခဲ့လေတော့သည်။

ရတနာသေတ္တာများကိုလည်း မြို့စားကြီး တာဝန်ယူကာ နန်းတွင်းသို့ သွားရောက်ပို့ဆောင်အပ်နှံမည် ဖြစ်ပါသည်။

စွန်းယို့သည်လည်း ဖခင်ကြီး လုပ်ကြံခံရသည့်ကိစ္စနှင့် ပတ်သက်၍ အဖြစ်မှန်ကိုသိသွားပြီဖြစ်၍ ချန်းချင်းအပေါ် ဒေါသမဖြစ်တော့ပါ။

ချန်းချင်း၏ ရင်ထဲ ပေါ့ပါးသွား၏။

သမားတော်ကြီး ကုသပေးသဖြင့် ခွန်အားကုန်ခမ်းသည့် ဝေဒနာ တစ်စတစ်စ သက်သာလာ၍လည်း ကျေနပ်မိ၏။

ကိစ္စအားလုံး ပြီးပြတ်သွားပြီဖြစ်ရာ သူ၏ရည်ရွယ်ချက်အတိုင်း အိမ်ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

ချန်းချင်း မင်းလမ်းမကြီးအတိုင်း လျှောက်လာစဉ် ...

"မိတ်ဆွေလေ ..."

ခေါ်သံနှင့်အတူ လူတစ်ယောက် အနီးသို့ရောက်လာသဖြင့် ကြည့်လိုက်ရာ ကုန်သည်ပွဲစား လင်းဂူဖြစ်နေပြန်သည်ကို တွေ့လိုက်ရ၏။

"ခင်ဗျား ထွက်မသွားသေးဘဲကိုး၊ ကျုပ်က ခင်ဗျား ထွက်ပြေးသွားတော့ မတွေ့တော့ဘူးလို့ထင်နေတာ"

လင်းဂူက ...

"ကျုပ်က မိတ်ဆွေလေးအတွက် စိတ်ပူနေတာနဲ့ ... ဖြစ်သေးတာပါ၊ ကျုပ်က သတင်းကို စောင့်နားထောင်နေတာ ..."

www.burmeseclassic.com



"ကျုပ်ကို အထင်မှားကြတာပါ၊ မြို့စားကြီးဆီကို သွားဖြေရှင်းပြီးပါပြီ၊ ဒါထက် ခင်ဗျားကိုကြည့်ရတာ ပြောစရာတစ်ခုခုရှိနေတယ် ထင်တယ်၊ ဘာများပြောချင်လို့လဲ၊ ပြောစရာရှိရင် ပြောနိုင်ပါတယ်ဗျာ"

လင်းဂူက ...

"တခြားမဟုတ်ပါဘူး၊ သူဌေးကြီး ကြူးယီရဲ့ စီးပွားရေးလုပ်ငန်းတွေကို လွှဲပြောင်းယူပြီးရင် ကျုပ်တို့ ရင်းရင်းနှီးနှီး ဆက်ဆံကြဖို့ ပြောမလို့ပါ"

"ဘာဗျ ..."

"သူဌေးကြီးကြူးယီ မရှိတဲ့နောက် မိတ်ဆွေလေးပဲ လုပ်ငန်းတွေကို ဦးစီးရတော့မှာမဟုတ်လား၊ ဒါကြောင့်မို့ မိတ်ဆွေလေးနဲ့ စကားပြောချင်နေတာပါ"

"ဘာ ... ဘာပြောတယ်၊ ကျုပ်အဖေ သေသွားပြီဟုတ်လား"

"ဟုတ်တယ်လေ ... မိတ်ဆွေလေး မသိသေးဘူးလား"

ချန်းချင်း မယုံနိုင်အောင် ဖြစ်သွားသည်။

"ခင်ဗျား လိမ်ပြောနေတာပဲ"

"ဟာ ... သူဌေးကြီး ကြူးယီ သေဆုံးသွားတာကို လူတိုင်းသိနေကြတာပဲ၊ ကျုပ် လိမ်ပြောစရာအကြောင်းမရှိပါဘူး၊ မယုံရင် မိတ်ဆွေလေး စုံစမ်းကြည့်ပါ"

ချန်းချင်း ထိတ်လန့်သွား၏။

"ဖေဖေ ... ဖေဖေ သေသွားပြီဆိုပါလား"

သူက အိမ်ပြန်တော့မည့်အခါမှ ဖခင်ကြီး သေဆုံးသွားသည့် သတင်း ကြားရချေပြီ။



ချန်းချင်းသည် လင်းဂူကို နှုတ်ဆက်ပင် သတိမရတော့ဘဲ ဘစ်ဟုန်ထိုး ပြေးထွက်လာခဲ့မိလေတော့သည်။

"ခွပ် ခွပ် ... ခွပ် ခွပ်"

"ခွပ် ခွပ် ... ခွပ် ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ မြည်ဟီးထွက်ပေါ်နေသည်။

မြင်းစီးသမားတစ်ယောက်သည် ပန်းနီကျေးရွာသို့ ဦးတည်ကာ ခရီးပြင်းနှင်နေသည်။

ချန်းချင်းပင် ဖြစ်ပါတော့သည်။

"ဖေဖေ ..."

"ညီမလေး ..."

တစ်လမ်းလုံး ဖခင်ကြီး ကြူးယီနှင့် ညီမလေး ကြူးဝေတို့အား ဘမ်းတလာခဲ့မိသည်။

ကျေးဇူးရှင်ဖခင်ကြီးအား ဂရုမစိုက်ဘဲ နေမိသလိုဖြစ်ခဲ့၍ ဖြေဆည်နိုင်အောင် ဖြစ်နေသည်။ သူ့အဖြစ်ကို သူနောင်တရ၍ မဆုံးသော့ပေ။

ဖခင်ကြီးမရှိတော့သဖြင့် ကြူးဝေမှာ မျက်စိသူငယ် နားသူငယ် ရှိနေပေလိမ့်မည်။

ကြူးဝေအား စောင့်ရှောက်ဖို့ သူ့တာဝန်ရှိနေပြီဖြစ်သည်။

ဖခင်ကြီးအပေါ် တာဝန်မကျေခဲ့သမျှ ကြူးဝေအား တစ်သက်လုံး စောင့်ရှောက်ကာ ပေးဆပ်ရပေသည်။

"ညီမလေးရယ် ... ဘာမှမပူပါနဲ့၊ ညီမလေးကို တစ်သက်လုံး ပျော်ရွှင်ချမ်းမြေ့အောင် ကူညီစောင့်ရှောက်ဖို့ အစ်ကို ပြန်လာခဲ့ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်းသည် နေ့ကောညပါ မရပ်မနား ခရီးနှင်ခဲ့ရာ နောက်ဆုံး ပန်းနီကျေးရွာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားခဲ့လေတော့သည်။

* ❖ *



အခန်း(၂၃)

## အဆိုးဝါးဆုံးကာလ

ပန်းနီကျေးရွာ ... ။

ပန်းနီကျေးရွာ၏ တောင်ဘက် ရွာစွန်များတွင် ခြံဝင်းကျယ်ကြီးတစ်ခု ရှိသည်။ ရွာစွန်ရွာများဟူ၍ အထင်မသေးပါနှင့်။

ခြံဝင်းအတွင်း၌ ကြီးမားခဲ့ညားသည့် အဆောက်အအုံကြီးတစ်ဆုံး ရှိသည်။

ပန်းနီကျေးရွာတွင်အကြီးကျယ်ဆုံး၊ အခမ်းနားဆုံး ခြံဝင်းနှင့် အဆောက်အအုံကြီးဖြစ်သည်။

ပိုင်ရှင်မှာ ပန်းနီကျေးရွာ၌သာမက ထိုက်ယန်မြို့သို့တိုင် ထင်ရှားသည့် သူဋ္ဌေးကြီး ကြူးယီ ဖြစ်ပေသည်။

သူဋ္ဌေးကြီးကြူးယီသည် သဘောမနောကောင်းသူဖြစ်သည့်အပြင် ကေတာရီ ကျင့်ကြံနေထိုင်လိုသည့်စိတ်ထား ရှိသူဖြစ်သည်။

ထို့ကြောင့် ရွာစွန်ရွာများမှ၌ သီးသန့်နေထိုင်သကဲ့သို့ ရွာသူရွာသားများသည်လည်း အရေးကြီးသော အကြောင်းကိစ္စမရှိဘဲသူဋ္ဌေး

www.burmeseclassic.com

www.burmeseclassic.com



ကြီး ကြူးယီ၏ ခြံဝင်းသို့ အဝင်အထွက် မလုပ်ကြချေ။ ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းတို့က အတားအဆီးကဲ့သို့ ဖြစ်နေသည်။

သူဌေးကြီး ကြူးယီပိုင်ဆိုင်သည့် လယ်ယာမြေများ၊ ဈေးဆိုင်များ စသည့် စီးပွားရေးလုပ်ငန်းအဝဝကို ဘဏ္ဍာထိန်းကြီး လောက်ဂူက တာဝန်ယူစီမံဆောင်ရွက်သည်။

ဘဏ္ဍာထိန်းကြီး လောက်ဂူး ...။

သူသည် သူဌေးကြီး၏ ကိုယ်စားလှယ်ဖြစ်၏။

ရွာသူရွာသားများသည် ဘဏ္ဍာထိန်း လောက်ဂူးနှင့်သာ တွေ့ဆက်ဆံမှုများသည်။

သူဌေးကြီး ကြူးယီမှာ ပန်းနီကျေးရွာ၌သာ နေထိုင်သော်လည်း ပန်းနီကျေးရွာအတွက် သူစိမ်းပြင်ပြင် ဖြစ်နေသည်ဟုထင်ရသူဖြစ်သည်။

ထို့မျှမကသေး ... သူဌေးကြီး ကြူးယီး၏ မွေးစားသားချန်းချင်းနှင့် သမီးရင်း ကြူးဝေတို့သည်လည်း ရွာသူရွာသားများနှင့် မေးထူးခေါ်ပြောရှိရုံမျှအပ ခပ်စိမ်းစိမ်းဖြစ်နေခဲ့ကြရသည်။

အဘယ့်ကြောင့်ဆိုသော် သူတို့သည် သူတို့၏ခြံဝင်း၌သာ အနေများခဲ့သောကြောင့် ဖြစ်၏။

ချန်းချင်းသည် လွန်ခဲ့သော သုံးနှစ်ကပင် 'စွန်ကျိုး' မြို့သို့ သွားကာ သိုင်းပညာသင်ကြားနေခဲ့သည်။

ကြူးဝေမှာလည်း ခြံဝင်းအတွင်းမှ အပြင်ဘက်သို့ ထွက်သည်ဟူ၍ မရှိသလောက်ဖြစ်သည်။ သူဌေးကြီးကြူးယီက သူ့သမီးအရိပ်တကြည့်ကြည့် ကြည့်နေ၍လည်း ဖြစ်သည်။



သို့ဖြစ်၍ ရွာသူရွာသားများသည် ဘဏ္ဍာထိန်းကြီး လောက်ဂူးကိုပင် သူဌေးကြီးအဖြစ် သဘောထားကာ ဆက်ဆံကြသည်မှာ ဆန်းတော့ချေ။ သူတို့အဖို့ သူဌေးကြီး ကြူးယီအစား သူဌေးကြီး လောက်ဂူး ဖြစ်နေပေပြီ။

သူဌေးကြီးကြူးယီး ကွယ်လွန်သွားသည့်အခါ၌လည်း လူမှုရေးအရ မေးမြန်းကြသော်လည်း ဝတ်ကျေတန်းကျေသာ ဖြစ်ခဲ့ပေသည်။

ပန်းနီကျေးရွာ၏ အခြားသော အသုဘအခမ်းအနားများ၌ သည်ကားသိုက်မြိုက်နေတတ်သော်လည်း ကျိကျိတက် ချမ်းသာကြွယ်ဝသည့် သူဌေး ကြူးယီ၏ အသုဘကိစ္စ၌မူ တိတ်ဆိတ်ခြောက်သွေ့နေပေတော့သည်။

✳ ❖ ✳

ခွပ် ခွပ် ... ခွပ် ခွပ်"

"ခွပ် ခွပ် ... ခွပ် ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

အစိမ်းရောင်ဝတ်ဆင်ထားသည့် လုလင်တစ်ယောက်သည် သူဌေးကြီး ကြူးယီ၏ ခြံဝင်းအတွင်းသို့ မြင်းဒုန်းစိုင်းစီးနင်းကာ ဝင်ရောက်လာလေ၏။ သူစီးနင်းလာပုံမှာကြောက်စရာပင်ကောင်း၏။

ထိုလုလင်သည် အဆောက်အအုံရှေ့သို့ရောက်လျှင် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ကျောက်လှေကားထစ်များ အတိုင်း အဆောက်အအုံပေါ်သို့ ပြေးတက်သွားသည်။ သူပြေးဆင်းပုံ ပြေးတက်ပုံမှာ အလျင်စလိုနိုင်လှသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံကြောင့် အဆောက်အအုံအတွင်းမှ မိန်းကလေးတ ယောက်နှင့် အသက်ငါးဆယ်ခန့်ရှိ အဘိုးအိုတစ်ယောက်တို့ ထွက် လာကြသည်။

မိန်းကလေးမှာ အသက်ဆယ့်ရှစ်နှစ်ခန့်သာ ရှိဦးမည်ဟု ထ ရသည့် ချောမောလှပသည့် မိန်းကလေးတစ်ယောက် ဖြစ်သည်။

ထိုမိန်းကလေးသည် လုလင်အား တွေ့မြင်လိုက်သည်နှ အသည်းအသန် အော်လေ၏။

"အစ်ကို ချန်းချင်း"

လုလင်မှာ သူဌေးကြီး ကြူးယီ၏ မွေးစားသား ချန်းချင်း ဖြစ်ပါသည်။

သူဌေးကြီး ကြူးယီသည် အိမ်ထောင်သက်တမ်းရှင်လာ ဖြစ်သည့်တိုင် ဇနီးသည်မှာ သားသမီး မွေးပေးနိုင်ခြင်းမရှိသဖြ မိဘမဲ့ ချန်းချင်းအား မွေးစားခဲ့ခြင်းဖြစ်သည်။

ချန်းချင်း သုံးလသားအရွယ်မှစ၍ မွေးခဲ့ရသဖြင့် သားအရင်း တစ်ယောက်ကဲ့သို့ပင် ချစ်မြတ်နိုးလှသည်။

ချန်းချင်းမှာပင် သူဌေးကြီး ကြူးယီအား ဖခင်အရင်းကဲ့သ ပင် သဘောထားသည်။

ချန်းချင်း အရွယ်ရောက်လာချိန်၌ သူဌေးကြီး ကြူးယီက ထိန်ဝှက်မထားသင့်ဟု ယူဆကာ အဖြစ်မှန်ကို ပြောပြခဲ့၍သာ မိမိ မွေးစားသားဖြစ်ကြောင်း ချန်းချင်းက သိခဲ့ရခြင်းဖြစ်သည်။ ဤသ ပြောပြခြင်းမှာလည်း သူဌေးကြီးကြူးယီ၏ မှန်ကန်သော စိတ်သဘော ကြောင့်သာ ဖြစ်၏။



ချန်းချင်းအား မွေးစားပြီးမှ ထူးထူးခြားခြားဖြစ်ကာ ကြူးဝေ အား ကိုယ်ဝန်ရှိခဲ့ရာ သူဌေးကြီး ကြူးယီအတွက် သားတစ်ယောက် သမီးတစ်ယောက် ရခဲ့သည်ဖြစ်သဖြင့် အတိုင်းထက်အလွန် ဖြစ်ခဲ့ ရပေတော့သည်။

ချန်းချင်းနှင့် ကြူးဝေတို့ကြား၌ 'မွေးစားသား ဆိုသည့် အထား အဆီး ရှိမနေချေ။

သူတို့နှစ်ယောက် မောင်နှမရင်းခြာပမာ ချစ်မြတ်နိုးကြသည်။ အလွန် ရင်းနှီးကြသည်။ တကယ့် မောင်နှမအရင်းအတိုင်းပင် ဆက်ဆံကြသည်။

ချန်းချင်းသည် ကြူးဝေအား ငယ်စဉ်ကပင် ထိန်းကျောင်းခဲ့ သဖြင့် အလွန်သံယောဇဉ်ကြီးလှသည်။

ကြူးဝေမှာလည်း ချန်းချင်းအား အလွန်ပင် အားကိုးသည်။

ကြူးဝေသည် သူ့အစ်ကိုအား မြင်ရသောအခါ သူ့စိတ်ကို ချုပ်တည်းမရနိုင်တော့ပေ။

ချန်းချင်း၏ ရင်ခွင်ထဲသို့ တိုးဝင်ကာ ရှိုက်ကြီးတငင် ငိုကြွေး လိုက်လေတော့သည်။

"အစ်ကို ဖေဖေ ဆုံးသွားပြီ အစ်ကိုရဲ့၊ ညီမတို့ မောင်နှမကို သွားပြီ အစ်ကိုရဲ့"

သူမသည် သည်းထန်စွာ ငိုကြွေးလေတော့၏။

ချန်းချင်း၏ မျက်လုံးအစုံမှ မျက်ရည်များက စီးကျလာသည်။

ကြူးဝေအား မွေးဖွားပြီးနောက် သူဌေးကြီး ကြူးယီ၏ ဇနီး သည် ကွယ်လွန်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူဌေးကြီးကြူးယီသည် သားသမီးနှစ်ယော[illegible] အပေါ်၌ အချစ်ပုံထားပြီး နောက်ထပ် အိမ်ထောင်မပြုတော့[illegible] အိမ်ထောင်သစ်က သားသမီးများအပေါ် စာနာခြင်း မရှိမည်[illegible] သူဌေးကြီး စိုးရိမ်သည်။

သူတို့အပေါ် မေတ္တာတရားကြီးမားစွာ ထားရှိခဲ့သည့် ဖခင်[illegible] ဖြစ်သူ [illegible]လွန်သွားသဖြင့် မောင်နှမနှစ်ယောက် ကြေကွဲမဆုံးအောင် ဖြစ်နေကြရတော့သည်။

ချန်းချင်းက …

"ဖေဖေ ဘယ်လိုများဖြစ်ရတာလဲ ညီမလေးရယ်၊ နေထိုင်မကောင်း ဖြစ်တယ်ဆိုရင်လည်း အစ်ကို စောစောစီးစီး ပြန်လာ[illegible] မှာပေါ့၊ ခုတော့ ဖေဖေရဲ့ အသက်ကိုတောင် မမီလိုက်ဘူး၊ အစ်ကိုဟာ ဖေဖေ့အတွက် ဘာမှမလုပ်ပေးနိုင်ခဲ့လို့ ဝမ်းနည်းလို့မဆုံးနိုင်တော့ပါဘူး ညီမလေးရယ်"

ချန်းချင်က ဆို့နင့်စွာ ပြောလေ၏။

ကြူးဝေက ငိုရှိုက်နေပြီး ဘာမှပြန်မပြောချေ။

ကြူးဝေနှင့် အတူပါလာသည့် အဘိုးအိုက ပြောလာ၏။

"ငါ့တူကြီးဆီကို ကြိုတင်အကြောင်းကြားဖို့တောင် အချိန်မ[illegible] လိုက်ပါဘူးကွယ်၊ သူဌေးကြီးဟာ ဗြုန်းစားကြီးဆိုသလို ဖြစ်သွားတာပါ"

ချန်းချင်းက အဘိုးအိုကို ကြည့်ကာမေးလိုက်လေ၏။

"ဦးလေးလောက်ဂူး ဖေဖေဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်တော်ကို ပြောပြပါလားဗျာ၊ ကျွန်တော် သိချင်တယ်"

BURMESE CLASSIC .com



အဘိုးအိုးမှာ ဘဏ္ဍာထိန်း လောက်ဂူးပင်ဖြစ်သည်။

လောက်ဂူးက ရှင်းပြသည်။

"သူဌေးကြီးဟာ မနက်တိုင်း ပန်းဥယျာဉ်ထဲဆင်းပြီး ပန်းပင်တွေ ပြုစုစိုက်ပျိုးတတ်တာ ငါ့တူသိတဲ့အတိုင်းပဲ၊ အဲဒီနေ့ မနက်က ပန်းဥယျာဉ်ထဲ ဆင်းသွားပြီး ပန်းပင်တွေကို ပြုပြင်နေရာက မူးတယ်၊ မူးတယ်ဆိုပြီး လဲကျသွားတာ တစ်ခါတည်း အသက်ပါသွားတာပဲ၊ သမားတော် ပင့်ဖို့တောင် အချိန်မရလိုက်ပါဘူး၊ အသက်ပါသွားတာ သိပ်မြန်တာပါပဲ"

ချန်းချင်းက …

"အဲဒီအချိန်က ဖေဖေ့အနားမှာ ဘယ်သူမှမရှိကြဘူးလား၊ ရှိကြရင် အခြေအနေ တစ်မျိုးဖြစ်ရမှာပေါ့"

လောက်ဂူးက …

"ရှိပါတယ် … ရှိပါတယ်၊ ကျုပ်ကော မင်းညီမကော ရှိနေကြပါတယ်ကွယ်"

ကြူးဝေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် … အစ်ကို ညီမလည်းရှိပါတယ်"

ဖခင်ဖြစ်သူမှာ အသက်ကြီးသူများ ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း ရှောင်တခင် မူးမိုက်သေဆုံးသွားခြင်းဖြစ်မည်ဟု ချန်းချင်း တွေးလိုက်မိသည်။

လောက်ဂူးက အခြေအနေကိုထိန်းသည်။

"ကဲ … ကဲ … အိမ်ထဲဝင်ကြပါဦးကွယ်၊ အိမ်ပေါက်ဝမှာ ရပ်နေကြတာ မကောင်းပါဘူး၊ မင်းလည်း ခရီးပြင်းနှင်လာတာဆိုတော့ အတော့်ကို ပင်ပန်းနေမှာပါပဲ"

www.burmeseclassic.com

ထို့နောက် သူကပင် ဦးဆောင်ကာဝင်သွားသဖြင့် ချန်းချင်းနှင့် ကြူးဝေတို့လည်း လိုက်ပါသွားကြလေတော့သည်။ သူတို့၏ အိမ်၌ အခြေအရုံသင်းပင်း များစွာမရှိပါ။

အိမ်ထဲမှ အိမ်ထောင်ပရိဘောဂပစ္စည်းများ ပြင်ဆင်ထားပုံမှာ သူဌေးကြီးကြူးယီ ရှိစဉ်ကအတိုင်း ဘာဆိုဘာမျှ မပြောင်းလဲပါချေ။

ချန်းချင်း ပင့်သက်ရှိုက်လိုက်ပြီး တီးတိုး ရေရွတ်လိုက်၏။

"ဘာဆိုဘာမှ မပြောင်းလဲဘူး၊ ဖေဖေအသက်ထင်ရှားရှိနေစဉ်က အတိုင်းပါပဲလား"

ကြူးဝေက မျက်ရည်သုတ်ရင်း ...

"ညီမလေးရဲ့ စိတ်ထဲမှာတော့ ခုထိ ဖေဖေရှိနေတုန်းပဲလို့ ထင်နေဆဲပါပဲ၊ ဒါပေမယ့် အစ်ကိုရယ် ဖေဖေ ကွယ်လွန်သွားပါပြီ။ ဖေဖေ့ကို ဘယ်တော့မှ ပြန်တွေ့ရတော့မှာမဟုတ်ပါဘူး"

ဟု ကြေကွဲစွာပြောသည်။

မောင်နှမနှစ်ယောက် ကြေကွဲဝမ်းနည်းနေသည်ကိုကြည့်ကာ လောက်ဂူး စိတ်မချမ်းမမြေ့ ဖြစ်လာသည်။

"ကဲ ... ကဲ ... ငါတို့ကြီးလည်း ခရီးပန်းလာရောပေါ့၊ ရေမိုးချိုးပြီး အနားယူလိုက်ပါဦး၊ ထမင်းစားပြီးမှ သူဌေးကြီးရဲ့ အုတ်ဂူကို သွားပြီး ဂါရဝပြုလိုက်ကြတာပေါ့"

လောက်ဂူးက မောင်နှမနှစ်ယောက်အား ပြောလိုက်လေ၏။

ချန်းချင်းက ကြူးဝေကို ကြည့်လိုက်သည်။ သူ့ညီမလေးကို ကြင်နာသနားစိတ်ဖြင့် ကြည့်ခြင်းဖြစ်သည်။



ဖခင်ကြီး မရှိတော့သည့်အတွက် အစစအရာရာ သူ့တွင် တာဝန် ရှိလာပြီဟု ချန်းချင်း ခံစားနေရသည်။

"ငါ့ညီမလေးကို စိတ်ချမ်းသာအောင် ထားပြီး တစ်သက်လုံး စောင့်ရှောက်သွားရမယ်"

သူသည် စိတ်ထဲမှ ခိုင်မာစွာ ရေရွတ်နေမိလေတော့သည်။

ဖွင့်ထားသည့် ပြတင်းပေါက်မှတစ်ဆင့် ပန်းရနံ့များ သယ်ဆောင်လာသည့် လေပြည်လေညင်း ဖေ့ယမ်းတိုက်ခိုက်လာသည်။ သူ၏ စိတ်နှလုံးကို အေးချမ်းလန်းဆတ်စေသည်မှာ အလွန်ပင် ဖြစ်တော့သည်။

ယခုမှ သူသည် ပင်ပန်းနွမ်းနယ်မှုကို ခံစားလာရသည်။ ကြူးဝေ၏ စာရသည်နှင့် ချက်ချင်း ခရီးပြင်းလာခဲ့ခြင်း ဖြစ် သည်။ သူ၏အပြန်ခရီးက ပင်ပန်းလှသည်။

လမ်းခရီး၌ တစ်ချက်ကလေးမျှ ရပ်နားခြင် မပြုခဲ့ချေ။

မုန့်ခြောက်အနည်းငယ်သာ စားလိုက်၊ ရေတစ်ငုံသောက်လိုက် ဖြင့် နေ့ရောညပါ ခရီးပြင်း နှင်လာခဲ့ရခြင်းဖြစ်သည်။

ဖခင်အတွက် စိတ်သောကရောက်နေသဖြင့် ပင်ပန်းရမှန်း မသိချေ။ မကြာမီက အမုန်းဒေဝီ၏ အားပျော့အဆိပ်ဒဏ်ကို သူခံခဲ့ရသေးသည် မဟုတ်ပါလော။ သူတို့သည် မကြာမီပင် ရွာပြင်သုသာန် သို့ သွားကာ ဖခင်၏ အုတ်ဂူ၌ ရှိခိုးကန်တော့ခဲ့ကြသည်။ သူ့စိတ်ထဲ ၌ ဖခင်ကြီး ဘာကယ်မသေဆုံးဟု ထင်နေခဲ့မိသည်။ ယခု အုတ်ဂူကို တွေ့မြင်ရသောအခါ ဖခင်ကြီး သေဆုံးသွားပြီဆိုသည်ကို လက်မခံ၍ မဖြစ်တော့ပါ။

www.burmeseclassic.com



အသက်ရှင်လျက် ကျန်ရစ်ခဲ့သည့် သူတို့၏ ရှေ့ခရီးအတွ မည်သို့မည်ပုံ ဆက်၍ စခန်းသွားကြမည်ဆိုသည်မှာ စဉ်းစားစ ဖြစ်လာသည်။

ယခု လောလောဆယ် ဘဏ္ဍာဘိန်း လောက်ဂူးကိုပင် အား အားထား ပြုလာခဲ့သည် မဟုတ်ပါလား။

ရုတ်တရက် ခြေသံများ ထွက်ပေါ်လာသည်။

ချန်းချင်း လှည့်ကြည့်လိုက်သောအခါ လောက်ဂူးသည် အိ တစ်လုံးဆွဲကာ ဝင်လာသည်ကို တွေ့လိုက်ရလေ၏။

လောက်ဂူးက ခေါင်းယမ်းရင်း ပြောနေသည်။

"ကြူးဝေတော့ အိပ်ပျော်သွားပြီ၊ သူလည်း အတော်ပင်ပ နေရှာတယ်ကွယ့်၊ အသုဘကိစ္စတုန်းက တစ်စက်ကလေးမှ နားရ မဟုတ်ဘူး၊ အင်း … မင်းတို့ မောင်နှမအဖြစ်ကလည်း သနားစ ပါလား"

သူသည် လွန်စွာမှ ဂရုဏာသက်နေသည်။

ချန်းချင်း သက်ပြင်းချလိုက်မိလေ၏။

"ကျွန်တော်တို့ ကသိုလ်ပေါ့ ဦးလေးရယ်၊ ဘယ်တတ်နိုင် မလဲ၊ ကသိုလ်ကံက ဒီလောက်ပဲ ဖေဖေနဲ့ နေခိုင်းခဲ့တာကိုး"

"အင်း … မပြောမပြီးဆိုသလို ပြောမှဖြစ်မယ့် ကိစ္စလေး ရှိနေသေးတယ်ကွယ့်၊ ခုချိန်မှာပြောသင့်ပါ့မလားလို့တောင် က စဉ်းစားခဲ့သေးတယ်၊ ဒါပေမယ့် စောစောစီးစီး ရှင်းထားလိုက် အကောင်းဆုံးဖြစ်မယ်လို့ ယုံကြည်တာနဲ့ ပြောဖို့ဆုံးဖြတ်လိုက်တာ"

လောက်ဂူးက ပြောသည်။



ချန်းချင်း မျက်မှောင်ကြုတ်သွားလေ၏။

လောက်ဂူးကို စိုက်ကြည့်ရင်း …

"ဦးလေးလောက်ဂူး အရေးကြီးတဲ့ကိစ္စ ရှိနေလို့များလားဗျာ၊ ဘာများ အရေးကြီးနေလို့လဲ"

ဟု မေးလိုက်သည်။

လောက်ဂူး ခေါင်းညိတ်လိုက်သည်။

"အရေးကြီးတာ အမှန်ပဲကွယ့်"

"ဒါဖြင့် ညီမလေးကို အသိပေးဖို့ လိုလိမ့်မယ်ထင်တယ်"

"ကျုပ်က သူ့ကိုပြောပြီးပါပြီ၊ သူက ငါ့တူကြီးပဲ ပြောပါ၊ ါ့တူကြီးက ဆုံးဖြတ်လိမ့်မယ်လို့ ပြောပါတယ်"

လောက်ဂူးက သူပြောပြီးခဲ့သည်ကို ပြောပြလေ၏။

ချန်းချင်းက ;မေးလိုက်၏။

"ကောင်းပြီ … ဘယ်လိုကိစ္စဆိုတာကို ပြောပါ"

ကြူးဝေ သိထားပြီးသည့်ကိစ္စဆိုခြင်းကြောင့် ချန်းချင်း လက်ခံ ိုက်သည်။

လောက်ဂူးက တည်ကြည်သော မျက်နှာထားဖြင့် ပြောပြလေ ၏။

"တခြားတော့ မဟုတ်ပါဘူး၊ သူဌေးကြီး ပိုင်ဆိုင်တဲ့ ပစ္စည်း ာတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်လို့ပါပဲ၊ သူဌေးကြီး ိုင်တာတွေကလည်း များတယ်မဟုတ်လား"

"ဩော် … ဩော်"

"သူဌေးကြီးဟာ လယ်တွေ ယာတွေအပြင် တခြား စီးပွားရေး

www.burmeseclassic.com



လုပ်ငန်း အတော်များများ ပိုင်ဆိုင်ထားပါတယ်၊ စုစုပေါင်း တန်ဖိုးသိန်းတစ်ရာလောက် ရှိပါတယ်၊ ဒီငွေဟာ နည်းတဲ့ငွေမဟုတ်ဘူးနော် ငါ့တူနဲ့ ငါ့တူမကြီးတို့ ဆယ်သက်စားမကုန်နိုင်တဲ့ ငွေတွေပါ”

ချန်းချင်း သက်ပြင်းချလိုက်သည်။

သူ့ဒွေးကြီး ကြူးယီမှာ ကျိုကျိုတက်ချမ်းသာသူဖြစ်ကြောင်း လူတိုင်း သိထားသည်မဟုတ်ပါလား။

လောက်ဝူးပြောသည့် စကားအထဲ၌ စိန်ရွှေရတနာ စသည့် ပစ္စည်းများ မပါသေးချေ။

လောက်ဝူးက ဆက်၍ပြောသည်။

“လယ်မြေတွေကို လူငှားတွေနဲ့ထားလို့ ဖြစ်ပေမယ့် တခြားစီးပွားရေးလုပ်ငန်းတွေကတော့ ကိုယ်တိုင်ဦးမဆောင်ဘဲ လူငှားနဲ့ထားပစ်လို့မဖြစ်ဘူးလို့ ကျုပ် ယူဆတယ်၊ ကျုပ်သဘောပြောရရင် မလုပ်နိုင်မယ့်အတူတူ ဈေးကောင်းကောင်းနဲ့ ရောင်းပစ်လိုက်တာ တွက်ခြေကိုက်ဆုံးပဲ၊ ငွေလည်း အမြန်ဆုံး ပေါ်တယ်၊ တွက်ခြေလည်း ကိုက်တယ်၊ ကိုယ့်လက်ထဲမှာ ငွေရှိနေတော့ ပိုင်ပိုင်နိုင်နိုင် ရှိတာပေါ့ကွယ်”

ချန်းချင်းမှာ နဂိုကတည်းက စီးပွားရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားခဲ့သူ မဟုတ်ပါ။

သူစိတ်ဝင်စားသည်မှာ သိုင်းပညာဖြစ်သည်။

များပြောင်လှသည့် စီးပွားရေးလုပ်ငန်းများအား ကျွမ်းကျင်မှု မရှိဘဲ ဦးဆောင်နိုင်မည်မဟုတ်ကြောင်း ချန်းချင် သိထားသည်။

ကျွမ်းကျင်စွာ ဦးဆောင်နိုင်ရန် နှစ်ပေါင်းများစွာ လေ့လာ



ဆည်းပူးရမည်ဖြစ်ပေသည်။ လောက်ဝူးကဲ့သို့ သူကျွမ်းကျင်စွာ ဦးမဆောင်နိုင်ပါ။

လောက်ဝူးက ရှည်လျားစွာ ပြောသည်။

“ကျုပ်လည်း အသက်ကြီးပါပြီ၊ သူ့ဒွေးကြီးရဲ့အဖြစ်က ကျုပ်ကို သံဝေဂ ရစေခဲ့ပါတယ်၊ ဒါကြောင့် စီးပွားရေးကိစ္စတွေ ကြားမှာ နစ်မြုပ်နေမယ့်အစား အေးအေးဆေးဆေး အနားယူချင်ပြီ၊ ငါ့တူကြီး သဘောတူမယ်ဆိုရင် စီးပွားရေးလုပ်ငန်းတွေကို ရောင်းချပစ်ချင်ပါတယ်၊ ငါ့တူကြီးဟာ အခရာပါပဲ၊ ငါသိထားတာက ငါ့တူကြီးဟာ စီးပွားရေးကိစ္စတွေမှာ စိတ်မပါတာပါပဲ”

လောက်ဝူးသည် သူ့ဒွေးကြီး ကြူးယီအတွက် နှစ်ပေါင်းများစွာ သစ္စာရှိရှိ တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပေတော့သည်။ ကျွမ်းလည်း ကျွမ်းကျင်သည်။

လောက်ဝူးကြောင့် စီးပွားရေးလုပ်ငန်းများ တစ်ဟုန်ထိုး တိုးတက်အောင်မြင်ခဲ့သည်ဟုလည်း ဆိုနိုင်သည်။

သူ့ဒွေးကြီး ကြူးယီက အစပထမတွင် ဦးဆောင်မှုပေးသော်လည်း နောက်ပိုင်းနှစ်များတွင် ဦးဆောင်မှု မပေးတော့ပါ။ အေးအေးဆေးဆေး အိမ်ထဲတွင်သာ နေထိုင်ပြီး ပန်းပင်များ ပြုစုပျိုးထောင်ခြင်းဖြင့် အချိန်ကုန်ခဲ့သည်။

လောက်ဝူးကသာ အစစအရာရာတွင် ဆက်လက်ဦးဆောင်ခဲ့ခြင်း ဖြစ်သည်။

ယခု လောက်ဝူးသည် အသက်အရွယ်ကြီးရင့်လာချေပြီ။ အနားယူသင့်သည့်အရွယ်သို့ ရောက်ရှိနေပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ချမ်းချင်းက ဖြစ်သင့်သည်များကို ပြောလေ၏။

"ဦးလေးရဲ့ စေတနာကို ကျွန်တော် နားလည်ပါတယ်၊ ဒီကိစ္စမှာ ဦးလေးက နားလည်တတ်ကျွမ်းတော့ ဦးလေးပဲ တာဝန်ယူပြီး ဆောင်ရွက်စေချင်ပါတယ်၊ စီးပွားရေးလုပ်ငန်းတွေ ရောင်းချလို့ရတဲ့ ငွေကတော့ ညီမလေးအတွက်ပဲ ဖြစ်ရမှာပါ"

လောက်ဂူးက ယူလာသည့်အိတ်ကို စားပွဲပေါ်တင်ကာ အိတ်ထဲ မှ စာရွက်စာတမ်းများကို ထုတ်ယူလိုက်သည်။

"ဟောဒီမှာ သူဌေးကြီး ပိုင်ဆိုင်တဲ့ စီးပွားရေးလုပငန်းတွေနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေ စာချုပ်တွေပါ"

လောက်ဂူးသည် စီးပွားရေးလုပ်ငန်းများ၏ အမျိုးအစားတည်နေရာ၊ ကာလတန်ဖိုး၊ အရေအတွက်နှင့် ရင်းနှီးငွေ ရရှိမည့် အမြတ်ငွေများကို တွက်ဆကာ ရှင်းပြသည်။

ချမ်းချင်း ခေါင်းညိတ်ညိတ်ဖြင့် နားထောင်နေလေတော့သည်။

✳ ❖ ✳



## အခန်း(၂၄)

# တုန်လှုပ်ဖွယ် သတင်း

တစ်လ ...။

တစ်လဆိုသည့် အချိန်မှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကုန်ဆုံးသွားသည်ဟု ထင်မှတ်ရသည်။

လောက်ဂူးသည် စီးပွားရေးလုပ်ငန်းများ ရောင်းချကာ ရသမျှငွေကို ပုံပေးခဲ့သည်။

ချမ်းချင်းနှင့် ကြူးဝေတို့က လောက်ဂူးအတွက် ငွေကြေးအလုံအလောက်ပင်မက ထောက်ပံ့သော်လည်း လောက်ဂူးက မည်သို့မျှ လက်မခံပါချေ။ သူကငြင်းဆန်ပါသည်။

သူဌေးကြီး ကြူးယီက ထိက်ထိုက်တန်တန် ပေးခဲ့ပြီဟု ဆိုခဲ့သည်။ သူဌေးကြီး ကြူးယီပေးခဲ့သည်မှာ များလှပြီဟု ပြောဆိုခဲ့သည်။

လောက်ဂူးသည် ကိစ္စအဝဝ စီမံဆောင်ရွက်ပေးပြီးသည်နှင့် ဇာတိရပ်ရွာ ထွက်ခွာသွားလေတော့သည်။

ချမ်းချင်းနှင့် ကြူးဝေတို့ လက်ထဲ၌ ကျန်ခဲ့သော မြေယာများ

www.burmeseclassic.com

www.burmeseclassic.com



ကို မကြာခဏ သွားရောက်စစ်ဆေးပါဟု အတန်တန် မှာကြား
သဖြင့် ချန်းချင်းသည် တစ်နေ့တစ်ခေါက်ကျ မြင်းတစ်စီးစြင့် သွား၍
ကြည့်နေရသည်။

ယနေ့ မွန်းတည့်ပြီ ဖြစ်သည်။

ချန်းချင်းသည် လယ်မြေများကို စစ်ဆေးပြီး ပြန်လာခဲ့သည်။

နေခြစ်ခြစ်တောက်ပူလောင်နေရာ လမ်းပေါ်၌ လူ...နေပါ၏။
လယ်ယာမြေများကိုစစ်ဆေးရခြင်းမှာ ဤပုံစံပင်ဖြစ်သည်။ လောက်
သည်လည်း ဤသို့ပင် အပင်ပန်းခံ၍ စစ်ဆေးခဲ့ရခြင်း ဖြစ်သည်။

အရှေ့ဘက် ခပ်လှမ်းလှမ်းသည် ရွာကလေးတစ်ရွာ ရှိနေသည်
ကို တွေ့ရပေသည်။

ချန်းချင်းသည် ပန်းနီကျေးရွာ၌သာ အနေများပြီး ထိုက်ယန်ပြ
ပတ်ဝန်းကျင်မှ ကျေးရွာများ စုံစုံစေ့အောင် ရောက်ဖူးသည်မဟုတ်ပါ။
သူသည် သိုင်းပညာသင်ကြားရန် အခြားမြို့ရွာများသို့သာ ရောက်ဖူး
ပေသည်။

ရွာတစ်ရွာကို ဖြတ်ကျော်ပြီးမှ ပန်းနီကျေးရွာသို့ ရောက်မည်ဖြ
သည်။

ချန်းချင်းသည် နံနက်စင်စင်လင်းချိန်မှစ၍ ယခုတိုင် ဘာ
မစားရသေးပါ။ သူပင်ပန်းလှပြီ မဟုတ်ပါလား။

နေပူရှိန်ကလည်း ပြင်းထန်လွန်းလှသည်။

ထို့ကြောင့် ခေတ္တခဏ အနားယူလိုစိတ်များ ဖြစ်ပေါ်လာသည်။

"မထူးပါဘူး၊ ရှေ့ကရွာကလေးမှာ ခဏလောက်တော့ နား
ပဲ"



မလှမ်းမကမ်း၌ တွေ့မြင်နေရသည့် ရွာကလေးဆီသို့ ဦးတည်
ဘာ မြင်းဒုန်းစိုင်းနှင်သွားလိုက်၏။

ရွာထိပ်၌ စားသောက်ဆိုင် ကလေးတစ်ဆိုင် ရှိနေပါသည်။
သူ့အတွက် ရေကန်အသင့် ကြာအသင့်ဖြစ်ခြင်းပင်။

"အတော်ပဲ ... ဒီဆိုင်မှာ ဝိုက်ဖြည့်ရမယ်"

ချန်းချင်းသည် ဆိုင်ရှေ့တွင် မြင်းကိုရပ်တန့်လိုက်သည်။

နေခြစ်ခြစ်တောက် ပူပြင်းနေသဖြင့် ဦးခေါင်းပေါ်၌ ခမောက်
ကို မချွတ်ဘဲ ဆိုင်ထဲသို့ ဝင်သွားမိသည်။

ဆိုင်ထဲတွင် ဈေးသည်အချို့နှင့် ခရီးသွားအချို့ စားသောက်
နေကြပါသည်။

ခမောက်ဆောင်းထားသဖြင့် ပန်းနီကျေးရွာမှ လူအချို့ ပါဝင်
နေသည့်တိုင် ချန်းချင်းကို မမှတ်မိပါချေ။

ချန်းချင်းကလည်း ဆာလောင်နေသည်မို့ မည်သူ့ကိုမှ သတိ
မထားနိုင်တော့ပါ။ သူသည် စားဖို့ရန်သာ စိတ်စောနေသည်။

လွတ်နေသည့် စားပွဲတစ်လုံး၌ သွား၍ထိုင်ပြီး စားသောက်
ဖွယ်ရာများ မှာကြားလိုက်သည်။

ဆိုင်လုလင်က စားသောက်ဖွယ်ရာများ ချက်ချင်း လာရောက်
ပို့ဆောင်ပေးကြပါသည်။

ချန်းချင်း ဆာဆာနှင့် အားရပါးရ စားသောက်နေမိတော့
သည်။

ထိုအချိန်မှာပင် ဝဲဘက်ရှိ စားပွဲ၌ ဝိုင်းဖွဲ့၍ထိုင်နေကြသူများ
ထံမှ စကားသံများ ထွက်ပေါ်လာသည်ကို ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစားပွဲ၌ လူငါးယောက်က ဝိုင်းဖွဲ့၍ ထိုင်နေကြပါသည်။ ထိုလူများ စကားပြောနေကြခြင်းဖြစ်သည်။

ပန်းနီကျေးရွာမှ ဈေးသည်နှစ်ယောက် အကုန်သည်ပွဲစားနှင့် တူသူတစ်ယောက် ...။

သိုင်းလောကသား ဖြစ်ဟန်တူသူ နှစ်ယောက်တို့ ဖြစ်ကြသည်။

ထိုလူများမှာ ရယ်ကာပြောဆိုနေကြသည့် စကားသံများ ပါလာခြင်းကြောင့် ဖြစ်ပေသည်။

ထိုစကားများထဲတွင် သူဌေးကြီး ကြူးယီအမည်ပါလာသဖြင့် ချန်းချင်း နားရွက်များ ထောင်သွားမိသည်။

ချန်းချင်း အံ့သြသွားသည်။

ဆက်၍ စားသောက်ခြင်း မပြုနိုင်တော့ဘဲ နားစွင့်လိုက်မိသည်။

"ဟား ... ဟား ... ဟား ... သူဌေးကြီး ကြူးယီသေသွားတာပဲ ကျုပ်တို့အတွက် အကျိုးရှိသလိုဖြစ်နေပြီ"

"ဟုတ်တယ်ဗျို့ ... သူ့ရဲ့ မွေးစားသား ချန်းချင်းက စီးပွားရေးလုပ်ငန်းတွေကို ဦးမဆောင်နိုင်တာနဲ့ ရောင်းချပစ်လိုက်တော့တာပဲ ဒီလောက်အမြတ်ထွက်နေတဲ့ လုပ်ငန်းကို သူမို့ရောင်းပစ်ရက်တယ်ဗျာ"

"သူရောင်းလို့လည်း ခင်ဗျားရတာ မဟုတ်လား၊ သူ့ရဲ့ ညံ့ဖျင်းမှုကိုတောင် ခင်ဗျားက ကျေးဇူးတင်ရဦးမယ်"

ချန်းချင်းအတွက် နားမခံသာစရာပါ။ သို့သော် သူ မည်သို့မှ မခံစားရပါ။ သူညံ့ခဲ့သည်မှာ မှန်ပါသည်။

"ဟား ... ဟား ... ဟား ..."



ချန်းချင်း၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါ၍သွားတော့၏။

စီးပွားရေးလုပ်ငန်းများအား ရောင်းချပစ်ခဲ့ခြင်းကြောင့် သူ့အား ညံ့ဖျင်းသူဟု ဝေဖန်ပြောဆိုနေကြပြီ မဟုတ်ပါလား။

ထိုသို့အပြောခံရမည်ဟု သူမတွေးမိခဲ့ပါ။

ဆက်၍ ဦးဆောင်နိုင်ခြင်း မရှိတော့သဖြင့် ရိုးရိုးသားသား ရောင်းချခဲ့ခြင်းသာဖြစ်၏။

လောက်ဝူးမပါဘဲ သူချည်းဦးဆောင်ရလျှင် အောင်မြင်မှု မရသည့်အပြင် ဆုံးရှုံးမှုများနှင့် တွေ့ရဦးမည်ဟု ယုံကြည်ထားခဲ့သည်။

ရောင်းချခြင်းကို ကြူးဝေကလည်း ကြည်ကြည်ဖြူဖြူ သဘောတူခြင်းကြောင့် အကောင်အထည်ဖော်သွားရခြင်းလည်း ဖြစ်သည်။ ကြူးဝေကလည်း သူ့ကဲ့သို့ အေးဆေးစွာ နေလိုသူဖြစ်သည်။

ဖခင်လက်ထက်က အောင်မြင်တိုးတက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများမှာသူ၏ လက်ထဲရောက်မှ လုံးဝချုပ်ငြိမ်းသွားရခြင်းမှာ အမှန်ဖြစ်နေ၍ ဘာမှမပြောသာဘဲ ရှိနေရတော့သည်။

ထိုလူငါးယောက်သည် ချန်းချင်းကို သတိမပြုဘဲ ဆက်၍ ပြောဆိုနေကြသည်။

ကုန်သည်ပွဲစားနှင့်တူသူက ထူးထူးခြားခြား ပြောလေ၏။

"ကျုပ် သတင်းတစ်ခု ကြားသေးတယ်၊ သိပ်တော့ မခိုင်လုံဘူး၊ ဒါပေမယ့် ဖြစ်နိုင်ချေတော့ အများကြီး ရှိတယ်ဗျ၊ ခင်ဗျားတို့လည်း ဒီတင်းကို အံ့သြမယ်ထင်တယ်"

တစ်ယောက်က ...

"ပြောစမ်းပါဦး ... ခင်ဗျားက ဘာသတင်းများ ကြားထားလို့လဲ၊ သတင်းထူးက သူဌေးကြီး ကြူးယီနဲ့ ဆိုင်သလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘဏ္ဍာထိန်းလောက်ဂူးနဲ့ ပတ်သက်နေလို့ပေါ့ဗျာ"

"ဟင် ... ဘဏ္ဍာထိန်း လောက်ဂူးဟာ သူဌေးကြီး ကြူးယီ အပေါ်မှာ သစ္စာစောင့်သိတဲ့လူ မဟုတ်လားဗျာ၊ သူသစ္စာရှိလို့လည်း သူဌေးကြီး ကြူးယီ ဒီလောက်တိုးပွားတာပေါ့"

"မထင်နဲ့လေ ... ငွေဆိုတာ သည်းခြေကြိုက်ဗျ"

"နေစမ်းပါဦး ... ခင်ဗျားပြောပုံက ဘဏ္ဍာထိန်း လောက်ဂူးဟာ သစ္စာဖောက်ဖြစ်နေပြီ"

"ဟုတ်တယ်လေ ... သူက သစ္စာဖောက်ခဲ့တာ ထင်ရှားနေတာပဲ၊ ခင်ဗျားတို့ ကျုပ်တို့ စီးပွားရေးလုပ်ငန်းတွေကို အချောင်ရခဲ့တာ လောက်ဂူးကြောင့်ပဲ မဟုတ်လား။ တကယ်တမ်း ငွေသိန်းပေါင်း သုံးရာလောက် တန်ဖိုး ရှိတဲ့ လုပ်ငန်းတွေကို သိန်းပေါင်း နှစ်ရာ ရခဲ့ကြတယ်မဟုတ်လား၊ လောက်ဂူးကို ပွဲခပေးရတဲ့ ဆယ်သိန်းနှုတ်ရင် ဘယ်လောက်သက်သာဦးမလဲဆိုတာ တွက်ကြည့်ပေါ့ဗျာ"

ချန်းချင်း တအံ့တဩဖြစ်သွားသည်။

လောက်ဂူးသည် စီးပွားရေးလုပ်ငန်းအားလုံး၏ တန်ဖိုးမှာ သိန်းတစ်ရာခန့်ရှိသည်ဟု တွက်ပြခဲ့သည် မဟုတ်ပါလား။ တစ်ခုခု မှားယွင်းနေပြီဖြစ်ကြောင်း ချန်းချင်းက ရိပ်မိလာသည်။

ဤဆိုင်ကလေး၌ အရက်ကလေးရသည်။ ထိုဝိုင်းတွင် အရက်ပါသည်။ အရက်ကလေး ဝင်နေပြီဖြစ်၍ လူတိုင်းဟာ သွက်လက်အာရှင်နေကြသည်။

ထိုလူများမှာ အချိန်ရလာပြီဖြစ်၍ ဆက်၍ပြောဆိုနေကြတော့သည်။



"ဒါတွေထားလိုက်ပါတော့လေ၊ ကျုပ်ပြောချင်တာက သူဌေးကြီး ကြူးယီ သေဆုံးသွားတာဟာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လားဆိုတာပါ"

"ဘာလဲ ... လောက်ဂူးက ရှင်းပစ်လိုက်တယ်လို့ ပြောချင်တာလား"

"ကျုပ်က စွပ်စွဲတာတော့ မဟုတ်ပါဘူးဗျာ၊ ဒါပေမယ့် လုရှန်မြို့ကို သွားကြည့်ရင် သိလိမ့်မယ်"

"ဘာကိုသိရမှာလဲ"

"လောက်ဂူး ဘယ်လိုနေသလဲဆိုတာလေ"

"ဩော် ... သူက လုရှန်မြို့မှာကိုး"

"သေချာတာပေါ့ဗျာ၊ သူဟာ ဟကယ့် သူဌေးကြီးတစ်ယောက်လို နေတာတွေ့လိမ့်မယ်၊ သူဌေးကြီး ကြူးယီ နေတာထက်တောင် ဆောင့်မြင့်တယ်ဗျာ"

စကားဝိုင်းမှာ ဆိတ်ငြိမ်သွားသည်။

အားလုံးသည် လောက်ဂူးနှင့် ပတ်သက်၍ တွေးတောစဉ်းစားနေပုံရသည်။

ချန်းချင်းမှာ ချွေးပြန်နေသည်။ သူလွန်စွာ စိတ်လှုပ်ရှားနေပြီ။

ခြေလက်များ တုန်တုန်ရင်ရင် ဖြစ်နေသည်။

"သူတို့ပြောတာတွေဟာ အမှန်ပဲလား၊ ဦးလေးလောက်ဂူးဟာ တကယ့် သစ္စာဖောက်တစ်ယောက်ပါပဲလား၊ ငွေဆိုတာ သူတို့ပြောသလို သည်းခြေကြိုက်ဆိုတာတော့ မှန်တယ်"

www.burmeseclassic.com

www.burmeseclassic.com



တွေးရင်း အဖြစ်မှန်ကို စုံးစမ်းဖော်ထုတ်လိုသည့်စိတ်များ ဖြ
ပေါ်လာသည်။

"ဟုတ်တယ်၊ ဒီလိုသစ္စာဖောက်တာမျိုးတော့ လက်မခံနိုင်ဘူ
ငါ သူ့ကိုပေးတဲ့ ငွေတွေဟာလည်း နည်းနည်းနောနောမှ မဟုတ်တာ"

သူကြားရတဲ့ သတင်း ကြူးဝေကို ပြောပြရမည်လော
သူ စဉ်းစားရလေ၏။

လောက်ဂူးသည် ပန်းနီကျေးရွာမှ ထွက်သွားပြီးနော
သတင်း မကြားရတော့ဘဲ လုံးကွယ်ပျောက်သွားသည်။

အဆက်အသွယ် လုပ်ရမည်လားဟု စောင့်ဆိုင်းခဲ့ပါသော်လည်
လောက်ဂူးက ခြေရာဖျောက်ထားခဲ့တော့သည်။

ချန်းချင်းသည် အမျိုးမျိုးတွေးတောစဉ်းစားနေခဲ့ရာမှ သတိပြ
ဝင်ာသည်။

ထိုအခါတွင်မှ ဝဲဘက်စားပွဲ၌ ဝိုင်းဖွဲ့ထိုင်နေသူ ငါးယော
ဆိုင်ထဲမှ ထွက်သွားကြပြီဖြစ်ကြောင်း သတိပြုမိလိုက်သည်။

သူသည် အစားအစာများကို ဆက်ပြီး စားသောက်လိုစိ
မရှိတော့ချေ။ စားသောက်ထားသည့် အစာများပင် မည်သည့်နေ
ရောက်ကုန်သည် မသိရတော့ပေ။

ကျသင့်ငွေပေးချေပြီး နွေးကွေးလေးလံသော ခြေလှမ်းများ
ဆိုင်ထဲမှ ထွက်လာခဲ့သည်။

ထို့နောက် မြင်းပေါ် ခုန်တက်ကာ လမ်းခရီး၌ ရပ်နား
မပြုတော့ဘဲ အိမ်သို့ ဒုန်းစိုင်းနှင်တော့သည်။

လောက်ဂူးက သစ္စာဖောက်ခဲ့ရိုးမှန်လျှင် သူဌေးကြီး ကြ



သေဆုံးသွားသည်မှာ သွေးရိုးသားရိုး မဖြစ်နိုင်တော့ချေ။ ငွေကိစ္စမှာ
အဓိကမဟုတ်ချေ။ သူဌေးကြီး ကြူးယီ သေဆုံးမှုသည် သွေးရိုး
သားရိုး ဟုတ်မဟုတ်သည်သာ အဓိကဖြစ်ချေသည်။

ဖခင်ဖြစ်သူ၏ အသက်အိုးစည်းစိမ်နှင့်ပတ်သက်၍ ချန်းချင်း
ထိတ်လန့်တုန်လှုပ်နေပြီ ဖြစ်လေတော့သည်။

☀ ❖ ☀

"အစ်ကို"

ရုတ်တရက် ထွက်ပေါ်လာသော ခေါ်သံကြောင့် ချန်းချင်း
လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ဆတ်ခနဲ လှည့်ကြည့်လိုက်ရာ ကြူးဝေမှာ သူ့အနားသို့ ရုတ်
တရက် ရောက်လာသည်ကို တွေ့ရ၏။

"သြော် … ညီမလေး၊ လာ ထိုင်လေ"

ချန်းချင်းက ပန်းဥယျာဉ်အတွင်း ထိုင်နေခြင်းဖြစ်သည်။

သူဌေးကြီး ကြူးယီ မူးလဲသွားသည်ဆိုသည့် နေရာနှင့် မလှမ်း
မကမ်းရှိ ခုံတစ်လုံး၌ ထိုင်နေခြင်းဖြစ်သည်။

ကြူးဝေက ချန်းချင်း၏ ဘေး၌ ယှဉ်တွဲ၍ ထိုင်လိုက်သည်။

သူမသည် ပန်းရောင် အဝတ်အစားများကို ဝတ်ဆင်ထားပြီး
ရှည်လျားသော ဆံကေသာများကို ကျောပေါ်ဖြန့်ချထားသည်။

သူမ၏ မျက်နှာကလေး ချောင်ကျနေသည့်တိုင် ကြွေရုပ်
ကလေး တစ်ရုပ်နှယ် ချောမောလှပသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်
နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်းမှာ ကြူးဝေအား ငေးကြည့်နေမိသည်။

သူတို့နှစ်ယောက် သွေးသားတော်စပ်ခြင်းမရှိသည့်တိုင် မောင်နှမရင်းချာများ ဖြစ်သည်ဟု နှစ်ယောက်စလုံးက စွဲမြဲယုံကြည်ထားကြသည်။ စိတ်များကလည်း သန့်သည်။

သူငွေးကြီး ကြူးယိ ကွယ်လွန်သွားပြီဖြစ်၍ ချန်းချင်းမှ ညီမငယ် ကြူးဝေအား ပို၍ ကရုဏာသက်မိသည်။ ပို၍လည်း ကရုဏာထားသည်။

ညီမငယ်အပေါ် ချစ်၍မဝ၊ သနား၍မဆုံးနိုင်အောင် ဖြစ်နေရတော့သည်။

ကြူးဝေက ...

"အစ်ကို ..."

"ပြော ... ညီမလေး"

"ညီမ သတိထားပြီး ကြည့်နေတာကြာပြီ၊ ခုတလော အစ်ကို တမှိုင်မှိုင်တငေွငွေနဲ့ ဘာများဖြစ်နေတာလဲဟင်၊ အစ်ကို့မှာ ဘယ်လိုများ အခက်အခဲ ရှိနေလို့လဲ၊ ညီမပြောပါလားဟင်"

ကြူးဝေစကားကြောင့် ချန်းချင်းမှာ သက်ပြင်းရှိုက်မိလိုက်ပါသည်။

စားသောက်ဆိုင်ကလေး၌ လောက်ဂူ၏ မကောင်းသတင်းကို ကြားခဲ့ရသည်မှာ ယခုဆိုလျှင် ဆယ်ရက်တင်းတင်း ပြည့်မြောက်ခဲ့ပြီ မဟုတ်ပါလား။ သူသည် ဤသတင်းကိုသာ တဝေ့ဝေ့တည်း တွေးနေခဲ့သည်။ သူ့ရင်ထဲ၌ လိပ်ခဲတင်းတင်း ဖြစ်နေခဲ့သည်။

သူကြားခဲ့ရသည့်သတင်းကို ကြူးဝေအား မည်သို့ပြောပြရမည်နည်း။



ချန်းချင်း ငေးငိုင်နေမိသည်မှာ မဆန်းတော့ချေ။

ကြူးဝေက ...

"အစ်ကို ညီမတို့ မောင်နှမ ဘာမဆို ပွင့်ပွင့်လင်းလင်း ပြောဆိုတိုင်ပင်ကြရင် ကောင်းမယ်ထင်ပါတယ်၊ အစ်ကို ခုလို တမှိုင်မှိုင် တတွေတွေ ဖြစ်နေတော့ ညီမ ဘယ်လိုနေရမလဲ၊ စဉ်းစားကြည့်ပါဦး အစ်ကိုရယ်"

ချန်းချင်း သက်ပြင်းချလိုက်ပြန်သည်။

လောက်ဂူးနှင့် ပတ်သက်၍ တအုံ့နွေးနွေး ဖြစ်နေရမည့်အစား သွားရောက်တွေ့ဆုံဖြေရှင်းလိုက်ခြင်းက အကောင်းဆုံးဖြစ်မည်ဟု စဉ်းစားမိသည်မှာ အကြိမ်ကြိမ်ပင်။

သို့သော် ကြူးဝေအား တစ်ယောက်တည်း ထားပြီး ထွက်သွားရမည်ကို စိတ်မချပါ။ ညီမလေးတစ်ယောက်တည်း မထားရက်ခဲ့ပါ။

ကြူးဝေက မေးလေ၏။

"အစ်ကို စိတ်ညစ်စရာ အခက်အခဲတစ်ခုခု ရှိနေလို့များလား ဟင်"

ချန်းချင်း ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူး ညီမရယ်"

"ဒါဖြင့် ဘာကြောင့်လဲဟင်၊ အစ်ကို တစ်ခုခုတော့ တစ်ခုခု ပဲ"

"အစ်ကိုက ..."

"ပွင့်ပွင့်လင်းလင်းပြောပါ အစ်ကိုရယ်"

ချန်းချင်းက ကြေကွဲစွာ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ညီမ အစ်ကို့အပေါ် ဘယ်လိုမှ သဘောမထားစေချင်ဘူး၊ ဖေဖေ မရှိတော့ ဒီအိမ်ကြီးမှာ နေရတာကို အစ်ကို မပျော်ပိုက်နိုင်အောင် ဖြစ်နေရတယ်၊ ဘယ်နေရာပဲကြည့်လိုက် ကြည့်လိုက် ဘယ်ပစ္စည်းပဲ ကိုင်လိုက် ရှိုင်လိုက် ဖေဖေ့ကိုပဲ သတိရနေတယ်၊ အရာရာမှာ ဖေဖေချည်းပါပဲ ညီမလေးရယ်"

လောက်ဝူးနှင့် ပတ်သက်၍ စိတ်ရှုပ်ထွေးနေရသည်ကိုမူ ထည့်မပြောဘဲ ချန်ထား၏။ ဒီကိစ္စကို သူသီးခြားဖြေရှင်းရပေမည်။

ကြူးဝေက သူမအစ်ကိုအား ပြောလေ၏။

"အင်း ... ညီမလည်း အစ်ကို့လို ခံစားရတာပဲ၊ ဖေဖေ့ကိုပဲ တစ်ချိန်လုံး သတိရနေတယ်၊ အစ်ကို ညီမတို့ စိတ်ပြေလက်ပျောက် ခရီးထွက်ကြရင် မကောင်းဘူးလားဟင်၊ ညီမတို့ ဖေဖေရှိကတည်းက ဘယ်မှမသွားဘဲ မလာဘဲ ရှိခဲ့ကြတာကြာပြီ မဟုတ်လား၊ ချမ်းမြေ့တောင်ဟာ အင်မတန် သာယာလှပပြီး စိတ်ညစ်စရာတွေ မေ့ပျောက်သွားနိုင်တယ်လို့ ညီမကြားဖူးတယ်၊ ညီမကို လိုက်ပို့ပါလား အစ်ကို"

ချန်းချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ချမ်းမြေ့တောင် သာယာလှပမှု သတင်းကြီးနေသဖြင့် သူလည်း ကြားဖူးထားပါသည်။

သူစိတ်လှုပ်ရှားရသည်မှာ ချမ်းမြေ့တောင်သည် လုရန်မြို့အနီး တစ်ဝိုက်တွင် ရှိနေခြင်းကြောင့်ဖြစ်သည်။

လောက်ဝူးသည် လုရန်မြို့တွင် သူဌေးကြီးတစ်ဦးကဲ့သို့ နေထိုင်နေသည်ဟု ကြားသိခဲ့သည် မဟုတ်ပါလား။

ကြူးဝေက ထပ်မံပူဆာလေ၏။



"အစ်ကို ... ညီမကို လိုက်ပို့ပေးပါလားဟင်"

သူမ၏ လေသံတွင် တောင်းပန်တိုးလျှိုးမှုများ ရောစွက်ပါဝင်နေ၏။

ချန်းချင်း ပြုံးလိုက်သည်။

"ညီမလေး စိတ်ချမ်းသာမယ်ဆိုရင် ချမ်းမြေ့တောင်မပြောနဲ့ မြောက်နယ်ခြားသွားချင်တယ်ဆိုရင်တောင် အစ်ကို လိုက်ပို့ပေးဖို့ ဝန်မလေးပါဘူး၊ ညီမလေး သွားချင်တဲ့နေရာမှန်သမျှ အစ်ကို လိုက်ပို့ပေးမယ်"

ချန်းချင်းက ယတိပြတ်ပြောလေ၏။

သူ၏စကားကြောင့် ကြူးဝေ ဝမ်းသာပျော်ရွှင်သွားလေတော့သည်။

"အစ်ကို လိုက်ပို့ပေးရမယ်နော်"

"ပို့ပေးမှာပေါ့ ညီမရဲ့"

"ဟေး ... ဒါမှ အစ်ကိုကြီးကွ"

ကြူးဝေ ကလေးတစ်ယောက်ပမာ အော်ဟစ်ကာ ချန်းချင်းအား သိုင်းဖက်လိုက်၏။ သူမသည် ချန်းချင်းအား တကယ့် အစ်ကိုရင်းသဖွယ်ပင်။ ချန်းကျင်းကလည်း ထိုနည်းနှယ်နှယ်ပင်။

ချန်းချင်း ရင်ထဲ တသိမ့်သိမ့် ခုန်သွားသည်။

ကြူးဝေ စိတ်ချမ်းသာလျှင် သူ၏ဘဝပြီးပြည့်စုံပြီဟု ခံစားနေရခြင်း ဖြစ်ပေတော့၏။

ချန်းချင်းနှင့် ကြူးဝေတို့ မောင်နှမနှစ်ယောက်သည် ချမ်းမြေ့တောင်သို့ ခရီးထွက်ရန် ပြင်ဆင်လိုက်ကြလေတော့သည်။

✳ ❖ ✳

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၅)

# မေတ္တာအရိပ်အယောင်

ချမ်းမြေ့တောင် ...

ချမ်းမြေ့တောင်မှာ အလွန်သာယာလှပသည့် တောင်တစ်လုံး ဖြစ်သည်။

လုရန်မြို့နှင့် သုံးမိုင်ခန့်အကွာတွင် တည်ရှိသည်။

မြေပြန့်အတွင်း မြင့်မားမို့မောက်နေသော ချမ်းမြေ့တောင်၏ အသွင်မှာ ထူးခြားနေသလို ပတ်ဝန်းကျင်၌ တောတောင်လျှိုမြောင် အသွယ်သွယ်၊ ရေအိုင်အသွယ်သွယ်ရှိနေခြင်းသည် တောတောင်များ နှင့် ဝေးသည့် မြေပြန့်ဒေသမှလူများအတွက် နှစ်သက် သဘောကျ စရာ ဖြစ်တည်နေပေတော့သည်။

အားလပ်ရက်များတွင်လည်းကောင်း၊ နေသာသည့် နေ့ရက် များတွင် လည်းကောင်း လုရန်မြို့သူမြို့သားများနှင့် အနီးပတ်ဝန်းကျင် ဒေသ ရပ်ရွာမှလူများသည် ချမ်းမြေ့တောင်သို့ အပျော်ခရီး ထွက်လေ့ ရှိကြသည်။



အခါကြီး နေ့များဆိုလျှင်လည်း ချမ်းမြေ့တောင်၌ လာရောက် လည်ပတ်သူများနှင့် ပြည့်နှက်စည်ကားနေပေတော့သည်။

ချန်းချင်းနှင့် ကြူးဝေတို့သည် ချမ်းမြေ့တောင်သို့ ရောက်ရှိ လာခဲ့ကြပြီး ဖြစ်သည်။

ကြည်ပြာရောင် မိုးကောင်းကင်အောက်၌ ထီးထီးမားမား တည်ရှိ နေသည့် ချမ်းမြေ့တောင်နှင့် ပတ်ဝန်းကျင် သဘာဝ အလှအပများမှာ နှမ်းလျှမှုအပေါင်းကို မေ့လျော့ပြေပျောက်စေခဲ့သည်။ လူများကို လန်း ဆန်းစေသည်။

ကြူးဝေ ပျော်ရွှင်နေသည်။ သူမ၏ ဖခင်ကြီးကို မေ့သွား သည်။ ရည်ရွယ်ချက်က ဖခင်ကြီးကို မေ့နိုင်အောင်ပင် မဟုတ်ပါ လော။

ချမ်းမြေ့တောင်တစ်ခွင်တွင် မမောနိုင် မပန်းနိုင် လှည့်လည် သွားလာကြည့်ရှုရင်း သူမ၏မျက်နှာမှာ တပြုံးပြုံး ဖြစ်နေသည်။

ချန်းချင်းမှာ ညီမဖြစ်သူကို ကြည့်ရင်း ရင်ထဲ၌ ချမ်းမြေ့နေမိ သည်။

ကြူးဝေ ပျော်ရွှင်လျှင် သူကကျေနပ်နေမည်သာ ဖြစ်သည်။

ထိုစဉ် ကြူးဝေက ...

"အစ်ကို ရေတံခွန်ကြီးဘက်ကို သွားကြရအောင်လေ"

တဝေါဝေါစီးကျနေသည့် ရေတံခွန်ကြီးဆီသို့ ပြေးလွှားသွား သည်။

"ညီမ မပြေးနဲ့လေ ... ချော်လဲမယ်"

ချန်းချင်း လှမ်း၍သတိပေးရင်း နောက်မှလိုက်ပါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်အမြင့်ပိုင်းဆီမှ စီး ကျလာသည့်ရေတံခွန်ကြီးမှာ ထုထည်ကြီးမားလှသည်။

တဆါဝေါဝေါမြည်ဟည်းနေသည့် ရေစီးသံကို အဝေးမှ ကြားရသည်။

ရေတံခွန်အနီး၌ ရေခွန်၏ အလှအပများကို ကြည့်ရှုခံစားနိုင်ရန် ဝါးတဲကလေးများ ဆောက်ထား၏။

စီးပွားရေးအတွက်မြင်သူများက လာရောက်လည်ပတ်သူများအတွက် စားသောက်ဖွယ်ရာများ ရောင်းချရန် ဈေးဆိုင်များအပြင် အပန်းဖြေအနားယူနိုင်ရန် ဝါးတဲကလေးများ ဆောက်ထားခြင်းဖြစ်သည်။

ကြူးဝေနှင့် ချန်းချင်းတို့ ရောက်ရှိသွားကြသောအခါ ရေတံခွန်အနီး၌ လာရောက်လည်ပတ်သူ အတော်များများ ရှိနေသည်ကို တွေ့ မြင်ရသည်။

ရေတံခွန်မှ ရေမှုန်ရေမွှားကလေးများသည် နေရောင်ခြည်နှင့် ထိကာ သက်တန့်ကလေးများ ဖြစ်ပေါ်နေသည်။ အလွန် လှပနေသည်။

"လှလိုက်တဲ့ ရေတံခွန်ကြီး"

ကြူးဝေက အားရပါးရ ချီးကျူးလိုက်သည်။

ချန်းချင်းကား ရေတံခွန်ကိုလည်းကောင်း၊ ပတ်ဝန်းကျင် အလှအပများကိုလည်းကောင်း မကြည့်အားဘဲ ကြူးဝေကိုသာ အရိပ်တကြည့်ကြည့် ကြည့်ရှုနေပါ၏။ သူ့ညီမလေး မဟုတ်ပါလား။

သူ၌ ညီမရင်း မရှိခဲ့ပါ။ တစ်ကိုယ်တည်း နေခဲ့ရသူဖြစ်သည်။ ယခု ညီမလေးကို ညီမအရင်းသဖွယ် မှတ်ယူနေမိသည်။



အချို့လူများသည် ရေတံခွန် အောက်ဘက်ချောင်းသို့ ဆင်းကာ ရောင်စုံကျောက်တုံးကလေးများ ကောက်ကြသည်။

တောင်ပေါ်၊ တောင်အလယ်ပိုင်းနှင့် တောင်အောက်ပိုင်း မည်သည့်နေရာကိုကြည့်ကြည့် လာရောက်လည်ပတ်သူများအား တွေ့မြင်နိုင်သည်။

ကြူးဝေက ပြောသည်။

"အစ်ကို အောက်ဘက်ဆင်းသွားကြရအောင်၊ အောက်ဘက်ကသည်း သာယာမှာပါပဲ"

ချန်းချင်း စိုးရိမ်ပူပန်သွားသည်။

"ဖြစ်ပါ့မလား ညီမရယ်၊ ဆင်းရမယ့်လမ်းက မတ်စောက်နေတယ် မဟုတ်လား၊ မတော်တဆ ခြေချော်လက်ချော် ဖြစ်ပြီး ထိမ့်များကျသွားရင် မတွေးရဲစရာပဲ၊ ညီမလေးဟာ သူများကလေးတွေလို ပြေးလွှားခုန်ပေါက်နေကျ မဟုတ်ဘူး"

ရေတံခွန်အောက်သို့ ဆင်းသည့်လမ်းမှာ မတ်စောက်သည်က အမှန်ဖြစ်သည်။

ကြူးဝေက နှုတ်ခမ်းစူလိုက်သည်။

ရေတံခွန်အောက်ခြေ ချောင်းကမ်းပါးမှ လူများကို ညွှန်ပြရင်း

"သူများတွေတောင် ဆင်းလို့ရတာပဲ၊ ညီမက ဘာကြောင့် ဆင်းလို့မရရမှာလဲ"

"အော် ... ညီမလေးရယ်၊ အစ်ကိုက စိုးရိမ်လို့ပါ"

"ညီမက ကလေးမှမဟုတ်တော့တာ၊ သွားကြမယ်"

ပြောပြောဆိုဆို ပြေးထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်း ရင်ထိတ်သွားသည်။

သူက ချက်ချင်း လှမ်းသွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ကလေးတစ်စုသည် ပျော်ရွှင်စွာ ဆော့ကစားကာ သူ့အနီးမှ ဖြတ်ပြေးသွားကြသည်။ ကလေးများက သူ့ကို ဟန့်တားသလို ဖြစ်သွားသည်။

ကလေးများအား တိုက်မိမည်စိုး၍ ချန်းချင်း ကပျာကယာ ဖယ်ပေးလိုက်သည်။

ကြူးဝေအား လှမ်းကြည့်လိုက်သောအခါ ကြူးဝေကို ရိပ်ခနဲသာ တွေ့မြင်ရတော့သည်။

"ဟာ . . ."

ချန်းချင်း လွှတ်ခနဲ အော်လိုက်မိသည်။

ထိတ်ထိတ်ပျာပျာလည်း ဖြစ်သွားမိသည်။

အကြောင်းမှုကား ကြူးဝေသည် လူအုပ်ကြားထဲ တိုးဝင်ပျောက်ကွယ်သွားသောကြောင့်ပင်တည်း။

ချန်းချင်း တွေဝေမနေအားပါ။

ချက်ချင်းပင် ခပ်လောလောဖြင့် ပြေးလိုက်သွားရလေတော့သည်။

ကြူးဝေသည် တောင်အောက်သို့ ဆင်းသူများနှင့်အတူ ရောနှော လိုက်ပါသွားသည်။

ချန်းချင်းက တောင်အောက်သို့ ဆင်းခွင့်ပြုမည်မဟုတ်ဟု ယူဆ ထားသောကြောင့် တားဆီးခြင်းမပြုနိုင်မီ ခပ်သွက်သွက် ဆင်းလာ ခဲ့ခြင်း ဖြစ်လေသည်။ သူမသည် ကလေးတစ်ဦးလိုပင်။



တောင်ဆင်းလမ်းမှာ မတ်စောက်လှသည်။

သစ်ပင်ချုံနွယ်များကို အသုံးပြုကာ ဆင်းကြရသည်။

အပေါ်မှကြည့်လျှင် အောက်ဘက်သို့ တရွေ့ရွေ့ ဆင်းသွားနေသူများကို တသီတတန်းကြီး တွေ့မြင်နေရပါ၏။ ဆင်းနေသူများသည် ထိုအခက်အခဲကိုပင် ပျော်ရွှင်နေကြ၏။

တလှုပ်လှုပ်ဝရုန်းဖြင့် ဆင်းနေကြပုံများ၊ တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်ကျီစယ်နေသံများ ဆူညံနေ၏။

ကြူးဝေမှာ ပျော်ရွှင်လာသလို စိတ်မရှည်နိုင်အောင် ဖြစ်လာရသည်။

"ဒီပုံစံအတိုင်းဆို တောင်အောက်ကို တော်တော်နဲ့ ရောက်တော့မှာ မဟုတ်ဘူး၊ အစ်ကိုကြီး ချန်းချင်း မီသွားရင် မဆင်းရဘဲ နေဦးမယ်၊ တောင်အောက်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ဆင်းပြီးမှ အစ်ကိုကြီးကို စောင့်ရမယ်"

လမ်းကကျဉ်းသဖြင့် တိုးဝှေ့ဖြတ်ကျော်သွားရန်လည်း မလွယ်ပါ။ ခက်ခက်ခဲခဲ ဆင်းရသည်။

ချန်းချင်း သတိပေးသကဲ့သို့ ခြေချော်လက်ချော်ဖြစ်ကာ လိမ့်ကျသွားနိုင်သည့် အန္တရာယ်လည်း ရှိနေသည်။

ကြူးဝေသည် တောင်အောက်သို့ အမြန်ဆုံး ဆင်းသွားနိုင်ရန် အခြားသူများ ဆင်းနေသည့် လမ်းကလေးအတိုင်း လိုက်မသွားတော့ဘဲ လမ်းဘေး ဖို့ဆင်းကာ သစ်ပင်ချုံနွယ်များကြားမှ ဆင်းသွားလေတော့သည်။ ဖြတ်လမ်းမှလိုက်ခြင်းဖြစ်သည်။ သို့မှသာ သူ အမြန် ရောက်နိုင်မည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး အတင့်မရဲနဲ့လေ"

"ဖြည်းဖြည်းဆင်း၊ လိမ့်ကျဦးမယ်"

အမြင်မတော်သူများ လှမ်း၍သတိပေးကြသည်။ ထို့ထက်လည်း ပို၍မပြောကြပေ။

သို့သော် ကြူးဝေက ဂရုမစိုက်ဘဲ ဆက်၍ဆင်းသွား၏။

ထမင်းတစ်အိုးကျက်ခန့် အချိန်ကုန်ဆုံးသွားလျှင် သစ်ပင်ခြုံနွယ်များအလယ်၌ သူမတစ်ယောက်တည်း ထီးတည်းရှိနေသည့် အခြေအနေ ရောက်ရှိသွားလေတော့သည်။

ခြုံနွယ်များ ပို၍ထူထပ်လာပြီး ရှေ့ကို ကောင်းစွာမမြင်ရတော့သလို တောင်အောက်မှ ချောင်းကိုလည်းကောင်း၊ ရေတံခွန်ကိုလည်းကောင်း မတွေ့ရတော့ပေ။

တဝုန်းဝုန်း မြည်ဟည်းနေသည့် ရေသံကို ကြားနေရသော်လည်း ရေတံခွန်ကြီးနှင့် တစ်စထက်တစ်စ ဝေးလာပြီဖြစ်ကြောင်း ကြူးဝေ တဖြည်းဖြည်း သတိပြုမိလေတော့သည်။

သူမ ထိတ်လန့်စ ပြုလာသည်။

"ဒုက္ခပဲ၊ တောင်အောက်ကို ရောက်ကိုမရောက်နိုင်တော့ပါလား"

သူမသည် မျက်စိလည် လမ်းမှားကာ နက်ရှိုင်းလှသော တောအုပ်ကြီးအတွင်းသို့ ရောက်ရှိနေပြီဖြစ်သည်။

သူမ ရှေ့သို့ ဆက်၍ဆင်းရလည်းခက်၊ နောက်ပြန်ဆုတ်ရလည်းခက် အကျပ်အတည်း တွေ့နေသည်။

ထိုစဉ် ...



"ရှီး ..."

လေချွန်သံတစ်ချက် ထွက်ပေါ်လာပြီး မရှေ့ မလှမ်းမကမ်းရှိ ခြုံပုတ်ကြီးတစ်ခု လှုပ်ယမ်းသွားသည်ကို တွေ့မြင်လိုက်ရသည်။

"ဘာပါလိမ့် ..."

ကြူးဝေ မျက်မှောင်ကြုတ်ကာ စိုက်ကြည့်နေစဉ် ...

"ရှူး ..."

မြည်သံနှင့်အတူ မြွေကြီးတစ်ကောင် တိုးထွက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

မျှော်လင့်မထားသည့်အဖြစ်ကြောင့် သူမ သွေးပျက်မတတ် ထိတ်လန့်သွား၏။

"အမယ်လေး ..."

ကြူးဝေ အထိတ်တလန့် အော်လိုက်မိသည်။

မြွေကြီးသည် တရှူးရှူးမြည်ကာ သူမထံ ဦးတည်လာနေပါသည်။

ကြူးဝေမှာ ကြောက်ရွံ့လွန်းသဖြင့် ထွက်ပြေးရန်ပင် သတိမရဘဲ တောင့်တောင့်ကြီးရပ်နေမိသည်။

ထွာဆိုင်ခန့် လုံးပတ်ရှိသည့် စပါးကြီးမြွေတစ်ကောင် ဖြစ်ပေသည်။

မြွေကြီးမှာ ကြူးဝေအနီးသို့ရောက်ရန် လက်တစ်ကမ်းအကွာတွင် ...

"ဝှစ် ..."

လေတိုးသံနှင့်အတူ ဓားမြှောင်တစ်ချောင်း လွင့်ပျံသွားပြီး မြွေကြီး၏ ဦးခေါင်းတည့်တည့် စိုက်ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေကြီး တွန့်လိမ်သွားသည်။

သစ်ပင် ချုံနွယ်များ လှုပ်ယမ်းသွားအောင် ကိုယ်လုံးကြီးနှင့် တဖုန်းဖုန်း ရိုက်ခတ်တွန့်လိမ်နေသည်။

"ညီမ … မြန်မြန်လာ"

သတိပေးသံနှင့်အတူ လူရိပ်တစ်ခု ရိပ်ခနဲ ရောက်ရှိလာပြီး ကြူးဝေအား ပွေ့ချီကာ ခုန်ထွက်သွားလေတော့၏။

ကြူးဝေမှာ အသက်အန္တရာယ်မှ သီသီကလေး လွတ်မြောက်သွားရလေတော့သည်။

ရေတံခွန်ကြီးနှင့် မနီးမဝေး ချောင်းကလေးသို့ လှမ်း၍တွေ့မြင်နေရသည့် တောင်စောင်းတစ်နေရာ၌ ကျောက်ဖျာကြီးတစ်ခု ရှိနေ၏။

ကြူးဝေသည် ကျောက်ဖျာကြီးပေါ်၌ ငူငူကြီး ထိုင်နေ၏။

သူမအနီး၌ အဖြူရောင် ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက် ရှိနေပါသည်။

ထိုလူငယ်မှာ အသက်နှစ်ဆယ်ဝန်းကျင်ခန့် ရှိပြီး ယောက်ျားပီသသူတစ်ယောက် ဖြစ်၏။

မြွေကြီး၏အန္တရာယ်မှ ကြူးဝေအား ကယ်တင်ပေးခဲ့သူဖြစ်ပါသည်။ လူငယ်သည် လျင်မြန်ဖြတ်လတ်လှသည်။

သူငယ်သည် ကြူးဝေ အကြောက်မပြယ်သေးသည့် အဖြစ်ကို ရိပ်မိသဖြင့် သူမကို နှစ်သိမ့်နေလေ၏။

"မြွေကြီး သေသွားပြီ၊ စိုးရိမ်စရာမရှိတော့ပါဘူး"

ကြူးဝေ ဟင်းခနဲ သက်ပြင်းတစ်ချက်ချလိုက်သည်။



"ကျွန်မ တောင်အောက်ဆင်းမလို့ လမ်းမှားပြီး …"

သူမ စကားဆုံးအောင် မပြောနိုင်ပါချေ။

လူငယ်က …

"ရေတံခွန်အနီးပတ်ဝန်းကျင်မှာ တောသတ္တဝါတွေ ရှိတတ်တယ်ဆိုတာ ညီမ အဖော်တွေ ပြောမပြခဲ့ဘူး ထင်ပါတယ်၊ ညီမကို လုရန်မြို့က လာခဲ့တာလား"

"မဟုတ်ပါဘူး"

"ကျုပ်နာမည် တုဖုံးလို့ခေါ်ပါတယ်၊ ပေ့စန်းနယ်ကပါ၊ ညီမနာမည် ဘယ်လိုခေါ်လဲ သိပါရစေလား"

"ကျွန်မရဲ့အသက်ကို ကယ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မနာမည် ကြူးဝေပါ၊ ပန်းနီကျေးရွာကပါ"

တုဖုံးသည် ကြူးဝေ၏ လှပ ချောမောသည့် မျက်နှာလေးကို ငေးကြည့်ရင်း ရင်ထဲလှုပ်ရှားနေပါ၏။

သူက ကြူးဝေအား မြင်မြင်ချင်း စွဲလမ်းသွားပြီး သူမထံမှ မေတ္တာကို ရယူလိုစိတ်များ ဖြစ်ပေါ်လာလေတော့သည်။

"ကြူးဝေတဲ့လား၊ ကျုပ်က ဘယ်တော့မှ မမေ့နိုင်တော့ပါဘူးခင်ဗျာ"

"ရှင် …"

ကြူးဝေ မျက်လုံးကလေး ဝိုင်းသွားပြီး ပါးပြင်မှာ ရဲခနဲဖြစ်သွား၏။

တုဖုံးနှင့် တွေ့မှ သူမ၏ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာခဲ့ရသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



တုဖုံးနှင့် မျက်နှာချင်း မဆိုင်ဝံ့တော့ဘဲ ခေါင်းငုံ့ထားလိုက်သည်။

တုဖုံးက ...

"ကျုပ်ကို အခွင့်အရေးယူတယ်လို့တော့ မထင်စေချင်ဘူး ကျုပ်ကို ညီမတို့အိမ်ကို လာလည်ခွင့် ပြုပါလား၊ လာလည်ပါရစေနော်"

"ကျွန်မ ..."

ကြူးဝေ မည်သို့ပြောရမှန်းမသိ ဖြစ်သွားသည်။

တုဖုံးကိုလည်း ဆတ်ခနဲ မော့ကြည့်လိုက်၏။

တုဖုံး၏မျက်နှာ တည်တည်ကြည်ကြည်ဖြင့် ရှိနေပြီး အလေးအနက်ထားကာ ပြောနေခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေတော့သည်။ သူ ပြောင်ပြက်ပြောနေခြင်း မဟုတ်ပါ။

ထိုအချိန်မှာပင် ...

"ညီမလေး ... ညီမလေး ကြူးဝေ"

အော်ဟစ်ခေါ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်သည်။

ချန်းချင်းက လိုက်ရှာနေပြီဖြစ်သည်။

ကြူးဝေ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"အစ် ... အစ်ကို လိုက်ရှာနေပြီ"

တုဖုံး မျက်မှောင်ကြုတ်သွား၏။

"အစ်ကို ..."

နှုတ်မှလည်း လွှတ်ခနဲ အသံထွက်သွား၏။



ကြူးဝေက သူ့အား တစ်ချက်ကြည့်ကာ ...

"ပန်းနီကျေးရွာက ကြူးခြံဝင်းကိုလာလည်နိုင်ပါတယ်၊ ကျွန်မ အစ်ကို လိုက်ရှာနေပြီမို့ သွားခွင့်ပြုပါဦး"

ပြောပြောဆိုဆို တုဖုံးရှေ့မှ ပြေးထွက်ပြီး ချောင်းကမ်းပါးဆီသို့ ခပ်သွက်သွက် ပြေးသွားလေတော့၏။

တုဖုံးထံမှ မေတ္တာအရိပ်အယောင် မတွေ့ခဲ့ပါလျှင် ချန်းချင်းနှင့် မိတ်ဆက်ပေးမိမည်သာ ဖြစ်ပါသည်။

ယခုတော့ ကျေးဇူးရှိသည့်တိုင် ချန်းချင်းနှင့် မိတ်ဆက်မပေးဘဲ ထွက်သွားခြင်း ဖြစ်ပါသည်။

"သူ့အစ်ကို ဆိုပါလား၊ ဘယ်လိုပတ်သက်နေသလဲ"

တုဖုံးမှာ တွေးတောရင်း ကျန်ရစ်ခဲ့ပေတော့သည်။

✳ ❖ ✳

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၆)

# သစ္စာဖောက် လောက်ကောင်

လုရန်မြို့ . . . ။

လုရန်မြို့သည် အလွန်စည်ကားသိုက်မြိုက်သည့် မြို့ကြီးတစ်မြို့ ဖြစ်သည်။

မြို့လယ်မင်းလမ်းမကြီး၏ ဝဲယာ တစ်ဖက်တစ်ချက်တွင် ဆေး ဆိုင်၊ အထည်အလိပ်ဆိုင်၊ အရက်ဆိုင်၊ အာမခံဌာန၊ တည်းခိုခန်း စားသောက်ဆိုင် စသည် စသည်ဖြင့် ဖွင့်လှစ်ထားရှိသည်။ ဆိုင်ပေါင်း စုံ၊ အခန်းပေါင်းစုံ ရှိသဖြင့် လွန်စွာ စည်ကားသည်။

ချန်းချင်းနှင့် ကြူးဝေတို့သည် လုရန်မြို့တွင်းသို့ ရောက်ရှိလာ ခဲ့ကြသည်။

ချန်းချင်းသည် တစ်လမ်းလုံး ကြူးတေား ပြစ်တင်လာသော သည်။ ကရုဏာဒေါသဖြင့်လည်း ဆုံးမဖြစ်နေခြင်းပင်။

"ညီမလေး တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

ဟူသော စကားမှာ အခွန်းပေါင်း တစ်ရာမက ထပ်နေသည်။



ကြူးဝေမှာ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဘာမျှမပြောသာပါ။

ဆူပူသမျှ ခေါင်းငုံ့ခံနေ၏။

ထို့အပြင် တုဖုံး၏ အကြောင်းကို စဉ်းစားတွေးတောနေမိ သဖြင့် ပြန်ပြောနိုင်ခြင်းမရှိ ဖြစ်ခဲ့ရသည်။

သူမ အန္တရာယ်ကြုံတွေ့ခဲ့ရသည်ကိုလည်းကောင်း၊ တုဖုံး ကယ်တင်ခဲ့သည်ကိုလည်းကောင်း ချန်းချင်းအား ပြောမပြခဲ့ပါ။ ဖုံးကွယ်ထားသည်မှာလည်း အကြောင်းရှိနေပါသည်။

ချန်းချင်းသသိလျှင် ပို၍စိုးရိမ်ပူပန်နေမည်။ ဆူပူမည်ဟု နားလည်ထားခြင်းကြောင့် ဖြစ်ပါသည်။

အဆူခံရသူက ကြူးဝေက တစ်ခွန်းမှ ပြန်မပြောသောအခါ ချန်းချင်း အလိုလို အဆူရပ်သွားလေတော့သည်။

ကြူးဝေ စိတ်ဆိုးနေသည်ဟု ထင်မှတ်ကာ မလုံမလဲဖြစ်လာ ပေသည်။

သူမအား ဆူပူလိုသည်က တစ်ဖက်၊ သူမစိတ်ဆင်းရဲသွား မည်ကို စိုးရိမ်သွားသည်က တစ်ဖက် အားပြိုင်နေပေတော့သည်။

ကြူးဝေ ခပ်ငေးငေးကလေး ဖြစ်နေခြင်းကြောင့် မေးလိုက် မိလေ၏။

"ညီမလေး . . . အစ်ကိုကို စိတ်ဆိုးသွားသလားဟင်"

ကြူးဝေမှာ ချန်းချင်း၏ စိတ်သဘောကို ကောင်းစွာနားလည် အားပြီး ဖြစ်သည်။

ထို့ကြောင့် . . .

"ညီမလေးက ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ၊ အစ်ကိုက ဆူသင့် လို့ ဆူတာပဲမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ညီမ ဘာဖြစ်လို့ မှိုင်နေရတာလဲ"

"ဗိုက်ဆာလို့ ..."

"ချန်းချင်း မျက်လုံးပြူးသွားသည်။

ကြူးဝေပြောသကဲ့သို့ ပုံတင်သံ ထပ်သွားသည်။

"ဗိုက်ဆာလို့ ..."

ထို့နောက် တဟားဟား ရယ်မောလိုက်လေတော့သည်။

သူ၏ ရယ်မောသံကြောင့် လမ်းသွားလမ်းလာများပင် ကြည့်မိကြသည်။

ချန်းချင်းက အရေးမစိုက်ဘဲ ...

"ဗိုက်ဆာတာများ ညီမလေးရယ်၊ အထူးအဆန်းလုပ်လို့ကဲလာ ... ဘယ်ဆိုင်မှာ စားချင်သလဲ ပြော ..."

စီတန်းလျက်ရှိနေသည့် စားသောက်ဆိုင်များအား ညွှန်ပြကာ ပြောလိုက်သည်။

ကြူးဝေ လှမ်းကြည့်လိုက်သည်။

စားသောက်ဆိုင်များအနက် 'ကောင်းကင်ပြာ' ဟု ဆိုင်းဘုတ်ချိတ်ဆွဲထားသည့် စားသောက်ဆိုင် တစ်ဆိုင်ကို သဘောကျသွားလေသည်။

"အစ်ကို ... အဲဒီဆိုင်ကို သွားမယ်"

လက်ညှိုးညွှန်ပြကာ ပြောလိုက်သည်။

ချန်းချင်းလည်း သဘောကျသွားသည်။

"နာမည်က မဆိုးဘူး၊ ကဲ ... သွားကြမယ်"

သူတို့နှစ်ယောက်သည် ကောင်းကင်ပြာ စားသောက်ဆိုင်သို့ ဦးတည်သွားကြလေ၏။ ထုံးစံအတိုင်း ဆိုင်တွင်းသို့ ဝင်ကြသည်။



ဆိုင်ရှေ့သို့ရောက်သည်နှင့် ဆိုင်လုလင်များက ခရီးဦးကြိုပြုလာကြ၏။

"ကြွပါခင်ဗျာ ... ကြွပါ"

"ကျွန်တော်တို့ဆိုင်ဟာ လုရန်မြို့က စားသောက်ဆိုင်တွေထဲက နာမည်အကြီးဆုံးပါပဲ"

"ကျွန်တော်တို့ ဆိုင်က ဟင်းလျာတွေဟာ မိတ်ဆွေတို့ကို လျှာလည်သွားစေရမည်ဆိုတာ တာဝန်ယူပါတယ်"

ဆိုင်လုလင်များက လျှာသွက် အာသွက် ဆိုကြသကဲ့သို့ ဆိုင်လုလင်များက နေရာထိုင်ခင်းများ ပေးကြ၏။

ကြူးဝေမှာ ကြားသမျှ ချက်ချင်းပင် ယူဆောင်ပေးကြသည်။

ကောင်းကင်ပြာ စားသောက်ဆိုင်သည် အခြားသော စားသောက် ဆိုင်များထက်ပို၍ ကြီးကျယ်ခမ်းနားသည်။

စားသောက်ဖွယ်ရာများမှာလည်း ကောင်းမွေ ညွှန့်ပေးဆိုသည့် ဟင်းလျာများချည်း ဖြစ်နေသည်။

ချန်းချင်းနှင့် ကြူးဝေတို့နှစ်ယောက် ဆာလောင်နေပြီဖြစ်ရာ အားရပါးရ စားသောက်ကြလေ၏။

ထိုအချိန်တွင် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသည့် အသက်ငါးဆယ်ခန့်ရှိသူ တစ်ယောက်သည် အခြွေအရံများဖြင့် ဆိုင်ထဲလှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရပေသည်။

ဆိုင်လုလင်များ ပျာပျာသလဲ ဖြစ်သွားကြပါသည်။

"မြို့စားကြီး ကြွလာတယ်"

ဟူသော စကားသံများမှာလည်း ဟိုမှသည်မှ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပြာ စားသောက်ဆိုင်မှ ဟင်းလျာများ နာမည်ကြီးနေသဖြင့် လုရန်မြို့စားကိုယ်တိုင်ပင် လာရောက်စားသောက်လေ့ရှိပုံမရသည်။

ကြူးဝေက လှမ်းကြည့်သည်။

"ရောက်တုန်းရောက်ခိုက် လုရန်မြို့စားကို မြင်ဖူးတယ်ရှိအောင် ကြည့်ထားရဦးမယ်၊ မြို့စားကြီးတွေကို ငါတစ်ခါမှ မတွေ့ဖူးဘူး"

ချန်းချင်းကလည်း လှမ်းကြည့်လိုက်၏။

မြို့စားကြီးသည် ဆိုင်ထဲသို့ ရောက်ရှိလာပြီး စားပွဲတစ်လုံး၌ နေရာယူလိုက်ပြီဖြစ်သည်။ အကျအန ထိုင်သည်။ ဆိုင်လုလင်များကလည်း စားသောက်ဖွယ်ရာများကို အပြေးအလွှား လာရောက်ပို့ဆောင်ကြသည်။

တိုစဉ် ဆိုင်အတွင်းဘက်မှ လူတစ်ယောက် လှမ်းထွက်လာလေတော့သည်။

ထိုလူမှာ အဖိုးတန် ပိုးဖဲအင်္ကျီများ ဝတ်ဆင်ထားသည့် အဘိုးအို တစ်ယောက်ဖြစ်လေ၏။

ထိုအဘိုးအိုသည် မြို့စားကြီးထံသို့ ခပ်သွက်သွက်လှမ်းသွားပြီး ...

"မြို့စားကြီး ကြွလာတာကိုး၊ ကျုပ်က ဆိုင်အနောက်ဘက်ရောက်နေလို့ ကိုယ်တိုင် ထွက်မကြိုနိုင်တာ ခွင့်လွှတ်ပါဗျာ၊ ကျုပ်အနေနဲ့ သိရင်သိချင်း မြို့စားကြီးကို ထွက်ကြိုတာပါပဲ ခင်ဗျာ"

မြို့စားကြီး လက်ကာပြလိုက်၏။

"ရပါတယ် ... ကိစ္စမရှိပါဘူး၊ ခင်ဗျားရဲ့ ဧည့်ဝတ်ကျေပွန်မှု



ကို ကျုပ်က အသိအမှတ်ပြုပါတယ်၊ ဒီတစ်ခါတော့ ကျုပ်ရဲ့ စားသောက်ခကို ယူရလိမ့်မယ်၊ ကျုပ်က ဒီပြင် မြို့စားတွေလို မဟုတ်ဘူးဗျ"

ဆိုင်ရှင် အဘိုးအို ခေါင်းခါယမ်းလိုက်သည်။

"ဟာ ... မြို့စားကြီးကလည်း မဟုတ်တာပဲ၊ ကျုပ်က ဘာကြောင့် စားသောက်ခ ကျသင့်ငွေ ယူရမှာလဲ"

"ကျုပ်လာတိုင်း မရှင်းခဲ့ရဘူး၊ ဒီတစ်ခါတော့ ခင်ဗျား ယူမှဖြစ်မယ်၊ ဒီလိုမှမဟုတ်ရင် ကျုပ် နောက်တစ်ခါ မလာတော့ဘူး၊ ကျုပ်ကို အဆိုးမဆိုနဲ့"

"မဟုတ်တာပဲ ... ဒီလိုတော့ မလုပ်နဲ့"

ဆိုင်ရှင် ပျာပျာသလဲ ဖြစ်သွား၏။

ဆိုင်ရှင်၏အသံကို ကြားဖူးသည်ဟု ချန်းချင်းထင်မှတ်မိသည်။

သူ သေသေချာချာ ကြည့်လိုက်သောအခါမှ ထိုလူသည် ဘဏ္ဍာထိန်းကြီး လေးငါးခုပူဖြစ်နေသည်ကို တွေ့လိုက်ရလေတော့သည်။

ချန်းချင်း ရင်ထဲ တထိတ်ထိတ် ခုန်လာလေ၏။

ထိုစဉ် ကြူးဝေက တအံ့တသြ ပြောသည်။

"အစ်ကို ... မြို့စားကြီးနဲ့ စကားပြောနေတဲ့ ဆိုင်ရှင်က ဘာဘလောက်ပူး မဟုတ်လား၊ ညီမလေးတော့ ဘဏ္ဍာထိန်းကြီး လောက်ပူးလို့ပဲထင်တယ်"

ချန်းချင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ် ... ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အာခေါင်ခြောက်ကပ်နေသဖြင့် စကားသံ ဗလုံးဗထွေး ဖြစ်နေပေတော့သည်။

လောက်ဂူးအား မမျှော်လင့်ဘဲ တွေ့လိုက်ရခြင်းဖြစ်သည်။

လုရန်မြို့သည် ကြီးမားကျယ်ဝန်းလှသည်ဖြစ်ရာ လောက်ဂူးအား လိုက်လံရှာဖွေနေရဦးမည်ဟု ထင်မိသည်။

ယခုမူကား လောက်ဂူး၏ စားသောက်ဆိုင်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်ခဲ့မိလေပြီ။

လောက်ဂူးသည် အသက်ကြီးရင့်ပြီဖြစ်၍ အနားယူတော့မည် ဆိုခဲ့သည်။ ထိုစဉ်က သူ့ဟန်က တကယ်ပင် ပင်ပန်းခဲ့သည့်ပုံဟန်ပင်။

ယခုကဲ့သို့ ဆိုင်ရှင်အဖြစ်နှင့် တွေ့နေရသည်မှာ ...။

ချန်းချင်းသည် လောက်ဂူးနှင့် ပတ်သက်ပြီး ကြားရသည့် စကားများကို ပြန်လည်ကြားယောင်လာမိသည်။

"သူဌေးကြီး ကြူးယီရဲ့ စီးပွားရေးလုပ်ငန်းတွေကို တန်ရာတန်ဖိုးထက် ဈေးလျော့ပြီးရအောင် လောက်ဂူး လုပ်ပေးခဲ့လို့ပေါ့"

"သူ့အတွက် ပွဲခ ဆယ်သိန်း"

"စီးပွားရေး လုပ်ငန်းတွေကို ထင်သလို လုပ်နိုင်အောင် လောက်ဂူးက သူဌေးကြီးကို ရှင်းပစ်ခဲ့တာများလားမှ မဆိုနိုင်တာ"

ချန်းချင်း မကျေမနပ်ဖြစ်လာသည်။

လောက်ဂူးကား အေးအေးဆေးဆေး အနားယူနေသည်ကို မြင်ရလျှင် မည်သမျှပင် ချမ်းသာကြွယ်ဝနေသည် ဖြစ်စေ ခွင့်လွှတ်နိုင်မည် ဖြစ်ပါသည်။



သူ သံသယ ဖြစ်မည်မဟုတ်ပါချေ။ ငွေအတွက် သူသံသယဖြစ်ချေ။

ယခုကဲ့သို့ အနားမယူဘဲ စားသောက်ဆိုင်ဖွင့်ကာ စီးပွားရေးလုပ်ငန်းများ လုပ်နေသည်ကို မြင်ရသောအခါ သက်ာမကင်း ဖြစ်လာလေတော့သည်။

"သူနဲ့ ဟာရှင်းရှင်းမှ ဖြစ်မယ်"

ချန်းချင်း တွေးတောစဉ်းစားနေစဉ်မှာပင် ...

"ဦးလေး လောက်ဂူး"

ကြူးဝေက လှမ်းခေါ်ကာ လောက်ဂူးဆီသို့ ခပ်သွက်သွက် လှမ်းသွားသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

"ညီမ ..."

ချန်းချင်းက ဟန့်တားသော်လည်း မမီတော့ပါ။ သူ အတွေးလွန်နေစဉ် ကြူးဝေ ထသွားခြင်းဖြစ်ပါသည်။

ကြူးဝေသည် လောက်ဂူးအနီးသို့ ရောက်ရှိသွားပြီ ဖြစ်ပါသည်။

လောက်ဂူးသည် မမျှော်လင့်ဘဲ ထွက်ပေါ်လာသည့် ခေါ်သံကြောင့် ချာခနဲ လှည့်ကြည့်လိုက်၏။

ကြူးဝေကို မြင်လျှင် ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။ သူ့မျက်နှာ ဖြူရော်သွားသည်။ သူ့ပုံပန်းက မတုန်မလှုပ် ကျောက်ရုပ်သို့ ဖြစ်သွားသည်။ ကောင်းကင်ကြီး ပြိုကျလာသည်ဟု သူထင်မှတ်နေပုံပင်။

"ဟင် ... မင်း ... မင်း ..."

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါးတစ်ကောင်ကို တွေ့လိုက်ရသည့်ပမာ မပီမသ ပြောလေ၏။

ကြူးဝေ ဝမ်းသာအားရ ဖြစ်နေပါသည်။

"ဦးလေးလောက်ဂူး၊ ကျွန်မက အခုလိုတွေ့ရလိမ့်မယ်လို့ လုံးဝ မထင်ခဲ့ဘူး၊ ဦးလေးက အနားယူမယ်ဆိုပြီးမှ ဒီမှာ စားသောက်ဆိုင် လာဖွင့်နေတာကိုး၊ ဦးလေးညာတယ်၊ မကောင်းဘူး"

မြို့စားကြီးသည် လောက်ဂူးနှင့် ကြူးဝေတို့အား တစ်လှည့်စီ ကြည့်နေပါ၏။

လောက်ဂူး မလုံမလဲဖြစ်လာသည်။

"ငါ့တူမကြီး ရောက်လာတာကိုး၊ ကဲ ... မြို့စားကြီး ကျုပ်ကို ခွင့်ပြုပါဦးဗျာ"

"ရပါတယ် ... ရပါတယ်၊ ကိစ္စရှိရင် သွားပါဗျာ"

လောက်ဂူးက ကြူးဝေ၏ လက်ကိုဆွဲကာ ...

"ကဲ ... ငါ့တူမကြီး လာခဲ့"

ဆိုင်အတွင်းဘက်သို့ ခေါ်သွားရန် ဟန်ပြင်လိုက်သည်။

ကြူးဝေက ပြောလိုက်၏။

"အစ်ကိုကြီး ချန်းချင်းလည်း ပါသေးတယ်"

"ဟော ..."

ထိုအခါတွင် လောက်ဂူး ထခုန်မလို ဖြစ်သွားလေ၏။

ထိုအချိန်တွင် ချန်းချင်းသည် ထိုင်ရာမှ ထကာ သူတို့အနီးသို့ လျှောက်လာနေပြီ ဖြစ်လေ၏။

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်လည်း ပါပါတယ်"



"ချန်းချင်း ..."

လောက်ဂူး၏ မျက်နှာပို၍ ပျက်သွားလေ၏။

ချန်းချင်းက ...

"ဦးလေးလောက်ဂူးနဲ့ အေးအေးဆေးဆေး စကားပြောရဦးမယ်"

"ကျုပ် ... ကျုပ်"

ကြူးဝေက လောက်ဂူး၏လက်ကိုဆွဲကာ ပြောလေ၏။

"ဟုတ်သားပဲ ... ကျွန်မတို့မတွေ့ရတာ အတော်ကြာပြီပဲ၊ ဦးလေးကို ကျွန်မတို့ သတိရနေကြတာရှင့်၊ အခုလည်း ချမ်းမြေ့ ...ောင်ကအပြန် ဒီကိုဝင်လာတာ ဦးလေးနဲ့တွေ့ရမယ်လို့ လုံးဝမမျှော် ...င့်ခဲ့ဘူး"

ထိုစကား ကြားရသောအခါမှ လောက်ဂူး စိတ်သက်သာရာ ...သွားလေ၏။

"သြော် ... ငါ့တူကြီးတို့က အလည်အပတ် ထွက်လာကြတာ ...ိုး၊ ကောင်းတယ် ... ကောင်းတယ်၊ စိတ်ပြေလက်ပျောက်ပေါ့"

"ဟုတ်တယ် ... အိမ်မှာနေရင် ဖေဖေ့ကို သတိရလွန်းလို့ ...ာ်ပြေလက်ပျောက် ခရီးထွက်လာခဲ့တာ"

လောက်ဂူး၏ မျက်နှာ ပြုံးရွှင်သွားတော့၏။ သူ အစိုးရိမ်လွန် ...သည်ကိုး။ သူ၏မျက်နှာကို ပြင်နိုင်သွားလေပြီ။

ငါ့တူမကြီးတို့ရောက်လာတာ ကျုပ်မှာ တာဝန်ရှိတာပေါ့၊ ... ကဲ ... လာ ဆိုင်နောက်ဘက်သွားကြရအောင်"

ပြောကာ ခေါ်ဆောင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်းနှင့် ကြူးဝေတို့ လိုက်သွားကြလေတော့၏။

စားသောက်ဆိုင် ...။ ရှေ့ဘက်တွင် စားသောက်ဆိုင်ရှိသည်။

စားသောက်ဆိုင် အနောက်ဘက်တွင် သီးသန့်အိမ်ကလေး တစ်လုံးရှိသည်။

လောက်ဂူး၏ အိမ်ဖြစ်သည်။

လောက်ဂူးသည် စားသောက်ဆိုင်ကို အကျအန ခန့်ကျန်အကျ ခံကာ ပြင်ဆင်မွမ်းမံထားသော်လည်း သူနေထိုင်သည့် အိမ်ကလေးမှာမူ ကြီးကျယ်ခမ်းနားမှု မရှိချေ။ သာမန်လက်လုပ်လက်စား တစ်ယောက်၏ အိမ်ကလေးနှင့် ဘာမှမခြားချေ။

"ထိုင်ကြပါ ..."

အိမ်ထဲသို့ ရောက်လျှင် လောက်ဂူးက နေရာထိုင်ခင်း ပေးသည်။

ချန်းချင်းသည် အိမ်ကလေး၏ အပြင်အဆင်ကို ကြည့်ကာ စဉ်းစားနေ၏။

"ဦးလေးလောက်ဂူးဟာ စည်းကမ်းစနစ်တကျ သုံးစွဲတတ်တဲ့ လူဆိုတော့ စားသောက်ဆိုင်တစ်ဆိုင် ဖွင့်နိုင်လောက်တဲ့ငွေကို အလွယ်ကလေး စုဆောင်းမိနိုင်ပါတယ်၊ စားသောက်ဆိုင်တစ်ဆိုင် ပိုင်တာနဲ့ သူ့ကို သကော်မကင်း ဖြစ်တာ သဘောဝမကျလှပါဘူး"

လောက်ဂူးက မေးသည်။

"ကြူးခြံဝင်းကို မင်းတို့ ဘယ်လိုလုပ်ထားကြသလဲ၊ လယ်ယာမြေတွေကိုကော ..."

ကြူးဝေက ...



"ခြံဝင်းကို တံခါးပိတ်ထားခဲ့ပါတယ်၊ အိမ်ဖော်တွေကိုလည်း အားလပ်ခွင့်ပေးလိုက်တယ်လေ၊ လယ်ယာမြေတွေကိုတော့ လူငှား တွေနဲ့ပဲ အပ်ထားခဲ့ရတာပေါ့"

လောက်ဂူး သက်ပြင်းချလိုက်၏။

"ငါ့တူမကြီးတို့ ဘာမှမလုပ်နိုင်ကြတော့တဲ့အတူတူ ရောင်းပစ် လိုက်ပါလား၊ သူဌေးကြီးထားခဲ့တဲ့ ပစ္စည်းတွေဟာ ငါ့တူမကြီးတို့ တစ်သက်မပြောနဲ့၊ ဆယ်သက်စားလို့ မကုန်နိုင်ပါဘူး၊ ဦးလေးက စေတနာနဲ့ ပြောတာပါ"

ချန်းချင်း မျက်မှောင်ကြုတ်သွားသည်။

စီးပွားရေးလုပ်ငန်းများအား ရောင်းချပစ်ရန်လည်း လောက်ဂူး ကပင် အကြံပေးတိုက်တွန်းခဲ့သည် မဟုတ်ပါလား။

လောက်ဂူးကို ယုံကြည်စိတ်ချသဖြင့် လက်ခံခဲ့ရာ အကျိုး အမြတ် ရရှိနေသည့် စီးပွားရေးလုပ်ငန်းများ ဆုံးရှုံးခဲ့ရသည်။

ယခုတစ်ဖန် လယ်ယာမြေများကို ရောင်းချရန် အကြံပေး နေပြန်သည်။

ပထမအကြိမ် ခံထားရဖူးသဖြင့် ဒုတိယအကြိမ်တော့ ချန်းချင်း မခံလိုတော့ပေ။

ကြူးဝေက ချန်းချင်းကို ကြည့်ကာတိုင်ပင်လေ၏။

"အစ်ကို ... လယ်မြေတွေကို အစ်ကိုသွားကြည့်ရတာ ပင်ပန်း ပါတယ်၊ ဦးလေးလောက်ဂူးပြောသလို ရောင်းပစ်လိုက်တာ ကောင်း မယ်ထင်တယ်"

ချန်းချင်း အဖြေမပေးနိုင်မီ လောက်ဂူးသည် ကြူးဝေစိတ် ပြောင်းသွားမည်ကို စိုးရိမ်ကာ ထပ်မံအကြံပေးပြန်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့တူမကြီးတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို ဝယ်သွားတဲ့ လူတွေကပဲ လယ်ယာမြေတွေကို ရောင်းရင် သူ့ကိုရောင်းဖို့ စကား ကမ်းလှမ်းထားတယ်ကွယ့်၊ ငါ့တူမကြီး သဘောတူရင် သိန်းပေါင်း ငါးဆယ်လောက်တော့ အသာလေးရနိုင်တယ်"

ချန်းချင်း ပြုံးလိုက်သည်။

"ကျွန်တော်တို့က မရောင်းဘဲ ဦးလေးလောက်ဂူးကို လက် ဆောင်ပေးမယ်လို့ စိတ်ကူးထားကြတာဗျ"

"ဟာ ..."

မမျှော်လင့်သောစကား ကြားလိုက်ရလျှင် လောက်ဂူး ပါးစပ် အဟောင်းသား ဖြစ်သွားတော့သည်။ ကောင်းကင်ကြီး ပြိုကျလာသည် ဟုပင် ထင်လိုက်မိသည်။

သူ့နည်းတူ အံ့ဩမိသူမှာ ကြူးဝေဖြစ်သည်။

ကြူးဝေလည်း ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။

မအံ့ဩဘဲ အဘယ်မှာရှိပါမည်နည်း။ ချန်းချင်း ပြောလိုက် သည့် စကားကိုပင်ကြည့်ပါ။

ထိုစဉ် ...

ချန်းချင်းက ထပ်မံပြောကြားပြန်လေ၏။

"ဦးလေးဟာ ကျွန်တော်တို့ မိသားစုအတွက် နှစ်ပေါင်းများစွာ အကျိုးပြုလာခဲ့သူတစ်ယောက်ပဲ၊ ကျွန်တော်တို့ သိတတ်ရမှာပေါ့ လယ်မြေယာမြေတွေဟာ ဦးအတွက်ပဲ ဖြစ်ရမှာပေါ့"

ကြူးဝေသည် ပစ္စည်းဥစ္စာ မက်မောသူမဟုတ်ပါချေ။

ချန်းချင်း ပြီးလျှင် ဘာမဆိုပြီးသူဖြစ်သည်။



ချန်းချင်း၏ စကားကို ချက်ချင်းထောက်ခံလိုက်သည်။

"ဟုတ်တယ် ... အစ်ကိုချန်းချင်းပြောတာ ကျွန်မ လက်ခံ တယ်၊ ဦးလေးကို ကျွန်မတို့ ကျေးဇူးတုံ့ပြန်ရမှာပေါ့"

လောက်ဂူး အသက်ရှုသံမြန်လာသည်။

သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာကာ

"ကျုပ် ပိုင်ဆိုင်ရမယ်ဆိုရင် သိန်းပေါင်း ငါးဆယ်နဲ့ ဘယ် ရောင်းနိုင်ပါ့မလဲ၊ အနည်းဆုံး သိန်းပေါင်း နှစ်ရာလောက်ရမှ ရောင်း နိုင်မှာ၊ မရောင်းရတော့ကော ဘာအရေးလဲ"

စကား စကား ပြောပါများ စကားထဲက ဓာတ်ပြဟုဆိုသော် လည်း သူတို့ပြောစကားမှာ မများပြားသေးပါ။ သို့သော် လောက်ဂူးက စတင် အမှားပြောလာ၏။

"ဟား ... ဟား ... ဟား"

ချန်းချင်း ကောက်ကာငင်ကာ ရယ်မောလိုက်လေ၏။

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

လောက်ဂူး ချက်ချင်း မျက်နှာပျက်သွားသည်။ ချန်းချင်း အဘယ်ကြောင့် ရယ်ရသနည်းဟု ဆန်းစစ်ပုံမျိုး ဖြစ်သည်။

သူသည် မပီမသ ပြောလိုက်သည်။

"မင်း ... မင်းက ..."

"ခြော် ... ဦးလေးလောက်ဂူးဟာ စီးပွားရေးအတွက် မြင်တတ် တာကို ကျွန်တော် သဘောကျလို့ပါ၊ ဦးလေး ကျွန်တော်တို့နဲ့အတူ လိုက်ခဲ့ပေါ့၊ ဖေဖေ့ရဲ့ အုတ်ဂူရှေ့မှာပဲ ကျွန်တော်တို့ သစ္စာတိုင်တည် ပြီး လယ်မြေ၊ ယာမြေတွေကို လွှဲပြောင်းပေးပါ့မယ်၊ စိတ်ချပါ၊ လယ်မြေ ယာမြေတွေ စိတ်ချလက်ချ ရစေပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



လောက်ဂူး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

သူ့ဗွေးကြီး ကြူးယီ၏ အုတ်ဂူရှေ့၌ သစ္စာတိုင်တည်ကာ လွှဲပြောင်းပေးမည်ဆိုခြင်းကြောင့် ဖြစ်သည်။ ထိုစကားသည် မည်သည့် စကားပေနည်း။

"ဟာ ... ကျုပ်က ..."

"ဦးလေး ချက်ချင်းမလိုက်နိုင်သေးရင်လည်း နောက်မှ လိုက်ခဲ့ လေ၊ ဦးလေးရဲ့ဆိုင်အတွက် စီစဉ်ရဦးမယ် မဟုတ်လား"

ကြူးဝေက ဘုမသိဘမသိ ဝင်ပြောလိုက်ရာ လောက်ဂူးမှာ အကွက်ဆိုက်သွားသည်။

"ဟုတ်တယ် ... ဒီမှာ စားသောက်ဆိုင်သာမကဘူး၊ တခြား စီးပွားရေးလုပ်ငန်းတွေလည်း ရှိသေးတယ်၊ ကျုပ် ချက်ချင်းကြီး လိုက်လာနိုင်ဦးမှာမဟုတ်ဘူး၊ ငါ့တူမကြီးတို့ ပြန်ကြပါ၊ ကျုပ် နောက်မှ လိုက်လာခဲ့မယ်၊ ငါ့တူမကြီး အကြံမပေးလည်း ကျုပ်အနေနဲ့ ဒီအတိုင်းစီစဉ်ရမှာပဲ ..."

သူက ကပျာကာ ပြောလိုက်လေ၏။

ချန်းချင်း ပြုံးလိုက်သည်။

သူသတင်းကြားခဲ့ရသည့်အတိုင်း လောက်ဂူးသည် သစ္စာပျက် ယွင်းသူဖြစ်ကြောင်း ထင်ရှားနေချေပြီ။

လောက်ဂူးအား ဆုံးမရပေမည်။

သူ၏အပြစ်များ ထုတ်ဖော်ဝန်ခံစေရမည်။

သူ့ဗွေးကြီး ကြူးယီ သေဆုံးသွားသည့် အဖြစ်မှန်ကို ဖော်ထုတ် နိုင်တော့မည် မဟုတ်ပါလား။



သို့သော် ... ယခုတော့ အချိန်မကျသေးပါ။

လောက်ဂူးအား ဆုံးမသည်ကို ကြူးဝေတွေ့မြင်သွား၍ မဖြစ် ပါ။ ဤအဖြစ်ကြောင့် ကြူးဝေ ရင်မနာစေချင်ပါ။

ကြူးဝေသည် ဖခင်ဖြစ်သူနှင့် ပတ်သက်ပြီး နောက်ထပ် စိတ်ဆင်းရဲမခံသင့်တော့ဟု သူမှားလည်ထားသည်။

လောက်ဂူးအား သူ့နည်းသူ့ဟန်ဖြင့် ဆုံးမရပေမည်။ အရေး အကြီးဆုံးမှာ ကြူးဝေအား အိမ်အရောက်ပြန်ပို့ပေးရေး ဖြစ်သည်။

ချန်းချင်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... ကျွန်တော်တို့ ပြန်နှင့်ဦးမယ်၊ ဦးလေးနောက်က လိုက်ခဲ့ပေါ့"

"ကောင်းပြီ ... ကောင်းပြီ၊ ကျုပ်လိုက်ခဲ့ပါ့မယ်"

"ကဲ ... ညီမလေး အစ်ကိုတို့ ပြန်ကြရအောင်"

"ဦးလေး လောက်ဂူး ဆက်ဆက်လာခဲ့နော်၊ ကျွန်မတို့ မျှော်နေ မယ် သိလား"

"စိတ်ချ ... စိတ်ချ"

ကြူးဝေနှင့် ချန်းချင်းတို့သည် လောက်ဂူးအား နှုတ်ဆက်ကာ ထွက်လာခဲ့ကြလေတော့သည်။

* ❖ *

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၇)

## သစ္စာမဲ့တို့ သွားရာလမ်း

ခွပ် ခွပ် … ခွပ် ခွပ်”

ခွပ် ခွပ် … ခွပ် ခွပ်”

မြင်းခွာသံ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေသည်။

လုရန်မြို့ပြင် တောလမ်းတစ်နေရာ၌ မြင်းလှည်းတစ်စီး မောင်းနှင်နေသည်။

မြင်းလှည်းမောင်းသူမှာ ချန်းချင်းဖြစ်သည်။

ချန်းချင်း၏ နံဘေး၌ ကြူးဝေက လိုက်ပါလာလေ၏။

သူမအား မြင်းလှည်းအိမ်ထဲ၌ သက်သောင့်သက်သာ ထိုင်၍ လိုက်ပါဟု ချန်းချင်းက အတန်တန်ပြောသော်လည်း သူမက ငြင်းပယ်ခဲ့သည်။

ကြူးဝေသည် ပူဆွေးသောက ဝေဒနာများကို မေ့မေ့ပျောက်ပျောက် ဖြစ်ကာ ပျော်ရွှင်နေသည်ကို တွေ့ရသဖြင့် ချန်းချင်း အတင်းအကြပ် မပြောတော့ဘဲ သူမစိတ်ကြိုက် လိုက်ပါခွင့်ပြုလိုက်သည်။



မောင်နှမနှစ်ယောက် စီးနင်းလိုက်ပါလာသည့် မြင်းလှည်းသည် တောလမ်တစ်နေရာသို့ အရောက်တွင် …

“ရပ်လိုက် …”

အော်ဟစ်ဟန့်တားသံများ ထွက်ပေါ်လာပြီး လမ်းဘေးရှိ သစ်ပင်များကြားမှ အနက်ရောင်ဝတ်ဆင်ထားသူ ငါးယောက် ခုန်ထွက်၍ လမ်းပိတ်လာကြသည်ကို တွေ့လိုက်ကြရသည်။

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ကြူးဝေ ထိတ်လန့်သွား;သည်။

“ဟေး … ဟေး”

ချန်းချင်းက မြင်းဇက်ကြိုးတင်းတင်းဆွဲကာ မြင်းလှည်းကို ရပ်တန့်လိုက်ရသည်။ မရပ်တန့်လျှင်လည်း မဖြစ်ပါ။

ချန်းချင်း အခြေအနေကို သိပါသည်။

“အစ်ကို ဘာဖြစ်လို့ ရပ်ပေးလိုက်ရတာလဲ”

“ရပ်မပေးရင် ဝင်တိုက်မိတော့မှာပေါ့ ညီမရ”

“သူတို့က လမ်းဓားပြတွေ ဆိုရင်ကော …”

ချန်းချင်း ပြုံးလိုက်သည်။

“အစ်ကို ဆုံးမလိုက်မှာပေါ့”

“အစ်ကို …”

ကြူးဝေ၏ စကားသံတွင် စိုးရိမ်မှုများ ရောစွက်နေပါ၏။

ချန်းချင်း လက်ကာပြလိုက်သည်။

“ဘာမှမပူနဲ့ ညီမ၊ အစ်ကို သိုင်းပညာ သင်ကြားပေးတာ ဒီလိုလူမျိုးတွေကို ဆုံးမဖို့ပဲ”

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်း ရပ်တန့်သွားသည်နှင့် အနက်ရောင်ဂါက်ဆင်ထားသူများက စိုင်းရုံလိုက်ကြသည်။

"ဟော့ကောင်တွေ ... မြင်းပေါ်က မြန်မြန်ဆင်းစမ်း"

ဓားပြတစ်ယောက်က အော်ဟောက်လိုက်သည်။

ချန်းချင်းနှင့် ကြူးဝေတို့ မြင်းလှည်းပေါ်မှ မဆင်းကြချေ။

ချန်းချင်းက ကြူးဝေကို ဆွဲထားသည်။

ချန်းချင်းက ...

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် ကျုပ်တို့ကို ဟန့်တားရတာလဲဗျ၊ ကျုပ်တို့ ခရီးသွားတွေပဲ၊ ခင်ဗျားတို့က ဓားပြတွေလား"

သူက ခပ်တည်တည်ဖြင့် ပြန်မေးလိုက်သည်။

အနက်ရောင် ဝတ်ဆင်ထားသူများ ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။

"ရှမ်း ... ရှမ်း ... ရှမ်း"

ခေါင်းဆောင်ဖြစ်ဟန်ရှိသူက အော်သည်။

"ဟော့ကောင် ... မသေချင်ရင် ဆင်းစမ်း"

ထိုလူများ၏ လက်ထဲ၌ ဓားများ ရောက်ရှိလာသည်ကို တွေ့မြင်ရသောအခါ ကြူးဝေ မျက်လုံးပြူးသွားတော့၏။

ချန်းချင်း၏ လက်မောင်းကို ဆုပ်ကိုင်ရင်း ...

"အစ်ကို လုပ်ပါဦး၊ ဓားတွေနဲ့ ညီမကြောက်တယ်"

"ဟား ... ဟား ... ဟား"

အနက်ရောင် ဝတ်ဆင်ထားသူများ သဘောကျစွာ ရယ်မောလိုက်ကြသည်။ ကြူးဝေ ကြောက်နေသည်ကို သူတို့သိရှိ သွားကြ၏။



ချန်းချင်း ဒေါပွသွားသည်။

"ညီမ ထိုင်နေ ... မြင်းလှည်းပေါ်က မဆင်းနဲ့"

သတိပေးပြီးသည်နှင့် မြင်းရိုက်သည့်ကြာပွတ်ကို ဆွဲကာ လေထဲ၌ ကျွမ်းပစ်လိုက်၏။

"ယား ..."

ဝေ့ဝဲကာ မြင်းလှည်းပေါ်မှ ခုန်ဆင်းသွားသည်။

လက်ထဲမှ ကြာပွတ်ဖြင့် အနက်ရောင်ဝတ်ထားသူများကို ရိုက်ချပစ်လိုက်သည်။

"ရှမ်း ... ရှမ်း ... ရှမ်း"

"အား ..."

"အွန့် ..."

"အမယ်လေး ..."

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာ၏။

အနက်ရောင် ဝတ်ဆင်ထားကြသူများမှာ တစ်ခဏအတွင်းမှာပင် ဖရိုဖရဲ ဖြစ်သွားကြသည်။

ချန်းချင်းသည် အခွင့်အရေးကို လက်လွှတ်မခံဘဲ မြေပေါ်ခုန်ဆင်းကာ ထပ်မံ၍ တရကြမ်း တိုက်ခိုက်လိုက်ပြန်သည်။

ချန်းချင်းမှာ သာမန်အရပ်သားတစ်ဦး မဟုတ်ပေ။ မေတ္တာရှင်ဓားသမားဘွဲ့ခံ သိုင်းမားတစ်ဦး ဖြစ်ပါသည်။ သာမန်အရပ်သားများထဲ၌ သူ၏သိုင်းပညာကို ထုတ်မသုံးဘဲ လျှို့ထားသူဖြစ်ပါသည်။

အရေးအကြောင်း ကြုံသောအခါ သူ၏သိုင်းပညာကို ထုတ်သုံးလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ..."

"အား ..."

"အမယ်လေး"

အနက်ရောင်ဝတ်ဆင်ထားသူများ တစ်ယောက်ပြီးတစ်ယောက် မြေပေါ် လဲကျသွားလေတော့သည်။

ခေါင်းဆောင်ဖြစ်ဟန်တူသူလည်း အလန့်တကြား အော်တော့၏။

"ပြေးဟေ့ ... ပြေး"

ဓားပြများ တောအုပ်ထဲ ဝင်ပြေးကြသည်။

သူ၏လူများလည်း ဆက်၍မတိုက်နိုက်ရဲကြတော့ဘဲ တစ်ယောက်တစ်ကွဲ တစ်ပြားစီ ထွက်ပြေးသွားကြရတော့သည်။

လူဆိုးဓားပြများသည် ခုခံနိုင်ခြင်းမရှိသူများအပေါ် နိုင့်ထက်စီးနင်း ပြုလုပ်တတ်ကြပြီး ဆုံးမမည့်သူနှင့် တွေ့လျှင် ရင်မဆိုင်ဝံ့ဘဲ ထွက်ပြေးတတ်ကြသည် မဟုတ်ပါလား။ ဤကား ဓားပြများ၏ အကျင့်သာတည်း။

ပန်းနီကျေးရွာမှ ထွက်လာချိန်မှ စ၍ လုရန်မြို့သို့ ရောက်သည်အထိ အန္တရာယ်ပြုသူ မတွေ့ခဲ့ရချေ။

လုရန်မြို့၌ လောက်ဝူးနှင့် တွေ့ဆုံခဲ့ရပြီး အပြန်လမ်းတွင် ယခုကဲ့သို့ အန္တရာယ်တွေ့ရသည်မှာ တိုက်ဆိုင်မှုမဖြစ်နိုင်ပါ။ ချန်းချင်းသည် တစ်နှင့် တစ်ပေါင်းက နှစ်ရမည်ကို ကြိုတင်သိသူဖြစ်ပါသည်။

ထို့ကြောင့် ...

"ချန်းချင်း အံကြိတ်လိုက်သည်။



"သူ့အကြောင်းမပေါ်အောင ်တို့ကိုပါ ရှင်းပစ်ဖို့ ကြိုးစားတာ ပဲ၊ သိကြသေးတာပေါ့"

မြင်းလှည်းပေါ်မှ ကြူးဝေကို လှမ်းကြည့်လိုက်သည်။

ကြူးဝေသည် ချန်းချင်းက ရန်သူများအပေါ် အောင်ပွဲခံနိုင်ခဲ့သည်ကို မြင်သောအခါ လက်ခုပ်လက်ဝါးတီးကာ အားပေးနေသည်။

"ဒါမှ တို့အစ်ကိုကြီးဟေ့ ..."

ချန်းချင်းက သူမအား ပြုံးပြရင်း ...

"ညီမ ... မြင်းလှည်းပေါ်မှာပဲနေ၊ အောက်ကိုမဆင်းနဲ့၊ အစ်ကို အခုချက်ချင်း ပြန်လာခဲ့မယ်"

ပြောပြီးသည်နှင့် လူဆိုးခေါင်းဆောင် ထွက်ပြေးရာနောက်သို့ ပြေးလိုက်သွားလေတော့သည်။

ကြူးဝေ ထိတ်လန့်သွားသည်။

"အစ်ကို ... အစ်ကို မသွားပါနဲ့၊ ပြန်လာပါ"

သူမ အော်ဟစ်ခေါ်လိုက်သော်လည်း ချန်းချင်းသည် ပြန်လှည့်မလာဘဲ သစ်ပင်များကြား တိုးဝင်ကွယ်ပျောက်သွားလေတော့သည်။

☀ ❖ ☀

"ဟောဟဲ ... ဟောဟဲ"

လူဆိုးခေါင်းဆောင်မှာ ပြေးလွှားရင်း မောဟိုက်လာလေသည်။

ခြေလှမ်းများလည်း နှေးကွေးလာသည်။

ထို့ကြောင့် နောက်မှလိုက်လာသည့် ချန်းချင်း မီသွားသည်။ သူ၏ပြေးအားနှင့် ချန်းချင်း၏ လိုက်အားကလည်း မတူပါ။ ချန်းချင်းမှာ သိုင်းသမားဖြစ်၍ ကိုယ်ဖော့ပညာရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ပြေလို့ရမလား"

ချန်းချင်းက အော်ငေါက်ကာ ကျာပွတ်ဖြင့် ရိုက်ချလိုက်သည်။

ကျာပွတ်မှာ လူဆိုးခေါင်းဆောင်၏ ကျောပြင်ကို ရိုက်ချမိသွားသည်။

"ရှမ်း ..."

"အမယ်လေး"

လူဆိုးခေါင်းဆောင်မှာကျင်စွာ အော်ဟစ်ရင်း ရှေ့သို့ ဟပ်ထိုးလဲကျသွားလေတော့သည်။

သို့သော် ချက်ချင်းပင် လူးလိုမ့်ထရန် ကြိုးစားလိုက်၏။

ချန်းချင်းက သူ၏အနီးသို့ ရောက်ရှိလာသည်။

"ခင်ဗျား ဘာတတ်နိုင်သးလဲ"

အော်ငေါက်ရင်း ကျာပွတ်ဖြင့် ထပ်မံရိုက်ချလိုက်ပြန်သည်။

တရွှမ်းရွှမ်း မြည်သံများထွက်ပေါ်လာပြီး လူဆိုးခေါင်းဆောင်၏ အဝတ်အစားများ စုတ်ပြဲကုန်သည်။

ကျောပြင်နှင့် ရင်ဘတ်တွင် အရိုးရာချင်း ထပ်သွားသည်။

"မလုပ်ပါနဲ့၊ ကျုပ်ကို ချမ်းသာပေးပါ"

လူဆိုးခေါင်းဆောင်မှာ လက်နှစ်ဖက်ယှက်ကာ အော်ဟစ်တောင်းပန်နေတော့သည်။

ချန်းချင်း မျက်မှောင်ကြုတ်သွား၏

လူဆိုးခေါင်းဆောင်၏အသံကို ကြားဖူးသကဲ့သို့ ရှိနေသည် မဟုတ်ပါလား။

"ဒီအဝတ်ကြီး ဖယ်စမ်း"



လူဆိုးခေါင်းဆောင်၏ ဦးခေါင်းပေါ်မှ ခေါင်းပေါင်းစကြီးကို ဆွဲဖယ်ပစ်လိုက်၏။

ယခုမှ လူဆိုးခေါင်းဆောင်၏ ရုပ်သွင် ထင်ရှားပေါ်လွင်လာလေတော့သည်။

"ဟင် ... ဦးလေးလောက်ဝူး"

ချန်းချင်း လွှတ်ခနဲ ခေါ်လိုက်မိလေ၏။

လောက်ဝူးသည် သူတို့အား ဒုက္ခပေးလိမ့်မည်ဟု နားလည်ထားပါ၏။

သို့သော် ယခုလို ကိုယ်တိုင်ကိုယ်ကျ ကြိုးစားလာမည်မထင်မိချေ။ လူဆိုးများကို ခေါင်းဆောင်လုပ်ပြီး သူတို့ကို တိုက်ခိုက်မည်ဟု မထင်ချေ။

လောက်ဝူးက တောင်းပန်နေ၏။

"ကျုပ် ... ကျုပ်ကို မသတ်ပါနဲ့၊ ကျုပ် တောင်းပန်ပါတယ်"

ချန်းချိန်က ...

"ဩော် ... ခင်ဗျားအလှည့်ကျတော့ ခင်ဗျား ကြောက်တတ်လှချည်လား၊ ကျုပ်အဖေကိုတော့ ခင်ဗျားက အဆိပ်ခတ်ပြီး လုပ်ကြံခဲ့တယ် မဟုတ်လားဗျ"

သူက ခပ်တည်တည်ဖြင့် အစ်အောက်လိုက်၏။

အမှန်တကယ်တော့ ချန်းချင်းမသိချေ။ ကြူးဝေနှင့် လောက်ဝူးတို့ ရှိနေရာ၌ ကြူးဝေ သေသည်ဟု သူသိရှိထားသည်။ ချန်းချင်းသည် သိရှိပြီးလေဟန်ဖြင့် အစ်အောက်လိုက်ခြင်းဖြစ်သည်။

"ကျုပ် ... ကျုပ်မှားသွားပါတယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



လောက်ဝူး တောင်းပန်တိုးလျှိုးနေသည်။

သူ၏တောင်းပန်မှုသည် သူဌေးကြီး ကြူးယီအား အဆိပ်ခတ်လုပ်ကြံလိုက်ကြောင်း ဝန်ခံခြင်းပင် ဖြစ်လေ၏။

ချန်းချင်း ဒေါသထွက်လာလေတော့သည်။

ဖခင်ဖြစ်သူမှာ သေချိန်တန်၍ သေရသည်မဟုတ်ဘဲ လူယုတ်မာ လောက်ဝူး၏ လက်ချက်ဖြင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်။

သူဌေးကြီး ကြူးယီ သေဆုံးသွားလျှင် ကြူးဝေနှင့် ချန်းချင်းတို့သည် ကျန်ရစ်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဆက်လက်ဦးဆောင်နိုင်မည်မဟုတ်ဘဲ ရောင်းချပစ်လိမ့်မည်ဟု လောက်ဝူး ကြိုတင်တွက်ဆထားခဲ့ပုံရသည်။

ချန်းချင်းနှင့် ကြူးဝေတို့ကလည်း လောက်ဝူး၏ အကြံအစည်အတိုင်း ကွက်တိ လက်ခံဆောင်ရွက်ခဲ့ကြသည် မဟုတ်ပါလား။ ချန်းချင်း စီးပွားရေးကို စိတ်မဝင်စားခဲ့ခြင်းက လောက်ဝူး ဤအကြံကို ကြံစေခဲ့ပြီးဖြစ်သည်။

လောက်ဝူး တစ်သက်လုံး သစ္စာရှိရှိ နေထိုင်ခဲ့ပြီး ယခုမှ သစ္စာပျက်ယွင်းကာ တစ်ချိတည်း အပြုကြံခဲ့ခြင်း ဖြစ်လေတော့သည်။

"ကျုပ် ... ကျုပ်မှားပါတယ်၊ ကျုပ်ကို ခွင့်လွှတ်ပါ"

ချန်းချင်းက ငြိမ်နေသဖြင့် လောက်ဝူး ထိတ်လန့်ကာ တွင်တွင်ကြီး တောင်းပန်နေသည်။

ချန်းချင်း ယခုမှ သတိဝင်လာ၏။

လောက်ဝူးကို စိုက်ကြည့်လိုက်ပြီး မေးလိုက်၏။

"ကျုပ်အဖေက ခင်ဗျားအပေါ် ဘာများ အမှားအယွင်း ရှိခဲ့လို့လဲဗျာ"



သူက နာကြည်းစွာ မေးလိုက်သည်။

လောက်ဝူး ခေါင်းခါယမ်းလိုက်သည်။

"မရှိပါဘူး၊ သူဌေးကြီးက ကျုပ်အပေါ်မှာ အစစအရာရာ ကောင်းခဲ့ပါတယ်ကွယ်၊ အားလုံးကောင်းခဲ့ပါတယ်"

"ဒါနဲ့များတောင် ခင်ဗျားက ကျုပ်အဖေကို လုပ်ကြံခဲ့ရသေးသလားဗျာ၊ ကျုပ်အဖေ သူတော်ကောင်းကြီး မတန်မရာ သေရရှာတယ်၊ တောက် ..."

"ကျုပ် ... ကျုပ်မှားပါတယ်ကွာ၊ ကျုပ် ... ကျုပ်က သူဌေးကြီးရဲ့ ပစ္စည်းတွေကို လိုချင်မက်မောမိတာမို့ မကောင်းကြံမိတာပါ၊ ကျုပ်ရဲ့ စိတ်ဆိုး စိတ်ယုတ်တွေကြောင့် ခုလိုဖြစ်သွားရတာပါ"

ချန်းချင်း အံကြိတ်လိုက်၏။

"ကောင်းပြီ ... ခင်ဗျားအပြစ်ကို ခင်ဗျား ဝန်ခံတယ်ဆိုပေမယ့် ကျုပ်က ခွင့်မလွှတ်နိုင်သေးဘူး၊ ခင်ဗျားကို လုရန်မြို့စားကြီး လက်ထဲ အပ်ရလိမ့်မယ်"

လုရန်မြို့မှာ အနီးဆုံးဖြစ်နေ၍ လောက်ဝူးအား လုရန်မြို့စားထံ အပ်ကာ တရားဥပဒေအရ အရေးယူမည်ဟု ချန်းချင်း ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

မမျှော်လင့်သော စကားကြားရလျှင် လောက်ဝူး မျက်လုံးပြူးသွားသည်။

"ကျုပ် ... ကျုပ်ကို မြို့စားကြီးလက်ထဲ မအပ်ပါနဲ့"

ဟု ပျာပျာသလဲ တောင်းပန်လာသည်။

ချန်းချင်း ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မရဘူး ... ခင်ဗျားဟာ ကျုပ်အဖေကို လုပ်ကြံရုံတင် မက ဘူး၊ ခင်ဗျားအကြံကိုရိပ်မိလို့ ကျုပ်တို့ကိုတောင် ရှင်းပစ်ဖို့ ကြိုးစား ခဲ့သေးတာပဲ၊ လက်ပိုက်ကြည့်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒါက ကျုပ် အပျော့ဆုံး လုပ်လိုက်တာပဲ"

လောက်ဝူးသည် တောင်းပန်၍ ရတော့မည်မဟုတ်သည့် အဖြစ် ကို နားလည်မိလိုက်သည်။

ထို့ကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ဓားမြှောင် တစ်ချောင်း လျှို့ဝှက်စွာထုတ်ယူကာ ...

"မြို့စားကြီး လက်ထဲတော့ အအပ်မခံဘူးကွ၊ မင်းကိုပဲ ရှင်း ပစ်မယ်"

စကားဆုံးသည်နှင့် အလစ်တိုက်ခိုက်တော့သည်။

ချန်းချင်းမှာ သတိမပြုမိထားနေသည့် ဖြစ်ရကား ချက်ချင်း ပင် ခြေထောက်ဆန့်ထုတ်ကာ ကန်ထည့်လိုက်သည်။

"ဝုန်း ...

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

လောက်ဝူးမှာ အပေါ်မြောက်တက်သွားပြီး မြေပေါ်ပြုတ်ကျ ကာ သုံးလေးပတ်မျှ လိမ့်ထွက်သွား၏။

ထို့နောက် မြေပေါ်မှ ထမလာတော့ဘဲ မလှုပ်မယှက် လဲကျနေ ပေတော့သည်။

ချန်းချင်း မျက်မှောင်ကြုတ်သွား၏။

မှောက်ခုံကြီး လဲနေသည့် လောက်ဝူးကို ကြည့်ကာ လှမ်းခေါ် လေ၏။



"ခင်ဗျား ဘာတွေအကောက်ကြံဦးမလို့လဲ"

သို့သော် ... လောက်ဝူးထံမှ တုံ့ပြန်စကားသံထွက်ပေါ်လာ ခြင်း မရှိချေ။ လောက်ဝူးငြိမ်နေသည်။

"လောက်ဝူး ခင်ဗျားကို မြို့စားကြီးလက်ထဲအပ်ရမယ်၊ ထစမ် မှုယာမာယာများမနေနဲ့"

ချန်းချင်းက ထပ်ပြောလိုက်သည်။

လောက်ဝူးကား တုတ်တုတ်မျှပင် မလှုပ်ပါ။

ချန်းချင်း အံ့သြသွား၏။

သတိကြီးစွာဖြင့် လောက်ဝူးအနီးသို့ ချဉ်းကပ်သွားသည်။ သူသည် အမှန်းဒေဝိကဲ့သို့သော လူယုတ်မာများနှင့် တွေ့ဖူးခဲ့သဖြင့် လောက်ဝူးကိုလည်းမယုံပါ။

လောက်ဝူးမှာ ငြိမ်သက်နေဆဲပင် ...။

အနီးသို့ရောက်သွားမှ ဓားမြှောင်ကိုင်ထားသည့် လက်မှာ ခန္ဓာ ကိုယ်၌ ခေါက်ဝင်နေသည်ကို တွေ့ရမှ ချန်းချင်း သက်ပြင်းချလိုက် မိတော့သည်။

လောက်ဝူး မြေပေါ်သို့ လဲကျသွားသောအခါ သူ၏ဓားဖြင့် သူ၏ရင်ဝကို ပြန်လည်ထိုးစိုက်မိသွားခြင်း ဖြစ်ကြောင်း သိလိုက်ရ ပြီ မဟုတ်ပါလား။

နီရဲသော သွေးများသည် လောက်ဝူး၏ ခန္ဓာကိုယ်မှ စီးကျ နေ၏။ ပတ်ဝန်းကျင်တစ်ခုလုံး လောက်ဝူး၏ သွေးများသာ ပြည့်နေ သည်။

လောက်ဝူးကား ကိုယ့်တရား ကိုယ်စီရင်သွားပြီဖြစ်ပါသည်.

www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှုပြုသူတို့ မကောင်းရာလမ်းသွားရပုံကို ကြည့်ရင်း ချန်းချင်း သင်ခန်းစာရနေမိတော့၏။ နွားတ၏ခြေရာနောက်သို့ လှည်းဘီး ထက်ကြပ်လိုက်သည်ကို ချန်းချင်း သံဝေဂယူမိ၏။

"အစ်ကို ... အစ်ကို မြန်မြန် ပြန်လာပါတော့ ..."

တောလမ်းကလေးဆီမှ ကြူးဝေ၏ အော်ခေါ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ချန်းချင်း သက်ပြင်းချလိုက်မိ၏။

လောက်ဝူး၏ အလောင်းကို ကျောခိုင်းကာ တောအုပ်ထဲမှ ထွက်လာခဲ့လေတော့သည်။

လောက်ဝူးသည် သူဌေးကြီး ကြူးယီအား အဆိပ်ခတ် လုပ်ကြံခဲ့သည်ကိုလည်းကောင်း၊ လောက်ဝူး သေဆုံးသွားပြီဆိုခြင်းကိုလည်းကောင်း ချန်းချင်းက ကြူးဝေအား ပြောပြလိမ့်မည် မဟုတ်ပါချေ။

ကြူးဝေသည် အဖြစ်မှန်ကို မသိရှာဘဲ ဖခင်ဖြစ်သူအား သူ သေွးရိုးသားရိုး သေဆုံးသွားခြင်းဖြစ်သည်ဟူ၍ လည်းကောင်း၊ လောက်ဝူးမှာ အလုပ်အားလပ်သည့်နေ့ သူမထံ လာရောက်လည်ပတ်လိမ့်မည်ဟု ထင်မှတ်နေလိမ့်မည်သာ ဖြစ်ပေသည်။

ထိုသို့ ထင်မှတ်နေခြင်းကသာလျှင် သူမအတွက် အကောင်းဆုံး ဖြစ်သည်မဟုတ်ပါလား။

✳ ❖ ✳

အခန်း(၂၈)

# ရန်စသူ

ပန်းနီကျေးရွာ ... ။

ပန်းနီကျေးရွာမှာ ထုံးစံအတိုင်း စည်ကားသိုက်မြိုက်နေသည်။ ကျေးရွာဟုဆိုသော်လည်း ရွာသိမ်ရွာငယ်ကလေး မဟုတ်ပါ။ ပြောင်းလဲမှု မသိပ်မရှိပါ။

သို့သော် ပန်းနီကျေးရွာအစွန်ရှိ သူဌေးကြီး ကြူးယီ၏ ခြံဝင်းမှ ပြောင်းလဲမှုအတော်များများ ဖြစ်ပေါ်ခဲ့သည်။

သူဌေးကြီးကြူးယီ ကွယ်လွန်သွားသည်။

ဘဏ္ဍာထိန်းကြီး လောက်ဝူး ထွက်ခွာသွားသည်။

ချန်းချင်း ပြန်လည်ရောက်ရှိလာသည်။

ချန်းချင်းနှင့် ကြူးဝေတို့ အလည်အပတ် ခရီးထွက်သွားပြီး ပြန်ရောက်လာချိန်၌ အိမ်ဖော်များ၊ အလုပ်သမားများသည် အိမ်ထဲရှိသမျှ အဖိုးတန်ပစ္စည်းများယူကာ ထွက်ပြေးတိမ်းရှောင်သွားကြသည့် အဖြစ်နှင့် ကြုံတွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်းက ယာမြေများလယ်မြေများကိုရောင်းချပစ်လိုက်၏။

မည်မျှပင် ပြောင်းလဲမှုရှိစေကာမူ သူတို့မောင်နှမနှစ်ယောက် တစ်သက်တာ အေးအေးချမ်းချမ်း နေနိုင်လောက်အောင် ဥစ္စာဓန ကြွယ်ဝနေကြဆဲဖြစ်သည်။

အိမ်ဖော်များ၊ အလုပ်သမားများ မရှိတော့သည့်တိုင် ထပ်မံ ခေါ်ယူခြင်း မပြုတော့ချေ။

ကျယ်ဝန်းလှသည့် ခြံဝင်းကြီး၊ ကြီးမား ခံ့ညားလှသည့် အဆောက်အအုံကြီးတွင် မောင်နှမနှစ်ယောက်တည်းသာ နေထိုင်ခဲ့ကြ သည်။

ချန်းချင်းက ခြံဝင်းအတွင်း၌ သစ်ပင် ပန်းမန်များ စိုက်ပျိုး ပြုပြင်ခြင်းဖြင့် အချိန်ကုန်သလို ကြူးဝေက ချက်ရေး ပြုတ်ရေး လျှော်ဖွပ်ရေးဖြင့် အချိန်ကုန်ခဲ့သည်။

မောင်နှမနှစ်ယောက်စလုံး ပင်ပန်းသည်ဟု သဘောမထားဘဲ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့ကြသည်။

နှစ်ယောက်သား နိစ္စဓူဝ မအားမလပ်နိုင်အောင် ဖြစ်နေကြ၍ ဖခင်ဖြစ်သူကို သတိရ တမ်းတခြင်းဖြင့် လွမ်းဆွေးမနေအားတော့ပေ။

သူတို့နှစ်ယောက် ယခုကဲ့သို့ တစ်သက်လုံး ပျော်ရွှင်ချမ်းမြေ့ စွာ နေထိုင်သွားနိုင်ကြမည်ဟု ယုံကြည်ထားကြသည်။

သို့သော် လူ့ဘဝ ကံကြမ္မာဆိုသည်မှာ ကြိုတင်ခန့်မှန်းရန် ခက်ခဲလှသည်။

ကြူးဝေနှင့် ချန်းချင်းတို့၏ ဘဝခရီးသည်ကား ...။

✳ ❖ ✳



မိုးစင်စင်လင်းပြီ ဖြစ်သည်။

ချန်းချင်းသည် ပေါက်ပြားတစ်လက် ဆွဲကာ ပန်းဥယျာဉ်ထဲ ဆင်းလာခဲ့လေ၏။

သူက ပန်းပင်များစိုက်ပျိုးနေသည်မှာ ငွေရေးကြေးရေးအတွက် ကုတ်သလို အလုပ်စိုက်ပျိုးခြင်းလည်း မဟုတ်ပါ။

ကြူးဝေ ပန်ဖို့ စိုက်ပျိုးခြင်းသာ ဖြစ်သည်။

ညီမဖြစ်သူအပေါ် အရိပ်တကြည့်ကြည့်ဖြင့် လိုလေသေးမရှိ လုပ်ပေးရန်ထက် အရေးကြီးသောကိစ္စ သူ့တွင်မရှိတော့ပြီ။

ကြူးဝေအတွက် အချိန်ပေးရန် သူက ဓားကိုပင် ကိုင်ဆောင် ခြင်း မပြုတော့ပေ။ လေ့ကျင့်ခြင်း မပြုတော့ပေ။

သူ၏ဓားပညာသည် လေ့ကျင့်မှုမရှိသဖြင့် တုံးသယောင်ပင် ဖြစ်နေလေပြီ။

ချန်းချင်းသည် နေပွင့်လာသည်နှင့် ပန်းဥယျာဉ်အတွင်း၌ ကုပ်ကုပ်ဖြင့် အလုပ်များနေသည်။

ကြူးဝေသည် ရွာလယ်ဈေးကလေးသို့ သွားကာ ဟင်းချက် စရာများ ဝယ်ခြမ်းပေလိမ့်မည်။

တစ်ဖန် သူမစိတ်ကြိုက် ချက်ပြုတ်ပေလိမ့်မည်။

ငန်သည်၊ ပေါ့သည်၊ ခါးသည်၊ စပ်သည်ဟူ၍ ချန်းချင်း ညည်းညူခြင်းမရှိပေ။

ကြူးဝေ ချက်ကျွေးသမျှ အလွန်ကောင်းကြောင်း၊ အလွန်ပင် အရသာရှိကြောင်း ချီးမွမ်းကာ အားရပါးရ စားလေ့ရှိသည်။

ထို့ကြောင့်လည်း ကြူးဝေမှာ နံနက် မိုးစင်စင်လင်းလာသည်နှင့် ဈေးသွားရန် ဟန်တပြင်ပြင် ဖြစ်နေခြင်းတည်း။

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်းက ပေါက်ပြားကိုချကာ နဖူးပေါ်မှ ချွေးများကို သုတ်
သင်ပစ်လိုက်သည်။

"ခါတိုင်း ဒီအချိန်လောက်ဆိုရင် ညီမလေး ပြန်ရောက်လာ
တတပြီ၊ ဒီကနေ့ ဘာကြောင့် နောက်ကျနေပါလိမ့်"

တွေးရင်း ခြံဝင်းအဝင် တံခါးမကြီးဆီသို့ လှမ်းကြည့်လိုက်
သည်။

ထိုအချိန်မှာပင် ကြူးဝေ ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်
ရ၏။

သူမလက်ထဲ၌ ဈေးခြင်းတောင်း ကိုင်ထားသော်လည်း ခြင်း
တောင်းထဲ၌ ဘာမှမပါဘဲ ဟာလာဟင်းလင်း ဖြစ်နေသည်။ ဟင်း
လျာများ မည်သည့်နေရာ ရောက်ကုန်သနည်း။

သူမ မျက်နှာမှာလည်း ရွာတော့မည့် မိုးပမာ ညိုနေ၏။

ချန်းချင်း မျက်မှောင်ကြုတ်သွားသည်။

ကြူးဝေထံသို့ ခပ်သွက်သွက် လှမ်းလေ၏။

"ညီမလေး ... မျက်နှာလည်း မကောင်းပါလား၊ ဘာများဖြစ်
လို့လဲ၊ ပြောစမ်းပါဦး"

သူက အလောတကြီး မေးလိုက်သည်။

ကြူးဝေက ငိုမဲ့မဲ့ ဖြစ်နေသည်။

နှုတ်ခမ်းကိုက်ထားပြီး ဘာမျှမပြောချေ။

ချန်းချင်း ပို၍ စိုးရိမ်ပူပန်သွားလေတော့သည်။

"ညီမလေး ဘာများဖြစ်လို့လဲ၊ ပြောစမ်းပါဦး"

ကြူးဝေက ဘာမျှမပြောဘဲ ငြိမ်နေဆဲ ...



ချန်းချင်း မကျေမနပ်ဖြစ်သွားသည်။

"ကောင်းပြီ ... ညီမလေး မပြောလည်း အစ်ကို ရွာထဲသွားပြီး
စုံစမ်းကြည့်မယ်"

ပြောပြောဆိုဆို ပြေးထွက်ရန် ဟန်ပြင်လိုက်၏။

ထိုအခါမှ ကြူးဝေ လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ချန်းချင်း၏
လက်မောင်းကို ဆွဲထားလိုက်သည်။

ချန်းချင်းက ...

"ညီမ ... အစ်ကို့ကို မတားနဲ့"

"မဟုတ်ပါဘူး အစ်ကိုရယ်၊ ညီမ ပြောပါရစေဦး ..."

ကြူးဝေက ငိုမဲ့မဲ့လေး ပြောနေ၍ ချန်းချင်း ငြိမ်ကျသွား၏။

ကြူးဝေက ...

"ညီမလေး ဈေးသွားတော့ ရွာထဲမှာ ဟို ... ဟို"

"ဘာဖြစ်သလဲ၊ ပြောစမ်းပါဦး"

"ရွာလယ်က လုံဖွေးက ..."

"သြော် ... သူက ညီမလေးကို လိုက်နှောင့်ယှက်တယ်ပေါ့
ဟုတ်လား"

"ဟို ... ဟို ..."

"တောက် ... သိကြသေးတာပေါ့ကွာ"

လုံဖွေးသည် ပန်းနီကျေးရွာမှ လူငယ်များထဲတွင် အများ
နာခေါင်းရှုံ့ခံရသည့် လူ့ဘောင်ကြော့တစ်ယောက် ဖြစ်သည်။ ရွာ၏
ဆူးညှောင့်ခလုတ်ဖြစ်သည်။

သူ၏ မိဘများ စီးပွားရေး ချောင်လည်သဖြင့် အရွယ်ရောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်သည့်တိုင် အလုပ်အကိုင် မယ်မယ်ရရမလုပ်ဘဲ ဟေးလားဝါး လားဖြင့် အချိန်ကုန်နေသူ ဖြစ်သည်။

ရွာထဲမှ မိန်းကလေးများနှင့် ပတ်သက်၍လည်း လုံဖွေးမှာ နာမည်ပျက်ရှိသည်။ သူတစ်ပါးကို နှောင့်ယှက်သည်။ မိန်းကလေး များ မသွားဝံ့ မလာဝံ့ ဖြစ်ရသည်။

လုံဖွေးအကြောင်းကို ချန်းချင်းက စုံစမ်းခြင်းမပြုသော်လည်း ရွာထဲမှ ဖြတ်သွားတိုင်း ရွာသူရွာသားများ၏ မကျေမနပ် ပြောဆိုသံ များကို နားနှင့်မဆန့်အောင် ကြားခဲ့ရသဖြင့် သိနေခြင်းဖြစ်နေသည်

လုံဖွေးမှာ ကြူးဝေအား လိုက်လံနှောင့်ယှက်သည်ဟု သိရ သည်နှင့် စိ...မထိန်းနိုင်အောင် ဖြစ်သွားသည်။

ကြူးဝေ၏ လက်ကို ဆတ်ခနဲ ဆွဲဖြုတ်ကာ ခြံဝင်းအပြင်ဘက် သို့ ထွက်သွားလေသည်။

"အစ်ကို ... အစ်ကို"

ကြူးဝေက အထိတ်တလန့် အော်လိုက်၏။

ချန်းချင်း၏ နောက်သို့ ပြေးလိုက်သွား၏။

"အစ်ကို ... မသွားပါနဲ့၊ သူတို့နဲ့ ပြဿနာ မဖြစ်ပါနဲ့"

အော်ဟစ်တားဆီးပါသော်လည်း ချန်းချင်းကား လုံးဝ လှည့် မကြည့်တော့ချေ။

ကြူးဝေသည် ခြံဝင်းဝသို့ ရောက်လျှင် ဆက်၍မလိုက်ံ့တော့ ပါ။

ခြံဝတွင် ထိုင်ကာ တရှုံ့ရှုံ့ ငိုကြွေးနေလိုက်လေတော့သည်။

ချန်းချင်းမှာ ရွာလယ်သို့ ရောက်ရှိလာပြီဖြစ်ပေသည်။



ရွာလယ်ရှိ လူ့ဝကြီး၏ လက်ဖက်ရည်ဆိုင်၌ လုံဖွေးနှင့် အပေါင်းအပါများ စတည်းချလေ့ရှိကြပေသည်။

ချန်းချင်းသည် လူဝကြီး၏ လက်ဖက်ရည်ဆိုင်သို့ ဦးတည် ပြေးလာခဲ့ခြင်းဖြစ်ပေသည်။

ရွာလမ်းတစ်လျှောက် သွားလာနေကြသူများသည် ချန်းချင်း ဒရောသောပါး ပြေးလာသည်ကို မြင်လျှင် တအံ့တသြ ဖြစ်သွားကြ သည်။

ရွာထဲ၌ သူဌေးကြီး ကြူးယီ ကွယ်လွန်သွားပြီးနောက် ကျန် ရစ်ခဲ့သည့် ကြူးဝေနှင့် ချန်းချင်းတို့အကြောင်း အမျိုးမျိုး ဝေဖန်ပြောဆို နေကြသည် မဟုတ်ပါလား။

"ဘာများဖြစ်လို့ပါလိမ့်"

စိတ်ဝင်စားသူ အတော်များသွားသည်။

ချန်းချင်းနောက်သို့ မယောင်မလည်ဖြင့် လိုက်သွားကြသည်။

ချန်းချင်းမှာ ...ဘ်ဝန်းကျင်ကို ဂရုမစိုက်ချေ။

လူဝကြီး၏ လက်ဖက်ရည်ဆိုင်ရှေ့သို့ ရောက်သည်နှင့် ခြေ လှမ်း ရပ်ကာ ဆိုင်ထဲဝေ့ကြည့်လိုက်၏။

ထိုအခါ ဆိုင်ထောင့်တစ်နေရာ၌ လူငယ် လူရွယ် တစ်စု ဝိုင်းဖွဲ့ထိုင်ကာ ဟေးလားဝါးလားဖြင့် ရယ်မောပြောဆိုနေကြသည် ကို တွေ့မြင်ရသည်။

ထိုလူစုတွင် အဝါရောင် ဝတ်ဆင်ထားသူ တစ်ယောက်မှာ ထင်ထင်ပေါ်ပေါ် ဖြစ်နေပါသည်။ ထင်ရှားနေပါသည်။ အသူငယ် အကြား လင်းတနားသကဲ့သို့ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လုံဖွေး"

ချန်းချင်းက သွားကြားလေသံဖြင့် ရေရွတ်လိုက်သည်။

မှန်သည်။

ထိုလူရှယ်မှာ အောကြောလန် လူရှုပ်လူပွေ လုံဖွေးဖြစ်ပါတော့သည်။

ချန်းချင်း၏ မျက်နှာ ဒေါသကြောင့် နီရဲခက်ထက်နေ၏။

ဆိုင်ရှေ့၌ ခါးထောက်ရပ်ကာ မိုးခြိမ်းသံဖြင့် အော်လိုက်၏။

"လုံဖွေး ... ထွက်လာခဲ့စမ်း"

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ဆိုင်ထဲမှ ဆူဆူညံညံအသံများ ရုတ်ခြည်း တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

ဆိုင်ထဲရှိ လုံဖွေးတို့လူစုအပြင် အခြားသူများလည်း လှမ်းကြည့်လာကြလေ၏။

လုံဖွေးသည် ချန်းချင်းကိုမြင်လျှင် မျက်နှာပျက်သွားသည်။

လုံဖွေးနှင့် ကပ်လျက် ထိုင်နေသည့် မင်စိမ်း ဆိုသည့် လူငယ်က တိုးတိုးပြောလေ၏။

"လုံဖွေး တို့ပြောလို့မဆုံးသေးဘူး၊ ချန်းချင်း လိုက်လာပြီကွ"

သူတို့သည် လုံဖွေးက ကြူးဝေအား နှောင့်ယှက်ခဲ့သည့် ကိစ္စနှင့် ပတ်သက်၍ ပြောဆိုရယ်မောနေကြခြင်း ဖြစ်သည်။

သူတော်ချင်းချင်း သတင်းလွှေလွှေ ဆိုသလို လုံဖွေး၏ သူငယ်ချင်းများမှာ လုံဖွေးကဲ့သို့ ခပ်ပေပေ ခပ်တေတေများချည်း ဖြစ်ကြသည်။



မိဘများ စီးပွားရေး ပြေလည်ကြသဖြင့် ရွာသူရွာသားများ၏ ဘော်ကြော ဖြစ်နေကြသူများတည်း။

မင်စိမ်း၏ စကားကြားလျှင် စုရီဆိုသည့် လူငယ်က မီးလောင်ကို လေပင့်လိုက်၏။

"လိုက်လာတော့ကော ဘာအရေးလဲကွာ၊ လုံဖွေးက သူ့ညီမကို ကြိုက်လို့ကြိုက်တယ်ပြောတာ ဘာဖြစ်လဲ"

သူ့စကားမှာ လုံဖွေးကိုမြှောက်ပင့်ပေးခြင်းတည်း။

"ဟုတ်တယ် ... ငါ သူ့ကို ဂရုစိုက်ရမှာလား"

ထိုစဉ် ...

"ဟေ့ကောင် ... လုံဖွေး ထွက်လာခဲ့စမ်းလို့ ပြောနေတာ မကြားဘူးလား"

ချန်းချင်း၏ စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာပြန်သည်။

စုရီက သွေးထိုးပေးလေ၏။ ဤကား လူပေလူတေတို့၏ သဘာဝတည်း။

"လုံဖွေး ... မင်းကို စိန်ခေါ်နေတာကွ၊ မင်း ငြိမ်နေတော့မှာလား"

လုံဖွေး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"လုံဖွေးကို ဒီလိုလာကျောလို့ ရမလား"

ပြောပြောဆိုဆို ထိုင်ရာမှ ဆတ်ခနဲ ထကာ ဆိုင်အပြင်ဘက် ထွက်လာလေတော့သည်။

မင်စိမ်းတို့လည်း ထရပ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲကြီးပွဲကောင်းတစ်ခု ကြည့်ရတော့မည် မဟုတ်ပါလား။

လုံဖွေးတို့လူသိုက် ဆိုင်အပြင်ဘက် ထွက်သွားကြရာ ချန်းချင်းနှင့် ရင်ဆိုင်မိကြလေတော့သည်။

ချန်းချင်းက လုံဖွေးအား မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်နေသည်။

သူ့အား ကြည့်ရုံနှင့်ပင် သူမည်မျှ ဒေါသထွက်နေမှန်း သိနိုင်သည်။

လုံဖွေးက မချိုမချဉ်ပြုံးနေ၏။

ဆိုင်ထဲမှ ထွက်လာပြီး ချန်းချင်းနှင့် မလှမ်းမကမ်းတွင် ခြေလှမ်းရပ်လိုက်၏။

ပန်းဥယျာဉ်ထဲမှ ထွက်လာခဲ့သဖြင့် ပေကျံနေသည့် ချန်းချင်းအား ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လိုက်ပြီး အမြင်ကပ်စရာ လေသံဖြင့် ပြောသည်။

"ခင်ဗျားက ကျုပ်နာမည်ကို လမ်းပေါ်ကနေ အော်ကြီးဟစ်ကျယ် ခေါ်နေတာဘာသဘောလဲဗျ။ လူမှုရေး နားမလည်ဘူးလား"

ချန်းချင်း ပို၍ ဒေါသထွက်သွားသည်။ သူက ဒေါသမီးတောက်ပေါက်ကွဲရန် အပူဓာတ်ပေးလိုက်သလို ဖြစ်သွားသည်။

လုံဖွေးအား စူးရဲစွာကြည့်ရင်း ...

"ဟောကောင် ... မင်းကများ လူမှုရေးဆိုတဲ့စကား ပြောရဲသေးသလား၊ ငါ့ညီမကို လိုက်ပြီး နှောင့်ယှက်နေတာ ဘာသဘောလဲ ပြောစမ်း ငါကြားချင်တယ်၊ မင်းပါးစပ်က ပြောစမ်း"

လုံဖွေးက ရယ်မောလိုက်သည်။



"ဟဲ ... ဟဲ ... ဟဲ ... ခင်ဗျားက ဒီကိစ္စအတွက် လာခဲ့တာကိုး၊ ကျုပ်က နှောင့်ယှက်တာမဟုတ်ပါဘူး၊ ခင်ဗျား ညီမကို တကယ် မေတ္တာစစ်နဲ့ ..."

"တိတ်စမ်း ..."

ချန်းချင်း ဆက်၍ သည်းမခံနိုင်တော့ပါ။

ရှေ့သို့ လျှပ်တစ်ပြက် ခုန်ဝင်သွားပြီး လုံဖွေးအား လက်သီးဖြင့် ထိုးချလိုက်လေသည်။

လုံဖွေး ထိတ်လန့်သွား၏။

ရှောင်တိမ်းရန် ကပျာကယာ ဟန်ပြင်လိုက်၏။

သို့သော် ... ချန်းချင်း၏ လက်သီးမှာ သူ၏ပါးချိတ်ဆီသို့ ထိုးချမိလိုက်သည်။

"ခွပ် ..."

"အား ..."

"ဝုန်း ..."

လုံဖွေးမှာ မြေပေါ် ဖင်ထိုင်ကျသွားလေတော့သည်။

"ဟား ... ဟား ... ဟား"

မင်းစိမ်းနှင့် စုရီတို့ လူသိုက် အော်ဟစ်ရယ်မောလိုက်ကြသည်။ သူတို့သည် သွေးထိုးပေးမည်။ အဖြစ်ဆိုးကြုံက အော်ဟစ်လှောင်ပြောင်ကြ၏။ လူပေ လူတေ လူသွမ်း လူညံ့တို့၏ အကျင့်သာတည်း။

လုံဖွေးကို ဝိုင်း၍ လှောင်ပြောင်လိုက်ကြသည်။ ဝိုင်းဟားကြသည်။

"လုံဖွေး ... တော်တော် အရာရှိသလားကွ"

www.burmeseclassic.com

www.burmeseclassic.com



"လုံဖွေးတော့ လက်သီးတစ်လုံး စားလိုက်ရလို့ ညနေစာ စားနိုင်တော့မှာ မဟုတ်ဘူးဟေ့"

လုံဖွေး ဒေါသထွက်သွားသည်။

"ယောကောင်တွေ တိတ်စမ်း ... ငါက ကြူးဝေရဲ့ အစ်ကိုမို့ သွာနေတာကွ၊ မင်းတို့ သေသေချာချာကြည့်ထား၊ သူ့ကို ငါ ဆုံးမ ပြမယ်"

စကားဆုံးလျှင် ညံသံပေးကာ ချန်းချင်းထံ ခုန်ဝင်တိုက်ခိုက် လိုက်လေ၏။

ချန်းချင်းက ခြေထောက်ဖြင့် လျှပ်တစ်ပြက် ကန်လိုက်သည်။

သူ၏အခြေအနေမှာ လုံဖွေး၏ အရှိုက်သို့ တည့်တည့်မတ်မတ် ထိမှန်သွားပါတော့သည်။

"အွန့် ..."

လုံဖွေး လွှတ်ခနဲ အော်လိုက်သည်။

မျက်လုံးကြီး ပြူးထွက်လာပြီး ရှေ့သို့ ခါးကိုင်းကျသွား၏။

လက်နှစ်ဖက်ဖြင့် ဝမ်းဗိုက်ကို ပွေ့ပိုက်ထားသည့် အနေအထား ဖြင့် မြေပေါ်ဒူးထောက်လျက်သား ဖြစ်သွားသည်။ သိုင်းသမားတစ် ယောက်ကို အရပ်သား ရွာသား လူပေ လူတေ တစ်ယောက်က မည်သို့ တိုက်ခိုက်နိုင်ပါမည်နည်း။

မခုခံနိုင်ပါ။ သူသည် အခြေအနေ ဆိုးသွားပါပြီ။

မျက်လုံးကြီး ပြူးပြီး ဒူးတုပ်ကျသွားခဲ့လေပြီ။

ချန်းချင်းက လုံဖွေး၏ ပခုံးကို ဖျတ်ခနဲ ပုတ်လိုက်၏။

"နောက်တစ်ခါ ငါ့ညီမကို နှောင့်ယှက်ရင် ဒီထက် နာမယ် ဆိုတာ မှတ်ထား"



သူက ငေါက်ငန်းလိုက်သည်။

ထို့နောက် ခုခံနိုင်ခြင်းမရှိတော့သည့် လုံဖွေးကို ကျောခိုင်း ကာ ထွက်သွားရန် ဟန်ပြင်လိုက်လေတော့သည်။

စုရီနှင့် မင်စိမ်းတို့မှာ မျက်လုံးအပြူးသားဖြင့် ကြည့်နေမိ ကြလေ၏။

လုံဖွေး မှမလှ ခံလိုက်ရသည်ကို တွေ့ရသဖြင့် သူတို့၏ လှောင်ပြောင်ရယ်မောသံများ တိတ်ဆိတ်ပျောက်ကွယ်သွားသည်။ သူတို့ မရယ်နိုင်ကြတော့ပေ။

လုံဖွေးအတွက် မခံမရပ်နိုင် ဖြစ်လာကြလေတော့သည်။

"လုံဖွေး ခံလိုက်ရတာ ငါမကျေနပ်ဘူး"

"ဟုတ်တယ် ... ချကွာ"

တစ်ယောက်တစ်ပေါက် ပြောကာ ရှေ့သို့ထွက်လာကြသည်။ သူတို့သည် လှမ်းအော်လိုက်ကြ၏။

မင်းစိမ်းက ဟန့်တားသည်။

"ချန်းချင်း နေပါဦးကွ"

ချန်းချင်း ခြေလှမ်းရပ်သွားပြီး ချက်ချင်း နောက်လှည့်ကြည့် လာ၏။

မင်စိမ်းနှင့် စုရီတို့အား ကြည့်ရင်း ...

"မင်းတို့ မကျေနပ်ဘူးလား"

"ဟုတ်တယ်"

မင်စိမ်းနှင့် စုရီ ပြိုင်တူဖြေလိုက်၏။

ချန်းချင်း ပြုံးလိုက်၏။

www.burmeseclassic.com



"ကောင်းပြီ ..."

ချန်းချင်းက ချက်ချင်းပင် မင်စိမ်းအနီးသို့ လျှပ်တစ်ပြက် ချဉ်းကပ်သွားပြီး လက်သီးဖြင့် ထိုးချလိုက်လေသည်။

"ခွပ် ..."

"အား ..."

မင်စိမ်းမှာ နှာခေါင်းရိုး ကျိုးသွားသဖြင့် မျက်နှာတစ်ခုလုံး သွေးချင်းချင်း နီရဲသွားလေသည်။

စူးရှရှာ တစ်ချက်အော်လိုက်ပြီး မျက်နှာကို လက်ဝါးနှစ်ဖ ဖြင့်အုပ်ကာ မြေပေါ်ဒူးထောက်ကျသွားသည်။

လုံဖွေးသာမက မင်စိမ်းပါ ခံလိုက်ရသည်ကို မြင်တွေ့ရသော အခါ စုရှီမှာ ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

"သေပေတော့ ..."

အော်ငေါက်ရင်း ချန်းချင်းထံ ဝင်တိုက်ခိုက်လိုက်၏။

ချန်းချင်းက ရှောင်စိမ်းခြင်းမပြုဘဲ စုရှီ၏ လက်ကို ဖျတ်ခ ဖမ်းဆွဲကာ ချုပ်ကိုင်ရင်း ပခုံးဖြင့် ထမ်းပြီး ကိုင်ပေါက်ချလိုက်

"ဘုန်း ..."

"အမယ်လေး"

*ယေသံပါအောင် အော်လိုက်သည့်အသံသည် ပတ်ဝန်းကျ* တစ်ခုလုံး လွှမ်းခြုံသွားလေ၏။ စုရှီ မအော်၍လည်းမဖြစ်နိုင်ပါ။

သူကိုင်ပေါက်လိုက်သည့်အခါ တစ်ကိုယ်လုံးရှိ အရိုးများ ကျိုးကြေသလို ခံစားလိုက်ရသည်။

မြေပေါ်၌ ခြေဆင်းကာ ခါးကို လက်နှစ်ဖက်ဖြင့်ကိုင် တအင်အင် ညည်းညူနေသည်။



လုံဖွေး၊ စုရှီနှင့် မင်စိမ်းတို့ သုံးယောက်စလုံး ခံလိုက်ရသည် မြင်လျှင် ကျန်လူငယ်များ ထိတ်လန့်သွားကြလေတော့သည်။

ချန်းချင်းက တစ်ချက်စေ့ကြည့်လိုက်သည်နှင့် သူတို့ လူသိုက် နောက်သို့ တရွေ့ရွေ့ ဆုတ်သွားကြသည်။ အားလုံး ကြောက် ားကြလေပြီ။

ခပ်လှမ်းလှမ်းသို့ရောက်လျှင် ချာခနဲလှည့်ကာ ဒရောသောပါး က်ပြေးသွားကြလေတော့၏။

ချန်းချင်း မဲ့ပြုံး ပြုံးလိုက်သည်။ သူက အော်ဟစ်လိုက်။

"နောက်တစ်ခေါက် ငါ့ညီမကို နှောင့်ယှက်ဝံ့ရင် နှောင့်ယှက် ည့်ကြပေတော့ ..."

လုံဖွေး၊ စုရှီနှင့် မင်စိမ်းတို့ တအင်အင် ညည်းညူရင်း န်ရစ်ခဲ့ကြလေတော့သည်။

* ❖ *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၉)

# ကြေးစားငှားခြင်း

ရွာအရှေ့ ဘုံကျောင်းအနီးတွင် ညောင်ပင်ကြီးတစ်ပင် ရှိသည်။

ညောင်ပင်အောက်၌ လူသုံးယောက် ထိုင်နေကြ၏။

ထိုလူသုံးယောက်မှာ စုရီ၊ မင်းစိမ်းနှင့် လုံ့ဖွေးတို့ ဖြစ်ကြ၏။

မင်းစိမ်း၏ နှာခေါင်းမှာ ဆေးလိမ်းထားသော်လည်း ယောင်ကိုင်းနေသဖြင့် အကြည့်ရ ဆိုးလှသည်။

လုံ့ဖွေး၏ မေးရိုးမှာလည်း ညိုမည်းယောင်ကိုင်းနေသည်။

ထို့အတူ စုရီလည်း သက်သာလှသည် မဟုတ်ပါ။

လမ်းလျှောက်လျှင် ခါးတစ်ဖက်စောင်းနေတော့သည်။

သူတို့သုံးယောက် အမြဲတတွဲတွဲ နေကြပြီး ရွာထဲ၌ ထင်တိုင်ကြီးနေရာမှ ချန်းချင်းနှင့် တွေ့သောအခါ အရှက်ကွဲခဲ့ကြရခြင်းဖြစ်သည်။ ချန်းချင်း မရှိခင် ရွာတွင် ထင်တိုင်းကြီးနေသူများဖြစ်သည်။

သူတို့၏ မိသားစုများသည် သူတို့ခံလိုက်ရသည်ကို မကျေနပ်ဖြစ်ကာ ရွာသူကြီးထံ သွားရောက်တိုင်တန်းကြသည်။



ရွာသူကြီးက ချန်းချင်းကို ခေါ်မေးသော်လည်း အဖြစ်မှန်ကို သိရသောအခါ ချန်းချင်းဘက်မှ ရပ်တည်ခဲ့သဖြင့် လုံ့ဖွေးတို့၏ မိဘများ လက်လျှော့သွားကြရသည်။

လုံ့ဖွေးတို့အကြောင်း ရွာသူကြီးလည်း သိရှိထားသည် မဟုတ်ပါလား။ ဤလူငယ်များကို ရွာက အော့နှလုံး နာနေသူများ ဖြစ်ကြလေ၏။

လုံ့ဖွေးက မြေပေါ်ခြေဆောင့်ကာ ပြော၏။

"တောက် ... နာလိုက်တာကွာ၊ လက်သီးနဲ့ အထိုးခံရတာထက် အရှက်ကွဲရတာက ပိုဆိုးတယ်၊ ငါက ဒီကောင် လိုက်လာလိမ့်မည်လို့ လုံးဝမထင်ဘူး၊ အခုတော့ အသည်းနာတယ်ကွာ"

လုံ့ဖွေးမှာ အထိနာဆုံးဖြစ်သည်။ ချန်းချင်းကလည်း သူ့အပေါ် အခဲမကျေဆုံး ဖြစ်ခဲ့သည်မဟုတ်ပါလား။ မင်းစိမ်းနှင့် စုရီတို့မှာ ဂရုတ်သီးနှင့် ပေါင်းမိသဖြင့် အထောင်းခံရသော ကြက်သွန်များ ဖြစ်ကြသည်။

မင်းစိမ်း ချက်ချင်း ထောက်ခံလိုက်သည်။

"ဟုတ်တယ် ... ရွာထဲမှာ မျက်နှာဘယ်လိုပြရမှန်းတောင် မသိတော့ဘူး၊ ရှက်လိုက်တာကွာ၊ အပွဲပွဲ နွှဲခဲ့သမျှ ဒီတစ်ပွဲမှာ မရှုမလှ ခံလိုက်ရတာပဲ"

စုရီက ...

"တောက် ... သူက သိုင်းပညာ သင်တာကိုးကွ၊ သိုင်းပညာ မတတ်ရင် ငါတို့ကို ခေါင်းမော့ကြည့်ရဲမှာတောင် မဟုတ်ဘူး၊ ဒီရွာမှာ ငါတို့သာ လူတွင်ကျယ်ဖြစ်နေတာ၊ ဒီကောင် သိုင်းပညာ မသင်ရင်တော့လား ..."

www.burmeseclassic.com

www.burmeseclassic.com



သူက မကျေမနပ် ပြောလေ၏။

လုံဖွား အံကြိတ်လိုက်သည်။

"သူက သိုင်းပညာတတ်တိုင်း ငါက ကြောက်ရမှာလားကွ"

မင်စိမ်း လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"ကြောက်တော့ ဘယ်ကြောက်မလဲ၊ ဒါပေမယ့် အခုလို ခံရ
ာကတော့ ဆိုးတယ်၊ မကျေနပ်လို့ ထပ်ပြီး ရန်စလည်း ငါတို့ပဲ
ရမှာ သေချာတာရယ်၊ သူ့ကို ဘယ်လိုမှ မယှဉ်နိုင်ဘူး"

ထိုစကားကြားလျှင် လုံဖွေးကော စုရိပါ ငိုင်ကျသွားသည်။

ချန်းချင်းကြောင့် သူတို့ရွာထဲ၌ပင် မနေဝံ့ကြတော့ချေ။

အိတ်ထဲကုပ်လျှင်ကုပ်၊ သို့မဟုတ်လျှင် လူရှင်းသည့် ရွာဦး
ဲကျောင်းတွင် သွားနေတတ်ကြသည်။

သို့သော် ... သူတို့သည် လေတံခွန်များဖြစ်ကြ၏။ လွှားလွှား
ွားလွှားနှင့် လေထဲ၌ ဝဲနေကြသူများ ဖြစ်ကြသည်။

ခြေဗွေပါသူများဖြစ်ကြ၍ အိမ်ထဲ ကုပ်နေသည်ထက် ဘုံ
ကျောင်းရှေ့မှ ညောင်ပင်ကြီးအောက်၌ စုဝေးမိသည်က များသည်။

မင်စိမ်းက ပြောသည်။

"သူ့ညီမကို နောက်ထပ် မနှောင့်ယှက်ရင် ပြီးတာပါပဲကွာ၊
ငါတို့ရန်မရှိတော့ပါဘူး"

သူ့လေသံက ပျော့လှသည်။

လုံဖွေးက သူ့အား မျက်လုံးပြူးကြည့်လိုက်ပြီး ...

"မင်းကကျေနပ်နိုင်တယ်ပေါ့၊ ကောင်းကွာ ... တို့ကို ဒီလောက်
ျက်ရက်စက်စက် လုပ်တဲ့ကောင်ကိုများ ..."



"ဟေ့ကောင် ... မင်စိမ်း မင်း ကြောက်တတ်ရင် မိန်းမအင်္ကျီ
ဝတ်ထားပါလားကွ၊ ငါမပြောလိုက်ချင်ဘူး"

စုရိကလည်း ဒေါသတကြီး အော်ပြောသည်။

မင်စိမ်း ချေပနိုင်စွမ်း မရှိဘဲ ခေါင်းငုံ့ထားလိုက်လေတော့သည်။

လုံဖွေးက ...

"မင်စိမ်း ... ဒီရွာမှာ ငါ၀ိ ထင်သလို နေခဲ့ကြတာ ဘယ်
လောက်ကြာပြီလဲ၊ ဘယ်သူက ငါတို့ကို ဘာပြောရဲသလဲ၊ အခုမှ
ချန်းချင်းကြောင့် အရှက်ကွဲရတာ ငါတို့ ငြိမ်ခံနေရမှာလား၊ ငါတို့
က ရေမြွေတွေလား၊ ကျားတွေလား ..."

"ဘယ်တော့မှ ခေါင်းငုံ့ခံမနေဘူးကွ၊ ချန်းချင်းကို ပြန်ပြီး
ဆုံးမရမယ်"

မင်စိမ်း သက်ပြင်းချလိုက်သည်။

"မင်းတို့သဘောပဲ၊ ငါတော့ မပါတော့ဘူး"

သူသည် ချန်းချင်းအား အကြောက်ကြီး ကြောက်နေပြီဖြစ်
သည်။ ချန်းချင်း၏ တိုက်ခိုက်အားကိုလည်း သူမြင်ပြီးပြီ၊ သူတို့
သုံးယောက်မပြောနှင့် ဆယ်ယောက်ပင်လည်း မနိုင်နိုင်ပေ။

လုံဖွေး ခံပြင်းသွားသည်။

"ထွီ ... သတ္တိမရှိတဲ့ ကောင်"

"သတ္တိမရှိတာ မဟုတ်ဘူးကွ၊ မနိုင်မှန်းသိလျက်နဲ့ သွားစရင်
ဟိုက တီးလိုက်မှ နှစ်ခါ အရှက်ကွဲဖြစ်နေဦးမယ်"

"မင်းကို ဘယ်သူက သွားပြီး ရင်ဆိုင်မယ်လို့ပြောလဲ"

မင်စိမ်း မျက်မှောင်ကြုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က ..."

လုံဖွေး လက်ကာပြလိုက်၏။

"မင်းမသိရင် အေးအေးဆေးဆေး နားထောင်၊ ငါနဲ့ စုရီ တိုင်ပင်ထားတာတစ်ခုရှိတယ်၊ စုရီ ပြောပြလိုက်စမ်း"

စုရီက သူတို့ တိုင်ပင်ထားသည်ကို ရှင်းပြလေသ၏။

"ချန်းချင်းက သိုင်းပညာတတ်တယ်၊ ဒီတော့ သူ့ကို ဆုံးမနိုင်မယ့် သိုင်းသမားတော်ယောက် ငှားရမယ်"

မင်စိမ်း မျက်လုံးပြူးသွား၏။

"မင်းတို့က ကြေးစား ငှားမလို့ ဟုတ်လား"

"ဟုတ်တယ် ..."

"ဟာ ... မဖြစ်ဘူး၊ မဖြစ်ဘူး"

မင်စိမ်း ခေါင်းခါလိုက်သည်။

သူပိုကြောက်သွားသည်။ အဘယ်မှာလျှင် မကြောက်ဘဲ နေပါမည်နည်း။ ရဲအိုးကို တုတ်နှင့် သွားထိုးသည်ကမှ တော်ဦးမည်။ ယခု ချန်းချင်းကို ဒုက္ခပေးလျှင် သူတို့ အသက်ပါ ပျောက်သွားချိမ့်မည်။

လုံဖွေး မျက်မှောင်ကြုတ်သွားသည်။

"ဘာလို့ မဖြစ်တာလဲ"

"ကြေးစားငှားဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ ထိုက်ယန်မြို့မှာ ကြေးစား သိုင်းသမားတွေ ရှိတယ်ဆိုတာ မင်းမကြားဖူးဘူးလား"

"ငါ ကြားဖူးတာပေါ့၊ ကြေးစားတွေဟာ ရက်စက်ကြမ်းကြုတ်တယ်၊ အကြင်နာတရား မဲ့တယ်၊ လူသတ်ဖို့ ဝန်မလေးဘူး၊ သူတို့နဲ့ သွားပြီး စပ်စပ်ယှက်ယှက် လုပ်လို့ မဖြစ်ပါဘူးကွာ"



"ဘာကြောင့် မဖြစ်ရမှာလဲ၊ တို့ကငွေပေးပြီး ငှားမှာပဲ မဟုတ်လား"

"ကြေးစားတွေဟာ ရက်စက်ကြမ်းကြုတ်တယ် ဆိုပေမယ့် အလုပ်ရှင်အပေါ် သစ္စာရှိကြတယ်ဆိုတာ မင်းမကြားဖူးဘူးလား၊ သူတို့က ငါတို့အကြောင်း ဖွင့်ပြောမှာ မဟုတ်ဘူး၊ ဘာမှမစိုးရိမ်နဲ့"

"စဉ်းစားကြည့်ပါဦးကွာ"

မင်စိမ်းက မဝံ့မရဲပြောလေ၏။ သူသည်ကြောက်နေပြီး မည်သည့်အရာမှာမျှ မလုပ်ရဲတော့ပေ။

လုံဖွေးက ...

"ငါ သေသေချာချာ စဉ်းစားပြီးမှ ကြေးစားငှားဖို့ ဆုံးဖြတ်လိုက်တာ၊ ဒါဟာ ငါတို့မလုပ်မဖြစ် လုပ်ရမယ့် အလုပ်ပဲ"

မင်စိမ်း ငြိမ်ကျသွားလေတော့သည်။

လုံဖွေးက ...

"မနက်ဖြန် မင်းအိမ်က ငွေငါးထောင် ယူလာခဲ့၊ ငါတို့လည်း တစ်ယောက် ငါးထောင်စီ ယူလာခဲ့မယ်၊ ထိုက်ယန်မြို့ကို သွားကြဘာပေါ့"

မင်စိမ်း ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

✳ ❖ ✳

ထိုက်ယန်မြို့ ...။

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ယန်မြို့မှာ ပန်းနီကျေးရွာထက် အဆပေါင်းများစွာ ကြီးမားသည့် မြို့ကြီးဖြစ်၏။ ကျယ်ဝန်းသည်။ စည်ကားသိုက်မြိုက်မှု ရှိသည့်မြို့ကြီးဖြစ်ပေသည်။ ဈေးဆိုင်၊ ပွဲရုံ၊ လှေဆိပ်၊ မြင်းဆိပ်နှင့် အလွန်စည်ကားသည်။

ထို့ကြောင့် လုံဖွေး၊ မင်းစိမ်းနှင့် စုရီတို့ ထိုက်ယန်မြို့သို့ ရောက်ရှိလာသောအခါ ပန်းနီကျေးရွာ၌ ရင်ကော့ ခေါင်းမော့နေခဲ့သမျှ ယခုမူ ဇက်ကလေးများ ပုကာ ခပ်ကုပ်ကုပ်ကလေး ဖြစ်နေကြပေတော့သည်။

သူတို့သည် ကြိုတင်စီစဉ်ခဲ့ကြသည့်အတိုင်း မိဘများမသိအောင် ငွေငါးထောင် ခိုးဝှက်ကာ ထိုက်ယန်မြို့သို့ အလည်သွားမည်ဟု လူကြီးများကို အသိပေးပြီး ထွက်လာခဲ့ကြသည်။

သူတို့ယူလာသည့် ငွေမှာ ကြေးစားသိုင်းသမားတစ်ယောက် ငှားရမ်းဖို့ဖြစ်သည်။

သုံးယောက်သား မင်းလမ်းမတစ်လျှောက် ဟိုဟိုသည်သည် ငေးမောကြည့်ကာ လျှောက်သွားရင်း မင်းစိမ်းက မေးခွန်းထုတ်လိုက်လေ၏။ သူသည် ရွာမှာတုန်းက လုံဖွေးတို့ နှစ်ယောက် ဖိပြောတာကို ခံခဲ့ရသူ မဟုတ်ပါလား။

"မင်းတို့ပြောတဲ့ ကြေးစားသိုင်းသမားက ဘယ်မှာလဲကွ"

သူက မေးလိုက်သည်။

စုရီကော လုံဖွေးပါ ဘာမျှပြန်မပြောနိုင်ကြချေ။ သူတို့သည် စာသူငယ်ကလေးများ ဖြစ်နေကြလေပြီ။ သူတို့ လည်ပတ်သူများ မဟုတ်ကြတော့ပေ။



"မင်းတို့ပြောတော့ ထိုက်ယန်မြို့မှာ ရှိတယ်ဆို..."

"ရှိပါတယ်ကွ"

"ရှိတယ်ဆို ဘယ်မှာလဲ"

လုံဖွေး ဒေါပွသွားသည်။

မင်းစိမ်းကို စိုက်ကြည့်ရင်း ငေါက်လိုက်၏။

"မင်းစိမ်း မင်းပါးစပ်ပိတ်ထားမလား၊ ဒါမှမဟုတ် ငါက ပိတ်ထားပေးရမလား"

တစ်ချီတည်း မင်းစိမ်း ပါးစပ်ပိတ်သွားလေတော့သည်။

သူသည် လုံဖွေးကို ယခင်ကတည်းက ကြောက်ခဲ့ရသူ မဟုတ်ပါလား။

သူတို့သည် မင်းလမ်းမကြီးအတိုင်း ရှေ့ဆက်လျှောက်သွားကြသည်။

လမ်းဘေးတစ်ဖက်တစ်ချက်၌ စားသောက်ဆိုင်၊ တည်းခိုခန်း၊ အရက်ဆိုင်၊ ဈေးဆိုင်၊ အာမခံဌာန စသည်ဖြင့် စုံစုံလင်လင် ရှိနေပါသည်။

ဤအတိုင်း ငေးမောကြည့်ရှုရင်း သွားနေပါက ထိုက်ယန်တစ်မြို့လုံး ခြေရာချင်းထပ်သွားအောင် သွားပြီးသည့်တိုင် သူတို့၏ ရည်ရွယ်ချက် ထမြောက်အောင်မြင်နိုင်မည်မဟုတ်ချေ။

သူတို့ထွက်လာသည်မှာ ကြေးစားလူသတ်သမား ငှားရန်ဖြစ်သည်။ ယခုတော့ ကြေးစားလူသတ်သမား မပြောနှင့်၊ ထိုက်ယန်မြို့မှ လူမိုက်တစ်ဦးကိုပင် သူတို့ တွေ့အောင်မရှာနိုင်ပေ။

စုရီက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဒီအတိုင်း သွားနေမယ့်အစား မေးမြန်းကြည့်ရင် ကောင်းမယ်"

သူက မအောင့်အည်းနိုင်ဘဲ ပြောလိုက်ခြင်း ဖြစ်ပါသည်။

လုံမွေးက ...

"မင်းက ဘယ်မှာမေးမှာလဲ"

သူကိုယ်တိုင် ကြံရာမရဖြစ်နေသော်လည်း စုရီကိုမူ ခပ်ငေါက်ငေါက်ကလေး ပြောလိုက်လေ၏။

တကယ်တမ်းတော့ သူကလည်း မေးမြန်းစုံစမ်းရမည့်နေရာကို သိလိုနေသည်။

"ကြေးစားတွေဟာ အရက်ဆိုင်တွေ၊ လောင်းကစားဝိုင်းတွေမှာ ရှိတယ်လို့ ငါတို့ကြားဖူးတယ် မဟုတ်လား"

"အေးလေ ... အဲဒါ ဘာဖြစ်သလဲ"

"ဘာဖြစ်ရမှာလဲ၊ အရက်ဆိုင်ဖြစ်ဖြစ် လောင်းကစားဂေဟာမှာဖြစ်ဖြစ် ဝင်ပြီးရှာကြတာပေါ့၊ အဲဒီ တစ်ခုခုမှာ တွေ့နိုင်တယ်၊ မင်းတို့ စဉ်းစားကြ ..."

လုံမွေး ကျေနပ်သွားသည်။

"ကောင်းပြီ ... သွားကြမယ်၊ ငါ့နောက်လိုက်ခဲ့"

ပြောပြောဆိုဆို ရှေ့မှထွက်သွားသည်။

စုရီနှင့် မင်စိမ်းတို့ ဘာမှမပြောဘဲ လိုက်သွားကြလေ၏။

သူတို့ သုံးယောက်သည် လမ်းဘေး တစ်ဖက်တစ်ချက်၌ လောင်းကစားဂေဟာသို့မဟုတ် အရက်ဆိုင်ကို ရှာဖွေသွားကြသည်။

သူတို့သုံးယောက်သည် လမ်းဘေးတစ်ဖက်တစ်ချက်၌ အရက်



ဆိုင် သုံးလေးဆိုင်မက တွေ့ရသော်လည်း လောင်းကစားဂေဟာကိုမူ မတွေ့ရချေ။ လုံမွေးစိတ်ထဲ၌ လောင်းကစားဂေဟာ တစ်ခုခု၌သာ ကြေးစားများကိုသာ တွေ့နိုင်မည်ဟုထင်နေသည်။

လုံမွေးသည် အရက်ဆိုင်များကို စိတ်မဝင်စားဘဲ ရှေ့ဆက်လျှောက်သွားနေဆဲ ...

"လုံမွေး ... မင်း ဘယ်ထိအောင် သွားမလို့လဲ"

"လိုက်သာလိုက်ခဲ့စမ်းပါ၊ စကားမများစမ်းပါနဲ့"

"မဟုတ်သေးဘူးလေ၊ ဟိုမှာ အရက်ဆိုင်ကလေး တစ်ဆိုင်ရှိနေတယ်ကွ"

စုရီက လမ်းဘေးမှ အရက်ဆိုင်လေးတစ်ဆိုင်နား ညွှန်ပြကာ ပြောလိုက်သည်။

လုံမွေးက ...

"မင်း တော်တော်ညံ့တာပဲ၊ အရက်ဆိုင်မှာထက် လောင်းကစားဝိုင်းမှာ တို့လိုချင်တဲ့ လူစားမျိုးတွေကို ပိုပြီး တွေ့ရတယ်ကွ၊ သေသေချာချာ မှတ်ထား"

စုရီ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ထိုစဉ် ရှေ့တူ့ရူမှ လူနှစ်ယောက် စကားတပြောပြောဖြင့် လျှောက်လာနေသည်ကို တွေ့ရ၏။

ထိုလူနှစ်ယောက်အနက် တစ်ယောက်က ပြောသည်။ သူ့စကားက စိတ်ဝင်စားစရာ ...။

"မင်းက တော်သေးတယ်၊ ငါတော့ ဒီကနေ့ ကံဆိုးတယ်၊ ပါလာသမျှ တက်တက်ပြောင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျန်တစ်ယောက်က အားကျမခံ ပြန်ပြောလေ၏။

"မထင်စမ်းပါနဲ့ကွာ၊ ငါက အတိုးနဲ့ ငွေချေးလာတာကွ၊ အခု ငွေတစ်ဝက်လောက် ရှုံးသွားတော့ ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ဘူး၊ မကောင်းပါဘူးကွာ၊ ရမလားလို့ လောင်းကစားဝိုင်းထဲ ဝင်မိပါတယ်၊ ရှိတာလေး ကုန်တဲ့အဖြစ်ပဲ"

စုရီ၊ လုံဖွေးနှင့် မင်းစိမ်းတို့ စိတ်ဝင်စားသွားကြသည်။ မမျှော်လင့်ဘဲ လောင်းကစားသမား နှစ်ယောက်အား တွေ့မြင်လိုက်ရပြီ မဟုတ်ပါလား။

ထိုလူနှစ်ယောက်မှာ စကားတပြောပြောဖြင့် သူတို့အား ဖြတ်ကျော်သွားလေသည်။

"စုရီ... သူတို့ကို သွားမေးကြည့်စမ်း၊ လောင်းကစားဝိုင်း ဘယ်မှာရှိတယ်ဆိုတာ ရလိမ့်မယ်"

ဟာကွာ... ငါ..."

"သွားစမ်းပါကွာ"

လုံဖွေးက အတင်းတွန်းလွှတ်သဖြင့် စုရီ မတတ်သာဘဲ သူတို့နှစ်ယောက်အနီးမှ ထွက်ခွာပြီး ထိုလူနှစ်ယောက်နောက်သို့ လိုက်ရလေ၏။ သူမေးမြန်းရတော့မည်။ တကယ်တော့ သူမမေးချင်ပေ။

သို့သော်... သူသည် လုံဖွေးတို့ကို မလွန်ဆန်နိုင်ပါ။

လုံဖွေးနှင့် မင်းစိမ်းတို့ ရပ်ကြည့်နေကြသည်။

စုရီသည် လောင်းကစားသမားနှစ်ယောက်နောက်သို့ ပြေးလိုက်သွားပြီး မေးမြန်းနေသည်။

သူတို့ စကားအချီအချ ပြောဆိုနေကြသည်ကို ကြည့်ကာ လုံဖွေးနှင့် မင်းစိမ်းတို့ ရင်ခုန်နေကြ၏။



မကြာမီ...

စုရီ ပြန်လှည့်လာလေ၏။

"အခြေအနေ ဘယ်လိုလဲကွ"

"သူတို့က ဘာပြောသလဲ"

လုံဖွေးတို့ အလောတကြီး မေးလိုက်ကြသည်။

သူတို့နှစ်ယောက် အလွန်သိချင်နေကြပြီ။ သို့မှသာ ကြေးစားကို ငှားရမ်းနိုင်မည် မဟုတ်ပါလား။

"သိချင်ရင် ငါ့နောက်လိုက်ခဲ့ကြပေတော့..."

ပြောပြီး ရှေ့မှ ဦးဆောင်ထွက်သွားလေတော့သည်။

လုံဖွေးတို့ မကျေမနပ် ဖြစ်သွားကြသည်။

သို့သော် ဘာမှမပြောသာဘဲ စုရီနောက်မှ လိုက်ပါသွားကြလေတော့သည်။

* ❖ *

ထိုက်ယန်မြို့စွန်တွင် လမ်းကြားကလေးတစ်ခုရှိသည်။

ထိုလမ်းကြားအတွင်း၌ အရက်ဆိုင်ကလေး တစ်ဆိုင်ရှိသည်။

စုရီ၊ လုံဖွေးနှင့် မင်းစိမ်းတို့သည် ထိုအရက်ဆိုင်ကလေးရှေ့သို့ ရောက်ရှိလာခဲ့ကြလေတော့သည်။

ဆိုင်ထဲ၌ လူရှင်းနေ၏။

ဆိုင်ရှေ့တွင် ခန္ဓာကိုယ် ထွားကျိုင်းသန်မာသည့် လူသန်ကြီး တစ်ယောက် ထိုင်နေသည်။ လူသန်ကြီးမှာ သူတို့လို လူငယ်လေးများကို မပြောနှင့်၊ လူကြီးနှစ်ယောက်ကိုပင် ကိုင်ပေါက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ၏ပုံဟန်မှာ စရိုက်ကြမ်းသည့် လူမိုက်တစ်ဦးဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေတော့သည်။ နေရာမှန်သို့ သူတို့ရောက်လာပြီဟု ကြောက်ကြောက်လန့်လန့်နှင့် တွေးမိလေ၏။

ထိုလူသည် လုံဖွေးတို့ လှမ်းဝင်လာသည်ကို တွေ့သည်နှင့် ကြမ်းတမ်းသော အသံကြီးနှင့် လှမ်းမေးလိုက်သည်။

"မင်းတို့ အရက်သောက်ဖို့ လာတာလား"

စုရီ၊ လုံဖွေးနှင့် မင်စိမ်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

"ဟေ့ ... ငါမေးနေတာ မကြားဘူးလားကွ"

လူသန်ကြီးက ထပ်မံအော်ငေါက်လာသည်။

မင်စိမ်း ထိတ်လန့်နေ၏။ သူက စုရီကို လှမ်းပြောလေ၏။

"စုရီ ပြောလိုက်လေကွာ"

စုရီက မျက်နှာငယ်လေးဖြင့် ...

'ဟို ... လောင်းကစားဝိုင်း ... လောင်းကစား ..."

"ဪ ... မင်းတို့က လောင်းကစားချင်လို့ လာကြတာကိုး၊ ဟား ... ဟား ... ဟား"

လုံဖွေးတို့ သုံးယောက် ထိတ်လန့်သွားကြလေ၏။

"ဟုတ် ... ဟုတ်ပါတယ်ဗျာ"

"ဒါများကွာ၊ ကဲ ... ငါ့နောက်လိုက်ခဲ့"

လူသန်ကြီးက ဆိုင်အနောက်ဘက်သို့ ခေါ်ဆောင်သွားလေ၏။

မင်စိမ်းက မဝံ့မရဲမေးလေ၏။ သူကြောက်နေလေပြီ။ နဂိုကတည်းက သူသည် လူကြောက်ဖြစ်လေ၏။



"စုရီ ဖြစ်ပါ့မလားကွာ"

စုရီ အဖြေမပေးချေ။

သူ၏ မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်ကို တောက်ချင်၍ သူလည်း ထိတ်လန့်နေမှန်း ထင်ရှားပေါ်လွင်နေပေတော့သည်။

လုံဖွေးသာလျှင် ကြိုးစားဟန်ဆောင်နိုင်ခဲ့သည်။

"ဘာကြောင့် မဖြစ်ရမှာလဲ၊ ဒီနေရာကို ရောက်လာပြီးမှ နောက်ပြန်လှည့်ရမှာလားကွ၊ လာ ... လိုက်သွားကြမယ်"

ပြောပြောဆိုဆို ထွက်သွားရာ စုရီနှင့် မင်စိမ်းတို့လည်း လိုက်သွားကြရလေတော့သည်။

အရက်ဆိုင်နောက်ဘက်၌ အခြားအဆောင်တစ်ခုကို စင်္ကြံလမ်းကလေးဖြင့် ဆက်သွယ်ထားသည်ကို တွေ့ရသည်။

လူသန်ကြီးသည် စင်္ကြံလမ်းကို ဖြတ်ကာ တံခါးအလုံပိတ်ထားသည့် အဆောင်လေးဆီသို့ ခေါ်ဆောင်သွားခြင်း ဖြစ်သည်။

တံခါးရှေ့သို့ရောက်သည်နှင့် ကြီးမားသော လက်သီးဆုပ်ကြီးဖြင့် တဒုန်းဒုန်းထုလိုက်၏။

"ဘယ်သူလဲကွ၊ တဒုန်းဒုန်း ထုနေတာ"

အော်ငေါက်သံနှင့်အတူ တံခါးပွင့်သွားသည်။

လူသန်ကြီးက တိုးတိုးပြောသည်။ အတွင်းကလူက ကျယ်သလောက် အပြင်က လူသန်ကြီးက တိုးလှသည်။

"ဖောက်သည်အသစ်တွေ ရောက်နေတယ်"

"ကောင်းပြီ ... အထဲသွင်းလိုက်"

လူသန်ကြီးက လုံဖွေးတို့ဘက်လှည့်ကာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ဝင်သွားကြပေတော့၊ မင်းတို့စိတ်ကြိုက် ကစားကြပေတော့"

လုံမွေးတို့ သုံးယောက် တံခါးရှေ့သို့ ရောက်လာ၏။

ယခု အတွင်းဘက်မှထွက်ပေါ်လာသည့် ဆူဆူညံညံ အသံများကို ကြားနေရသောအခါ သူတို့ရင်ခုန်ကြသည်။

လုံမွေးတို့က အတွင်းဘက်လှမ်းဝင်ရန် ဟန်ပြ … သော အခါ လူသန်ကြီးက လက်ဝါးဖြန့်လိုက်ပြီး …

"ကျုပ်အတွက် မစခဲ့ပါဦး၊ ဒါက ထုံးစံပဲကွ"

လုံမွေး ကြောင်အမ်းအမ်းဖြင့် …

"ကျွန်တော်တို့က … "

"ငါက မင်းတို့ကို လိုက်ပို့ရလို့ အရက်သောက်ထားတဲ့အရှိန် ပျက်သွားပြီလေကွာ၊ ထပ်သောက်မှ ဖြစ်တော့မှာပေါ့၊ မင်းတို့ကို ငါက အခြေအနေကို ရှင်းပြနေတာကွာ၊ ငါအမူးပြေသွားရင် သွေးဆိုးတယ်၊ အဲ … မင်းတို့ စဉ်းစားကြပေါ့"

ထိုစကားကြားသောအခါ သူတို့ထံမှ လူသန်ကြီးက ငွေညှစ်နေခြင်းဖြစ်ကြောင်း လုံမွေးတို့ နားလည်သဘောပေါက်သွားကြတော့၏။

လုံမွေးမှာ မည်သို့မျှ မတတ်သာတော့ဘဲ ငွေတစ်ရာ ထုတ်ပေးလိုက်ရသည်။

လူသန်ကြီး ကျေနပ်သွားသည်။ ငွေတစ်ရာသည် လောင်းကစားပိုင်းမှ နိုင်သူများသာ ပေးတတ်သည်။

"မင်းတို့ အလိုက်သိတတ်သားပဲ၊ အနိုင်ရကြပါစေကွာ၊ ကဲ … ဝင်သွားကြပေတော့"



စုရီ၊ လုံမွေးနှင့် မင်စိမ်းတို့ အခန်းတွင်းသို့ လှမ်းဝင်လိုက်သည်။

အတွင်းဘက်ရောက်သည်နှင့် ကမ္ဘာသစ်တစ်ခုသို့ ရောက်ရှိသွားသကဲ့သို့ ထင်မှတ်လိုက်ကြရသည်။

အခန်းတွင်းဝယ် လူတစ်ရာခန့်ရှိသည်။ လူအားလုံး မအားလပ်ကြချေ။ အလုပ်ကိုယ်စီနှင့် ဖြစ်နေကြသည်။

ရယ်မောသံ၊ ဆဲဆိုသံ၊ စကားပြောသံများ ကျွတ်ကျွတ်ညံနေသည်။

စုရီ၊ လုံမွေးနှင့် မင်စိမ်းတို့ မြင်ကွင်းကို ပါးစပ်ဟောင်းသားဖြင့် ငေးမောကြည့်နေမိကြသည်။

ထိုစဉ် . .

"ဟော့ … မင်းတို့ ကစားဖို့ လာခဲ့ကြတာမဟုတ်လားကွ၊ ဝင်မကစားဘဲ ဘာငေးကြည့်နေတာလဲ"

အော်ပြောလိုက်သံ ထွက်ပေါ်လာ၏။

လုံမွေးတို့ကြည့်လိုက်သောအခါ လူတစ်ယောက် လျှောက်လာနေသည်ကို တွေ့မြင်လိုက်ကြရသည်။

ထိုလူ၏ပုံမှာ သာမန်အရပ်သား လူပြိန်းပုံ မပေါ်ပါ။ သိုင်းသမားတစ်ယောက်ပုံ ပေါက်နေသည်ဟု လုံမွေး ယူဆသည်။

သူသည် ကြေးစားသိုင်းသမားတစ်ယောက်ကို ရှာဖွေခဲ့သည် မဟုတ်ပါလော။ ယခုလာသူသည် သူရှာဖွေနေခဲ့သူမျိုး မဟုတ်ပါသလော။ ထိုလူသည် ရက်စက်မည့်ပုံလည်း ရှိသည်။

"ငါတို့လိုချင်တဲ့ လူစားမျိုး တွေ့ပြီ"

www.burmeseclassic.com

www.burmeseclassic.com



လုံမွှေးက စုရိန့်နှင့် မင်းကွမ်းတို့အား တီးတိုးပြောလိုက်လေ၏။

ထိုလူအနီးသို့ရောက်လျှင် လုံမွှေးက ဦးညွှတ်လိုက်ပြီ ...

"ကျွန်တော်တို့ လောင်းကစားဖို့ လာခဲ့တာ မဟုတ်ပါဘူး"

ထိုလူ မျက်မှောင်ကြုတ်သွားသည်။

"ဘာကွ ... ကစားဖို့မဟုတ်ရင် ဘာကြောင့် လာရတာလဲ၊ ပြောစမ်းပါဦး"

"ကျွန်တော်တို့ ကြေးစားတစ်ယောက် လာရှာတာပါ"

လုံမွှေးက ကြိုးစား၍ အားတင်းကာပြောလိုက်၏။

သူတို့သည် လူငါးယောက် ဝိုင်းဖွဲ့ထိုင်ကာ ကစားနေကြသည့် လောင်းကစားဝိုင်းတစ်ခုအနီး၌ ရပ်ကာ ပြောဆိုနေကြခြင်း ဖြစ်သည်။

ထိုလူငါးယောက်၌ အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက် ပါဝင်နေသည်။

ထိုလူမှာ အရှုံးကြီး ရှုံးနေသည်။

သို့သော်လည်း နောက်တွန့်မသွားဘဲ ငွေကိုပုံအော၍ လောင်းကစားနေဆဲပင်။

လုံမွှေးတို့ ပြောစကားများကိုက ကြားရသည့်အခါ ထိုလူက စိတ်ဝင်စားသွား၏။ တစ်ဖက်က လောင်းကစားနေသော်လည်း စကားဝိုင်းမှ စကားကို သူစိတ်ဝင်စားနေသည်။

ထို့ကြောင့် သူက အသာနားစွင့်နေလိုက်၏။

လုံမွှေးက ...

"နောင်ကြီးက ကြေးစားသိုင်းသမားလားဗျာ"

လုံမွှေးတို့နှင့် ကစားပြောနေသူက ...



"သေချာတာပေါ့၊ ငါ့နာမည် 'မြေခွေးကြီး' လို့ ခေါ်တယ်၊ ငါ့အကြောင်း မင်းတို့ကြားမိရင် လန့်ဖျား ဖျားသွားမယ်ကွ"

လုံမွှေးတို့ ဝမ်းသာသွားကြသည်။

သူတို့၏ အကြံအစည်အတိုင်း ကြေးစားသိုင်းသမားတစ်ယောက်အား လက်တွေ့ငှားရမ်းနိုင်တော့မည် မဟုတ်ပါလား။

မြေခွေးကြီးက ...

"ကဲ ... ပြောစမ်း၊ မင်းတို့ဘယ်လောက် ပေးမလဲ"

"တစ်သောင်းငါးထောင် ပေးပါ့မယ်"

လုံမွှေး၏ စကားကြားလျှင် မြေခွေးကြီး၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပသွားသည်။

တစ်သောင်းငါးထောင်ဆိုသည့် ငွေသည် ဆင်းရဲနွမ်းပါးသော မိသားစု၏ ဝင်ငွေ သုံးလေးလ ထိုင်စားနိုင်သည့် ငွေမဟုတ်ပါလော။

"နောင်ကြီး ဘယ်လိုသဘောရလဲ"

လုံမွှေးက မေးလိုက်၏။

မြေခွေးကြီးက ဈေးကိုင်လိုက်၏။

"မနည်းဘူးလားကွ"

လုံမွှေး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"နောင်ကြီးရာ ဒီတစ်သောင်းငါးထောင်ဆိုတာ ကျွန်တော်တို့မှာ ပါသမျှ အကုန်ပါပဲ"

မြေခွေးကြီးက ပြောလေ၏။

"ကောင်းပြီလေ ... ငွေဘယ်မှာလဲ၊ ငွေကို ငါမြင်ချင်တယ်"

"ပါပါတယ်ဗျာ၊ ကျုပ်တို့မှာ ပါပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လုံမွေးက ငွေထုပ်ကလေးကို နှိုက်ထုတ်ရန် ဟန်ပြင်လိုက်သည်။

မြေခွေးကြီးက လက်ကာပြလိုက်သည်။

လောဘဇောဖြင့် လောင်းကစားနေကြသူများကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး အသံတိုးတိုးဖြင့် ပြောသည်။

"မင်းတို့ ဘာခိုင်းမလဲဆိုတာ အရင်ပြောပါ၊ ကျုပ်က လုပ်ပေးနိုင်ရင် ငွေလက်ခံမယ်၊ လုပ်မပေးနိုင်ရင်တော့ လက်မခံဘူး"

"နောင်ကြီးရယ် … ကျွန်တော်တို့ကို ကူညီပါဗျာ၊ ကျွန်တော်တို့အတွက် လုပ်ပေးရမယ့် အလုပ်က သိပ်မကြီးကျယ်ပါဘူး၊ လူတစ်ယောက်ကို …"

လုံမွေး၏ စကားမဆုံးမီ မြေခွေးကြီးက ကြားဖြတ်ပြောလိုက်သည်။

"ဒီမှာ လူရှုပ်တယ်၊ အပြင်ဘက်မှာ အေးအေးဆေးဆေးသွားပြောရအောင်၊ လာ … ကျုပ်နောက်လိုက်ခဲ့ကြ၊ အလုပ်စကားပြောတာ အလုပ်နဲ့တူမှကောင်းတာ"

ပြောပြောဆိုဆို ရှေ့မှလမ်းပြခေါ်ဆောင်သွားသည်။

လုံမွေးတို့လည်း လိုက်ပါသွားကြ၏။

သူတို့သည် အနက်ရောင် ဝတ်ဆင်ထားသူအနီးမှ ဖြတ်သွားခဲ့ကြသည်။

မင်းစိမ်းက အနက်ရောင် ဝတ်ဆင်ထားသူကို လှမ်းကြည့်၏။

"ဒီလူလည်း ကြေးစားသိုင်းသမားဖြစ်မယ်ထင်တယ်"

သူက တိုးတိုး ပြောလိုက်၏။



ထိုလူသည် ရှုံးနေသော်လည်း နောက်မတွန့်ဘဲ ရှိသမျှငွေကို ပုံအောလောင်းကစားနေသည်ကို တွေ့ခဲ့ရသဖြင့် မင်းစိမ်းသာမက လုံမွေးကော စုရီပါ စိတ်ဝင်စားမိခဲ့ကြခြင်းဖြစ်သည်။

မင်းစိမ်း၏ စကားကြားရသောအခါ စုရီက ပြောလိုက်၏။

"သိပ်ဖြစ်နိုင်တာပေါ့ကွာ"

"သူ့ကို ငှားရရင် ပိုကောင်းမယ်၊ သူဟာ မြေခွေးကြီးထက် သာမယ်လို့ ငါထင်တယ်၊ သူ့ပုံပန်းက မြေခွေးကြီးထက် ပိုပြီး ကြေးစားဆန်တယ်ကွ"

မင်းစိမ်း၏ စကားသံနှင့် မရှေးမနှောင်းမှာပင် ထိုလူလှည့်ကြည့်လာသည်၊

ထိုလူ၏ မျက်နှာမှာ သွေးရောင် ကင်းမဲ့ကာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်၊

သူ၏မျက်လုံးအစုံမှာမူ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေ၏။ ဤသည်မှာ ထူးခြားချက်ပင် မဟုတ်ပါလား။

ကြောက်စရာကောင်းသည့် အငွေ့အသက်များ ထွက်ပေါ်နေသည်ဟု မင်းစိမ်းတို့ ထင်မှတ်လိုက်ကြသည်။

မျက်လုံးချင်း ဆုံမိသည်နှင့် ချက်ချင်းပင် ခေါင်းကလေးများငုံ့ကာ မြေခွေးကြီးနောက်မှ လိုက်သွားကြလေတော့သည်။

လုံမွေးတို့မှာ အရက်ဆိုင်အပြင်ဘက်သို့ ရောက်လာခဲ့ကြသည်။

သူတို့ ဝင်လာခဲ့သည့် ဆိုင်အရှေ့ဘက်မှ ထွက်လာခြင်းမဟုတ်ဘဲ မြေခွေးကြီးနှင့်အတူ ဆိုင်အနောက်ဘက် တံခါးပေါက်ကစ်ခုမှ ထွက်လာခဲ့ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အပြင်ဘက် လမ်းကြားအတွင်း၌ လူရှင်းနေပါ၏။

အရက်ဆိုင်ကလေးနှင့် အတော်ဝေးဝေးသို့ရောက်မှ မြေခွေးကြီးက ခြေလှမ်းရပ်လိုက်သည်။

လုံဖွေးဘက်သို့ လှည့်ကာ ...

"ကဲ ... အခုဆို လူရှင်းပြီ၊ ငွေပေးတော့ ..."

လုံဖွေးက ငွေထုပ်ကလေးကို နှိုက်ယူလိုက်သည်။ ထိုငွေမှာ သူတို့သုံးယောက်ပေါင်း ငါးထောင်စီကို စုစည်းထားသည့် ငွေဖြစ်၏။ သူတို့၏ မိဘများ ချမ်းသာကြသဖြင့် သူတို့ တိတ်တဆိတ် နိုးဂုက်ယူလာကြခြင်း ဖြစ်သည်။

စုရီက အာမခံချက်ရအောင် မေးလိုက်၏။

"နောင်ကြီးက ကျွန်တော်တို့အတွက် အလုပ်လုပ်ပေးမယ်ပေါ့"

အမှန်တော့ ချန်းချင်းအား ဆုံးမနိုင်တော့မည်ဟု ယူဆကာ ဝမ်းသာနေသဖြင့် မေးလိုက်ခြင်းဖြစ်သည်။

မြေခွေးကြီးက ...

"စိတ်ချ ... လုပ်ပေးမယ်၊ ငွေသာအရင်ပေးစမ်း"

"ကျွန်တော်တို့က လူတစ်ယောက်ကို ..."

"စကားမရှည်စမ်းပါနဲ့ကွာ၊ ပေးဆိုရင် ပေးစမ်းပါ"

ငွေကို အတင်းတောင်းနေသဖြင့် လုံဖွေး သင်္ကာမကင်း ဖြစ်လာသည်။

မြေခွေးကြီးကို စိုက်ကြည့်ရင်း ...

"နောင်ကြီး ... ကျုပ်တို့အတွက် ဆုံးမပေးရမယ့် လူက သိုင်းပညာတတ်တယ်ဗျ၊ သူ့ကြောင့် ကျုပ်တို့ သုံးယောက် အတော်ခံလိုက်ရတယ်၊ သူဟာ ..."



"ရှည်လိုက်တာကွာ"

မြေခွေးကြီးက စိတ်မရှည်နိုင်တော့သည့်အလား လုံဖွေး၏ လက်ထဲမှ ငွေထုပ်ကလေးကို ဖျတ်ခနဲ လုယူလိုက်သည်။

တစ်ဆက်တည်းပင် အထုပ်ကို ဖြည်ကြည့်လိုက်ရာ ငွေစက္ကူများကို တွေ့လျှင် မျက်နှာကြီး ပြုံးရွှင်သွားလေတော့သည်။

"နောင်ကြီးက ..."

လုံဖွေး စကားမဆုံးမီ မြေခွေးကြီးက ခက်ထန်တင်းမာသော မျက်နှာထားဖြင့် ပြောလေတော့၏။ သူတို့ လူပေါင်းမှားလေပြီ တကား။

"မင်းက ငါ့ကို လူနုံလူအများ မှတ်နေသလား၊ မင်းတို့ငွေကို ငါယူလိုက်ပြီ၊ မင်းတို့ အသားမနာချင်ရင် အေးအေးဆေးဆေး ထွက်သွားကြပေတော့ ..."

လုံဖွေးတို့ကား ကျောချမ်း စားပြမှန်း သိလိုက်ကြရပေတော့သည်။

"ခင်ဗျား ... မတရားမလုပ် ..."

"ဖြန်း ..."

လုံဖွေးနှင့် စကားမဆုံးမီ ထိုလူက ပါးရိုက်ချလိုက်သည်။

လုံဖွေး ဒယီးဒယိုင်ဖြင့် လဲကျမလို ဖြစ်သွား၏။

"လုံဖွေး ..."

စုရီနှင့် မင်းစိမ်းတို့က ပြေး၍ ဖေးမလိုက်ကြသည်။

မြေခွေးကြီးက ဒေါက်လိုက်လေ၏။

"မင်းတို့ အသားမနာချင်ရင် မြန်မြန်ထွက်သွားကြစမ်း၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



ပြောနေတယ်နော်၊ မင်းတို့ရဲ့ ပိုက်ဆံကို ငါယူလိုက်ပြီ ကြားလား၊ အားလုံး သွားကြစမ်း ...”

မင်စိမ်းနှင့် စုရီတို့ ဒေါသဖြစ်သွားကြသည်။

“လူယုတ်မာကြီး ...”

“ကျုပ်ငွေကို ပြန်ပေး ...”

စုရီနှင့် မင်စိမ်းတို့ တစ်ယောက်တစ်ပေါက် အော်ဟစ်လိုက်ကြ၏။ သူတို့ မခံနိုင်ကြတော့ပေ။ သူတို့အပေါ် မြေခွေးကြီးက မတရားလုပ်နေပြီ မဟုတ်ပါလား။

မြေခွေးကြီး၏ မျက်နှာပေါ်ဝယ် ရက်စက် ကြမ်းကြုတ်သေ... အရိပ်အယောင်များ ထွက်ပေါ်လာ၏။

“မင်းတို့ သေချင်ပြီထင်တယ်”

ပြောပြောဆိုဆို အင်္ကျီရင်ဘတ်ကြားမှ ဓားမြှောင်တစ်လက် ဆွဲထုတ်လိုက်သည်။ လူမိုက်နှင့် လက်နက်ကား အတူတူရှိနေ... သည်။

ဓားရောင် ဝင်းခနဲ လက်သွား၏။

မင်စိမ်း၊ စုရီနှင့် လုံဖွေးတို့ မျက်စိ မျက်နှာ ပျက်သွားကြပြီး ကပျာကယာ နောက်ဆုတ်လိုက်ကြသည်။

မြေခွေးကြီးက ထပ်မံငေါက်ငန်းလိုက်၏။

“ထွက်သွားကြစမ်း ...”

လုံဖွေးတို့ ဆက်၍မနေဝံ့ကြတော့ဘဲ ချာခနဲ လှည့်က... ထွက် ပြေးသွားရန် ဟန်ပြင်လိုက်ကြသည်။

သို့သော် သူတို့၏ နောက်ကျောဘက်သို့ ရောက်ရှိလာသူ တစ်ယောက်ကြောင့် ထွက်မပြေးဖြစ်ကြတော့ချေ။



“ဟင် ...”

မမျှော်လင့်ဘဲ တွေ့လိုက်ရသူတစ်ယောက်ကြောင့် လုံဖွေးတို့ တအံ့တဩဖြစ်သွားကြသည်။

ထိုလူမှာ လောင်းကစားဝိုင်း၌ တွေ့ခဲ့ရသည့် အနက်ရောင် ဝတ်ဆင်ထားသူ ဖြစ်သည်။ လူသေမျက်နှာနှင့် လောင်းကစားနေသူ သာတည်း။

လုံဖွေးတို့ ထိုလူအား ကြောက်ရွံ့စွာဖြင့် ကြည့်မိကြသည်။ ထိုလူမှာ မြေခွေးကြီး၏ အဖော်ဖြစ်နေလျှင် သူတို့ သက်သာမည် မဟုတ်ဟု ယူဆနေကြသည်။

ထိုလူက လုံဖွေးတို့အား တစ်ချက်ဝေ့ကြည့်လိုက်သည်။

တစ်ဖန် မြေခွေးကြီးကို လှမ်းကြည့်လိုက်လေသည်။

မြေခွေး လူပ်လှုပ်ရှားရှား ဖြစ်သွားသည်။ မြေခွေးကြီးက ထိုလူအား လှမ်းငေါက်လေ၏။

“မင်း ဒီမြို့ကို ရောက်လာတာ နှစ်ရက်ပဲရှိသေးတယ်၊ ကိုယ်နဲ့မဆိုင်ဘဲ ဝင်မရှုပ်ချင်ပါနဲ့၊ ဒီမြို့မှာ ကိုယ့်ကိစ္စပဲ ကိုယ်လုပ်ကြတယ်”

အနက်ရောင်ဝတ်ဆင်ထားသူက အေးစက်သောလေသံဖြင့် ...

“ကျုပ် ပါလာသမျှ ငွေတွေဟာ လော...င်းကစားဝိုင်းမှာ ရှုံးသွားတယ်”

သူ၏ စကားသံသည် အနိမ့်အမြင့်မရှိ ညီညာစွာ ထွက်ပေါ် လာသည်။ အသံက ကြောက်စရာကောင်းသည်။

စူးရှသည်ဟု ထင်ရသလို အက်ကွဲနေသည်ဟုလည်း ထင်မှတ် ရသည်။ ထိုအသံမျိုး ကြားရသူတိုင်း ကြက်သီးထနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေခွေးကြီးက ...

"ကျုပ်နဲ့ ဘာဆိုင်သလဲ၊ ခင်ဗျားဘာသာ ခင်ဗျား ရှုံးသွားတာ မဟုတ်လားဗျ၊ ခင်ဗျား မကစားနဲ့လေ ..."

ထိုလူက လုံဖွေးတို့ဘက် လှည့်လိုက်ပြီး မေးလေ၏။

"မင်းတို့က သူ့ကို ငွေပေးပြီး ငှားခဲ့တာမဟုတ်လား"

လုံဖွေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ် ... ဟုတ်ပါတယ်"

"သူက မင်းတို့ရဲ့ အလုပ်ကို လုပ်မပေးဘဲ ငွေကို အပိုင်စီး လိုက်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ အဲဒီအတိုင်း အမှန်ပါပဲခင်ဗျ"

"ကောင်းပြီ ... ကျုပ်က သူ့ဆီကငွေကို ယူပြီး မင်းတို့အတွက် အလုပ်လုပ်ပေးမယ်ဆိုရင်ကော ..."

မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် လုံဖွေးတို့ ဝမ်းသာသွားကြသည်။

မင်စိမ်းက ...

"ယူပါဗျာ ... ယူပါ၊ ကျွန်တော်တို့ သဘောတူပါတယ်၊ အခု သူက ကျွန်တော်တို့ငွေကို မတရားလုယူတာပဲ"

ခပ်သွက်သွက် ပြောလိုက်သည်။

အနက်ရောင် ဝတ်ဆင်ထားသူ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ..."

သူက မြွေခွေးကြီးဘက်လှည့်ကာ မေးလိုက်လေ၏။ သူ့အသံ က ပို၍ အေးစက်သလိုဖြစ်လာသည်။



"မင်းကြားတယ် မဟုတ်လား"

မြွေခွေးကြီး ဒေါသခြောင်းခြောင်း ထွက်သွားသည်။

သူ့ခုံးလက်မှ တစ်ဝက်လုံးသည့် အဖြစ်နှင့် ကြုံတွေ့နေရသည် မဟုတ်ပါလား။ နှစ်ရက်ကြာ ရောက်နေသည့် ညှော်သည်သည် သူ့ထံ မှ ငွေကို ခေါင်းတုံးပေါ် ထိပ်ကွက် မောင်ပိုင်စီးနေလေပြီ။ ဤအဖြစ် မျိုး မြွေခွေးကြီး နည်းနည်းမျှ အဖြစ်မခံနိုင်။

သူက အံကြိတ်ရင်း ...

"ခင်ဗျားက ကျုပ်အကြောင်း မသိသေးပဲကိုး၊ သတိသာထား ပေတော့၊ ကျုပ်ဟာ ဒီမြို့က မြွေခွေးကြီးပဲ"

သူသည် အော်ငေါက်ရင်း အနက်ရောင်ဝတ်ဆင်ထားသူထံသို့ ခုန်အုပ်ကာ ဓားမြှောင်ဖြင့် ထိုးချလိုက်လေ၏။ သူ့တိုက်ခိုက်မှုမှာ လျင်မြန်လှသည်။

လုံဖွေးတို့ မကြည့်ရဲကြတော့ပါ။

အနက်ရောင် ဝတ်ဆင်ထားသူမှာ မြွေခွေးကြီး၏ လက်ချက် ဖြင့် သေဆုံးသွားရလိမ့်မည်ဟု ယူဆကာ မျက်နှာလွှဲထားလိုက်ကြ သည်။ သူတို့အတွက်လည်း ကံဆိုးပြီဟု တွေးလိုက်ကြသည်။

"အမယ်လေး ..."

မင်စိမ်းက အထိတ်တလန့် အော်ဟစ်လိုက်သည်။

"ဝုန်း ..."

ကျယ်ဝလောင်သော အသံတစ်ချက် ထွက်ပေါ်လာ၏။

လုံဖွေးတို့ မဝံ့မရဲဖြင့် မျက်လုံးဖွင့်ကြည့်လိုက်ကြ၏။

"ဟာ ..."

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သော မြင်ကွင်းကြောင့် တအံ့တသြ ဖြစ်သွားကြလေတော့သည်။

အဘယ်ကြောင့်ဆိုသော် အနက်ရောင် ဝတ်ဆင်ထားသူ လဲကျသွားရမည့်အစား မြေခွေးကြီး လဲကျနေသည်ကို တွေ့ရသောကြောင့်ပေတည်း။

မြေခွေးကြီး ကိုင်ဆောင်ထားသည့် ဓားမြှောင်မှာ သူ၏ရင်ဝ၌ ပြန်လည် စိုက်ဝင်နေချေပြီ။

မြေခွေးကြီးမှာ မြေပေါ်၌ စန့်စန့်ကြီး လဲလျက် အသက်ပျောက် နေချေပြီတကား။

လုံဖွေးတို့ သုံးယောက်၏ မျက်နှာမှာ ဆိုးရွက်ခန့်သာ ရှိပါတော့သည်။

အနက်ရောင်ဝတ်ဆင်ထားသူကို မဝံ့မရဲ ကြည့်လိုက်ကြသည်။

ထိုလူက မြေခွေးကြီး လွတ်ကျခဲ့သည့် ငွေထုပ်ကလေးကို ကောက်ယူလိုက်၏။

"ငွေတစ်သောင်းငါးထောင် ဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ်ဗျာ"

လုံဖွေးက ကပျာကယာ အဖြေပေးလိုက်၏။

"ကောင်းပြီ ... ကျုပ်အတွက် လုပ်ခအဖြစ် ကျုပ်ယူလိုက်မယ်၊ အခုအချိန်ကစပြီး မင်းတို့ဟာ ကျုပ်ရဲ့ အလုပ်ရှင်ဖြစ်သွားပြီ၊ ကဲ ... ကျုပ်က ဘယ်သူ့ကို ရှင်းပေးရမှာလဲ၊ ပြောပါ"

"ဟိုး ... ဟိုး"

လုံဖွေး ထစ်ထစ်ငေါ့ငေါ့ ပြစ်နေ၏။



မြေခွေးကြီးကဲ့သို့ အပေါ်စား [illegible] ကြေးစားတစ်ယောက်နှင့် တွေ့ဆုံနေရပြီဟု [illegible] ကြောက်ရွံ့နေမိတော့၏။

ထိုလူက မပြောင်းမလဲ လေသံဖြင့် မေးလေ၏။

"နာမည်ပြောပါ"

သူတို့သည် တကယ်ပြောရမည်ဆိုသောအခါ နှုတ်ဆွံ့နေမိကြ၏။

သူတို့သည် ချန်းချင်းကို ခါးခါးသီးသီး မုန်းကြသည်။ တကယ် ပြောဆိုသောအခါ ပြောမထွက်ကြတော့ပေ။

သို့သော် ... တုန်တုန်ရင်ရင်ဖြင့် မုရိုက ပြောလိုက်နိုင်၏။

"ချန်းချင်း ..."

ထိုလူက ခေါင်းညိတ်လိုက်သည်။ သူ့မေးခွန်းက တိုသည်။

"သူ့ကို ဘယ်မှာတွေ့နိုင်မလဲ"

စုရိကပဲ ပြောသည်။

"ပန်းနီကျေးရွာက ကြူးခြံဝင်းမှာ သူရှိတယ်"

"ကောင်းပြီ ... ဒီကနေ့ကစပြီး သုံးရက်အတွင်း မင်းတို့အလုပ်ပြီးသွားစေရလိမ့်မယ်၊ ကျေနပ်တယ် မဟုတ်လား"

သူ့စကားက ပြတ်သားသည်။ အလုပ်ကို အလုပ်နှင့်တူအောင် လုပ်သူဖြစ်သည်။

"ကျေ ... ကျေနပ်ပါတယ်ဗျာ"

ထိုလူကငွေထုပ်ကလေးကို သိမ်းဆည်းထားလိုက်၏။

ထို့နောက် လုံဖွေးတို့ကို နှုတ်မဆက်ဘဲ လောင်းကစားဝိုင်းများရှိရာ အရက်ဆိုင်လေးဆီသို့ ဦးတည်ထွက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးကြီး၏ အလောင်းကို စောင်းငဲ့၍ပင် ကြည့်မသွားချေ။

လုံဖွေးတို့မှာ ထိုလူ၏ ကျောပြင်ကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ကြ၏။

အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ရမည့် အဖြစ်မျိုးနှင့် ကြုံတွေ့နေရပြီဟု သုံးယောက်စလုံး နားလည်နေမိကြလေတော့သည်။

✳ ❖ ✳

အခန်း(၃၀)

# ကြေးစား လုပ်ရပ်

ပန်းနီရွာလေးမှာ စည်စည်ကားကား ရှိနေ၏။

နံနက် မိုးစင်စင်လင်းသည်နှင့် ပန်းနီကျေးရွာမှ ဈေးသည်များ ဈေးရောင်းချဖို့ ဆိုက်ယန်းမြို့သို့ သွားကြသည်မှာ ပွဲတော်ကြီးတမျှ စည်ကားနေပေတော့သည်။

လုံဖွေးတို့ လူစုသည် ခါတိုင်းဆိုလျှင် ညဉ့်နက်သန်းခေါင်အထိ လမ်းများပေါ်၌ အပျော်ကျူးနေတတ်သလိုနံနက်ဆိုလျှင် အတော်ကြီးနေမြင့်မှ အိပ်ရာထတတ်ကြသည်။ လုံဖွေး၊ စုရိနှင့် မင်စိမ်းတို့သုံးယောက်သည် ယနေ့နံနက် စောစောစီးစီး အိပ်ရာမှ ထနေခဲ့ကြသည်။

သူတို့သုံးယောက်သည် ကြိုတင် တိုင်ပင်ထားခြင်း မရှိပါပဲ ရွာလမ်းဘေးရှိ လက်ဖက်ရည်ဆိုင်ကလေး၌ လာရောက် စုဝေးမိကြလေ၏။ သူတို့တွင် အစီအစဉ်ရှိထားသည် မဟုတ်ပါလား။

သုံးယောက်စလုံး စိတ်လှုပ်ရှားနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်စလုံး နှုတ်ဆိတ်နေကြပြီး ရွာလမ်းမဘက် မျှော်ကြည့်နေကြသည်။ ထိုမြင်ကွင်းကို အကြောင်းသိသူများက တအံ့တဩ ဖြစ်နေကြရသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

နေမြင့်လာပြီဖြစ်၍ ဆိုင်ထဲ၌ လူရှင်းသွားသကဲ့သို့ လမ်းပေါ်၌လည်း လူရှင်းသွားပြီ ဖြစ်လေသည်။

လုံဖွေးတို့ သုံးယောက် လှုပ်လှုပ်ရွရွဖြစ်လာကြတော့သည်။

သူတို့ ဤသို့စောင့်နေကြသည်မှာ ယနေ့ဆိုလျှင် သုံးရက်တိတိ ရှိပြီဖြစ်သည်။ ထို့ကြောင့် သူတို့ ဤမျှ လည်ပင်းရှည်နေကြခြင်း ဖြစ်သည်။

"ဒီနေ့ဆို သုံးရက်ပြည့်ပြီ၊ သူမလာတော့ဘူးထင်တယ်"

မင်စိမ်းက ညည်းညူလိုက်၏။

စုရိုက ...

"အေးကွာ ... ငါတို့တော့ ငွေအချောင်ဆုံးရတာပဲကွ"

မင်စိမ်း သက်ပြင်းချလိုက်၏။

"မြွေခွေးကြီးက လူလိမ်လူကောက်ကွ၊ ငါတို့ဆီက ငွေကို လိမ်ယူမလို့၊ ဟိုလူကတော့ မြွေခွေးကြီးထက် ဆယ်ဆလောက် ပိုဆိုးသေးတယ်၊ မြွေခွေးကြီးကို တစ်ခါတည်း ရှင်းပစ်လိုက်တာ ငါဖြင့် ကြက်သီးတောင် ထလာတယ်၊ တတ်လည်း တတ်နိုင်တဲ့ လူကွာ၊ ရက်စက်တာကတော့ ကမ်းကုန်တယ်ကွ"

လုံဖွေးက ပြောလိုက်လေ၏။

"တိတ်တိတ်နေကြစမ်းပါကွာ၊ သူက လာမယ်ဆိုရင် လာမှာပါ၊ ဒီလူက စကားတည်ပါတယ်"



စုရိုနှင့် မင်စိမ်းတို့ မျက်မှောင်ကြုတ်သွားကြသည်။

"ဘာဖြစ်တယ်၊ လာမယ် ... ဟုတ်လား"

"သူလာမယ်လို့ မင်းက ယုံကြည်နေတယ်ပေါ့"

ဟု တစ်ယောက်တစ်ခွန်း ပြောလိုက်ကြသည်။

လုံဖွေးက တည်ကြည်သော မျက်နှာထားဖြင့် ...

"သူက မြွေခွေးကြီးလို မဟုတ်ဘူးဆိုတာ မင်းတို့လည်း အမြင် ပဲ၊ မြွေခွေးကြီးကို ရှင်းပစ်ကတည်းက သူဟာ ကြောက်စရာ ကောင်း တဲ့ လူဆိုတာ ထင်ရှားနေပါပြီ"

"ကြောက်စရာကောင်းတာနဲ့ ကတိတည်တာ ဘာဆိုင်လို့လဲ ကွ၊ အဲ့ဒီနှစ်ခုက လုံးဝမယှဉ်ပါဘူး"

စုရိုက စောဒကတက်လိုက်၏။

လုံဖွေးက ...

"သူကကြောက်စရာကောင်းတဲ့အပြင် စကားတည်တဲ့ လူ တစ်ယောက်လည်း ဖြစ်တယ်လို့ ငါထင်တယ်"

"အေး ... မင်းကသာ ယုံနေ၊ ဟိုက အခုထိ ပေါ်မလာသေး ဘူး၊ ပြောတော့ သုံးရက်ပြည့်တာနဲ့ ငါတို့စိတ်တိုင်းကျ ဖြစ်ရမယ်တဲ့၊ အခု ဘယ်မှာလဲ၊ ပြောစမ်းပါဦး"

မင်စိမ်းက မကျေမနပ်ဖြင့် ပြောလိုက်၏။

ရုတ်တရက် လုံဖွေး၏မျက်နှာ ဝင်းပသွားသည်။

လမ်းမပေါ်သို့ လက်ညှိုးညွှန်ပြလိုက်လေ၏။

"ဟိုမှာ ... လာနေပြီ"

သူက ပြောလိုက်သည်။

စုရိုနှင့် မင်စိမ်းတို့ လှမ်းကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရွာလယ်လမ်းအတိုင်း အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး ခမောက်ဆောင်းထားသူတစ်ယောက် ခြေလှမ်းကျဲကျဲဖြင့် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထိုလူသည် ရွာလယ်လမ်းအတိုင်း ခြေလှမ်းကျဲကျဲဖြင့် လှမ်းလာနေပါ၏။

ထိုလူသည် လက်ဖက်ရည်ဆိုင်ကလေးနှင့် မလှမ်းမကမ်းသို့ ရောက်လျှင် အနီးမှ ဖြတ်သွားသည့် ရွာသားတစ်ယောက်အား လှမ်း၍ တစ်စုံတစ်ခု မေးမြန်းနေ၏။

ရွာသားက ဦးခေါင်းတညိတ်ညိတ်ဖြင့် လမ်းတစ်ဖက်သို့ ညွှန်ပြနေသည်။ ထိုမြင်ကွင်းကို မြင်ရလျှင် လုံဖွေးတို့သုံးယောက် တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

လုံဖွေးက ပြောလိုက်၏။

"သူက ကြူးခြံဝင်း ဘယ်မှာလဲဆိုတာ စုံစမ်းနေတာပဲ ဖြစ်ရမယ်၊ အဲဒါပဲ ဖြစ်ရမယ်"

စုရီနှင့် မင်စိမ်းတို့ ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။

ထိုက်ယန်မြို့တွင် သူတို့ ငှားရမ်းခဲ့သည့် ကြေးစားသိုင်းသမားသည် ပန်းနီကျေးရွာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာလေပြီ။

ငွေတစ်သောင်းငါးထောင် အခကြေးငွေယူကာ ချန်းချင်းအား သုတ်သင်ရှင်းလင်းပစ်ပေတော့မည်။ ရှင်းရှင်းပြောရလျှင် သတ်ပစ်လေတော့မည်။ ဤလိုလူများမှာ တရုတ်ပြည်၌ ပေါများလှ၏။

ထိုကြေးစားမှာ သွေးအေးအေးဖြင့် ရက်စက်ကြမ်းကြုတ်သူဖြစ်ကြောင်း ထင်ရှားနေပါ၏။

လူ့အသက် ဖက်ရွက်မျှပင် တန်ဖိုးမထားသူတစ်ယောက်နှင့်



ပ [illegible] ်သက်မိခဲ့ကြပြီး လူမဆန်သည့် အလုပ်တစ်ခု လုပ်မိခဲ့ကြပြီဟူသော အတွေးက လုံဖွေးတို့ သုံးယောက်၏ ရင်ထဲ ဝင်ရောက်လာတော့၏။

လုံဖွေးသည် ကြူးခြံဝင်းသို့ ဦးတည်သွားနေသည့် အနက်ရောင် ဝတ်ဆင်ထားသူကို ကြည့်ရင်း ပြောလိုက်၏။

"ငါတို့ မှားသွားပြီထင်တယ်"

သူ ညည်းညူလိုက်ခြင်း ဖြစ်ပါသည်။

စုရီ ဘာမှမပြောဘဲ နေလိုက်၏။

မင်စိမ်းက ချက်ချင်း ထောက်ခံလာ၏။

"ဟုတ်တယ် ... ငါတို့ မှားနေပြီကွ၊ သူက ချန်းချင်းကို သတ်ပစ်လိုက်မှာ သေချာတယ်၊ တော်ကြာ ငါတို့အပေါ် အမှုလာပတ်နေရင် ဘယ်လိုမှ ရှင်းလို့ရမှာမဟုတ်ဘူး"

"ငါတို့ ဘာလုပ်ကြမလဲ"

လုံဖွေးကိုယ်တိုင် တုန်လှုပ်ချောက်ချားနေသည်ကို တွေ့ရသဖြင့် စုရီ ဒေါသထွက်သွားသည်။

"အခုမှ မထူးဘူး၊ ချန်းချင်းက ငါတို့ကို စော်ကားခဲ့တယ်၊ သူသေသွားတော့ကော ဘာဖြစ်လဲ၊ သူမရှိရင် သူ့ညီမကို ငါရအောင်ယူမယ်"

စုရီက အရွဲ့တိုက်ကာ ပြောလိုက်သည်။

မင်စိမ်းက ဖြည့်စွက်ပြောကြားလေ၏။

"သူက ချန်းချင်းကို ရှင်းပစ်ပြီးမှတော့ ကြူးဝေကို ချမ်းသာပေးပါဦးမလားကွ၊ စဉ်းစားကြည့်ပါဦး"

"မထူးပါဘူး၊ တစ်ယောက်မှ မရှိတော့လည်း ကောင်းတာပေါ့၊ ငါတို့ကို စော်ကားတဲ့ကောင်၊ သေတာပဲ ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



စုရိုက ပြုံးစလွယ် ပြောလိုက်သည်။

လုံမွေး သက်ပြင်းချလိုက်၏။

"ငါတို့ အခြေအနေကို လိုက်ကြည့်ရအောင်၊ လက်လွန် ခြေလွန်မဖြစ်ခင် တားနိုင်တာပေါ့"

ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်သည်။ သူတို့သည် လူဆိုးကလေးများဖြစ်သော်လည်း တစ်ဖက်လူ သေစေသည်အထိတော့ မဖြစ်စေချင်ပါ။

စုရိုက ငြင်းဆန်လိုက်၏။

"မင်းတို့ လိုက်ချင်လိုက်သွားကြ၊ ငါတော့ မလိုက်ဘူး၊ သူက ချန်းချင်းကို သတ်ပစ်မှာ သေချာတယ်၊ သွားပြောလည်း အကြောင်းထူးမယ် မထင်ဘူး"

လုံမွေး ဒေါသထွက်သွား၏။

"မင်း မလိုက်ချင်နေ၊ မင်စိမ်း လာသွားကြမယ်"

မင်စိမ်းအား ခေါ်ရင်း ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

စုရိုမှာ တစ်ယောက်တည်း မကျေမနပ်ဖြင့် ပွစိပွစိပြောရင်း ကျန်ရစ်ခဲ့သည်။

လုံမွေးနှင့် မင်စိမ်းတို့ စိတ်လှုပ်ရှားနေကြသည်၊

သူတို့၏ မျက်နှာများမှာ အဆိုပြန်ကာ ချွေးများစို့ရွှဲနေ၏။

ရင်တထိတ်ထိတ်ဖြင့် အနက်ရောင်ဝတ်ဆင်ထားသူနောက် လိုက်လာခဲ့ကြသည်။

ဒုတိယပိုင်းပြီး၏

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

# ဂါက္ကသိုလ်နေလင်းအောင်

# မေတ္တာရှင်တေးသမားကြီးအရွှေမ်း

## ဒုတိယပိုင်း (ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၁)

## ကြင်နာရိပ်ဖြာ

အနက်ရောင် ဝတ်ဆင်ထားသူသည် ကြူးခြဝင်းဆီသို့ ဦးတည်သွားနေ၏။

တဖြည်းဖြည်း ရှာစွန်သို့ ရောက်လာသည်။

ကြူးခြဝင်းအား လှမ်း၍မြင်တွေ့နေရပြီ ဖြစ်သည်။

လုံဖွေးမှာ ရုတ်တရက် စိတ်သဘောထား ပြောင်းလဲသွားလေတော့၏။

"ဗျို့ … မိတ်ဆွေ ခဏနေပါဦးဗျ"

သူက လှမ်းအော်ကာ တားဆီးလိုက်သည်။

အနက်ရောင် ဝတ်ဆင်ထားသူထံသို့လည်း ခပ်သွက်သွက် ပြေးသွားသည်။

ထိုလူ ခြေလှမ်း တုံ့ခနဲ ရပ်တန့်သွားသည်။

ချာခနဲ လှည့်ကြည့်လာပြီး လုံဖွေးကို မြင်လျှင် …

"ဩော် … မင်းကိုး"

www.burmeseclassic.com

www.burmeseclassic.com



လုံ့ဖွေး ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားက ပြောတဲ့အတိုင်း ကတိတည်သားပဲ"

ထိုလူ မဲ့ပြုံး ပြုံးလိုက်သည်။

ထိုအပြုံးအား တွေ့လျှင် လုံ့ဖွေး ရင်ထဲ အေးစိမ့်သွားသလို ခံစားမိလိုက်လေတော့သည်။

ထိုသူက လုံ့ဖွေးအား စေ့စေ့ကြည့်ရင်း အေးစက်စွာ ပြောလာလေ၏။

"မင်းက 'ဓားဘီလူး'ဆိုတဲ့ ငါ့အကြောင်းမှ မကြားဘူးသေးပဲကိုး၊ ငါက အလုပ်တစ်ခု လက်ခံပြီးရင် ဘယ်လိုအကြောင်းကိစ္စပဲပေါ်လာပေါ်လာ ပြီးဆုံးတဲ့အထိ မဖြစ်မနေလုပ်တတ်တယ်ဆိုတာမှတ်ထားပါ၊ ဒါဟာ ငါ့အကျင့်ပဲ၊ ဒီအကျင့်ကို အလုပ်ရှင်တွေက သဘောကျကြတယ်"

လုံ့ဖွေး ခေါင်းကုပ်လိုက်၏။

"ကျွန် ... ကျွန်တော်က ဒီကိစ္စကို ပြောမလို့ပါ"

အနက်ရောင် ဝတ်ဆင်ထားသည့် ဓားဘီလူးဆိုသူက ...

"ဒီကနေ့ဟာ ငါချိန်းထားတဲ့ သုံးရက်မြောက်နေ့ပဲ မဟုတ်လား၊ စိတ်သာချ ငါက ဘယ်တော့မှ ကတိမပျက်ဘူး"

လုံ့ဖွေး ခေါင်းယမ်းလိုက်သည်။

"မဟုတ်ဘူး၊ ကျွန်တော်ပြောချင်တာက ..."

ဓားဘီလူး မျက်မှောင်ကြုတ်သွားသည်။

"မင်းက ဘာပြောချင်တာလဲ၊ ဆိုစမ်းပါဦး"



"ဟို ... ဟို ... ချန်းချင်းကို ဆုံးမစရာ မလိုတော့ဘူးလို့ ပြောမလို့ပါ"

"ဘာ ..."

ဓားဘီလူး၏ အသံကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

လုံ့ဖွေး ထိတ်လန့်သွားသည်။

ဓားဘီလူးသည် သူတို့တွေ့ဖူးသည့် လူသားများထဲတွင် အဆိုးဝါးဆုံး၊ အကြောက်လန့်ရဆုံး လူတစ်ယောက် မဟုတ်ပါလော။ ထို့ကြောင့် သူသည် ထိတ်လန့်ပြီး နောက်သို့ဆုတ်လိုက်မိလေ၏။

ဓားဘီလူး၏မျက်နှာ ခက်ထန်တင်းမာနေသည်။

လုံ့ဖွေးအား မျက်လုံးပြူးကာ ကြည့်လိုက်၏။

"ဘာပြောတယ်၊ ငါ ဆက်လုပ်စရာ မလိုတော့ဘူး ဟုတ်လား၊ မင်းပြောတာ ငါ နားမရှင်းဘူး"

"ဟုတ် ... ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်ပြောတာက ဆက်လုပ်ဖို့ မလိုတော့ဘူးလို့ ပြောတာပါ"

"မင်းက ဘယ်လိုသဘောလဲ၊ ရှုံ့ချည်နှပ်ချည်လုပ်တာ ငါ မကြိုက်ဘူး၊ ရှင်းရှင်းပြောစမ်း၊ ငါတို့က ဒါဆိုဒါပဲ"

"သူ့ ... သူ့ကို ဆုံးမစရာ မလိုတော့ပါဘူးဗျာ"

ဓားဘီလူး စိတ်ပျက်သွားမည်ဟု လုံ့ဖွေး မျှော်လင့်ထားသည်။ သူသည် ချန်းချင်းကို ရက်ရက်စက်စက်လုပ်မိပြီဟု ယူဆခဲ့သည်။

သို့သော် သူထင်မှတ်ထားသလို ဖြစ်မလာခဲ့ချေ။

ဓားဘီလူးက ခေါင်းခါယမ်းလိုက်လေ၏။

"မင်းပြောတာကို ငါ လက်မခံနိုင်ဘူး၊ ငါလုပ်စရာရှိ့ဘာ

www.burmeseclassic.com

www.burmeseclassic.com



ဆက်လုပ်ရမှာပဲ၊ ငါတို့က တစ်ခုဆိုရင် တစ်ခုပဲ၊ တခြားကိစ္စတွေကို မစဉ်းစားဘူး"

"ဗျာ ..."

"ငါက ချွန်းချင်းကို ဆုံးမဖို့ ငွေယူပြီးပြီ၊ ဒါကြောင့် မဖြစ်မနေ ရှင်းပစ်ရမှာပဲ၊ ဒါ ငါ့တာဝန်လေ"

"ဟာ ... မလုပ်ပါနဲ့ဗျာ၊ ချွန်းချင်းကို ဆုံးမစရာ မလိုတော့ပါဘူး"

ဓားဘီလုံး၏မျက်နှာ ပို၍ ခက်ထန်လာသည်။

"ဘာလဲ ... မင်းက ငါ့ကို အရူးလုပ်တာလား"

"မ ... မဟုတ်ပါဘူးဗျာ"

"မဟုတ်ရင် အေးအေးဆေးဆေး လက်ပိုက်ကြည့်နေ၊ ငါက ချွန်းချင်းကိုဆုံးမဖို့ လက်ခံထားတာ၊ ဒါကလွဲပြီး ဘာမှ နားမလည်ဘူး၊ မင်းတို့ပေးတဲ့ငွေ လောင်းကစားဝိုင်းမှာ ရှုံးသွားပြီ၊ ပြန်ပေးနိုင်တော့မှာလည်း မဟုတ်ဘူး၊ ဒါကြောင့် ငါ လုပ်စရာရှိတာ ဆက်လုပ်ရမှာပဲ"

လုံဖွေး ကပျာကယာ လက်ကာပြလိုက်လေ၏။

"ကိစ္စမရှိပါဘူးဗျာ၊ ငွေအတွက် မပူပါနဲ့၊ ပြန်ပေးစရာ မလိုပါဘူး၊ ကျွန်တော်တို့ ဆုံးဖြတ်ပြီးသားပါ"

"ဘာကွ ..."

"ဟို ... ဟို ပြန်မပေးပါနဲ့တော့ဗျာ၊ ငွေကို မယူတော့ပါဘူး"

"ဩော် ... မင်းက ငါ့နာမည် ဖျက်ချင်တာကိုး"

ဓားဘီလူးက ရှေ့သို့ ဖျတ်ခနဲတိုးလိုက်သည်။

လုံဖွေး၏အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲလိုက်ပြီး ...



"ငါ့မျက်နှာကို သေသေချာချာ ကြည့်ထား၊ ငါဟာ ငွေယူပြီး အလုပ်ကိုပြီးအောင် လုပ်မပေးဘူးလို့ ဘယ်တော့မှ အပြောမခံဘူး၊ ကြေးစားလောကမှာ ငါ ဘယ်တော့မှ နာမည်အပျက်မခံဘူး၊ မင်းက ငွေပေါလို့ ပြန်မယူတာပဲဖြစ်ဖြစ်၊ ချွန်းချင်းနဲ့ အဆင်ပြေသွားလို့ပဲ ဖြစ်ဖြစ်၊ ငါကတော့ နဂိုလက်ခံထားတဲ့အတိုင်း လုပ်စရာရှိတာကို ဆက်လုပ်ရမှာပဲဆိုတာ မြဲမြဲမှတ်ထား ..."

ဟု ပြတ်သားစွာပြောကာ တွန်းပစ်လိုက်၏။

"အင့် ..."

လုံဖွေးမှာ အရှိန်ဖြင့် မြေပေါ်ဖင်ထိုင်ကျသွားပါ၏။

ဓားဘီလူးက သူ့အားအရေးမစိုက်တော့ဘဲ ကြူးခြံဝင်းဆီသို့ ဦးတည်လျှောက်သွားတော့သည်။ ကြူးခြံဝင်းသည်သာ သူ့ဦးတည်ရာ ဖြစ်နေသည်။

မင်းစိန်သည် အနီးသို့ရောက်လာပြီး လုံဖွေးအား ဖေးမရင်း အထိတ်တလန့် မေးလေ၏။

"လုံဖွေး ... မင်း ဘယ်လိုဖြစ်တာလဲ"

လုံဖွေး ခေါင်းခါယမ်းလိုက်သည်။

ကြူးခြံဝင်းဆီသို့ ခြေလှမ်းကျဲကျဲဖြင့် ဦးတည်လျှောက်သွားသည့် ဓားဘီလူးအားကြည့်ကာ ငိုချလိုက်သည်။

"ချွန်းချင်း သေရတော့မှာပဲကွာ၊ ဘယ်သူမှ တားဆီးလို့ရမှာ မဟုတ်တော့ဘူး"

သူ ငိုသံပါကြီးဖြင့် ပြောလိုက်လေတော့သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



နေမွန်းတည့်တော့မည် ဖြစ်သည်။

ကြူးဝေသည် ထမင်းပွဲကို ခပ်သွက်သွက် ပြင်ဆင်နေသည်။

ယနေ့အတွက် သူမ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားသည်။

စားချင့်စဖွယ်ဖြစ်နေသည့် ထမင်းပွဲကို တစ်ချက်ကြည့်လိုက်ပြီး ကြူးဝေ ပြုံးလိုက်သည်။

"အစ်ကိုတော့ သဘောကျသွားမှာပဲ"

သူမသည် ချန်းချင်းကို ထမင်းစားခေါ်ရန် အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

သူမ၏မျက်နှာပေါ်မှ အပြုံးရိပ်များသည် အိမ်ရှေ့ဧည့်ခန်းသို့ ရောက်သည်နှင့် ရုတ်ခြည်း ကွယ်ပျောက်သွား၏။

အံ့ဩစိတ်၊ စူးစမ်းလိုစိတ်များလည်း ချက်ချင်း ဖြစ်ပေါ်လာ၏

အဘယ့်ကြောင့်ဆိုသော် ...

အိမ်ရှေ့တံခါးပေါက်ဝ၌ လူတစ်ယောက် မလှုပ်မယှက်ရပ်နေသည်ကို တွေ့မြင်လိုက်သောကြောင့်ပေတည်း။

ထိုသူသည် အနက်ရောင်ဝတ်ဆင်ထားပြီး ခမောက်ဆောင်းထားသူဖြစ်သည်။

ကြေးစားသိုင်းသမား ဓားဘီလူးပင် ဖြစ်သည်။

ဓားဘီလူးသည် တံခါးဝဘောင်ကို မှီ၍ရပ်နေပြီး ကြူးဝေကို စိုက်ကြည့်နေသည်။

သူ၏အကြည့်မှာ အဆိပ်ပြင်းသည့် မြွေတစ်ကောင်၏အကြည့်မျိုးနှင့်တူသည်ဟု ကြူးဝေ ခံစားလိုက်ရသည်။

ထိုလူအား သူမ မည်သည့်နည်းနှင့်မျှ သဘောမကျနိုင်ပါ။



"ရှင် ဘယ်သူလဲ"

ဟု ခပ်တည်တည် မေးလိုက်သည်။

ဧည့်သည်သည် အိမ်ရှင်အား ခွင့်တောင်းပြီးမှ ဝင်လာသင့်သည်ဟု သူမ သိရှိထားသည်။

ယခုကဲ့သို့ ပိုင်စိုးပိုင်နင်း ဝင်ရောက်လာသည်မှာ ရိုင်းပျစော်ကားခြင်းပင် မဟုတ်ပါလား။

ကြူးဝေ၏အမေးစကားအား မဖြေဘဲ ...

"ချန်းကယင်း ဘယ်မှာလဲ"

ဟုဓားဘီလူးက ပြန်မေးသည်။

ကြူးဝေ အံ့ဩသွားသည်။

"ရှင် ဘယ်သူလဲ၊ အစ်ကိုချန်းချင်းကို ဘာကြောင့် တွေ့ချင်ရတာလဲ"

သူတို့သည် တစ်ယောက်အမေးကို တစ်ယောက်ကမဖြေဘဲ ဆင့်ကဲဆင့်ကဲ ထပ်မေးနေသည်။

ဓားဘီလူး စိတ်မရှည်ဘဲ ဖြစ်လာသည်။

ကြူးဝေအနီးသို့ လျှပ်တစ်ပြက် ကပ်သွားလေသည်။

ကြူးဝေ ထိတ်လန့်သွား၏။

"ရှင် ..."

သူမသည် နောက်သို့ဆုတ်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ...

သူမ နောက်ကျသွားချေပြီ။

ဓားဘီလူးသည် သူမအနီးသို့ ရောက်ရှိလာပြီး သူမ၏လက်နှစ်ဖက်ကို ဖမ်းဆွဲထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ လှုပ်ရှားမှုမှာ လျှင်မြန်လှသဖြင့် ကြူးဝေ လွတ်အောင် မရှောင်နိုင်ချေ။ သူမမှာဓားဘီလူး၏လက်ထဲ အရုပ်လေးတစ်ရုပ်ကဲ့သို့ ပါသွားလေသည်။

"ချန်းချင်း ဘယ်မှာလဲ"

ဓားဘီလူး၏အသံက အေးစက်ခက်ထန်နေသည်။

ယခုအချိန်ဆိုလျှင် ချန်းချင်းသည် ပန်းဥယျာဉ်အတွင်း၌ ရှိနေမည်ဖြစ်ပြီး ပန်းပန်များကို ပြုစုနေမည် ဖြစ်သည်။

ကြူးဝေက မပြောဘဲနေရန် ဆုံးဖြတ်ထားသည်။

ဓားဘီလူးသည် သူတို့အား အန္တရာယ်ပြုမည့်သူဟု သူမနားလည်သဘောပေါက်သွားပြီ မဟုတ်ပါလား။

"ကျွန်မ မသိဘူး"

သူမက ပြောင်ပင် လိမ်ပြောလိုက်သည်။

ဓားဘီလူး မဲ့ပြုံးပြုံးလိုက်သည်။

ကြူးဝေအား စိုက်ကြည့်ရင်း ...

"မင်းက ခေါင်းမာနေတာကိုး၊ ကောင်းပြီ ... မင်းမပြောလည်း မင်းရဲ့အော်သံကြားရင် ချန်းချင်း ရောက်လာမှာပဲ၊ ဒီတော့ ..."

ဓားဘီလူးသည် စကားတစ်ပိုင်းတစ်စဖြင့်ရပ်ကာ ကြူးဝေ၏ ပခုံးပေါ်မှ သွေးကြောတစ်နေရာသို့ လက်ညှိုးဖြင့် ထောက်ချလိုက်၏။

ထိုသွေးကြောမှာ အရိုးအဆစ်များနှင့်သက်ဆိုင်သော သွေးကြောဖြစ်သည်။

ထို့ကြောင့် ကြူးဝေမှာ ခြေဆစ်လက်ဆစ်များ မခံမရပ်နိုင်အောင် နာကျင်သွားသည်။

"အမယ်လေး ..."



သူမ စူးရှစွာ အော်ဟစ်မိတော့သည်။ သူမ၏အရိုးအဆစ်များ မခံမရပ်နိုင်အောင် နာကျင်လ သည် မဟုတ်ပါ ား။

ဓားဘီလူးမှာ ကြင်နာသနားစိတ်ရှိသူ မဟုတ်ပါ။

ချန်းချင်းကိုတွေ့ရဖို့က အရေးအကြီးဆုံးဖြစ်သည်ဟု ယူဆထားသူ ဖြစ်သည်။

ထို့ကြောင့် ကြူးဝေအား ဆက်၍ နှိပ်စက်လိုက်သည်။

ကြူးဝေမှာ စူးရှစွာဖြင့် ဆင့်ကာဆင့်ကာ အော်ဟစ်နေသည်။

သူမ၏အသံသည် တစ်စထက်တစ်စ ကျ လောင်လာကာ အိမ်အပြင်ဘက် ခြံဝင်းအတွင်းသို့တိုင် ပျံ့လွင့်သွား၏။

မကြာမီ ...

"ညီမလေး ..."

ချန်းချင်း၏ အထိတ်တလန့်အသံ ထွက်ပေါ်လာသည်ကို ကြား လိုက်ရတော့သည်။

ကြူးဝေမှာ ဓားဘီလူး၏နှိပ်စက်မှုကြောင့် နာကျင်မှုဝေဒနာကို သေလုမျောပါး ခံစားနေရသည့်ကြားမှ ချန်းချင်းအတွက် စိုးရိမ်ပူပန်ကာ ...

"အစ်ကို မလာနဲ့၊ အထဲမှာ လူဆိုးတစ်ယောက် ..."

သူမသည် အော်ဟစ်သတိပေးရန် ကြိုးစားလေသည်။

သို့သော် ...

ဓားဘီလူးမှာ လူဖျင်းလူညံ့တစ်ယောက် မဟုတ်ချေ။ မည်သ ် အချိန်တွင် မည်သို့လုပ် ရမည်ကို သိသည်။

"မင်း ဒီလောက်အော်ဟစ်ရရင် တော်လောက်ပါပြီ ငါ့ကို

www.burmeseclassic.com

www.burmeseclassic.com



အလုပ်အပ်တဲ့အထဲမှာ မင်း မပါတာ ကံကောင်းတယ်မှတ်ပါ၊ ငါ့အလိုအရဆိုရင် မင်းကို သတ်ချင်လာပြီ”

သူသည် ကြူးဝေအား သွေးကြောပိတ်ပစ်လိုက်၏။

ကြူးဝေမှာ ဆက်၍အော်ဟစ်ခြင်း မပြုနိုင်တော့ဘဲ မလှုပ်မယှက် ဖြစ်သွားလေသည်။

ထိုအချိန်မှာပင် ...

“ညီမလေး ...”

စိုးရိမ်တကြီးခေါ်သံနှင့်အတူ ချန်းချင်း ပြေးဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

○ ○ ○

ချန်းချင်းသည် ပန်းဥယျာဉ်အတွင်း၌ အလုပ်လုပ်နေခဲ့သည်။ ပန်းပင်များအကြား၌ တကုန်းကုန်းဖြင့် အလုပ်ရှုပ်နေရာ ဓားဘီလူး သတိမပြုမိဘဲ ဖြတ်ကျော်သွားခဲ့ခြင်း ဖြစ်သည်။

ချန်းချင်းကလည်း သွေးဘီလူးရောက်ရှိလာသည်ကို သတိမပြုမိချေ။

ဓားဘီလူး၏ နှိပ်စက်မှုကြောင့် ကြူးဝေ၏ စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာမှ ချင်းချင်း ပစ္စုပ္ပန်လောကကို သတိရလာသည်။ သူရှာန်ဝင်နေသည်မှာ ပန်းပင်များသာ မဟုတ်ပါလား။

ကြူးဝေ တစ်စုံတစ်ခုဖြစ်နေပြီဟု နားလည်ကာ ချက်ချင်းပြေးလာခဲ့ခြင်း ဖြစ်သည်။ သူ့ညီမ ဘာဖြစ်နေသနည်း။ သူ မသိပ်။ အော်သံကြောင့် တစ်ခုခုဖြစ်တော့မည်ဟု သူ မှန်းဆမိသည်။



အိမ်ထဲရောက်သွားသည်နှင့် မမျှော်လင့်သော ဖြစ်ရပ်ကို တွေ့လိုက်ရသည်။

“ဟာ ...”

ချန်းချင်း လွှတ်ခနဲ အော်လိုက်မိလေသည်။

ကြူးဝေမှာ လူစိမ်းတစ်ယောက်၏လက်ထဲ၌ ဒုက္ခရောက်နေပြီမဟုတ်ပါလား။ ချန်းချင်း၏မျက်လုံးထဲ၌ မီးပွင့်သလို ဖြစ်သွားသည်။

ချန်းချင်း ဒေါပွသွားသည်။

“ကျုပ်ညီမကို လွှတ်လိုက်စမ်း”

အော်ဟောက်ကာ သွေးဘီလူးထံ ခုန်ဝင်လိုက်သည်။

ဓားဘီလူးသည် ချက်ချင်းပင် ပြန်လည်တိုက်ခိုက်လိုက်သည်။

သူလည်း အတွေ့အကြုံများသည့် လူတစ်ယောက်ဖြစ်သည်။

နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင်မိလိုက်ကြသည်။

“ဝုန်း ...”

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာပြီး နှစ်ယောက်သား ပြိုင်တူနောက်ဆုတ်လိုက်ကြရသည်။

ဓားဘီလူး မျက်မှောင်ကြုတ်သွားသည်။

“လက်စသတ်တော့ မင်းက သိုင်းပညာတတ်ထားတာကိုး၊ ... မဆိုးဘူးပေါ့”

ဓားဘီလူးမှာ ခေသူမဟုတ်မှန်း ချန်းချင်း သိလိုက်၏။ ထို့ကြောင့် သတိကြီးစွာထားရင်း ထပ်မံတိုက်ခိုက်လိုက်သည်။ ...င်းသည် သူ၏ အတွင်းအားများကို ပြန်လည်အသုံးချလိုက်...တော့သည်။

ဓားဘီလူးကလည်း ပြန်လည် တိုက်ခိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ် သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုမှာ အလွန်ပင် ပြင်းထန်နေသည်။

ကြူးဝေမှာ တိုက်ပွဲအား ကြောင်တက်တက်ဖြင့် ကြည့်နေမိသည်။ သူမ သွေးကြောအပိတ်ခံထားရသည် မဟုတ်ပါလား။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

သိုင်းကွက်ပေါင်း နှစ်ဆယ်ကျော်လာပြီးနောက်တွင်မူ အခြေအနေဆိုးတစ်ခု ဖြစ်ပေါ်လာသည်။

"ဝုန်း ..."

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင် ခါးဘီလူးမှာ နောက်သို့ ဒယီးဒယိုင်ဖြင့် ဆုတ်သွားရသည်။ ချန်းချင်းသည် ခေသူမဟုတ်ပါတကား။

ခါးဘီလူး မျက်စိမျက်နှာပျက်သွားသည်။

ယင်းအချိန်မှာပင် ချန်းချင်းသည် ရှေ့သို့ လျှပ်တစ်ပြက်တိုးကပ်လာပြီး လက်ဝါးဖြင့်ရိုက်ချရန် ဟန်ပြင်လိုက်သည်။

ခါးဘီလူးက ကြူးဝေအနီးသို့ ဆုတ်သွားပြီး ငယ်ထိပ်သို့လက်ဝါးဖြင့်အုပ်မိုးထားရင်း ခြိမ်းခြောက်လိုက်သည်။

"ရပ်လိုက် ... ဒီလိုမှမဟုတ်ရင် သူ့ကို သတ်ပစ်လိုက်မယ် မင်းညီမ သေတာ မြင်ချင်သလား"

ချန်းချင်း ရင်ထိတ်သွားလေသည်။

"မလုပ်နဲ့ ..."

အထိတ်တလန့်ပြောရင်း တိုက်ခိုက်မှုကို ကပျာယာ ရုပ်သိမ်းလိုက်ရသည်။ ကြူးဝေ ဒုက္ခရောက်တော့မည် မဟုတ်ပါလား။

ခါးဘီလူး ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။



ချန်းချင်းမှာ တိုက်ခိုက်မှုရပ်တန့်သွားသည်နှင့် တပြိုင်နက် သူက ချက်ချင်းပင် ရှေ့သို့ခုန်ထွက်ကာ ကန်ကျောက်လိုက်သည်။

ကြူးဝေအား စိုးရိမ်မိနေသော ချန်းချင်းမှာ မခုခံနိုင်တော့ချေ။

"ဝုန်း ..."

"အား ..."

ကျယ်လောင်သော အသံတစ်ချက်ထွက်ပေါ်လာပြီး အခန်းထောင့်သို့ လွင့်စဉ်သွားသည်။

ကြူးဝေမှာ ချန်းချင်းအတွက် စိုးရိမ်ပူပန်သွားမိသည်။

ချန်းချင်း လူးလဲထလာသည်။

သူ၏ နှုတ်ခမ်းထောင့်မှ သွေးများစီးကျလာပြီး ခန္ဓာကိုယ်မှာ ဒယီးဒယိုင် ဖြစ်နေသည်။

သူက သွေးများကို လက်ခုံဖြင့်သုတ်လိုက်ပြီး မေးလိုက်သည်။

"ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့် ဒုက္ခပေးချင်ရတာလဲ၊ ကျုပ်တို့မောင်နှမ ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့ပါဘူး"

ခါးဘီလူးက ...

"မင်းကို ဆုံးမချင်တဲ့ လူသုံးယောက်က ငါ့ကို ငှားရမ်းခဲ့လို့ပေါ့ကွ"

"ဟင် ..."

ချန်းချင်းမှာ သူ့အား ဒုက္ခပေးလိုသူများ ရှိနေသည်ဟု သိလိုက်ရသောအခါ တအံ့တဩ ဖြစ်သွားသည်။

မည်သူက ဒုက္ခပေးလိုပါသနည်းဟု တွေးတောစဉ်းစားလိုက်ရာ လုံဖွေး၊ ဖန်းဆွေနှင့် မင်းစိန်တို့ သုံးယောက်၏ မျက်နှာကို မြင်ယောင် လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"လက်စသတ်တော့ လုံမွှေးတို့ စနက်ကြောင့်ကိုး"

"ကဲ ... မင်း သေဖို့သာ ပြင်ထားပေတော့"

ဓားဘီလူး စကားဆုံးသည်နှင့် ချန်းချင်းထံ ခုန်ဝင်လာသည်။

ချန်းချင်း အံတင်းတင်းကြိတ်ကာ ပြန်လည်ခုခံလိုက်သည်။

သို့သော် အတွင်းဒဏ်ရာရထားသူဖြစ်၍ သူ၏ လှုပ်ရှားမှုမှာ မသွက်လက်တော့ချေ။

သူက ကြိုးစား၍ ခုခံတိုက်ခိုက်နေသည့်ကြားမှ ဓားဘီလူး၏ လက်ဝါးရိုက်ချက်က ပခုံးစွန်းအား ထိမှန်သွား၏။

"ဝုန်း ..."

ကျယ်လောင်သောအသံနှင့်အတူ ချန်းချင်းမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားကာ မဟန်နိုင်ဘဲ လဲကျသွားသည်။

ဓားဘီလူးက လျှပ်တစ်ပြက်ချဉ်းကပ်သွားပြီး ချန်းချင်း၏ ရင်ဘတ်အား ခြေထောက်တစ်ဖက်ဖြင့် ဖိနင်းထားလိုက်သည်။ သူက အောင်နိုင်သူ ဖြစ်သွားလေပြီ။ ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်ပါတကား။ ချန်းချင်း ဘာမျှ မတတ်နိုင်တော့။

"မင်း ဘာတတ်နိုင်သေးလဲ၊ ဟား ... ဟား ... ဟား"

ဓားဘီလူးကပြောရင်း သဘောကျစွာ ရယ်မောလိုက်၏။

ချန်းချင်း အံတင်းတင်းကြိတ်လိုက်သည်။

"ခင်ဗျားက မိန်းမကျင့်မိန်းမကြံ ကြံပြီး အနိုင်ယူခဲ့တာများ ကိုယ့်ကိုယ်ကို သူရဲကောင်းကြီးကြနေတာပဲ"

ချန်းချင်း၏ ထေ့ငေါ့စကားကြောင့် ဓားဘီလူးမှာ မခံမရပ်နိုင်ဖြစ်သွားသည်။ ဓားဘီလူး ဒေါသဖြစ်သွားသည်။

သို့သော် ချက်ချင်း ပြုံးလိုက်နိုင်သည်။



"ငါက ကြေးစားတစ်ယောက်ပဲ၊ ရန်သူကို မဖြစ်ဖြစ်တဲ့နည်းနဲ့ အနိုင်ရအောင်ကြံဆောင်ရမှာပဲ မဟုတ်လား၊ မင်းအတွက် စိတ်မကောင်းပါဘူးကွ၊ ဒါဟာ မင်းကံပဲ"

ပြောရင်း လက်ဝါးဖြင့်ရိုက်ချရန် ဟန်ပြင်လိုက်သည်။

ချန်းချင်း ခုခံခြင်း၊ ရှောင်တိမ်းနိုင်ခြင်း မရှိတော့ပါ။

သွေးဘီလူးလက်ချက်ဖြင့် အသက်ဆုံးရတော့မည် ဖြစ်သည်။

ကြူးဝေသည် ချန်းချင်း မရှုမလှခံနေရသည်ကို မြင်လျှင် မျက်ရည်ဖြိုင်ဖြိုင်ကျလာလေသည်။

ချန်းချင်းအား ကူညီလိုသော်လည်း မည်သို့မျှ မတတ်နိုင်သည့် အံခြေအနေ မဟုတ်ပါလား။

ချန်းချင်း သေဆုံးသွားရတော့မည့် လက်မတင်အချိန်ကလေး မှာပင် ...

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

အပြင်ဘက်မှအော်ဟစ်ခေါ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

ကြူးဝေ ဝမ်းသာသွားလေသည်။

"ကယ်တော်မူကြပါရှင် ..."

အသံကုန် ကြုံးအော်လိုက်သည်။

သို့သော် သွေးကြောပိတ်ခံထားရသဖြင့် သူမ၏အသံ ထွက်ပေါ်လာခြင်း မရှိချေ။

ချန်းချင်းလည်း အံ့သြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့မောင်နှမသည် ပန်းနီကျေးရွာမှလူများနှင့် ခပ်ကင်းကင်းနေသကဲ့သို့ ပန်းနီကျေးရွာမှလူများသည်လည်း သူတို့၏ခြံဝင်းသို့ လာရောက်ခြင်း မပြုကြချေ။

ယခု ခေါ်သံထွက်ပေါ်လာသည်မှာ ...

ချန်းချင်းက တအံ့တသြဖြစ်နေစဉ်မှာပင် ဓားဘီလူးက ...

"သွားစမ်း ..."

အော်ငေါက်ကာ ကန်ကျောက်လိုက်သည်။

"ဝုန်း ..."

"အွန့် ..."

ချန်းချင်းမှာ အကန်ခံလိုက်ရလေသည်။

သူသည် အသံမကျွဲညည်းညူရင်း ကြမ်းပြင်ပေါ်သုံးလေးပတ်မျှ လိမ့်ထွက်သွားသည်။ ထို့နောက် သတိလစ်မေ့မြောသွားလေသည်။

ဓားဘီလူးက အိမ်အပေါက်ဝသို့မျက်နှာမူကာ လှမ်းမေး လိုက်သည်။

"ဘယ်သူလဲ ဝင်ခဲ့စမ်း"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် အဖြူရောင် ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ကြူးဝေမှာ ထိုလူငယ်ကိုမြင်လျှင် အံ့သြဝမ်းသာသွားသကဲ့သို့ စိုးရိမ်ပူပန်မှုများလည်း ဖြစ်ပေါ်သွားသည်။

"ဟင် ... အစ်ကိုတုဖုံးပါလား၊ ဒုက္ခပဲ အခုလိုအချိန်မျိုးမှ ရောက်လာရတယ်၊ ဒုက္ခတွေ့တော့မှာပဲ"



သူမသည် ချန်းချင်းအတွက် စိတ်ပူရသည်သာမက တုဖုံးအတွက်ပါ စိုးရိမ်ပူပန်သွားရလေတော့သည်။

တုဖုံးသည် အိမ်ထဲမှအဖြစ်အပျက်ကို မြင်လျှင် မျက်မှောင်ကြုတ်သွားမိသည်။

ကြူးဝေ မလှုပ်မယှက် ဖြစ်နေသည်ကိုလည်းကောင်း၊ ချန်းချင်း ကြမ်းပြင်ပေါ်၌ စန့်စန့်ကြီးလဲကျနေသည်ကိုလည်းကောင်း ကြည့်ကာ အခြေအနေမဟန်မှန်း ရိပ်မိလိုက်သည်။

ဓားဘီလူးက တုဖုံးအားခပ်စိမ်းစိမ်းကြည့်ကာ အော်ငေါက်လိုက်သည်။

"မင်းအနေနဲ့ မဆိုင်သလိုနေရင် အသက်ချမ်းသာရာ ရမယ်၊ ဒီလိုမှမဟုတ်ရင်တော့ မလွယ်ဘူး၊ အေးအေးနေမလား၊ ဆူဆူပူပူနေမလား"

တုဖုံး သက်ပြင်းတစ်ချက် ချလိုက်သည်။

"သူတို့နှစ်ယောက်ဟာ ကျုပ်ရဲ့ မိတ်ဆွေတွေပဲ"

"မင်းက ဝင်ရှုပ်ချင်တဲ့ သဘောလား"

"ကျုပ်မိတ်ဆွေတွေဟာ လူကောင်းတွေမို့ ခင်ဗျားက မတရားလုပ်တယ်ဆိုတာ ထင်ရှားပေါ်လွင်နေပါပြီ၊ မြေပြင်မှာ ဆင်သွားသလိုထင်ရှားနေပြီ"

ဓားဘီလူး နှာခေါင်းရှုံ့လိုက်သည်။

"ငါကမတရားလုပ်တယ်ဆိုရင်ကော မင်း ဘာလုပ်ချင်သလဲ"

"လွယ်ပါတယ်၊ ခင်ဗျားကို ဆုံးမလိုက်ရုံပေါ့၊ ကျုပ်က ဆုံးမဖို့လည်း လွယ်လွယ်ကလေး သဘောထားတဲ့လူပါ"

"မင်းက ငါ့ကို ဆုံးမနိုင်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ..."

စကားဆုံးသည်နှင့် ဓားဘီလူးသည် တုဖုံးအနီးသို့ လှစ်ခနဲ ချဉ်းကပ်သွားပြီး စတင်တိုက်ခိုက်လိုက်သည်။

သူက လက်ငါးချောင်းဖြင့် တုဖုံး၏ရင်ဝကို ကုတ်ဆွဲချလိုက်ခြင်း ဖြစ်သည်။

တုဖုံး မလှုပ်မယှက် ရပ်နေသည်။

သူ၏အနီးသို့ ဓားဘီလူး ရောက်ရှိလာတော့မှ ဓားဘီလူး၏ လက်ကို လက်ဝါးစောင်းဖြင့် ခုတ်ချပစ်လိုက်သည်။

ဓားဘီလူး ရင်ထိတ်သွားသည်။

သူက ဆက်၍တိုက်ခိုက်မည်ဆိုလျှင် တုဖုံး၏ရိုက်ချက်ကြောင့် လက်ကျိုးသွားမည်ဖြစ်ကြောင်း နားလည်မိသည်။

ထို့ကြောင့် နောက်သို့ ကပျာကယာ ပြန်ဆုတ်လိုက်ရသည်။

တုဖုံးက မေးလိုက်လေ၏။ သူ၏လေသံက အေးအေးသက်သာပင်ရှိသည်။

"ခင်ဗျား ယုံပြီမဟုတ်လား"

ဓားဘီလူး မျက်နှာပျက်သွားသည်။

သို့သော် ချက်ချင်းပင် မျက်နှာတင်းမာ ခက်ထန်သွားပြီး ...

"ငါ့အကြောင်း မင်း သိစေရမယ်"

စကားဆုံးလျှင် ခုန်ဝင်တိုက်ခိုက်လာပြန်သည်။

ယခုတစ်ကြိမ် သူ၏တိုက်ခိုက်မှုမှာ ထူးခြားပြီး ပြင်းထန်သည်။

ဓားဘီလူးကိုယ်တိုင်လည်း တုဖုံးအား အနိုင်ယူနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။



ထို့ကြောင့် အတွင်းအားထုတ်ဖော်ကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ရုတ်တရက် တုဖုံးသည် ဓားဘီလူး၏မြင်ကွင်းမှ ဖြုတ်ခနဲ ပျောက်ကွယ်သွားသည်။

ဓားဘီလူး ရင်ထိတ်သွားသည်။ တုဖုံးသည် သူထင်ထားသကဲ့သို့ လွယ်လွယ်နှင့် တိုက်ခိုက်ရမည့်သူ မဟုတ်ချေ။

သူ၏ခြေလက်များသည် တုဖုံးကိုမထိဘဲ လေကိုသာ တိုက်ခိုက်မိလိုက်သည် မဟုတ်ပါလား။

ဓားဘီလူးသည် တိုက်ကွက်ကိုရုပ်သိမ်းရင်း ကပျာကယာ နောက်လှည့်ကြည့်လိုက်သည်။

ထိုစဉ်မှာပင် ...

လူရိပ်တစ်ခုသည် သူ့ထံသို့ ရိပ်ခနဲ ချဉ်းကပ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ဓားဘီလူး ရင်ထိတ်သွားသည်။

"မင်း ..."

သူ့စကားမဆုံးမီ ပြင်းထန်သောအင်အားတစ်ခု တိုးဝင်ရိုက်ခတ်လာလေတော့သည်။

"ဝုန်း ..."

"အား ..."

ဓားဘီလူး အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ကြူးဝေ တအံ့တဩဖြစ်နေသည်။

တုဖုံးလက်ချက်ဖြင့် ဓားဘီလူး အဝေးသို့လွင့်စဉ်သွားရပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



တုဖုံးက လက်နှစ်ဖက်နောက်ပစ်ကာ ရပ်နေသည်။

မားဘီလူး လူးလိမ့်ထလိုက်သည်။

တုဖုံးအား မယုံကြည်နိုင်စွာကြည့်ကာ မေးလိုက်သည်။

"မင်း ... မင်းဘယ်သူလဲ"

မားဘီလူး တုန်လှုပ်နေပေပြီ။ နှုတ်ခမ်းထောင့်စွန်းမှလည်း သွေးများ စီးကျနေသည်။ ချန်းချင်းကဲ့သို့ ဝင့်ပြန်လည်နေပေပြီ။

တုဖုံးက ...

"ကျုပ်နာမည် တုဖုံးလို့ခေါ်ပါတယ်၊ ပေ့စန်းနယ်ကပါ"

"ဘာ ... "

မားဘီလူး မျက်လုံးပြူးသွား၏။

တုဖုံးအားစိုက်ကြည့်ကာ မေးလိုက်လေသည်။

"မင်း ... မင်းက သိုင်းရာဇာ တုစိမ်းနဲ့ ဘယ်လိုပတ်သက်နေသလဲ"

တုဖုံး သက်ပြင်းချလိုက်သည်။

"သူဟာ ကျုပ်အဖေပါဗျာ"

"ဟာ ... "

မားဘီလူး လွတ်ခနဲ အော်လိုက်သည်။

တုဖုံးကို အနိုင်မရသည့်အပြင် ရှုံးနိမ့်သွားရသည့် အကြောင်းအရင်းကို နားလည်သွားပြီ ဖြစ်ပါသည်။

"လက်စသတ်တော့ မင်းက သိုင်းရာဇာတုစိမ်းရဲ့သား ဖြစ်နေတာကိုး၊ မင်းကို ရှုံးရတာ ရှုံးပျော်ပါတယ်"

တုဖုံးက တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်သည်။



"ခင်ဗျားက ကျုပ်ရဲ့မိတ်ဆွေတွေကို နှောင့်ယှက်ဦးမှာလား ဆိုတာ ကျုပ် သိချင်ပါတယ်"

မားဘီလူး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မနှောင့်ယှက်တော့ပါဘူး"

လုံဖွေးတို့လူစုသည် ချန်းချင်းအား ဆုံးမစရာ မလိုတော့ဟု ပြောခဲ့သဖြင့် သူ့အတွက် နောက်ဆုတ်ရန် အခွင့်အရေးရသွားလေတော့သည်။

တုဖုံးက ...

"ခင်ဗျား သွားနိုင်ပါပြီဗျာ"

မားဘီလူး ဝမ်းသာသွားသည်။

တုဖုံးအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"မင်းကို ကျေးဇူးတင်ပါတယ်ကွာ"

စကားဆုံးလျှင် ကြမ်းပြင်ပေါ်ခြေဆောင့်ကာ နောက်ကျွမ်းပစ်၍ ခုန်ထွက်သွား၏။ မားဘီလူးကား အဆင့်မြင့် ကြေးစားလူသတ်သမားသာတည်း။

တစ်ခဏအတွင်းမှာပင် အိမ်အပြင်ဘက်သို့ ရောက်ရှိသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

တုဖုံး သက်ပြင်းချလိုက်သည်။

"မားဘီလူးဟာ ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက်ပဲ၊ သူ့ကြောင့် ဒုက္ခရောက်ရတဲ့သူတွေ မနည်းဘူး၊ ဘာပဲဖြစ်ဖြစ် ကျုပ်ရဲ့ လက်ဝါးအရိုက်ခံရပြီးမှတော့ ခင်ဗျား ကြာကြာအသက်မရှင်နိုင်တော့ပါဘူး၊ ညီမလေးကြူးဆေရဲ့ရှေ့မှာ ကြမ်းကြုတ်တဲ့လူလို့ ထင်သွားစေချင်လို့ ခင်ဗျားကို လွှတ်ပေးလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲမှ ရေရွတ်လိုက်သည်။

ထို့နောက် ကြူးဝေထံသို့ ခပ်သွက်သွက် လှမ်းသွားလိုက်လေတော့သည်။

○ ○ ○

လေပြည်လေညင်း ဝေ့ယမ်းတိုက်ခိုက်နေသည်။

မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံ့ဖုံးလွှမ်းနေသည်။ ဥယျာဉ်တစ်ဝိုက်၌ ပန်းရနံ့များ သင်းပျံ့နေသည်။

ချန်းချင်းသည် ပန်းဥယျာဉ်အတွင်း၌ အလုပ်မလုပ်နိုင်ခဲ့သည်မှာ အတော်ကြာပြီ ဖြစ်သည်။

ဓားဘီလူး၏လက်ချက်ဖြင့် အိပ်ရာထဲမှ မထနိုင်အောင် ဖြစ်ခဲ့ရသည်။

တစ်ကိုယ်လုံး အညိုအမဲစွဲနေခြင်းကြောင့် တုဖုံး သွားရောက်ပင့်ဆောင်လာသည့် သမားတော်ကြီးက အနည်းဆုံး ဆယ်ရက်ကျော်ခန့် အိပ်ရာထဲ၌ အနားယူနေရမည်ဟု ပြောခဲ့သည်။

တုဖုံးသည် ဓားဘီလူးအားမောင်းထုတ်ပြီး ကြူးဝေအား ဆေးကြောဖွင့်ပေးခဲ့သည်။

သတိလစ်နေသည့် ချန်းချင်းအား ဆေးကုနိုင်ရန် ထိုက်ယန်မြို့မှ သမားတော်ကိုလည်း သူ့ကိုယ်တိုင် သွားရောက်ပင့်ဆောင်ခဲ့သည်။

တုဖုံးသာ အချိန်မီရောက်မလာခဲ့ပါလျှင် ချန်းချင်းနှင့်ကြူးဝေတို့အဖြစ်မှာ မတွေးဝံ့စရာပင်။

ကြူးဝေတစ်ယောက်တည်းဆိုလျှင် ချန်းချင်းအတွက် မည်သို့မည်ပုံ ပြုလုပ်ရမည်ကို သိနိုင်မည်မဟုတ်ချေ။



သူမသည် ကြောက်ရွံ့ထိတ်လန့်နေသလို ဝမ်းနည်းကြေကွဲနေသည်။ သူမသည် ဖခင်ကြီးကြူးယီရှိစဉ်ကပင် ရွှေပေါ်မြတင် နေလာခဲ့ရသူဖြစ်သည်။ သူမ ဘာမျှမလုပ်တတ် မကိုင်တတ်ပေ။

ထို့ကြောင့် သတိကင်းလွတ်နေသူ တစ်ယောက်ပမာ ဖြစ်နေပေတော့သည်။

တစ်နေ့ . . .

ယနေ့နံနက်တွင် ချန်းချင်းအား ဆန်ပြုတ်ကျွေးပြီး ဆေးများတိုက်ခဲ့သည်။

ချန်းချင်း ပြန်လည်အိပ်ပျော်သွားပြီးမှ ကြူးဝေ ပန်းဥယျာဉ်ဆီသို့ ထွက်လာခဲ့သည်။

ပန်းဥယျာဉ်တစ်ခုလုံး သာယာလှပနေသည်။

ကြူးဝေက စိတ်ထဲ ကြည်လင်လန်းဆန်းနေသည်။

တုဖုံးသည် ပန်းဥယျာဉ်အတွင်း၌ သူမအား စောင့်နေမည်ဖြစ် သည်။

ကြူးဝေ ခပ်သွက်သွက်ကလေး လျှောက်သွားလေသည်။

မကြာမီ . . .

လက်နှစ်ဘက်နောက်ပစ်ကာ ပန်းပင်များကို ငေးမောကြည့်နေသည့် တုဖုံးအား တွေ့လိုက်ရသည်။

"ညီမ . . ."

ကြူးဝေက ပြုံးလိုက်၏။

"အစ်ကို ဘာတွေစဉ်းစားနေတာလဲ၊ ကျွန်မ အိမ်မှာကျန်ရစ်ခဲ့သူကို လွမ်းနေပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အဘယ့်ကြောင့် ထိုသို့ လွှတ်ခနဲ ပြောလိုက်မိသည်ကို သူမကိုယ်တိုင် မစဉ်းစားတတ်ချေ။

သူမသည် တုဖုံးနှင့်ပတ်သက်လာလျှင် အယောင်ယောင်အမှားမှား ဖြစ်နေတတ်ပေတော့သည်။

တုဖုံးက သူမအား ရွှန်းရွှန်းစားစားကြည့်ကာ ပြောလေသည်။

"ညီမရယ် ... အစ်ကို့မိဘတွေကလွဲပြီး အစ်ကို့ကို မျှော်မယ့်သူ၊ လွမ်းမယ့်သူ မရှိပါဘူး"

မျက်လုံးချင်းဆုံမိသည်နှင့် တုဖုံး၏ ရင်ထဲသို့ မည်သို့ခံစားနေရသည်ကို ကြူးဝေ ရိပ်မိပါသည်။

သူမသည်လည်း တုဖုံးနှင့်တွေ့မှ တစ်သက်တွင် တစ်ခါမျှ မဖြစ်ပေါ်ဘူးသည့် ခံစားချက်များ ဖြစ်ပေါ်ခံစားနေရသည် မဟုတ်ပါလား။ ရင်တွင်းခံစားချက်များသည် ပြင်ပ ဗဟိဒ္ဓသဏ္ဌာန်၌ လာရောက်ဖြစ်ပေါ်နေသည်။

တုဖုံးသည် သူမအပေါ် မေတ္တာသက်ဝင်နေသကဲ့သို့ သူမသည်လည်း တုဖုံးအား မေတ္တာသက်ဝင်နေမိပြီ မဟုတ်ပါလား။

တစ်ယောက်ကိုတစ်ယောက် ဖွင့်ဟမပြောကြသေးသည့်တိုင် နှလုံးသားချင်းကား နားလည်နေကြပြီ ဖြစ်သည်။

"ညီမ ..."

"ရှင် ... အစ်ကို"

"အစ်ကို ဒီရောက်နေတာ ဘာလိုလို့နဲ့ ဆယ်ရက်တင်းတင်း ပြည့်သွားပြီနော်"

"ဟုတ်ပါတယ်ရှင်"

တုဖုံး ပင့်သက်ရှိုက်လိုက်သည်။



"အစ်ကို ဒီရောက်နေတာ ကြာပြီဆိုတော့ အိမ်ရှင်က အစ်ကို့ကို နှင်ထုတ်တော့မှာလားလို့ အစ်ကိုထင် ..."

သူ၏စကားမဆုံးမီ ကြူးဝေက ကြားဖြတ်ပြောလိုက်သည်။

"အို ... အစ်ကို့ကျေးဇူးတွေ ဆပ်လို့မကုန်နိုင်အောင် ရှိနေတာပဲ၊ အစ်ကို ပျော်သလောက်နေနိုင်ပါတယ်၊ အစ်ကို့ကို ဘယ်သူကမှ နှင်ထုတ်မှာ မဟုတ်ပါဘူးရှင်"

တုဖုံး ပြုံးလိုက်သည်။

"အစ်ကို တစ်သက်လုံး နေချင်တယ်ဆိုရင်ကော ..."

"ရှင် ..."

ကြူးဝေ မျက်လုံးလေးဝိုင်းသွားသည်။

ပါးပြင်နှစ်ဘက် နီရဲသွားကာ ခေါင်းကလေးငုံ့ထားလိုက်၏။

တုဖုံးက သူမအနီးသို့ ချဉ်းကပ်လာပြီး ပြောလိုက်သည်။

"ညီမ ခွင့်ပြုမယ်ဆိုရင် အစ်ကို ညီမကို လက်ထပ်ပါရစေ"

ကြူးဝေ တုပ်တုပ်မျှ မလှုပ်တော့ချေ။ သူမသည် ပီတိ အပျိုစင်ကလေး မဟုတ်ပါလား။

တုဖုံးက ...

"ညီမ ... အစ်ကိုပြောတာ ဘယ်လိုသဘောရသလဲဟင်"

"ကျွန် ... ကျွန်မ ..."

"အစ်ကို ညီမကို တကယ့်မေတ္တာစစ် မေတ္တာမှန်နဲ့ မြတ်နိုးမိတာပါ၊ အစ်ကို ညီမကို ..."

သူ၏စကား မဆုံးမီ ...

"ခွပ်ခွပ် ... ခွပ်ခွပ်"

www.burmeseclassic.com

www.burmeseclassic.com



ခြံဝင်းဝမှ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကြူးဝေနှင့် တဖုံးတို့ လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ အညိုရောင်ဝတ်ဆင်ထားကြသည့် မြင်းစီးသမားတစ်စု ရောက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ကြူးဝေ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဘယ်သူတွေပါလိမ့်"

တဖုံးက မျက်နှာမသာဖြစ်သွားသည်။

"အစ်ကို့လူတွေပါ"

"ရှင် ..."

"အစ်ကို့ ဖေဖေရဲ့ ကိုယ်ရံတော်တွေပါ"

သူတို့ ပြောနေကြစဉ်မှာပင် ခေါင်းဆောင်ဖြစ်ဟန်ရှိသူ တစ်ယောက်သည် မြင်းပေါ်မှ လွှားခနဲခုန်ဆင်းကာ ခြံဝင်းအတွင်းသို့ ခပ်သွက်သွက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူက လှမ်းအော်လာလေ၏။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

တဖုံး သက်ပြင်းချလိုက်သည်။

ကြူးဝေလက်ကိုဆွဲကာ ...

"လာ ... ညီမ သွားကြစို့"

ပန်းဥယျာဉ်အတွင်းမှ လှမ်းထွက်သွားသည်။

ကြူးဝေလည်း လိုက်သွား၏။

လှမ်းဝင်လာသူသည် သူတို့အား တွေ့မြင်လိုက်သည်နှင့် ဝမ်းသာအားရ အော်လိုက်သည်။



"သခင်လေး ..."

တဖုံး သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ဦးလေးလွှကျင်းပါလား၊ ကျွန်တော့်ကို လာရှာတာလား"

သူ၏လေသံတွင် စိတ်ပျက်သည့်အငွေ့အသက်များ ပါဝင်နေသည်။

လှမ်းလာသူသည် သိုင်းရာဇာတဖုံးစိမ်း၏ ကိုယ်ရံတော်ခေါင်းဆောင် လွှကျင်းဖြစ်သည်။

လွှကျင်းသည် တဖုံးအား အနီးကပ်စောင့်ရှောက်ရသူ တစ်ယောက်ဟုဆိုက မမှားပါချေ။ တဖုံး၏ကိုယ်တံတော်ပင် ဖြစ်ချေ၏။

လွှကျင်းက အရိုအသေပြုရင်း ...

"သခင်လေး ... သခင်ကြီးက အမြန်ဆုံးပြန်လာဖို့ ခေါ်ခိုင်းလိုက်ပါတယ်"

တဖုံး မျက်နှာပျက်သွား၏။

အရေးကောင်း ဒိန်းတောင်းဖျက်ချေပြီ။

ကြူးဝေအား လက်ထပ်ခွင့်တောင်းနေသည့် အချိန်တွင်မှ ဖခင်ဖြစ်သူက ခေါ်ခိုင်းလိုက်ပြီ ဖြစ်ပါသည်။

တဖုံး လှည့်ကြည့်လိုက်သောအခါ ကြူးဝေ မျက်နှာညှိုးနေသည်ကို တွေ့မြင်ရလေသည်။

တဖုံး ပင့်သက်ရှိုက်လိုက်သည်။

လွှကျင်းဘက်ပြန်လှည့်ကာ ...

"ဦးလေးလွှကျင်း ... ဘယ်လိုကိစ္စများပေါ်လာလို့လဲ"

လွှကျင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ပေ့စန်းနယ်မှာ သောင်းကျန်းနေတဲ့ ဓားပြအဖွဲ့ကို ခြေရာခံမိထားပါပြီ၊ ဓားပြအဖွဲ့ခေါင်းဆောင်ဟာ သွေးဘီလူး'ထိန်ဝမ်း' ဆိုတာ သိရပါတယ်"

"သွေးဘီလူးထိန်ဝမ်းကိုဆုံးမဖို့ ကျွန်တော့်ကို ခေါ်ခိုင်းလိုက်တယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် သခင်လေး"

သိုင်းရာဇာတုစိမ်း၏ အမည်သည် သိုင်းလောကဌ လျှမ်းလျှမ်းတောက် ကျော်ကြားနေကာ အထက်လမ်းသိုင်းထိပ်သီးများကပင် လေးစားကြရသည်။

တုစိမ်းမှာ မကောင်းမှုကို ရွံ့မုန်းသူတစ်ယောက်ဖြစ်ပြီး သူ၏ လက်အောက်တွင် တပည့်တပန်း ပေါများလှသည်။ သိုင်းပညာစွမ်း ထက်သူလည်း များပြားလှသည်။

တုစိမ်းသည် မကောင်းမှုဒုစရိုက်များအား ချေမှုန်းပစ်နေသူတစ်ဦးလည်း ဖြစ်သည်။

လွန်ခဲ့သောသုံးလကျော်က ပေ့စန်းနယ်တွင် ဓားပြအဖွဲ့တစ်ဖွဲ့ ခေါင်းပေါက်ကာ သောင်းကျန်းလာခဲ့သည်။

ထိုဓားပြအဖွဲ့အားနှိမ်နင်းရန် တုစိမ်းက သားဖြစ်သူတုဖုံးအား တာဝန်ပေးခဲ့သည်။

တုဖုံးနှင့် ရေလွှကျင်းခေါင်းဆောင်သော ကိုယ်ရံတော် သိုင်းသမားများ၏ စွမ်းဆောင်ချက်ကြောင့် လူဆိုးဓားပြများ မရှူမလှ ရှုံးနိမ့်ကာ အကွဲကွဲအပြားပြား ဖြစ်သွားခဲ့သည်။

သို့သော် ဓားပြခေါင်းဆောင်နှင့် ငယ်သားအချို့ လွတ်မြောက်သွားခဲ့သည်။



တုဖုံးက ထိုဓားပြခေါင်းဆောင်၏သတင်းကို သိုင်းလောကဌ လိုက်လံစုံစမ်းနေခြင်း ဖြစ်သည်။

ယခု ဓားပြခေါင်းဆောင်၏သတင်းကို ကြားသိရပြီ ဖြစ်သည်။

သူ့တွင် လုံးလုံးလျားလျား တာဝန်ရှိနေသဖြင့် တုဖုံး မငြင်းနိုင်အောင် ဖြစ်သွားသည်။

ရေလွှကျင်းက ...

"ထိန်ဝမ်းဟာ ဘယ်လောက်ဉာဏ်များတယ်ဆိုတာ သခင်လေး သိပါတယ်၊ သူ့ကို ခြေရာခံမိတုန်း လက်လွှတ်ခံလို့ မဖြစ်ပါဘူး၊ ကျုပ်တို့ သူ့ကို အမိဖမ်းရပါမယ်"

တုဖုံး သက်ပြင်းချလိုက်သည်။

"ကောင်းပြီ ... ကျွန်တော် လိုက်ခဲ့ပါ့မယ်"

ကြူးဝေ မျက်စိမျက်နှာပျက်သွားကြောင့် တုဖုံး အကဲခတ်မိလိုက်သည်။

သူက ကြူးဝေအား စေမစေ့ကြည့်ရင်း ...

"ညီမ ... အစ်ကို မသွားမဖြစ်လို့ သွားရတော့မယ်၊ မသွားခင်မှာ ညီမရဲ့သဘောထားကို သိသွားပါရစေ"

တုဖုံး ထွက်သွားတော့မည်ဖြစ်ကြောင်း သိလိုက်ရသောအခါ ကြူး[illegible] ဝမ်းနည်းကြေကွဲလာသည်။

သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝိုင်းလာသည်။

"ညီမသာ သဘောတူမယ်ဆိုရင် အစ်ကိုဖေဖေကို ပြောပြပြီး လူကြီးချင်း နားဖောက်ခိုင်းပါ့မယ်"

တုဖုံး လေးလေးနက်နက် ပြောလာ၏။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး အဖအရာဆိုသကဲ့သို့ ချန်းချင်းအား တလေးတစား ရှိရဦးမည် မဟုတ်ပါလား။ ချန်းချင်းအား သူမ အသိပေးရပေဦးမည်။

လွှေကျင်းသာ ရှိမနေပါလျှင် ကြူးဝေ ချက်ချင်း အဖြေပေး လိုက်မိမင့် ဖြစ်သည်။

ယခုတော့ လွှေကျင်းရှိနေသဖြင့် မိန်းကလေးပီပီ ရှက်စနိုး ဖြင့် ပြောလိုက်သည်။

"ကျွန်မရဲ့သဘော မဟုတ်ပါဘူး၊ အစ်ကိုချန်းချင်းရဲ့သဘော အတိုင်းပါပဲရှင်"

တဖုံးမှာ ချန်းချင်း၏အသက်ကို ကယ်တင်ထားခဲ့ရသည်က တစ်ကြောင်း၊ သူသည် အခြေအနေမဲ့ လူဆိုးလူသွမ်းတစ်ယောက် မဟုတ်သဖြင့် ချန်းချင်းက သဘောတူမည်ဟု ယူဆမိသည်ကတစ် ကြောင်းမို့ တဖုံး ဝမ်းသာပျော်ရွှင်သွားလေတော့သည်။

"ကောင်းပြီလေ ... ညီမ အစ်ကိုရဲ့ သဘောထားကို အစ်ကို မေးကြည့်ပါ့မယ်"

"ဟိုလေ ... အခုလောလောဆယ်မှာ အစ်ကိုချန်းချင်းက နေ ထိုင်မကောင်းဖြစ်နေတော့ ..."

တဖုံးက ချန်းချင်းအား ယခုချက်ချင်း သွားမေးမည်ကိုလည်း ကြူးဝေ ရှက်ရွံ့နေပါသည်။

ထို့ကြောင့် ချန်းချင်း နေမကောင်းဖြစ်နေသည်ကို အကြောင်း ပြကာ အချိန်ဆွဲလိုက်ခြင်း ဖြစ်သည်။

တဖုံး သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ ... အစ်ကို မကြာခင် ပြန်လာခဲ့မယ်၊ ညီမ ကြိုဆိုနေမှာလားဟင်"



"ကျွန် ... ကျွန်မ ..."

"အစ်ကိုမေးတာ ဖြေပါဦး"

"ကျွန်မ ကြိုဆိုနေမှာပါရှင်"

ကြူးဝေ မဝံ့မရဲ ဖြေလိုက်သည်။

တဖုံး၏မျက်နှာ ပြုံးရွှင်သွားသည်။ သူမအဖြေက သူ ပြုံးရွှင် စရာပင် မဟုတ်ပါလား။

ကြူးဝေသည် သူ့အား လက်ခံမည်မှာ သေချာနေသည် ဖြစ် ပါသည်။

"ဒါဖြင့် အစ်ကိုသွားတော့မယ်၊ အစ်ကိုချန်းချင်းကို နှုတ်ဆက် ခဲ့တယ်လို့ ပြောလိုက်ပါ"

"ကောင်းပါပြီရှင်"

တဖုံးက လွှေကျင်းဘက်သို့လှည့်ကာ ...

"ကဲ ... ဦးလေးလွှေကျင်း ကျွန်တော်တို့ သွားကြစို့"

"ကောင်းပါပြီ သခင်လေး"

လွှေကျင်းက ခြံဝင်းဝတွင်ရှိနေသည့် အညိုရောင်ဝတ်ဆင်ထား သူများအား လက်ဝှေ့ယမ်းပြလိုက်သည်။

ချက်ချင်းပင် တစ်ယောက်က မြင်းတစ်ကောင်ဆွဲကာ ရောက် ရှိလာသည်။

လွှေကျင်းက ...

"မြင်းပေါ်တက်ပါ သခင်လေး"

တဖုံး မြင်းပေါ်ခုန်တက်လိုက်သည်။

ကြူးဝေကို ကြည့်လိုက်သောအခါ သူမ၏မျက်ဝန်းအစုံ၌ ... ရည်စများ ရှိနေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တုဖုံးမှာ ထွက်မသွားချင်လောက်အောင် ဖြစ်သွားရသည်။

"သွားကြပါစို့ သခင်လေး"

လွှကျင်းက သတိပေးလာ၏။

တုဖုံး သက်ပြင်းချကာ ...

"အစ်ကိုသွားတော့မယ် ညီမ"

ကြူးဝေအား နှုတ်ဆက်ကာ စတင်ထွက်ခွာသွားသည်။

လွှကျင်းနှင့် အညိုရောင် ဝတ်ဆင်ထားကြသူများလည်း ချက် ချင်း လိုက်ပါသွားကြသည်။

ကြူးဝေမှာ ဂ ်ငေယမ်းပြရင်း ကျန်ရစ်ခဲ့သည်။

သူ၏ ၏ခန္ဓာကိုယ် ကျန်ရစ်ခဲ့သော်လည်း သူမ၏အသည်း နှလုံးမှာ တုဖုံးနောက်သို့ ပါသွားလေပြီ မဟုတ်ပါလား။

○ ○ ○



အခန်း (၃၂)

## အတောင်စုံသည့် ငှက်ငယ်

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွား တော့မည် ဖြစ်ပါသည်။ ညနေစောင်းနေပေပြီ။

ဝါကျင့်ကျင့် နေရောင်ခြည်သည် ပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်းသို့ ထိုးကျလာသည်။

ကြူးဝေသည် အငွေ့တထောင်းထောင်းထနေသည့် ဆန်ပြုတ် ပန်းကန်ကိုယူကာ အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။

အခန်းအတွင်းရောက်သည်နှင့် ချန်းချင်းမှာ ခုတင်ပေါ်ထိုင်ရင်း ပြတင်းပေါက်ဆောင်ကို လက်ထောက်ကာ အပြင်ဘက်သို့ငေးမျှော် ကြည့်နေသည်ကို တွေ့ရသည်။

ချန်းချင်းသည် နဂိုကပင် ပြတင်းပေါက်အနီးတွင် ခုတင်ထား ပြီးအိပ်သူ ဖြစ်သည်။

"အစ်ကို ..."

ကြူးဝေ ခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခုတင်ဘေး၌ရှိနေသည့် စားပွဲပေါ် လင်ပန်းကိုတင်ကာ ချန်းချင်းအနီး ချဉ်းကပ်သွား၏။

ချန်းချင်း လှည့်ကြည့်လာသည်။

ကြူးဝေက စိုးရိမ်ပူပန်စွာဖြင့် ...

"အစ်ကို ဘာဖြစ်လို့ ပြတင်းပေါက်နားမှာ ထိုင်နေတာလဲ၊ တော်ကြာ အအေးမိပြီး ဖျားနေဦးမယ်"

ချန်းချင်း ပြုံးလိုက်သည်။

သူသည် ညီမငယ်ကြူးဝေကို ချစ်မြတ်နိုးမဆုံးအောင် ဖြစ်နေသည်။

"မပူပါနဲ့ ညီမလေးရယ်၊ အစ်ကို နေကောင်းနေလာပါပြီ၊ သမားတော်ကြီးက နောက်လေးငါးရက်လောက်ဆို လူကောင်းပကတိ ဖြစ်တော့မယ်လို့ ပြောသွားတယ် မဟုတ်လား၊ ပန်းဥယျာဉ်ထဲ မဆင်းရတာကြာပြီမို့ ငေးကြည့်နေမိတာ ညီမလေးရဲ့"

ကြူးဝေ သက်ပြင်းချလိုက်သည်။

ချန်းချင်းမှာ အမှန်တကယ်ပင် သက်သာသွားပြီဖြစ်ရာ သမားတော်ကြီးပင် လာရောက်ခြင်း မရှိတော့ချေ။

သမားတော်ကြီးပေးခဲ့သည့် ဆေးများကိုသာ မှန်မှန်ဆက်သောက်နေရုံ ရှိတော့သည်။

နောက် လေးငါးရက်ဆိုလျှင် လူကောင်းပကတိ ဖြစ်သွားမည်မှာ အမှန်ပင်။

ချန်းချင်းအတွက် စိတ်အေးရပြီဖြစ်သော်လည်း တုဖုံးအတွက် စိတ်ပူနေရသည်။



တုဖုံးသည် ပြောခဲ့သည့်အတိုင်း သူ့မထံ ပြန်လာပါမည်လော။

ချန်းချင်းက ...

"ညီမလေး တုဖုံးကော ..."

မေးသံကြားသောအခါမှ သတိဝင်လာသည်။

ချန်းချင်းသည် ဓားဘီလူးလက်ချက်ကြောင့် သတိလစ်မေ့မျောနေခဲ့ရာ ဓားဘီလူးနှင့်တုဖုံးတို့ ရင်ဆိုင်တိုက်ခိုက်ခဲ့ကြပုံများကို မမြင်မတွေ့ခဲ့ရချေ။

ကြူးဝေ ပြန်ပြောပြ၍သာ တုဖုံးက သူတို့မောင်နှမအား ကယ် တင်ခဲ့ခြင်းဖြစ်ကြောင်း သိခဲ့ရသည်။

ထို့ကြောင့် တုဖုံးအပေါ် ကျေးဇူးတင်မဆုံးအောင် ဖြစ်ခဲ့သည်။

သို့သော် သူက အိပ်ရာထဲတွင် လဲနေချိန်တွင် နနယ်ချောမောလှပသည့် ညီမလေးနှင့် တုဖုံးတို့နှစ်ယောက်တည်း ရှိနေသည်ကို ချန်းချင်း သဘောမကျနိုင်အောင် ဖြစ်ခဲ့ရသည်။

တုဖုံးနှင့်ပတ်သက်၍လည်း သံသယဖြစ်စရာများ ရှိနေသည်။

သူ မသိလိုက်ရပါဘဲနှင့် တုဖုံးနှင့်ကြူးဝေတို့ သိကျွမ်းနေသည်။

တုဖုံး ရောက်လာသည်မှာလည်း ကြူးဝေထံ လာရောက်လည်ပတ်ခြင်း ဖြစ်သည်။ လာရောက်လည်ပတ်ခွင့်ကို ကြူးဝေထံမှ တုဖုံးခွင့်တောင်းခဲ့သည်။

ချမ်းမြေ့တောင်တွင် တုဖုံးနှင့်တွေ့ခဲ့ရပုံကို ကြူးဝေက ဖွင့်မပြောဘဲ နေခဲ့သည်။

ထို့ကြောင့် ချန်းချင်း သံသယဝင်ခြင်း ဖြစ်သည်။

မအောင့်အည်းနိုင်တော့သည့်အဆုံး ချန်းချင်းက ကြူးဝေအား ဖွင့်မေးလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"တုဖုံးနဲ့ ညီမလေးတို့ ဘယ်လိုလုပ် သိကျွမ်းနေတာလဲ"

ကြူးဝေ ခေါင်းငိုက်စိုက်ကျသွားသည်။

သူမ မပြောဘဲနေခဲ့မိခြင်းမှာ အမှားကြီးမှားနေပြီဖြစ်ကြောင်း နားလည်သဘောပေါက်နေမိပြီ ဖြစ်လေသည်။

"ပြောပါဦး ညီမလေးရဲ့"

ချန်းချင်းမှာ ထနိုင်သည်နှင့် ပြတင်းပေါက်ဘောင်ကို မှီကာ တွေဝေငေးမောနေသည့် အဖြစ်မှာ ကြူးဝေအတွက် စိုးရိမ်ပူပန်နေခြင်း ဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာပြီ ဖြစ်သည်။

ချန်းချင်းကို မဝံ့မရဲကြည့်ရင်း ...

"အစ်ကို့ကို မပြောဘဲနေခဲ့တာကို စိတ်မဆိုးပါနဲ့ အစ်ကိုရယ်၊ ညီမလေးအတွက် အစ်ကို စိုးရိမ်သောကရောက်နေရမယ်ဆိုတာသိလို့ မပြောဘဲ နေခဲ့မိတာပါ"

ချန်းချင်းက ...

"ညီမလေး မပြောဘဲနေတော့ အစ်ကို ပိုပြီး သောကရောက်ရတာပေါ့၊ ညီမပြောလိုက်ရင် အစ်ကို့စိတ်ထဲ ရှင်းသွားမှာပဲ"

အဖြစ်မှန်ကိုသိလျှင် ချန်းချင်းသည် တုဖုံးအပေါ် ကြည်ဖြူလာမည်ဟု ကြူးဝေ ထင်မှတ်မိသည်။

"ညီမတို့ တွေ့ဆုံသိကျွမ်းခဲ့ရတာ ဒီလိုပါ အစ်ကို"

ထိန်ဝှက်ထားခဲ့သည့် ချမ်းမြေ့တောင်မှ အဖြစ်အပျက်များကို ရှင်းလင်းအောင် ပြောပြလိုက်လေတော့သည်။ ဤသည်မှာ အဖြစ်မှန် ပင်တည်း။ သူမ ကွယ်ဝှက်ထားမိသမျှကို ခရားရေလွှတ် ရှင်းပြလိုက် မိတော့သည်။



ချန်းချင်း ငြိမ်သက်စွာ နားထောင်နေပါသည်။

ကြူးဝေ၏ စကားဆုံးသွားမှ ...

"လက်စသတ်တော့ ချမ်းမြေ့တောင်မှာ ရေတံခွန်အောက်ကို ဆင်းသွားပြီး ညီမပျောက်နေတာ ဒါကြောင့်ကိုး ..."

"အဲဒီတုန်းကလည်း အစ်ကိုတုဖုံးသာ ဝင်မကယ်ခဲ့ရင် ညီမ ဒုက္ခရောက်မှာ အမှန်ပါပဲ"

ချန်းချင်း မဲ့ပြုံးပြုံးလိုက်သည်။

"တုဖုံးရဲ့ကျေးဇူးတွေဟာ တစ်သက်ဆပ်လို့ မကုန်နိုင်အောင် ဖြစ်နေပြီကိုး၊ တုဖုံးက ဒီနေရာအထိ လိုက်လာနိုင်အောင် ညီမကပဲ ပြောခဲ့တာ မဟုတ်လား"

ကြူးဝေ ရင်ထိတ်သွားသည်။

ချင်းချင်းက ...

"ညီမ ဘာကြောင့်သူ့ကို ဖိတ်ခေါ်ခဲ့ရတာလဲ"

"ဟို ... ညီမရဲ့ အသက်သခင်ဖြစ်နေတော့ ညီမ ဘယ်မှာနေသလဲဆိုတာ မေးလာတာနဲ့ ပြောပြလိုက်မိတာပါ၊ အခုလည်း အစ်ကို တုဖုံး ရောက်လာလို့ ညီမတို့ ..."

"တော်စမ်းပါ"

သူမ၏စကားမဆုံးမီ ချန်းချင်းက အော်လိုက်သဖြင့် ကြူးဝေ ပါးစပ်ပိတ်သွားတော့သည်။

"သူ အခုဘယ်မှာလဲ"

ချန်းချင်းက မေးလိုက်သည်။

ကြူးဝေ ပါးစပ်ပိတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်း ခေါ်သထွက်လာသည်။

"ညီမ အစ်ကိုမေးနေတာ ..."

ကြူးဝေ၏မျက်နှာထားကို တွေ့လိုက်ရခြင်းကြောင့် ချန်းချင်း စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

ကြူးဝေသည် သူ့အား ခပ်စိမ်းစိမ်းကြည့်နေသည်။

ထိုကဲ့သို့ စိမ်းကားလှသည့်အကြည့်မျိုးကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူးသဖြင့် ချန်းချင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ကြူးဝေက ...

"အစ်ကိုတုဖုံးသာ အချိန်မီရောက်မလာရင် ရက်စက်ကြမ်းကြုတ်တဲ့ လူဆိုးကြီးကို အသက်စွန့် ရင်မဆိုင်ခဲ့ဘူးဆိုရင် ကျွန်မတို့ မောင်နှမနှစ်ယောက်စလုံး သေသွားတာကြာပါပြီ၊ အစ်ကိုတုဖုံးကို ကျေးဇူးမတင်ချင်နေပါ အပြစ်ပြောဖို့တော့ မကောင်းပါဘူး"

ချန်းချင်း၏ရင်ထဲ တင်းကျပ်လာသည်။

အသက်ရှူမွန်းကျပ်သလို ဖြစ်လာသည်။

ကြူးဝေသည် တစ်သက်လုံး တစ်ကြိမ်တစ်ခါမျှ ယခုကဲ့သို့ ခံပြောဖူးခြင်း မရှိခဲ့ပါချေ။

ယခုတော့ သူစိမ်းတစ်ယောက်အတွက်နှင့် အစ်ကို့အပေါ် အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပြီ မဟုတ်ပါလား။

"ညီမလေး ... အစ်ကို့ကို ခံပြောနေတယ် ဟုတ်လား"

ကြေကွဲစွာ မေးလိုက်သည်။ သူ့အသံက တုန်ယင်နေသည်။

ကြူးဝေကမူ လေသံမာနေသည်။

"အစ်ကိုတုဖုံးကို မကောင်းတဲ့လူတစ်ယောက်လို့ ထင်နေတာ



ကိုး၊ မတရားစွပ်စွဲချင်နေတာကိုး၊ တကယ်ဆိုရင် ညီမတို့ အသက်ကို ကယ်တင်ခဲ့လို့ ကျေးဇူးတောင် တင်ရဦးမယ်၊ အခုတော့ ..."

ပြောရင်းပြောရင်း အသံများ တိမ်ဝင်သွားသည်။

မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့သည်။

ချန်းချင်း ခေါင်းငိုက်စိုက်ကျသွား၏။ သူ ရှုံးနိမ့်သွားပါပြီ။

ကြူးဝေက ငိုရှိုက်ရင်း အခန်းတွင်းမှ ထွက်ပြေးသွားတော့၏။

ချန်းချင်း၏ရင်ထဲ မီးတောက်နေသည်။

ညီမဖြစ်သူအား ဆုံးရှုံးရတော့မည်ဟုသော အသိသည် ဦးခေါင်းထဲသို့ ဝင်ရောက်လာ၏။ သူသည် ကြူးဝေကို သူ့နှမငယ်လေးကဲ့သို့သာ ထင်မှတ်နေလေသည်။

ချန်းချင်း ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး၊ သူတို့ကို ငါ ဟန့်တားရမယ်၊ ကြူးဝေက ငယ်ငယ်လေးပဲရှိသေးတာ၊ သူ့ကိုစောင့်ရှောက်ရမယ့်တာဝန်ငါ့မှာရှိတယ်"

သူက တတွတ်တွတ် ရေရွတ်နေလိုက်လေတော့သည်။

○ ○ ○

နေ ထန်းတဖျားခန့် မြင့်တက်လာသည်။

ချန်းချင်း ကောင်းကင်ပေါ် မော့ကြည့်လိုက်သည်။

နဖူးပေါ်မှချွေးများ သုတ်ပစ်လိုက်ပြီး အိမ်ဘက်လှည့်ကြည့်လိုက်သည်။ သူ မပင်ပန်းပါ။ ဤအလုပ်များမှာ သူ အမြဲလုပ်ကိုင်နေသည့် အလုပ်များဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံကြီးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။

သူတို့၏အိမ်ဂေဟာမှာ ပန်းနီကျေးရွာထက်စာလျှင် ခံ့ညားနေပါသည်။

သို့သော် ...

အသံဗလံဟု၍ စိုးစဉ်းမျှ ထွက်ပေါ်လာခြင်း မရှိချေ။

အိမ်ထဲ၌ ကြူးဝေရှိနေသည်။

ကြူးဝေသည် အိမ်ဆည်းလည်းလေးဖြစ်သည်ဟု ချန်းချင်းက အမြဲ နောက်ပြောင်ကျီစယ်နေကျဖြစ်သည်။

ကြူးဝေ ပျော်ပျော်ရွှင်ရွှင်နေသည်ကို မြင်ရလျှင် သူလည်း ပျော်ရွှင်ချမ်းမြေ့ရသည်ပင်။ ကြူးဝေသည် ချန်းချင်း၏ ကြေးမုံဖြစ်ချေသည်တကား။

ကြူးဝေစိတ်ညစ်နေလျှင်၊ မျက်နှာလေးညှိုးနေလျှင်ကား ...

ချန်းချင်းသည် ကြူးဝေအကြောင်း တွေးမိသည်နှင့် မျက်နှာညှိုးကျသွားရသည်။

"အင်း ... တုဖုံးထွက်သွားတာ ဘာလိုလိုနဲ့ နှစ်လတင်းတင်းတောင်ပြည့်ခဲ့ပြီပဲ၊ နှစ်လဆိုတာ နည်းတဲ့ရက်တွေ မဟုတ်ဘူး အတော် ကြာပြီပဲ"

သူက တီးတိုးရေရွတ်လိုက်သည်။

မှန်ပေသည်။

တုဖုံးထွက်သွားသည်မှာ နှစ်လတင်းတင်းပြည့်ခဲ့ပြီ ဖြစ်သည်။

တုဖုံးသည် ထွက်သွားပြီးသည်နှင့် စုပ်စမြုပ်စ ကွယ်ပျောက်သွားပြီး သတင်းလုံးဝ မကြားရတော့ချေ။



"သူက ငါ့ညီမလေးကို ဒုက္ခပေးမဲ့ လူပဲ၊ ညီမလေးအပေါ် ဘကယ့်မေတ္တာစစ်နဲ့ ချစ်တယ်ဆိုရင် ပြန်လာရမှာပေါ့၊ အိုး ... ညီမလေးဟာ ဥစ္စာစနကြွယ်ဝမှန်းသိလို့ အပိုင်စီးချင်တာနဲ့ ချစ်ဟန်ဆောင်တာ နေမှာပါ၊ ညီမလေးနဲ့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် ငါခွဲမယ်"

ချန်းချင်း စိတ်ထဲမှ ရေရွတ်လိုက်ပြန်သည်။

ကြူးဝေအား သူ့ထံမှလုယူသွားမည့် မည်သို့သောဖြစ်ရပ်မျိုးဆို သူက လက်ခံနိုင်မည် မဟုတ်ချေ။ သူ့ဖခင်ကြီး ကြူးယီက ပေးအပ်ထားသော အသဲနှလုံးသည် ကြူးဝေဖြစ်သည်။

"ငါတို့မောင်နှမနှစ်ယောက် ဘယ်တော့မှ မခွဲဘူး၊ ညီမလေး တော်ကစားနေတုန်းမို့ ငါ သည်းခံရမှာပဲ၊ ကြာရင် သူမေ့သွားမှာပါ၊ အချိန်ဟာ သမားတော်ပါပဲ"

ချန်းချင်း ပြုံးလိုက်သည်။

ကြူးဝေသည် တုဖုံးနှင့်ပတ်သက်ပြီး မပြောစဖူး သူ့အား ပြောခဲ့ပေသည်။ ခွန်းတုံ့ပြန်ခဲ့သည်။

သူက သဘောမတူမှန်းသိ၍ စိတ်ကောက်ကာ စကားမပြောဘဲ နေခဲ့သည်။ စကားမပြောသည်မှာ အတော်ကြာခဲ့ပြီ။

သို့သော် ...

အချိန်တန်လျှင်တော့ ချက်ပြုတ်ကျွေးမွေးမြဲ။ ဆောင်ရွက်စရာသည်များကို ဝတ္တရားမပျက် ဆောင်ရွက်ပေးမြဲ။ မည်သို့ပင် ဝတ္တရားကျေစေကာမူ မျက်နှာချင်းမဆိုင်မိအောင် ရှောင်နေသည်မှာ သိသာထင်ရှားလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်းလည်း အကြီးအကျယ် စိတ်ဆိုးခဲ့သည်ဖြစ်ရာ ခါတိုင်းဆိုလျှင် ချော့မော့နေကျဖြစ်သော်လည်း ယခုတစ်ကြိမ်၌မူ လုံးဝ ချော့မော့ခြင်းမပြုဘဲ ဘာသိဘာသာနေခဲ့သည်။

မောင်နှမနှစ်ယောက် တစ်အိမ်ထဲတွင် အတူနေကြသော်လည်း စကားမပြောတော့ဘဲ သူစိမ်းပြင်ပြင် နေခဲ့ကြသည်မှာ အချင်းများပြီးကတည်းက ဖြစ်သည်။

ကြူးဝေက စိတ်မပြေနိုင်သည့်တိုင် ညီမအပေါ် အချစ်ပိုသည့် ချန်းချင်းမှာ တဖြည်းဖြည်း စိတ်ပျော့လာသည်။

ညီမဖြစ်သူအား ချော့မော့နှစ်သိမ့်လိုစိတ်များ ဖြစ်ပေါ်လာ၏။

တုဖုံး ပေါ်မလာတော့သဖြင့် ကြာလျှင် ကြူးဝေ မေ့သွားလိမ့်မည်ဟူသည့် ယူဆချက်လည်း တစ်နေ့တစ်ခြား နိုင်မာလာသည်။

ထို့ကြောင့် သူကပင် အလျှော့ပေးကာ ညီမဖြစ်သူအား ချော့မော့ရန် ချန်းချင်း ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။

ချန်းချင်း တွေးတောစဉ်းစားနေစဉ်မှာပင် ခြေသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ခွပ်ခွပ် ... ခွပ်ခွပ်"

လှည့်ကြည့်လိုက်သောအခါ ကြူးဝေ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရသည်။

ထမင်းစားရန် လာခေါ်ခြင်းပင် ဖြစ်သည်။

ချန်းချင်းက ပြုံးပြလိုက်သော်လည်း ကြူးဝေက မသိကျိုးကျွံပြုကာ ထုံးစံအတိုင်း စကားမပြောပေ။ ချန်းချင်းအပေါ် စိတ်ကောက်နေခြင်း ဖြစ်သည်။



သို့သော် ယခု စကားတစ်ခွန်းကတော့ မပြောမဖြစ် ပြောရမည့်စကားဖြစ်သည်။

"ထမင်းစားမယ်"

ဗလုံးဗထွေးပြောပြီး ချာခနဲလှည့်ထွက်သွားသည်။

ချန်းချင်း သက်ပြင်းချကာ နောက်မှလိုက်သွားသည်။

မောင်နှမနှစ်ယောက် အိမ်ထဲရောက်သွားကြသည်။

ထမင်းစားခန်း၌ ထမင်းပွဲကိုအဆင်သင့် ပြင်ဆင်ထားပြီးဖြစ်သည်။

ကြူးဝေသည် ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်ပြီး ချန်းချင်း၏ ပန်းကန်ထဲသို့ ဟင်းများခပ်ထည့်ပေးသည်။

ထို့နောက် သူမဘာသာ တိတ်ဆိတ်စွာ စားသောက်နေသည်။

ချန်းချင်းက စားသောက်ဖွယ်ရာများကို လက်ဖျားနှင့်ပင် မတို့ပါ။ မထိမကိုင်ပါ။ မစားမသောက်ပါ။

ကြူးဝေကိုသာ ငေးကြည့်နေပါ၏။

ကြူးဝေသည် စားသောက်နေရင်း မလုံမလဲ ဖြစ်လာပုံရသည်။

ချင်းချင်းအား မော့ကြည့်လိုက်သည်။

ကြူးဝေ ချက်ချင်းခေါင်းငုံ့လိုက်သည်။

ချန်းချင်းက မေးလိုက်လေသည်။

"ညီမလေး အစ်ကို့ကို စိတ်ဆိုးနေတုန်းပဲလားဟင်"

ချန်းချင်းက ထပ်မံမေးလိုက်လေသည်။

"ညီမလေး ... တုဖုံးက ဘယ်လိုလူစားမျိုးလဲဆိုတာ သေသေချာချာ သိရဲ့လား"

ကြူးဝေ မျက်နှာတည်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ သူက ညီမလေးကို မေတ္တာစစ်နဲ့ ချစ်တယ်ဆိုရင် အစ်ကို ဘာမှမပြောချင်ပါဘူး၊ တကယ်လို့များ ညီမလေးရဲ့ ပစ္စည်းဥစ္စာတွေကို လိုချင်မက်မောလို့ဆိုရင် ..."

"ဒုန်း ..."

ကြူးဝေက ပန်းကန်ကို ဆောင့်ချလိုက်သဖြင့် ချန်းချင်း စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။

ကြူးဝေကို တအံ့တသြဖြင့် ကြည့်မိသည်။

သူမသည် တုဖုံးနှင့်ပတ်သက်လာလျှင် တစ်စက်ကလေးမှ အပြောမခံနိုင်အောင် ဖြစ်နေပြီမဟုတ်ပါလား။

"အစ်ကိုဟာ ညီမကို ဘယ်လောက်ချစ်တယ်ဆိုတာ ညီမလေး သိပါတယ်၊ ဒါကြောင့် တုဖုံးနဲ့ပတ်သက်ပြီး ..."

ယခုတစ်ကြိမ်လည်း ချန်းချင်း စကားဆုံးအောင် မပြောလိုက်ရပါ။ ကြူးဝေက လက်ဆေးပြီး ထသွားခြင်းကြောင့် ဖြစ်သည်။

ထိုအခါ ချန်းချင်း မကျေမနပ်ဖြစ်သွားတော့သည်။ သူ ဒေါသထွက်သွားသည်။

ချက်ချင်းပင် ထိုင်ရာမှထကာ ကြူးဝေနောက်သို့ လိုက်သွားလေသည်။

ကြူးဝေက အိမ်ရှေ့သို့ထွက်သွားပြီး အိမ်ပေါက်ဝ၌ တံခါးဘောင်ကိုမှီကာ ရပ်နေ၏။ ချန်းချင်းက ကြူးဝေကို ကြည့်လိုက်၏။

သူမ၏မျက်လုံးများ ရီဝေနေသည်။

ခြံဝင်းဝသို့ ငေးမျှော်ကြည့်နေသည်။

ချန်းချင်းက သူ့နှင့် မလှမ်းမကမ်းတွင် ရပ်လိုက်ပြီး ...

"ညီမလေး အစ်ကိုပြောတာကို ..."



ယခုတစ်ကြိမ်တွင်တော့ ချန်းချင်းကိုယ်တိုင်ပင် ဆက်မပြောဘဲ ရပ်တန့်လိုက်သည်။ အဘယ့်ကြောင့်ဆိုသော် ...

"ခွပ်ခွပ် ... ခွပ်ခွပ်"

"ခွပ်ခွပ် ... ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းစီးသမားတစ်ဦး ခြံဝင်းဝသို့ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပေတည်း။

ငေးငိုင်နေသည့် ကြူးဝေ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

သူမ၏မျက်နှာလေးမှာ ချက်ချင်း ပြုံးရွှင်သွားသည်။

"အစ်ကိုတုဖုံး ..."

သူမ ရေရွတ်လိုက်လေသည်။

သူမပျော်ရွှင်သွားချိန်တွင် ချန်းချင်းမှာ မျက်နှာရှုံ့မဲ့သွားရတော့သည်။ တစ်ဦးပြုံးလျှင် တစ်ဦးမဲ့ရမည့်အချိန် မဟုတ်ပါလော။

○ ○ ○

လေဝေ့ယမ်းတိုက်ခတ်နေသည်။

ဝန်းကျင်အား အေးမြသွားစေသော်လည်း ချန်းချင်းမှာ ရင်ထဲပူလောင်လာသလို ခံစားနေရ၏။ သူ့အတွက် အပူလှိုင်းသည် ခြံဝသို့ရောက်ရှိနေပြီ မဟုတ်ပါလား။

ထိုစဉ်မှာပင် မြင်းစီးသမားသည် ခြံဝင်းဝမှတစ်ဆင့် အဆောက်အအုံကြီးဆီသို့တိုင် မြင်းကို ဒုန်းစိုင်းစီးနင်းလာပါသည်။

ကြူးဝေနှင့် ချန်းချင်းတို့ ကြည့်နေစဉ်မှာပင် အနီးသို့ရောက်ရှိလာသည်။ မြင်းစီးသမားကား သိုင်းသမားတစ်ယောက်တည်း။

www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးသမားသည် အသက်လေးဆယ်ခန့်ရှိပြီး ပိုးဖဲအင်္ကျီဝတ်ဆင်ထားသည်။

တုဖုံး မဟုတ်သဖြင့် ကြူးဝေ၏မျက်နှာ မသာမယာဖြစ်သွားသည်။ သူမ မျက်နှာပျက်သွားသည်။

ချန်းချင်းကား ရင်တထိတ်ထိတ်ဖြစ်နေရာမှ ဝမ်းသာပျော်ရွှင်သွားမိလေသည်။ သည်တစ်ခါ သူပြုံးရမည့်အလှည့်ပင်။

ရောက်ရှိလာသူမှာ ကိုယ်ရံတော်ခေါင်းဆောင် လွှေကျင်းပင်ဖြစ်သည်။

လွှေကျင်းသည် အဆောက်အအုံရှေ့သို့ ရောက်သည်နှင့် မြင်းပေါ်မှ လွှားခနဲခုန်ဆင်းလိုက်ပြီး ချန်းချင်းတို့ထံသို့ ခပ်သွက်သွက်လျှောက်လာလေတော့သည်။

ချန်းချင်းက လွှေကျင်းအား ရူးစိုက်ကြည့်နေသည်။

လွှေကျင်းသည် ချန်းချင်းနှင့်ကြူးဝေတို့ကိုကြည့်ကာ လက်နှစ်ဖက်ကိုဆုပ်ကာ ဦးညွှတ်လိုက်သည်။ နှုတ်ဆက်သည့်သဘောပင်။

"သခင်လေး မလာနိုင်တဲ့အတွက် ကျုပ်ကို ကိုယ်စားလွှတ်လိုက်ပါတယ်၊ ကျုပ်မှာ အရေးကြီးတဲ့စကားပြောဖို့ ပါလာပါတယ်"

လွှေကျင်းက စတင်စကားပြောလိုက်သည်။

ချန်းချင်းမှာ တုဖုံးကို သဘောမကျနိုင်သည့်အလျောက် ခပ်တည်တည်ပင် မေးလိုက်သည်။

"နေပါဦး ခင်ဗျားက ဘယ်သူလဲ၊ သခင်လေးဆိုတာကကော ဘယ်သူလဲ၊ ခင်ဗျား ဘာတွေလာပြောနေတာလဲ၊ ကျုပ် ဘာမှနားမလည်ပါလား"

ကြူးဝေက ...



"အစ်ကို သူဟာ အစ်ကိုတုဖုံးရဲ့ ..."

"ကျုပ်က ကိုယ်ရံတော်ခေါင်းဆောင် လွှေကျင်းပါ၊ သခင်လေးတုဖုံးရဲ့ သက်တော်စောင့်ဆိုလည်း မမှားပါဘူး၊ သခင်လေးကို အမြဲစောင့်ရှောက်နေတဲ့သူပါ"

လွှေကျင်းက ကိုယ့်ကိုယ်ကို မိတ်ဆက်လိုက်သည်။

ချန်းချင်းက ယခုမှ မှတ်မိသွားဟန်ဖြင့် ...

"လက်စသတ်တော့ ခင်ဗျားက တုဖုံးနဲ့ ပတ်သက်နေတာကိုး၊ ကျုပ်ကို ခွင့်လွှတ်ပါဗျာ"

"ဟုတ်ပါတယ်၊ သခင်လေးကလွှတ်လိုက်လို့ ကျုပ် လာခဲ့တာပါ"

ချန်းချင်းစိတ်ထဲ ဘဝင်မကျဘဲ ဖြစ်နေသည်။ တုဖုံးနှင့်ပတ်သက်သည်ဆိုကတည်းက သူ ဘဝမကျခဲ့ပေ။

ချန်းချင်းက တုဖုံးကို သဘောမကျသလို တုဖုံးနှင့်ပတ်သက်နေသူများကိုလည်း သဘောမကျပါ။

ထို့အတူ လွှေကျင်းသည်လည်း ချန်းချင်းအား သဘောမကျဘဲဖြစ်နေလေတော့သည်။ အပြန်အလှန် သဘောပင်။

သို့သော် လွှေကျင်း တည်ကြည်သောမျက်နှာထားဖြင့် ...

"သခင်လေးက အရေးကြီးတဲ့စကား ပြောခိုင်းလိုက်လို့ပါဗျာ"

ကြူးဝေ မနေနိုင်တော့ပါ။ သူမ ဖိတ်ခေါ်လိုက်သည်။

"ဦး ... အိမ်ထဲ ကြွပါလားရှင်"

ချန်းချင်း မကျေမနပ်ဖြစ်သွားသည်။

သို့သော် တားဆီးရန်မသင့်ဟု နားလည်လိုက်သဖြင့် ဘာမပြောဘဲ နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တုဖုံး၏ကျေးဇူး ရှိခဲ့ဖူးသဖြင့် မည်သို့ပင် သဘောမကျဖြစ်စေကာမူပြတ်ပြတ်သားသား နှင်ထုတ်ပစ်ရန် မပြောနိုင်ဘဲ ဖြစ်နေရလေတော့သည်။

လွှကျင်းက ချန်းချင်းကို ကြည့်လိုက်သည်။ လွှကျင်းကလည်း သိသည်။ ဤအိမ်၌ ချန်းချင်းသည် အိမ်ထောင်ဦးစီးဖြစ်သည်ဟု။

ချန်းချင်း သက်ပြင်းချကာ ဖိတ်ခေါ်လိုက်ရတော့သည်။

"အိမ်ထဲကြွပါဗျာ"

သူတို့ ဧည့်ခန်းတွင်း၌ ထိုင်မိကြလေပြီ။

လွှကျင်းက ချန်းချင်းနှင့် ကြူးဝေတို့အား အကဲခတ်ကြည့်လိုက်သည်။

ကြူးဝေမှာ လှပချောမောသူလေးဖြစ်သလို သဘောမနောကောင်းပုံရသည်ဟု အကဲခတ်မိသည်။

သခင်လေးတုဖုံးနှင့် ရှေ့သွားနောက်လိုက်ညီသည်ဟုလည်း တွေးမိသည်။

သို့သော် ချန်းချင်းနှင့် ပတ်သက်၍ကား သဘောမကျနိုင်ဘဲ ဖြစ်နေသည်။

ချန်းချင်းသည် အလိုလိုနေရင်း ရန်လိုနေသူတစ်ယောက်ဖြစ်သည်ဟု ကောက်ချက်ချမိလေတော့သည်။

ချန်းချင်းနှင့် ကြူးဝေတို့ကလည်း သူ့အား အကဲခတ်ကြည့်နေကြသည်။

ကြူးဝေသည် တုဖုံးနှင့်ပတ်သက်သည့်သတင်း ကြားရလိမ့်မည်ဟု ယုံကြည်ထားသဖြင့် စိတ်လှုပ်ရှားနေသည်။



ချန်းချင်းသည်ကား လွှကျင်းအား မောင်းထုတ်လိုစိတ်များ ဖြစ်ပေါ်နေပေတော့သည်။ သူသည် သူ့ညီမကို လုယူမည့်လူများနှင့် ပတ်သက်သမျှအားလုံးကို ရန်သူဟု သတ်မှတ်ထားသည်။

သူတို့သုံးယောက် တစ်ယောက်ကိုတစ်ယောက် အကဲခတ်ကြည့်လိုက်ကြပြီးမှ ချန်းချင်းက ...

"တုဖုံးဟာ ခင်မင်စရာကောင်းတာ မှန်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့က တစ်ယောက်အကြောင်း တစ်ယောက် မသိကြသေးတော့ ..."

စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ လွှကျင်းအား စိုက်ကြည့်လိုက်သည်။

တုဖုံးနှင့် ပတ်သက်၍ မည်သို့မျှ တာဝန်မယူသည့်သဘောမျိုး ပြောခြင်းဖြစ်ကြောင်း လွှကျင်း ရိပ်မိသည်။

လွှကျင်း၏မျက်နှာ တည်ကြည်သွားသည်။

"သခင်လေးဟာ ပေ့စန်းနယ်က သိုင်းရာဇာတုစိမ်းရဲ့ တစ်ဦးတည်းသောသားပါဗျာ၊ သူတို့အကြောင်းကို သိုင်းလောကတစ်ခုလုံး သိကြပါတယ်"

ထိုစကားကြားလျှင် ချန်းချင်း မျက်နှာပျက်သွားသည်။

သိုင်းရာဇာတုစိမ်းသည် အများအကျိုး၊ သိုင်းလောကအကျိုး စွမ်းစွမ်းတမံ ဆောင်ရွက်နေသည့် အထက်လမ်းသိုင်းထိပ်သီး တစ်ယောက်ဖြစ်သလို သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားသူလည်း ဖြစ်သည်။

သိုင်းရာဇာတုစိမ်း၏သတင်းကို ချန်းချင်း ကောင်းကောင်း ကြားဖူးထားသည်။ အလွန် ကျော်ကြားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်ပင် တစိမ်းအား အတုယူကာ အားကျခဲ့သည် မဟုတ်ပါလား။

ယခုမူ တဖုံးသည် တစိမ်း၏သားဖြစ်နေကြောင်း သိလိုက်ရသောအခါတွင်ကား ...

ချန်းချင်း လေပူတစ်ချက်မှုတ်ထုတ်လိုက်မိသည်။

ကြူးဝေကား တဖုံးအကြောင်း သိလိုက်ရသဖြင့် အတိုင်းမသိ ဝမ်းသာသွားသည်။ သူမက တဖုံးအကြောင်း ကြားသိလိုနေသည် မဟုတ်ပါလား။

သူမသည် သိုင်းပညာမတတ်သည့်တိုင် တစိမ်း၏ကျော်ကြားမှု သတင်းကိုတော့ ကြားသိထားသည် မဟုတ်ပါလား။

တစိမ်းသည် နယ်စားကြီးတစ်ဦးထက်ပင် အနယ်နယ်အရပ်ရပ်၌ သြဇာလွှမ်းမိုးနေသည်။

လွှေကျင်းက ဆက်ပြောလိုက်သည်။

"သခင်လေးဟာ ဓားပြခေါင်းဆောင် သွေးဘီးလူးထိန်ဝမ်းကို ဆုံးမသုတ်သင်နိုင်ခဲ့ပေမယ့် ဒဏ်ရာအပြင်းအထန် ရသွားပါတယ်၊ ဒါကြောင့် ပန်းနီကျေးရွာကို ပြန်လာမယ်လို့ပြောခဲ့ပေမယ့် ပြန်မလာနိုင်ခဲ့တာပါ"

"ဟင် ... အစ်ကိုတဖုံး ဒဏ်ရာရသွားတယ် ဟုတ်လား၊ ဒုက္ခပါပဲ၊ အစ်ကို့ဒဏ်ရာကို ဘယ်သူပြုစုမလဲဟင်"

ကြူးဝေမှာ ဣန္ဒြေမဆည်နိုင်အောင် မျက်နှာပျက်သွားသည်။ သူမ၏ ပြောကြားပုံကလည်း တဖုံးထံ၌ ပြုစုမည့်သူမရှိသလို ဖြစ်သွားသည်။

သူမသည် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။



လွှေကျင်းကိုကြည့်ကာ ...

"အစ်ကို ဘယ်လိုနေသေးလဲဟင်၊ သက်သာသွားပြီလား၊ ဒဏ်ရာက ပြင်းထန်သလားဟင်"

သူမအသံ တုန်တုန်ယင်ယင် ဖြစ်နေသည်။

မျက်ဝန်းအစုံ၌လည်း မျက်ရည်များရစ်ဝိုင်းနေတော့သည်။

ချန်းချင်း မကျေမနပ်ဖြစ်သွားသည်။

"ညီမလေး ထိုင်နေစမ်း"

ကြူးဝေက မထိုင်ပါချေ။ သူမ၏ချစ်သူအတွက် သူမ အဘယ်မှာ ထိုင်နိုင်ပါမည်နည်း။

ချန်းချင်း၏စကားကို မကြားသလို ရှိနေသည်။

လွှေကျင်းသည်လည်း ချန်းချင်းကို သဘောမကျသဖြင့် အရေးမစိုက်တော့ချေ။ အိမ်ထောင်ဦးစီးဟုလည်း သဘောမထားတော့ချေ။

ကြူးဝေကိုသာ ကြည့်ပြီး ပြောပြလေတော့သည်။

"သမားတော်ကြီးတွေ အထူးဂရုစိုက်ပြီး ကုသပေးကြလို့ သခင်လေး သက်သာလာပါပြီ၊ အသက်အန္တရာယ် စိုးရိမ်စရာ မရှိတော့ပါဘူး"

ကြူးဝေ အနည်းငယ် စိတ်သက်သာရာ ရသွားသည်။

ချန်းချင်းကား ရှုတင်းတင်းဖြစ်နေသည်။ သူသည် အပစ်ပယ်ခံဖြစ်နေသည် မဟုတ်ပါလော။

ကြူးဝေအား အပြစ်တင်လိုသည့်အကြည့်ဖြင့် ကြည့်နေသည့်တိုင် လွှေကျင်းရှိနေသဖြင့် ဘာမျှတော့ မပြောချေ။

လွှေကျင်း ဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သခင်လေးဟာ ဒုက္ခရာတွေပျောက်ကင်းဖို့ နှစ်လလောက် အနားယူရဦးမှာဖြစ်ပါတယ်၊ ဒါကြောင့် သူမလာနိုင်တဲ့အတွက် အထင်မမှားရလေအောင် ကျုပ်ကိုလွှတ်ပြီး အကျိုးအကြောင်း ပြောခိုင်းလိုက်တာပါ"

ချန်းချင်း ပခုံးတွန့်လိုက်သည်။

"ဒါများ အရေးကြီးတဲ့ ကိစ္စတဲ့လားဗျာ"

လွှေကျင်း ပို၍ မကျေမနပ် ဖြစ်သွားသည်။ သူတို့က သေရေးရှင်ရေးဖြစ်နေသော်လည်း ချန်းချင်းက ခလုတ်တိုက်သည့် ဒုက္ခရာလောက်မျှသာ ပြောနေသည်။

ချန်းချင်းကို စိုက်ကြည့်ရင်း ...

"အရေးကြီးပါတယ်၊ သခင်လေးဟာ စကားကိုပြီးစလွယ် မပြောတတ်ဘူး၊ သူမလာနိုင်လို့ ကျုပ်ကို လွှတ်လိုက်တာပါ၊ အရေးမကြီးရင် ကျုပ်ဟာ ခရီးဝေးကနေ တကူးတက လာစရာ မလိုပါဘူး"

ချန်းချင်း ပါးစပ်ပိတ်ထားလိုက်သည်။ သူ့ကို ဒေါသနှင့်ပြောနေလေပြီ။

ကြူးဝေက ...

"အစ်ကိုတုဖုံးကို ကျွန်မ တွေ့ချင်ပါတယ်၊ အစ်ကိုတုဖုံး ..."

သူမ၏စကားမဆုံးမီ ချန်းချင်းက မနေနိုင်တော့ဘဲ ကြားဖြတ်ပေါက်လိုက်သည်။

"ညီမလေး မင်း ဘယ်လိုဖြစ်နေတာလဲ"

ကြူးဝေက ...

"အစ်ကိုတုဖုံးဟာ ညီမလေးတို့ကို ကူညီခဲ့သူ မဟုတ်လား၊ အခု သူ ဒုက္ခရာရနေတယ်ဆိုတော့ ..."



"တိတ်စမ်း ... ကြူးဝေ၊ နင့်ပါးစပ်ပိတ်ထား"

ချန်းချင်းက ဒေါသတကြီး အော်ပေါက်လိုက်သည်။

ကြူးဝေ ကြောင်အမ်းအမ်းဖြစ်သွားသည်။

တစ်ခါမျှ ယခုလို မအော်စဖူးမို့ ချန်းချင်းအား ကြောင်တက်တက်ဖြင့် ကြည့်နေမိပြီး ...

"အစ်ကို ညီမလေးကိုအော်တယ် ဟုတ်လား"

ချန်းချင်းက ထိုင်ရာမှဝုန်းခနဲထကာ ...

"အေး ... အော်ရုံတင်မကဘူး၊ နင့်ကို ရိုက်ပစ်ဦးမှာ"

ပြောပြောဆိုဆို ရိုက်ရန် လက်ရွယ်လိုက်သည်။

ကြူးဝေ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။

သူမသည် မျက်နှာကို လက်ဖြင့်အုပ်ကာငိုကြွေးရင်း ဧည့်ခန်းထဲမှ ပြေးထွက်သွားလေတော့သည်။

လွှေကျင်း ဒေါသထွက်သွားသည်။

ချန်းချင်းအား ပို၍ ကြည့်မရဘဲ ဖြစ်သွားသည်။

သို့သော် မောင်နှမနှစ်ယောက်၏ကြားသို့ မဝင်သင့်ကြောင်း နားလည်ထား၍ စိတ်လျှော့ထားလိုက်ရသည်။

ချန်းချင်းနှင့် လွှေကျင်းတို့ တစ်ယောက်မျက်နှာတစ်ယောက် စူးစိုက်ကြည့်လိုက်ကြသည်။

ချန်းချင်းက လေအေးအေးဖြင့် ပြောလိုက်သည်။

"ကျုပ်တို့မောင်နှမရဲ့ အေးချမ်းသာယာနေတဲ့ ဘဝလေးကို မဖျက်စီးချင်ပါနဲ့ဗျာ"

လွှေကျင်း မခံမရပ်နိုင်ဘဲ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူငယ်တွေ တစ်ယောက်နဲ့တစ်ယောက် မေတ္တာမျှနေကြတာ မင်းက အပြစ်မတင်သင့်ဘူး"

ချန်းချင်း၏မျက်နှာ တင်းမာသွားသည်။

"ဒါတွေ ကျုပ်မသိဘူး၊ သိလည်း မသိချင်ဘူး၊ ကျုပ်သိတာက ကျုပ်တို့မောင်နှမ မခွဲမခွာ နေသွားဖို့ပဲ၊ ဘယ်သူ့လက်ထဲကိုမှ ကျုပ်ညီမကို ထည့်ပေးမှာ မဟုတ်ဘူး၊ ဒါကို ခင်ဗျားတို့ သိထားပါ"

လွှေကျင်းက ချန်းချင်းအား ကြည့်လိုက်သည်။

သူ၏အကြည့်ထဲတွင် မုန်းတီးခြင်း၊ ခံပြင်းခြင်းစသည့် အရိပ်အယောင်များ ပေါ်လွင်နေသည်။

လွှေကျင်း မကျေမနပ်ဖြစ်နေသည်။

"သခင်လေးဟာ အခြေအမြစ်မရှိတဲ့ လူတစ်ယောက် မဟုတ်ပါဘူး၊ မင်း ဘာကြောင့် ဒီလောက်ခါးခါးသီးသီး ဖြစ်နေရသလဲဆိုတာ ကျုပ် နားမလည်နိုင်တော့ဘူး"

"ခင်ဗျား နားလည်ဖို့က ကျုပ်ညီမနဲ့ ထပ်ပြီးမပတ်သက်ဖို့ ခင်ဗျားသခင်လေးကို ပြန်ပြောဖို့ပါပဲ၊ ဒါဟာ ကျုပ်ရဲ့ သဘာဆန္ဒပါ"

လွှေကျင်း မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပြီ ... ကျုပ် ပြန်ပြောလိုက်မယ်၊ ကြူးဝေကို နှုတ်ဆက်ခဲ့တဲ့အကြောင်း ပြောလိုက်ပါ"

စကားဆုံးလျှင် ညှို့ခန်းထဲမှ ထွက်ခွာသွားသည်။

မကြာမီ ဒုန်းစိုင်းနှင်သွားသော မြင်းခွာသံများကို ကြားလိုက်ရသည်။ လွှေကျင်း ဒေါသနှင့် ထွက်ခွာသွားလေပြီ။

"တောက် ..."



ချန်းချင်းက ဒေါသတကြီး တက်ခေါက်လိုက်လေတော့သည်။

သူ့နှမလေးကို သူ့ရင်ခွင်တွင်းမှ ဆွဲထုတ်သွားမည့်သူများကို သူ မတားမြစ်နိုင်ချေတော့ပြီလော။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၃)

## တစ်လောကလုံး အထင်မှားခြင်း

ကြူးခြံဝင်း …

ကြူးခြံဝင်းမှာ အနောက်ဘက်တွင် ကျန်ရစ်ခဲ့လေပြီဖြစ်၏။

လှေကျင်းက မြင်းကို ခုန်းစိုင်းစီးနင်းလာခဲ့သည်။

သူသည် သိုင်းရာဇာတစ်မိမ်းအား လွန်စွာမှ ကြည်ညိုလေးစားသူတစ်ယောက်ဖြစ်သလို သခင်လေးတုဖုံးအား သံယောဇဉ်ကြီးသူလည်း ဖြစ်သည်။

တုဖုံးသည် ထိန်ဝမ်းအား အနိုင်ယူသုတ်သင်ခဲ့သော်လည်း တုဖုံးမှာလည်း ဒဏ်ရာပြင်းစွာရရှိခဲ့သည်။ ဤသည်မှာ တိုက်ပွဲ၏ သဘာဝပင်။

ယခု တုဖုံးသည် သိုင်းရာဇာခြံဝင်းတွင် လုံခြုံစိတ်ချစွာ ရှိနေချေပြီ။ အသက်အန္တရာယ် ကင်းနေလေပြီ။

သမားတော်ကြီးများ၏ နေ့ညမပြတ် ကြပ်မတ်ကုသပေးမှုကြောင့် ထူထူထောင်ထောင် ဖြစ်လာချေပြီ။



ထိန်ဝမ်း၏လက်ချက်ဖြင့် ရရှိခဲ့သော ဒဏ်ရာများကို သမားတော်ကြီးများက လုံးဝ သက်သာပျောက်ကင်းသည်အထိ ကုသပေးနိုင်ကြမည်ဖြစ်သောလည်း တုဖုံး၏စိတ်ထဲမှ ဝေဒနာကိုမူ ကြူးဝေမှလွဲပြီး ကုသပေးနိုင်မည့်လူ မရှိပါ။ ကြူးဝေသည် ကယ်တင်ရှင် ဖြစ်သည်။

တုဖုံးသည် သူ့အားခေါ်ကာ ကြူးဝေနှင့် ပတ်သက်ခဲ့ပုံများကို ပြောပြပြီး ပန်းနီကျေးရွာသို့သွားပေးရန် အကူအညီတောင်းခံခဲ့သည် မဟုတ်ပါလား။ သခင်လေးတုဖုံး၏ တောင်းပန်မှုကို သူ လိုက်လျောဖြည့်ဆည်းပေးရပေမည်။

သို့သော် ချန်းချင်းသည် ဤဖြစ်ရပ်၌ အတားအဆီးကြီး ဖြစ် နေသည်။

ကြူးဝေသည် တုဖုံးအား ကြည်ဖြူသည့်သဘောရှိနေပုံကို လှေကျင်း နားလည်ခဲ့ရသည်။

သို့သော် …

ချန်းချင်းသည်ကား တုဖုံးကို စိတ်ဆင်းရဲအောင် လုပ်မည့်သူဟု နားလည်ထားသည်။

လှေကျင်းသည် ရွာလယ်လမ်းမအတိုင်း မြင်းခုန်းစိုင်းနှင်ကာ တွေးတောစဉ်းစားလာမိလေသည်။

လှေကျင်းသည် ချန်းချင်းနှင့်ပတ်သက်ပြီး မကျေမနပ်ရေရွတ်မိသည်။

အတွေးများနေသဖြင့် လမ်းတစ်ဖက်ရှိ လက်ဖက်ရည်ဆိုင်ကလေးမှ ထွက်လာ သူသုံးယောက်အား သတိမပြုမိဘဲ မြင်းနှင့်တိုက်မိမလို ဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... တိုက်တော့မယ်"

"ရှောင်ဟေ့ ... ရှောင်"

ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်။

လွှကျင်း ရင်ထိတ်သွားသည်။ မြင်းနှင့်တိုက်မိလျှင် ကျိုးပဲ့ကုန်မည် မဟုတ်ပါလော။

"ဟေး ..."

ရုတ်တရက် သတိဝင်လာပြီး အော်ငေါက်ကာ မြင်းကိုချက်ချင်း ရပ်တန့်ပစ်လိုက်ရလေသည်။

ရှေ့သို့ လှမ်းကြည့်လိုက်သောအခါ လူငယ်တစ်ယောက် မြေပေါ်လဲကျနေပြီး သူ၏အဖော်နှစ်ယောက်က ပြန်ထလာနိုင်ရန် ဖေးမပွေ့ထူနေကြသည်ကို တွေ့မြင်ရလေတော့သည်။ ကျိုးပဲ့သွားပြီလား မဆိုနိုင်ပေ။

ထိုလူသုံးယောက်မှာ အသက်နှစ်ဆယ်ဝန်းကျင်ရှိ လူငယ်များသာ ဖြစ်ကြသည်။

သူတို့၏ ရုပ်သွင်ပြင်ကိုကြည့်သည်နှင့် ခပ်ပေပေခပ်တေတေ ရှိမည့်လူငယ်များ ဖြစ်သည်ကို သိနိုင်ပေတော့သည်။

မှန်သည်။

ထိုလူငယ်သုံးယောက်မှာ ပန်းနီကျေးရွာမှ လူ့အော့ကြောလန် ဖန်းဆွေ၊ မင်းစိန်နှင့် လုံဖွေးတို့ ဖြစ်ကြပေတော့သည်။

သူတို့သည် ဓားဘီလူးအား ဗုံးရမ်းကဲ့သည့်ကိစ္စနှင့် ပတ်သက်ပြီး အတော်ကြီး နောင်တရခဲ့ကြပြီ ဖြစ်သည်။

ထို့ကြောင့် ခါတိုင်းလို ဟေးလားဝါးလားမရှိတော့ဘဲ ခပ်ကုပ်ကုပ်နေခဲ့ကြသည်။ ရွာထဲ၌ ကုပ်နေခဲ့ကြသည်။



ပန်းနီကျေးရွာမှ လူများသည် သူတို့၏ပြောင်းလဲမှုကို တအံ့တသြဖြစ်ဆဲနေခဲ့ကြသည်။

လုံဖွေးသည် လက်ဖက်ရည်ဆိုင်ထဲမှထွက်လာစဉ် မြင်းတစ်ကောင် ဒုန်းစိုင်းနှင်လာသည်နှင့် ပက်ပင်းတိုးမိရာ ကပျာကယာရှောင်တိမ်းရင်း မြေပေါ်လဲကျသွားခြင်း ဖြစ်သည်။

လုံဖွေး ရှက်လည်းရှက်၊ ဒေါသလည်းထွက်လာ၏။ မြင်းပေါ်မှခုန်ဆင်းလာသည့် လွှကျင်းကို လက်သီးငေါက်ငေါက်ထိုးရင်း ရန်တွေ့လိုက်လေသည်။

"ဟေ့လူ ... ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျ၊ လူသွားလူလာမပြတ်တဲ့ ရွာလယ်လမ်းမှာ မြင်းဒုန်းစိုင်းစီးရသလား၊ လမ်းသွားလမ်းလာတွေကို ဝင်တိုက်မိရင် ဘယ်လိုလုပ်မလဲ၊ ကျုပ်သာ အရှောင်မမြန်ရင် ခြေကျိုးလက်ကျိုး ဖြစ်သွားမှာ သေချာတယ်"

လွှကျင်းသည် အပြစ်ရှိနေသဖြင့် တောင်းတောင်းပန်ပန်ပြောလိုက်သည်။

"ကျုပ်လည်း မြင်းစီးရင်း အတွေးလွန်နေလို့ အခုလိုဖြစ်သွားတာ တောင်းပန်ပါတယ်ကွယ်"

လွှကျင်း အလျော့ပေးတောင်းပန်နေသည်ကို တွေ့ရသောအခါ လုံဖွေးတို့မှာ စိတ်ရိုင်းများ ဝင်လာကြလေသည်။

မင်စိမ်းက ငေါက်လိုက်သည်။

"ခင်ဗျားတောင်းပန်တိုင်း ကျုပ်တို့ ကျေနပ်ရမှာလားဗျ၊ လူလဲကျသွားတာ ဒီအတိုင်း ကျုပ်တို့က လက်ခံရမှာလား"

ဖန်းဆွေကလည်း ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကိုကြည့်ရတာ ဒီရွာက မဟုတ်ပါဘူး၊ ကောင်းပြီလေ ကျုပ်တို့ရွာသားတွေဟာ မဟုတ်ရင်မခံဘူးဆိုတာ ပြရသေးတာပေါ့"

ပြောရင်း ရှေ့သို့လှမ်းထွက်လိုက်ကြလေသည်။

လွှကျင်း သက်ပြင်းချလိုက်သည်။

သူ၏ သိုင်းပညာအဆင့်ဖြင့် လုံဖွေးတို့သုံးယောက်အား မှုမည် မဟုတ်ချေ။ လုံဖွေးတို့သည် သူ့ကို မယှဉ်နိုင်ပါ။

သို့သော် သူ တိုက်ခိုက်လိုစိတ် မရှိပါ။

"ငါတို့ကို ဦး တောင်းပန်ပါတယ်ကွယ်၊ ဦး မှားသွားတယ် ကြူးခြံဝင်းက ပြန်လာရင်းနဲ့ ..."

သူ စကားဆုံးအောင် မပြောလိုက်ရချေ။ လူငယ်သုံးယောက် ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

လုံဖွေးက ...

"ဟင် ... ခင်ဗျားဟာ ကြူးခြံဝင်းကနေ ပြန်လာတာ ဟုတ် လား၊ ဘယ်လိုကနေ ဘယ်လိုရောက်သွားတာလဲ"

"ဟုတ်ပါတယ်ကွယ်၊ ကြူးခြံဝင်းက ပြန်လာတာပါ"

လုံဖွေး၊ ဖန်းဆွေနှင့် မင်းစိန်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

သူတို့သည် ကြူးခြံဝင်းအား ဝေးဝေးရှောင်ရန် ဆုံးဖြတ်ထား ကြသည်။ ကြူးခြံဝင်းနှင့်သူတို့ ရန်ဖြစ်ခဲ့ကြသည် မဟုတ်ပါလော

သူတို့သုံးယောက် မျက်နှာပျက်သွားသည်ကို လွှကျင်း သ ပြုမိသည်။ လွှကျင်းသည် လူလဲခတ်ကောင်းသူ ဖြစ်သည်။

လုံဖွေးတို့သည် ကြူးခြံဝင်းနှင့် ပတ်သတ်ခဲ့ဖူးကြသူများ ဖြ သည်ဟု ရိပ်မိလိုက်သည်။



ထို့ကြောင့် လွှကျင်းက မေးလိုက်လေသည်။

"မင်းတို့ ကြူးခြံဝင်းက ချန်းချင်းကို သိတယ်မဟုတ်လား"

မင်းစိန် ကပျာကယာလက်ဝှေ့ယမ်းပြပြီး ပြောသည်။

"တော်ပါပြီ၊ ခင်ဗျားက ချန်းချင်းနဲ့ပတ်သက်နေတယ်ဆိုရင် သွားပါတော့"

အားလုံး ခါးခါးသီးသီးပင်။

လွှကျင်းက ...

"နေပါဦး ... ကျုပ်က ချန်းချင်းနဲ့ပတ်သက်နေတာနဲ့ မင်းတို့ က ကျုပ်ကို နှင့်လွှတ်လိုက်တာလား၊ ဘယ်လိုဖြစ်တာလဲ"

"စကားရှည်လိုက်တာဗျာ၊ သွားဆိုရင် သွားစမ်းပါ၊ ကျုပ်တို့ ခင်ဗျားနဲ့ စကားမပြောချင်ဘူး"

မင်စိမ်းက ...

"တော်စမ်းပါဗျာ၊ သည်နာမည်ကို မကြားစမ်းပါရစေနဲ့"

လွှကျင်း စိတ်ဝင်စားသွားသည်။

ချန်းချင်းအား သဘောမကျသူများနှင့် တွေ့နေပြီဟု နားလည် လိုက်မိသည်။

"နေပါဦး ... ကျုပ် မေးစမ်းပါရစေ၊ မင်းတို့တွေဟာ ချန်းချင်း နဲ့ ဘယ်လိုများ ပတ်သက်နေကြလို့လဲ၊ ကျုပ်ကို ပြောစမ်းပါဦး"

သူက ထပ်တလဲလဲ မေးလိုက်သည်။

"ဟေ့လူ ... ခင်ဗျား သွားဆိုတာ မကြားဘူးလား"

လွှကျင်း ပြုံးလိုက်သည်။

"ကျုပ်က ချန်းချင်းအပေါ် နားမလည်နိုင်တာတွေ အများ

www.burmeseclassic.com

www.burmeseclassic.com



ကြီးရှိနေတာပါ၊ မင်းတို့က သူ့ရဲ့အကြောင်းကို ပြောပြနိုင်ရင် ကျေးဇူးတင်ဆုံးမှာ မဟုတ်ပါဘူး၊ ချန်းချင်းဟာ လူကောင်းတစ်ယောက် မဟုတ်ဘူးလို့ ကျုပ် သံသယဖြစ်မိတယ်၊ အဲဒါ ဘယ်လိုသဘောရသလဲ”

“ဟင် ...”

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကို လုံမွေးတို့ အံ့သြသွားသည်။ လှေကျင်းသည် ကြူးခြံဝင်း၏ညှဲ့သည်ဟု ထင်မှတ်မိကြသည်။

လှေကျင်းကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်ကြသည်။

လုံမွေးက မေးသည်။

“ခင်ဗျားလည်း ချန်းချင်းကို သဘောမကျဘူး ဟုတ်လား၊ ခင်ဗျားကြည့်ရတာ တစ်မျိုးပဲ”

လှေကျင်းက ချန်းချင်းအကြောင်းသိလို၍ အလိုက်သင့် ပြောလိုက်သည်။

“ဟုတ်တယ်”

ခေါင်းညိတ်ကာ ပြောလိုက်သည်။

လုံမွေးက ...

“ဒါဖြင့် ကြူးခြံဝင်းက ခင်ဗျားလာခဲ့တာ မဟုတ်လား၊ ကျုပ်တို့ကို မေးနေရသေးသလား”

“ကျုပ်ကို လူတစ်ယောက်က စကားလှကြုံပါးလိုက်တာနဲ့ ကြူးခြံဝင်းမှာ ဝင်ပြောရတာပါ၊ ဒါပေမယ့် ချန်းချင်းက ကျုပ်ကို မချေမင် ဆက်ဆံလိုက်လို့ ကျုပ်စိတ်ထဲ ခံပြင်းနေမိတယ်၊ ဒီလူ တော်တော်ဆိုးတဲ့လူပဲ”



ဖန်းဆွေက ချက်ချင်းပင် လှေကျင်း၏စကားကို ထောက်ခံပြောဆိုလိုက်သည်။

“ချန်းချင်းဟာ လောကမှာ သူတစ်ယောက်တည်း ရှိနေတဲ့အတိုင်းပဲ၊ တကယ့် ကြိုးဟုတ်ကောင်ပါဗျာ”

လှေကျင်းသည် အတွေ့အကြုံရင့်ကျက်သူပီပီ ဖန်းဆွေတို့၏ အားနည်းချက်ကို ချုပ်ကိုင်လိုက်သည်။

“သြော် ... မင်းတို့ကိုလည်း စော်ကားခဲ့သေးတာကိုး၊ အင်း ... သူဟာ အတော်လေးကို မောက်မာတဲ့လူကိုး၊ ငါနဲ့တွေ့တော့လည်း ဒီအတိုင်းပဲ”

“ဟာ ... မပြောပါနဲ့တော့ဗျာ၊ သူ့ကြောင့် ကျုပ်တို့ သုံးယောက် ရွာထဲမှာတောင် မျက်နှာမပြရဲအောင် ဖြစ်ခဲ့ကြရတာ၊ အခုဆိုရင် ရွာထဲမှာ ကျုပ်တို့ လမ်းတောင်မလျှောက်ရဲတော့ဘူး”

“ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ကျုပ်ကို ပြောပြနိုင်မလား၊ သိရတာပေါ့ကွာ၊ မင်းတို့ဘက်က စာနာနိုင်တာပေါ့”

လုံမွေးသည် ဒေါပွနေပြီဖြစ်ရာ လှေကျင်းက စကားနှိုက်နေသည်ကို သတိမပြုမိချေ။

“ဘယ်လို ဖြစ်ခဲ့ရတယ်ဆိုတာက ကြူးဝေကြောင့်ပဲ ပေါ့ဗျာ”

လှေကျင်းက အလိုက်အထိုက် ပြောလိုက်သည်။

“ကြူးဝေ ဟုတ်လား၊ အင်း ... သည်မိန်းကလေးဟာ အတော့်ကိုချောတဲ့ မိန်းကလေးပဲ”

လုံမွေး၏မျက်နှာတွင် မုန်းတီးသည့်အရိပ်အယောင်များ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ကြူးဝေဟာ ကျုပ်တို့ရွာမှာမပြောနဲ့ သည်တန်နယ်လုံးမှာ လုံးဝ ပြိုင်ဘက်ကင်းအောင်ချောတဲ့ မိန်းကလေးတစ်ယောက်ဗျ။ လူငယ်သဘာဝ ကျုပ်တို့က သူ့ကို ပိုးကြပန်းကြတာပဲ။ ဘာဖြစ်သလဲ၊ မိန်းကလေးလှတော့ ကာလသားတွေကြိုက်တယ်။ ဒါဟာ လွန်သလားဗျာ"

လွှေကျင်း ရင်ထိတ်သွားသည်။

ကြူးဝေအား လိုချင်မက်မောနေသူများ ရှိနေသည်ကို သိလိုက်ရပြီ မဟုတ်ပါလား။

လုံမွှေးကား အရှိန်ရနေပြီဖြစ်၍ ဆက်ပြောနေတော့သည်။

"ရှင်းရှင်းပြောရရင် ကျုပ်က ကြူးဝေကို ပိုးပန်းနေတာ သူက မကျေနပ်ဘူးလေ၊ ကျုပ်တို့ကို ရန်လုပ်တယ်၊ ကျုပ်က ကြူးဝေကို လက်ထပ်ယူချင်တာပါဗျာ၊ သူ့ရဲ့ စည်းစိမ်ဥစ္စာတွေကို မက်မောတာ မဟုတ်ပါဘူး"

ဖန်းဆွေက ဝင်ပြောသည်။

"တကယ်ဆိုရင် လူရော ပစ္စည်းရော အပိုင်စီးချင်တာက ချန်းချင်းဗျ"

"ဘယ်လို ... ဘယ်လို"

ဖန်းဆွေစကားကြောင့် လွှေကျင်း နားမလည်နိုင်အောင် ဖြစ်သွားရသည်။ ဤသည်မှာ လျှို့ဝှက်ချက်တစ်ခုဟု သူသိလိုက်သည်။

ဖန်းဆွေက ...

"ချန်းချင်းက အပိုင်စီးချင်တာလေဗျာ"

"နေပါဦး၊ ကြူးဝေဟာ သူရဲ့ညီမလေးပဲ မဟုတ်လား၊ ဘာလို့ အပိုင်စီးရမှာလဲ"



"ဘယ်ကလာ ... ချန်းချင်းဟာ ကြူးဝေအဖေ သူဌေးကြီးကြူးယိက မွေးစားခဲ့တဲ့ မွေးစားသားဗျ"

"ဟာ ..."

လွှေကျင်း လွှတ်ခနဲ အော်မိလိုက်သည်။

လုံမွှေးက ...

"ချန်းချင်းဟာ သူဌေးကြီးကြူးယိ ကွယ်လွန်သွားတာနဲ့ ကျန်ခဲ့တဲ့ပစ္စည်းတွေရော ကြူးဝေကိုပါ အပိုင်စီးဖို့ ကြိုးစားနေတာဗျ"

သူက မလိုတမာ ပြောလိုက်ခြင်း ဖြစ်သည်။ တကယ်တော့ ချန်းချင်းမှာ သူတို့ပြောသည်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ သူ့နှမကလေးကို ချစ်ခင်ကြင်နာခြင်းသာ ရှိသည်။ မည့်သည့် အခါမျှ သူတို့ပြောသကဲ့သို့ မဖြစ်ပွားခဲ့ပေ။

သို့သော် လွှေကျင်းအဖို့ကား ယုံချင်စရာကြီးပင်တည်း။

ချန်းချင်း သူ့အပေါ် မချေမငံ ဆက်ဆံသည်ကိုလည်းကောင်း၊ သခင်လေးတုဖုံးအား မလိုလားကြောင်း ဖော်ပြနေခြင်းသည်လည်းကောင်း ဖန်းဆွေပြောနေသကဲ့သို့ လူရော ပစ္စည်းပါ အပိုင်စီးလို၍သာ ဖြစ်ရမည်ဟု ထင်မှတ်သွားတော့သည်။ ချန်းချင်းကား အထင်မှားခံရာ ဖြစ်နေတော့သည်။

ချန်းချင်းသည် မွေးစားသားဖြစ်ပြီး ကြူးဝေနှင့် မောင်နှမအရင်းအချာမဟုတ်သည်ကို တုဖုံးက သိရှိနေပါ၏လော။

လွှေကျင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေတော့သည်။

"ငါတို့ ဦးကို ခွင့်ပြုကြပါဦး"

ပြောပြောဆိုဆို မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းပေါ်ရောက်သွားသည့် လွှေကျင်းအား နားမလည်နိုင်စွာဖြင့် လုံဖွေးတို့က ကြောင်အမ်းအမ်းဖြင့် ကြည့်နေကြသည်။

လွှေကျင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ထို့နောက် ...

"ကျုပ် သွားတော့မယ်၊ နောက်မှ တွေ့ကြသေးတာပေါ့"

လွှေကျင်းသည် လုံဖွေးတို့အားနှုတ်ဆက်ကာ မြင်းဒုန်းစိုင်းမောင်းနှင်သွားလေတော့သည်။

"ခွပ်ခွပ် ... ခွပ်ခွပ်"

"ခွပ်ခွပ် ... ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာတော့သည်။

လုံဖွေးတို့ ငေးကြည့်နေစဉ်မှာပင် လွှေကျင်းသည် တဖြည်းဖြည်း ဝေး၍ဝေး၍သွားကာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

○ ○ ○

အခန်း (၃၄)

## အောင်သွယ်များ

"ဝုန်း ..."

"ခွမ်း ..."

ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်။

ချန်းချင်းက အရက်အိုးများ၊ ပန်းကန်များကို အခန်းနံရံဆီသို့ ပစ်ပေါက်လိုက်ခြင်း ဖြစ်သည်။

ချန်းချင်း၏မျက်လုံးများ ရဲရဲနီနေသည်။

သူ၏ပါးစပ်မှ အရက်နံ့တထောင်းထောင်း ထွက်နေသည်။

"သွားကြ ... သွားကြ ... တစ်ယောက်မှ ငါ့ဆီကို မလာကြနဲ့"

သူက ဒေါသတကြီးဖြင့် အော်ဟစ်နေသည်။

လွှေကျင်း ပြန်သွားသည့်နေ့မှစ၍ ကြိုးဝေသည် သူ့အား အကြောက်ကာ စကားမပြောတော့ချေ။

ချန်းချင်းကိုယ်တိုင် ဝမ်းနည်းကြေကွဲမှုများအပြင်၊ ခံပြင်းဒေါသများကြောင့် ဂနာမငြိမ် ဖြစ်ခဲ့ရပြီး နောက်ဆုံး အရက်ဖြင့် ...များ မေ့ပျောက်စေရန် မိုးမလင်း နေ့မလင်း သောက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တကယ်တမ်းတွင် မေ့ပျောက်ကွယ်သွားသည်တော့ မဟုတ်ချေ။

သောက်လေသောက်လေ မူးလာလေ ကြူးဝေအား သူ့ဘဝထဲမှ ဆွဲခေါ်သွားမည့်အဖြစ်ကို တွေးတောစဉ်းစားမိရင်း ဒေါသဖြစ်လာသည်။

ချန်းချင်းသည် ပန်းဥယျာဉ်ထဲ မဆင်းတော့ပါ။

ထမင်းမှန်းမသိ၊ ဟင်းမှန်းမသိအောင် အချိန်ရှိသရွေ့ အရက်ကိုသာ အဖော်ပြုနေတော့သည်။

ချန်းချင်းကြောင့် ကြူးဝေမှာ စိတ်ညစ်နေရတော့သည်။

အပူတစ်ပူပေါ် တစ်ပူဆင့်ရလေတော့သည်။

ယနေ့လည်း ချန်းချင်း အခန်းတွင်း၌ တစ်ယောက်တည်းထိုင်ရင်း အရက်သောက်ရင်းဖြင့် ဗြောင်းဆန်နေသည်ကို အခန်းပြင်ဘက်မှ နားစွင့်ရင်း ကြူးဝေမှာ မျက်ရည်ဖြိုင်ဖြိုင်ကျနေမိတော့သည်။

"ငါ့ရဲ့ညီမလေးက ချစ်သူရှိတယ်တဲ့လား"

ချန်းချင်း၏ အဆက်မပြတ် ရေရွတ်နေသံကို ကြားရသည်။

ကြူးဝေ မနေနိုင်တော့ပါ။ သူမ၏အစ်ကိုသည် သူမကို အမြဲလိုက်လျောခဲ့သူ မဟုတ်ပါလား။

အစ်ကိုဖြစ်သူအပေါ် သံယောဇဉ်ကြီးမားလှသူပီပီ ချန်းချင်းယခုကဲ့သို့ စိတ်ဆင်းရဲနေသည့်အဖြစ်ကို ကြည့်မနေနိုင်တော့ချေ။

သူမကပင် အလျှော့ပေးရန် ဆုံးဖြတ်လိုက်လေတော့သည်။

ကြူးဝေ အခန်းတွင်းသို့ လှမ်းဝင်လိုက်သည်။

ချန်းချင်း၏အခန်းတွင်း၌ ပစ္စည်းပစ္စယများဖြင့် ရှုပ်ထွေးနေသည်။ တစ်ခန်းလုံးလည်း ရှုပ်ပွနေသည်။



ချန်းချင်းသည် ကြမ်းပြင်ပေါ်၌ ခြေပစ်လက်ပစ် ထိုင်နေသည်။

သူ၏အဝတ်အစားများမှာ ညစ်ပတ်ပေကျံကာ ချေးညှော်များ အလိမ်းလိမ်း ကပ်ငြိပေကျံနေသည်။

ကြူးဝေ ရောက်လာသည့်ခြေသံကြားလျှင် လှည့်ကြည့်လိုက်သည်။ ကြူးဝေအား တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးသည့်အလား ငေးကြည့်နေသည်။

"အစ်ကို ..."

ကြူးဝေက ကြေကွဲစွာ ခေါ်လိုက်သည်။

ချန်းချင်း ပြန်မထူးဘဲငေးကြည့်နေမြဲ။ သူ့ စိတ်အချဉ်ပေါက်နေလေသည်။

ကြူးဝေသည် ချန်းချင်းအနီးသို့ ချဉ်းကပ်သွားပြီး ပြောသည်။

"အစ်ကိုရယ် ... ဘာကြောင့် ကိုယ့်ကိုယ်ကို ဒီလောက်တောင် ဒုက္ခပေးနေရတာလဲ၊ အစ်ကို စိတ်ဆင်းရဲအောင် ညီမလေး လုပ်ခဲ့မိတာကို တောင်းပန်ပါတယ်ရှင်"

ချန်းချင်း လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"ညီမလေး ..."

သူ၏အသံ ဗလုံးဗထွေး ထွက်ပေါ်လာသည်။

ကြူးဝေက ...

"ညီမ မှားပါတယ်၊ ညီမကို ခွင့်လွှတ်ပါနော်"

"ညီ ... ညီမလေး အစ်ကို့ဆီလာတယ်၊ အစ်ကို့ကို စကားပြောတယ် ဟုတ်လား၊ ဝမ်းသာလိုက်တာ"

ချန်းချင်းမှာ တုန်တုန်ရီရီဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ညီမလေးသည် သူ့အပေါ် အမြင်ကြည်လင်သွားပြီဟု ယုံမှတ်မိသည်။

ကြူးဝေသည် သူ့အား ရှောင်နေခဲ့သလို မလွဲမရှောင်သာ ဆုံတွေ့မိလျှင်လည်း စကားမပြောဘဲနေခဲ့သည် မဟုတ်ပါလား။

ချန်းချင်း၏စကားကြောင့် ကြူးဝေပို၍ စိတ်မကောင်းဖြစ်သွားရပါတော့သည်။

ချန်းချင်း၏ မေတ္တာတရားကို ဥပေက္ခာပြုမိသည့်အတွက် သူမ မှားယွင်းနေပြီဟုလည်း ယူဆလာသည်။

ချန်းချင်းအား တောင်းပန်စရာစကား ရှာမတွေ့တော့ပါ။

"အစ်ကိုရယ် ... ညီမကို ခွင့်လွှတ်ပါတော့"

သူမက ခပ်ညည်းညည်းလေး ပြောလိုက်မိတော့သည်။

"ညီမလေး အစ်ကို့ကို ခွဲမသွားဘူးနော်"

ချန်းချင်းက ဝမ်းသာအားရပြောသည်။

သူ့ညီမလေးသည် သူ့အား ခွဲသွားမည်ကို သူ စိုးရိမ်နေမိသည် မဟုတ်ပါလား။

"ညီမ ..."

သူမ စကားဆက်မပြောနိုင်ပါ။

စကားလုံးများသည် လည်ချောင်းဝတွင် တစ်ဆို့ကွယ်ပျောက်သွားသည်။

ချန်းချင်းက တောင်းပန်လေသည်။

"ညီမလေးရယ် ... သူတို့လာရင် စကားမပြောဘဲ ရှောင်နေမယ်လို့ ကတိပေးစမ်းပါ ညီမရယ်"



အမုန်တော့ တုဖုံးနှင့် အဆက်အသွယ်မလုပ်ရန် တောင်းဆိုလိုရင်းဖြစ်သည်။

တုဖုံးအား မေ့ပစ်လိုက်ပါဆိုသည့်စကားကို ပြောမထွက်ပါ။

ကြူးဝေက တုဖုံးအပေါ် မေတ္တာသက်ဝင်နေမှန်း သူ ရိပ်မိသားသည်။ မိန်းကလေး၏စိတ်ကို ခန့်မှန်း၍ မရနိုင်ပါ။

ကြူးဝေ ပင့်သက်ရှိုက်လိုက်သည်။

"အစ်ကို စိတ်ချမ်းသာစေရပါ့မယ်ရှင်"

ချန်းချင်း၏မျက်နှာ ချက်ချင်း ပြုံးရွှင်လာသည်။

"ညီ ... ညီမလေး ကတိပေးတယ်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ ကတိပေးပါတယ်ရှင်"

"ဝမ်းသာလိုက်တာ ညီမလေးရယ်"

ချန်းချင်းက ကြူးဝေအား သိုင်းဖက်ထားလိုက်သည်။

ကြူးဝေကလည်း ချန်းချင်း၏ရင်ထဲတိုးဝင်ကာ ငိုကြွေးလိုက်တော့သည်။ ဝမ်းနည်း၍လော၊ ဝမ်းသာ၍လော။ မည်သူပြောနိုင်မည်နည်း။

ချန်းချင်းကား ကြူးဝေသည် တုဖုံးနှင့် အဆက်အသွယ်ဖြတ်လိုက်တော့မည်ဟု ယုံကြည်မိသည်။

"ညီမလေးရယ် တို့မောင်နှမနှစ်ယောက် တစ်သက်လုံး မခွဲဘဲ အတူတူနေကြမယ်နော်"

ချန်းချင်းက တတွတ်တွတ်ပြောဆိုနေလေတော့သည်။

ထိုအချိန်မှာပင် ...

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

ခေါ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်း မျက်နှာပျက်သွားသည်။ အဘယ်သူနည်း။

ကြူးဝေ၏လက်ကို တင်းကျပ်စွာဆုပ်ကိုင်ရင်း ...

"ညီမလေး ... အခန်းထဲမှာပဲနေ၊ ဘယ်သူဖြစ်ဖြစ် ထွက်မတွေ့ရဘူး၊ စကားမပြောရဘူးနော်"

ကြူးဝေ မတတ်သာတော့ဘဲ ခေါင်းညိတ်လိုက်ရသည်။

"ကောင်းပါပြီရှင် ..."

ချန်းချင်းက အခန်းထဲမှ ချက်ချင်းထွက်လာခဲ့လေတော့သည်။

○ ○ ○

အိမ်ရှေ့တွင် အဘိုးအိုတစ်ယောက် ရှိနေသည်။

ထိုအဘိုးအိုအား တွေ့ရလျှင် ချန်းချင်း အံ့အားသင့်သွားသည်။

ထိုအဘိုးအိုသည် ရွာလူကြီးမုဝီးဖြစ်နေသည် မဟုတ်ပါလား။ မုဝီးသည် မည်သည့်အကြောင်းနှင့် ကြူးခြံဝင်းသို့ လာပါသနည်း။

ရွာလူကြီးမုဝီးသည် တရားမျှတကြောင်း လုံမွေးနှင့် ပြဿနာဖြစ်ခဲ့ပြီးကတည်းက သူ သိရှိခဲ့သည်။

မည်သည့် ဧည့်သည်မျှ မလာဘူးဘဲ ရွာလူကြီးက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာ၍ အံ့သြခြင်းမက အံ့သြနေတော့သည်။

"ဦးလေးမုဝီး ... အိမ်ထဲဝင်ပါ"

သူက ကပျာကယာ ဖိတ်ခေါ်လိုက်သည်။

မုဝီး အိမ်ထဲဝင်လာသည်။

ချန်းချင်းက ဧည့်ခန်းထဲတွင် နေရာထိုင်ခင်းပေးရင်း မေးလိုက်သည်။



"ဦးလေးမုဝီး ... ဘာကိစ္စရှိလို့လဲ၊ လုံမွေးတို့နဲ့ ပတ်သက်နေသလား၊ ဒီကောင်တွေ ဘာလုပ်ကြပြန်ပြီလဲ"

လုံမွေးတို့နှင့် သက်ဆိုင်၍သာ ရောက်လာကြောင်း ထင်မှတ်မိ၍ မေးလိုက်ခြင်းဖြစ်သည်။

မုဝီး ခေါင်းခါယမ်းလိုက်သည်။

"လုံမွေးတို့ မင်းနဲ့ပြဿနာဖြစ်ပြီးကတည်းက ခြေငြိမ်သွားကြပါပြီ"

"ဒါဖြင့် ..."

"ကျုပ်က မင်းတို့ မောင်နှမနှစ်ယောက်ရဲ့အကျိုးကို မျှော်ကိုးပြီး လာခဲ့တာပါ"

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"ချန်းချင်း ... မင်းတို့ မောင်နှမနှစ်ယောက် ဒီခြံဝင်းထဲက မထွက်ဘဲ တစ်သက်လုံး နေသွားကြတော့မှာလား၊ လောကကြီးကို ဥပေက္ခာပြုထားကြတော့မှာလား"

"ဦးလေးမုဝီး ဘာကိုဆိုလိုတာလဲ၊ ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်ခင်ဗျာ"

မုဝီး သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကောင်းပြီလေ ... ကျုပ် ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီကို လာတာဟာ ကျုပ်မိတ်ဆွေတစ်ယောက်က ကျုပ်ကို အောင်သွယ်လုပ်ခိုင်းလာလို့ အဲဒါ ..."

စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ ချန်းချင်းအား အကဲခတ်ကြည့်လိုက်သည်။

ချန်းချင်း မျက်လုံးပြူးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်သွယ်ဆိုသည့်စကားကြောင့် ဦးခေါင်းထဲ အုန်းခနဲဖြစ်သွားရသည်။ သူ့ဦးခေါင်း မီးပွင့်သွားလေသည်။

မုဝီးက မပြောမပြီးမတီးမမြည် ပြောဆိုရတော့သည်။

"သိုင်းရာဇာတုစိမ်းဟာ ကျုပ်ရဲ့ မိတ်ဆွေတစ်ယောက်ဆိုရင် မမှားပါဘူး၊ သူ့ရဲ့သားနဲ့ မင်းရဲ့ညီမကို လက်ထပ်ပေးလိုတဲ့ဆန္ဒရှိနေတယ်၊ ကျုပ်ကို အောင်သွယ်ပေးဖို့ အကူအညီတောင်းလာတာကြောင့် ..."

သူ၏စကားမဆုံးမီ ချန်းချင်း ကြားဖြတ်ပြောလိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော့်ရဲ့ညီမကို ဘယ်သူနဲ့မှ သဘောမတူနိုင်ပါဘူး၊ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့မောင်နှမနှစ်ယောက်ဟာ ဘယ်တော့မှမခွဲဘဲ အတူတူရှိနေမှာမို့ပါ"

"ချန်းချင်း မင်း သေသေချာချာ စဉ်းစားပါဦး"

"ကျွန်တော် စဉ်းစားခဲ့တာ ကြာပါပြီ၊ ကျွန်တော့် ညီမကို ကျွန်တော်ပဲ တစ်သက်လုံး စောင့်ရှောက်သွားပါမယ်"

မုတီး ခေါင်းခါယမ်းလိုက်သည်။

"မင်းတို့တွေ အရွယ်ရောက်နေပြီ၊ အိမ်ထောင်မပြုဘဲနေကြတော့မှာလား၊ မင်းက မင်းရဲ့ညီမကို ဘယ်အတိုင်းအတာအထိစောင့် ရှောင်နိုင်မှာလဲ၊ မင်းညီမအတွက်လည်း ထည့်စဉ်းစားပေးပါဦး၊ သူ လည်း အတောင်အလက်စုံနေပြီကွယ့်"

ထိုစကားကြောင့် ချန်းချင်း ငိုင်ကျသွားသည်။

မုဝီးက ဆက်ပြောလိုက်သည်။

"တုဖုံးဟာ မိကောင်းဖခင် သားသမီးပါ၊ မင်းရဲ့ညီမလေးကို



ဘကယ်ချစ်တယ်ဆိုရင် သူ စိတ်ချမ်းသာအောင် မင်း ဆောင်ရွက်ပေးသည့်တယ်"

ချန်းချင်းသည် စိတ်ရှုပ်ထွေးနေသည့်ကြားမှ ညီမငယ်နှင့် ခွဲခွာရမည့်အရေးကို တွေးမိသဖြင့် ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။ သူ့နှမလေးကို မည်သူ့လက်ထဲမှ မထည့်နိုင်ပါ။ ဒါ ... သူ့ဆုံးဖြတ်ချက် ဖြစ်ပါသည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော် သဘောမတူနိုင်ပါဘူး"

ဟု ဖြတ်အတင်းပြေချလိုက်လေတော့သည်။

ချန်းချင်း၏ ခေါင်းမာမှုကြောင့် မုဝီးစိတ်ပျက်သွား၏။

"ကောင်းပြီလေ ... မင်း သဘောမတူမှတော့ ငါ ဘယ်တတ်နိုင်ပါ့မလဲ၊ တုစိမ်းကို မကူညီနိုင်လို့ တောင်းပန်ရုံပဲပေါ့"

ခပ်ညည်းညည်းပြောရင်း ထိုင်ရာမှထကာ ထွက်ခွာသွားလေတော့သည်။

○ ○ ○

ဆယ်ရက် ...

ဆယ်ရက်ဟူသောအချိန် ကုန်ဆုံးသွားလေပြီ။

ချန်းချင်းနှင့် ကြူးဝေတို့ မောင်နှမနှစ်ယောက် ပြန်လည်သင့်မြတ်ခဲ့သည်မှာ ဆယ်ရက်ပြည့်ခဲ့လေပြီ။

သူတို့သည် အိမ်မှုကိစ္စအဝဝကို အတူတကွ လုပ်ကိုင်ကြသည်။ ချစ်ခင်ယ်မောမော ပြောဆိုကြသည်။ တစ်ယောက်ကိုတစ်ယောက် အချိန်ပြည့်ကြည့်ကြည့် နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်စွာမှပင် ချစ်ခင်ကြသည့် မောင်နှမနှစ်ယောက်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

သို့သော် သူတို့နှစ်ယောက်၏ စိတ်ထဲ၌ကား ယခင်ကကဲ့သို့ တစ်စိတ်တစ်ဝမ်းတည်း မရှိကြတော့မှန်း နှစ်ယောက်စလုံး နားလည်သဘောပေါက်ထားကြလေတော့သည်။

ချန်းချင်း၏စိတ်ထဲ၌ ကြူးဝေသည် တုဖုံးနောက် ပါသွားမည်ကို စိုးရိမ်နေသကဲ့သို့ ကြူးဝေမှာလည်း သူမ၏ မေတ္တာရေးကို ချန်းချင်းက ချုပ်ချယ်နေသည်ဟု ခံစားနေရသည်။

ရှာလူကြီးမုဝီးနှင့် ချန်းချင်းတို့ ပြောဆိုခဲ့ကြသည့်စကားများကို ကြူးဝေ ကြားသိထားခဲ့ပါသည်။

တုဖုံးသည် ချန်းချင်းသဘောမတူမှန်းသိ၍ ကိုယ်တိုင်မလာဘဲ ရှာလူကြီးအား အောင်သွယ်လုပ်ခိုင်းခြင်းဖြစ်ကြောင်း နားလည်သဘော ပေါက်မိသည်။

ရှာလူကြီးသည် ချန်းချင်းအား နားချနိုင်မည်ဟုလည်း တုဖုံး ယူဆထားခဲ့ပုံရသည်။

သို့သော် ချန်းချင်းက ခါးခါးသီးသီး ငြင်းဆန်လိုက်ခြင်းကြောင့် ရှာလူကြီး စိတ်ပျက်ကာ လက်လျှော့ပြန်သွားရလေတော့သည်။

ရှာလူကြီးထံမှ တုဖုံး၏သတင်းကြားရပြီးနောက် တုဖုံးနှင့် ... လိုစိတ်များ ကြူးဝေ၏ရင်ထဲ၌ ပြင်းပျစွာ ဖြစ်ပေါ်နေပေတော့သည်။

သို့တိုင် ချန်းချင်းအား ကတိပေးထားသည့်အတိုင်း ကြူးဝေ ... အမူအရာမပျက် နေထိုင်ခဲ့သည်။ ရှာလူကြီးရောက်လာသည့်ကိစ္စ ... ပတ်သက်၍ တစ်လုံးမျှ မမေးသလို ချန်းချင်းကလည်း မပြော ...



မောင်နှမနှစ်ယောက် တွေ့ဆုံမိချိန်၌ ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောရှိနေတတ်သော်လည်း လူချင်းခွဲခွာလိုက်သည်နှင့် နှစ်ယောက်စလုံး တွေဝေငေးမောသွားတတ်ကြသည်။ နှစ်ဦးစလုံး အမူရုပ်ကို ဟန်လုပ်နေကြခြင်းပေတည်း။

မုဝီး လက်လျှော့ပြန်သွားပြီး ဆယ်ရက်မြောက်သည့်နေ့တွင် ကြူးဝေသည် ထမင်းပွဲပြင်ဆင်ပြီးပြီဖြစ်၍ ချန်းချင်းအားခေါ်ရန် ပန်းဥယျာဉ်ဆီသို့ ထွက်လာခဲ့ကြသည်။

ပန်းဥယျာဉ်ထဲသို့ရောက်လျှင် ချန်းချင်းသည် ပန်းပင်များအား ရေလောင်းနေသည်ကို တွေ့ရသည်။

ကြူးဝေ သက်ပြင်းချလိုက်သည်။

ချန်းချင်း အခန်းအောင်းကာ အရက်ချည်းဖိသောက်နေခဲ့သည့် နေ့ရက်များကို ပြန်လည်မြင်ယောင်လာမိလေသည်။

"အစ်ကိုဟာ ငါ့ကို အတော်ချစ်တာပဲ၊ ငါ့ကြောင့် သူ့ကိုယ်သူ ...ဆီးပစ်လိုက်တာကို ငါ လက်မခံနိုင်ဘူး"

သူမသည် ချန်းကျင်းအား လှမ်းခေါ်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် ...

"ခွပ်ခွပ် ... ခွပ်ခွပ်"

ခြံဝင်းဝမှ မြင်းခွာသံများ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

ကြူးဝေ အံ့သြသွားသည်။

"ဘယ်သူတွေပါလိမ့်၊ အစ်ကိုတုဖုံးတို့များလား"

ထိုစဉ် ...

"ညီမလေး ..."

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ချန်းချင်း၏ခေါ်သံ ကြားလိုက်ရသဖြင့် ကြူးဝေ လန့်သွားသည်။ ချန်းချင်းမှာ သူ့အနီးသို့ ရောက်ရှိလာသည်။

"ညီမလေး အိမ်ထဲမှာသွားနေပါ"

ကြူးဝေ စိတ်ဓာတ်ကျဆင်းသွားသည်။

သို့သော် ဘာမှမပြောဘဲ ချာခနဲ လှည့်ထွက်သွားသည်။

ကြူးဝေ အိမ်ထဲရောက်ရှိ ပျောက်ကွယ်သွားမှ ခြံဝင်းဝသို့ ခပ်သွက်သွက် လှမ်းသွားလိုက်သည်။

ခြံဝင်းအပြင်ဘက်၌ မြင်းစီးသမားဆယ်ယောက်တို့သည် မြင်းလှည်းတစ်စီးအား ခြံရံကာ ရပ်တန့်နေကြသည်။

မြင်းစီးသမားများသည် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသော လက်ရွေးစင်ရဲမက်များ ဖြစ်ကြပြီး မြင်းလှည်းပေါ်၌ လွှင့်ထူထားသောအလံပေါ်၌ ရွှေရောင်စာလုံးများတလူလူလွင့်နေသော ...

"ပေ့စန်းနယ်စားကြီး"

ဆိုသော စာတမ်းကို ချန်းချင်း တွေ့လိုက်ရသည်။

ချန်းချင်း မျက်လုံးပြူးသွားသည်။

"ဟိုက် ... ပေ့စန်းနယ်စားကြီးရဲ့ လူတွေပါလား"

ပန်းနီကျေးရွာသည် ပေ့စန်းနယ်ပိုင်နက်အတွင်း၌ တည်ရှိနေပေသည်။

ပန်းနီရွာမှလူတိုင်း ပေ့စန်းနယ်စားကြီးအား ရိုသေလေးစားရမည်သာ ဖြစ်သည်။ ဤသည်မှာ ပဒေသရာဇ်တို့ကို ရိုသေရသော ပြည်သူပြည်သားတို့၏ အစဉ်အလာပေတည်း။

နယ်စားဟူသည့် အရှိန်အဝါသည် ရိုးသားသည့် ရွာသူရွာသားများအတွက် ဒူးတုန်သွားစရာ ဖြစ်နေတော့သည်။



ချန်းချင်း ငေးကြည့်နေစဉ်မှာပင် မြင်းစီးသမားတစ်ဦးသည် မြင်းပေါ်မှဆင်းလာပြီး ခြံဝင်းတံခါးဝ၌ ရပ်နေသည့် ချန်းချင်းအနီးသို့ လျှောက်လာသည်။

တစ်ဆက်တည်းပင် ချန်းချင်းအား အကဲခတ်ကြည့်ကာ မေးလာသည်။

"ဒါ ကြူးခြံဝင်းလား"

ချန်းချင်းက အပြင်ဘက် လှမ်းထွက်ကာ ...

"ဟုတ်ပါတယ်"

"ဒါဖြင့် မင်းက ချန်းချင်းပေါ့"

"ဟုတ်ပါတယ်"

"အတော်ပဲ လာ ... ကျုပ်နောက်လိုက်ခဲ့"

မြင်းစီးသမားသည် ချန်းချင်းအား ခေါ်ဆောင်သွားကာ မြင်းလှည်းဆီသို့ သွားသည်။ သူ့အသံက အာဏာသံ ပါသည်။

မြင်းလှည်းအနီးသို့ရောက်လျှင် ထိုလူက မြင်းလှည်းတွင်းသို့ အစီရင်ခံလိုက်သည်။

"နယ်စားကြီးခင်ဗျာ၊ ကြူးခြံဝင်းက ချန်းချင်း ရောက်လာပါပြီ"

သူ အစီရင်ခံပြီး မရှေးမနှောင်းမှာပင် မြင်းလှည်းတံခါးပွင့်သွားပြီး အသက်ခြောက်ဆယ်ခန့်ရှိသည့် အဘိုးအိုတစ်ယောက် ဆင်းလာလေသည်။

ထိုအဘိုးအိုသည် ဥပဓိရုပ်ကောင်းပြီး နယ်စားတစ်ဦး၏ အဆောင်အယောင် ဝတ်ဆင်ထားသည်။ သူ ဝတ်ဆင်ထားသည့် အဝတ်အစားများမှာ ပိုးဖဲများပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ပေ့စန်းနယ်စားကြီးပင် ဖြစ်လေသည်တကား။

ချန်းချင်းက ချက်ချင်းပင် ဦးညွှတ်အရိုအသေပြုလိုက်သည်။ အရိုအသေမပြု၍လည်း မရှိချေ။ ပဒေသရာဇ်၏ ထုံးစံပင်။

"နယ်စားကြီးကို ဂါရဝပြုပါတယ်"

နယ်စားကြီးက ချန်းချင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်သည်။

"ကြူးခြံဝင်းကို ကျုပ် တစ်ခါမှ မရောက်ဘူးပေမယ့် ခြံဝင်းပိုင်ရှင် သူဌေးကြီးကြူးယိရဲ့ သတင်းကိုတော့ ကောင်းကောင်းကြီးကြားဖူးထားပါတယ်၊ သူဌေးကြီးဟာ ထိုက်ယန်မြို့ရဲ့ စီးပွားရေးတိုးတက်လာအောင် ဦးစီးဦးရွက်ပြုခဲ့သူ တစ်ယောက်ပဲ၊ ဘာလိုလိုနဲ့ သူကွယ်လွန်သွားတာ သုံးနှစ်တောင် ရှိသွားပြီနော်"

ချန်းချင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ဖေဖေ ကွယ်လွန်သွားတာ သုံးနှစ်ရှိပါပြီ"

သူဌေးကြီးကြူးယိသည် သွေးရိုးသားရိုး သေဆုံးခဲ့ခြင်း မဟုတ်ဘဲ အကောက်ကြံခံခဲ့ရခြင်း ဖြစ်သည်။

ဤအဖြစ်မှန်ကို မည်သူမျှ မသိကြပါ။ ချန်းချင်းကလည်း မပြောပါ။

လောက်ဝူးသာ အကောက်မကြံလျှင် သူဌေးကြီးကြူးယိသည် ယခုတိုင် အသက်ရှင်နေဆဲဖြစ်မည်ဟု ချန်းချင်း နားလည်ထားသည်။

နယ်စားကြီးက ...

"အင်း ... အခုအချိန်မှာ သူဌေးကြီးကြူးယိမရှိတော့တဲ့အတွက် ကျုပ်ရဲ့ လာရင်းကိစ္စကို မင်းကိုပဲ ပြောရတော့မှာပေါ့"

"ဟုတ်ကဲ့ ... ပြောပါခင်ဗျာ"



"ကျုပ်ရဲ့ လာရင်းကိစ္စက မင်းရဲ့ညီမနဲ့ ပတ်သက်နေတယ်၊ ကျုပ်က မင်္ဂလာစကားပြောဖို့ လာခဲ့တာပါ"

ချန်းချင်း မျက်နှာပျက်သွားသည်။

သူက နယ်စားကြီး၏လာရင်းကိစ္စအား သိလိုက်ရလေပြီ။

နယ်စားကြီးက ...

"သိုင်းရာဇာတုစိမ်းဆိုတာ ကျုပ်တို့ပေ့စန်းနယ်မှာသာမကဘဲ သိုင်းလောကမှာ လူအများ ကြည်ညိုလေးစားနေရတဲ့ ပုဂ္ဂိုလ်ကျော်တစ်ယောက်ပါ၊ သူ့ရဲ့သားက မင်းညီမကိုမှ မေတ္တာသက်ဝင်နေမိတော့ ကျုပ်က လာရောက်စေ့စပ်ပေးရတာပါပဲ၊ မင်းတို့အတွက် ကျုပ် ဂုဏ်ယူလို့မဆုံးပါဘူး၊ တုစိမ်းကိုယ်တိုင်က မင်းညီမအကြောင်း ခုံမင်းသိရှိထားပြီး သူ့သားနဲ့ ထိမ်းမြားပေးဖို့ ကြည်ကြည်ဖြူဖြူ သဘောတူခဲ့တာပါ၊ မင်းတို့မောင်နှမနှစ်ယောက် ဂုဏ်သရေရှိရှိ ရပ်တည်နိုင်တော့မှာ သေချာပါတယ်"

ချန်းချင်းသည် သိုင်းရာဇာတုစိမ်း၏သားနှင့် ညီမဖြစ်သူကို သဘောမတူဘဲနေမည်မဟုတ်ဟု နယ်စားကြီးက ယုံကြည်ထားပုံရသည်။

ချန်းချင်း သက်ပြင်းချလိုက်သည်။

ကြူးယိ သေဆုံးသွားသည့်ကိစ္စနှင့်ပတ်သက်ပြီး သူက မည်သူ့ကိုမျှ မယုံကြည်ရဲတော့ပါ။

ညီမဖြစ်သူအား သူသာလျှင် ကောင်းမွန်စွာဖြင့် တစ်သက်လုံး စောင့်ရှောက်သွားရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ကြူးဝေအား သူသာလျှင် ကောင်းမွန်စွာစောင့်ရှောက်ထားနိုင်

www.burmeseclassic.com

www.burmeseclassic.com



မည်။ ကြူးဝေ၏ဘဝ လုံခြုံအောင် ကာကွယ်ပေးနိုင်မည်ဟု ယုံကြည်ထားပေသည်။

ထို့ကြောင့် နယ်စားကြီးအား ရှိသေလေးစားသော်လည်း ခံယူချက် မပြောင်းနိုင်ဘဲ ငြင်းဆိုလိုက်သည်။

နယ်စားကြီးမှာ မည်သို့မျှ ဖျောင်းဖျ၍မရတော့သည့်နောက်ဆုံး လက်လျှော့သွားရသည်။

"အင်းလေ ... မင်းဘက်က သဘောမတူတော့ ဘယ်တတ်နိုင်မှာလဲ၊ ကျုပ်ကို တုစိမ်းက မေတ္တာရပ်ခံတာကြောင့် လာခဲ့ရတာပါ၊ မကြာခင် တုစိမ်းကိုယ်တိုင် မင်းကို လာတွေ့တော့မှာ သေချာတယ်၊ ကဲ ... ကျုပ်သွားမယ်"

နယ်စားကြီးသည် ကိုယ်ရံတော်ရဲမက်များအား ခေါ်ဆောင်ကာ ပြန်လည်ထွက်ခွာသွားလေတော့သည်။

ချန်းချင်းမှာ တုစိမ်းကိုယ်တိုင် ရောက်လာလိမ့်မည်ဆိုသောစကားကြောင့် ငူငူကြီးဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

○ ○ ○

အခန်း (၃၅)

# အမှုည

ယနေ့ ...

ယနေ့ဆိုလျှင် ချန်းချင်း အရက်ပြန်သောက်နေသည်မှာ ဆယ့်ငါးရက်တင်းတင်း ပြည့်ခဲ့ပြီဖြစ်သည်။

နယ်စားကြီး ပြန်သွားသည့်အချိန်မှစ၍ နေ့မှန်းမသိ ညမှန်းမသိအောင် သောက်ခဲ့ခြင်း ဖြစ်သည်။

သူသည် ကြူးဝေ၏ပြဿနာကို လွယ်လွယ်နှင့် ပြီးဆုံးသွားလိမ့်မည်ဟု ယုံကြည်ထားခဲ့သည်။

သို့သော် သူ ထင်မှတ်ထားသလို ဖြစ်မလာခဲ့ဘဲ အခြေအနေမှာ ပိုဆိုးလာခဲ့သည်။ အောင်သွယ်များတစ်ယောက်ပြီးတစ်ယောက် ရောက်လာခဲ့သည်။

တုဖုံးသည် အောင်သွယ်တော်များ တစ်ယောက်ပြီးတစ်ယောက် စေလွှတ်၍ သူ့အား နားချရန်ကြိုးစားခဲ့သည် မဟုတ်ပါလား။

ရွာသူကြီး၊ နယ်စားကြီးစသည့် အရေးပါအရာရောက်သူများ

www.burmeseclassic.com

www.burmeseclassic.com



အား စေလွှတ်နိုင်သည်ကို ထောက်ချင့်ကာ တုပို၏ ဩဇာအရှိန် အဝါ မည်မျှရှိသည်ကို ထောက်ချင့်ကာ တုဖုံး၏ဩဇာအရှိန်အဝါ မည်မျှရှိသည်ကို သိနိုင်သည်။

တုဖုံးက ပြသော အရှိန်အဝါကြီးမားလေလေ၊ ချန်းချင်းက စိုးရိမ်မကင်း ဖြစ်လာလေပင်။ သူ့ညီမအတွက် သူ အလွန်စိုးရိမ်သည်။

တုဖုံးသည် ကြူးဝေအား မရမချင်း လက်လျှော့မည်မဟုတ်မှန်း ထင်ရှားပေါ်လွင်နေသည်။

ကြူးဝေကိုယ်တိုင်လည်း တုဖုံးအပေါ် သံယောဇဉ်တွယ်တာနေသည်။

ရှာသူကြီးနှင့် နယ်စားကြီးတို့အား သူက ခါးခါးသီးသီးငြင်းဆန်လိုက်သည့်အဖြစ်ကို သူမ သိရှိထားသည်။

သူ့အပေါ် စိတ်ခုသွားပြီး စကားမပြောတော့ပါ။ သူတို့၏ သာယာချမ်းမြေ့ခြင်းမှာ ပျက်စီးသွားခဲ့လေပြီ။

သူတို့ မောင်နှမနှစ်ယောက်၏ အေးချမ်းသာယာနေသော ဘဝလေး ကွယ်ပျောက်သွားခဲ့လေပြီ။

ယခုတစ်ကြိမ် ကြူးဝေသည် လုံးဝ အလျှော့မပေးတော့ပါ။

ထို့ကြောင့် ချန်းချင်းကပင် အရှုံးပေးရန် ဆုံးဖြတ်လိုက်သည်။

ချန်းချင်းသည် ဒယီးဒယိုင်ဖြင့် ကြူးဝေရှိသည့် ဧည့်ခန်းအတွင်းသို့ ဝင်လာခဲ့သည်။

ကြူးဝေသည် ပန်းအိုးတစ်လုံး၌ ပန်းများထိုးစိုက်ကာ ပြင်ဆင်နေသည်ကို တွေ့ရသည်။

သူဝင်လာသည်ကိုမြင်လျှင် ချက်ချင်းပင် ထိုင်ရာမှထကာ ထွက်သွားရန် ဟန်ပြင်လိုက်သည်။



"ညီမလေး ..."

ချန်းချင်းက သူမအား ပိတ်ဆို့ဟန့်တားထားလိုက်သည်။

ကြူးဝေက သူ့အား မော့ကြည့်သည်။

သူမ၏အကြည့်မှာ လွန်စွာ သူစိမ်းဆန်လွန်းလှသည်။

"ကျွန်မကို လမ်းဖယ်ပေးပါရှင်"

သူမက ခပ်စိမ်းစိမ်း ပြောလေသည်။

ချန်းချင်း၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝိုင်းလာသည်။

"ညီမလေး ..."

"ဖယ်ပေးပါရှင်"

"ဩော် ... ညီမလေးက အစ်ကို့အပေါ် စိမ်းကားနေပြီကိုး"

ကြူးဝေက သူ့အား စေ့စေ့ကြည့်ရင်း ...

"အစ်ကိုက အစ်ကို့ဆန္ဒကိုပဲ ဦးစားပေးထယ်၊ ညီမလေးရဲ့ ရင်ထဲမှာ ဘယ်လိုခံစားနေရမယ်ဆိုတာတော့ ထည့်မတွက်ဘူး၊ အစ်ကို တရားသလား၊ အရာရာကို မျှမျှတတ စဉ်းစားပါ၊ အစ်ကိုက မျှမျှ တတ မစဉ်းစားဘူး"

"ညီမလေး ..."

ချန်းချင်းမှာ ကြေကွဲလာသလို ဒေါသလည်း ထွက်လာသည်။

"ဩော် ... ညီမလေးက တစ်သက်နဲ့တစ်ကိုယ် မပြောဘူးတဲ့ စကားတွေတောင် ပြောနေပြီပေါ့၊ ကောင်းပြီ ညီမလေးစိတ်ချမ်းသာသလို လုပ်ပေတော့"

စကားဆုံးသည်နှင့် ချာခနဲလှည့်ထွက်သွားသည်။

ကြူးဝေ ကြောင်အမ်းအမ်းဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်းသည် အိမ်အပေါက်သို့ ရောက်သွားလျှင် ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။

ကြူးဝေကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ကြေကွဲစွာပြောသည်။

"နှုတ်ဆက်ခဲ့ပါတယ် ညီမလေးရယ်၊ အစ်ကိုသွားတော့မယ် ညီမလေး ပျော်ရွှင်ချမ်းမြေ့ပါစေလို့ ဆုတောင်းပေးပါတယ်"

ထို့နောက် အိမ်အပြင်ဘက် ခပ်သွက်သွက်လှမ်းထွက်သွားလေသည်။

ချန်းချင်း မြင်ကွင်းမှပျောက်ကွယ်သွားသောအခါ ကြူးဝေ သတိဝင်လာသည်။

ချန်းချင်းသည် သူမအား အပြီးတိုင်ခွဲသွားပြီ မဟုတ်ပါလား။

ရုတ်တရက် ရင်ထဲ၌ ငုပ်လျှိုးနေသည့် ငါးရာနှစ်ဆယ့်ရှစ် မေတ္တာ၏ တွယ်တာမှုများ ပေါ်ပေါက်လာသည်။

"အစ်ကို ..."

အသံကုန်အော်ဟစ်ကာ ပြေးလိုက်သွားလေတော့သည်။

ချန်းချင်းသည် ကျောက်လှေကားထစ်များ အောက်ဘက်သို့ ရောက်ရှိသွားပြီ ဖြစ်ပါသည်။

ကြူးဝေ၏အော်ခေါ်သံကြောင့် ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။

"အစ်ကို မသွားရဘူး"

ကြူးဝေက လှေကားထစ်များအား ခုန်ကျော်ကာ ချန်းချင်းထံ ပြေးဆင်းသွားသည်။

"ညီမလေး ..."

ချန်းချင်း၏အသံ ဆို့နင့်အက်ကွဲနေသည်။

"အစ်ကို ..."



ကြူးဝေက ချန်းချင်း၏ရင်ခွင်ထဲ တိုးဝင်လိုက်လေသည်။

ချန်းချင်းရင်ထဲ လှုပ်ရှားနေပါသည်။

ကြူးဝေသည် သူထင်သလို သူ့အပေါ် သံယောဇဉ်မပြတ်နိုင်ပါတကား။ သူသည် မျက်ရည်များ ကျလာမိလေသည်။

ထိုသို့ဆိုလျှင် သူတို့မောင်နှမ၏ ချစ်ခြင်းကိုခွဲရန်ကြိုးစားသူ၊ ကြူးဝေအား တွေဝေငေးငိုင်သွားအောင် ပြုလုပ်သူမှာ တုဖုံးသာလျှင် ဖြစ်သည်။

ချန်းချင်းသည် ညီမဖြစ်သူအား တွေးမှေ့ထားရင်း ဖြစ်ပျက်သမျှ ကိစ္စအားလုံးမှာ တုဖုံး၏အဖြစ်ကြောင့် ဖြစ်သည်ဟု သတ္တုချနေမိတော့သည်။

ကြူးဝေသည် ရှိုက်ကြီးတငင် ငိုကြွေးနေသည်။

"အစ်ကို ... အစ်ကို ထွက်မသွားပါနဲ့"

သူမက တတွတ်တွတ်ပြောရင်း တောင်းပန်နေလေသည်။

ချန်းချင်းကျသည့် မျက်ရည်များမှာ ဝမ်းနည်း၍ကျခြင်းပေလော ဝမ်းသာ၍ ကျခြင်းပေလော ...။

○ ○ ○

ချန်းချင်းနှင့် ကြူးဝေတို့ ပြန်လည်သင့်မြတ်သွားခဲ့သည်မှာ ... ရက်တိုင်တိုင် ရှိခဲ့လေပြီ။

သို့သော် တစ်ချိန်ချိန်တွင် သူနှင့်ကြူးဝေ၏ ဆက်ဆံရေးမှာ ... မိမ်းပြင်ပြင်ဖြစ်လာဦးမည်ဟု ချန်းချင်း သိရှိထားလေသည်။ ညီမလေးကြူးဝေသည် တုဖုံးကို မမေ့နိုင်ဖြစ်နေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ည ...။

ညဥ့်နက်ပြီဖြစ်သည့်တိုင် ချန်းချင်း အိပ်မပျော်သေးပါ။

ချန်းချင်းသည် ပြတင်းပေါက်အနီး၌ရပ်ကာ ကောင်းကင်ပေါ် မော့ကြည့်နေသည်။

ကောင်းကင်ပေါ်၌ ဝိုင်းစက်ကြည်လင်နေသော လဝန်းကြီးအား တွေ့မြင်နေရသည်။

လရောင်ဖြာကျနေသဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသော်လည်း ချန်းချင်း၏ရင်ထဲ၌ ပူလောင်နေသည်။

ကြူးဝေအား စိတ်ချမ်းသာအောင်၊ မျက်နှာမညိုးရအောင်ထား သင့်သည်ဟု သူ နားလည်ထားသည်။

တုဖုံးသည် အပြစ်ကင်း၍ ကြူးဝေအား ကြင်ကြင်နာနာရှိသူတစ်ယောက်ဖြစ်ကြောင်းလည်း သူ နားလည်ထားသည်။

သို့သော် ကြူးဝေအား သူတစ်ယောက်တည်းသာ စောင့်ရှောက်သွားချင်သော အတ္တစိတ်၏လွှမ်းမိုးမှုကို ချန်းချင်း ခံနေရသည်။

ဤပြဿနာအား အကြမ်းဖက်၍မရကြောင်း နားလည်သဘောပေါက်ပြီးချိန်မှစ၍ သူက ကြူးဝေအား ပို၍အလိုလိုက်သည်။ အစစအရာရာ အလိုလိုက်ခဲ့သည်။

အရင်ကထက် ပို၍ပင် စိတ်ရှည်သည်းခံကာ အလိုလိုက်အကြိုက်ဆောင်ခဲ့သည်။

ကြူးဝေသည်ပင် သူ စိတ်ထားပြောင်းလဲလာပြီဟု ထင်မှတ်နေပြီ မဟုတ်ပါလား။

သူက တုဖုံးနှင့်ပတ်သက်လာလျှင်လင်း တင်းမာမှုမရှိအောင်ဟန်ဆောင်နေခဲ့သည်။



သူ့ဘဝထဲမှ ကြူးဝေအား မည်သူမျှ ဆွဲထုတ်သွားခွင့်မပြုနိုင်ဟု သူက ယုံကြည်လာ၏။

တတ်နိုင်သမျှ ကြူးဝေ စိတ်ချမ်းသာအောင်ထားပြီး တုဖုံးနှင့်ဝေးရာသို့ ခေါ်ဆောင်သွားရန် သူက ကြံစည်ထားသည်။

သူ၏အကြံကို ကြူးဝေ နည်းနည်းလေးမှ မရိပ်မိခဲ့ပါချေ။

ချန်းချင်း မည်မျှတွေးတောစဉ်းစားနေမိမှန်း မသိ။ လေတိုးသံတစ်ခုကိုကြားမှ သတိဝင်လာခဲ့သည်။

သူက ချက်ချင်းပင် မသိစိတ်၏လှုံ့ဆော်မှုဖြင့် အသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ ပန်းဥယျာဉ်အတွင်း၌ လူရိပ်တစ်ခု ရိပ်ခနဲလှုပ်ရှားသွားသည်ကို အမှတ်မထင် သတိပြုမိလိုက်သည်။

သူက သေသေချာချာ အကဲခတ်ကြည့်လိုက်ရာ လေတိုက်ခတ်မှုကြောင့် ပန်းပင်များ လှုပ်ယမ်းနေသည်မှအပ မည်သည့်ထူးခြားမှုကိုမှ မတွေ့ရချေ။ လူလော လေတိုးခြင်းပေလော။

"ငါ့ မျက်စိမှားတာများလား"

ချန်းချင်း ဇဝေဇဝါဖြစ်နေစဉ်မှာပင် လူရိပ်တစ်ခုသည် ပန်းပင်များကြားမှ ဖြတ်ပြေးသွားပြီး အမှောင်ရိပ်ထဲတိုးဝင်ပျောက်ကွယ်သွားသည်ကို တွေ့မြင်လိုက်ရသည်။

ချန်းချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဘယ်သူကများ ကျူးကျော်ဝင်ရောက်လာတာလဲ"

သူက ချက်ချင်းပင် ပြတင်းပေါက်အပြင်ဘက် ခုန်ထွက်ကာ အရိပ်တိုးဝင်သွားရာဆီသို့ ပြေးလိုက်သွားတော့သည်။

ချန်းချင်း အတန်ကြာအောင် လိုက်ရှာသော်လည်း မတွေ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏စိတ်ထဲ ဇဝေဇဝါဖြစ်လာသည်။ သူ အရက်သောက်များခဲ့သဖြင့် ဤသို့ အထင်မှားခြင်းဖြစ်သည်ဟု တွေးမိသည်။

"တစ်ယောက်ယောက်ဝင်လာတာ သေချာတယ်၊ မတွေ့ရဘူးဆိုတော့ တစ်နေရာရာမှာ ပုန်းနေတာလား၊ ဒါမှမဟုတ် ခြံပြင်ထွက်သွားပြီလား"

စိတ်ထဲ မတင်မကျ ရေရွတ်မိလိုက်သည်။

ထိုအချိန်မှာပင် ဝဲဘက်တစ်နေရာဆီမှ စကားပြောသံသဲ့သဲ့ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ချန်းချင်း ဆတ်ခနဲဖြတ်သွား၏။

"သူ့နိုး မင်းဘယ်ပြေးမလဲ"

တီးတိုးကြုံးဝါးရင်း အသံထွက်ပေါ်ရာဆီသို့ ဦးတည်ချဉ်းကပ်သွားသည်။

သစ်ပင်များကြားသို့ရောက်လျှင် လူနှစ်ယောက်စကားပြောနေကြသည့် အရိပ်သဏ္ဌာန်နှစ်ခုကို တွေ့မြင်လိုက်ရသည်။

ထိုနေရာကလည်း ကြူးဝေအိပ်ခန်းနှင့် နီးသောနေရာတွင်ဖြစ်သည်။

သူက ထိုနေရာသို့ရာဖွေရန် ယခုမှ သတိရသွားသည်။

ချက်ချင်းပင် ထိုလူရိပ်သဏ္ဌာန်များအား သစ်ပင်နောက်ကွယ်၌ ပုန်းအောင်းကာ ချောင်းကြည့်လိုက်သည်။

သစ်ပင်တစ်ပင်အောက်၌ လူနှစ်ယောက် မျက်နှာချင်းဆိုင်ရပ်ကာ စကားပြောဆိုနေကြသည်။

လေအဝေ့တွင် စကားသံများကို ခပ်တိုးတိုးကြားလိုက်ရသည်



"ညီမရယ် အစ်ကိုတော့ ညီမကိုမခွဲနိုင်တော့ဘူး၊ အစ်ကိုတို့ ဒီလိုပဲ နေသွားကြရတော့မှာလား၊ ညီမရဲ့အစ်ကိုချန်းချင်းဟာ အစ်ကိုကို ဘာကြောင့်မုန်းတီးပြီး သဘောမတူနိုင်အောင် ဖြစ်နေရတာလဲ"

"အစ်ကိုရယ် အစ်ကိုထင်သလို မဟုတ်ပါဘူး၊ ညီမကို သူ့ရဲ့ မျက်စိရှေ့မှောက်မှာပဲ တစ်သက်လုံးထားချင်လို့ပါရှင်"

"အို ... ညီမက ကလေးမှမဟုတ်တော့တာ၊ အစ်ကိုလည်း ညီမ စိတ်ချမ်းသာအောင်ထားမှာပဲဟာ၊ အစ်ကိုအောင်သွယ်တွေ လွှတ်ခဲ့ပေမယ့် သူက သဘောမတူဘူး၊ ဒါ ဘာကြောင့်လည်း ညီမကို အပိုင်စီးချင်လို့ ဖြစ်မှာပဲ"

"ရှင် ... မဟုတ်ပါဘူး၊ အစ်ကိုထင်သလို မဟုတ်ဘူး"

နားထောင်နေသည့်ချန်းချင်းမှာ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

စကားပြောနေသူနှစ်ယောက်သည် တုဖုံးနှင့် ကြူးဝေတို့ဖြစ်နေသည် မဟုတ်ပါလား။

"ညီမက ရုပ်လည်းချောတယ်၊ ပစ္စည်းဥစ္စာလည်း ကြွယ်ဝလို့ ချန်းချင်းက အပိုင်စီးချင်တဲ့စိတ်နဲ့ အစ်ကိုတို့နှစ်ယောက်ကို သဘောမတူတာပဲ ဖြစ်မှာပေါ့၊ ဒါကြောင့် တားဆီးနေတာပဲဖြစ်မှာပါ"

"မဟုတ်ပါဘူးရှင်၊ အစ်ကိုချန်းချင်းဟာ ဒီလိုလူစားမျိုး မဟုတ်ပါဘူး၊ သူဟာ ညီမကို တကယ့်ညီမလေးတစ်ယောက်လို ချစ်တာ ညီမ ကောင်းကောင်းကြီး သိပါတယ်ရှင်၊ သူက ပစ္စည်းတွေလည်း မျှော်ဝ မမက်ပါဘူး"

ကြူးဝေက အကျိုးသင့်အကြောင်းသင့် ရှင်းပြသည်။

တုဖုံး လေပွတစ်ချက်မှုတ်ထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးလှေကျင်းဆီက သတင်းစကားတွေ ကြားထားမိကတည်းက အစ်ကို စိတ်မအေးနိုင်ခဲ့တာ၊ သူဟာ ညီမရဲ့အစ်ကိုအရင်းဆိုရင် ဘာမှ မပြောလိုပါဘူး၊ အခုတော့ မွေးစားသားဖြစ်နေတော့ အစ်ကို ဘယ်လိုမှ စိတ်မချနိုင်ဘူး"

တုဖုံးကပြောရင်း ကြူးဝေအား ရင်ခွင်ထဲပွေ့ပိုက်ထားသည်။

"ညီမနဲ့အတူနေရဖို့ အစ်ကို ဘာမဆိုရင်ဆိုင်ဝံ့တယ်"

"အစ်ကိုရယ် ... သိပ် မလောပါနဲ့၊ အစ်ကိုချန်းချင်းဟာ အစ်ကိုထင်သလို မဟုတ်ပါဘူး၊ ဒီရက်ပိုင်းတွေမှာ ထူးထူးခြားခြား စိတ် သဘောထား ပျော့ပျောင်းလာတယ်၊ အစ်ကိုနဲ့ပတ်သက်ပြီး သိပ်ပြီး တင်းတင်းမာမာ မရှိတော့ဘူး"

တုဖုံး အံ့ဩသွားသည်။

"ဒါ ... ဒါတကယ်ပဲလား ညီမရယ်"

"တကယ်ပါရှင်၊ သူဟာ မကြာခင်ညီမတို့ကို သဘောတူမှာ သေချာပါတယ်၊ အစ်ကို့အကြောင်း ညီမ ခုမှ ပိုသိလာတာပါ"

တုဖုံး ဝမ်းသာသွားသည်။

"ဒီလိုဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့ ညီမရယ်"

"ဒါကြောင့် ဒီကြားထဲမှာ အစ်ကိုချန်းချင်း စိတ်နုသွားမှာကို သဘောထားပြောင်းသွားမယ့် လုပ်ရပ်တွေ မပေါ်လာစေချင်ဘူး ဒီအတိုင်း ခဏလောက် သည်းခံလိုက်ရင် အစ်ကိုချန်းချင်း သဘောတူလာနိုင်မှာပါ"

"ညီမ ဆိုလိုတာက ..."

"အစ်ကိုချန်းချင်းဟာ ဉာဏ်ကောင်းပါတယ်၊ ဖြစ်သင့်တာဦးစားပေးမှာပါ၊ ဒါကြောင့် သူ့ကို စိတ်ကြည်လင်သွားအောင် အချိန်ခဏလောက် စောင့်ပေးစေချင်တယ်၊ သိပ် မကြာပါဘူး အစ်ကိုရယ်"



"ကောင်းပြီလေ ... ဒါဖြင့် မေမေ့ကို မလာခိုင်းသေးဘူး ဟုတ်ပြီလား၊ ဒီကြားထဲမှာ ညီမက အတတ်နိုင်ဆုံး ပြေလည်သွားအောင်ကြိုးစားပါ"

"စိတ်ချပါရှင်၊ ကဲ ... ညဦးနက်နေပြီ အစ်ကိုပြန်တော့နော်"

တုဖုံးမှာ မခွဲချင်သော်လည်း ခွဲခွာရတော့မည်။

"ကောင်းပြီ ... အစ်ကိုသွားတော့မယ်"

သူတို့နှစ်ယောက် လူချင်းခွဲသွားကြသည်။

ချန်းချင်း အံတင်းတင်းကြိတ်ထားမိသည်။

သူ ခေါင်းအေးအေးထားမှ ဖြစ်မည်ဟုနားလည်ကာ ဒေါသကို မျိုသိပ်ထားလိုက်သည်။ တိုက်နိုက်ချင်စိတ်ကို တားဆီးထားလိုက်ရသည်။

တုဖုံးနှင့်ကြူးဝေတို့သည် သူ မသိအောင်ချိန်းတွေ့နေခဲ့သည်မှာ မည်မျှကြာမှန်း သူကိုယ်တိုင် မသိခဲ့၍လည်း ကိုယ့်ကိုယ်ကို ကြိတ်၍ အပြစ်တင်နေမိသည်။

လူချင်းခွဲသွားသည်နှင့် သူက တုဖုံးနောက် တိတ်တဆိတ် နောက်ယောင်ခံ လိုက်သွားသည်။

ခြံဝင်းအပြင်ဘက်ရောက်လျှင် တုဖုံးသည် လူတစ်ယောက်နှင့် စကားပြောနေသည်ကို တွေ့လိုက်ရ၍ အံ့ဩသွားသည်။

သေသေချာချာ အကဲခတ်ကြည့်လိုက်မှ တုဖုံး၏ကိုယ်ရံတော် လှေကျင်းဖြစ်သည်ကို တွေ့လိုက်ရသည်။

သူတို့ ဘာပြောနေသည်ကို နားစွင့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးလွှကျင်း … အခြေအနေကတော့ နည်းနည်းကောင်းလာပြီ၊ ချန်းချင်းက သိပ်ပြီး တင်းတင်းမာမာ မရှိတော့ဘူး"

"သူ့ကို ယုံရပါ့မလား သခင်လေး"

"ညီမကြူးဝေက မဟုတ်ဘဲနဲ့တော့ ပြောမယ်မထင်ဘူး"

လွှကျင်း သက်ပြင်းချလိုက်သည်။

"ဒီလိုဆိုရင်တော့ ပိုပြီး အဆင်ပြေတာပေါ့"

တုဖုံးက လွှကျင်းအား အကဲခတ်ကြည့်လိုက်သည်။

"ဦးလေးလည်း ကျွန်တော့်အတွက်နဲ့ ပင်ပန်းနေရပြီ"

ရွာသူကြီးနှင့် နယ်စားကြီးအား ငြင်းလိုက်သည့်အပြင် ချန်းချင်းမှာ မွေးစားသားတစ်ယောက် ဖြစ်နေခြင်းကြောင့် တုဖုံးမှာ ကြူးဝေအား စိတ်မချနိုင်တော့ပါ။

လွှကျင်းနှင့်တိုင်ပင်ပြီး ကြူးခြံဝင်းအားစောင့်ကြည့်ရန် စီစဉ်ထားခဲ့ခြင်း ဖြစ်သည်။

ယနေ့ညသည် တုဖုံးနှင့်ကြူးဝေတို့ ချိန်းတွေ့ရာ သုံးကြိမ်မြောက်ည ဖြစ်သည်။

သုံးကြိမ်စလုံး လွှကျင်းက အပြင်ဘက်၌ စောင့်နေရစ်ခဲ့သည်။

တုဖုံးပြန်သွားသည့်တိုင် လွှကျင်းက ကြူးဝေတစ်စုံတစ်ရာ ဖြစ်လျှင် အချိန်မီကူညီနိုင်ရန် ဆက်၍ စောင့်ကြည့်နေခဲ့ခြင်း ဖြစ်လေတော့သည်။

ချန်းချင်းမှာ မွေးစားသားဖြစ်၍ ကြူးဝေအား အပိုင်စီးရန် ကြံစားမည်ဟု သူတို့ ယူဆထားကြသည် မဟုတ်ပါလား။

လွှကျင်း ပြုံးလိုက်မိသည်။



"သခင်လေးရဲ့အရေးဟာ ကျုပ်ရဲ့အရေးပါပဲ၊ ပင်ပန်းတယ်လို့ မထင်မိပါဘူး"

တုဖုံးက …

"အခုအခြေအနေက ထင်သလောက် မဆိုးသေးဘူးဆိုတော့ ဦးလေးလည်း နားနားနေနေ နေလို့ရပြီပေါ့"

ယင်းနောက် သူတို့နှစ်ယောက် အမှောင်ရိပ်ထဲတိုးဝင်ကာ ပျောက်ကွယ်သွားကြတော့သည်။

ချန်းချင်း မလှုပ်မယှက်ရပ်နေမိလေသည်။

သူ၏ မျက်လုံးထဲ၌ ခံပြင်းခြင်း၊ ဒေါသထွက်ခြင်း နာကျင်ကြေကွဲခြင်းစသည့် အရိပ်အယောင်များ ထင်ဟပ်နေသည်။

သူ့အား မွေးစားသားတစ်ယောက်မို့ စိတ်မချဟုဆိုခြင်းမှာ အလွန်ပင် ခံပြင်းစရာကောင်းနေသည်။

ချန်းချင်း အံတင်းတင်းကြိတ်လိုက်သည်။

"ငါဟာ မွေးစားသားတစ်ယောက်ဆိုပေမယ့် ကြူးဝေကို ငါ့ရဲ့ ညီမအရင်းတစ်ယောက်လို ချစ်တယ်၊ ငါ့အသက်၊ ငါ့ခန္ဓာထက်တောင် ပို မြတ်နိုးသေးတယ်၊ မင်းတို့ ငါနဲ့ပြိုင်ရင် မှားသွားမယ်၊ ငါ့ညီမကို ဘယ်သူ့လက်ထဲမှ အရောက်မခံနိုင်ဘူး၊ ဒါကို မင်းတို့ မကြာခင်မှာ သိရမယ်"

ချန်းချင်းသည် သူ့လက်သီးကို တဖျပ်ဖျပ်မြည်အောင် ဖျစ်ညှစ်လိုက်သည်။ သူ၏ဒေါသမှ ဦးခေါင်းထိ တောက်လောင်နေလေပြီ။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



နေခြည် ဖြာကျလာသည်။

ယနေ့တွင် ချန်းချင်းသည် ခါတိုင်းနေ့များထက်ပို၍ တက်ကြွရွှင်လန်းနေသည်ဟု ကြူးဝေ ထင်မိသည်။

ချန်းချင်း ပြုံးပျော်နေသည်ကိုတွေ့လျှင် ကြူးဝေ စိတ်ချမ်းမြေ့လာသည်။

သူမနှင့်တုဖုံးတို့အား မကြာခင် လက်ခံလာနိုင်သည်ဟုလည်း တဖြည့်ဖြည်း ယုံကြည်နေမိသည်။

ထို့ကြောင့် သူမကလည်း ချန်းချင်း စိတ်ချမ်းသာစေရန် အစွမ်း ကုန် လိုက်လျောသွားမည်ဟု ဆုံးဖြတ်ထားတော့သည်။

ယနေ့ ချန်းချင်းသည် ပန်းဥယျာဉ်ထဲ မဆင်းပါ။

ထို့ပြင် အဝတ်အစားများမှာလည်း အသစ်များဖြစ်နေသည်။ ကြူးဝေ တအံ့တဩဖြစ်မိလေသည်။

ထိုအချိန်မှာပင် ချန်းချင်းက သူမအား စကားစလာသည်။

"ညီမလေးကို အစ်ကို ပြောစရာရှိတယ်"

တုဖုံးနှင့် ပတ်သက်နေမည်လောဟု တွေးမိကာ ကြူးဝေ ရင်ထိတ်သွားသည်။

သို့သော် သူမက ဟန်မပျက်ဖြင့် ပြန်မေးလေသည်။

"ဘာများလဲ အစ်ကိုရဲ့"

ချန်းချင်းက ...

"တို့မောင်နှမနှစ်ယောက် ဒီအိမ်ကြီးမှာပဲ နေလာခဲ့ကြတာ အတော်ကြာပြီ မဟုတ်လား"

ကြူးဝေက မျက်မှောင်ကြုတ်ရင်း ...

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"



"သြော် ... အစ်ကိုက စိတ်ပြေလက်ပျောက် ဖြစ်သွားအောင် ညီမကို သိုင်းလောကထဲ အလည်အပတ်လိုက်ပို့ဖို့ စိတ်ကူးရလာလို့ပါ၊ ညီမ ဘယ်လိုသဘောရသလဲ"

မမျှော်လင့်သောစကားကြောင့် ကြူးဝေ မည်သို့ပြောရမှန်းမသိ ဖြစ်သွားသည်။ သူမ စိတ်ရှုပ်ထွေးသွားသည်။

သူမတို့ စိတ်ရှုပ်ထွေးစရာများနှင့် ကြုံတွေ့ခဲ့ရသော်လည်း အပြင်သို့ အလည်အပတ်ထွက်ရန် စိတ်ကူးမရှိခဲ့ပါ။

ယခု ချန်းချင်းက တက်ကြွစွာပြောလာလေပြီ။

ချန်းချင်း စိတ်ပျော်ရွှင်ခြင်းဖြင့် သူမနှင့်တုဖုံးတို့၏ကိစ္စအား လိုက်လျောလာနိုင်သည်ဟုတွေးမိကာ ချန်းချင်း၏ဆန္ဒကို လိုက်လျောရန် ဆုံးဖြတ်လိုက်သည်။

"ညီမလည်း သိုင်းလောကထဲကို လည်ပတ်ချင်နေတာနဲ့ အတော်ပဲ"

ထိုစကားကြားလျှင် ချန်းချင်း ကျိတ်၍ပြုံးလိုက်သည်။

သူက ကြူးဝေအား အလည်အပတ်ထွက်ရန် အကြောင်းပြကာ ဘုံးနှင့်ဝေးရာသို့ ခေါ်ဆောင်သွားပြီး တစ်နေရာရာတွင် ဇာတ်မြှုပ် အထိုင်ရန် ကြံစည်ထားသည် မဟုတ်ပါလော။

ဤသည်ကိုသာ ကြူးဝေသိခဲ့ပါလျှင် သူမကိုသူမ သတ်သေမိ ည်လား မသိပေ။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

# အရှေးတစ်ပိုင်း လူသား

စီး၇ (၀၁) အနောက်ကန်တော်ကြီး။

အနောက်ကန်တော်ကြီးမှာ အလွန်သာယာလှပသော ရေကန်ကြီးတစ်ခု ဖြစ်ပါသည်။ ရေဆွယ်ကျွန်းမြောင် သစ်ပင်ကြီးများနှင့် တင့်တယ်လှသည်။

ချမ်းချင်းနှင့် ကြူးဇေတို့သည် အလည်အပတ်ခရီးထွက်လာခဲ့ကြရင်း အနောက်ကန်တော်ကြီးသို့ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်သည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ကြူးဇေသည် အလွန်သာယာလှပသော အရပ်ဒေသသို့ ရောက်ရှိလာသည်ဖြစ်ရာ ပျော်ရွှင်နေသည်။

မောင်နှမနှစ်ယောက် ပန်းများရှုကြသည်။

အနောက်ကန်တော်ကြီး၌ လှေစီးကြသည်။ ငါးများကြသည်။

ချမ်းချင်းသည် ကြူးဇေပျော်ရွှင်နေသည်ကိုကြည့်ပြီး စိတ်ချမ်းသာနေမိလေသည်။



သူ၏ညီမလေး ပျော်ရွှင်ချမ်းမြေ့ခြင်းသည် သူ၏ စိတ်ချမ်းမြေ့ခြင်းပင် ဖြစ်သည်။

"ညီမလေး ခုလိုပျော်ရွှင်နေနိုင်အောင် ငါ စောင့်ရှောက်သွားနိုင်မှာပါ၊ ဒါ ... ငါ တာဝန်ပဲ"

သူ့ကိုယ်သူလည်း အားပေးမိသည်။

ကြူးဇေနှင့် တုဖုံးတို့ မေတ္တာသက်ဝင်နေပြီး တစ်နေ့ သူ့ကို ခွဲခွာသွားမည်ကို မလိုလားပါ။ သူ အထီးကျန် မဖြစ်လိုပါ။ သူသည် မေတ္တာ၏ အကျွသားကောင် ဖြစ်နေရသည်။

တုဖုံးမှမဟုတ် အခြား မည်သူနှင့်မျှ သဘောမတူနိုင်ပါ။

အများသူငါ ပြောဆိုဝေဖန်နေကြသလို သူ့ဒွေးကြီးကြူးယိ၏ ပစ္စည်းဥစ္စာများကို မက်မောပြီး ကြူးဇေအား သိမ်းပိုက်လိုခြင်း မဟုတ်ပါ။ သူသည် သူ့ဒွေးကြီးကြူးယိ ရှိနေစဉ်ကရော ကွယ်လွန်သွားသည့်အခါပါ မည်သည့်အချိန်ကမျှ ပစ္စည်းများကို မက်မောခဲ့သူ မဟုတ်ပါ။

ကြူးဇေ မသာမာသူများလက်ထဲ ရောက်သွားမည်ကို စိုးရိမ်မိခြင်းသာ ဖြစ်ပါသည်။

သူမ၏အလှအပနှင့် ချမ်းသာကြွယ်ဝမှုကို မက်မောကြသူ အများအပြားရှိနေသည် မဟုတ်ပါလော။

ကြူးဇေအား ညီမလေးအရင်းတစ်ယောက်ပမာ တစ်သက်လုံး စောင့်ရှောက်သွားလိုသည့် စိတ်ကောင်းစေတနာသာ ရှိပါသည်။

ကြူးဇေအား စောင့်ရှောက်သွားဖို့ သူ၏ဘဝတစ်ခုလုံးကိုပင် ပေးဆပ်ရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်သူဌေးကြီးကြုံးယီအပေါ် တာဝန်မကျေခဲ့သမျှ ပြန်လည်ပေးဆပ်ဖို့ ကြိုးစားနေခြင်းဖြစ်သည်ကို မည်သူမှ နားလည်နိုင်ကြမည် မဟုတ်ချေ။ တစ်လောကလုံးကလည်း နားမလည်ပါ။ သူ့အချစ် သူ့မေတ္တာကို အစိမ့်ပွာယ်တစ်မျိုး ဖွင့်နေကြပါသည်။

ချန်းချင်း တွေးတောရင်း သက်ပြင်းခါခါချမိသည်။

ကြာသော် ကြုံးဝေ ရိပ်မိသွားလေတော့သည်။

"အစ်ကို့ကိုကြည့်ရတာ တစ်မျိုးပဲ၊ နေမကောင်းလို့များလား။ သက်ပြင်းတချချနဲ့"

ချန်းချင်းသည် သူ အမူအရာပျက်နေသည်ကို ကြုံးဝေရိပ်မိသွားသဖြင့် ရင်ထိတ်သွားသည်။

ဣန္ဒြေဆည်ရင်း ပြုံးပြလိုက်သည်။

"ဘာမှ မဖြစ်ပါဘူးညီမရယ်၊ ညီမလေးပျော်ရွှင်နေတာကို ကြည့်ပြီး ကျေနပ်နေမိတာပါ"

"ဟွန်း ... အစ်ကိုကျေနပ်တာကလည်း တစ်မျိုးကြီးပဲ၊ မျက်နှာကြီးမှုန်ကုပ်ကုပ်နဲ့၊ တစ်ခုခုကို အလိုမကျသလိုဘဲ"

သူမက ပြုံးလိုက်ပြီး ...

"အစ်ကို့ကိုကြည့်ရတာ မရိုးသားဘူးထင်တယ်"

"ဟင် ..."

ချန်းချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ညီမလေး ... ဘယ်လို ပြောလိုက်တာလဲ"

"အော် ... အစ်ကို သိုင်းလောကထဲမှာ ကျင်လည်ကျက်စားခဲ့သေးတယ် မဟုတ်လား"

"ဟုတ်တယ်လေ ... အဲဒါ ဘာဖြစ်သလဲ"



"ဘာဖြစ်ရမလဲ၊ အစ်ကို သိုင်းလောကထဲမှာ သဘောကျမိတဲ့ မိန်းကလေးတစ်ယောက်ယောက် ရှိခဲ့ပြီး သူ့အကြောင်းတွေးပြီး ငေးငိုင်နေတာ မဟုတ်လား၊ ဒါ သဘာဝပဲလေ၊ လူဟာ ကိုယ်ကျင်လည်ခဲ့တဲ့ဘဝကို သတိကြတာပဲ"

"ဟာ ... မဟုတ်တာ ညီမရယ်"

ချန်းချင်း ကပျာကယာ ငြင်းလိုက်သည်။

"အစ်ကိုက ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့ပါဘူး၊ အစ်ကို့ရဲ့ဘဝတစ်သက်တာမှာ အိမ်ထောင်ပြုဖို့လည်း မစဉ်းစားပါဘူး၊ ဒါဟာ သစ္စာတရားပါ"

"ဒါဖြင့် အစ်ကို လူပျိုကြီးလုပ်မှာပေါ့နော်"

"ဒါပေါ့ ... ညီမလေးကို တစ်သက်လုံး စောင့်ရှောက်သွားမှာပေါ့၊ ညီမလေးနဲ့ အဖေ့အပေါ် အစ်ကို တာဝန်မကျေခဲ့ဘူး"

"အစ်ကိုရယ် ..."

ချန်းချင်းသည် အများပြောသလိုမဟုတ်ဘဲ သူမအပေါ်တွင် တကယ့်ညီမလေးအရင်းတစ်ယောက်ပမာ ချစ်ခင်ကာ သံယောဇဉ်ရှိသူဖြစ်ကြောင်း နားလည်ပြီးရင်း နားလည်လာလေသည်။

သူမလည်း ချန်းချင်းအား အစ်ကိုအရင်းတစ်ယောက်ပမာ သဘောထားပါသည်။

သို့သော် သူမ၏အချစ်ရေး၌ ပါဝင်စွက်ဖက်နေသည့်သဘော သက်ရောက်နေခြင်းကြောင့် တစ်ခါတစ်ရံ အထင်လွဲခဲ့မိသည်။ နှလုံးသားကြောင့် ဖြစ်ပါသည်။ တကယ်တမ်းတော့ သူ့အပေါ်တွင် ညီမတစ်ယောက်လို ချစ်နေခြင်းကို သိပါသည်။

ချန်းချင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး စိတ်ချပါ၊ ဘဝတစ်လျှောက်လုံး ပျော်ပျော်ရွှင်ရွှင် နေသွားရမှာပါလို့ အစ်ကို ကတိပေးပါတယ်၊ ညီမ ဘာလုပ်ချင်တာလဲ၊ ဘာစားချင်သလဲ"

ကြူးဝေက ...

"အစ်ကို ကျွန်မကို တကယ်ပဲ စိတ်ချမ်းသာစေချင်တာလား"

"တကယ်ပေါ့"

"ဒါဖြင့် ကျွန်မကို အစ်ကိုတုဖုံးနဲ့ ဘာဖြစ်လို့ သဘောမတူနိုင်ရတာလဲဟင်"

"ဒါက ..."

ချန်းချင်း ရုတ်တရက် မည်သို့ပြောရမှန်းမသိ ဖြစ်သွားသည်။

ကြူးဝေက စကားကိုနင်းပြောသည်။

"အစ်ကို ... ကျွန်မကို ပျော်စေချင်တယ်၊ စိတ်ချမ်းသာစေချင်တယ်ဆို၊ ကျွန်မနဲ့အစ်ကိုတုဖုံးကို ဘာကြောင့် သဘောမတူရတာလဲ"

သူမ၏အသံ အနည်းငယ် ကျယ်လောင်သွားသည်။

သူမ စိတ်လှုပ်ရှားသွားသည် မဟုတ်ပါလား။

ချန်းချင်းက ...

"ညီမလေး ... အစ်ကို သိုင်းလောကထဲကို ရောက်သွားတဲ့အခါ လူတွေဟာ ယုံကြည်လို့မရဘူးဆိုတာကို တွေ့ခဲ့တယ်၊ အိမ်ကိုပြန်ရောက်လာတော့လည်း ဘဏ္ဍာထိန်း လောက်ပူးကြောင့် ဖေဖေသေဆုံးသွားရတဲ့အထိ အဖြစ်ဆိုးနဲ့ ကြုံခဲ့ရတယ်၊ ကဲ ... စဉ်းစားကြည့်ပါ၊ သူများတွေနဲ့ ပတ်သက်မလား၊ အစ်ကိုတို့မောင်နှမနှစ်ယောက် အေးအေးချမ်းချမ်း နေသွားကြမလား"

ကြူးဝေ မကျေမနပ်ဖြစ်နေသည်။ သူမက စကားနာထိုးသည်။



"ကျွန်မကို အစ်ကိုတုဖုံးက စောင့်ရှောက်သွားလိမ့်မယ်ဆိုတာ အစ်ကို မယုံနိုင်အောင် ဖြစ်နေတာကိုး၊ အစ်ကို့ယုံကြည်ချက်က တစ်မျိုးလွဲနေတာပေါ့"

"ညီမလေးရယ် ..."

ချန်းချင်း ညည်းတွားလိုက်သည်။

ကြူးဝေ အံကြိတ်လိုက်သည်။

"ကျွန်မ အိမ်ပြန်မယ်"

"ညီမလေး ..."

ချန်းချင်းက ကပျာကယာ တားဆီးလိုက်သည်။

ကြူးဝေက ...

"ကျွန်မကို လမ်းဖယ်ပေးပါရှင်"

"ညီမ ... အစ်ကိုပြောပါရစေဦး"

"မလိုချင်ဘူး၊ ဘေးဖယ်လိုက်ပါ"

ကြူးဝေ အတင်းထွက်သွားဖို့ ကြိုးစားနေခြင်းကြောင့် ချန်းချင်း မတတ်သာတော့ဘဲ သွေးကြောပိတ်လိုက်ရသည်။

"အင့် ..."

ကြူးဝေ မသဲမကွဲညည်းညူကာ ပျော့ခွေကျသွားတော့သည်။

ချန်းချင်းလည်း ကြူးဝေအား ပန်းပေါ်ထမ်းကာ ထွက်လာခဲ့ရလေတော့သည်။ ကြူးဝေအား ဤသို့ ထိန်းချုပ်ထားခြင်းမှတစ်ပါး အခြားနည်းဖြင့် ထိန်းချုပ်ထား၍ရမည် မဟုတ်တော့ပါ။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



သုံးရက် . . . ။

ကြူးဝေက စကားမပြောဘဲနေသည်မှာ သုံးရက်ရှိသွားပြီ ဖြစ်ပါသည်။

ချန်းချင်းက အမျိုးမျိုးချော့မော့ခဲ့သော်လည်း ကြူးဝေစိတ်ဆိုးမပြေနိုင်ပါချေ။ ချန်းချင်းအား ခွင့်မလွှတ်သလိုမျိုး နေပြခဲ့သည်။

ချန်းချင်းက . . .

"ညီမလေးရယ် . . . လောကကြီးနဲ့လူတွေအကြောင်းကို ညီမလေး နားမလည်နိုင်သေးပါဘူး၊ ငယ်ပါသေးတယ်၊ တစ်နေ့ကျရင် အစ်ကို့ရဲ့စေတနာကို နားလည်လာမှာပါ"

ကြူးဝေ အံကြိတ်လိုက်သည်။

"ကျွန်မ စိတ်ဆင်းရဲသောကရောက်အောင် ချစ်သူနဲ့ ကွေကွင်းအောင်လုပ်တဲ့ စေတနာကို ဘယ်လိုနားလည်သဘောပေါက်ရမှာလဲ၊ ပြောစမ်းပါဦး"

"ညီမရယ် သည်ကိုမဟုတ်ပါဘူး၊ အစ်ကိုက . . ."

"တော်ပြီ . . . မကြားချင်ဘူး၊ ဘာမှ မပြောပါနဲ့တော့ရှင်"

ယခု . . .

ချန်းချင်းသည် ကြူးဝေအား အရိုးခေါင်းတောင်ပေါ်မှ သစ်လုံးအိမ်ကလေးသို့ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။

တစ်ချိန်က ထိုသစ်လုံးအိမ်ကလေး၌ သူ့အား အမုန်းဒေဝီက ဖမ်းချုပ်ထားခဲ့သည်။ ယခင် အတိတ်ကအကြောင်းအရာများကို ပြန်လည် သတိရမိခဲ့သည်။

အမုန်းဒေဝီ၏ အကျဉ်းသားအဖြစ် နေထိုင်ခဲ့ရသော အိမ်ကလေးသို့ ကြူးဝေအား ခေါ်ဆောင်လာခဲ့ပြီး အကျဉ်းချထားလိုက်



ခြင်း ဖြစ်သည်။ သူ့ညီမအား အမုန်းဒေဝီကဲ့သို့ ပြုလုပ်နည်းမှတစ်ပါး အခြားနည်းဖြင့် ပြုလုပ်၍မတော့ပါ။

တုဖုံးနှင့် မည်သို့မျှ သဘောမတူနိုင်မှန်းသိသောအခါ ကြူးဝေသည် သူ့အား အမုန်းကြီးမုန်းသွားခဲ့ပြီး လမ်းခွဲထွက်သွားရန် ကြိုးစားနေတော့သည်။

ကြူးဝေကို သွားခွင့်ပြုလိုက်ပါက တုဖုံးထံသို့ ရောက်သွားပေလိမ့်မည်။

တုဖုံးထံသို့ရောက်သွားပြီးမှ သူတို့မောင်နှမနှစ်ယောက် ပြန်လည်ဆုံတွေ့နိုင်စရာ အကြောင်းမရှိတော့ပါချေ။ ဆီနှင့်ရေကဲ့သို့ မည်သည့်အခါမှ ပေါင်းစပ်ခွင့်ရတော့မည် မဟုတ်ပါ။

ကြူးဝေအား ညီမအရင်းတစ်ယောက်ပမာ တစ်သက်လုံး စောင့်ရှောက်သွားမည်ဟု သန္နိဋ္ဌာန်ချထားသည်။

သို့ပါလျက် ကြူးဝေက လက်မခံခြင်းကြောင့် အကျယ်ချုပ်ချုပ်နှောင်ထားလိုက်ရခြင်း ဖြစ်ပါတော့သည်။

ကောင်းတုံမြို့စား၏ စီမံဆောင်ရွက်မှုဖြင့် အရိုးခေါင်းတောင်မှ ရတနာများကို နန်းတွင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

အရိုးခေါင်းတောင် အနီးတစ်ပိုက်၌ သောင်းကျန်းနေသော လူဆိုးဓားပြများ၊ အောက်လမ်းသိုင်းသမားများကိုလည်း ချေမှုန်းရှင်းလင်းလိုက်၍ နယ်မြေဒေသအေးချမ်းသာယာသွားပြီ ဖြစ်ပါသည်။

ထိုနေရာ၌ လာရောက်နေထိုင်မည်ဟု မည်သူကမှ ထင်မှတ်ကြမည်မဟုတ်လေသောကြောင့် အေးချမ်းစွာ နေထိုင်နိုင်မည်ဟုလည်း ယုံကြည်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်းသည် ကြူးဝေကိုကြည့်ပြီး စိတ်မောလှမောဖြစ်နေသည်။ သူ့ညီမနှင့်သူသည် မည်သည့်အခါမျှ တစ်ယောက်သဘောနားလည်ကြတော့မည် မဟုတ်ပါ။

မောင်နှမနှစ်ယောက် အတန်ကြာအောင် တိတ်ဆိတ်နေကြပြီးမှ ချန်းချင်း ပြောလိုက်သည်။

"ညီမလေး စိတ်မချမ်းမသာ ဖြစ်နေတယ်ဆိုရင် အစ်ကိုလည်း ဘာလိုမှ စိတ်ချမ်းသာနိုင်မှာ မဟုတ်ပါဘူး၊ ဒါကြောင့် လျှော့ပေးလိုက်ပါ့မယ်၊ ကဲ ... ညီမလေး ဘာလုပ်ချင်သလဲပြောပါ"

ကြူးဝေ အံ့သြသွားသည်။

"အစ်ကို ... တကယ်ပြောတာနော်"

"တကယ်ပါ ညီမရယ်"

"ဒါဖြင့် ... ကျွန်မ အိမ်ပြန်ချင်တယ်"

"ကောင်းပြီလေ ပြန်ကြတာပေါ့"

ချန်းချင်း သဘောကောင်းနေသဖြင့် ကြူးဝေ မယုံရဲရဲဖြစ်နေသည်။

"ငါ့ကို အယုံသွင်းနေတာပဲ ဖြစ်ရမယ်"

သူမ သံသယများ ဖြစ်နေသည်။

ချန်းချင်းအား သူမ မယုံတော့ပါ။ သူသည် အစ္စသားကောင် ဖြစ်နေပါသည်။

"အစ်ကိုဟာ ငါနဲ့ ငါ့ရဲ့ပစ္စည်းတွေကို လိုချင်မက်မောနေတာ မဟုတ်ပါဘူး၊ ငါ့ကို ညီမလေးတစ်ယောက်လို ချစ်မြတ်နိုးတာပါ၊ ဒါပေမယ့် သူ့ရဲ့မေတ္တာတရားဟာ အစ္စကြီးမားလွန်းတဲ့ မျက်ကန်းမေတ္တာမျိုး ဖြစ်နေပြီ"



ချန်းချင်း၏ စိတ်နေသဘောထားကိုလည်း သူမ ကောင်းစွာနားလည်လာသည်။

"ငါ့ကို ချော့မော့ပြီး စိတ်ပြောင်းလာအောင် အမျိုးမျိုးကြိုးစားမှာ သေချာတယ်၊ မဖြစ်ဘူး၊ အစ်ကို့ရဲ့ လက်ထဲကလွတ်မြောက်အောင် ကြိုးစားရမယ်၊ ဒီတောဒီတောင်ထဲကလွတ်အောင် ကြိုးစားရမယ်၊ ဒါမှ ငါ အစ်ကိုတုဖုံးဆီကို ရောက်နိုင်မယ်"

ကြူးဝေ အမျိုးမျိုးတွေးတောစဉ်းစားပြီး ချန်းချင်းအား ပြုံးပြလိုက်သည်။ သူမနှင့် ချန်းချင်းတို့ တစ်သားတည်းဖြစ်နေသည့်သဘောပင်။

"အစ်ကိုက ကျွန်မကို စိတ်ချမ်းသာစေရမယ်ဆိုရင် အခု အိမ်အပြင်ထွက်ချင်တယ်၊ ခွင့်ပြုမလား"

လက်တွေ့ စမ်းသပ်ကြည့်လိုသည့်သဘောဖြင့် မေးလိုက်သည်။

ချန်းချင်း သဘောတူသည်။ သူ ခေါင်းညိတ်လိုက်သည်။

"ရပါတယ် ညီမလေးရယ်၊ အပြင်ထွက်ချင်ရင် ထွက်ပါ၊ ကဲ ... လာ ... လာ"

ချက်ချင်းပင် အိမ်တံခါးဖွင့်ကာ အပြင်ဘက်သို့ လက်ဆွဲခေါ်သွားလေသည်။

အရှိုးခေါင်းတောင်မှာ နာမည်ဆိုးသော်လည်း အလွန်ပင် သာယာလှပသည့်တောင်တစ်လုံး ဖြစ်သည်။

ကြူးဝေသည် သဘာဝအလှအပများကို ကြည့်ပြီးလျှင် အနိုက်အတန့်အားဖြင့် စိတ်ပြေပျောက်သွားမည်ဟု ချန်းချင်းယူဆမိသည်။

သို့သော် လက်တွေ့တွင် အထင်နှင့်အမြင် တခြားစီဖြစ်သွားရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်အပြင်ဘက်သို့ ရောက်ရှိသွားသည်နှင့် …

“ကျွန်မကို လွှတ် …”

ကြူးဝေက လက်ကိုအတင်းဆောင့်ရုန်းပြီး ထွက်ပြေးသွားတော့သည်။ မည်သို့ ဖြစ်သွားလေသနည်း။ စိတ်ပြောင်းသွားခြင်း မဟုတ်ပါ။ ဤသို့ထွက်ပြေးရန် ကြိုတင်စဉ်းစားထားပြီး ဖြစ်သည်။

ချန်းချင်း ထိတ်လန့်သွားသည်။

ရုတ်တရက်မို့ ကြူးဝေ၏လက်ကို လွှတ်ပေးလိုက်မိပြီး ဟန့်တားခြင်း မပြုနိုင်လိုက်ချေ။

သို့သော် ချက်ချင်း သတိဝင်လာပြီး အော်လိုက်လေသည်။

“ညီမလေး … မပြေးနဲ့”

သူက အော်ဟစ်တားဆီးကာ ပြေးလိုက်သွားသည်။

ကြူးဝေသည် အရိုးခေါင်းတောင်အကြောင်း ဘာမှမသိဘဲ ချန်းချင်း၏လက်မှလွတ်လျှင် ပြီးရောဟု သဘောထားကာ ကမူးရှူးထိုး ထွက်ပြေးသွားခြင်း ဖြစ်သည်။

သူမသည် တောင်အောက်ဆင်းသည့်လမ်းဘက်သို့ ရောက်မသွားဘဲ ချောက်နက်ကြီးရှိရာဘက်သို့ ရောက်သွားတော့သည်။

ထိုနေရာတွင် မြေပြင်များ မညီမညာရှိနေသည့်အပြင် ကျောက်ခဲ ကမူများလည်း ပေါများလှသည်။ ခယောင်းတောဟု မဆိုနိုင်သော်လည်း ညီညွတ်သည့်မြေပြင်တော့ မဟုတ်ပါချေ။

ချန်းချင်း စိုးရိမ်ပူပန်သွားသည်။

“ညီမလေး … ရပ်လိုက်ပါ၊ မပြေးပါနဲ့ ဒီမှာက ချောက်ကမ်းပါးတွေရှိတယ်”

အော်ဟစ်ဟန့်တားရင်း ပြေးလိုက်သွားသည်။



ကြူးဝေကား ချန်းချင်းလိုက်လာသဖြင့် ပို၍ ကြောက်လန့်သွားကာ ပို၍ အားစိုက်ပြေးလေတော့သည်။

နောက်လှည့်ကြည့် နောက်လှည့်ကြည့်ဖြင့် ပြေးနေသည်ဖြစ်ရာ ချောက်နက်ကြီးအနီးသို့ ရောက်မှန်းမသိရောက်သွားပြီး မညီညာသော မြေအနေအထားကြောင့် ခြေခေါက်ကာ အရှိန်လွန်လဲကျသွားတော့သည်။ သူမ၏ကိုယ်ကို သူမ မထိန်းနိုင်တော့ပါ။

“ဝုန်း …”

ကြူးဝေ မြေပေါ်လဲကျကာ သုံးလေးပတ်လိမ့်သွား၏။

ဆင်ခြေလျှောအတိုင်း အောက်သို့ လိမ့်ဆင်းသွားသည်။

ထို့နောက် ချောက်ထဲထိုးကျသွားတော့သည်။

“အမယ်လေး …”

ကြူးဝေ အထိတ်တလန့်အော်ဟစ်သံ ပတ်ဝန်းကျင်တစ်ခုလုံး ပဲ့တင်ထပ် မြည်ဟီးသွားလေတော့သည်။

“ညီမလေး …”

ချန်းချင်းရင်ပွင့်မတတ် အော်ဟစ်ခေါ်လိုက်မိသည်။

သူ့အော်သံသည် တောတောင်အနှံ့ ပဲ့တင်ထပ်သွားသည်။

ကြူးဝေကား ချောက်ထဲကျသွားချေပြီ။

ယခုလို အဖြစ်ဆိုးနှင့် ကြုံတွေ့ရလိမ့်မည်ဟု ချန်းချင်း ဘယ်တုန်းကမှ မတွေးမိခဲ့ပါချေ။

“ဖြစ်ရလေ ညီမလေးရယ် … အစ်ကိုကြောင့် ညီမလေး ဒုက္ခရောက်ရတာပါ၊ အစ်ကို့အပြစ်ပါ၊ အစ်ကိုဟာ တရားခံပါ”

ချန်းချင်း ယူကြုံးမရပြောရင်း မြေပြင်ကို လက်သီးဖြင့် ဒုန်း ဒုန်းမြည်အောင် ထိုးနှက်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းအစုံမှ မျက်ရည်များလည်း ထိန်းမနိုင်သိမ်းမရ စီးကျလာလေသည်။

ကြူးဝေနှင့် ဘယ်တော့မှမခွဲဟု ဆုံးဖြတ်ထားခဲ့သော်လည်း ယခုတော့ ကြူးဝေ ခွဲခွာသွားချေပြီ။ ကြူးဝေက သူ့ကိုခွဲသွားခြင်းမှာ အလွန်ရက်စက်လှပါသည်။ သူမအား အင်မတန်ချစ်လှသော သူမ၏ အစ်ကိုအား သေခွဲခွဲသွားခြင်းပင် ဖြစ်သည်။

"ညီမလေးရယ်၊ အစ်ကို့အမှားပါ၊ အစ်ကို့အမှားပါ"

ချန်းချင်းက ကောင်းကင်ပေါ်မော့ကြည့်ပြီး ...

"ဖေဖေ ... ကျွန်တော့်ကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့တော့"

သူသည် မွေးစားဖခင်ကြီးကြူးယီအား ကြေကွဲစွာ တိုင်တည်ပြောဆိုလိုက်လေတော့သည်။

ချန်းချင်း အရူးတစ်ယောက်ပမာ ငိုလိုက်ရီလိုက် တကွတ်ကွတ်ပြောလိုက်ဖြစ်နေသည်။ ကကာယ့် အရူးပမာပင်။

တကယ်တော့ ကြူးယီကော ကြူးဝေပါ ကြားနိုင်တော့မည်မဟုတ်ပါ။

အံ့ဩစရာကောင်းသည်ကား ...

ချန်းချင်းသည် ကြူးဝေအတွက် စိတ်သောကရောက်နေသည့်အချိန်မှာပင် အမှန်းဒေဝီအား သတိရလိုက်ခြင်း ဖြစ်ပါသည်။

ကြူးဝေရော အမုန်းဒေဝီပါ ချောက်ထဲကျသွားခဲ့ကြသည်မဟုတ်ပါလား။

သူတို့နှစ်ယောက် ဆုံတွေ့သွားပြီ မဟုတ်ပါလား။

○ ○ ○

အခန်း (၃၇)

## လက်စားချေချင်သူ

နေ့ရက်အလီလီ ကုန်ဆုံးသွားခဲ့လေပြီ။

ချန်းချင်းနှင့် ကြူးဝေတို့မောင်နှမနှစ်ယောက် ပန်းနီကျေးရွာမှ ထွက်ခွာသွားကြပြီး ပြန်ရောက်မလာကြတော့ပါ။

သူတို့အား လူတိုင်းက မျှော်လင့်နေမိကြသည်။

သူတို့အဘယ့်ကြောင့် ပြန်ရောက်မလာကြသနည်းဟု စိတ်ဝင်စားနေကြသည်။ သူတို့သည် ပန်းနီကျေးရွာ၏ ရေပေါ်ဆီလူများမဟုတ်ပါလား။

ချန်းချင်းနှင့် ကြူးဝေတို့၏အဖြစ်မှန်ကို သိနိုင်ကြမည်ဆိုပါလျှင် သူတို့ စိတ်ကောင်းနိုင်ကြတော့မည် မဟုတ်ပါ။

ထိုအချိန်၌ ချန်းချင်း၏ သောကရောက်နေပုံကို သိမြင်နိုင်ကြပါလျှင်လည်း မည်သို့မျှ စိတ်ကောင်းနိုင်ကြမည် မဟုတ်ပါချေ။

အရက်ဆိုင်ကလေးတစ်ဆိုင် ဖြစ်သည်။

ဆိုင်ထဲမှ ဆူဆူညံညံအသံများ ထွက်ပေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ဘာလာရှုပ်တာလဲ၊ မင်းကို မလိုချင်ဘူး။ ထွက်သွားစမ်း၊ အခု ထွက်သွား ..."

"ဟာ ... ပြောမရဆိုမရတဲ့ကောင် ချကွာ"

တဝုန်းဝုန်းတဒိုင်းဒိုင်းမြည်သံများ ထွက်ပေါ်လာပြန်သည်။

ထို့နောက် ...

"ဝုန်း ..."

"အား ..."

အော်ဟစ်ညည်းတွားသံနှင့်အတူ လူတစ်ယောက် ဆိုင်အပြင်ဘက်သို့ လွင့်စဉ်ထွက်လာသည်။

ထိုလူမှာ တစ်ကိုယ်လုံး ညစ်ပတ်ပေကျံကာ ဆံပင်များက ဖွာလန်ကျဲနေသည်။

ထိုးကြိတ်ရိုက်နှက်ခံထားရသဖြင့် မျက်နှာတစ်ခုလုံး ဖူးရောင်ညိုမည်းနေသည်။

ထိုလူသည် လူငယ်လူရွယ်တစ်ယောက်ပင် ဖြစ်သော်လည်း စားရမဲ့သောက်ရမဲ့ အခြေအနေမဲ့တစ်ယောက် ဖြစ်ပုံရသည်။

သူသည် မြေပြင်ပေါ်မှ လူးလိမ့်ထလိုက်သည်။

တစ်ကိုယ်လုံး ယိမ်းထိုးကာ ဒယီးဒယိုင်ဖြစ်နေပြီး ခြေလက်များလည်း တုန်တုန်ယင်ယင် ဖြစ်နေသည်။

ဆိုင်ထဲပြန်ဝင်သွားရန် ကြိုးစားပြန်သည်။

ထိုအခါ ဆိုင်ထဲမှလူတစ်ယောက် ထွက်လာပြီး အော်ငေါက်လိုက်လေသည်။

"သည်ကောင် ထွက်မသွားသေးဘူးလား၊ သေချင်နေပြီ ထင်တယ်"



လူရွယ်က တိုးလျှိုးတောင်းပန်လေသည်။

"ကျုပ် ... ကျုပ်ကို အရက်တစ်ခွက်လောက် တိုက်ပါဗျာ"

ထိုးကြိတ်ရိုက်နှက်ခံရသည်ကို အမှုမထားဘဲ အရက်တောင်းသောက်နေပြန်သေးသည်။

ဤတွင် ဆိုင်ထဲ၌ အရက်သောက်နေသူတစ်ယောက်သည် ကရုဏာသက်သွားပုံရသည်။

"ကဲ ... အရက်ပေးလိုက်ပါဗျာ၊ အရက်ဖိုး ကျုပ်ပေးပါ့မယ်"

မကြာမီ ဆိုင်လုလင်တစ်ယောက်က အပေါစားအရက်ပြင်းတစ်အိုးယူကာ ဆိုင်အပြင်ထွက်လာသည်။

အခြေအနေမဲ့လူရွယ်ကို လှမ်းပေးလိုက်သည်။ သူသည် စေတနာ ထားပေးပုံမျိုး မဟုတ်။ ဆောင့်ကြီးအောင့်ကြီးနှင့်ပေးခြင်းဖြစ်သည်။

"ကဲ ... အရက်ရပြီမဟုတ်လား၊ မြန်မြန်သာ သွားပေတော့၊ မင်းကို ငါတို့ မမြင်ချင်ဘူး၊ မြန်မြန်သွား ..."

"ကျေး ... ကျေးဇူးပါပဲဗျာ"

လူရွယ်သည် ကျေးဇူးတင်စကား ပြောပြီးဟန်မဆောင်နိုင်တော့ဘဲ အရက်ကို အိုးလိုက်မော့သောက်လိုက်တော့သည်။

အရက်တဝကြီး သောက်လိုက်ပြီးမှ နေသာထိုင်သာရှိသွားပုံရသည်။

အရက်ဆိုင်ကလေးအား ကျောခိုင်းကာ ဒယီးဒယိုင်ဖြင့် ထွက်သွား လေတော့သည်။

လူရွယ်သည် လမ်းဘေးသစ်ပင်တစ်ပင်အောက်၌ အကျအနထိုင်ကာ အရက်အိုးကို မော့သောက်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရက်ကုန်သွားမည်ကို စိုးရိမ်ပြီး ဖြည်းဖြည်းချင်း သောက်နေသော်လည်း နောက်ဆုံးတွင် အရက်ကုန်သွားတော့သည်။

ထိုလူရွယ်ကား ကြူးဝေသေဆုံးပြီးနောက် စိတ်ထိခိုက်ကာ အရက်သမားဘဝ ရောက်ရှိနေသည့် ချန်းချင်းပင် ဖြစ်ပါတော့သည်။ ချင်းချင်းက ဘဝဆုံးသွားလေပြီ။

တစ်ချိန်က သိုင်းလောက၌ မေတ္တာရှင်ဓားသမားဟု ကျော်ကြားခဲ့သော ချန်းချင်းမှာ ယခုလို အရက်သမားဘဝဖြင့် လမ်းဘေး ရောက်နေမည်ဟု မည်သူမျှ ထင်မှတ်ကြလိမ့်မည် မဟုတ်ပါ။

ချန်းချင်းကား စိတ်ဓာတ်များကျဆင်းနေပြီး ပူပင်သောကများအား မေ့ဖျောက်ပစ်နိုင်ရန် အရက်ကိုသာ ဖိသောက်နေတော့သည်။ အရက်သောက်သော်လည်း သူ့ဝေဒနာများ မပျောက်ပါ။ အိပ်နေရင်းပင် အိပ်မက်များအဖြစ် သူ့ကို ဒုက္ခပေးသည်။

ချန်းချင်းသည် သစ်ပင်ကိုကျောမှီထိုင်ကာ တွေဝေငေးမောနေမိလေသည်။

ထိုစဉ် ...

သူ့အနီးသို့ လူတစ်ယောက် ရောက်ရှိလာသည်။

"မောင်ရင် ... မင်း ငွေမလိုချင်ဘူးလား"

ရုတ်ပြတ်နံ့ချာနေသည့် ပုံသဏ္ဌာန်ကြောင့် တကယ့် အခြေအနေမဲ့သူတစ်ယောက်ဟု ယူဆကာ ထိုလူ မေးမြန်းလာပုံရသည်။

ချန်းချင်းသည် ရီဝေသောမျက်လုံးများဖြင့် ထိုလူအား ကြည့်လိုက်သည်။

လူတစ်ယောက် ...။

ထိုလူအား မြင်ဖူးသည်ဟု စိတ်ထဲထင်မိသည်။



သို့သော် ဘယ်နေရာမှာ မြင်ဖူးသည်ကိုတော့ လုံးဝ စဉ်းစား၍ မရပါချေ။

ထိုလူက ထပ်မံမေးလိုက်သည်။

"မင်း ငွေမလိုချင်ဘူးလား"

ချန်းချင်း ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ... မလိုချင်ဘူး၊ ကျုပ် ... ငွေမလိုချင်ဘူး"

"မင်း ဘာလိုချင်သလဲ"

"အရက် ..."

"ဟား ... ဟား ... ဟား"

ထိုလူ ရယ်မောလိုက်သည်။

"မင်း တော်တော်ညံ့တာပဲ၊ ငွေရှိမှတော့ ကြိုက်တဲ့အရက်ကို ဝယ်သောက်လို့ရတာပေါ့ကွ"

ချန်းချင်း တွေဝေသွားသည်။

ထိုလူက ...

"မင်း အရက်လိုချင်ရင်လည်း အရက်ပေးမယ်၊ အကောင်းစား အရက်ဖြစ်ရမယ်၊ စားစရာတွေလည်းပေးမယ် ဆိုရင်ကော ..."

ချန်းချင်း တုန့်ရှိန့်စွာမေးလိုက်လေသည်။

"ကျုပ်ကို ဘာကြောင့် ပေးချင်ရတာလဲဗျာ"

ထိုလူက ...

"မင်းကို ခိုင်းစရာရှိလို့ပေါ့"

"ကျုပ်ကို ဘာခိုင်းမှာလဲ"

"သိချင်ရင် ကျုပ်နဲ့လိုက်ခဲ့၊ မင်းကို အရက်တိုက်မယ်၊ အမြည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်း ကျွေးမယ်၊ အရက်အဝသောက်ပြီး အမြီးအဝစား၊ ဟုတ်ပြီလား"

"ကျွမ်လိုက်ခဲ့မယ်"

ချန်းချင်း စဉ်းစားမနေတော့ဘဲ သဘောတူလိုက်လေသည်။

ထိုလူက ...

"လာ ... လိုက်ခဲ့"

ချန်းချင်းအား ခေါ်ဆောင်သွားလေတော့သည်။

မကြာမီ ....

ချန်းချင်း အရက်တောင်းကောင်း သောက်ခဲ့သည့် အရက်ဆိုင်ကလေးသို့ ပြန်လည်ရောက်ရှိသွားသည်။

ဆိုင်လုလင်များသည် ချန်းချင်းအား ကောင်းစွာမှတ်မိနေကြပြီ ဖြစ်သည်။

"ဟာ ... သည်ကောင် လာရှုပ်ပြန်ပြီ၊ ရိုက်ထုတ်စမ်းကွာ"

"နောက် မလာနိုင်အောင် ခြေထောက်ကိုသာ ရိုက်ကျိုးပစ်လိုက်ကွာ"

ချက်ချင်း ဝိုင်းအုံလာကြသည်။

ချန်းချင်း ထိတ်လန့်သွားသည်။ လက်ကလေးတကာကာဖြင့် တောင်းပန်လိုက်တော့သည်။

"ကျုပ်ကို မလုပ်ကြပါနဲ့ဗျာ"

သူ့အား ခေါ်လာသူက ငေါက်လိုက်သည်။

"မင်းတို့ ဘာလုပ်ကြမလို့လဲ၊ သူ့ကို ငါခေါ်လာတာ၊ မရှုပ်ကြနဲ့၊ သွားကြ ... သွားကြ၊ ကိုယ့်အလုပ်ကိုယ်လုပ်"



ထိုလူမှာ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသည့်အပြင် ဩဇာတိက္ကမရှိသူလည်း ဖြစ်ပုံရသည်။

ဆိုင်လုလင်များက အရိုအသေပြုလိုက်ကြပြီး နောက်ဆုတ်သွားကြတော့သည်။

"ကျွန်တော်တို့ မသိလို့ပါခင်ဗျာ"

"တောင်းပန်ပါတယ် ခင်ဗျာ"

ထိုလူအား အရိုအသေပေးပြီး နေရာထိုင်ခင်း ပေးလိုက်သည်။

ထိုလူက အကောင်းစားအရက်နှင့် ဘဲကင်၊ အမဲသား အစရှိသော စားကောင်းသောက်ဖွယ်များကို မှာကြားလိုက်သည်။

"ကဲ ... မင်းစိတ်ကြိုက်သာ စားပေတော့၊ ငါ့ကို ဘာမှမေးမနေနဲ့၊ နောက်မှ ငါပြောမယ်"

"ကျေးဇူးပါပဲဗျာ"

ချန်းချင်းသည် ကျေးဇူးတင်စကားပြောပြီး ခေါင်းမဖော်နိုင်အောင် စားသောက်လိုက်လေတော့သည်။

သို့သော် တကယ်တမ်း မစားနိုင်ပါ။

ပါးစပ်ထဲ၌ ဘာမှ အရသာမရှိပါ။

ချန်းချန်းလည်း အရက်ကိုသာ ဖိသောက်တော့သည်။

သူ၏သွေးသားများက တောင့်တနေမိသည်မှာ အရက်ကိုသာ ဖြစ်ပါတော့သည်။

ထိုလူက ...

"ရော့ ... သည်ငွေယူလိုက်"

ငွေတုံးကလေးတစ်တုံး ပေးမြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်းချင်း ကျေးဇူးတင်စကား ပြောမနေတော့ပါ။ လုပ်ရမည့် အလုပ်ကိုသာ မေးတော့သည်။

"ကျုပ် ဘာလုပ်ပေးရမှာလဲ"

ထိုလူက ...

"မင်းက သေချင်နေပြီ မဟုတ်လား"

သူ၏အမေးစကားမှာ စိတ်ဆိုးချင်စရာ ကောင်းလှသည်။

မည်သူ့ကိုမေးမေး မကြားချင်သူနှင့် ဒေါသထွက်သူကိုသာ တွေ့ရပါမည်။

ချန်းချင်း စိတ်မဆိုးပါ။

သူကိုယ်တိုင်က အရက်ဖြင့် ဘဝကိုဖျက်ဆီးကာ နောက်ဆုံး သေဆုံးသွားဖို့အထိ ရည်ရွယ်ထားသည် မဟုတ်ပါလား။

ထိုလူသည် သူ၏သဘောထားကို ရိပ်မိနေသဖြင့် ချီးကျူးမိ လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

သူက ဝန်ခံလိုက်သည်။

ထိုလူ ပြုံးလိုက်လေသည်။

သူသိနေသည်မှာ မှန်သည်မဟုတ်ပါလား။ ချန်းချင်း သေချင် နေသည်ကို သူသိသည်။ အပွေးမြင် အပင်ကိုသိသူဖြစ်သည်။

"မင်း သည်အတိုင်းသေသွားရမယ့်အစား အရက်အဝသောက် ပြီး သေသွားရတာက ပိုမကောင်းပေဘူးလား"

"ဒါလည်း ကောင်းတာပါပဲ"

"အေး ... ငါနိုင်းချင်တဲ့အလုပ်ဟာ တခြားတော့ မဟုတ်ပါဘူး



မင်းက လူတစ်ယောက်သွားမယ့်လမ်းမှာ လမ်းပိတ်ဟန့်တားပေးဖို့ ပါပဲ"

"ရပါတယ်၊ လုပ်ပေးပါ့မယ်၊ ခင်ဗျားအလုပ်က သေလောက် အောင်လည်း မဟုတ်ပါလား"

ချန်းချင်းကား အရက်သောက်ရဖို့မှလွဲ၍ အခြား ဘာကိုမှ မစဉ်းစားတော့ပါ။

အရက်တိုက်သူမှာ သူ့ကျေးဇူးရှင်ဖြစ်နေပြီး ထိုလူဘာခိုင်းခိုင်း လုပ်ပေးမည်သာ ဖြစ်သည်။ သေလမ်းသွားခိုင်းလျှင်လည်း သူ သွား ပေလိမ့်မည်။

ထိုလူက ...

"မင်း သိပ်ပင်ပန်းမှာ မဟုတ်ပါဘူး၊ မကြာခင် သည်လမ်းမ ကြီးအတိုင်း မြင်းလှည်းတစ်စီး မောင်းလာလိမ့်မယ်၊ မင်းက မြင်း လှည်းရှေ့ကို လှဲချလိုက်ရုံပါပဲ၊ အလုပ်ကတော့ သိပ် မခက်ပါဘူး"

သို့သော် ...

သေနိုင်သည်ကို သူ သိသည်။ မြင်းလှည်းကြိတ်မိလျှင် သေ သွားနိုင်သည် မဟုတ်ပါလော။

ချန်းချင်း သဘောကျစွာ ရယ်မောလိုက်သည်။

"သိပ်ကောင်းတာပေါ့ဗျာ"

ထိုစဉ် ...

"ခွပ်ခွပ် ... ခွပ်ခွပ်"

"ခွပ်ခွပ် ... ခွပ်ခွပ်"

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ...

"ပြောရင်းဆိုရင်း မြင်းလှည်းလာနေပြီ၊ မင်း သွားပေတော့"

ချန်းချင်း အရက်ကို တဝကြီးသောက်ထားပြီး ဖြစ်ပါသည်။

အရက်ကြောင့် သူ၏စိတ်များ မူမမှန်တော့ပါ။

အများအကျိုးဆောင်ရွက်ခဲ့သည့် မေတ္တာရှင်ဓားသမားဟူသော ဘဝမှာ သူနှင့် လားလားမျှမသက်ဆိုင်တော့ပါ။ သူသည် အရက်သမား ချန်းချင်းဖြစ်နေပြီ။

အရူးတစ်ယောက်ပမာ စိတ်ရူးပေါက်ရာလုပ်မည့်သူ ဖြစ်နေပါပြီ။

"ကောင်းပြီ ..."

ချန်းချင်းသည် ထိုင်ရာမှ ထလိုက်သည်။

ထို့နောက် ဒယီးဒယိုင်ဖြင့် ဆိုင်ထဲမှထွက်သွားလေတော့သည်။

"ခွပ်ခွပ် ... ခွပ်ခွပ်"

"ကျွိကျွိ ... ကျွိကျွိ"

"ခွပ်ခွပ် ... ခွပ်ခွပ်"

"ကျွိကျွိ ... ကျွိကျွိ"

မြင်းခွာသံ မြင်းလှည်းဘီးလိမ့်သံများ ကျယ်လောင်စွာထွက်ပေါ်နေသည်။

မြင်းလှည်းတစ်စီးသည် အရှိန်မှန်မှန်ဖြင့် လမ်းမကြီးအတိုင်း မောင်းနှင်လာသည်။

ချန်းချင်းသည် လမ်းမပေါ်ရောက်သွားပြီ ဖြစ်ပါသည်။

သူသည် မြင်းလှည်းကိုကြည့်လိုက်သည်။ မြင်းလှည်းသည် သူရှိရာသို့ မောင်းနှင်လာနေလေပြီ။



"လမ်းဖယ်လိုက်စမ်း"

မြင်းလှည်းမောင်းသမားက ဝေါက်လိုက်သည်။

ထိုတစ်ခဏအတွင်းမှာပင် ချန်းချင်းသည် လမ်းဖယ်မပေးသည့်အပြင် လမ်းပေါ်သို့ လှဲချလိုက်လေတော့သည်။

"ဟာ ..."

မြင်းလှည်းသမား အထိတ်တလန့် ဖြစ်သွားသည်။

ချန်းချင်းအား မြင်းလှည်းဖြင့် တက်မကြိတ်မိစေရန် မြင်းဇက်ကြိုးကို အပြင်းအထန် ဆွဲလိုက်ရလေတော့သည်။

"ဟေး ... ဟေး"

အရှိန်နှင့်မောင်းနှင်လာသော မြင်းများကို ရပ်တန့်စေရန်မှာ မလွယ်ကူလှပါ။

သို့သော် အရှိန်ပြင်းစွာ မောင်းနှင်လာခြင်းမဟုတ်ဘဲအရှိန်မှန်မှန်ဖြင့် မောင်းနှင်လာခြင်းကြောင့် အချိန်မီ အရှိန်သပ်ကာ ရပ်တန့်နိုင်လိုက်ခြင်း ဖြစ်ပါသည်။

ချန်းချင်း ကံကောင်းသွားသည်။ အသက်ဘေးမှ လွတ်ကင်းသွားရသည်။

မြင်းလှည်းသမား ဒေါပွသွားလေသည်။

"ဟေ့ကောင် ... ဒါ ဘာလုပ်တာလဲ၊ သေချင်ပြီထင်တယ်"

ချန်းချင်း လူးလိမ့်ထလိုက်သည်။

ထိုစဉ် ...

ချန်းချင်းအား အရက်တိုက်ခဲ့သူက မြင်းလှည်းအနီးသို့ ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလှုံကလည်း မြင်းလှည်းသမားဘက်မှ ထောက်ခံကာ ချန်းချင်းအား အော်ငေါက်လိုက်လေသည်။

"သည်ကောင် တော်တော်ဆိုးတာပဲ၊ အလကား ကလေကချေ အရက်သမား၊ အရက်မူးရင် အေးအေးဆေးဆေးနေတာ မဟုတ်ဘူး၊ သူများကို ဒုက္ခပေးချင်သေးတယ်"

မြင်းလှည်းသမားက ပြောလိုက်သည်။

"ဟုတ်ပါရဲ့ဗျာ၊ သည်ကောင်က ..."

စကားဆုံးအောင် မပြောလိုက်ရပါချေ။

ချန်းချင်းအား အရက်တိုက်ခဲ့သူ၏ လက်ထဲမှ ဓားတစ်လက် ပါလာပြီး ထိုးသွင်းလိုက်ခြင်းကြောင့် ဖြစ်သည်။

မြင်းလှည်းသမား အငိုက်မိကာ မရှောင်နိုင်အောင် ဖြစ်သွားရလေတော့သည်။

"ခင်ဗျား ..."

ဓားက သူ၏ရင်ဝ၌ ထိုးဖောက်စိုက်ဝင်သွားခြင်းကြောင့် တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲသွားပြီး မြေပေါ်သို့ ဝုန်းခနဲလဲကျသေဆုံးသွားလေသည်။

ထိုစဉ် ...

"ဘာဖြစ်နေကြတာလဲဟေ့"

မေးမြန်းသံနှင့်အတူ မြင်းလှည်းတံခါး ပွင့်သွားပြီး လူတစ်ယောက် ဆင်းလာသည်။

မြင်းလှည်းသမားအား လုပ်ကြံသူက အရိုအသေပြုလိုက်သည်။

"မြို့စားကြီးကို ဂါရဝပြုပါတယ်ခင်ဗျာ"

သူက ရယ်ရယ်မောမောဖြင့် ပြောလိုက်သည်။



မြို့စားကြီးဆိုသူမှာ ကောင်းတုံမြို့စားပင် ဖြစ်သည်။

ကောင်းတုံမြို့စားသည် အရိုးခေါင်းတောင်မှ ရတနာသိုက်ကိစ္စတွင် ပါဝင်ခဲ့ပြီး ချန်းချင်းနှင့်အတူပင် ခင်မင်ရင်းနှီးခဲ့သူ ဖြစ်သည်။ ချန်းချင်းအား ကောင်းစွာ ဆေးကုသပေးပြီး သူ့အတွင်းအား ရရှိရန်ပင် ကူညီခဲ့သေးသည်။

ကောင်းတုံမြို့စား အံ့သြသွားသည်။

"ခင်ဗျားဟာ နန်းကုန်းချို မဟုတ်လား"

"မှန်လိုက်လေဗျာ ... သူခွေးကြီးလေးယောက်ရဲ့ ကိုယ်ရံတော် နန်းကုန်းချိုအစစ်ပေါ့၊ ဘယ်လွဲပါ့မလဲ"

ချန်းချင်း၏ ဦးခေါင်းထဲ ရီဝေမူးနောက်နေသည်။

ကြားလိုက်ရသော စကားများက ဦးခေါင်းကို ပို၍ မူးနောက်သွားစေသည်။

ကောင်းတုံမြို့စားကို သူ သိထားပါသည်။

ထိုအပြင် သူ့အား အရက်တိုက်ခဲ့သူမှာလည်း နန်းကုန်းချို ဖြစ်ကြောင်း သိလိုက်ရပြီ ဖြစ်ပါသည်။ သူ သတိရသွားခဲ့ပြီ။

နန်းကုန်းချိုသည် ဟိုဝမ်း၊ လီယွမ်၊ တိန့်ရှောင်ချန်းနှင့် ချူးမေ့အုံးဆိုသော သူခွေးကြီးလေးယောက် ဖွဲ့ထူးခံထားသော လူဆိုးကြီးလေးယောက်၏ လက်ရုံးလည်း ဖြစ်ပါသည်။

တစ်ချိန်က အရိုးခေါင်းတောင် ဖိုက်ပွဲတွင် ဒဏ်ရာများရရှိကာ ထွက်ပြေးလွတ်မြောက်သွားခဲ့သူလည်း ဖြစ်သည်။

"လက်စသတ်တော့ နန်းကုန်းချို ဖြစ်နေတာကိုး၊ ဒါကြောင့် သူ့ကို တွေ့ဖူးပါတယ်လို့ ထင်နေခဲ့တာကိုး၊ ငါလည်း အရက်သမား ဖြစ်နေတော့ သတိမကောင်းတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



နန်းကုန်းချိသည် အသက်ဘေးမှ လွတ်မြောက်သွားခဲ့သော်လည်း နောင်တမရဘဲ ဆက်၍ ဆိုးမိုက်နေဆဲဖြစ်ကြောင်း ထင်ရှားနေပါသည်။ သူ၏ ယခုအပြုအမူကိုပင် ကြည့်ပါ။

"ဟား ... ဟား ... ဟား"

နန်းကုန်းချိ တဟားဟားရယ်မောကာ စကားဆက်လိုက်သည်။

"မြို့စားကြီး ... ခင်ဗျားက အရိုးခေါင်းတောင်ပေါ်က ရတနာတွေကို သိမ်းဆည်းပြီး နန်းတွင်းကိုပို့ပေးခဲ့တာကို ကျုပ် ကျေနပ်မယ် ထင်သလား၊ သိုင်းလောကကိစ္စတွေထဲမှာ ဝင်ရှုပ်လို့ ခင်ဗျား ဒုက္ခရောက်ရမယ်ဆိုတာ မှတ်ထားပါ၊ ကျုပ်တို့ဟာ သိုင်းလောကသားတွေဗျ၊ ခင်ဗျားဝင်ရှုပ်လို့ မရဘူး"

ကောင်းတုံမြို့စားက မကြောက်မရွံ့ ပြန်ပြောလိုက်သည်။

"ဘုရင့်ဘဏ္ဍာတော်တွေနဲ့ လုယက်တိုက်ခိုက်ထားတဲ့ ပစ္စည်းတွေဖြစ်နေတာမို့ သက်ဆိုင်ရာလက်ထဲကို ပြန်အပ်ရမှာပဲ၊ ကျုပ်က တွေ့ရှိရတဲ့အတိုင်း ဆောင်ရွက်ခဲ့တာပဲ၊ ကျုပ်အကျိုးအတွက် ကိုယ့်ဟာ ယူခဲ့တာ မဟုတ်ဘူး၊ ဒါကို မင်းသဘောပေါက်"

နန်းကုန်းချိကို လက်ညှိုးညွှန်ကာ ဆက်ပြောသည်။

"သူခွေးအယောင်ဆောင်ထားတဲ့ လူဆိုးကြီးလေးယောက် မ... တော့တဲ့နောက်ပိုင်းမှာ သူတို့စုဆောင်းခဲ့တဲ့ လူတွေကို ခေါင်းဆောင်ပြီး ဆက်ဆိုးသွမ်းနေတဲ့ မင်းကိုလည်း ဖမ်းဆီးအရေးယူရမှာပဲ"

"ဟား ... ဟား ... ဟား ..."

နန်းကုန်းချိက လှောင်ပြောင်ရယ်မောလိုက်ပြန်သည်။

"ကျုပ်က မကြောက်တဲ့အပြင် ခင်ဗျားကို ဆုံးမဦးမယ်ဆို... မှတ်ထားပါ၊ ခင်ဗျား အခုပဲ ဒုက္ခရောက်ပြီဆိုတာ သိလိုက်ပေတော့"



ကောင်းတုံမြို့စား၏ မြင်းလှည်းသမားမှာ အနီးကပ်စောင့်ရှောက်ရသည့် ကိုယ်ရံတော်သိုင်းသမားဖြစ်သည်။

နန်းကုန်းချိက ကိုယ်ရံတော်သိုင်းသမားအား အရင်ဆုံး ရှင်းပစ်နိုင်အောင် ချန်းချင်းအား အသုံးချခဲ့ခြင်း ဖြစ်သည်။

ကိုယ်ရံတော်မရှိတော့သဖြင့် ကောင်းတုံမြို့စားအား ဒုက္ခပေးဖို့ အလွန်လွယ်ကူသွားလေတော့သည်။

ကောင်းတုံမြို့စားက ရဲဝံ့စွာ ပြောလေသည်။

"ကျုပ်က ကြောက်နေမယ်ထင်လို့လား၊ တာဝန်အရ ဆောင်ရွက်ရတာကို ကျုပ် ဂုဏ်ယူတယ်၊ ဘယ်သူ့ကိုမှ မကြောက်ဘူး"

နန်းကုန်းချိက ...

"ခင်ဗျား ဘာများတတ်နိုင်မှာလဲ"

လက်တစ်ဖက် ဝှေယမ်းပြလိုက်လျှင် သူ၏လူများ ဟိုမှသည်မှ ထွက်ပေါ်လာပြီး ကောင်းတုံမြို့စားကြီးအား ဝိုင်းရံထားလိုက်ကြလေတော့သည်။

ကောင်းတုံမြို့စား အခက်ကြုံသွားသည်။ သူ့ဘက်တော်သား တစ်ယောက်မျှ မရှိတော့ပေ။ ရန်သူများက သူ့ကို ဝိုင်းရံထားပေပြီ။

နန်းကုန်းချိသည် သူတို့လူစုအား ဖမ်းဆီးဖို့ကြိုးစားနေသည့် မြို့စားကြီးအား လက်ဦးအောင် ဒုက္ခပေးတော့မည် ဖြစ်ပါသည်။

"မြို့စားကြီး ခင်ဗျား ဘာမှမတတ်နိုင်တော့ပါဘူးဗျာ၊ ကျုပ်တို့ ရန်သူဖြစ်မည့်အစား မိတ်ဆွေဖြစ်တာ ပိုမကောင်းဘူးလား၊ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့ဗျာ၊ ကျုပ်က ရန်တိုရန်ချင်း မတုံ့နှင်းချင်ဘူးဗျ"

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးက …

"မင်းနဲ့ ဆွေးနွေးစရာ ဘာအကြောင်းမှမရှိဘူး၊ ငါက မြို့စား မင်းက စားပြ၊ ဘာမှ ဆွေးနွေးစရာ မလိုဘူး"

"ဟဲ … ဟဲ … ဟဲ … သည်လိုမပြောနဲ့လေ၊ မြို့စားကြီး စိတ်လျော့လိုက်ပါဗျာ၊ ကျုပ်တို့နဲ့ လက်တွဲလိုက်စမ်းပါ၊ ခင်ဗျားအတွက် အများကြီး အကျိုးရှိပါလိမ့်မယ်"

ချန်းချင်းသည် မြို့စားကြီးတို့ ပြောနေကြသော စကားများကို နားထောင်နေရင်း အခြေအနေကို တဖြည်းဖြည်း နားလည်သဘော ပေါက်လာသည်။ ချက်ချင်း သဘောမပေါက်နိုင်ပါ။ ဖြည်းဖြည်းချင်း စဉ်းစားရသည်။

သို့သော် ယခု အရက်မူးပြေသကဲ့သို့ ဖြစ်သွားပြီး ကြားဝင် ပြောလိုက်သည်။

သူ၏ မေတ္တာရှင်စားသမား၏မာန ကျန်နေသေးသည်။

"နန်းကုန်းချီ … အရိုးခေါင်းတောင်ပေါ်မှာ ခံလိုက်ရတာ မမှတ်သေးဘူးထင်တယ်"

နန်းကုန်းချီ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"မင်း ဘာပြောလိုက်တာလဲ"

"ဘာပြောရမလဲ၊ ခင်ဗျားဆရာတွေကိုတောင် ဆုံးမလိုက်တဲ့ ကျုပ်ကိုတောင် မမှတ်မိတော့ဘူးလား"

"ဘာကွ …"

"ကျုပ်ဟာ မေတ္တာရှင်စားသမား ချန်းချင်းလေဗျာ"

"ဟာ … သည်အရက်သမားက တမျိုး၊ သွားကွာ ဝေးဝေး သွားနေစမ်း"



နန်းကုန်းချီက မောင်းထုတ်လိုက်သည်။

သို့သော် …

ချန်းချင်းက ထွက်မသွားပါ။ ပေကပ် ရပ်နေပါသည်။

သူက အော်ခေါ်လိုက်သည်။

"မြို့စားကြီးကို နှောင့်ယှက်ဖို့မကြိုးစားနဲ့၊ ရပ်တန်းက ရပ်လိုက်ပါ"

"တောက် … ရှုပ်လိုက်တာကွာ"

နန်းကုန်းချီ တွန်းထုတ်လိုက်သည်နှင့် ချန်းချင်း မြေပေါ်သို့ ဝုန်းခနဲ လဲကျသွားသည်။

မြို့စားကြီး အံ့ဩနေသည်။

နန်းကုန်းချီသည် ချန်းချင်းအား ရုတ်တရက် မမှတ်မိသော်လည်း မြို့စားကြီးက မှတ်မိလိုက်သည်။

နန်းကုန်းချီနှင့်စာလျှင် မြို့စားကြီးသည် ချန်းချင်းနှင့်အတူ ရက်အတန်ကြာအောင် အတူနေထိုင်ခဲ့ဖူးသဖြင့် မှတ်မိလိုက်ခြင်း ဖြစ်သည်။

"ချန်းချင်း … မင်း ဘယ်လိုဖြစ်တာလဲ၊ ငါတော့ အံ့ဩလို့ မဆုံးဘူး"

အန္တရာယ်ကျရောက်နေသည်ကိုပင် အမှုမထားဘဲ ချန်းချင်း အတွက် စိတ်ပူသွားလေသည်။

ချန်းချင်းက မြေပေါ်မှ လူးလိမ့်ထလိုက်သည်။

"နန်းကုန်းချီ … ခင်ဗျားကို ကျုပ် ဆုံးမမယ်"

တိုက်ခိုက်ဖို့ ကြိုးစားလိုက်သော်လည်း ကိုယ့်ကိုကိုယ် မဟန် နိုင်ဘဲ မြေပေါ်ဝုန်းခနဲ လဲကျသွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းကုန်းချိုက ငုံ့ကြည့်လိုက်သည်။

"မင်းက ချန်းချင်း ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ဗျာ၊ မေတ္တာရှင်ဓားသမား ချန်းချင်းလေ"

ချန်းချင်း အာလေးလျှာလေးပြောရင်း လူးလိမ့်ထဖို့ ကြိုးစားနေသည်။

နန်းကုန်းချို ဒေါပွသွားသည်။

"မင်းနဲ့ အမုန်းဒေဝီ ဒုက္ခပေးခဲ့တာကို ငါ မေ့သွားမယ်ထင်နေသလား၊ သေဖို့ ပြင်ထားပေတော့၊ ငါတစ်သက်မှာ မင်းတို့နှစ်ယောက်စလုံးကို အမုန်းဆုံးပဲ"

"ခွမ်း ..."

နန်းကုန်းချိုသည် ခါးမှဓားကို ခွမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်သည်။

"မလုပ်နဲ့ ..."

မြို့စားကြီးက ကြား၀င်လာပြီး ချန်းချင်းအား အကာအကွယ်ပေးထားလိုက်သည်။ ဘာမျှ ပြန်မလုပ်နိုင်သူအား သတ်ဖြတ်ခြင်းမှာ မတရားပါ။

နန်းကုန်းချိုက မုန်းတီးစွာကြည့်ရင်း ပြောသည်။

"စိတ်ချ ... ခင်ဗျားတို့နှစ်ယောက်စလုံးကို သတ်မှာ ..."

သူသည် ဓားဖြင့်ခုတ်ချရန် ဟန်ပြင်လိုက်ပြီးမှ စိတ်ပြောင်းသွားသည်။

ဓားကို ရုတ်သိမ်းလိုက်ပြီး ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... ခင်ဗျားတို့ကို သတ်ပစ်လိုက်



ထက် ဖမ်းခေါ်သွားပြီး နှိပ်စက်ရတာ ပိုပြီးတော့ အရသာတွေ့မယ်၊ ကဲ ... သူတို့ကို ဖမ်းလိုက်ကြစမ်း"

သူ၏တပည့်များသည် ချက်ခြင်း ဝိုင်းရံလာပြီး ချန်းချင်းနှင့် မြို့စားကြီးအား ဖမ်းဆီးလိုက်ကြလေတော့သည်။

မြို့စားကြီးနှင့် ချန်းချင်းတို့မှာ ကြက်ကလေးငှက်ကလေးများသဖွယ် အဖမ်းခံလိုက်ရသည်။

"ဟား ... ဟား ... ဟား ... မေတ္တာရှင်ဓားသမား ချန်းချင်းက အရက်သမား ကလေကချေဖြစ်နေပြီ၊ မေတ္တာရှင်ဓားသမား ဘာများတတ်နိုင်မှာတဲ့လဲ၊ သေဖို့သာ ပြင်ထားပေတော့၊ မင်းတို့ကို သေရတာ သက်ဆိုးအောင် နှိပ်စက်ပြမယ်"

ထိုစဉ် ...

"မေတ္တာရှင်ဓားသမားကို သေသွားမယ်လို့ ဘယ်သူက ပြောတာလဲ"

စူးရှသောစကားသံတစ်ချက် ထွက်ပေါ်လာသည်။

လူတစ်ယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့လိုက်ရလေတော့သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

# ရုပ်ဆိုးမလေး

"ဟူး ... ဟူး ... ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်။

လူတစ်ယောက် ရိပ်ခနဲ ရောက်ရှိလာသည်။

မည်သူနည်း ...။

ထိုလူမှာ အနက်ရောင်ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်ဖြစ်သည်။ ကိုယ်ဖော့ပညာကောင်းသည်။ အချိန်အနည်းငယ်အတွင်း သူတို့ထံသို့ ရောက်ရှိလာသည်။

နန်းကုန်းချီ အော်ငေါက်လိုက်သည်။

"လာရှုပ်တာ ဘယ်သူလဲ"

ရောက်လာသူမှာ အလွန်ရုပ်ဆိုးသော အမျိုးသမီးတစ်ယောက်ပင် ဖြစ်သည်။ မြင်ရသူများ လန့်ဖျပ်သောက်သည်။

ရုပ်ဆိုးမက ...

"ရှင်က နန်းကုန်းချီလား"



နန်းကုန်းချီက ...

"ဩော် ... ကျုပ်ကိုတောင် သိနေတာကိုး"

ရုပ်ဆိုးမသည် ရှည်ရှည်ဝေးဝေး မစဉ်းစားဘဲ နန်းကုန်းချီအား တိုက်ခိုက်လေတော့သည်။ နန်းကုန်းချီမှာ အသေအလဲ ရှောင်တိမ်းလိုက်ရသည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ"

နန်းကုန်းချီ ကပျာကယာရှောင်တိမ်းပြီး ပြန်လည်ရင်ဆိုင်သိုက်သည်။

ရုပ်ဆိုးမ၏တိုက်ခိုက်မှုမှာ ပြင်းထန်လှသည်။ သူမ၏ တိုက်ကွက်များမှာ သေကွင်းသေကွက်ဆီသို့သာ။

သိုင်းပညာ ခေသူတစ်ယောက်မဟုတ်ကြောင်း ထင်ရှားနေသည်။ သိုင်းကွက်များက အဆင့်မြင့်လှသည်။

နှစ်ယောက်သား ယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြပြီး မကြာမီအချိန်အတိုင်းမှာပင် နန်းကုန်းချီ အရေးနိမ့်သွားသည်။

"ခြွမ်း ..."

သူ၏လက်ထဲမှဓားလည်း လွင့်ထွက်သွားသည်။

"ဟောကောင်တွေ ဘာလုပ်နေကြတာလဲ"

နန်းကုန်းချီက သူ၏လူများအား အော်ငေါက်လိုက်သည်။

ထိုအခါ ချုန်းချင်းနှင့် မြို့စားကြီးတို့အား ဖမ်းဆီးထားကြများသည် ချုန်းချင်းတို့အားလွှတ်ပြီး ရုပ်ဆိုးမအား ဝိုင်းရံတိုက်ခိုက်လိုက်ကြတော့သည်။

ရုပ်ဆိုးမက လက်ဝှေ့ယမ်းလိုက်သည်။

"လဲကျသွားစမ်း"

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ပုန်းကလေးများ တဝီဝီမြည်ကာထွက်လာပြီး နန်းကုန်းချီ၏လူများထံသို့ တိုးဝင်သွားတော့သည်။

သူ့လက်နက်ပုန်းများကို နန်းကုန်းချီ၏လူများ လွတ်အောင်မရှောင်နိုင်ကြပါ။

"အား ..."

"အမယ်လေး ..."

"သေပါပြီဗျ ..."

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်လာသည်။

နန်းကုန်းချီ၏လူများ လက်နက်ပုန်းထိမှန်ကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားသည်။

နန်းကုန်းချီ ကြောက်လန့်သွားလေသည်။

ရုပ်ဆိုးမမှာ အလွန်ကြောက်စရာကောင်းသူဖြစ်ကြောင်း နားလည်သွားပြီး မယှဉ်ရဲတော့ဘဲ ထွက်ပြေးသွားသည်။

သို့သော် ရုပ်ဆိုးမက အလွတ်မပေးချေ။ သူ့လက်တွင်းမှ ဤသို့ ထွက်ပြေး၍ လွတ်မည်လော။

"ရှင် ပြေးလို့ရမလား"

အော်ပေါက်ရင်း လက်နက်ပုန်းကလေးများဖြင့် ပစ်ပေါက်လိုက်ရာ အဆိပ်လက်နက်ပုန်းသုံးခု ပြေးထွက်သွားသည်။

"အား ..."

နန်းကုန်းချီ မရှောင်နိုင်တော့ဘဲ လက်နက်ပုန်းထိမှန်ကာ မြေပေါ်လဲကျသွားလေတော့သည်။

မိုက်လုံးကြီးလှသော နန်းကုန်းချီနှင့် အပေါင်းအပါများကား အမိုက်ဇာတ် သိမ်းသွားကြလေပြီ။



ချန်းချင်းနှင့် ကောင်းတုံမြို့စားကြီးတို့က အရုပ်ဆိုးမကို ကျေးဇူးတင်သွားကြသည်။

ကောင်းတုံမြို့စားကြီးမှာ သိုင်းပညာမတတ်။

သိုင်းပညာတတ်သော မေတ္တာရှင်စားသမား ချန်းချင်းမှာလည်း အရက်သမားကြီးလုံးလုံးဖြစ်နေ၍ မခုခံနိုင်။ သူတို့ သေလူများသာ ဖြစ်တော့သည်။

ရုပ်ဆိုးမသာ အချိန်မီရောက်မလာပါက သူတို့ ဒုက္ခရောက်ရမည် မဟုတ်ပါလား။ ဧကန်သူတို့ အနှိပ်စက်ခံကြရတော့မည်။

မြို့စားကြီးက ...

"ကျုပ်တို့ကို ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျုပ်က ကောင်းတုံမြို့စားကြီးပါ"

ဦးညွှတ်ကာ ပြောလိုက်သည်။

ရုပ်ဆိုးမက အမှုမထားချေ။ သူ အမှုထားသည်က တစ်မျိုးဖြစ်သည်။

"မေတ္တာရှင်စားသမား ချန်းချင်းဆိုတာ ဘယ်သူလဲ"

သူမ သိချင်သည်ကိုသာ မေးသည်။

ချန်းချင်းက ...

"ကျုပ်ပါဗျာ"

ပြောရင်း ရှေ့သို့ လှမ်းထွက်လိုက်သည်။

ရုပ်ဆိုးမသည် ချန်းချင်းအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။ သူမသည် မေတ္တာရှင်စားသမားအား မြင်ဖူးဟန် တူ၏။ ရုပ်ဆိုးမက နှာခေါင်းရှုံ့လိုက်သည်။

"မဖြစ်နိုင်တာဘဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမက ရေရွတ်လိုက်သည်။

ချန်းချင်းက ...

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ ကျုပ်ဟာ မေတ္တာရှင်ဓားသမား ချန်းချန်းဖျူ"

ရုပ်ဆိုးမက ...

"ရှင် လိမ်ပြောတာပဲ၊ မေတ္တာရှင်ဓားသမား ချန်းချင်းဟာ ရှင့်လို ကလေကချေ အရက်သမားတစ်ယောက် မဟုတ်ဘူးရှင့်၊ အများပြည်သူအကျိုး ဆောင်ရွက်နေတဲ့ အထက်လမ်းသိုင်းသမား သူရဲကောင်းတစ်ယောက်ပဲ"

ချန်းချင်းက ...

"ကျုပ် ... ကျုပ်က ..."

"ရှင့်ကိုယ်ရှင် မေတ္တာရှင်ဓားသမားလို့ လိမ်ပြောနေတာကို မရှက်ဘူးလား၊ တော်တော် သတ္တိကောင်းနေတယ်ပေါ့လေ၊ သေသွားချင်ပြီထင်တယ်၊ ကျွန်မကို ရှင် လှောင်ပြောင်နေသလား၊ ဘာမှတ်နေသလဲ"

ရုပ်ဆိုးမက ဝေါက်လိုက်သောအခါ ချန်းချင်း ခေါင်းငုံ့သွားလေတော့သည်။

သူရဲကောင်းဘဝမှ ကလေကချေ အရက်သမားဘဝ ရောက်နေပြီ မဟုတ်ပါလား။ သူ့ဘဝကိုသူ ဆင်ခြင်မိပြီး ဝမ်းနည်းကြေကွဲသွားလေသည်။

မြို့စားကြီးက ...

"ကျုပ်တို့ကို ကူညီတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့်



မိတ်ဆွေလေးချန်းချင်းကိုတော့ မတရားမပြောစေချင်ပါဘူး၊ သူ့မှာ အကြောင်းတစ်ခုခုရှိလို့ ခုလိုဘဝမျိုး ရောက်နေတာပါ"

ရုပ်ဆိုးမက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ စိတ်မဝင်စားဘူး"

ထို့နောက် ချန်းချင်းကိုကြည့်ကာ ဝေါက်လိုက်ပြန်သည်။

"ရှင် နောက်တစ်ခါ လိမ်ပြောမယ်ဆိုရင် ကျွန်မ ချမ်းသာပေးမှာ မဟုတ်ဘူး၊ သတိထားပါ"

စကားဆုံးသည်နှင့် ချာခနဲ လှည့်ကာ ပြေးလွှားသွားလေသည်။

"ဝမ်းနည်းမနေပါနဲ့ကွာ"

မြို့စားကြီးက သူ့အား နှစ်သိမ့်ပြီး ခေါ်ဆောင်သွားသည်။

ချန်းချင်းမှာ မြို့စားကြီးဂေဟာသို့ ရောက်ရှိလာသည်။

မြို့စားကြီးသည် ချန်းချင်းအား ကောင်းမွန်စွာဆက်ဆံပြီး လိုလေသေးမရှိ ပြုစုစောင့်ရှောက်လေတော့သည်။

ချန်းချင်းသည် သူ့အသက်သခင်ပင် မဟုတ်ပါလား။

သူ၏လက်ဆွဲတော် သမားတော်ကြီးကိုပင့်ကာ ချန်းချင်းအား ဆေးကုနိုင်းသည်။

ယခင်ကလည်း ဆေးကုပေးခဲ့ဖူးသဖြင့် သမားတော်ကြီးနှင့် ချန်းချင်းတို့မှာ ရင်းနှီးနေကြပြီ ဖြစ်ပါသည်။

"သူဟာ စိတ်ထိခိုက်စရာ အကြောင်းကိစ္စတစ်ခုခုနဲ့ ကြုံတွေ့ခဲ့ရပုံရမယ်၊ ဒါကြောင့် စိတ်ဓာတ်ကျပြီး အရက်သမားဘဝကို ရောက်သွားရတာပဲ"

သမားတော်ကြီးသည် ချန်းချင်း၏အခြေအနေကို သုံးသပ်ကာ မြို့စားကြီးအား ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးက ချန်းချင်း၏ရုပ်ရည်နှင့် မတူတော့သော်လည်း ချန်းချင်းအစစ်ဖြစ်ကြောင်း ယုံကြည်သည်။ သူသည် ချန်းချင်းအား ခင်မင်နေသည့်အလျောက် အတတ်နိုင်ဆုံး ကူညီသွားရန် ဆုံးဖြတ်လိုက်သည်။

သမားတော်ကြီးကလည်း အထူးကြိုးစားပြီး ကုသပေးသည်။

ချန်းချင်းကား တုန်တုန်ယင်ယင် ငူငူငိုင်ငိုင်ဖြစ်နေသည်။

သို့သော် ဆေးကုသမှုကို ကောင်းစွာ ခံယူနိုင်ခဲ့သဖြင့် များမကြာမီ ဝေဒနာများ သက်သာသွားခဲ့လေတော့သည်။

မေတ္တာရှင်ဓားသမားဖြစ်ကြောင်း အားလုံးက လိုလိုလားလား လက်ခံနိုင်ကြသည်။ ချန်းချင်း၏အခြေအနေမှာ တစ်နေ့တစ်ခြား တိုးတက်လာသည်။

အရက်လုံးဝ မသောက်တော့ဘဲ နေနိုင်ပြီဖြစ်သည်။ ဤသည်မှာ ထူးခြားချက်ကြီး ဖြစ်သည်။

သို့သော် လူကောင်းတစ်ယောက်လိုတော့ ဖြစ်မလာသေးပါ။ နာလန်ထလူမမာတစ်ယောက်နှင့် တူနေသည်။

စားသောက်ဖွယ်ရာများကိုတော့ စားသောက်လာနိုင်ပြီး အိပ်စက်၍လည်း ရလာသည်။ အိပ်စက်၍ရခြင်းမှာ လူကောင်းဖြစ်ရန် ကြီးမားသောအထောက်အကူကြီး ဖြစ်သည်။

ယခင်ကလို မဟုတ်တော့ဘဲ လန်းလန်းဆန်းဆန်းဖြင့် စကားပြော၍လည်း အဆင်ပြေလာသည်။

ယခင်ကဆိုလျှင် အာလေးလျှာလေးဖြင့် ကယောက်တီကယောက်ချာ ပြောနေတတ်သည်။ ပါးစပ်ထဲရှိရာ ပြောတတ်သည်။

မြို့စားကြီးသည် ချန်းချင်းအားကြည့်ပြီး ကျေနပ်နေသည်။



သူ ပြုစုရကျိုးနပ်သည် မဟုတ်ပါလား။

"ကျုပ်တို့နှစ်ယောက် မမျှော်လင့်ဘဲ ဆုံတွေ့မိတာ ကျုပ်က်ကောင်းသွားသလို မင်းလည်း က်ကောင်းသွားတယ်၊ ကျုပ်က အဲဒီအချိန်က က်ကောင်းတာ၊ မင်းက နောင်ကာလ(အခုအချိန်မှာ) က်ကောင်းတာ"

ချန်းချင်းက ...

"မြို့စားကြီးနဲ့သာ မတွေ့ရင် ကျွန်တော့်ဘဝတော့ မတွေးရဲလောက်အောင်ပါပဲဗျာ၊ မြို့စားကြီးကို ကျေးဇူးတင်ပါတယ်"

မြို့စားကြီးက ...

"ချန်းချင်း မင်းဟာ သူရဲကောင်းတစ်ယောက်ပါ၊ ဘာကြောင့်များ ခုလိုဖြစ်သွားရတာလဲ၊ ကျုပ်ဖြင့် စဉ်းစားလို့တောင် မရဘူး၊ မင်းကိုမြင်တော့ ချန်းချင်းဖြစ်ကြောင်း ယုံတယ်၊ ဒါပေမယ့် မင်းအဖြစ်ကိုတော့ စဉ်းစားလို့ မရဘူး"

ချန်းချင်းက ...

"ကြမ္မာဆိုးနဲ့ ကြုံတွေ့ခဲ့ရတယ်လို့ပဲ ပြောပါရစေတော့ခင်ဗျာ၊ တကယ်တော့ ကျွန်တော်ဟာ အပြစ်မကင်းတဲ့ လူတစ်ယောက် ဖြစ်နေပါပြီ"

မြို့စားကြီးက ...

"မင်းကိုကြည့်ရတာ မမျှော်လင့်ဘဲ အမှားတစ်ခုခု ကျူးလွန်မိခဲ့ပုံရတယ်။ ကျုပ် ပြောတာမှန်ရဲ့လား"

ချန်းချင်း ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ် ခင်ဗျာ၊ အရိုးခေါင်းတောင်ကိစ္စ ပြီးပြတ်သွားတော့ ကျွန်တော် အိမ်ကိုပြန်သွားခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးကြူးယိ၏ မွေးစားသားဖြစ်ခဲ့ပြီး သူ့အား သားအရင်းနှင့်မခြား ချစ်မြတ်နိုးခဲ့ပုံ၊ အရွယ်ရောက်လာသောအခါ အလိုလိုက်ပြီး သိုင်းပညာသင်ယူဖို့ ခွင့်ပြုခဲ့ပုံ၊ သူက သိုင်းသင်ယူပြီးသော်လည်း အိမ်မပြန်ဘဲ သိုင်းလောက၌ ကျင်လည်ကျက်စားနေခဲ့ပြီး မေတ္တာရှင် မားသမားတွဲ့ ရတလာပုံများကို ပြောပြလိုက်သည်။

"အရိုးခေါင်းတောင်ကိစ္စ ပြီးသွားလို့ မကြာပါဘူး၊ ကျွန်တော့် ဖေဖေ သေဆုံးသွားတယ်ဆိုတဲ့သတင်း ကြားရပါတယ်၊ ဖေဖေ့အပေါ်မှာ ကျွန်တော် တာဝန်မကျေခဲ့ဘူးလို့လည်း ခံစားရပါတယ်၊ ဒါနဲ့ အိမ်ကိုပြန်သွားပြီး ညီမလေးကြူးဝေကို စောင့်ရှောက်ခဲ့ပါတယ်၊ ကျွန်တော့် နှမလေး အရင်းနဲ့မခြား သူ့ကို ချစ်ခင်ခဲ့တာပါ ခင်ဗျာ"

နောက်ပိုင်းအဖြစ်အပျက်များကို ပြောပြလိုက်၏။

သူ၏ရင်ထဲမှ ခံစားချက်များ ပွင့်အန်လာခြင်းဖြစ်ပေတော့သည်။

မြို့စားကြီးကို ယုံကြည်အားထားခဲ့သည့်အလျောက် မခြွင်းမချန် ပြောပြလိုက်ခြင်း ဖြစ်လေတော့သည်။

မြို့စားကြီး ကရုဏာသက်သွားသည်။ စုတ်တသပ်သပ်ဖြစ်သွားသည်။ ချန်းချင်းဘဝပျက်လောက်သည်ဟုလည်း ယုံကြည်သည်။

"ချန်းချင်း ... မင်းကြုံတွေ့ခဲ့ရတဲ့ အဖြစ်က အတော့်ကို ရင်နာစရာကောင်းပါလား"

ဟု သူသည် ဝမ်းနည်းစွာ မှတ်ချက်ချလေ၏။

တစ်ဖန် ...

"မင်းက ညီမလေးအပေါ် ဖြူစင်တဲ့ မေတ္တာနဲ့ ချစ်မြတ်နိုး



ပြီး ကာကွယ်စောင့်ရှောက်သွားကို ကြိုးစားခဲ့ပေမယ့် မင်းရဲ့ ညီမကတော့ နားလည်နိုင်ခဲ့မှာ မဟုတ်ဘူး၊ အမှန်တော့ မေတ္တာတရားရဲ့ ထူးခြားတဲ့ သဘာဝကြောင့် ဒီလိုဖြစ်ရတာပဲ"

လူ့လောက၏ လူများ၏ အထင်မှားတတ်ပုံလည်း ပြောပြသည်။

ချန်းချင်းက ...

"ကျွန်တော်က ညီမလေးကို စောင့်ရှောက်ချင်ပေမယ့် သူ အထင်မှားခဲ့တယ်၊ သူ့ဒုက္ခရောက်မှာကို ..."

သူ၏စကားမဆုံးမီ မြို့စားကြီးက ကြားဖြတ်ပြောလိုက်သည်။

"မင်းရဲ့ ညီမမှာ ချစ်သူရှိနေပြီဆိုပါတော့ ..."

"ဟုတ်ပါတယ် ခင်ဗျာ"

"ဘယ်သူများလဲ"

"သိုင်းရာဇာ တုစိမ်းရဲ့ သား တုဖုံးပါ"

"ဟာ ..."

မြို့စားကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သူ့အား ကိုင်လှုပ်လိုက်သလို ခါယမ်းသွားသည်။

ချန်းချင်း အံ့သြသွားလေ၏။

"ဘာများဖြစ်လို့လဲခင်ဗျာ"

ချန်းချင်း မင်းမှားသွားပါပြီ၊ မင်းမှားပြီ ..."

"ဗျာ ..."

"သိုင်းရာဇာ တုစိမ်းဟာ သိုင်းလောကတစ်ခုလုံး ကြည်ညိုလေးစားကြတဲ့ သိုင်းထိပ်သီး တစ်ယောက်ပဲ၊ မတရားမှုကို ရှုံ့မုန်း

www.burmeseclassic.com

www.burmeseclassic.com



ပြီး တရုံးတဲ့ဘက်က ရပ်တည်တယ်၊ လူဆိုး ဓားပြတွေဟာ သူ့ကို ဖိနှိပ်ဖိနှိပ်တုန့်အောင် ကြောက်ရွံ့ကြတာပေါ့”

ချွန်းချင်း ပင့်သက်ရှိုက်လိုက်သည်။

မြို့စားကြီးက ...

“ဟိုတလောကတော့ သိုင်းရာဇာ တုစိမ်းရဲ့ သား သခင်လေး တုဖုံးဟာ အင်မတန် ကြောက်စရာကောင်းတဲ့ သွေးဘီလူး ထိန်စမ်းကို ဆုံးမရင်း ထိခိုက်ဒဏ်ရာရသွားတယ်လို့ သတင်းကြားရတယ်”

ချွန်းချင်းက ...

“မြို့စားကြီးက သိုင်းရာဇာတုစိမ်းအကြောင်း သိနေတာကိုး အင်းလေ သူ့လိုလူကိုသိတာတော့ မဆန်းပါဘူး”

မြို့စားကြီး ပြုံးလိုက်သည်။

“ကျုပ်ဟာ သိုင်းပညာမတတ်ပေမယ့် သိုင်းလောကကို စိတ်ဝင်စားတယ်လေ၊ ဒါကြောင့် သိုင်းသမားတွေရဲ့ ခံစားချက်တွေကို နားလည်သဘောပေါက်နေတာပေါ့”

ချွန်းချင်းက ...

“သိုင်းရာဇာ တုစိမ်းရဲ့သားနဲ့ ကျွန်တော့်ရဲ့ ညီမလေး မေတ္တာမျှနေကြပေမယ့် ကျွန်တော်ကတော့ ညီမလေးကို စိတ်မချနိုင်ပါဘူး ခင်ဗျာ”

မြို့စားကြီး ခေါင်းခါယမ်းလိုက်သည်။

“ဒါကြောင့် မင်းမှားနေပြီလို့ ပြောတာပေါ့၊ သိုင်းရာဇာ တုစိမ်းရဲ့ သားဟာ မင်းထက်ပိုပြီး မင်းရဲ့ ညီမလေးကို စောင့်ရှောက်သွားနိုင်လိမ့်မယ်ဆိုတာ မင်းနားလည်သင့်ပါတယ်၊ သူဟာ အရည်အချင်း ပြည့်ဝတဲ့ လူငယ်ပါ”



“သူက ...”

“သူက မင်းညီမလေးကို စိတ်ချမ်းသာစေရမယ့်အပြင် ဘာမှ သိုလေးသေးမရှိအောင် ပြုစုယုယစောင့်ရှောက်သွားနိုင်မယ့် လူဆိုတာ သေချာတယ်၊ သခင်လေး တုဖုံးဟာ တစ်ချိန်မှာ ဖခင်ရဲ့ခြေရာကို နင်းပြီး သိုင်းလောကကို ဦးဆောင်နိုင်လိမ့်မယ်လို့ အများ လက်ခံထားကြတယ်၊ သူဟာ မိန်းကလေး တစ်ယောက်ကို လှည့်စားမယ့် လူစားမျိုး မဟုတ်ဘူး၊ မင်းရဲ့ ညီမအပေါ် တကယ့်ကို မေတ္တာရှိခဲ့တာပဲဖြစ်မယ်၊ ငါကြားဖူးတာကလည်း တုဖုံးဟာ တခြား မိန်းကလေးတွေအပေါ် မေတ္တာမရှိခဲ့ဖူးတဲ့”

ချွန်းချင်း သက်ပြင်းချမိပြန်သည်။

“ကျွန်တော် မှားသွားပါပြီ၊ ကျွန်တော်ကတော့ ညီမလေးအပေါ် အစိုးရိမ်လွန်ခဲ့မိတာပေါ့”

သူက ဝန်ခံလိုက်သည်။

တစ်ဆက်တည်းပင် ...

“ကျွန်တော်ဟာ ညီမလေးအတွက် စိုးရိမ်နေတာ တစ်ခုပဲရှိပြီး သူ့ရဲ့ဆန္ဒနဲ့ သဘောထားကို လျစ်လျူရှုထားမိခဲ့သလို ဖြစ်သွားပါတယ်၊ တကယ်တမ်း ညီမလေးစိတ်ဆင်းရဲအောင် ဒုက္ခရောက်အောင် လုပ်ခဲ့တဲ့လူဟာ ကျွန်တော်ကိုယ်တိုင်ပဲ ဖြစ်နေပါပြီ”

သူက ဝမ်းနည်းကြေကွဲစွာ ပြောလေ၏။

ဝမ်းနည်းကြေကွဲမှုကြောင့် သူ၏အသံများ တုန်ယင်နေသည်။

မျက်လုံးအစုံ၌လည်း မျက်ရည်များ စီးကျလာသည်။

မြို့စားကြီးသည် ခင်မင်ရင်းနှီးစွာဖြင့် ချွန်းချင်း၏ ပခုံးကို ပုတ်ကာ အားပေးစကား ပြောကြားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ချန်းချင်း ဒီလောက်လည်း စိတ်ဓာတ်မကျပါနဲ့၊ ပြီးတဲ့ကိစ္စတွေ ပြီးသွားပြီမဟုတ်လား၊ နောက်နောင် ဒီလိုအဖြစ်ဆိုးတွေနဲ့ မကြုံတွေ့ရလေအောင် ဂရုစိုက်ပေါ့၊ သိုင်းလောကအကျိုး အများအကျိုး ဆောင်ရွက်ရင်း ကြေကွဲတဲ့စိတ်တွေကို ဖြေဖျောက်ဖို့ ကြိုးစားတာ အကောင်းဆုံးဖြစ်မယ်၊ လူဟာ အတိတ်ကို မျှော်ကြည့်ပြီး ဆွေးနေမယ့်အစား အနာဂတ်မှာ အများအကျိုးဆောင်ရွက်တာ အကောင်းဆုံးပါပဲ"

"ဟုတ်ကဲ့ ... ကျွန်တော် ကြိုးစားသွားပါ့မယ် ခင်ဗျာ"

"ဒီလိုမှပေါ့ကွာ"

မြို့စားကြီးသည် ချန်းချင်း ဓားပညာ ပြန်လည်လေ့ကျင့်နိုင်ရန်လည်း လိုလေသေးမရှိ၍ စီစဉ်ပေးသည်။

ချန်းချင်းမှာ မြို့စားကြီးအပေါ် ကျေးဇူးတင်မဆုံး ဖြစ်ရလေတော့သည်။

အခန်း(၃၉)

## မိုးထိတောင် သိုင်းပြိုင်ပွဲ

ချန်းချင်းသည် သိုင်းလောကယဲ ပြန်လည်ရောက်ရှိသွားခဲ့ပြီ ဖြစ်သည်။

မြို့စားကြီး၏ ကျေးဇူးဖြင့် အရက်စွဲသည့် ဝေဒနာသက်သာ ပျောက်ကင်းသွားကာ ဓားပညာ လေ့ကျင့်နိုင်ခဲ့သည့်အပြင် အတွင်းအားလည်း တိုးတက်လာခဲ့ပြီ ဖြစ်လေသည်။

သူသည် စိတ်ဓာတ်မာသူဖြစ်ပါသည်။ အရက်စွဲသည့် ဒဏ်ကို တော်ရုံတန်ရုံလူ မဖြတ်နိုင်ချေ။ သူဖြတ်နိုင်ခဲ့သည်။ ထို့ပြင် အရက်ဒဏ်ကြောင့်ကျွန်ဘဝမှ လွတ်မြောက်ပြီး သူသည် ဓားပညာကို မလေ့ကျင့်နိုင်ပေ။ သို့သော် သူလေ့ကျင့်နိုင်သည်။ အတွင်းအား မကောင်းခြင်းကိုလည်း မည်သူကမျှ မလေ့ကျင့်နိုင်ပေ။ သူသည် လေ့ကျင့်နိုင်ရုံမျှမက အထွတ်အထိပ်သို့ပင် ရောက်ရှိခဲ့သည်။

ယခု ချန်းချင်းအတွက် အနှောင်အဖွဲ့များ ရှိမနေတော့ပါ။ သူ၏မေတ္တာရှင် ဓားသမားဘွဲ့သည် ပြန်လည်ရောက်ရှိလာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆံငင်စရာအကြောင်း မရှိတော့ပါ။

ဖခင်ကြီးနှင့် ညီမလေးတို့ မရှိကြတော့ဘဲ အိမ်ပြန်စရာလည်း အကြောင်းမရှိတော့ပါ။ သိုင်းလောက၌ လွတ်လပ်စွာ လှုပ်ရှားခြင်းဖြင့် အသက်ထက်ဆုံး နေထိုင်သွားနိုင်တော့မည်ဖြစ်ပါသည်။

ချန်းချင်း သိုင်းလောက၌ ပြန်လည်ခြေချလိုက်သောအခါ ထူးခြားသော ရုပ်ဆိုးမနှင့် တွေ့ဆုံခဲ့ရလေတော့သည်။

ထိုအချိန်၌ ...

ထူးခြားသော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာသည်။

မိုးထိတောင်၌ သိုင်းပြိုင်ပွဲ ကျင်းပမည်ဆိုသည့် သတင်းဖြစ်သည်။ သိုင်းပြိုင်ပွဲဆိုသည်များမှာ မကြာ မကြာ ကျင်းပခဲ့လေ့ရှိသည်။

သိုင်းလောက၌ အထိမ်းအမှတ်ပွဲ အမျိုးမျိုး ကျင်းပကြသကဲ့သို့ သိုင်းပြိုင်ပွဲများလည်း နေရာအနှံ့အပြား၌ ကျင်းပလေ့ရှိကြသည်။

သို့သော် မိုးထိတောင် သိုင်းပြိုင်ပွဲသည် အခြားပြိုင်ပွဲများနှင့် မတူ တစ်မူထူးခြားသော ပြိုင်ပွဲဖြစ်သည်။

မိုးထိတောင်ပြိုင်ပွဲ၌ အထက်လမ်း သိုင်းသမားများသာမက အောက်လမ်းသိုင်းသမားများပါ ပါဝင်ယှဉ်ပြိုင်ခွင့် ပြုထားခြင်း ဖြစ်သည်။ ဤသည်မှာ ထူးခြားချက်ပင်။ သိုင်းပြိုင်ပွဲများ၌ အောက်လမ်းသိုင်းသမားများ ပါလာလေ့ရှိသော်လည်း သူတို့သည် တကယ့်ကြက်ရေး ငှက်ရေးကျမှသာ အောက်လမ်းသိုင်းသမားအဖြစ် ဖော်ပြလေ့ရှိကြသည်။

ပြိုင်ပွဲ စည်းကမ်းချက်များကလည်း များပြားလှသည်။ တစ်ယောက်နှင့်တစ်ယောက် ထိခိုက်ဒဏ်ရာရအောင် မပြုလုပ်ရ။



ခိုက်ရန်မဖြစ်ပွားရ။ ဂိုဏ်းချုပ်များကဲ့သို့ ရာထူးရာခံရှိသူများ ဝါရင်သိုင်းဆရာကြီးများနှင့် ရှောင်လင်၊ ဝူတန်း အစရှိသော သိုင်းလောက ရှေ့ဆောင် သိုင်းဂိုဏ်းကြီးများမှ သိုင်းသမားများ ပါဝင်ယှဉ်ပြိုင်ခွင့် မပြုရ... စသည်တို့ပင်။

အောက်လမ်းဖြစ်စေ၊ အထက်လမ်းဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုသည်မှာ သိုင်းပညာကိုသာ အဓိကထားပြီး ထိခိုက်ဒဏ်ရာမဖြစ်စေရဟု တားမြစ်ထားခြင်းဖြင့် ရန်ငြိုးရန်စမဖြစ်ရအောင် ကြိုတင်ကာကွယ်ထားသည်။

သိုင်းလောကသားအချင်းချင်း ခင်မင်ရင်းနှီးစေပါသည်။

အဓိကရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းလည်း ဖြစ်သည်။

ချန်းချင်းသည် သိုင်းပြိုင်ပွဲကို စိတ်ဝင်စားက မိုးထိတောင်သို့ သွားရန် ဆုံးဖြတ်လိုက်လေ၏။

မိုးထိတောင် ...။

မိုးထိတောင်သို့ သွားရာလမ်းတစ်လျှောက်၌ သိုင်းလောကသားများဖြင့် စည်ကားနေပါသည်။

ခရီးပြင်းနှင်လာသော ချန်းချင်းမှာ မိုးထိတောင်နှင့် မနီးမဝေးရှိ မြို့ကလေးသို့ ရောက်ရှိလာသောအခါ ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်ပါသည်။ ခရီးက အလွန်ဝေးလှသည်။

ထို့ကြောင့် စားသောက်ဆိုင်လေး တစ်ဆိုင်၌ ခေတ္တအနားယူစားသောက်လေ၏။ သူသည် ဆိုင်ကလေးထဲသို့ ဝင်ပြီး အစားအသောက်များ မှာကြားစားသောက်သည်။ သူသည် အရက်ကိုတော့ တို့တောင် မတို့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြို့ကလေး၌လည်း မိုးထိတောင်သို့ သွားမည့် သိုင်းလောကသားများနှင့် စည်ကားသိုက်မြိုက်နေပါသည်။

ဆိုင်ထဲ၌ စားသောက်နေကြသူများသည်လည်း မိုးထိတောင်အကြောင်းကို ပြောဆိုနေကြသည်။

ချန်းချင်း စားသောက်နေစဉ် မလှမ်းမကမ်းရှိ စားပွဲတစ်လုံးမှ လူများသည် သူတို့နှင့် ကျောချင်းကပ် စားပွဲမှ လူများနှင့် စကားများနေသံ ကြားရသည်။

"မင်းတို့အဖွဲ့က သိုင်းပညာနဲ့ မိုးထိတောင်မှာ နေရာရမယ် မထင်နဲ့၊ ဒီမှာက လူစုံကွ"

"ခင်ဗျား အထင်သေးလှချည်လား၊ ကျုပ်တို့ရဲ့ပညာအကြောင်း သိရအောင် လက်တွေ့စမ်းသပ်ကြည့်ပါလားဗျ၊ ခင်ဗျား နောင်တရသွားစေရမယ်"

"သိပ်ကောင်းတာပေါ့၊ မိုးထိတောင်မှာ ရန်မဖြစ်ရဘူးဆိုတော့ ဒီမှာပဲ တစ်ခါတည်း ရှင်းလိုက်ကြတာပေါ့၊ ဒါမှ ကိစ္စကပြတ်မှာ"

"ဒါဖြင့် ဆိုင်အပြင်ဘက် သွားကြမယ်"

"စိန်လိုက်လေ ..."

ထိုသူများ ဆိုင်ထဲမှ ထွက်သွားကြလေတော့သည်။

ချန်းချင်း သက်ပြင်းချမိလေ၏။ လူအများ၏ စိတ်ထားကို သူနားမလည်နိုင်ချေ။

ထစ်ခနဲဆိုလျှင် တိုက်ခိုက်ဖို့ စိတ်ကူးနေကြသည်မဟုတ်ပါလား။

"စိတ်ပျက်စရာပဲ"



ချန်းချင်း၏ ညည်းညူသံကို နံဘေး၌စားပွဲတစ်လုံးမှ အဘိုးအိုတစ်ယောက် ကြားသွားပြီး သဘောကျစွာ ပြုံးလိုက်မိသည်။

ထိုအဘိုးအိုသည် သဘောမနောကောင်းပုံရသည်။

"အဇော် စိတ်ပျက်စရာကောင်းတာက ပြိုင်ပွဲ ကျင်းပတဲ့လူတွေကွ၊ မင်း ဒါကိုမသိဘူးလား"

ချန်းချင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဗျာ... ဘာများဖြစ်လို့လဲခင်ဗျာ"

အိုးအိုက ...

"ခါတိုင်းဆိုရင် မိုးထိတောင် ပြိုင်ပွဲကို မိုးကာလ စောစောပိုင်းမှာ ကျင်းပတာ၊ အခု လေးလလောက်စောပြီး ကျင်းပကြတာလေ"

"ဩော် ... ဒါလား"

"ပြိုင်ပွဲကို နှစ်စဉ် ကျင်းပနေတဲ့ အချိန်အတိုင်း မကျင်းပဘဲ စောပြီး ကျင်းပတာ သူတို့မှာ အကြောင်းရှိနေတယ်ဆိုတာ ထင်ရှားနေတာပေါ့ကွာ၊ အဲ့ဒီအကြောင်းကို မင်းသိသလား"

ချန်းချင်းက မေးလိုက်မိလေ၏။

"ဘယ်လိုအကြောင်းများ ရှိနေလို့လဲဗျာ"

အဘိုးအိုက ...

"မကြာသေးခင်က သိုင်းရာဇာ တုစိမ်းရဲ့ သားနဲ့ သွေးဘီလူးထိန်ဝမ်းတို့ ရင်ဆိုင်မိခဲ့ကြတယ်၊ ထိန်ဝမ်းရဲ့ လက်ချက်နဲ့ သိုင်းရာဇာ တုစိမ်းရဲ့သား သခင်လေး တုဖုံး ဒဏ်ရာရသွားသလို သခင်လေး တုဖုံးရဲ့လက်ချက်နဲ့ ထိန်ဝမ်းတို့ ဆရာတပည့်လည်း သေဆုံးသွားကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



တုဖုံးအမည်ကို ကြားရသောအခါ ချန်းချင်း မျက်နှာပျက်သွားသည်။ သူသည် ဤအကြောင်းအရာများကို မကြားချင်ပေ။

တုဖုံးသည် သူ၏ညီမလေး ကြူးဝေနှင့် ပတ်သက်ခဲ့သည် မဟုတ်ပါလား။

ဖြစ်နိုင်လျှင် တုဖုံးနှင့်ပတ်သက်ပြီး ဘာမှမကြားလိုချေ။

အဘိုးအိုကား အကြောင်းမသိဘဲ ဆက်ပြောနေသည်။

"ထိန်ဝမ်း သေဆုံးသွားတာကြောင့် သူ့ရဲ့မိတ်ဆွေတချို့ဟာ မကျေမနပ်ဖြစ်နေကြတယ်၊ တုဖုံးတို့ သားအဖကို အကောက်ကြံမယ်လို့ သတင်းတွေ ထွက်နေတယ်"

မမျှော်လင့်ဘဲ သိုင်းလောက၌ လှို့ဝှက်သော ပြဿနာများ ရှိနေကြောင်း ချန်းချင်း သိလိုက်ရသည်။

အဘိုးအိုက ...

တုစိမ်းတို့ကလည်း ဒုက္ခပေးမယ့်လူတွေကိုသိချင်ကြပေမယ့် သတင်း စုံစမ်းလို့မရဘူးဖြစ်နေတယ်၊ ဒုက္ခပေးတဲ့လူတွေဟာ ငုပ်ကောင်တွေလေ"

ချန်းချင်းက ...

"ကျွန်တော် သဘောပေါက်ပြီ၊ မိုးထိတောင်ပြိုင်ပွဲ ကျင်းပလိုက်ရင် အောက်လမ်းသိုင်းလောကသားတွေ ရောက်လာကြမယ်၊ ဒါဆိုရင် သိုင်းရာဇာ တုစိမ်းကို လုပ်ကြံမယ့်လူတွေအကြောင်း စုံစမ်းလို့ ရမယ်၊ ဒီလိုမဟုတ်လား၊ ဒါကြောင့် ပြိုင်ပွဲကို အချိန်စောပြီး ကျင်းပခဲ့တာ မဟုတ်လားဗျာ"

အဘိုးအိုက ...



"မင်းပြောသလိုပါပဲ၊ ဒီနှစ်မှာတော့ ခါတိုင်းနှစ်တွေနဲ့ [illegible] မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်ပေါ်လာမှာလည်း သေချာနေတာပဲ၊ သူတို့ကလည်း စုံစမ်းချင်နေကြတာကိုး"

ချန်းချင်းက ...

"သိုင်းရာဇာ တုစိမ်းကို ဒုက္ခပေးမယ့် လူတွေ ဘယ်သူဘယ်ဝါ ဆိုတာ သိရပြီလားဗျာ"

"အင်း ... မိုးထိတောင်ပြိုင်ပွဲမှာ ထူးခြားတဲ့ သတင်းတွေ ကြားရမှာပါ၊ တစ်ကြိမ်တစ်ခါမှ ဝင်ပြီး မယှဉ်ပြိုင်ခဲ့ဘူးတဲ့ မြောင်ဒေသက သိုင်းသမားတွေလည်း ရောက်လာကြတယ်တဲ့၊ အဲဒါ သတင်းထူးပဲ"

မြောင်ဒေသ၌ ဂိုင်းသမားဆိုးများ ပို၍ပေါများ၏။

နန်းတွင်းနှင့် ဝေးလံလှသော အရပ်ဒေသဖြစ်၍လည်း တရားဥပဒေကို လျစ်လျူရှုကာ ထင်တိုင်းကျဲနေကြသည့် အရပ်ဖြစ်သည်။

မြောင်ဒေသမှ သိုင်းသမားမယားသည် မိုးထိတောင်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ဖူးသည့် အစဉ်အလာ မရှိခဲ့ချေ။ မရှိသူများ ရောက်လာခြင်းမှာ ထူးခြားချက်ပင် မဟုတ်ပါလော။

သူတို့သည် လာရောက်ကြည့်ရှုခြင်းပင် မရှိခဲ့ချေ။

ထို့ကြောင့် မြောင်သိုင်းသမားများ ရောက်ရှိလာသည်မှာ ထူးဆန်းနေသည် မဟုတ်ပါလား။

အဘိုးအိုနှင့် ချန်းချင်းတို့ စကားကောင်းနေကြစဉ်မှာပဲ အပြင်ဘက်မှ စူးရှသော အော်ဟစ်သံများထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ချန်းချင်း လှမ်းကြည့်လိုက်သောအခါ အပြင်ဘက်အွက်ကာ

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ပြိုင်ခဲ့ကြသူ လေးယောက်မှာ မြေပေါ်လဲကျကာ အသက်ပျောက်
နေကြသည်ကို တွေ့လိုက်ရလေတော့သည်။

"ဟာ ... လူတွေသေကုန်ပြီ"

အဘိုးအိုက ညည်းတွားသလို ပြောလေ၏။

ချန်းချင်းကော အဘိုးအိုပါ ဆိုင်အပြင်ဘက် ရောက်ရှိလာခဲ့
ကြသည်။

သိုင်းသမား လေးယောက် မြေပေါ်လဲကျကာ အသက်ပျောက်
နေကြသည်။

နှစ်ယောက်တစ်တွဲ ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ပြီး လေးယောက်စလုံး
သေဆုံးသွားကြ၏။

သူတို့၏ အသားအရေများ မည်းနက်နေသည်ကို တွေ့ရသည်။

"အဆိပ်နဲ့ တိုက်ခိုက်ခံလိုက်ရတာပဲ"

ချန်းချင်း လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

အဘိုးအိုက ...

"မြောင်သိုင်းသမားတွေဟာ အဆိပ်လက်နက်ပုန်းကို တွင်တွင်
ကျယ်ကျယ် အသုံးပြုတတ်ကြတာပဲ၊ မြောင်ဒေသဟာ အဆိပ်ပေါတဲ့
ဒေသပဲ"

ချန်းချင်းက ...

"သူတို့လေးယောက် သေဆုံးသွားကြတာ မြောင်သိုင်းသမား
တွေရဲ့ လက်ချက် ဟုတ်လားဟင်"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ပြဿနာရှာချင်တာ သူတို့ပဲ ရှိတာယ်လေ၊ ကျုပ် နည်းနည်း
လေး နောက်ကျသွားတယ်"



ဘာကိုနောက်ကျသွားမှန်း ချန်းချင်း မသိချေ။

အဘိုးအိုသည် ဟိုဟိုသည်သည် ကြည့်ပြီး မြေပေါ် ခြေဆောင့်
ကာ ခုန်ထွက်သွားသည်။

"ဟူး ..."

အဘိုးအို၏ ခန္ဓာကိုယ်မှာ မီးခိုးတန်းပမာ ရိပ်ခနဲ တိုးထွက်
သွားပြီး တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

အဘိုးအိုသည် ထိပ်သီးသိုင်းသမား ဖြစ်လေ၏။

ချန်းချင်း ရပြးလိုက်သွားမိမလို ဖြစ်သွား၏။

သို့သော် လိုက်မမီနိုင်မှန်းသိသဖြင့် ခြေလှမ်းရပ်လိုက်ရသည်။

အဘိုးအိုသည် ထူးခြားမှုတစ်ခုခု ရှိနေခြင်းကြောင့် ထွက်သွား
ခြင်းဖြစ်ကြောင်း နားလည်ထား၏။

အဘိုးအို နောက်သို့ လိုက်မသွားနိုင်တော့သဖြင့် လဲကျသေဆုံး
နေသူ နှစ်ယောက်အား စစ်ဆေးကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ဤမျှ ကြောက်မက်ဖွယ်ကောင်းအောင် မည်သို့သော လက်
နက်ဖြင့် တိုက်ခိုက်သွားသည်ကို ချန်းချင်း သိလိုနေမိသည်။

ထိုစဉ် ...

"သွားမကိုင်နဲ့၊ မြန်မြန်နောက်ဆုတ်လိုက်ပါ"

ဟန့်တားသံ တစ်သံ ထွက်ပေါ်လာသည်။

ချန်းချင်း လှည့်ကြည့်လိုက်ရာ အမျိုးသမီးတစ်ယောက် ရောက်
ရှိလာသည်ကို တွေ့လိုက်ရသည်။ ချန်းချင်း အံ့သြသွားလေ၏။
အံ့သြရသည်မှာ ထိုအမျိုးသမီးကား အလွန်အရုပ်ဆိုးသည့်
ဆိုးမဖြစ်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဆိုးမသည် နန်းကုန်းချီ ဒုက္ခပေးခဲ့စဉ်က ကူညီခဲ့ဖူးသည် မဟုတ်ပါလား။ ကျေးဇူးရှင်မဟုတ်ပါလော။

ရုပ်ဆိုးမသည် မြေပေါ်လဲကျသေဆုံးနေသူများကို ညွှန်ပြပြီး ကြိမ်းမောင်းလိုက်သည်။

"တစ်ကိုယ်လုံး မည်းနက်နေတာပဲ၊ အဆိပ်ဘယ်လောက်ပြင်း ထန်တယ်ဆိုတာ ရှင်မသိဘူးလား၊ သေသွားချင်လို့လား"

ချန်းချင်းက ...

"ကျုပ်သိပါတယ်၊သူတို့ကို သွားမကိုင်ပါဘူး၊ ဘယ်လို အဆိပ်လက်နက်ပုန်း ထိသွားတယ်ဆိုတာပဲ သိချင်တာပါ၊ ဒါကလည်း စူးစမ်းတဲ့သဘောပါ"

"ရှင် တော်တော်ခက်ပါလား"

သူမသည် ချန်းချင်းအား ကြည့်ရင်း မျက်မှောင်ကြုတ်သွား၏။ ခြေဆုံးခေါင်းဆုံး သေသေချာချာ ကြည့်သည်။

"ရှင့်ကို ကျွန်မ မြင်ဖူးသလိုပဲ"

ချန်းချင်း ပြုံးလိုက်သည်။

လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ခုလို မမျှော်လင့်ဘဲ ပြန်တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျုပ်ကို တစ်ခါကယ်တင်ခဲ့ဖူးတာကို မမေ့ပါဘူး"

ရုပ်ဆိုးမက ...

"ကျွန်မက ရှင့်ကို ကယ်တင်ခဲ့ဖူးတယ် ဟုတ်လား"

ချန်းချင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ ... ကျုပ်နဲ့ ကောင်းတုံမြို့စားကြီးကို ကူညီ



ခဲ့တာပဲ မဟုတ်လား၊ ခင်ဗျားသာ ရောက်မလာရင် ကျုပ်တို့ နန်းကုန်းချီရဲ့ အပမ်းခံရတော့မှာပါ"

ရုပ်ဆိုးမက ...

"ကျွန်မ မှတ်မိပြီ၊ ရှင်ဟာ ကိုယ့်ကိုယ်ကို မေတ္တာရှင် ဓားသမား ချန်းချင်းလို့ ပြောခဲ့တဲ့လူ မဟုတ်လား"

ချန်းချင်းက ...

"ကျုပ်က ချန်းချင်းမို့ ချန်းချင်းလို့ ပြောတာပါ"

ထိုစဉ် ...

"မေတ္တာရှင် ချန်းချင်းတဲ့လား"

အေးတိအေးစက် စကားသံထွက်ပေါ်လာလေသည်။

ချန်းချင်း လှမ်းကြည့်လိုက်ရာ လူဝကြီးတစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရသည်။

ထိုလူဝကြီးကို မြင်လျှင် ချန်းချင်း မျက်နှာပျက်သွားလေတော့သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၀)

# သိုင်းရာဇာ တစ်စင်း

ချန်းချင်း မျက်နှာပျက်နေ၏။

သူက လူဝကြီးအား သိထားခြင်းကြောင့်ဖြစ်သည်။ မမှတ်မိစရာလည်း အကြောင်းမရှိပါ။ အလွန်ဝသောသူကို မည်သူမဆို မှတ်မိ ကြပါလိမ့်မည်။

လူဝကြီးမှာ သိုင်းဆရာစွန်းယို သေဆုံးခဲ့ရခြင်းကြောင့် မကျေမနပ် ဖြစ်နေသည့် ဟာကျို ဖြစ်နေသည်မဟုတ်ပါလား။

ဟာကျိုသည် ဝဖိုးသော ခန္ဓာကိုယ်နှင့်မလိုက်အောင်ပင် လျင်မြန်သော အဟုန်ဖြင့် ချန်းချင်းတို့အနီးသို့ ရောက်ရှိလာလေသည်။

သူ၏မျက်နှာကြီး နီရဲခက်ထန်နေသည်။

"ချန်းချင်း ... မင်းဘယ်ပြေးမလဲ"

အော်ငေါက်ကာ တိုက်နိုက်ရန် ဟန်ပြင်လိုက်သည်။

ချန်းချင်း လက်ကာပြလိုက်သည်။ သူက တောင်းပန်လိုက်၏။

"ခဏနေပါဦးဗျာ ... ကျွန်တော် ရှင်းပြပါရစေဦး"



ဟာကျိုက ...

"မင်း ဘာတွေလုပ်ကြံလိမ်ညာပြီး ပြောချင်သေးလို့လဲ၊ ပြောစမ်းပါဦး၊ နားထောင်ရအောင်"

ချန်းချင်းက ရှင်းပြလိုက်သည်။

"ဆရာကြီး စွန်းယို သေဆုံးသွားတဲ့ကိစ္စမှာ ကျွန်တော်ရဲ့ ပယောဂ မကင်းပေမယ့် ကျွန်တော့်လက်ချက် မဟုတ်ပါဘူးဗျာ၊ ဆရာကြီးစွန်းယို့ရဲ့ သား စွန်းရှောင်နဲ့ ကျွန်တော် တွေ့ခဲ့ပြီးပါပြီ၊ ကျွန်တော် ရှင်းပြတာကို သူလက်ခံသွားပါတယ် ခင်ဗျာ၊ သူ ကျေနပ်လက်ခံသွားတာပါ၊ ကောင်းတဲ့မြို့စားကြီး သက်သေရှိပါတယ်"

"သူလက်ခံပေမယ့် ငါ လက်မခံဘူးကွ၊ ဘယ်က ကောင်းတဲ့မြို့စားမှ ငါမယုံဘူးကွ ..."

"စွန်းယို့ဟာ ငါနဲ့ အရင်းနှီးဆုံး သွေးသောက်မိတ်ဆွေကွ၊ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် သူသေသွားတာကို ငါလက်မခံနိုင်ဘူး၊ မင်းကြောင့် ဒုက္ခရောက်ရတာ၊ မင်းကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး"

ချန်းချင်း သက်ပြင်းချလိုက်သည်။

ဟာကျိုအား ဖျောင်းဖျ၍ ရမည်မဟုတ်ကြောင်း နားလည်လိုက်သည်။ ဟာကျိုသည် အလွန်ပြောရဆိုရခက်သူ တစ်ယူသန်ဖြစ်ကြောင်း သူသိလိုက်၏။

ဟာကျိုက ...

"ကဲ ... မင်းက စမလား၊ ငါက စရမလား"

တိုက်နိုက်ရန် ဟန်ပြင်ကိုက်ရင်း မေးသည်။ ဟာကျိုသည် ထိပ်တန်းသိုင်းသမားဖြစ်ကြောင်း ချန်းချင်းသိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရုပ်ဆိုးမိန်းမက ကြားဝင်လိုက်လေ၏။

"ခဏနေပါဦးရှင်"

ဟာကျိ မျက်မှောင်ကြုတ်သွား၏။ သူက ရုပ်ဆိုးမကို ကြည့်၏။

"မင်း ဘယ်သူလဲ၊ ဘာဝင်ရှုပ်မလို့လဲ၊ ငါတို့ကိစ္စကို ဘာဖြစ်လို့ ဝင်ရှုပ်ရတာလဲ"

"ရှင့်ကို မေးစရာရှိလို့ပါ"

"ဪ ..."

ရုပ်ဆိုးမက ချုန်းချင်းကို ညွှန်ပြကာ မေးသည်။

"သူဟာ မေတ္တာရှင်ဓားသမား ချုန်းချင်းဆိုတာ အမှန်ပဲလား ရှင့်၊ အဲ့ဒါ ကျွန်မ သိချင်တယ်"

"သိပ်မှန်တာပေါ့၊ ဘာမှ မှားစရာအကြောင်းမရှိဘူး၊ သူနဲ့ အမုန်းဒေဝီကြောင့် ကျုပ်ရဲ့ သွေးသောက် မိတ်ဆွေ ဖွန်းယို့ သေဆုံးသွားရတာ ကျုပ် ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူး"

ရုပ်ဆိုးမက မေးပြန်သည်။

"သူက သိုင်းဆရာဖွန်းယို့ကို သတ်ပစ်လိုက်တာလား"

ဟာကျိက ...

"သူမဟုတ်ဘူး၊ အမုန်းဒေဝီရဲ့ လက်ချက်ပါ၊ ဒါပေမယ့် သူ့ပယောဂလည်း မကင်းဘူး၊ ကဲ ... ကျုပ်ရှေ့က ဖယ်လိုက်ပါ၊ သူနဲ့ကျုပ် စာရင်းရှင်းရမယ်"

ရုပ်ဆိုးက ခေါင်းခါယမ်းလိုက်သည်။

"မဖယ်နိုင်ဘူးရှင့်"

"မင်း ..."



"ကျွန်မ ပြောစရာရှိတယ်၊ သူ့ကို ရှင်တစ်ယောက်တည်း လိုချင်နေတာမဟုတ်ဘူး၊ ကျွန်မလည်း လိုချင်နေတာရှင့်၊ အဲ့ဒါကို ရှင်သိထားပါ"

ဟာကျိက ...

"နေပါဦး ... မင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"သူနဲ့ ကျွန်မ စာရင်းရှင်းစရာရှိနေတယ်"

ရုပ်ဆိုးမသည် ချုန်းချင်းဘက်သို့ လှည့်ကာပြောလိုက်သည်။

"မေတ္တာရှင်ဓားသမား ချုန်းချင်း ရှင် ကျွန်မနဲ့လိုက်ခဲ့ရမယ်၊ ကျွန်မတို့ စာရင်းရှင်းကြလိုက်ကြတာပေါ့"

ရေကန်အသင့် ကြာအသင့် ဖြစ်သွားသည်။

ချုန်းချင်းသည် ဟာကျိနှင့် ရင်မဆိုင်ကိုခြင်းကြောင့် ရုပ်ဆိုးမ၏ စကားကို လက်ခံလိုက်သည်။

"ကောင်းပြီလေ ... ကျုပ်တို့ရှင်းကြတာပေါ့"

"သွားစို့ ..."

ရုပ်ဆိုးမ ပြေးထွက်သွားသည်နှင့် ချုန်းချင်းလည်း ပြေးလိုက်သွားလေတော့သည်။

နှစ်ယောက်သား ကောက်ကာငင်ကာ ထွက်ပြေးသွား၍ ကြခြင်းကြောင့် ဟာကျိ ကြောင်အမ်းအမ်းဖြင့် ကျန်ရစ်လေ၏။

သို့သော် ချက်ချင်း သတိဝင်လာသည်။

"မပြေးနဲ့ ..."

အော်ငေါက်ဟန့်တားကာ ချုန်းချင်းတို့နောက်သို့ ပြေးလိုက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးထိတောင်သို့ သွားရာလမ်းတစ်လျှောက်တွင် မြို့ရွာများ ရှိသကဲ့သို့ တောအုပ်များ တောင်ကုန်းများလည်း ရှိသည်။ တဖြည်းဖြည်း တောရိုရာ တောင်ရှိရာသွားရခြင်းကြောင့် သစ်တောအုပ်ကြီးများကို မကြာခဏတွေ့ရသည်။

ချန်းချင်းနှင့် ရုပ်ဆိုးမသို့ ပြေးလွှားလာကြရင်း တောအုပ်တစ်ခုသို့ ရောက်ရှိလာကြလေ၏။

အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ နှစ်ယောက်သား ခြေလှမ်းရပ်လိုက်ကြသည်။ နှစ်ယောက်စလုံး ကိုယ်ဖော့ပညာကောင်းကြသဖြင့် မဓမ္မာမပန်း ရောက်ရှိလာကြသည်။

ချန်းချင်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ကျုပ်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ရုပ်ဆိုးမ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မကို ကျေးဇူးတင်စရာမလိုပါဘူး၊ ကျွန်မက ရှင့်ကို ကူညီတာမှမဟုတ်ဘဲ"

"ဗျာ ..."

"ရှင့်ကို စာရင်းရှင်းစရာရှိလို့ ခေါ်လာတာ၊ ကျွန်မက ရှင့်ကို နောက်ပြောင်နေတာမဟုတ်ဘူး"

ချန်းချင်း သက်ပြင်းချလိုက်မိလေ၏။

"ကျုပ်က ခင်ဗျားနဲ့ ပတ်သက်စရာအကြောင်းမရှိဘူး ထင်ပါတယ်၊ တစ်ခါတွေ့ဖူးတာကလွဲလို့ ခင်ဗျားနဲ့ကျုပ် တွေ့ဖူး မြင်ဖူးတာမှ မဟုတ်ဘဲ"

ရုပ်ဆိုးမက ...

"ဘာကြောင့် မရှိရမှာလဲ"



"ဒါဖြင့် ပြောပါဦးဗျာ"

"အမုန်းဒေဝီ ဘယ်မှာလဲ"

"ဩော် ... အမုန်းဒေဝီအကြောင်း သိချင်တာကိုး"

"ဟုတ်တယ် ... သူဘယ်မှာလဲ"

"သူသေသွားပါပြီဗျာ"

"ဘာ ..."

ရုပ်ဆိုးမ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ချန်းချင်းအား မျက်လုံးပြူး၍ကြည့်လိုက်သည်။

"ရှင် ပြန်ပြောလိုက်စမ်းပါဦး၊ အမုန်းဒေဝီ သေသွားပြီ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ ..."

"ရှင် သေချာတယ်နော်"

"သေချာပါတယ်"

ချန်းချင်းသည် ရုပ်ဆိုးမမှာ အမုန်းဒေဝီ၏ လက်ချက်ဖြင့် ဒုက္ခရောက်ဖူးသူတစ်ယောက်ဟု ထင်မိသည်။ သူ့မေးပုံက ထိုသို့ ထင်စရာပင်။

ရုပ်ဆိုးမက ...

"ကျွန်မ မယုံဘူး၊ သူဘယ်လိုသေဆုံးသွားတယ်ဆိုတာ ကျွန်မကို ပြောပြရမယ်"

ချန်းချင်းက ...

"ခင်ဗျား ဘာကြောင့် ဒီလောက်တောင် သိချင်နေရတာလဲ၊ အ[illegible]င်းရှိနေသလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေမမေးနဲ့၊ အမုန်းဒေဝီ ဘယ်လိုသေဆုံးသွားရတယ် ဆိုတာသာ ကျွန်မကိုပြောပါ"

သူမ တဖွတ်ထိုး နိုင်လှခြင်းကြောင့် ချန်းချင်း စိတ်ရှည်ရှည် ထားကာ ပြောပြလိုက်ရသည်။ အမုန်းဒေဝီ ချောက်ထဲကျသွားစဉ် သူ လှမ်းဆွဲလိုက်သော်လည်း မမီလိုက်သည့်အကြောင်း အစုံအလင် ပင်။

ရုပ်ဆိုးမက နားထောင်နေသည်။

ချန်းချင်း၏ စကားဆုံးသွားတော့မှ တစ်ခွန်းချင်း မှတ်ချက် ချသည်။

"လက်စသတ်တော့ ရှင့်လက်ချက်ကြောင့် သူသေသွားရတာ ကိုး"

ချန်းချင်း ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုလည်းမဟုတ်ပါဘူး မတော်တဆဖြစ်သွားတာပါ၊ ကျုပ် က သူ့ကို သဘောမကျပေမယ့် သူသေသွားမှာကိုတော့ မလိုလားပါ ဘူးဗျာ၊ ကျုပ်က ဘယ်သူ့ကိုမှ မသေစေချင်ပါဘူး၊ မေတ္တာရှင် ဓားသမားဘွဲ့ဟာ အဲဒီလိုကြောင့် သိုင်းလောကက ပေးထားတဲ့ ဘွဲ့ပါ"

"နေပါဦး ... ရှင် ဘာကြောင့် သဘောမကျရတာလဲ"

ချန်းချင်း သက်ပြင်းချလိုက်သည်။

"သူဟာ လူကောင်းတစ်ယောက်ဖြစ်လာအောင် ကြိုးစားချင် စိတ် မရှိလို့ပါပဲ"

"ရှင်က သူ့ကို လူကောင်းတစ်ယောက် ဖြစ်လာစေချင်တာ ပေါ့"



"ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် သူဟာ လူကောင်း ဘယ်တော့ မှ ဖြစ်လာမှာမဟုတ်ပါဘူး"

ရုပ်ဆိုးမသည် ပို၍ အကျည်းတန်သွားအောင် မဲ့ပြုံး ပြုံးလိုက် သည်။

"လူကောင်းဖြစ်တော့ကော ဘာထူးမှာလဲ၊ ပြောစမ်းပါဦးရှင့်"

"ဗျာ ..."

ချန်းချင်းလည်း မည်သို့ပြောရမှန်းမသိ ဖြစ်သွားတော့သည်။

ရုပ်ဆိုးမက ...

"ကျွန်မကော အမုန်းဒေဝီနဲ့ ဘယ်လိုပတ်သက်နေတယ် ဆိုတာ ရှင်မသိချင်ဘူးလား"

ချန်းချင်း ခေါင်းညိတ်လိုက်သည်။ သူအမှန်တကယ် သိချင် ပါသည်။

"သိချင်ပါတယ်"

ရုပ်ဆိုးမက ...

"ကျွန်မဟာ အမုန်းဒေဝီရဲ့ မိတ်ဆွေတစ်ယောက်ပါရှင့်၊ သိုင်း လောကမှာ အတူတူကျက်စားရင်း ခင်မင်ခဲ့ကြတာ၊ အကြောင်းမသိတဲ့ လူတွေက ကျွန်မတို့ကို ညီအစ်မတွေလို့တောင် ထင်ခဲ့ကြဘာ"

ချန်းချင်း စိတ်ပျက်သွားရပြန်လေတော့သည်။ သူက အမုန်း ဒေဝီကြောင့် ဒုက္ခရောက်နေသူတစ်ဦးဟု ထင်ခဲ့သည်။

ရုပ်ဆိုးမက ...

"အမုန်းဒေဝီ သေသွားရတာ ရှင့်ရဲ့ပယောဂမကင်းဘူး၊ ရှင့်ကို ချမ်းသာမပေးနိုင်ဘူး"

www.burmeseclassic.com



စကားဆုံးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေတော့သည်။

ထိုအချိန်မှာပင် ...

"အား ..."

တောအုပ်ထဲမှ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

ရုတ်တရက် ထွက်ပေါ်လာသော အော်ဟစ်သံကြောင့် ရုပ်ဆိုးမ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ သူက ချန်းချင်းကို တိုက်ခိုက်မည် ဟန်ပြင်နေသည်မဟုတ်ပါလား။

သို့သော် ချက်ချင်း သတိဝင်လာကာ ချန်းချင်းအား မေးလိုက်၏။

"တောအုပ်ထဲမှာ တစ်ခုခုဖြစ်နေပြီ၊ ကျွန်မတို့ ပြဿနာကို နောက်မှ ဖြေရှင်းမယ်၊ အခြေအနေသွားကြည့်ကြမယ်၊ ရှင် ဘယ်လို သဘောရသလဲ"

ချန်းချင်းသည် သူမအား နားမလည်နိုင်စွာ ကြည့်လိုက်သည်။

ရုပ်ဆိုးမမှာ ခန့်မှန်းရခက်အောင် ထူးခြားနေသူတစ်ယောက် ဖြစ်ကြောင်း သူတွေ့ရှိနေရသည်။

မြောင်သိုင်းသမားများသည် သိုင်းရာဇာ တုစိမ်းအား ဒုက္ခပေး ရန်ကြံစည်နေသည်ဟု သိခဲ့ရသည်။

မိုးထိတောင် ပတ်ဝန်းကျင်၌ ပြဿနာများ ဖြစ်ပေါ်လာနိုင် သည်။

ထိုရန်သူများမှ တတ်စွမ်းသမျှ ကားဆီးကာကွယ်သွားရန် ချန်းချင်း ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ထို့ကြောင့် ချန်းချင်း ပြောလိုက်၏။



"ခင်ဗျားသာ ကျုပ်ကို ရန်မလုပ်ဘူးဆိုရင် လိုက်ခဲ့ပါ့မယ်ဗျာ ကျုပ်ဟာ အမြဲတမ်း ရန်မလိုတဲ့သူပါ"

ရုပ်ဆိုးမက ...

"ဒါတွေနောက်မှပြောမယ်၊ မြန်မြန်သွားမှဖြစ်မယ်"

သူမ ရှေ့မှထွက်သွားရာ ချန်းချင်းလည်း လိုက်သွားရလေ၏။

သစ်ပင် ချုံနွယ်များကို ကွေ့ပတ်လျှောက်သွားရင်း တစ်နေရာ သို့အရောက်တွင် ရှေ့မှပြေးလာသူတစ်ယောက်ကို တွေ့လိုက်ရလေ ၏။

အနီရောင် ဝတ်ထားပြီး အသက်လေးဆယ်ခန့်ရှိသူဖြစ်သည်။

ထိုလူသည် ချန်းချင်းတို့အား တွေ့သွားပြီး လက်ဖွေ့ယမ်း လိုက်သည်။ သူ့လှုပ်ရှားမှုမှာ လက်နက်ပုန်း ဖွေ့ယမ်းပစ်လွှတ်သည့် ပုံစံမျိုးပင်။

ရုပ်ဆိုးမက ...

"သတိထား ..."

ချန်းချင်းအား တွန်းထုတ်ပစ်လိုက်သကဲ့သို့ သူမကိုယ်တိုင်လည်း တစ်ဖက်သို့ ခုန်ရှောင်လိုက်သည်။

"ဝှစ် ... ဝှစ် ... ဝှစ်"

"ထောက် ... ထောက် ... ထောက်"

[illegible]သူ ပစ်လွှတ်လိုက်သော လက်နက်ပုန်းကလေးများသည် သစ်ပ[illegible] ချုံနွယ်များကိုသာ ထိမှန်သွားသည်။

ချန်းချင်းနှင့် ရုပ်ဆိုးမကို ပြန်လည်ရင်ဆိုင်ရန် ဟန်ပြင်လိုက် ကြစဉ် ထိုလူသည် ဆက်၍တိုက်ခိုက်ခြင်းမပြုတော့ဘဲ သစ်ပင် ချုံနွယ် များကြား တိုးဝင်ပျောက်ကွယ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဆိုးမ မကျေမနပ်ဖြစ်သွား၏။

"တော်တော် သူရဲဘောင်ကြောင်တဲ့လူပဲ"

ချန်းချင်းက ...

"ဒီလူ ဟိုဘက်က ပြေးလာတာ တစ်ခုခုတော့ ဖြစ်နေပြီထင်တယ်"

"ကောင်းပြီလေ ... သွားကြည့်တာပေါ့"

နှစ်ယောက်သား ရှေ့ဘက်လှမ်းသွားလိုက်ကြလေသည်။

ချန်းချင်းမှာ ရုပ်ဆိုးမအား နားမလည်နိုင်အောင် ဖြစ်နေသော်လည်း သူမအား ကျေးဇူးတင်မိသည်က အမှန်ပင်ဖြစ်တော့သည်။

နန်းကုန်းရိုကြောင့် ဒုက္ခရောက်နေချိန်၌ သူမ ကူညီခဲ့သည့်အပြင် ယခုလည်း ဝတ်စုံနီ၏ လက်နက်ပုန်း ထိမှန်ကာနီး လက်မတင်အချိန်လေးမှာပင် သူမ တွန်းထုတ်ပြီး ကယ်တင်ခဲ့သည် မဟုတ်ပါလား။

သူမ၏ စကားများက ရန်လိုနေသော်လည်း သူမ၏လုပ်ရပ်က သူ့အား ကူညီစောင့်ရှောက်သကဲ့သို့ ရှိနေသည်။

နှစ်ယောက်သား မြေကွက်လပ်တစ်ခုသို့ ရောက်သွားသောအခါ သိုင်းသမားအချို့ လဲကျသေဆုံးနေကြသည်ကို တွေ့လိုက်ရလေတော့၏။

ရုပ်ဆိုးမ တီးတိုးရေရွတ်လိုက်၏။

"အင်း ... ငြ ားခဲ့ရတဲ့ သတင်းတွေ မှန်နေပြီ"

ချန်းချင်း လွှတ်ခနဲ မေးလိုက်မိသည်။

"ဘာသတင်းများလဲဗျာ"

ရုပ်ဆိုးမက ...



"မြောင်နယ်ခြားက လူတချို့ဟာ မိုးထိတောင်ပြိုင်ပွဲကို လာကြတဲ့ သိုင်းသမားတွေကို လုပ်ကြံမယ်၊ ရန်တိုက်ပေးပြီး သိုင်းလောကမှာ ပြဿနာတွေဖြစ်ပေါ်လာအောင် ကြိုးစားကြလိမ့်မယ်ဆိုတဲ့ သတင်းပဲရှင့်"

ချန်းချင်း မကျေမနပ်ဖြစ်သွားလေ၏။

"ဒါဟာ သိုင်းလောကကို ဖျက်ဆီးဖို့ ကြိုးစားတာပဲ၊ ဒီလူတွေကို ဖော်ထုတ်ဆုံးမရမယ်၊ ဒါဟာ သိုင်းလောကထဲမှာ ရှိနေတဲ့ စိတ်ကောင်းရှိသူတွေရဲ့ တာဝန်ပဲ"

ရုပ်ဆိုးမက ...

"ရှင် ဆုံးမနိုင်လို့လား"

"ကျုပ် ကြိုးစားမှာပါ၊ ကျုပ်ာသက်တစ်ချောင်းဟာ ဘာမှတန်ဖိုးမရှိပါဘူး၊ တစ်ပိုင်တစ်နိုင်တော့ ကြိုးစားရမှာပေါ့ဗျာ ..."

"ရန်သူ ဘယ်သူဘယ်ဝါဆိုတာ မသိဘဲ ဘယ်လို ကြိုးစားမှာလဲ၊ ပြောစမ်းပါဦးရှင်"

"ကျုပ် ..."

ချန်းချင်း မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေ၏။

ထိုစဉ် ...

"ကျုပ်ပြောပြပါ့မယ်"

စကားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာသည်။

စားသောက်ဆိုင်လေး၌ တွေ့ခဲ့ရသော အဘိုးအိုဖြစ်နေသည်။

ရုပ်ဆိုးမက ...

"သူတို့အကြောင်းကို ရှင် သိတယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို ခေါင်းညိတ်လိုက်သည်။

"မိုးထိတောင်ပြိုင်ပွဲမှာ ပြဿနာဖြစ်ပေါ်လာအောင် ဖန်တီးကြလိမ့်မယ်ဆိုတာ ကျုပ် ရိပ်မိခဲ့ပါတယ်၊ ဒါကြောင့် စုံစမ်းနေခဲ့တာကြာပါပြီ၊ ခုတော့ ဘယ်သူ့လက်ချက်လည်းဆိုတာ သိလိုက်ရပါပြီ၊ မကြာခင်ကမှ သိရတာပါ"

"ဘယ်သူ့လက်ချက်လဲ၊ ပြောစမ်းပါဦးရှင်"

"သွေးဘီလူး ထိန်ဝမ်းရဲ့ မိတ်ဆွေတစ်ယောက်ပါ၊ သူတို့ဟာ တစ်ချိန်က သိုင်းလောကမှ ဆိုးသွမ်းသောင်းကျန်းခဲ့ပြီး ဘယ်သူကမှ လက်မခံတာနဲ့ မြောင်နယ်မြေကို ထွက်ပြေးသွားခဲ့တာ ကြာပါပြီ၊ သွေးဘီလူး ထိန်ဝမ်းနဲ့ ညီအစ်ကိုလိုရင်းနှီးပြီး သိုင်းလောကကို ဖျက်ဆီးဖို့ နှစ်ဦးသဘောတူထားကြတာပါ၊ အခု ထိန်ဝမ်း သေဆုံးသွားလို့ သိုင်းကောထဲ မြောင်ကျကျ ထွက်မလာဝံ့ဘဲ နောက်ကွယ်ကနေ တိတ်တဆိတ် ဒုက္ခပေးဖို့ ကြိုးစားနေတာပါ"

ရုပ်ဆိုးမက ...

"ဘယ်သူလဲဆိုတာ ပြောဦးမှပေါ့ရှင်၊ ရှင်က စကားများနေတာပဲ၊ လိုရင်းကို မပြောဘူး"

အဘိုးအိုက လိုရင်းကိုပြောပြသည်။

"မြွေခွေး မားလုံပါပဲ"

"လက်စသတ်တော့ သူကိုး၊ မြွေခွေးမားလုံကို သိုင်းလောကက မောင်းထုတ်ခဲ့တာ သိုင်းရာဇာ တုစိမ်းဆိုတာကော အမှန်ပဲလားရှင်"

"ဟုတ်တယ် ... မြွေခွေးမားလုံ သောင်းကျန်းခဲ့တုန်းက သိုင်းလောက အတော်ကလေး ဒုက္ခရောက်ခဲ့သေးတာပေါ့၊ သူ့ကို မောင်းထုတ်နိုင်ခဲ့လို့ ကံကောင်းခဲ့တာ၊ သူ့ကို မောင်းမထုတ်နိုင်ခဲ့ရင် သိုင်းလောက ပျက်စီးခဲ့တာကြာပါပြီ"



"သူ့ရဲ့ မိတ်ဆွေ သွေးဘီလူး ထိန်ဝုက်ကလည်း အတော့်ကို ဆိုးခဲ့တာပဲလား"

ချုန်းချင်းက ဝင်မေးခြင်းဖြစ်သည်။

"ဘယ်သူ့ကိုမေးမေး ထိန်ဝုက်နဲ့ မြွေခွေး မားလုံကြောင့် သိုင်းလောကသားတွေ ဘယ်လောက်ဒုက္ခရောက်ရတယ်ဆိုတာ ပြောပြကြပါလိမ့်မယ်"

"မြွေခွေး မားလုံက မိုးထိတောင် သိုင်းပြိုင်ပွဲကို ခုတုံးလုပ်ပြီး သိုင်းလောကသားတွေကို ဒုက္ခပေးမယ်ဆိုတာ သိုင်းရာဇာ တုစိမ်းကော မသိဘူးလားရှင်"

"သူ မသိဘဲနေမှာမဟုတ်ပါဘူး၊ ဆုံးမဖို့ သူကြိုးစားမှာပါ"

"ဒါထက် သိုင်းရာဇာတုစိမ်းက သားဖြစ်သူကို သူ့ရဲ့ ခြေရာနင်းစေချင်တာနဲ့ သွေးဘီလူး ထိန်ဝုက်ကို ဆုံးမနိုင်ခဲ့တယ်ဆိုတာကော အမှန်ပဲလားရှင်"

အဘိုးအို၏ မျက်နှာတည်ကြည်လေးနက်သွားသည်။

"သိုင်းလောက အမွန်မြတ် တည်တံ့နိုင်အောင် လူငယ်တွေရဲ့ ကြိုးစားအားထုတ်မှုလည်း လိုအပ်ပါတယ်၊ နောင်တစ်ချိန်မှာ သိုင်းလောက တာဝန်တွေကို သူတို့ပဲ အစားထိုး တာဝန်ထမ်းဆောင်ကြရမယ် မဟုတ်လား၊ ဒါကြောင့်လည်း သိုင်းရာဇာ တုဖုံးက သူ့သားကိုက တာဝန်ပေးခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရုပ်ဆိုးမက ဝင်မေးသည်။

"ဆွေးဘီလူး ထိန်ဝှက်ကို ဆုံးမရင်း သိုင်းရာဇာ တစိမ်းရဲ့သား ဒဏ်ရာရသွားတယ်ဆိုတာကောရှင်"

"ဒါလည်း မှန်ပါတယ်၊ ဆွေးဘီလူးထိန်ဝှက်နဲ့ သူ့ရဲ့ တပည့်တွေအားလုံး သေဆုံးသွားကြသလို တုဖုံးလည်း ဒဏ်ရာရခဲ့ပါတယ်၊ ခုတော့ စိတ်ပူစရာမရှိတော့ပါဘူး၊ သက်သာပျောက်ကင်းသွားပါပြီ"

ချန်းချင်းသည် ရုပ်ဆိုးမအား သဘောမကျနိုင်အောင် ဖြစ်လာသည်။

သူမ အလွန်စကားများသည် မဟုတ်ပါလော။

မေးစွန်း မေးလွန်းလှသည် မဟုတ်ပါလော။

မဆိုင်သော စကားများ လျှောက်ပြောနေသည်ဟု သူထင်သည်။

အဘိုးအိုသည်လည်း သိုင်းရာဇာ တစိမ်းအကြောင်း ခရေစေ့တွင်းကျ သိရှိနေသည်မှာ အံ့ဩစရာကောင်းနေ၏။

ချန်းချင်းတွေးတောနေစဉ်မှာပင် ရုပ်ဆိုးမက မေးလိုက်ပြန်သည်။

"နေပါဦး ... သိုင်းရာဇာ တစိမ်းအကြောင်းကို ရှင် ဘာကြောင့် ဒီလောက်တောင်သိနေရတာလဲ"

အဘိုးအိုက ပြုံးပြီးပြောလေ၏။

"ကျုပ်ဟာ သိုင်းရာဇာ တစိမ်း ဖြစ်နေလို့ပေါ့"

မမျှော်လင့်သော စကားကြားရလျှင် ချန်းချင်း ထခုန်မိမတတ် ထိတ်လန့်သွားလေတော့သည်။



ကြူးဝေ၏ ချစ်သူမှာ တုဖုံးဖြစ်သည်။

တုဖုံး၏ ဖခင်နှင့်မှ တိုက်တိုက်ဆိုင်ဆိုင် လာရောက်တွေ့ဆုံနေရပြီဖြစ်သည်။

သိုင်းရာဇာ တစိမ်းက ...

"မြေခွေး မားလုံဟာ မိုးထိတောင်မှာ ပြဿနာဖြစ်ပေါ်လာရင် ကျုပ်ရောက်လာမယ်ဆိုတာ သိနေတယ်၊ ကျုပ်ကို အကောက်ကြံဖို့ ထောင်ချောက်ဆင်ထားမယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် အန္တရာယ်ကို အမှုမထားနိုင်သေးပါဘူး၊ သူ့ရဲ့ပယောဂကြောင့် မိုးထိတောင်ကို ရောက်လာကြတဲ့ သိုင်းလောကသားတွေ အပြိုင်အဆိုင်ဖြစ်လာကြပြီး တိုက်ခိုက်နေကြတာတွေကို ဟန့်တားဖို့ ကြိုးစားရဦးမှာပါ"

တစိမ်းက မြေပေါ်၌ လဲကျသေဆုံးနေသူများအား ညွှန်ပြလိုက်သည်။

"မြေခွေးမားလုံရဲ့ လှည့်ကွက်ကြောင့် တိုက်ပွဲဖြစ်လာတော့ မားလုံက သဲကြီးမဲကြီး တိုက်ခိုက်နေကြသူတွေကို လွယ်လွယ်ကူကူ လုပ်ကြံခဲ့တာပေါ့"

ရုပ်ဆိုးမက ...

"မြေခွေး မားလုံဘယ်မှာလဲ"

"မိုးထိတောင် ပတ်ဝန်းကျင်မှာ သူရောက်နေပါပြီ၊ မကြာခင် တွေ့ရမှာ သေချာပါတယ်၊ သူထွက်လာတော့မှာပါ"

ထိုစဉ် ...

"ကယ်တော်မူပါ"

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်သံများ ထွက်ပေါ်လာသည်။ တောအုပ်အတွင်းမှ ထွက်ပေါ်လာသော အသံများ ဖြစ်သည်။

သွေးချင်းချင်းနီရဲနေသူတစ်ယောက် ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

ရုပ်ဆိုးမက ...

"သတိထားဟေ့ ..."

သတိပေးရင်း ချွန်းချင်းရှေ့၌ အကာအကွယ်ပြုထားလိုက်လေသည်။

သိုင်းရာဇာ တုစိမ်းက ပြေးလာသူအား မေးလိုက်လေ၏။

"မင်းဘာယ်လိုဖြစ်တာလဲ"

မေးမြန်းရင်း ဒယီးဒယိုင်ဖြင့် ပြေးလွှားလာသူအား ဖေးမရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်မှာပင် မမျှော်လင့်သော ဖြစ်ရပ် ပေါ်ပေါက်လာလေသည်။

ဒယီးဒယိုင်ဖြင့် ပြေးလာသူမှာ ချက်ချင်း လူကောင်းဖြစ်သွားပြီး ဖွက်ထားသော ဓားတစ်လက်ထုတ်ကာ သိုင်းရာဇာ တုစိမ်း၏ ရင်ဝကို ထိုးသွင်းလိုက်သည်။

သိုင်းရာဇာတုစိမ်း ရင်ထိတ်သွားသည်။

"ဒါဘာလုပ်တာလဲ"

လက်တစ်ဖက်ဖြင့် ထိုးသွင်းလာသော ဓားကို ရိုက်ချလိုက်ပြီး နောက်ဆုတ်ရှောင်တိမ်းလိုက်ရသည်။

ထိုလူသည် အလစ် လုပ်ကြံတိုက်ခိုက်မှု မအောင်မြင်သောအခါ အပြင်းအထန် တိုက်ခိုက်တော့သည်။



"ရှောင်နိုင်ရင် ရှောင်ပေတော့ ..."

သူ ကြိုးဝါးကာ လက်နက်ပုန်းလေးများဖြင့် ပစ်ပေါက် တိုက်ခိုက်လေတော့သည်။

"ဝှစ် ... ဝှစ် ... ဝှစ်"

လက်နက်ပုန်းလေးများ တစ်ရှိန်ထိုး ပစ်လွှင့်လာပြီး သိုင်းရာဇာ တုစိမ်း၏ တစ်ကိုယ်လုံး လွှမ်းခြုံသွားသည်။

"သွားစမ်း ..."

သိုင်းရာဇာ တုစိမ်းက အင်္ကျီလက်ဖြင့် ဖေ့ယမ်းရိုက်ချပစ်လိုက်သည်။

လက်နက်ပုန်းကလေးများ မြေပေါ် တဖြုတ်ဖြုတ် ပြုတ်ကျသွားသည့်တိုင်အောင် လက်နက်ပုန်းလေး တစ်ခုက သူ၏ဝဲဘက် လက်မောင်း၌ စိုက်ဝင်သွားလေသည်။

"အင် ..."

သိုင်းရာဇာ တုစိမ်း မသဲမကွဲ ညည်းညူလိုက်၏။

ရုပ်ဆိုးမနှင့် ချွန်းချင်းတို့ မှင်တက်နေခဲ့ကြပြီး တုစိမ်း ခံလိုက်ရသည်ကို တွေ့မြင်တော့မှ သတိဝင်လာကြလေသည်။

"ရပ်လိုက်စမ်း ..."

"ယား ..."

နှမ်မောက်သား ညာသံပေးကာ ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

ထိုလူသည် ရင်ဆိုင်ဖို့ မကြိုးစားတော့ဘဲ နောက်ပြန်လှမ်းပစ်ကာ ရှောင်ထွက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟူး ... ဟူး"

ထိုသူသည် အဝတ်အစား လေတိုးသံများနှင့်အတူ သစ်ပင်ချုံနွယ်များကြားသို့ ရောက်ရှိသွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

○ ○ ○

အခန်း(၄၁)

# အတိတ်ဖြစ်စဉ်

တုစိမ်းမှာ လက်နက်ပုန်း ထိမှန်ခံလိုက်ရသဖြင့် ထွက်ပြေးသွားသူနောက်သို့ မလိုက်နိုင်ပါ။

ချန်းချင်းနှင့် ရုပ်ဆိုးမတို့လည်း တုစိမ်းကို စိတ်မချသဖြင့် လိုက်မသွားဘဲ နေလိုက်ကြသည်။ သူတို့သည် တုစိမ်းအား ပြုစုကုသပေးရမည် မဟုတ်ပါလား။

ရုပ်ဆိုးမက ...

"ဆရာကြီးကို လက်နက်ပုန်း ထိသွားတာလား"

"ဟုတ်တယ် ... လက်နက်ပုန်းပါတဲ့ အဆိပ်က အတော့်ကိုပြင်းတယ်၊ ကျုပ်ရဲ့ တစ်ကိုယ်လုံး ပျံ့နှံ့မသွားအောင် သွေးကြောပိတ်ထားလိုက်ရတယ်"

ဒဏ်ရာအနီးတစ်ဝိုက်၌ သွေးကြောပိတ်ထားလိုက်သဖြင့် အဆိပ်များ ခန္ဓာကိုယ်ထဲ ပျံ့နှံ့သွားမည်ကို မစိုးရိမ်ရသော်လည်း ထိုလက်ကို အသုံးပြုနိုင်တော့မည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဆို့နေသော သွေးကြောများက သိုင်းပညာနှင့် အတွင်းအား အသုံးပြုခြင်းကိုလည်း ဟန့်တားသကဲ့သို့ ရှိနေတော့မည်ဖြစ်သည်။

ချန်းချင်းနှင့် ရုပ်ဆိုးမတို့ ပိုပြီး ပူပန်သွားကြတော့သည်။

"သူဟာ ကျုပ်ပြောတဲ့ မြေခွေး မားလိုပေါ့၊ အင်မတန်ဉာဏ်များတယ်၊ တစ်ချက်ကလေး သတိလစ်လိုက်တနဲ့ ခံလိုက်ရတော့တာပဲ၊ သူနဲ့ ဒီလို ပက်ပင်းကြီး တွေ့လိမ့်မယ်လို့ ကျုပ်မထင်ခဲ့ဘူး၊ အခု တစ်ချက်ကလေး သတိလစ်မိတာနဲ့ ခံလိုက်ရတာပဲ"

"ကျွန်မတို့ ဒီနေရာက မြန်မြန်သွားမှဖြစ်မယ် ထင်တယ်"

တုစိမ်း သဘောတူလိုက်သည်။

"ဟုတ်တယ် ... ထမင်းအိုးချက်လောက် အချိန်ရရင် ဘာမှ ပူစရာမလိုတော့ပါဘူး"

အခဲရှေ့ဘက်သို့ ညွှန်ပြရင်း ဆက်ပြောသည်။

"အရှေ့ဘက်မှာ ထင်းခုတ်သမားတွေ စခန်းချဖို့ ဆောက်ထားတဲ့ အိမ်ကလေးတစ်လုံးရှိတယ်၊ လောလောဆယ် ဘယ်သူမှ ရှိနေတာ မတွေ့ရဘူး၊ ကျုပ်တို့ အဲဒီအိမ်ကလေးကို သွားကြတာပေါ့"

"ကောင်းပါပြီရှင်"

တုစိမ်း ထွက်သွားရာ ရုပ်ဆိုးမနှင့် ချန်းချင်းတို့လည်း လိုက်သွားကြလေတော့သည်။ ဤသို့ဆိုတော့လည်း ရုပ်ဆိုးမကို အထက်လမ်း သိုင်းသမားဟု ချန်းချင်း မှတ်ယူလိုက်လေ၏။

တောအုပ်ထဲ၌ သစ်လုံးအိမ်ကလေးတစ်လုံး ရှိနေသည်။ ချန်းချင်း၊ ရုပ်ဆိုးမနှင့် သိုင်းရာဇာ တုစိမ်းတို့ ထိုအိမ်ကလေးသို့ ရောက်ရှိသွားကြသည်။



တုစိမ်းသည် အိမ်ထဲရောက်သည်နှင့် ဝဲဘက်လက်မောင်း၌ စိုက်ဝင်နေသော လက်နက်ပုန်းလေးကို နှုတ်ယူလိုက်ပြီး အတွင်းအားဖြင့် အဆိပ်များ ညှစ်ထုတ်ပစ်ဖို့ ကြိုးစားသည်။

ချန်းချင်းနှင့် ရုပ်ဆိုးမတို့က အိမ်အပြင်ဘက်မှ စောင့်ကြပ်နေကြ၏။ တုစိမ်း အဆိပ်ဒဏ်ရာ ကုသနေစဉ် မြေခွေးမားလုံနှင့် တပည့်များ လာရောက်မတိုက်ခိုက်နိုင်ရန် ဖြစ်သည်။

ထမင်းတစ်အိုးချက်ခန့် အချိန်မှာ ကြာမြင့်လှသည်မဟုတ်ပါ။ သိုင်းရာဇာ တုစိမ်း၏ ဝေဒနာ သက်သာသွားသည်အထိ အန္တရာယ် မရှိစေဖို့ ဆုတောင်းနေကြ၏။

သို့သော် သူတို့ဆုတောင်း မပြည့်ခဲ့ပါချေ။

သစ်လုံးအိမ်ကလေးသို့ သူတို့ရောက်ရှိလာကြပြီး မရှေးမနှောင်းမှာပင် ...

"ဟူး ... ဟူး ... ဟူး"

အဝတ်အစား လေတိုးသံများနှင့်အတူ လူတစ်ယောက် ရောက်ရှိလာလေတော့သည်။

တုစိမ်းအား အကောက်ကြံခဲ့သူပင်။

သွေးများ ပေကျံနေ၏။ အပေါ်အင်္ကျီကို ချွတ်လိုက်ပြီဖြစ်ရာ အနီရောင် ပိုးဖဲအင်္ကျီဝတ်ဆင်ထားသည်ကို တွေ့ကြရလေ၏။

ချန်းချင်းတို့အား လက်နက်ပုန်းဖြင့် တိုက်ခိုက်သွားသူမှာ ဆိုလူပင်ဖြစ်လေတော့သည်။

မြေခွေး မာလုံဟု တုစိမ်းပြောခဲ့သဖြင့် ချန်းချင်းတို့ သိနေကြလေပြီ။

မာလုံက ပြုံးစိစိဖြင့် ချန်းချင်းတို့အား ကြည့်လိုက်သည်။

www.burmeseclassic.com



"မင်းတို့က သိုင်းရာဇာကြီးအတွက် စောင့်ကြပ်ပေးနေကြတာလား"

သူက မေးခွန်းထုတ်လာလေ၏။

ရုပ်ဆိုးမက ...

"မှန်တာပေါ့ရှင်၊ ဒီတစ်ခါတော့ ရှင်အကောက်ကြံလို့ ရတော့မှာ မဟုတ်ဘူးရှင့်၊ ကျွန်မတို့က ရှင့်အကြံကို သိနေကြတယ်"

မာလုံက ရယ်မောလိုက်၏။

"မင်းတို့ နှစ်ယောက် ကျုပ်ကို ဟန့်တားနိုင်မယ်ထင်နေကြတာလား"

"ဒါလည်း အမှန်ပဲရှင့်"

"ကောင်းပြီလေ... မင်းတို့ ကိုယ့်ကိုယ်ကို အတင်ကြီးနေကြတယ်ဆိုရင်လည်း ကြိုးစားကြည့်ပေါ့"

စကားဆုံးလျှင် ချန်းကျင်းဘို့ထံသို့ ခုန်ဝင်တိုက်ခိုက်လေသည်။

"ရှင်လည်း ရှောင်နိုင်ရင် ရှောင်ပေတော့..."

ရုပ်ဆိုးမက လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်သည်။

မာလုံ ဆက်၍မတိုက်ခိုက်ဝံ့တော့ဘဲ ကမျာကယာ ရှောင်တိမ်းလိုက်ရတော့သည်။

ရုပ်ဆိုးမကို မျက်လုံးပြူး၍ ကြည့်လိုက်သည်။

"ဒီလက်နက်ပုန်းပစ် ပညာ မင်းကို ဘယ်သူ သင်ပေးလိုက်တာလဲ၊ ပြောစမ်း"

ရုပ်ဆိုးမက အဖြေမပေးဘဲ ဆင်ဖွေ့ရန်ရှောင် ပြောသည်။

"ဘယ်သူသင်ပေးတယ်လို့ ရှင်ထင်နေလို့လဲ"

မာလုံက ...



"မင်းကို မိစ္ဆာအဘွားကြီး သင်ပေးခဲ့တာမဟုတ်လား၊ သူက လူတစ်ယောက်ကို ဖမ်းပြီး သူ့ရဲ့ပညာကို အမျိုးမျိုး စမ်းသပ်ခဲ့တယ်၊ တစ်ချိန်မှာ သတိပေါ့လျော့သွားလို့ သူဖမ်းထားတဲ့လူက သူ့ကို ပြန်ပြီး ဒုက္ခပေးသွားတယ်၊ အဆိပ်ပညာနဲ့ လက်နက်ပုန်းပစ်ပညာ သင်နိုင်ပြီးတာနဲ့ သူ့ကို သတ်ပစ်လိုက်တယ်ဆိုတာ ကျုပ်သိထားပြီးပြီ"

ချန်းချင်း ရင်ထိတ်သွားလေသည်။

အမုန်းဒေဝီသည်လည်း ထိုအဖြစ်မျိုးနဲ့ ကြုံတွေ့ခဲ့သည် မဟုတ်ပါလား။

အမုန်းဒေဝီထံမှ ထိုအဖြစ်အပျက်ကို သူသိခဲ့သည်မဟုတ်ပါလား။ ထိုလိုလူမျိုး နှစ်ယောက်ရှိနေသည်ကတော့ ထူးဆန်းလှသည်။

မာလုံ ဆက်ပြောသည့်စကားကို ကြားလိုက်ရသောအခါမှ ရှင်းရှင်းလင်းလင်း ဖြစ်သွားလေတော့သည်။

"မိစ္ဆာအဘွားကြီးကို ဒုက္ခပေးသွားတဲ့လူဟာ အမုန်းဒေဝီလို့ သိုင်းလောကမှာ နာမည်ကြီးခဲ့တယ် ဆိုတာလည်း ကျုပ်သိပြီးပြီ၊ မင်းဘာပြောချင်သေးသလဲ"

မာလုံ၏ စကားအရ အရုပ်ဆိုးမမှာ အမုန်းဒေဝီပင် ဖြစ်နေသည်။

ချန်းချင်း မယုံနိုင်အောင် ဖြစ်နေစဉ် ရုပ်ဆိုးမက သူ့အား ပြုံးပြလေ၏။

"ကျွန်မရဲ့ မျက်နှာ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားလို့ အစ်ကို မမှတ်မိတော့ဘူး မဟုတ်လား၊ ချောက်ထဲကျပြီး ကျွန်မ သေသွားပြီလို့ပဲ ထင်နေတာမဟုတ်လားရှင်"

www.burmeseclassic.com

ချန်းချင်း၏ရင်ထဲ ဖော်မပြနိုင်အောင် ခံစားလာရလေတော့၏။

"ကျုပ်က မင်းကို ဒုက္ခပေးတာမဟုတ်ပါဘူး၊ မင်းကို တမင် ချောက်ထဲတွန်းချခဲ့တာလည်း မဟုတ်ပါဘူး"

ရုပ်ဆိုးမ အမုန်းဒေဝီက …

"ကျွန်မ နားလည်ပါတယ်ရှင်၊ ကျွန်မရဲ့ အတ္တကြီးမှုကြောင့် အစ်ကို ဘယ်လိုခံစားခဲ့ရမယ်ဆိုတာလည်း ကိုယ်ချင်းစာမိပါတယ်၊ ခုလိုဖြစ်ပျက်ခဲ့ရတဲ့အတွက် အစ်ကို့ကို အပြစ်မတင်ပါဘူး၊ ကျွန်မရဲ့ ကူညီသိလက်ခံလို့ပဲ သဘောထားပါတယ်"

အမုန်းဒေဝီ[illegible] အခြားသူများအပေါ် ဆိုးချင်ဆိုးမည်။ ချန်းချန်း[illegible]ကောင်းခဲ့သည်။

"ညီမဟာ ကျုပ်ကို စိတ်မဆိုးဘူးပေါ့၊ မုန်းမသွားဘူးပေါ့ ဟုတ်လား"

အမုန်းဒေဝီ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ သေသွားရမယ်ဆိုရင်တောင် အစ်ကို့ကို မုန်းတီးသွားမှာ မဟုတ်ပါဘူးရှင်"

ချောက်ထဲကျသွားသည့် အမုန်းဒေဝီမှာ အဘယ်ကြောင့် အသက်ရှင်သန် လွတ်မြောက်ခဲ့ရပါသနည်း။

အမုန်းဒေဝီသည် ချန်းချင်း၏အတွေးကို သိနေသည့်အလား ဆက်လက်ပြောပြလိုက်လေ၏။

"ကျွန်မ ချောက်ထဲကျသွားပေမယ့် ကံကောင်းသွားပါတယ်၊ ချောက်ထဲမှာ ချုံပုတ်တွေ ပြည့်နှက်နေတာပဲ၊ တောင်ပေါ်ကနေ ချောက်ထဲကျလာတဲ့ လမ်းတစ်လျှောက်လုံး ချုံပုတ်တွေ ခံနေလို့ ထိခိုက်ပွန်းပဲ့တာလောက်ပဲလွဲပြီး အသက်အန္တရာယ် မရှိတော့ဘူးပေါ့"



အသက်ဘေးမှ လွတ်မြောက်ခဲ့ခြင်းကြောင့် ကံကောင်းသွားသည်မှာ အမှန်ပင်ဖြစ်သည်။

သို့သော် ထိခိုက်ပွန်းပဲ့မှုများက လှပချောမောသော သူမ၏ မျက်နှာကို ရုပ်ဆိုးမတစ်ယောက်ကဲ့သို့ ပျက်စီးသွားစေခဲ့ပါတော့သည်။

အမုန်းဒေဝီက …

"ကျွန်မ ချောက်ထဲကလွတ်မြောက်လာတော့ ဆေးကုသမှု ခံနေရသေးတယ်၊ ကောင်းကောင်းကျန်းမာလာတော့ အရိုးခေါင်းတောင်ပေါ်ကို ပြန်တက်ခဲ့တယ်၊ ဒါပေမယ့် အစ်ကို မရှိတော့ဘူး၊ ရတနာ့ပစ္စည်းတွေကိုလည်း တူးဖော်ယူသွားခဲ့ကြပြီလေ၊ အဲဒါက တော့ မြို့စားကြီးရဲ့ လက်ချက်ပေါ့"

ချန်းချင်းက …

"မြို့စားကြီးက တာဝန်ထမ်းဆောင်တာပါ၊ သက်ဆိုင်ရာ လက်ထဲ ပြန်အပ်လိုက်တယ်၊ ညီမ ခုချိန်အထိ ဒီပစ္စည်းတွေကို လိုချင်နေတုန်းပဲလား"

အမုန်းဒေဝီ ခေါင်းခါယမ်းလိုက်လေ၏။

"ဟိုတုန်းက ဘာကြောင့်များ မက်မောခဲ့ရတယ်ဆိုတာ ကျွန်မ မစဉ်းစားတတ်အောင်ပါပဲရှင်"

ရတနာပစ္စည်းများအား မက်မောခြင်းမရှိတော့ဟု ဆိုနေသဖြင့် ချန်းချင်း ဝမ်းသာသွားသည်။

အမုန်းဒေဝီ အပြုအမူနှင့် အပြောအဆိုမှာ ဟိုတုန်းကလို မဟုတ်တော့ဟုလည်း သူတွေးနေမိသည်။ သူမသည် အပြောင်းအလဲကြီး ပြောင်းလဲသွားခဲ့လေပြီ။

www.burmeseclassic.com



သို့သော် အမုန်းဒေဝီသည်လည်း အလွန်ဉာဏ်များသူဖြစ်ရာ ချန်းချင်း ယုံရခက်ခက်ဖြစ်နေပါတော့သည်။ ယုံချင်ပါ၏။ မယုံရဲသေးချေ။

အမုန်းဒေဝီက ဆက်လက်ပြောပြလေ၏။

"ဈောက်ထဲကျပြီး ကျွန်မ သေဆုံးသွားခဲ့မယ်ဆိုရင် ရတနာပစ္စည်းတွေကို ရနိုင်တော့မှာ မဟုတ်ဘူး၊ အစ်ကိုနဲ့လည်း ခုလိုပြန်ပြီး ဆုံတွေ့နိုင်တော့မှာမဟုတ်ဘူးမဟုတ်လား၊ ဒါတွေကိုတွေးပြီး ဘာမှ မက်မောစရာမရှိတော့ဘူးဆိုတာ ကျွန်မ နားလည်လိုက်တာပါပဲရှင်"

ဤတွင် အမုန်းဒေဝီ တဖြစ်လဲ ရုပ်ဆိုးမနှင့် ဆုံတွေ့ခဲ့ရသည်မှာ တိုက်ဆိုင်မှုမဟုတ်ကြောင်း ချန်းချင်း နားလည်လာလေတော့သည်။

အမုန်းဒေဝီက ...

"ကျွန်မ နေကောင်းလာတော့ ပန်းနီကျေးရွာကို ရောက်ခဲ့သေးတယ်၊ အစ်ကိုတို့ မောင်နှမနှစ်ယောက်နဲ့ ပတ်သက်ပြီး ကြားရတဲ့ သတင်းတွေကြောင့် အစ်ကို့အပေါ်မှာ အထင်လွဲခဲ့တယ်ဆိုတာ နားလည်ခဲ့ရတယ်လေ"

ဘယ်လို သတင်းမျိုး ကြားခဲ့ရလို့လဲ၊ ပြောပါဦး"

အမုန်းဒေဝီက ...

"အစ်ကိုဟာ မွေးစားသားဖြစ်လို့ သူဌေးကြီး ကြူးယီ ထားခဲ့တဲ့ ပစ္စည်းတွေကိုကော၊ သူဌေးသမီး ကြူးဝေကို အပိုင်စီးလိမ့်မယ်လို့ စွပ်စွဲပြောဆိုနေကြတာတွေပါပဲရှင်"

ချန်းချင်း ခေါင်းခါယမ်းလိုက်သည်။



"သူတို့ ပြောဆိုနေကြသလို မဟုတ်ပါဘူး၊ ကျုပ်က ကြူးဝေကို တကယ့် ညီမလေးတစ်ယောက်လို သဘောထားပြီး တစ်သက်လုံး စောင့်ရှောက်သွားဖို့ ကြိုးစားမိခဲ့တာပါ၊ ကျုပ်ရဲ့ လုပ်ရပ်တွေကို ကြည့်ပြီး ကျုပ်ရဲ့စေတနာကို သဘောမပေါက်ကြဘဲ အမျိုးမျိုးထင်ကြေးပေးခဲ့ကြတာ"

ပြောရင်း ချန်းချင်း ဝမ်းနည်းကြေကွဲလာလေသည်။

"ကျုပ်ကိုယ်တိုင်လည်း အတွေးကြီးခဲ့မိတာပါ၊ ကျုပ်ကလွဲပြီး ညီမလေးအပေါ်မှာ ဘယ်သူကမှ မေတ္တာစစ်နဲ့ ချစ်နိုင်ကြမှာမဟုတ်ဘူး၊ တစ်သက်လုံး စိတ်ချမ်းသာအောင် ထားပြီး ပြုစုစောင့်ရှောက်သွားနိုင်မှာ မဟုတ်ဘူးလို့ ယူဆခဲ့တယ်လေ၊ ကျုပ်ရဲ့အတွေးမှားကြောင့် ညီမလေး ဒုက္ခရောက်သွားခဲ့ရတာပါ၊ ကျုပ် မှားကြောင်း ပထမဆုံး ပြောဆိုဆုံးမခဲ့တာကတော့ ကောင်းတုံမြို့စားကြီးပါပဲ"

အမုန်းဒေဝီက ...

"အစ်ကို့ရဲ့ သဘောထားကို ကျွန်မ နားလည်ပါတယ် ကြူးဝေနဲ့ပတ်သက်ပြီး ကြာလာရင် ပြဿနာတွေ ဖြစ်ပေါ်လာတော့မယ်ဆိုတာလည်း တွေးမိတယ်၊ ဒါကြောင့် အဝေးကနေ အစ်ကို့အခြေအနေကို စောင့်ကြည့်နေခဲ့တာပါ၊ အစ်ကိုတို့ မောင်နှမ ပန်းနီကျေးရွာက ထွက်သွားတာလည်း ကျွန်မသိတာပဲ"

ချန်းချင်း အံ့ဩသွားရပြန်သည်။

"ဒါဖြင့် ကျုပ်ကို တစ်ချိန်လုံး စောင့်ကြည့်နေခဲ့တာပေါ့ ဟုတ်လား"

အမုန်းဒေဝီ ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင်"

သူမ ပြုံးလိုက်သည်။

"ကျွန်မဟာ ရုပ်ဆိုးမဘဝကို ရောက်နေတော့ အစ်ကို့ကို ရင်မဆိုင်ရဲဘူးလေ၊ ဒါပေမယ့် ကြူးစေ ဒုက္ခရောက်ပြီဆိုပြီး အစ်ကို စိတ်ညစ်ညစ်နဲ့ အရက်တွေ ဖိသောက်ခဲ့တယ်၊ လမ်းပေါ်မှာ လေလွင့် နေခဲ့တယ်၊ အစ်ကို့ကို ကျွန်မ တားချင်ပေမယ့်လည်း ကျွန်မရဲ့ ရုပ်ရည်နဲ့ ဘယ်မှာတားနိုင်မှာလဲရှင်၊ ရင်နာနာနဲ့ ကျွန်မကြည့်နေခဲ့ ရတာပါ၊ ဒီလိုနဲ့ တစ်နေ့မှာတော့ ... နန်းကုန်းချိုက အစ်ကို့နဲ့ တာဆီး တဲ့ဖြို့စားကို ဒုက္ခပေးနေတော့ ကျွန်မ လက်ပိုက်ကြည့်မနေနိုင်တော့ ဘဲ ထွက်လာခဲ့ရတော့တာပေါ့ရှင်"

ထိုနောက်ပိုင်း အဖြစ်အပျက်များကိုမူ ချွန်းချွန်း သိထားပြီးပြီ ဖြစ်ပါသည်။ သူတို့သည် မြေခွေး မာလုံကို ဂရုမစိုက်ဘဲ တောင်း ကောင်းနေကြ၏။ မြေခွေးမာလုံကိုပင် မေ့နေကြသည်။

"ဟား ... ဟား ... ဟား"

ကျယ်လောင်သော ရယ်မောသံ ထွက်ပေါ်လာတော့မှ သတိ ရလာ ကြသည်။

မြေခွေး မာလုံက တဟားဟား ရယ်မောနေသည်။

"မင်းတို့ အခုမှပြန်ဆုံကြပြီး စကားလက်ဆုံ ကျနေကြတာ ပေါ့လေ၊ အေး ... ကျုပ်ကလည်း ပြောရဦးမယ်၊ တစ်ချိန်က အတိက် အကြောင်းတွေပေါ့၊ မင်း ဒုက္ခပေးခဲ့တဲ့ မိစ္ဆာအဘွားကြီးဟာ ကျုပ်ရဲ့ အဒေါ်ပဲ၊ ဒါကြောင့် မင်းကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူးဆိုတာ မင်းသိထားပါ"

အမုန်းဒေဝီက မဲ့မဲ့ရွဲ့ရွဲ့ ပြောလေ၏။



"ရှင် ခွင့်မလွှတ်တော့ကော ကျွန်မ ဂရုစိုက်နေရမှာလားရှင် ရှင့်ကိုကော ကျွန်မက ဂရုစိုက်ရမှာလား"

မြေခွေးမာလုံက ...

"စိတ်ချ ... သိုင်းရာဇာ တုစိမ်းဟာ ကျုပ်ရဲ့ အဆိပ်နက်လက် ပုံန်းကြောင့် ဒုက္ခရောက်နေပြီး မင်းတို့လည်း မကြာခင် ဒုက္ခရောက် ရတော့မယ်၊ ငါမင်းတို့ကို အသိပေးလိုက်ပါရဲ့"

အမုန်းဒေဝီ ခေါင်းခါယမ်းလိုက်သည်။

"ရှင်မှား ပြီ၊ သိုင်းရာဇာကြီးဟာ အဆိပ်ကို တားဆီးထား နိုင်ခဲ့တယ်၊ ခန္ဓာကိုယ်အပြင်ဘက်ရောက်အောင် အတွင်းအား အသုံး ပြုပြီး ညှစ်ထုတ်ပစ်နိုင်တယ်ဆိုတာ သတိထားပါဦး"

"ဟား ... ဟား ... ဟား"

မြေခွေးမာလုံ ဟားတိုက်ရယ်မောလိုက်ပြန်သည်။

"ကျုပ်ကလည်းဒီလိုပဲ ဖြစ်စေချင်တယ်ဆိုတာ မှတ်ထားစမ်း ပါ"

"ဘာရှင့် ..."

"သိုင်းရာဇာ တုစိမ်းလို လူစားမျိုးကို အလွယ်တကူ လုပ်ကြံ လို့ ရဘူးဆိုတာ ကျုပ်မသိဘဲ နေပါ့မလား၊ ဒါကို ကျုပ်က ပြန်ရှင်း ပြရဦးမလား"

အမုန်းဒေဝီ မျက်မှောင်ကြုတ်သွားသည်။

မြေခွေးမာလုံ ဆက်ပြောလေ၏။

"သူ့ရဲ့ ခန္ဓာကိုယ်ပေါ်မှာအဆိပ်လက်နက်ပုန်း တစ်ခု ဝင် သွားတာဆိုရင်ပဲ ကျုပ်ကကျေနပ်ပါပြီ၊ ဘာကြောင့်လဲဆိုတော့ လက်

www.burmeseclassic.com

www.burmeseclassic.com



နက်ပုန်း ထိမှန်ခဲ့ရင် အဆိပ်တွေ ခန္ဓာကိုယ်ထဲ ပျံ့မသွားရအောင် သွေးကြောစိတ်ထားရတော့မယ်"

အမုန်းဒေဝီက မြေခွေးမာလုံထုတ်ဖော်ပြောစေလိုသဖြင့် ရေလာမြောင်းပေး ပြောလိုက်သည်။

"အဆိပ်လက်နက်ပုန်းထိရင် ဘယ်သူမဆို ဒီလိုပဲ လုပ်ကိုင်ဆောင်ရွက်ကြမှာ မဟုတ်လားရှင်၊ ဒါက တုံးစံပဲ၊ ဘယ်သူမှ အဆိပ်မိတာနဲ့ ငြိမ်မနေဘူး"

မြေခွေးမာလုံက ...

"မှန်တယ် ... ဒီလိုလုပ်လိုက်ခြင်းအားဖြင့် သွေးကြောတချို့ ပိတ်နေတဲ့အတွက် သွေးလှည့်ပတ်မှု မမှန်နိုင်တော့ဘူး၊ ဒါဆိုရင် သိုင်းပညာနဲ့ အတွင်းအား အသုံးချရာမှာ အနှောင့်အယှက် ဖြစ်လာမယ်၊ ရှိနေတဲ့ သိုင်းပညာတစ်ဝက်ကို အသုံးချနိုင်ရင်တောင် ကံကောင်းပဲ"

အမုန်းဒေဝီက ...

"ရှင်မှားသွားပြန်ပြီ၊ သိုင်းရာဇာ တုစိမ်းလို လူစားမျိုးဟာ ဒီလိုအခက်အခဲမျိုးကို ဖြေရှင်းနိုင်စွမ်းမရှိဘဲ နေပါ့မလားရှင်၊ ရှင်ဟာ တကယ့် ကလေးလေးပဲ"

မြေခွေးမာလုံ ရယ်မောလိုက်ပြန်လေ၏။

"စိတ်ချ ... ကျုပ်က မင်းထက်ပိုပြီး သိုင်းရာဇာ တုစိမ်းကို အထင်ကြီးတယ်ဆိုတာ မှတ်ထားပါ"

"ဒါဖြင့် ရှင် ဘာကြောင့် အထင်သေးစကား ပြောတာလဲ"

မာလုံက ...



"သိုင်းရာဇာကြီးအတွက် ဖြစ်ပေါ်လာမယ့် နောက်ဆက်တွဲ အခြေအနေတွေက ကျုပ်တွက်ဆထားပြီးသား ဖြစ်နေလို့ပေါ့"

"ပြောစမ်းပါဦးရှင်"

"ဟဲ ... ဟဲ ... သူကအဆိပ်ကိုမမှုတော့ပေမယ့် သိုင်းစွမ်းရည် ကျဆင်းသွားမယ်၊ အတွင်းအားကိုလည်း အသုံးမပြုနိုင်တော့ဘူးဆိုရင် သာမန်လူတစ်ယောက်နဲ့မခြား ဖြစ်သွားမှာပေါ့၊ ဒီအချိန်ကျမှ သူ့ကို ရှင်းပစ်ဖို့ ကျုပ်ရည်ရွယ်ထားတာပါ၊ ဒါဟာ ကျုပ်ရဲ့ အဓိကရည်ရွယ်ချက်ပဲ"

မြေခွေးမာလုံ၏ အဆိပ်လက်နက်ပုန်း ထိသွားခြင်းဖြင့် သိုင်းရာဇာ တုစိမ်း သေဆုံးသွားလိမ့်မည်ဟု တွက်ဆမထားဘဲ လက်နက်ပုန်း ထိမှန်ခဲ့သည့်နောက်ဆက်တွဲ အကျိုးဆက်ကို ကြိုတင် တွက်ချက်ကာ သုတ်သင်ရှင်းလင်းပစ်နိုင်မည်ဟု အပိုင်တွက်ဆထားခြင်း ဖြစ်ပါတော့သည်။

မြေခွေးမာလုံ စကားများနေခြင်းကို ချန်းချင်းစိတ်မရှည်နိုင်အောင် ဖြစ်လာ၏။

မြေခွေးမာလုံနှင့် ရင်ဆိုင်တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်နေသည်။

သို့သော် အမုန်းဒေဝီ၏ အကြံကို ရိပ်မိထားသဖြင့် သည်းခံ အည်း သည်းခံနေလိုက်ရသည်။ အဘယ့်ကြောင့် အမုန်းဒေဝီ ဤမျှ ရှည်လျားစွာ စကားပြောဆိုနေသနည်း။

အမုန်းဒေဝီသည် စကားဖောင်ဖွဲ့ ပြောဆိုရင်း သိုင်းရာဇာ တုစိမ်းအတွက် အချိန်ဆွဲပေးနေခြင်း မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



အချိန်ရနိုင်သမျှ ရလေ ဂုဏ်အတွက် အကျိုးရှိလေလေပင်။

မြေခွေးမာလုံကလည်း မရိပ်မိ၍မဟုတ် ကောင်းစွာ ရိပ်မိထားသည်။

"ကျုပ်ကို အချိန်ဆွဲဖို့ ကြိုးစားနေရင် အပိုပဲဖြစ်မယ်၊ ကျုပ်ရဲ့ အခေါ်ဆိမှာ မင်းနေခဲ့ဖူးတော့ ကျုပ်တို့ အသုံးပြုတဲ့ အဆိပ်တွေ အကြောင်းကို မင်းသိပါတယ်၊ မင်းတို့ မျှော်လင့်သလို လွယ်လွယ်နဲ့ ဂုဏ်း ကုနိုင်မှာမဟုတ်ပါဘူး၊ ဒါတွေကို ကြိုသိပြီး ကျုပ်က မင်း အချိန်ဆွဲတာကို လိုက်လျောနေတာပါ"

အမုန်းဒဝီ သက်ပြင်းချလိုက်သည်။

"ဒီလိုဆိုရင်လည်း ကျွန်မတို့ သူသေကိုယ်သေ တိုက်ခိုက်ကြဖို့ပဲ ရှိတော့တာပေါ့ရှင်"

သူမ၏ စကားအဆုံးတွင် ချန်းချင်းက ဓားဆွဲထုတ်လိုက်လေသည်။

သူသည် အမုန်းဒေဝီ အချိန်ဆွဲနေကြောင်း သိသဖြင့် အောင့်အည်း သည်းခံနေရသည်။

မြေခွေးမာလုံက ...

မင်းတို့နှစ်ယောက်စလုံး တစ်ပြိုင်နက်တည်း ဝင်လာကြတာ ပိုကောင်းမယ်၊ တစ်ယောက်စီဆိုရင် အလကား အချိန်ကုန်နေမယ်"

သူက အမှုမထားဘဲ စိန်ခေါ်လိုက်၏။

"ကောင်းပြီ ..."

အမုန်းဒေဝီက ချန်းချင်းကို ကြည့်လိုက်၏။

ချန်းချင်း ခေါင်းညိတ်ပြသည်။



ထို့နောက် နှစ်ယောက်သား လက်တွဲကာ မြေခွေးမာလုံအား တိုက်ခိုက်လိုက်ကြလေတော့သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၄၂)

# သုံးယောက် တစ်ယောက်

မြွေခွေးမာလုံ၏ လက်နက်ပုန်းပညာအပြင် သိုင်းပညာမှာလည်း ထက်မြက်မှု ရှိနေသည်ကို ချန်းချင်းနှင့် အမုန်းဒေဝီတို့ လက်တွေ့ သိလိုက်ကြရသည်။

နှစ်ယောက်သား လက်တွဲကာ ရင်ဆိုင်တိုက်ခိုက်ကြသော်လည်း သိုင်းကွက် နှစ်ဆယ်အတွင်းမှာပင် နောက်ဆုတ်ပေးလိုက်ကြရသည်။ ချန်းချင်းသည် သူ၏ဓားပညာကို အတော်အားကိုးသူ ဖြစ်ပေ၏။

ယခုသော် ... သူ နောက်ဆုတ်ပေးခဲ့ရသည်။

"ဟား ... ဟား ... ဟား"

မာလုံ လှောင်ပြောင်ရယ်မောလိုက်လေ၏။

"မင်းတို့ရဲ့ မဖြစ်စလောက်ပညာလေးတွေနဲ့ ကျုပ်ကို ရင်ဆိုင်ဖို့ ကြိုးစားတာ ရယ်စရာကောင်းနေပြီ၊ မင်းတို့အတွက် ဘာအခွင့်အရေးမှ မရှိတော့ဘူး"



ပြောရင်း လက်နှစ်ဖက် ဝှေ့ယမ်းလိုက်ရာ ...

"ဗွစ် ... ဗွစ် ... ဗွစ်"

လက်နက်ပုန်းကလေးများ တရစပ် လွင့်စင်လာလေ၏။

"အစ်ကို သတိထား"

အမုန်းဒေဝီက ချန်းချင်းအား အရေးတကြီး အော်ဟစ် သတိပေးလိုက်၏။

"စိတ်ချ ..."

ချန်းချင်းကလည်း ဓားကို စကြာရဟတ်ပမာ ဝှေ့ယမ်းကာကွယ်လိုက်သည်။ သူ၏ စကြာရဟတ်မှာ ရေပက်မဝင်သော ဓားကွက် ဖြစ်သည်။

"ခြွင် ... ခြွင် ... ခြွင်"

မြွေခွေး မာလုံ ပစ်လွှင့်လိုက်သော လက်နက်ပုန်းလေးများမှာ ဓားဖြင့်ရိုက်ထုတ်ခံလိုက်ရသဖြင့် အဝေးသို့ လွင့်စဉ်သွားသည်။

အမုန်းဒေဝီကလည်း သူမ၏ လက်နက်ပုန်းများကို ပစ်ချလိုက်သည်၊

လက်နက်ပုန်း အချင်းချင်း ထိမှန်သွားပြီး မြေပေါ်သို့ တဖွဲဖွဲ ကျကုန်သည်။

"တောက် ..."

မာလုံ ဒေါပွသွားလေ၏။ သူဖြစ်စေချင်သလို မဖြစ်ဘဲ ရှိနေသည် မဟုတ်ပါလော။ သူ၏လက်နက်ပုန်းများသည် နှစ်ယောက်အနက် တစ်ယောက်ကိုတော့ ထိမှန်ရမည်ဟု သူယုံကြည်ခဲ့သည်။

ယခုတော့ သူ့ယုံကြည်ချက် ပျက်ယွင်းခဲ့ရသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



အမုန်းဒေဝီနှင့် ချင်းချင်းတို့အား ရုတ်တရက် အနိုင်မယူနိုင်သဖြင့် တက်ခေါက်လိုက်သည်။

"သေဖို့သာ ပြင်ထားကြပေတော့ ..."

လက်နက်ပုန်းကလေးများဖြင့် ထပ်မံတိုက်ခိုက်လိုက်သကဲ့သို့ ကိုယ်တိုင်လည်း ခုန်ဝင်တိုက်ခိုက်လိုက်သည်။

ချန်းချင်းနှင့် အမုန်းဒေဝီတို့လည်း အကြောက်အကန် ရင်ဆိုင်လိုက်ကြသည်။ မာလုံသည် သူတို့ထက် သိုင်းပညာသာသူ မဟုတ်ပါလော။

ထိုအချိန်မှာပင် ...

"မြေခွေးမာလုံ ... မင်းမဆိုးပါဘူး"

စကားသံနှင့်အတူ အိမ်ထဲမှ သိုင်းရာဇာ တုစိမ်း လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေတော့သည်။

ချန်းချင်းနှင့် အမုန်းဒေဝီတို့ အားတက်သွားကြသည်။

မြေခွေးမာလုံ ရင်ထိတ်သွား၏။

ချန်းချင်းတို့အား ဆက်၍ တိုက်ခိုက်ခြင်းမပြုဘဲ နောက်ဆုတ်လိုက်ရသည်။

တုစိမ်းက ပြောသည်။

"မာလုံ ... ဟိုတစ်ချိန်တုန်းက သိုင်းလောကမှာနေလို့မရအောင် မောင်းထုတ်ခဲ့ရတာကို မမှတ်သေးဘူးလား၊ ခုတစ်ကြိမ်တော့ အရင်ကလို သက်သာမှာမဟုတ်ဘူး"

မာလုံက မြေပေါ် ခြေဆောင့်လိုက်သည်။

"ကျုပ်ကခင်ဗျားကို ကြောက်နေရမှာလား၊ ခင်ဗျား ဘာကောင်ကြီး ဖြစ်နေဖြစ်နေ ကျုပ်ဂရုမစိုက်ဘူး"



လက်နက်ပုန်းကလေးများဖြင့် ချက်ချင်း လှမ်းပစ်လိုက်သည်။

သိုင်းရာဇာ တုစိမ်း ပြုံးလိုက်သည်။

"နှစ်ခါတော့ မရပါဘူး"

လက်ဝှေ့ယမ်းပြီး လွင့်လာသော လက်နက်ပုန်းကလေးများအား အကျီလက်ဖြင့် လိပ်ကာ ဖမ်းယူထားလိုက်၏။

"တောက် ..."

မာလုံ ပိုပြီးဒေါသထွက်သွားသည်။

"တုစိမ်း ... ခင်ဗျား ဒီထက်ပိုပြီး တတ်နိုင်မှာမဟုတ်ပါဘူး ဘဝင်မြင့်မနေပါနဲ့ဗျာ"

သူသည် အော်ငေါက်ကာ ရုတ်တရက် ခုန်ဝင်တိုက်ခိုက်လေတော့သည်။

"ရပ်လိုက် ..."

ချန်းချင်းနှင့် အမုန်းဒေဝီတို့က ဟန့်တားလိုက်ကြသည်။

"မင်းတို့ သေချင်ကြပြီထင်တယ်"

သိုင်းရာဇာ တုစိမ်းက ဝင်ပြောလေ၏။

"ကျုပ်လည်း ရှိပါသေးတယ်လေ"

တိုက်ပွဲတွင်းသို့ ခုန်ဝင်လာကာ ချန်းချင်းတို့ နှစ်ယောက်တွဲ တိုက်ခိုက်လိုက်လေတော့သည်။

တုစိမ်းမှာ မာလုံပြောသကဲ့သို့ အဆိပ်များ ညှစ်ထုတ်ခဲ့ရသဖြင့် အတွင်းအား ကုန်ခမ်းနေသည်။

သို့သော် ချန်းချင်းနှင့် အမုန်းဒေဝီတို့ ရှိနေကြသဖြင့် သုံးယောက် လက်တွဲလိုက်ကြသောအခါ သိုင်းရာဇာ တုစိမ်း၏ သိုင်းအားနှင့် ညီမျှသော သိုင်းအား ဖြစ်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မာလုံ အခက်ကြုံသွားလေတော့သည်။

အပြင်းအထန် တိုက်ခိုက်လိုက်သည့်တိုင်အောင် အနိုင်မရသည့် အပြင် နောက်ဆုံး အရေးနိမ့်သွားရသည်။

"ဝုန်း ..."

"အား ..."

ရှူးရှူးသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

မြွေခွေးမာလုံ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

မြွေခွေးမာလုံ ဒယီးဒယိုင် ဖြစ်နေသည်။

တစိမ်း၊ ချန်းချင်းနှင့် အမုန်းဒေဝီတို့အား မုန်းတီးစွာ ကြည့်နေ၏။

"ခင်ဗျားတို့ကို သတ်ပစ်ရမှကျေနပ်နိုင်မယ်"

ဒေါသတကြီး ပြောဆိုနေသော်လည်း တကယ်တမ်း ဘာမှ မတတ်နိုင်တော့ချေ။

မြေပေါ်၌ပင် မြဲမြဲစွာ ရပ်တည်နိုင်စွမ်း မရှိတော့ဘဲ လဲကျသွားလေ၏။

"ဝုန်း ..."

ထို့နောက် မလှုပ်မယှက် ဖြစ်သွားလေတော့သည်။

ချန်းချင်းနှင့် အမုန်းဒေဝီတို့ ဝမ်းသာသွားကြသည်။

သိုင်းလောကအား နှောင့်ယှက်ဖျက်ဆီးရန် ကြံစည်နေသူ တစ်ယောက်အား ဆုံးမနိုင်လိုက်ပြီ မဟုတ်ပါလား။

ချန်းချင်းက အမုန်းဒေဝီအား ရွှန်းရွှန်းစားစား ကြည့်လိုက်သည်။

"ညီမ ... တကယ်ပဲ လူကောင်းတစ်ယောက် ဖြစ်လာပြီကိုး"



အမုန်းဒေဝီ ပြုံးလိုက်သည်။

"ကျွန်မ အရာရာကို နားလည်သဘောပေါက်ခဲ့ပြီလို့ ပြောပြီးပါပြီရှင်"

"ဝမ်းသာလိုက်တာ ညီမရယ်"

သိုင်းရာဇာ တစိမ်းက သူတို့အား ကျေးဇူးတင်စကား ပြောလိုက်လေသည်။

"မင်းတို့နှစ်ယောက်သာ မကူညီဘူးဆိုရင် ကျုပ်အတွက် တွေးဝံ့တော့မှာ မဟုတ်ဘူး၊ မင်းတို့ကို ကျေးဇူးတင်ပါတယ်"

အမုန်းဒေဝီက ...

"အို ... ကျွန်မဟာ ဆိုးသွမ်းမိုက်မဲခဲ့သူ တစ်ယောက် ဖြစ်ခဲ့ပါတယ်၊ သိုင်းရာဇာကြီး ကျေးဇူးတင်တာကို မခံယူဝံ့ပါဘူးရှင်"

တစိမ်း ရယ်မောလိုက်သည်။

"လူဆိုတာ မှားတတ်ကြတာချည်းပါပဲ၊ အမှားကိုမြင် အမှန်ပြင်လိုက်ရင် ပြီးတာပါပဲ၊ အမုန်းဒေဝီဟာ သိုင်းလောကအပေါ် ကျရောက်လာမယ့် အန္တရာယ်ဆိုးကြီးကို ကာကွယ်တားဆီးရာမှာ ရှုပ်ရှုပ်ချွံချွံ ပါဝင်ခဲ့တာပဲ၊ မင်းကို ချီးကျူးပါတယ်"

အမုန်းဒေဝီက ချန်းချင်းကို ကြည့်လိုက်မိသည်။

အမှားကို ပြုပြင်ကာ လူကောင်းတစ်ယောက် ဖြစ်လာအောင် ကြိုးစားသွားမည်ဆိုလျှင် အားလုံး လက်ခံလာကြလိမ့်မည်ဟု တစ်ချိန်တုန်းက ချန်းချင်း ပြောခဲ့သည် မဟုတ်လား။

ယခုတော့ ချန်းချင်း၏ စကားမှာ မှန်ကန်နေပြီ ဖြစ်သည်။

သိုင်းရာဇာ တစိမ်းကပင် လက်ခံနေပြီ မဟုတ်လား။

တစိမ်းက ချန်းချင်းအား ပြုံးပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“မေးဟာ ခုတလော သိုင်းလောကမှာ ကျော်ကြားလာတဲ့ မေတ္တာရှင် ဓားသမား ချန်းချင်း မဟုတ်လား”

ချန်းချင်းက ...

“ကျွန်တော် ချန်းချင်း ဂါရဝပြုပါတယ် ခင်ဗျား၊ ကျွန်တော် ကျော်ကြားတယ်ဆိုတာ မပြောပလောက်သေးပါဘူး”

တုစိမ်းက ...

“ဘာပဲဖြစ်ဖြစ် ကျုပ်က မင်းတို့နှစ်ယောက်ကို ကျေးဇူးတင်နေမှာပါ၊ မင်းတို့ မကူညီရင် ကျုပ် ခုလိုအောင်မြင်မှာ မဟုတ်ပါဘူး”

သူ၏မျက်နှာ တည်ကြည်လေးနက်သွားပြီး ဆက်ပြောလိုက်လသည်။

“သွေးဘီလူး ထိန်ဝှက် သေဆုံးသွားပြီး မြွေခွေး မာလုံကို သိုင်းလောကထဲရောက်လာအောင် သတင်းပေးတဲ့လူ ရှိနေသေးတယ်၊ မိုးထိတောင်မှာ တိုက်ပွဲတွေ ဖြစ်ပေါ်လာပြီး သိုင်းလောကကို ဖျက်ဆီးချင်တဲ့လူဟာ အဲဒီလူပဲ၊ ဒီလူကို ဖော်ထုတ်ရဦးမယ်”

ချန်းချင်းနှင့် အမုန်းဒေဝီတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

“အဲဒီလူက ဘယ်သူလဲဟင် ...”

“သိုင်းဆရာ ဝီတောက်ဆိုတာ ကျုပ်တို့ စုံစမ်းသိရှိထားပြီးပါပြီ၊ သူ့ကို အချိန်မီ ဖော်ထုတ်ဆုံးမရဦးမှာမို့ ကျုပ်ကို သွားခွင့်ပြုစေချင်တယ်”

“ကောင်းပါပြီရှင်”

အမုန်းဒေဝီနှင့် ချန်းချင်းတို့ ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။

တုစိမ်းက ...



“ပေ့စန်းကို တစ်ခေါက်လောက် အလည်လာခဲ့ကြဖို့ ဖိတ်ခေါ်ပါတယ်၊ ကျုပ်တို့ ပြန်တွေ့ကြသေးတာပေါ့”

စကားဆုံးသည်နှင့် တုစိမ်းသည် နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၃)

## ဆွေးတမြေ့မြေ့

သိုင်းရာဇာတုစိမ်း ထွက်သွားလေပြီ ...။

ယခုမှ ချန်းချင်း အသက်ရှူချောင်သွားသည်။

တုစိမ်း ရှိနေစဉ် မျက်နှာပူနေခဲ့ရသည် မဟုတ်ပါလား။

"ဟူး ... တော်ပါသေးရဲ့"

ချန်းချင်း လေပူမှုတ်ထုတ်ကာ ညည်းတွားလိုက်သောအခါ အမုန်းဒေဝီက မေးလာလေသည်။

"အစ်ကို ဘာဖြစ်လို့လဲဟင်"

ချန်းချင်းက ...

"ကျုပ်ညီမနဲ့ မေတ္တာမျှနေတယ်ဆိုတာ သိုင်းရာဇာကြီးရဲ့ သား ဖြစ်နေလို့ပါ"

အမုန်းဒေဝီ ပြုံးလိုက်မိလေ၏။

"သိုင်းရာဇာတုစိမ်းဟာ သိုင်းလောကတစ်ခုလုံး ကြည်ညို



လေးစားကြတဲ့ အထက်လမ်း သိုင်းသမားကြီးပါ၊ သူ့ရဲ့သား တုဖုံး ဟာလည်း သူ့ရဲကောင်းလေး တစ်ယောက်ပါပဲ၊ အစ်ကို ဘာကြောင့် သဘောမတူနိုင်ရတာလဲ"

ချန်းချင်းက ...

"ကျုပ်က ဆရာကြီး တုစိမ်းတို့ သားအဖအကြောင်း ကောင်း ကောင်း သိခဲ့တာမဟုတ်ဘူး၊ ဖေဖေ မရှိတော့လို့ ညီမလေးကို စောင့်ရှောက်သွားမယ်ဆိုတဲ့ စိတ်ပဲ ရှိခဲ့တာ၊ ဒါကြောင့် သဘောမတူ ဖြစ်ခဲ့တာပါ"

"အခု သိုင်းရာဇာ တုစိမ်းတို့ သားအဖအကြောင်း ကောင်း ကောင်း သိသွားပြီဆိုတော့ အစ်ကို သဘောတူနိုင်ပြီပေါ့ ဟုတ်လား"

ချန်းချင်း ခေါင်းညိတ်လိုက်သည်။

"သဘောတူနိုင်ပါပြီ၊ ဒါပေမယ့် ခုမှ မထူးတော့ပါဘူး၊ ညီမ လေးလည်း သေဆုံးသွားခဲ့ရပြီ မဟုတ်လား၊ ခုချိန်မှာသာ ညီမလေး ရှိနိုင်မယ်ဆိုရင် အတော့်ကို ဝမ်းသာသွားမှာပဲ၊ ညီမလေး ကိုယ်တိုင်က လည်း တုဖုံးနဲ့ မေတ္တာရှိနေတာကြောင့် ကျုပ်ကကို ဆန့်ကျင်ခဲ့တယ် ဆိုတာ ကျုပ် နားလည်ခွင့်လွှတ်နိုင်ပါပြီ"

ပြောရင်း ဝမ်းနည်းကြေကွဲစိတ်များ ဖြစ်ပေါ်လာ၏။

ညီမဖြစ်သူ၏ မေတ္တာရေးမှာ သူ့ကြောင့် ပူဆွေးကြေကွဲခဲ့ ရသည် မဟုတ်ပါလား။

အမုန်းဒေဝီကား ပြုံးစစနှင့် ရှိနေသည်။

ချန်းချင်း အံ့သြသွားလေသည်။

"ညီမ ဘာပြုံးနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



အမုန်းဒေဝီက ...

"အစ်ကို့ရဲ့ ညီမလေး အသက်ရှင်နေသေးတယ်ဆိုရင်ကော"

"ဟာ ... မဖြစ်နိုင်တာ"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ ကျွန်မတောင် ချောက်ထဲကျခဲ့ပေမယ့် အသက်ရှင်ခဲ့သေးတာ၊ သူကော ဘာကြောင့် အသက်မရှင်နိုင်ရမှာလဲ ..."

ချန်းချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဟုတ်သားပဲ ... ညီမလေးပြောမှပဲ ကျုပ် သတိရတော့တယ်၊ မဖြစ်ဘူး၊ အရိုးခေါင်းတောင်ကိုသွားပြီး ညီမလေးကို ရှာမှပဲ"

အမုန်းဒေဝီ လက်ကာပြလိုက်လေသည်။

"အစ်ကိုသွားရှာစရာ မလိုတော့ပါဘူး၊ အစ်ကိုတို့ မောင်နှမရဲ့ သတင်းကို ကြားတာနဲ့ ကျွန်မကိုယ်တိုင် ချောက်ထဲဆင်းပြီး ရှာပြီးပါပြီဗျာ"

"ညီမလေးကို တွေ့သလားဟင်"

ချန်းချင်း အလောတကြီး မေးလိုက်သည်။

အမုန်းဒေဝီ ခေါင်းညိတ်လိုက်သည်။

"တွေ့ပါတယ်ရှင်၊ ကျွန်မကိုယ်တိုင် ကယ်တင်ခဲ့တာပါ၊ နောက်တော့ ကိုယ်ရံတော် လှေကျင်နဲ့ တွေ့ဆုံမိပြီး သူ့ကို ပေ့စန်းနယ်က သိုင်းဆရာကြီးရဲ့အိမ်ကို ပို့ပေးလိုက်တယ်လေ၊ ဒါကြောင့် သိုင်းဆရာကြီးက သွားကာနီးမှာ ပေ့စန်းကို လာခဲ့ပါဦး၊ ပြန်ဆုံကြတာပေါ့လို့ ပြောသွားတာပေါ့ရှင်"

"ဟေး ..."

ကြူးဝေ အသက်ရှင်နေသေးမှန်း သိသောအခါ ချန်းချင်းထက် ဝမ်းသာသူဆို၍ တုဖုံးသာ ရှိကောင်းရှိပေလိမ့်မည်။



အမုန်းဒေဝီက ...

"ကြူးဝေနဲ့ သခင်လေးတုဖုံးတို့ ဆုံစည်းနေပါပြီ၊ သူတို့ကို ဘယ်လို ခွဲလို့ရတော့မှာ မဟုတ်ပါဘူး၊ သိုင်းဆရာကြီး တုစိမ်းက အစ်ကိုနဲ့ ညီနှိုင်းဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်"

ချန်းချင်း ရယ်မောလိုက်သည်။

"ကျုပ်လည်း အမြင်မှန်ရသွားပါပြီ၊ ဘာမှ ညှိနှိုင်းနေစရာ မလိုတော့ပါဘူး၊ သဘောဟူပါတယ်"

ဤတွင် အမုန်းဒေဝီလည်း ရယ်မောလိုက်လေတော့သည်။

အမုန်းဒေဝီ အသက်ရှင်နေသကဲ့သို့ ကြူးဝေလည်း အသက်ရှင်သန် လွတ်မြောက်ခဲ့သည့်ပြင် သူမ၏ ချစ်သူထံ၌ ရောက်ရှိနေပြီဖြစ်ပါသည်။

ချန်းချင်းလည်း သူတို့အား သဘာမတူနိုင်စရာအကြောင်း မရှိတော့ပါ။

အမုန်းဒေဝီက ပြောသည်။ သူက စေတနာဖြင့် ပြောခြင်းဖြစ်ပါသည်။

"မိုးထိတောင်ကိစ္စ ပြီးပြတ်သွားရင် အစ်ကို ပေ့စန်းကို လိုက်သွားပေါ့"

ချန်းချင်းက သဘောတူသည်။

"ဟုတ်တယ် ... ဒီကကိစ္စကို ပြီးပြတ်အောင်လုပ်ရမယ်၊ ဒါထက် သိုင်းဆရာဝိတောက်က ဘယ်လိုဖြစ်တာလဲ"

အမုန်းဒေဝီက ...

www.burmeseclassic.com

www.burmeseclassic.com



"သူ ဒဏ်ရာရသွားပေမယ့် ထွက်ပြေးလွတ်မြောက်သွားတယ်လေ၊ နောက်ပိုင်း ဆေးကုပြီး ပြန်ကောင်းလာတော့ ရတနာတွေကို ဆုံးရှုံးလိုက်ရတာနဲ့ အရှုံးတိုက်ပြီး သိုင်းလောက ဒုက္ခရောက်အောင် ကြံစည်တာဖြစ်မှာပေါ့"

"အင်း ... ညီမပြောတာ ဖြစ်နိုင်တယ်၊ သူ့ကို ဆုံးမရမှာပဲ"

ချွန်းချင်းသည် အမုန်းဒေဝီအား စိုက်ကြည့်လိုက်သည်။

"သိုင်းဆရာဝီတောက်ရဲ့ ကိစ္စ ပြေရှင်းပြီးသွားရင် ညီမလည်း ပေ့စန်းကို လိုက်ခဲ့ရယ်နော်"

အမုန်းဒေဝီက ...

"ကျွန်မ ဘာလိုက်လုပ်ရမှာလဲ၊ ကျွန်မနဲ့ ဘာဆိုင်လို့လဲရှင်၊ အစ်ကို့ကိစ္စကို အစ်ကို ဆောင်ရွက်ရမှာပေါ့"

"ဆိုင်တာပေါ့ ... ညီမဟာ ကျုပ်နဲ့ ပတ်သက်နေတာပဲ မဟုတ်လား"

"အို ... ကျွန်မက ..."

အမုန်းဒေဝီ၏ စကားမဆုံးမီ ချွန်းချင်းက တည်ကြည်သော မျက်နှာထားဖြင့် ကြားဖြတ်ပြောလိုက်သည်။

"ညီမ ... ညီမကို ကျုပ် လက်ထပ်ပါရစေ"

"ရှင် ..."

အမုန်းဒေဝီ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ထို့နောက် ... ရှက်သွေးဖြန်းသွားသည်။

သူမသည် ချွန်းချင်းအပေါ် သံယောဇဉ် ငြိတွယ်နေသကဲ့သို့ ချွန်းချင်းကလည်း သူမ၏အပေါ် သံယောဇဉ် ရှိနေကြောင်း ရိပ်မိ



ခဲ့သည်။

သို့သော် ယခုအချိန်၌ သူမမှာ ရုပ်ဆိုးမလေးတစ်ယောက် ဖြစ်နေလေပြီ။

"ကျွန်မဟာ ရုပ်ဆိုးမ ဖြစ်နေပါပြီရှင်၊ အစ်ကိုနဲ့ မထိုက်တန်တော့ပါဘူး"

"ညီမရယ် ... ရုပ်ဆိုးတာ ရုပ်ချောတာ အဓိကမကျပါဘူး၊ မေတ္တာတရားရဲ့ သဘောအဓိပ္ပာယ်ကို ကျုပ် နားလည်သဘောပေါက်နေပါပြီ၊ ဒါကြောင့် ညီမကို ကျုပ် လက်ထပ်ပါရစေ"

"ကျွန်မ ..."

အမုန်းဒေဝီ ဖော်မပြနိုင်အောင် ဝမ်းသာသွားသည်။

"ညီမ လက်ခံတယ်မဟုတ်လားဟင်"

"ကျွန်မ ... ကျွန်မ ..."

အမုန်းဒေဝီ မဝံ့မရဲဖြစ်နေစဉ် အရာရာကို မေ့လျော့နေစဉ် ...

"ဝှစ် ..."

ရုတ်တရက် လွင့်ပျံလာသော ဓားမြှောင်တစ်ချောင်းက သူမ၏ ရင်ဝ၌ စိုက်ဝင်သွားလေသည်။

"အမယ်လေး ..."

အမုန်းဒေဝီ စူးရှစွာ အော်ဟစ်ရင်း မြေပေါ် ပုံလျက်သား လဲကျသွားလေတော့သည်။

အမုန်းဒေဝီအား ဓားမြှောင်ဖြင့် တိတ်တဆိတ် ပစ်ခတ်လုပ်ကြံလိုက်သူမှာ ဝီတောက်ဖြစ်ပါသည်။

ဝီတောက်သည် မိုးထိတောင်၌ ပြဿနာဖြစ်ပေါ်လာစေရန် မာလုံနှင့် လက်တွဲဆောင်ရွက်ခဲ့သည်။ မာလုံ ပြီးလျှင် သူသည်

www.burmeseclassic.com

www.burmeseclassic.com



လူယုတ်မာတစ်ယောက်သာ ဖြစ်သည်။

မာလုံက သိုင်းရာဇာတုစိမ်းအား အကောက်ကြံနိုင်ခဲ့ပြီး အပြီးတိုင် သုတ်သင်ရန် လိုက်သွားသောအခါ ဝီတောက်လည်း အခြေအနေကြည့်ပြီး တိတ်တဆိတ် လိုက်လာခဲ့သည်။

မာလုံ အဖြစ်ဆိုး သွားသောအခါ ဝီတောက် ပို၍ ဒေါ်ကြီးကြီးသွားတော့သည်။

သိုင်းရာဇာတုစိမ်း ထွက်သွားပြီး အခြေအနေပေးသည်နှင့် အမုန်းဒေဝီအား လုပ်ကြံလိုက်ခြင်းဖြစ်သည်။

ဝီတောက်သည် တိုက်ခိုက်ပြီးသည်နှင့် ထွက်ပြေးသွားရန် ကြိုးစားလိုက်လေသည်။

သို့သော် ...

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ သိုင်းရာဇာ တုစိမ်း ပြန်လည်ရောက်ရှိလာပြီး လမ်းပိတ်ဟန့်ထားလိုက်သည်။

တုစိမ်းက ...

"ကျွန်တော် စိတ်မချလို့ပြန်ရောက်ခဲ့တာ၊ ခုတော့ မင်းဘယ်ပြေးမလဲ၊ အခုတော့ ကျုပ်ထင်ထားတဲ့အတိုင်း မင်းကိုမိပြီ"

ဝီတောက် ထွက်မပြေးနိုင်တော့ဘဲ အဖမ်းခံလိုက်ရလေတော့သည်။ သူတို့သည်ဝီတောက်ကို မသတ်ပါ။ သတ်သင့်သော်လည်း မသတ်ပါ။

နေပြည်တော်သို့ အကျဉ်းသားအဖြစ် ပို့ဆောင်ခဲ့ကြသည်။ သိုင်းလောကအား ဖျက်ဆီးမည့်သူများကို ဖော်ထုတ်ချေမှုန်း



ပြီးနောက် သိုင်းလောက အေးချမ်းသာယာသွားခဲ့သည်။

ကြူးဝေနှင့် တုဖုံးတို့လည်း လက်ထပ်လိုက်ကြသည်။

သူတို့၏ မင်္ဂလာပွဲမှာ ကြီးကျယ်ခမ်းနားစွာ ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကြသည်။

သို့သော် မင်္ဂလာပွဲသို့ ချန်းချင်. ပါက်ရောက်နိုင်ခြင်း မရှိပါ။ အားလုံးက ချန်းချင်းကို နားလည်ခွင့်လွှတ်ခဲ့ကြပါသည်။

○ ○ ○

လေဖော့ယမ်း တိုက်ခတ်လာသောအခါ ရော်ရွက်ကလေးများ တဖြုတ်ဖြုတ် ကြွေကျလာသည်။

ငှက်ကလေးတစ်ကောင်၏ သဘာဝ လွမ်းတေးက အဝေးမှ လွင့်ပျံ့လာသည်။

ချန်းချင်းသည် တောင်ကုန်းလေးတစ်ခု၌ ရပ်ရင်း အဝေးသို့ မျှော်ကြည့်နေ၏။

ပတ်ဝန်းကျင်တစ်ခုလုံး စိုပြည်စိမ်းလန်းကာ သာယာလှပနေသည့် သဘာဝအလှကား တခြား၊ ချန်းချင်း၏ ရင်ထဲမှ ဝေဒနာက တခြား ဖြစ်နေပါသည်။

ချန်းချင်းမှာ သဘာဝအလှအပများကို တွေ့မြင်ခံစားနိုင်ခြင်း မရှိပါ။

သူ၏အလွမ်းဝေဒနာကို သဘာဝအလှက ပံ့ပိုးပေးနေသလိုသာ ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ မျက်လုံးအိမ်ထဲ၌ အမုန်းဒေဝီ၏ ပုံရိပ်များကိုသာ မြင်ယောင်နေမိသည်။

မည်သည့် နေရာကြည့်ကြည့် အမုန်းဒေဝီကို သာ မြင်ရသည်။

အမုန်းဒေဝီ သေဆုံးသွားပြီ ဖြစ်သော်လည်း သူမ၏ ဝိညာဉ်မှာ သူ၏အနီး၌ တဝဲလည်လည်ဖြင့် ရှိနေလိမ့်မည် ဟု ယုံကြည်ထားသည်။

အဘယ့်ကြောင့်ဆိုသော် အမုန်းဒေဝီသည် သူ့ကို ချစ်ခင်စွဲလမ်းနေကြောင်း ချန်းချင်း သိထားသောကြောင့်တည်း။

ပြီး ပါ ပြီ

တက္ကသိုလ်နေလင်းအောင်

BURMESE CLASSIC .com

www.burmeseclassic.com